# ဗုဒ္ဓအဘိဓမ္မာ·အခြေပြုပညာ

## သင်ရိုးမှတ်တမ်း



သခင်သိန်းမောင် (အဘ) ရေးသည်

# ဗုဒ္ဓအဘိဓမ္မာ အခြေပြုပညာ


## သင်ရိုးမှတ်တမ်း။

အုန်းပင်ပုံနှိပ်တိုက်

အမှတ်—၁၅၈၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

# ''ဗုဒ္ဓအဘိဓမ္မာ-အခြေပြုပညာ''

## သင်ရိုးမှတ်တမ်း



ပြုစုသူ-သခင်သိန်းမောင်(အဘ)

# ''ဗုဒ္ဓအဘိဓမ္မာ-အခြေပြုပညာ''

# သင်ရိုးမှတ်တမ်း


သခင်သိန်းမောင် (အဘ)

လူမျိုးစုလွှတ်တော် ဒုတိယနာယက (ဟောင်း)

ပြည်သူ့လွှတ်တော် ဘဏ္ဍာငွေစိစစ်ရေးကော်မီတီဥက္ကဋ္ဌ(ဟောင်း)

ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံး
ဌာနချုပ် ဥက္ကဋ္ဌ (ဟောင်း)

အထူးအရာရှိ-ကုန်းလမ်းသယ်ယူပို့ဆောင်ရေး

မြန်မာစာကော်မရှင်အဖွဲ့ဝင်၊ ပညာရေးဝန်ကြီးဌာန။


☆


၁၃၃၄။ ၁၉၇၂

ပထမအကြိမ်

၁၉၇၂-ခု၊ ဒီဇင်ဘာလ၊

၁၃၃၄-ခုနှစ်၊ နတ္တော်လ၊

အုပ်ရေ—၂၀၀၀။

ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက်အမှတ်
(၅၅၅၃)၊ (၅၅၅၃-က)

ဖြန့်ချိရေး

ပြည်သူ့အလင်းစာပေတိုက်၊ ၁၀၇—ဗိုလ်ချုပ်ဈေး၊
ရန်ကုန်စာအုပ်တိုက်၊ အမှတ်-၁၅၈၊ ၃၃—လမ်း၊
ရန်ကုန်မြို့။

# ကျမ်းကိုးများ


၁။ ကျေးငူးရှင် လယ်တီဆရာတော်ကြီး၏ ဒီပနီကျမ်းများ နှင့် သင်္ဂီတသံခိပ်။

၂။ မန္တလေးမြို့ အဘိဓဇမဟာရဋ္ဌဂုရု-မစိုးရိမ် ဆရာတော်ကြီး၏ မူလတန်းသင်္ဂီတ ပဋ္ဌာန်းသင်နည်း အကျဉ်းချုပ်။

၃။ ရန်ကုန်မြို့ အဂ္ဂမဟာပဏ္ဍိတ-မဟာစည်ဆရာတော်၏ မဟာသတိပဋ္ဌာန်သုတ်နှင့် အခြားကျမ်းများ။

၄။ ဆရာတော် အရှင်ဇနကာဘိဝံသ၏ သင်္ဂီတ အခြေပြု၊ သင်္ဂီတဘာသာဋီကာ၊ အခြားကျမ်းများ။

၅။ လယ်တီပဏ္ဍိတ-ဆရာဦးမောင်ကြီး ၏ ပရမတ္ထသံခိပ်ဋီကာ၊ ပဋ္ဌာန်းအမေးအဖြေ။

၆။ ဦးသန်းထွန်း(ရွှေဘို)၏ ဗုဒ္ဓဝါဒနှင့် သိပ္ပံပညာ။

၇။ ဆရာနှစ်ဖက်လှ၏ မျက်မှောက်ခေတ် ဘာသာရေးနှင့် ကျွန်ုပ်တို့၏ သုံးသပ်ချက်။

ဒီဇိုင်း
ဦးမြင့်၊ ဦးထွန်းရင်။

ဘလောက်
အမျိုးသားဘလောက်တိုက်။

☆

ထုတ်ဝေသူ.... ဦးစိန်ကြည်၊ မှတ်ပုံတင်အမှတ် (မြဲ-၀၀၄၈)
ပြည်သူ့အလင်းစာပေတိုက်၊
အမှတ်-၁၀၇၊ ဗိုလ်ချုပ်ဈေး ၊ရန်ကုန်မြို့။

ပုံနှိပ်သူ .... ဦးမောင်ကို၊ မှတ်ပုံတင်အမှတ် (၀၁၄၈၄)
အနုန်းပင်ပုံနှိပ်တိုက်၊ အမှတ်—၁၅၈၊ ၃၃-လမ်း၊
ရန်ကုန်မြို့။

# မြသီလာ

မြတ်စွာဘုရား ၇ ဝါမြောက်တွင် တာဝတိံသာနတ်ပြည်၌ မယ်တော် ဖြစ်ခဲ့ ဘူးသော သန္တုသိတာ နတ်သား အမှူးရှိသော နတ်ပရိသာ အပေါင်းအား ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာ တရား ဟောသည်။ မြတ်စွာဘုရားသည် လူသား ဖြစ်၍ ဆွမ်းခံချိန်တွင် နိမ္မိတရုပ်ပွားကို ဘုရား ကိုယ်စား ဆက်လက် ဟောကြားစေပြီး ကိုယ် တော်မူကား မြောက်ကျွန်းသို့ ဆွမ်းခံကြွသည်။ မြောက်ကျွန်းမှ ဆွမ်းခံခဲ့ပြီး ဟိမဝန္တာတော အနဝတတ်အိုင် အနီးရှိ စဆးဒန်း, မြင်းသီလာ ကျောက်ဖျာပေါ်၌ နေ့ဆွမ်း ဘုဉ်းပေးသည်။

ရှင်သာရိပုတ္တရာက မြတ်စွာဘုရားအား ရေ၊ တန်ပူ ဆက်ကပ် လုပ်ကျွေးသည်။

ထိုအခါ မြတ်စွာဘုရားက "ယနေ့ အဘိဓမ္မာ တရားကို မည်မျှဟော၍ ပြီးသည်"ဟု အကျဉ်း သင်္ခေပကို ရှင်သာရိပုတ္တရာအား နေ့စဉ် ပြန် လည် ဟောပြသည်။

ဤမျက်နှာဖုံး ပုံမှာ ထိုဖြစ်ရပ်ကို သရုပ်ဖော် သွားခြင်း ဖြစ်သည်။

# မာတိကာ

အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ

## နိဒါန်း

## စိတ်ပိုင်းဆိုင်ရာ


| | | |
|---|---|---|
| ၁။ | အကန့်အကန့်တရား | ၁၈ |
| ၂။ | ပရမတ်လေးပါး | ၁၉ |
| ၃။ | လောကပညာရှင်များ မသိသေးသောစိတ် | ။ |
| ၄။ | စေတသိကများ | ။ |
| ၅။ | ဗုဒ္ဓ၏ စိတ်အဘိဓမ္မာ | ၂၁ |
| ၆။ | ရုပ်ဒြပ် ဖြစ်ပေါ်ပုံ | ၂၂ |
| ၇။ | ပြဒါးတိုင်နှင့် တူသောရုပ် | ။ |
| ၈။ | ပရိယာယ်ဖြင့် အနက်သိပုံ | ၂၃ |
| ၉။ | စိတ်ဆန်းကြယ်ပုံ | ၂၄ |
| ၁၀။ | ပရမတ်တရားတို့၌ မှတ်စရာများ | ။ |
| ၁၁။ | လက္ခဏာစသည့် မှတ်စရာများ | ၂၅ |
| ၁၂။ | စိတ်သာ ပဓာန | ၂၆ |
| ၁၃။ | ပင်ကိုယ်စိတ်၏ အသား | ။ |
| ၁၄။ | ဗုဒ္ဓမိန့်မှာ ငါးပါး | ၂၈ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅။ | ဘုရားပေးသောနည်း | ၂၉ |
| ၁၆။ | သဘာဝဓမ္မ | ၃၀ |
| ၁၇။ | သဘောတရားနှင့် သိပ္ပံပညာ | ၃၁ |
| ၁၈။ | ရှေးခေတ် အတွေးအခေါ် | ၃၂ |
| ၁၉။ | ပြောင်းလဲပုံ အဆင့်ဆင့် | ၃၃ |
| ၂၀။ | သိပ္ပံအလှမ်းမမှီသေးသည့်အရာ | ၃၆ |
| ၂၁။ | စိတ်အကျယ်ပြားပုံ | ၃၈ |
| ၂၂။ | စိတ် ၈၉ ပါးဖြစ်ပုံ | ။ |
| ၂၃။ | ကာမာဝစရစိတ် ၅၄ ပါးဖြစ်ပုံ | ၃၉ |
| ၂၄။ | အကုသိုလ်စိတ် ၁၂ ပါး ဖြစ်ပုံ | ၄၀ |
| ၂၅။ | အဟိတ်စိတ် ၁၈ ပါးဖြစ်ပုံ | ။ |
| ၂၆။ | ကာမာဝစရစိတ် ၂၄ ပါးဖြစ်ပုံ | ၄၁ |
| ၂၇။ | မျိုးဇာတ်ဖြစ်ပုံ | ။ |
| ၂၈။ | ရူပါဝစရစိတ် ၁၅ ပါးဖြစ်ပုံ | ၄၂ |
| ၂၉။ | အရူပါဝစရစိတ် ၁၂ ပါးဖြစ်ပုံ | ။ |
| ၃၀။ | လောကုတ္တရာစိတ် ၈ ပါးဖြစ်ပုံ | ၄၃ |
| ၃၁။ | စိတ်အကျဉ်း ၈၉ ပါး | ။ |
| ၃၂။ | လောကုတ္တရာစိတ်အကျယ် | ၄၄ |
| ၃၃။ | မဂ်စိတ် ၂၀ မှာ | ။ |
| ၃၄။ | ဖိုလ်စိတ် ၂၀ မှာ | ၄၅ |
| ၃၅။ | စိတ်အကျယ် ၁၂၁ ပါး | ။ |
| ၃၆။ | လောကီနှင့် လောကုတ္တရာစိတ် | ၄၆ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## စေတသိက်ပိုင်းဆိုင်ရာ


၃၇။ အင်္ဂါသေးမျိုး ၄၈
၃၈။ စိတ်နှင့်စေတသိက်ယှဉ်ပုံ ၄၉
၃၉။ စေတသိက်အကြောင်း ၅၀
၄၀။ စေတသိက် ၅၂ ပါး ၅၁
၄၁။ အညသမန်းစေတသိက် ၁၃ ပါး ။
၄၂။ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ပါး ၅၂
၄၃။ ပကိဏ်းစေတသိက် ၆ ပါး ၅၃
၄၄။ အကုသိုလ်စေတသိက် ၁၄ ပါး ၅၄
၄၅။ မောစတုက်စေတသိက် ၄ ပါး ။
၄၆။ လောတြိစေတသိက် ၃ ပါး ၅၅
၄၇။ ဒေါစတုက်စေတသိက် ၄ ပါး ။
၄၈။ ထိန မိဒ္ဓစေတသိက် ၂ ပါး ၅၆
၄၉။ ဝိစိကိစ္ဆာစေတသိက် ၁ ပါး ။
၅၀။ သောဘဏစေတသိက် ၂၅ ပါး ၅၇
၅၁။ သောဘဏသာဓာရဏစေတသိက် ၁၉ ပါး ။
၅၂။ ဝိရတီစေတသိက် ၃ ပါး ၅၉
၅၃။ အပ္ပမညာစေတသိက် ၂ ပါး ၆၀
၅၄။ ပညိန္ဒြေစေတသိက် ၁ ပါး ၆၁
၅၅။ စိတ် စေတသိက် သဘော ။
၅၆။ အသိ ၃ မျိုး ၆၅

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## စေတသိက်နှင့် ယှဉ်တွဲဖြစ်ပေါ်ခြင်းဆိုင်ရာ


| | | |
|---|---|---|
| ၅၇။ | မှတ်သားပုံ ဝေဒနာ ၃ မျိုး | ၇၂ |
| ၅၈။ | အစိုးတရအုပ်စိုးပုံ ဝေဒနာအပြား ၅ မျိုး | ၇၃ |
| ၅၉။ | ဝေဒနာနှင့်စိတ်ယှဉ်ပုံ | ။ |
| ၆၀။ | ဟေတုသင်္ဂဟ | ၇၄ |
| ၆၁။ | လမ်းနှစ်သွယ်ကား | ၇၅ |
| ၆၂။ | ဟိတ် ၆ ပါး | ၇၆ |
| ၆၃။ | အဟိတ်အကျိုးဆက် တရားများ | ။ |
| ၆၄။ | ဟိတ်တို့ပျံ့နှံ့ပုံ | ၇၈ |
| ၆၅။ | စိတ် ၂ မျိုးပြားပုံ | ။ |
| ၆၆။ | ကိစ္စသင်္ဂဟ | ၈၀ |
| ၆၇။ | ဒွါရသင်္ဂဟ | ၈၆ |
| ၆၈။ | ဒွါရ ၆ မျိုး အကြည်ရုပ်မည်ပုံ | ။ |
| ၆၉။ | ဒွါရအသီးသီး၌ဖြစ်သော စိတ်များ | ၈၈ |
| ၇၀။ | အာရမ္မဏသင်္ဂဟ | ၉၀ |
| ၇၁။ | အာရုံ ၆ မျိုး | ။ |
| ၇၂။ | စိတ်အသီးသီးအာရုံပြုပုံ | ၉၁ |
| ၇၃။ | ပစ္စုပ္ပန်ကိုအာရုံပြုသောစိတ်များ | ၉၃ |
| ၇၄။ | ဒွေပဉ္စဝိညာဉ် ၁၀ ပါးဖြစ်ပေါ်ပုံ | ၉၄ |
| ၇၅။ | ဒွေပဉ္စဝိညာဉ် ၁၀ ပါး ကား | ။ |
| ၇၆။ | ဝတ္ထုသင်္ဂဟ | ၁၀၀ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၇။ | ဝတ္ထု ၆ ပါး | ၁၀၁ |
| ၇၈။ | ပဥ္စဒွါရဝီထိစိတ် ဖြစ်ပုံဖြစ်ဟန် | ၁၀၂ |
| ၇၉။ | စိတ် ၅ မျိုးဖြစ်ပုံ | ၁၀၃ |
| ၈၀။ | ပဥ္စဒွါရဝီထိဖြစ်ပုံဖြစ်ဟန် | ၁၀၉ |
| ၈၁။ | စိတ္တက္ခဏ ၁၇-ချက်၏သဘော | ၁၁၀ |
| ၈၂။ | ပုံခံ | ၁၁၅ |
| ၈၃။ | ပဥ္စဒွါရဝီထိတိုင်းတာပုံ | ၁၁၉ |
| ၈၄။ | စိတ်သက် ရုပ်သက်ခွဲပုံ | ၁၂၁ |
| ၈၅။ | စိတ်သက် | ၁၂၂ |
| ၈၆။ | ရုပ်သက် | ။ |
| ၈၇။ | စိတ်အစဉ်ဖြစ်ပေါ်ပုံ | ၁၂၄ |
| ၈၈။ | ဝီထိစိတ်အစဉ်၆ပါး | ။ |
| ၈၉။ | ပဥ္စဒွါရဝီထိဖြစ်ပုံ | ၁၂၅ |
| ၉၀။ | အာရုံဝီထိအားကြီးအားနည်း ၄-မျိုး | ၁၂၇ |
| ၉၁။ | ဝီထိပုံ | ၁၂၈ |
| ၉၂။ | ဝီထိပုံ | ၁၂၉ |
| ၉၃။ | ဝီထိ | ၁၃၀ |
| ၉၄။ | ဝီထိပုံ | ၁၃၂ |
| ၉၅။ | အာရုံ အားကြီးအားနည်း ထင်ပုံ | ။ |
| ၉၆။ | ပဥ္စဒွါရဝီထိဖြစ်ကြောင်း | ၁၃၃ |
| ၉၇။ | (၁)စက္ခုဒွါရဝီထိ | ။ |
| ၉၈။ | (၂)သောတဒွါရဝီထိ | ။ |
| ၉၉။ | (၃)ဃာနဒွါရဝီထိ | ၁၃၄ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၀။ | (၄)ဇိဝှာဒွါရဝီထိ | ၁၃၄ |
| ၁၀၁။ | (၅)ကာယဒွါရဝီထိ | ။ |
| ၁၀၂။ | မနောဒွါရဝီထိ | ၁၃၈ |
| ၁၀၃။ | ကာမဇောဝီထိ | ၁၃၉ |
| ၁၀၄။ | ဝီထိ ၂-မျိုး | ။ |
| ၁၃၅။ | ဝီထိပုံ | ၁၄၁ |
| ၁၀၆။ | ဝီထိပုံ | ၁၄၀ |
| ၁၀၇။ | ကာမဇောဝါရ မနောဒွါရဝီထိ ၂-ပါး | ၁၄၂ |
| ၁၀၈။ | သုဒ္ဓိကဝါရ ၆-မျိုး | ၁၄၅ |
| ၁၀၉။ | ဆန်းကြယ်သောစိတ်စွမ်းရည် | ၁၄၈ |
| ၁၁၀။ | စိတ်၏သဘော | ၁၅၂ |
| ၁၁၁။ | အပ္ပနာဇောဝီထိ | ၁၅၃ |
| ၁၁၂။ | ဘာဝနာ ၃-မျိုး | ။ |
| ၁၁၃။ | ပွားများအပ်သောဘာဝနာများ | ၁၅၆ |
| ၁၁၄။ | ဘာဝနာတို့၏ အကြောင်းနိမိတ် | ၁၅၉ |
| ၁၁၅။ | ပွားများနည်း | ၁၆၀ |
| ၁၁၆။ | ရူပဈာန်ပွားများပုံ | ၁၆၀ |
| ၁၁၇။ | ဈာန်အင်္ဂါ ၅-ပါး | ၁၆၁ |
| ၁၁၈။ | ဝီထိပုံ | ၁၆၃ |
| ၁၁၉။ | ဈာန် အဆင့်ဆင့်တက်ပုံ | ၁၆၄ |
| ၁၂၀။ | စွမ်းနိုင်ခြင်းဝသီဘော် ၅-တန် | ၁၆၅ |
| ၁၂၁။ | အရူပဈာန် ၄-ပါး ပွားများပုံ | ၁၆၈ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## စိတ်၏အဘိညာဉ်တန်ခိုး


၁၂၂။ အဘိညာဉ် ၅-မျိုး ၁၀၂
၁၂၃။ ဣဒ္ဓိဝိဓ အဘိညာဉ် ၁၀၃
၁၂၄။ ဒိဗ္ဗသောတ အဘိညာဉ် ၁၀၄
၁၂၅။ ပရစိတ္တဝိဇာနန အဘိညာဉ် ၁၀၆
၁၂၆။ ပုဗ္ဗေနိဝါသ အဘိညာဉ် ၁၀၆
၁၂၇။ ဒိဗ္ဗစက္ခု အဘိညာဉ် ၁၀၇


## လောကုတ္တရာအပနာဝီထိ

## ရုပ်၏သဘော


၁၂၈။ အချက်ငါးချက် ၁၉၇


## ရုပ်-သရုပ်အပြား


၁၂၉။ ပသာဒအဖွဲ့-၅ ၂၁၁
၁၃၀။ ဂေါစရအဖွဲ့-၄ ၂၁၂
၁၃၁။ ဘာဝရုပ်အဖွဲ့-၂ ၂၁၃
၁၃၂။ ဇီဝိတ အဖွဲ့-၁ ၂၁၄
၁၃၃။ ဟဒယဝတ္ထုရုပ်အဖွဲ့-၁ ။
၁၃၄။ အာဟာရရုပ်အဖွဲ့-၁ ၂၁၅
၁၃၅။ အနိပ္ဖန္နရုပ် ၂၁၅
၁၃၆။ အနိပ္ဖန္နအဖွဲ့ ၂၁၆

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **(ရူပဝိဘာဂ)** | |
| | **ရုပ်ကိုခွဲခြားဝေဘန်ခြင်းအပိုင်း** | |
| | **ရုပ်ဖြစ်ကြောင်း** | |
| ၁၃၇။ | ဆင့်ကဲဖြစ်စဉ် | ၂၃၃ |
| ၁၃၈။ | အကြောင်းလေးပါးကြောင့်ဖြစ်သောရုပ်များ | ၂၃၇ |
| | **ရုပ်ကိုဖြစ်စေသည့်ကံတရားနှင့်တူရာ ရုပ်ကလာပ်ဖွဲ့စည်းပုံ** | |
| ၁၃၉။ | စိတ်နှင့်စေတနာသတ္တိ | ၂၅၀ |
| ၁၄၀။ | ကံတရားများ | ၂၅၁ |
| ၁၄၁။ | ပုံစံ | ၂၅၃ |
| ၁၄၂။ | ကလာပ်စည်းများ | ၂၅၆ |
| ၁၄၃။ | ကလာပ် ၉-စည်း | ။ |
| | **ရုပ်ကိုဖြစ်စေသည့် စိတ်နှင့် ရုပ်ကလာပ်ဖွဲ့စည်းပုံ** | |
| ၁၄၄။ | ပုံစံ | ၂၆၀ |
| ၁၄၅။ | ပုံစံ | ၂၆၄ |
| ၁၄၆။ | ကလာပ် ၆-စည်း | ၂၆၅ |
| ၁၄၇။ | ရုပ်ကိုဖြစ်စေသည့်ဥတုနှင့် ရုပ်တို့တူရာပေါင်းဖွဲ့ပုံ | ၂၆၈ |

# နိဒါန်း

ဤ "ဗုဒ္ဓအဘိဓမ္မာ အခြေပြုပညာ" ကို ရေးသားသူသည် ဗုဒ္ဓစပေများကို စာပလွေခင်း၍ သင်ကြားခဲ့ဘူးသူ မဟုတ်ပါ။ သို့သော် ပညာကြီးမြင့်တော်မူကြသော ဆရာတော်ကြီးများနှင့် လူပညာရှိတို့ ပြုစုတော်မူကြသော ဒိပနီစသည့် ကျမ်းစာများကိုကား၊ အတော်အတန် လေ့လာဘူးပါသည်။

ထိုထိုသော ရဟန်းပညာရှိ၊ လူပညာရှိတို့ ပြုစုအပ်သော ကျမ်းစာများသည် ဒေသနာအစဉ်နှင့်လျော်အောင်၊ ကျယ်ကျယ်ပြန့်ပြန့်၊ ခန့်ခန့်ညားညား၊ ထယ်ထယ်ဝါဝါ၊ အကိုးအကားစုံလင်စွာဖြင့် စာသားပါပါ ရေးသားပြုစုထားကြသည့် စာပေများ ဖြစ်ကြပါသည်။ ထိုစာပေများသည် လောကုတ္တရာ ဝာခံနည်းသူများ အတွက် ကျမ်းလေး၍ နက်နဲခက်ခဲပါသည်။

မည်သို့ရှိစေ၊ ဝါသနာထုံသူတို့ အဖို့မှာကား၊ သွားပါများ ခရီးရောက်၊ မေးပါများ စကားရ ဆိုသလို ထိုကျမ်းစာများကို

အထင်ထင်အခါခါ မေးကာ,မြန်းကာ ဖတ်ရှုဖန်များသောအခါ ကြုံကို စက်တင်၍ အရည်ညှစ်ထုတ်လိုက်သောအခါ၊ ချိုမြိန်သော ကြံရည်အရသာ ပေါ်ထွက်လာသကဲ့သို့၊ ပညတ်အတ္တတို့ကို ဉာဏ် တည်းဟူသော စက်ယန္တရားဖြင့် ညှစ်ထုတ်လိုက်သောအခါ၊ တရား အဆီအနှစ်ဖြစ်သော စိတ်၊ စေတသိက်၊ ရုပ်၊နိဗ္ဗာန် လေးရပ် ပရမတ် သဘော တရားတို့သည် အစီအရီဖြင့် တစိမ့်စိမ့် ထွက်ပေါ်လာ ပေမည်။

ထိုထွက်ပေါ်လာသော တရားသဘောဖြင့် ဆင်ခြင်လေသော အခါ၊ ငါသည်ဤခန္ဓာကိုယ်ကြီးကို ငါပဲ၊ငါ့ဉစ္စာပဲ၊ငါကောင်ပဲဟု ယခင်က နှစ်နှစ် ကာကာ စွဲလမ်းခဲ့သည်။ ယခုမူ ဆင်ခြင်လေ တိုင်းမှာ ငါဟူသော သက္ကာယဒိဋ္ဌိစွဲ၊ အတ္တဒိဋ္ဌိစွဲတို့သည် အချိန် ရင့်ညောင်းသော ကြာဖူး,ကြာပွင့်တို့မှ ကြာဖတ်တဖတ်ပြီးတဖတ် ကွာကျသကဲ့သို့ ငါစွဲ၊သက္ကာယဒိဋ္ဌိစွဲတို့သည်လည်း မိမိစိတ်သန္တာန် မှတဆင့်စီ ကွာကျ လာသည်ကို တစ,တစ မြင်တွေ့လာပေသည်။

ထိုသို့ ရှုလေတိုင်းမှာ မိမိစိတ်သန္တာန်မှ မကောင်းမှု ဒုစရိုက် တို့နှင့် ရှောင်သင့်ရှောင်အပ်ရာတို့ကို မိမိအလိုအလျောက် ရှောင် ခွာလာနိုင်၍ ကောင်းမှု သုစရိုက်တို့ကိုလည်း တရားကျ,စောင့် ရှောက်လို့ထင့် ဆောင်လာနိုင်ပေတော့သည်။

အလိမ္မာစာမှာရှိသည် ဟူသော ရှေးပညာရှင်တို့၏ ကျူးရင့် သံနှင့်အညီ၊ စာပေသည် ယဉ်ကျေးသိမ်မွေ့မှုအလိမ္မာကို ပေးစွမ်း နိုင်ပါတကားဟု၊ အားရ နှစ်သက်စွာ ကောက်ချက် ချမိသည်။ ထို့နှင့် တဆက်တည်း အဘိဓမ္မာ စသော သဘာဝ ပညာတို့ဖြင့် လိမ္မာရေးခြား လူကောင်းသား ဖြစ်အောင် ရည်သန် ရေးသား ပြုစုတော်မူကြသော ဆရာတော်ကြီးများ၏ မြတ်သောမေနောနှင့်၊

မှန်သော ပညာဂုဏ်တို့ကို ဤစာစောင်ဖြင့် လက်ဆယ်စုံဦးခိုက်၍ ဖူးလိုက်ရပါသည်။ မိမိကိုယ်ကိုလည်း သာသနာ့အမွေခံ၊ ကေန်ဖြစ်ရချေမည်ဟု၊ နှစ်သက်ရွှင်လန်း ပီတိလွှမ်းလျက် ဝမ်းပန်းတသာ ဖြစ်ရပေသည်။

ထို့ကြောင့် မိမိလေးစား ယုံကြည်စွာ သိမြင်ခံယူ သေချာကျက်ထားနိုင်သမျှသော ဤပရမတ္ထသဘာဝတရားလေးပါးကို ဆင့်ပွားဖြန့်ဖြူးရလျှင် ကောင်းလေစွ ဟူသောဆန္ဒသည် မိမိစိတ်သန္တာန်၌ တဖျတ်ဖျတ် ရုန်းကန် လှုပ်ရှားနေပါသည်။

ထိုအခါ ကြားယောင်မိသာသည်မှာ၊ကလေးချင်းပြောသော စကားကို ကလေးချင်းသာ နားလည်ကြသည်ဆိုသော စကားပင် ဖြစ်သည်။ ဤပမာစကားအရ၊ စာမတတ်သူ ရေးသော စာကို စာမှသင်ဘူးသူများ ဖတ်ရှုပါက အလွယ်တကူ သိနားလည်ကြမည်ဟု ယုံကြည်ပါသည်။

ဤအခြေပြု ပညာတွင် ဖော်ပြမည့် စိတ်၊ စေတသိက်၊ ရုပ်နိဗ္ဗာန် လေးရပ် ပရမတ်သဘောတရားတို့သည် လောကဓာတ် တရပ်လုံး၌ ထင်ရှားရှိသော တရားများ ဖြစ်သည်။ ထိုတရားသဘောတို့သည် သလဲသီးများလို အကန့်အကန့်ဖြင့် တသီးတသန့်စီ၊ ရောထွေးယှက်တင်ခြင်းမရှိ၊ မိမိတို့ပိုင်သသော သဘောဖြင့် အသီးအခြားစီ ရှိကြသည့် တရားများဖြစ်ကြသည်။

ထိုပရမတ် သဘောတရား လေးပါးသည်၊ နက်ရှိုင်း ခက်ခဲကျယ်ဝန်းပါသည်။ ထိုသဘောတရားတို့သည် လောကနှင့် ဆိုင်သကဲ့သို့ လောကုတ္တရာဆိုင်ရာလည်းဖြစ်သည်။ထို့ပြင် ဤသဘောတရားတို့သည် ဗုဒ္ဓသာသနာဝင်တို့နှင့်သာ ဆည်ဆိုင်သည် မဟုတ်၊ အဘိဓမ္မာသစ်တွေနှင့် တိုးတက်နေသည့် မျက်မှောက်ခေတ်မှာ

သင်ကြားနေကြသော ရူပဗေဒ၊ သတ္တဗေဒ၊ ဇီဝဗေဒ၊ ရုက္ခဗေဒ၊ ဒသနိကဗေဒ၊ တက္ကဗေဒစသည့် ပညာ၊ သို့မဟုတ်၊ တွေးခေါ် မြော်မြင်ရေးသဘောတရား စိတ်ပိုင်းဆိုင်ရာ ဝိဇ္ဇာပညာ၊ ရုပ်ဝတ္ထု ပစ္စည်းတို့ကို၊ စူးစမ်းရှာဖွေ၍ တီထွင်အသုံးပြုသော ရုပ်ပိုင်းဆိုင်ရာ သိပ္ပံပညာတို့ကို ရှာမှီးကြသော သုတေသီတို့နှင့်လည်း နှီးနွှယ် ဆည်ဆိုင်ပေသည်။

ထိုထိုသို့သော လောကဓာတ် ပညာမျက်စိတို့ဖြင့် မျက်တွေ့ လက်တွေ့ မဟုတ်သေးသော မြေအောက်၊ရေအောက်တို့၌ ရှိသည့် သတ္တု၊ ရေနံ၊ ကျောက်မြက် ရတနာစသည်တို့ကို၊ မြင်တွေ့အောင် ရှာဖွေ အသုံးပြုနိုင်ခဲ့ကြသည်။ ထို့အတူ လူစသည့် သတ္တဝါတို့၏ ကိုယ်ခန္ဓာတို့၌ ထင်ရှားရှိသော စိတ်၊ စေတသိက်၊ ရုပ်နိဗ်လေးရပ်၊ ပရမတ် သဘောတရားတို့ကိုလည်း ဉာဏ်မျက်စိဖြင့် ရှုကြည့်လျှင် မြင်တွေ့နိုင်ပေသည်။ သမ္မာဒိဋ္ဌိဝါဒီတို့သည်ကား သိရှိအောင်ပင် ရှာဖွေဘို့လိုသည်။

ဤသိဘွယ်ဖြစ်သော ပရမတ်သဘောတရားလေးပါးကို သိလို မြင်လိုသူတို့သည် သာသနာခေတ်နှင့် ပစ္စက္ခ ကြုံခိုက်မှာ ခူးပြီးသား ထမင်း စားရသလို၊ လွယ်လွယ်ကလေးသိနိုင်ကြပေသည်။ သို့သော် စတင် ဖွေရှာရသော သုံးလူ့ထွဋ်တင် ကျွန်ုပ်အရှင်ဖြစ်သော သဗ္ဗညုဘုရားသခင်အဖို့မှာကား လေးအသင်္ချေနှင့်ကမ္ဘာ တသိန်းတိုင်အောင် ခက်မာတင်းကြပ် ကြမ်းကြုတ်လတ်သော အတ္တဒိဋ္ဌိမြေအောက်မှ ခက်ရာခဲစစ် အားအစွမ်းကိုညှစ်၍ ပင်ပန်းကြီးကုတ် အားအင်ထုတ်ကာ တူးဖော်ရှာဖွေပေးခဲ့ရပေသည်။

မြတ်စွာဘုရားသည် အလောင်းတော်ဘဝဖြစ်စဉ်က ဤ ပရမတ် သဘောတရားလေးပါး၊ သို့မဟုတ် သစ္စာလေးပါး တရား၊

တနည်း သုတ္တန်ဓမ္မတို့ထက် သာလွန်ထူးကဲ မွန်မြတ်သော ဤ အဘိဓမ္မာတရားကို ကြီးကဲစိုးရ ထက်သန် ထန်ပြင်းသော ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝိမံသ(ပညာ)တို့ဖြင့် ရင်းနှီးမြှုပ်နှံကာ ရှာမှီး ခဲ့ရ ပေသည်။

ထို့နောက်၊ ဒီပင်္ကရာဘုရားထံမှောက်၌ ဗျာဒိတ်တော် ခံယူ ပြီးမြောက်သည်မှစ၍ ဒါန စသည့် ပါရမီဆယ်ပါး၊ အပြားသုံး ဆယ်နှင့် စွန့်ခြင်းကြီးငါးသွယ်တို့ကို မတုန်မလှုပ် ရက်ရက်ရော ရော စွန့်လွှတ်ခဲ့၏။ ဤသို့ စွန့်လွှတ်ခြင်းသည်ကား လောက သုံးပါး အကျိုးငှါလည်း၊ ဆွေတော် မျိုးတော်တို့ အကျိုးငှါလည်း၊ သမ္မာသမ္ဗုဒ္ဓ ဘုရားဖြစ်ခြင်းအကျိုးငှါလည်း စွန့်လွှတ်ကျင့်ကြံခြင်း ဖြစ်သည်။

အလောင်းတော်သည် တရွေ့ရွေ့ ကျင့်ကြံ အားထုတ် ခဲ့ရာ လေးအသင်္ချေနှင့်ကမ္ဘာ တသိန်း ကြာညောင်းခဲ့ပေသည်။ ထိုအခါ လုံလောက် ပြည့်စုံသောအချိန်သို့ရောက်ရှိခဲ့၏။ မဟာသက္ကရာဇ် ၁၀၃ - ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ နံနက် မိုးသောက်ယံ၌ ပုထုဇဉ်အဖြစ်မှသည် အရည် အချင်းနှင့် ပြည့်စုံသည့် အရိယာ အသွင်သို့ တမုဟုတ်ခြင်း ကူးပြောင်းသွားလေသည်။

ဤသည်ကား ထင်ရှားရှိသော သစ္စာလေးရပ် တရား မြတ် ဖြစ်သည့် ပရမတ္ထသဘာဝဓမ္မတို့ကို ပိုင်းခြားထင်ထင် သိမြင်သော သဗ္ဗညုတဉာဏ်ကြီးအရှင် ဘုရားသခင်ဖြစ်လာခြင်းပေတည်း။

သုံးလူ့ထွဋ်ထား မြတ်ဘုရား သိမြင်တော်မူသော သစ္စာလေး ရပ် ပရမတ် သဘောတရားမြတ်တို့သည် အဘိဓမ္မာလည်း မည်ပါ သည်။ ဤအဘိဓမ္မာဟူသည် အဘယ်နည်း။ မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ အရှင် ရည်မှန်းခဲ့သည့်

အတိုင်း၊ လောကသုံးဘုံ သားတို့ အကျိုးငှါလည်း၊ ဆွေတော်မျိုးတော်တို့ အကျိုးငှါလည်း၊ "ဓမ္မနှင့်ဝိနယ" တရားနှစ်ပါးကို ဟောတော်မူပေသည်။

၁။ ဓမ္မဟူသည်ကား = ပရမတ်သဘောတရားအားလုံးတို့ကိုဆိုပေသည်။ ထိုဓမ္မ၌ (က) သုတ္တန်ဓမ္မနှင့် (ခ) အဘိဓမ္မဟူ၍ နှစ်မျိုးရှိပြန်ပါသည်။

(က) သုတ္တန်ဓမ္မဆိုသည်ကား၊ ပုဂ္ဂိုလ်-သတ္တဝါတို့၏ စရိုက်အထုံကို ထောက်ထား၍ ယင်းတို့ နားနှင့်ထိုက်တန်ရုံကို အကျဉ်းမျှသာ ဟောကြားသော သဘာဝတရားတို့သည် သုတ္တန်ဓမ္မမည်ပါသည်။

(ခ) အဘိဓမ္မ ဆိုသည်ကား၊ ပုဂ္ဂိုလ်သတ္တဝါတို့၏ စရိုက်ပါရမီ အထုံကိုမလိုက်၊ အရာရာတို့၌ရှိ၍ အများနှင့်ဆည်ဆိုင်သော တရားသဘောအရှိအတိုင်းကို ကျယ်ကျယ်ပြန့်ပြန့် အပြည့်အစုံဟောကြားသော ပရမတ်သဘောတရား အားလုံးကို ဆိုသည်။

ထိုပရမတ်တရား အားလုံးသည် သစ္စာလေးပါးတရားလည်းမည်သည်။ သုတ္တန် တရားတို့ထက် သာလွန် ထူးမြတ်သောကြောင့် အဘိဓမ္မာ တရားလည်းမည်သည်ဟု ဥဒါန်းဖော်ကျူးခဲ့ကြပါသည်။

၂။ ဝိနယဆိုသည်မှာ = အထူးထူးအပြားပြားနည်းရှိသည့်အတွက်ကြောင့်လည်း၊ ကိုယ်နှုတ်တို့ကို ဆုံးမတတ်သည့်အတွက်ကြောင့်လည်း၊ ဝိနယ—ဝိနည်း ဟူ၍ ဆိုကြပါသည်၊

ဆိုလိုသည်မှာ၊ သစ္စာလေးပါး စသည်တို့ကို သိမြင်သော ဘုရား စသည်တို့ကို၊ ကိုးကွယ်ဆည်းကပ်သူတို့ကို ဗုဒ္ဓဘာသာ ဟု ဆိုပါသည်။ ထို့အတူ အခြားတန်ခိုးရှင် ထာဝရဘုရားတို့ကို ကိုးကွယ်သူများကိုလည်း ခရစ်ယာန်-မူဒလင်၊ ဗြဟ္မဏ စသော တွေးတောရှင်တို့၏ ဘာသာဝင်ဟု ဆိုကြသည်။ ဗုဒ္ဓဘာသာဝင်တပည့် ဒကာ-စသည်တို့သည် ဗုဒ္ဓ၏သာသနာအဆုံးအမကို နာယူပါမည်ဟု အာမဘာန္တေ ပြုကြရသည်။ အခြားဘာသာဝင်များလည်း ဤနည်းတူပင်။

ထိုဗုဒ္ဓဘာသာဝင်တို့အထဲမှ အချို့သည် အပြစ်မကင်းသော အများ မြင်လို့ မလျော်သော အမှုများကို ကျူးလွန်မိကြသည်။ သို့ဖြစ်၍ မြတ်စွာဘုရား ကိုယ်တော်တိုင် ရဟန်းအလိုက် ရှင်သာမဏေအလိုက် ထိုက်သင့်သလို ပညတ်တော်မူသော အကျင့်သိက္ခာတို့ကို၊ ဝိနယ—ဝိနည်းဟု ဆိုသည်။ အချုပ်အားဖြင့် ဆိုလျှင်ယင်း ဝိနယ—ဝိနည်းသည် ရဟန်း၊ သာမဏေ၊ လူ စသည်တို့၏ စိတ်ကို မကောင်းမှုမှ ကြဉ်ရှောင်စေ၍ ကောင်းမှုတို့ကို ဆောင်စေသည်ဟု ဆိုလိုပါသည်။

အထက်၌ ဖော်ပြခဲ့သော ''ဓမ္မနှင့် ဝိနယ'' တို့ကို ဆင်ခြင်လေသောအခါ၊ ''ဓမ္မ''ဟူသည် သဘောတရားအားလုံး ဖြစ်သည်။ အထူးသဖြင့် အဘိဓမ္မာ ဟူသည်၊ ဝိနယကျင့်စဉ်တို့ကဲ့သို့ တဖွဲ့တဂိုဏ်းအသွင်ကို ဆောင်သော '' ဘာသာရေး '' ၌သာ ရှိသည်မဟုတ်၊ ဘာသာရေးနှင့်သာဆိုင်သည်လည်းမဟုတ်၊ လူမျိုးတိုင်း၊ ဘာသာတိုင်း၊ အရပ်ဒေသတိုင်း၊ အရာရာတိုင်း၊ သတ္တဝါတိုင်းတို့၌ သည်းရှိသည်၊ ဆိုင်လည်းဆိုင်ကြသည်။

ပြယုဂ် ။ စိတ်ပိုင်းဆိုင်ရာ ဖြစ်သော၊ မေတ္တာ စိတ်သဘော သည်၊ ဗမာ-ရှမ်းစသော မြန်မာတိုင်းရင်းသားများ၌ သာရှိသည်မဟုတ်၊ အခြားသော အင်္ဂလိပ်၊ ပြင်သစ်၊ ရုရှားစသည့် လူမျိုးတိုင်း၌လည်း ရှိသည်၊ တိရစ္ဆာန် အသီးသီးတို့၌လည်းရှိကြသည်။

ရုပ်ပိုင်းဆိုင်ရာဖြစ်သော ရေ၊မြေ၊လေ၊မီး အမှီခံ ဓာတ်ကြီး လေးပါးနှင့် မှီ၍ဖြစ်သော အဆင်း၊အနံ့၊ အရသာ၊အဆီအစေးခေါ်သည့် ဩဇာဓာတ်ဟူသော ရုပ်ဓာတ် သဘောရှစ်မျိုးသည်၊ လူစသော သတ္တဝါ တို့၌သာ ရှိသည်မဟုတ်၊ သစ်ပင်၊ တော၊ တောင်၊ သမုဒ္ဒရာ၊ နေ၊ လ၊ နက္ခတ်၊ တာရာ စသည်တို့၌လည်း ရှိကြသည်။

ထို့ကြောင့် ဓမ္မဟူသည်၊ အထူးသဖြင့် အဘိဓမ္မာသဘော တရားဟူသည် လူတမျိုးတည်း၊ဘာသာတမျိုးတည်း၊ အရပ်ဒေသ တမျိုးတည်း၊ သတ္တဝါတမျိုးတည်း၊ အရာတမျိုးတည်းနှင့် သာ သက်ဆိုင်သည်မဟုတ်၊ အရာခပ်သိမ်းတို့နှင့် သိမ်းကြုံး ဆည်ဆိုင် လေသောကြောင့် အများဆိုင်၊ ဘုံဆိုင် ပစ္စည်း ကဲ့သို့သော သဘောတရားဖြစ်သည်မှာမျက်တွေ့-လက်တွေ့ ထင်ရှားပေသည်။

ဝိနယဆိုသည်ကား၊ သမ္ဗုဒ္ဓဘုရား၊ ထေရဝါဒ ဘုရားဆိုသည်တို့ နှင့် တွေးခေါ်ရေး ပညာရှင်များက မိမိတို့ဘာသာရေး အဖွဲ့ဝင် ဂိုဏ်းဝင်တို့အား လိုက်နာပြုကျင့်စေရန် အသီးသီး ချမှတ်ပညတ် ထားသည့် အကျင့်သီလ စည်းကမ်းပင်ဖြစ်သည်။

ပြယုဂ်။ မည်သည့်သတ္တဝါ၏အသက်ကိုမျှမသတ်ရ ( ဗုဒ္ဓ )
သူ့အသက်ပြင့်ယင်ပူဇော်ရမည် (အခြား)
မည်သည့်နည်းနှင့်ရရ ရလျှင်တရားသည် (အခြား)

ထို့ကြောင့် ဝိနယ-ဝိနည်းဆိုသည်မှာ ဘာသာရေး တကိုဏ်းတပွဲ့နှင့်သာဆိုင်သော အကျင့်သီလ စည်းမျဉ်းဖြစ်သည်ကိုတွေ့ရပေသည်။

မြတ်စွာဘုရားသိမြင်အပ်သော၊ပရမတ်သဘောတရားဆိုသည်မှာ၊ ပုထုဇဉ်လောကသားတို့တွေးတော၊ ကြံဆ-သိမြင်ကြသော-သတ္တ၊အတ္တ၊ဇီဝ၊ သဏ္ဌာန၊နိမိတ္တပျိုးမဟုတ်၊ ထင်ရှားသောချိုးမွှမ်းအပ်သော နည်းနာနယ-အာဝဝတို့ဖြင့်၊ တန်ဆာဆင်၍ ဟောကြားအပ်သည့်၊ အမှန်ရှိသော သဘောတရားများ ဖြစ်သည်၊ ဟောပြောသည့်အတိုင်းမှန်၍၊ ကျင့်ကြံလျှင်လည်း၊ ဆိုင်ရာအကျိုးကိုပြီးစေပါသည်။ ထိုပရမတ်သဘောတရားတို့သည်၊ မှတ်ကျောက်သဖွယ်၊ အမှားအမှန်အကောင်း-အဆိုး၊ အကြောင်းအကျိုးတို့ကိုပိုင်းခြားကြည့်ရှု၊ဝေဘန်တ္တိဘပြုနိုင်သောဘရားမျိုးလည်းဖြစ်သည်။ ထိုဘရားမျိုးသည် ပရမတ်သဘောဘရား၊ အဘိဓမ္မာတရားလည်းမည်ပေသည်။

ပုထုဇဉ်လောကအမြင်ဆိုသည့် သတ္တ၊ အတ္တ၊ ဇီဝ၊ သဏ္ဌာန၊ နိမိတ္တဆိုသည်တို့မှာ-ထင်ရှားရှိသော တရားမျိုးကား မဟုတ်ကြချေ။ ထင်ရှားရှိသောပရမတ်သဘောတရားတို့၏ ပေါင်းစုပြု စီမံ့အပ်သောကြောင့်၊ တနည်းရောင်ပြန်ဟပ်မှုကြောင့် ဖြစ်ပေါ်နေသော-ပုံဟန်သဏ္ဌာန်၊ နိမိတ်–အရိပ်အရောင်ထင်ရသော အခြင်းအရာမျှသာဖြစ်သည်။ ထိုအခြင်းအရာ၊ ပုံဟန်အရိပ်အရောင်တို့ကို

ပင် သတ္တ၊ အတ္တ၊ ဇီဝ စသည်ဖြင့် မရှိတရားကို-အရှိတရားဟု စွဲစွဲမြဲမြဲထင်ကြသည်။ ထိုသို့ထင်မှတ်ကြသည့်အသွင်သဏ္ဌာန် အရိပ်အရောင်ကို အမည်နာမတင်၍ လူအများ တညီတညွတ်တည်း ခေါ်ဝေါ်ပြောဆိုကြသည်။ သို့ခေါ်ဝေါ်ပြောဆို သမုတ်ခြင်းသည် အမှန်အတိုင်း ပြောဆိုသောကြောင့် သမ္မုတိသစ္စာ-သို့မဟုတ် ပညတ်တရားဟု ခေါ်ကြသည်။

လူအများ တညီတညွတ်တည်း၊ ခေါ်ဝေါ်ကြသည့် အတိုင်း ပြောဆိုခြင်းသည်၊ သူတပါးကို လှည့်စားသည်မဟုတ်၍ မုသာဝါဒကိုပယ်နိုင်သည်မှန်သော်လည်း၊ မှောက်မှားစေသည့် ဝိပလ္လာသ-ဖြစ်သော၊ (၁)အမှတ်မှားမှု-သညာ ဝိပလ္လာသ(၂)အသိမှားမှု-စိတ္တဝိပလ္လာသ (၃) အမြင်အမှားမှု ဒိဋ္ဌိဝိပလ္လာသ သုံးမျိုးကိုကား မပယ်နိုင်ပေ။

ထိုမှောက်မှားသည့်-ဝိပလ္လာသ တရားသုံးပါးကို မပယ်နိုင်ရုံသာမက၊ ထိုတရားသုံးပါး အစွဲပြင်းထန်လာသောအခါ အမှား (ဂြိုးကပ်သည်) မြဲသည်ဟုဆိုအပ်သော-နိယတမိစ္ဆာဒိဋ္ဌိ ဖြစ်သည်၊

(၁) နတ္ထိကဒိဋ္ဌိ-နောင်၌ အကျိုးတရားမရှိ။

(၂) အဟေတုကဒိဋ္ဌိ (တိုက်ဆိုင်လို့ဖြစ်ထာ) အကြောင်းတရားမရှိ။

(၃) အကြိယဒိဋ္ဌိ-အမိအဖကိုသတ်သည့် အမှုကိုပင် ပြုသော်လည်း-ပြုအပ်သည် မမည်။

ဟူသည်တို့ဖြစ်သည်။ အမှားမြဲသော—နိယတမိစ္ဆာဒိဋ္ဌိသုံးပါး အယူမြဲလေသမျှ၊ အပယ်ဘေး ဒုက္ခဘေးလည်း မြဲရချေမည်ပါတကား။

ဆိုခဲ့ပါ ပရမတ်၊ ပညတ်တို့ကို ပမာဆောင်သော်၊ လူနေဘို့

သစ် စသည်တို့ဖြင့် စုပေါင်း ဆောက်လုပ်လိုက်သောအခါ၊ အဆောက်အဦအသွင်သဏ္ဌာန် ပေါ်လာသည်၊ ယင်းသဏ္ဌာန်ကို အမည်နာမ တင်၍ အိမ်ဟု ခေါ်ဆိုသကဲ့သို့တည်း။

ဤဥပမာ၌၊ သစ်စသည်တို့သည် ထင်ရှားရှိသော ပရမတ်သဘောတရားနှင့်တူ၏၊ သဏ္ဌာန် နှင့် အိမ် အမည်တို့သည် မရှိသော ပညတ်တရားနှင့် တူ၏၊ ထိုစကား မှန်၏၊ ယင်းအဆောက်အဦကို ဖျက်လိုက်သောအခါ အဆောက်အဦ အသွင်သဏ္ဌာန်နှင့် အိမ်အမည်တို့သည် အလိုအလျောက် ပျောက်ကွယ်သွားရလေသည်၊ ထင်ရှားရှိနေသော သစ်စသည်တို့ကိုသာ ကျန်ရှိတွေ့မြင်ရပေသည်။

ထို့အတူ လူဆိုရာ၌လည်း ထင်ရှားရှိသော ပရမတ်သဘောတရားဖြစ်သော ရုပ် နာမ်တို့ စုပေါင်းဖွဲ့စည်းမိသော အသွင်သဏ္ဌာန်ကိုစွဲ၍ ခေါင်း၊ ကိုယ်၊ လက်၊ ခြေ၊ စသည့်အင်္ဂါရှိသည်တို့ကို လူဟု ဆိုခြင်းဖြစ်သည်။ ယင်း လူ၊ ဆင်၊ ခွေးတို့ကို ခွဲခြမ်းကြည့်လျှင်၊ မဟာဘုတ်ဓာတ်ကြီးလေးပါးနှင့် ဥပါဒါစွဲ မှီ၍ဖြစ်သော အဆင်း၊ အနံ့၊ အရသာ ဩဇာဟူသော အဆီအဆေး စသည့် ရုပ် ဓာတ် ရှစ်မျိုးနှင့် သိတတ်သောစိတ် တွေ့ထိခံစား၊ စေ့ဆော် မှတ်သားမှု စသော နာမ်ဓာတ်မျိုးသာ အမှန်ရှိပေသည်။

ထို့အတူ သစ်ပင်၊ တော၊ တောင်၊ သမုဒ္ဒရာ၊ နေ၊လ၊နက္ခတ်၊ ဘာရာ စသည်တို့ကို ခွဲခြမ်းကြည့်လျှင်၊ မဟာဘုတ် ဓာတ်ကြီးလေးပါးနှင့် အဆင်း၊ အနံ့၊ အရသာ၊ အဆီ အစေး၊ ဩဇာဟူသော ရုပ်ဓာတ်တို့သာ ရှိပေသည်၊ ဤအရာတို့၌ ရုပ်ဓာတ်၊ နာမ်ဓာတ်တို့သည်သာ ထင်ရှားသော ပရမတ္ထသဘာဝဓမ္မများ

မည်ပေသည်၊ သဏ္ဍာန်နှင့် အမည်တို့သည်ကား ထင်ရှား မရှိသော ပညတ်တရားများ မည်ပေသည်။

မြတ်စွာဘုရားသည်၊ ကိုယ်တော် ပိုင်သသော သဗ္ဗညုတဉာဏ်တော်ဖြင့် ဆင်ခြင် သုံးသပ်လေတိုင်းမှာ ဉာဏ်တော်၏ ကွန်ရက်အောက်၌ ထင်ရှားရှိသော ဤပရမတ်သဘောတရား လေးပါးသည် ပစ္စက္ခ၌ မည်သို့သော နည်းဖြင့် ကြောင်းကျိုး ဆက်ဆံ ဖြစ်ပျက် နေကြသည်။ အတိတ်ကာလက မည်သည့် အကြောင်းကြောင့် ဖြစ်ပေါ်လာရသည်၊ အနာဂတ်ကာလ၌ မည်သို့သော အကျိုး ဖြစ်ပေါ်စေမည် ကိုလည်း ထင်ရှားသိမြင်ပေသည်။

ဆိုလိုသည်မှာ၊ မြတ်စွာဘုရား၏ သဗ္ဗညုဉာဏ်တော်သည် မျက်မှောက်၌ ဖြစ်ပေါ်နေသည့် အကြောင်းအခြင်းအရာကိုသာ ကွက်၍ သိသည်မဟုတ်၊ ထိုအခြင်းအရာသည် ဘာ့ကြောင့် ဖြစ်ပေါ်လာသည်ကိုပါ သိ၏။ နောင် ဘာဖြစ်မည် ကိုလည်း သိတော်မူ၏ဟု ဆိုလိုသည်။

ထို့ကြောင့် မြတ်စွာဘုရားသည် ပရမတ် သဘောတရား ဖြစ်သော စိတ်- စေတသိက် နာမ်တရားနှစ်ပါးကို အကျဉ်းချုံး၍ ဟောပြောခဲ့သည်မှာ—

၁။ အပြစ်ကင်း၍ ကောင်းကျိုးကို ပေးတတ်သော စိတ်- စေတသိက် ကုသိုလ်တရား၊

၂။ အပြစ်နှင့်တကွ မကောင်းကျိုးကိုပေးတတ်သော စိတ်- စေတသိက် အကုသိုလ်တရား၊

၃။ ကုသိုလ်လည်းမဟုတ်၊ အကုသိုလ်လည်း မဟုတ်သော စိတ်- စေတသိက် အဗျာကတ တရားဟူ၍ ဟောကြားခဲ့၏။

ထိုတရားသုံးပါးမှ စိတ်- စေတသိက်နာမ်တရားပေါင်းများစွာ ဆင့်ပွားဖြစ်ပေါ်ပုံကို ကျယ်ပြန့်စွာ အစိတ်စိတ်ခွဲခြား၍ နည်းနာစသည်ဖြင့် ဟောကြားခဲ့သည်မှာ အံ့သြဘွယ်ရာပင်။

ရုပ်တရား၌လည်း မြတ်စွာဘုရားသည် ရုပ်သဘာဝ ကုန်စင်အောင် ခွဲခြမ်းစိတ်ဖြာ၍ အကျယ် ဟောကြားခဲ့သည် များကို အကျဉ်းဖော်ပြရလျှင်—

၁။ လောဘ၊ ဒေါသ စသော မူလ ဘူတ အကြောင်းရင်း ဖြစ်သော (ဟိတ်)တရား (၆)မျိုးသည်၊ ရုပ်တရား မှန်သမျှတို့၌ မရှိပေ။

၂။ သို့ရာတွင် ထိုရုပ်တရား မှန်သမျှတို့သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟူသော (ပစ္စယ)အကြောင်းတရား လေးပါးကြောင့်ချည်း ဖြစ်ရသည်။

၃။ ထို့ပြင် ရုပ်တရား မှန်သမျှတို့သည်၊ လောဘ၊ ဒိဋ္ဌိ၊ မောဟ တရားတို့၏ စွဲလမ်းကပ်ငြိစရာ အာရုံချည်း ဖြစ်ကြသည်။

၄။ ရုပ်တရား မှန်သမျှတို့သည် အကြောင်း မျိုးစုံတို့၏ ပြုစီမံမှုကြောင့် ဖြစ်ပျက်တတ်သော သဘောရှိသည်။

၅။ ရုပ်တရား မှန်သမျှသည်၊ လောကီတရား သက်သက် ချည်း ဖြစ်သည်။

၆။ ရုပ်တရား မှန်သမျှသည်၊ ကာမနယ်ဘွင်း ပါဝင်သော တရားများသာ ဖြစ်သည်။

၇။ ရုပ်တရားမှန်သမျှသည်၊ သိစရာအာရုံကို သိဘတ်ရိုး ထုံးစံမရှိပေ။

၈။ ရုပ်တရားမှန်သမျှသည်၊ အကုသိုလ် စိတ်-စေတသိက် တရားများကဲ့သို့ ပယ်ရှား အပ်သော တရားများ မဟုတ်ပေဟူ၍ ဖြစ်သည်။

မြတ်စွာဘုရားသည် ဤသို့ စိတ်သဘာဝ၊ ရုပ်သဘာဝတို့ကို ကုန်စင်အောင် ခွဲခြမ်းစိတ်ဖြာ၍ ဟောကြား ခဲ့ပါသည်။ ဤသို့သော မြတ်စွာဘုရား၏ ဉာဏ်အမြင်ကို ဘယ်လိုယှဉ်လို့ ဖြစ်နိုင်ပါမည်နည်း။

ဤမျှ အဘိုးအနဂ္ဃထိုက်တန်လှသော မြတ်စွာဘုရား၏ ဓမ္မတရားတော်များသည် သာသနာသက္ကရာဇ် နှစ်ပေါင်းငါးထောင် (၅၀၀၀)တိုင်အောင် ထိန်းသိမ်းစောင့်စည်းနိုင်ပါမှ တည်ရှိနိုင်ပေမည်။ သာသနာနှစ် ငါးထောင်(၅၀၀၀)ပြည့်ဘို့မှာ (၂၄၈၇) နှစ်ခန့်သာ ကျန်ရှိတော့သည်။ ထိုနှစ်ကုန်ဆုံးလျှင် ယခုဆုတ်ယုတ်နေသည့် နှုန်းအတိုင်းနှင့် တွက်ချက်ကြည့်ပါက သာသနာသည် စောစောပင်လျှင် ငုတ်လျှိုးကွယ်ပျောက် ချုပ်ဆုံးရမည်မှာ မလွဲကေန်ဟု ဆိုနိုင်သည်ကို သတိပြုကြစေလိုပါသည်၊ ပြုလည်းပြုကြပါလေ။

ထို့ထက် အရိမေတ္တေယျ မြတ်စွာဘုရားသာသနာ ကုန်ဆုံးပြီးနောက်၊ အနန္တရကပ်တကပ် စေ့ကုန်သောအခါ၊ ဘုရားငါးဆူပွင့်မည့် ဤဘဒ္ဒကမ္ဘာသည် အန္တရကပ်(၁၂)ကပ် ကုန်ဆုံးသွားပေမည်။ ဓမ္မနိယာမအရ ကမ္ဘာတခု၏ သက်တမ်းသည် အန္တရကပ် (၆၄)ကပ် ရှိသည်ဟု ဆိုပါသည်။ ထိုအန္တရကပ်(၆၄)ကပ်

မှ ကုန်ဆုံးပြီးသော အန္တရကပ် (၁၂)ကပ် နှင့်သော်၊ ကျန် အန္တရကပ် (၅၂)ကပ်၌ ဘုရားသံ၊ တရားသံ၊ သံဃာအသံတို့သည် ဆိတ်သုဉ်း၍ ငုတ်လျှိုးပျောက်ကွယ်ရမည့် အရေးကိုလည်း တွေးတော သတိရှိအပ်လှပေသည်။

ထို့ကြောင့် သုံးလူ့ထွဋ်သား၊ သဗ္ဗညု မြတ်စွာဘုရား၏ သာသနာခေတ်နှင့် ယခုလို ဆုံခိုက် ကြုံခိုက်မှာ မြတ်ဘုရား၏ အဆုံးအမ တရားဓမ္မ အမွေးရန့်တို့ကို မိမိ၏ အဇ္ဈတ္တသန္တာန်၌ သင်းတပျံ့ပျံ့ ကြိုင်စွာ လှိုင်စွာ ထုံကျန်နေရစ်အောင် နေ့စဉ် ဓမ္မနံ့သာရေ ဆွတ်ဖျန်းသွန်းလောင်းထားရန်အတွက် ကြိုးစားဘို့ လိုသည်။ ကြိုးစားထားကြဘို့–

"လှမ်းဆွတ်ကြ ဓမ္မရွှေခိုင်၊ အောင်မြေနန်း၊ တက်လှမ်းနိုင်သည့်တိုင်...."

ကြိုးစားကြဘို့ နှိုးဆော်ရပေသည်။ ကြိုးစားနိုင်ကြပါစေ။

ဤ "အဘိဓမ္မာအခြေပြုပညာ"ကို ဤမျှ ဒေသနာဘောင် ဝင်အောင် ရေးသားနိုင်ဘို့ အချိန်ရသမျှ ကူညီပြင်ဆင်ပေးကြသော အဘိဓမ္မာနည်းပြ ဆရာ ဦးမြ၊ သကျသီဟ စေတီယင်္ဂဏနှင့် ဂုဏ်ထူးဆောင် ဓမ္မာစရိယ ပါဠိဆရာ ဦးအောင်တင်၊ ဓမ္မာစရိယ စာချတန်းများ ဖြစ်သော၊ သကျသီဟ၊ စေတီယင်္ဂဏ၊ ဂုဏ်ထူးဆောင် အစိုးရဓမ္မာစရိယ ဦးကျော်လွင် ( နှစ်ဖက်လှ ) ဘီ-အေ တို့ကိုရင်း၊ သုဓမ္မဝတီပုံနှိပ်တိုက်မှ ဓမ္မာစရိယ၊ ပါဠိဆရာများဖြစ်သော ဦးသောင်း၊ ဦးဘုန်းကျော်၊ ဦးဒွေးမြင့်တို့ကိုရင်း၊ အခြား ကူညီကြသော ပညာရှင်တို့အားရင်း အထူးကျေးဇူးတင်ပါသည်။

ဤ"အဘိဓမ္မာ အခြေပြု ပညာ"ကို အရင်းခံရေးသားသူမှာ ဤစာရေးသူဖြစ်၍ မိမိ အလိုဆန္ဒအလျောက်သာ ရေးသားခြင်း ဖြစ်ပါသည်။ အကယ်၍ အမှားအယွင်းများ ပါရှိပါက စာရေးသူ၏ တာဝန်သာ ဖြစ်ပါသည်။ မှားယွင်းမှုများ ပါရှိပါလျှင်၊ ထိုအမှားတို့ကို ညွှန်ပြအကြံပေးသူတို့အား ကျေးဇူးတင်စွာကြိုဆိုပါမည်။

အမှာ။ ။ဤ"အဘိဓမ္မာအခြေပြုပညာ"၏ နိဒါန်း ရေးရာ၌ ပါဝင်သောအကြောင်း ကဏ္ဍတို့ကို၊ အချီးအကျဉ်းချုပ်ရေးရန် ဖြစ်ပါသည်။ ဗဟုသုတ များစေလိုသော ဆန္ဒကြောင့် ရည်ရွယ် ဖြစ်စေလိုသော ဝါဒကိုပါ ထည့်သွင်းရေးသားမိသဖြင့် နိဒါန်းအနည်းငယ်ရှည်သည်ကို သည်းခံကြပါရန် မေတ္တာရပ်ခံပါသည်။

ဗုဒ္ဓသာသနာရှည်ကြာစွာတည်ပါစေ။

သခင်သိန်းမောင် (အဘ)

# စိတ်ပိုင်းဆိုင်ရာ

ဗုဒ္ဓ အဘိဓမ္မာဟူသည် လူအသီးသီးတို့ ဝေါဟာရပြုထားကြသော အနှစ်ဘလာ တံလျှပ်ပမာလို သမ္မုတိသစ္စာခေါ် အမည်နာမ ပညတ် တရားများ မဟုတ်ချေ။ လောကဓာတ် အလုံး၌ ထင်ရှားရှိသော လွန်ကဲ ထူးမြတ်သည့် ပရမတ္ထ သဘာဝဓမ္မတို့ကို ဆိုပေသည်။

ထိုပရမတ္ထသဘာဝဓမ္မ ဆိုသည်ကား စိတ်·စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ လေးရပ် ပရမတ်သဘောတရားတို့ ဖြစ်သည်။ ဤပရမတ် သဘောတရားလေးပါးကို အခြေပြု၍ စိတ်-စေတသိက် ရုပ်တရားတို့သည် မည်သို့ ပေါင်းစု ဆက်ဆံနေကြသည်၊ ဘာ့ကြောင့် ထိုတရားတို့ ဖြစ်ပေါ်လာရသည်၊ ကင်းပြတ်ချုပ်ငြိမ်းသော တရားသည် ရှိ၏။ ထိုတရား၌ နိဗ္ဗုတိ-ငြိမ်းအေးချမ်းသာသော ဓာတ်ရှိသည်၊ ထိုတရားကို- မျက်မြင်ကိုယ်တွေ့ မျက်မှောက်ပြုနိုင်ဘို့ နည်းအသွယ်သွယ်တို့

ဖြင့် ခြယ်လှယ်ညွှန်ပြဖော်ညွှန်းထားသော အကျင့်လမ်းစဉ်လည်း ရှိသည်။ ထိုထိုတို့ကို သိမြင်တတ်သော ပညာရပ်သည် ဗုဒ္ဓ အဘိဓမ္မာအခြေပြုပညာရပ် မည်ပေသည်။

## အကန့်-အကန့် တရား

ဤအဘိဓမ္မာဖြစ်သော ပရမတ်သဘောတရား လေးပါး တို့သည် သလဲသီးများလို အကန့်အကန့်ဖြင့် တသီးတသန့်စီ ကိုယ်ပိုင်သသော သဘောအသီးသီးဖြင့် ထင်ရှားရှိသော တရားများဖြစ်သည်။ ထိုပရမတ် သဘောတရားတို့၌ ကောင်းမှုတရား၊ မကောင်းမှုတရားသဘောတို့ကိုလည်း ခွဲခြားဖော်ညွှန်းချက်များလည်း ပါရှိသည်။ ထိုပရမတ် သဘောတရားတို့သည် စာတွေ့သာပြသည်မဟုတ် ငါးတွေ့၊ သူတွေ့၊ မျက်တွေ့၊ လက်တွေ့ ကိုပါ ပြသော လူမှုရေးတရားလည်း ဖြစ်၏။

ထိုအဘိဓမ္မာ ပရမတ်သဘောတရားတို့ကို တချက်ဆင်ခြင်မိက ဘဝသာယာချေမည်။ မသိမဆင်ခြင်မိက ဒိဋ္ဌိစွဲ နာရပေမည်။ ထို့ကြောင့် မြတ်စွာဘုရားက- ငါ့တရားတော်များကို စားရင်း၊ သောက်ရင်း၊ သွားရင်းလာရင်း၊ လုပ်ရင်း၊ကိုင်ရင်း၊ ဘယ်အခါ၊ ဘယ်နေရာမှာမှ မမေ့ကြလေနှင့်ဟု ဟောကြားခဲ့သည်။ ယင်းတရားကို သတိပြုဆင်ခြင်နိုင်ကြရန် မိမိလေ့ကျက်ရသမျှ ဤသို့ မှတ်တမ်းပြု၍ တင်ပြအပ်ပါသည်။

ယခု လေးတာတော်တခုလုံး၌ ထင်ရှားရှိသော၊ စိတ်- စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ ဒလေးရပ် ပရမတ်သစ္စာ သဘောတရားတို့ကို ဖော်ပြပါမည်။

ပရမတ်လေးပါး

| | | | |
|---|---|---|---|
| စိတ်-၁ + | စေတသိက် ၅၂ + | ရုပ်-၁၈ + | နိဗ္ဗာန်-၁ = ၇၂ |

ပရမတ်သဘောတရားပေါင်း ၇၂-ပါး ရှိပါသည်။

## လောကပညာရှင်များ မသိသေးသောစိတ်

ယင်းပရမတ်သဘောတရား လေးပါးမှ စိတ်အကြောင်းကို ဦးစွာ ဆွေးနွေးတင်ပြပါမည်။ စိတ်ကို လူမျိုးတိုင်း မိမိတို့ဘာသာ စကားအလိုက် သိနေကြပါသည်။ သို့သော်· ယင်းစိတ်သည် ဘယ်သို့ တည်ရှိနေသည်၊ ဘယ်သို့ဆောင်သည်၊ ဘာ့ကြောင့် ဖြစ်ပေါ်လာရသည်ကိုကား၊ လောကခေတ်ပညာရှင်များ အတိအကျ အဆုံးအဖြတ်မပေးနိုင်သေးသည်မှာ ယခုတိုင်ပင်။

## ကေစိဝါဒများ

အချို့ကမူ အသိတရားနှင့် စင်၍ စိတ်က သိသည် မဟုတ် ဦးနှောက်ကသာ သိသည်ဟု ယူဆကြ၏။ အချို့က စိတ်ဆန္ဒကြောင့် အရာဝတ္ထုတို့ ပေါ်ပေါက်ဖြစ်ထွန်းလာကြသည်မဟုတ် ပင်ကိုယ်ရုပ်ဝတ္ထုတို့အပေါ်တွင် မှီခိုအားထား၍သာ တိုးတက်ဆန်းကြယ်သော ရုပ်ဝတ္ထုများ ဖြစ်ပေါ်လာကြသည်ဟူ၏။

အချို့ကမူ စိတ်ဟူသည် ရုပ်ဝတ္ထု တိုးတက်ခြင်း၏ အမြင့်ဆုံးသော ပဋ္ဌည်းဟု ယူဆကြ၏။ စိတ်သည်· ရုပ်နှင့်ဆိုင်သော လှုပ်ရှားမှုမျှသာ ဖြစ်၏။ အချို့ကမူ စိတ်သည် အစွမ်းရှိသည်

ဟူ၍ပင် ဆိုခဲ့သေး၏။ သို့သော် ပြုပြင်ပြောင်းလဲမှု အခြေခံတရားသည် ရုပ်ဝတ္ထုဖြစ်သည်ဟူ၍ ဆို၏။ ရုပ်အခြေခံ၍ စိတ်ဖြစ်ပေါ်လာရသည်၊ ထို့ကြောင့် ရုပ်သာ ပဓာနဟု ဆို၏။

ရုပ်အခြေခံ၍ စိတ်ဖြစ်သည် ဆိုသောစကားရပ်သည်၊ စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခု ဝိညာဏံ ဆိုသည့် ပါဠိဝေါဟာရကို ကောက်ယူ၍ ပြောဆိုဟန် တူသည်။ သို့ဆိုလျှင် မှန်ပေသည်၊ သို့သော် အခြေခံသော မျက်လုံးရုပ် အဆင်းရုပ်တို့သည် ဘာ့ကြောင့် ဖြစ်ပေါ်လာရသနည်း။ စက္ခုဝိညာဏ် မြင်သိစိတ်ဖြစ်ပေါ်ပြီးနောက် အဘယ်တရားတွေ ဖြစ်ပေါ်သည်ကို ဆက်၍ မဖော်ပြပဲ ရုပ်အခြေခံ၍ စိတ်ဖြစ်ပေါ်ရသည့်အတွက် ရုပ်သာ ပဓာနဟု ဖော်ညွှန်းခဲ့ကြသည်။

ဤအဆိုပြုချက်သည် မော်တော်ကား ဖြစ်ပေါ်လာသောကြောင့်သာ ယင်းကားကို မောင်းမည့်လူ ဖြစ်ပေါ်လာရသည်ဟု အပေါ်ယံ ကောက်ပြောသည်နှင့်တူ၏။ သို့ပြောခြင်းကို မှန်သည်ဟု ဝန်ခံရပေမည်၊ သို့သော် မော်တော်ကားသည် မိုးကျရွှေကိုယ်မဟုတ်၊ ထို့ကြောင့် မော်တော်ကား အလုံးအခဲပေါ်လာအောင် လူ၏ စိတ်ကူးဉာဏ် အကြံအစည်တို့ဖြင့် တီထွင်ပြုလုပ်၍ ဖြစ်ပေါ်လာရ၏။ ယင်းမော်တော်ကားသည် ဖြစ်ပေါ်လာပြီးနောက် လူ၏စိတ်အလို ပြည့်စေရန် ဟိုဟိုဒီဒီကို တဖွားမျှ မရွေ့လျားနိုင်ပေ။ လူ၏စိတ်အလိုအတိုင်းသာ လိုက်ပါလှုပ်ရှား ပြေးသွားနေရသည်မှာ မျက်တွေ့မို့ စဉ်းစားစရာပင်။

ဤဥပမာ၌— မော်တော်ကားသည် ရုပ်တရားနှင့် တူ၏၊ မော်တော်ကား ဖြစ်ပေါ်အောင် တီထွင်သောလူနှင့် မော်တော်ကား မောင်းသော လူတို့သည် စိတ်တရားနှင့်တူသည် ဟူ၏။

## ဗုဒ္ဓ၏စိတ်အဘိဓမ္မာ

ယခု ဗုဒ္ဓ၏စိတ်အဘိဓမ္မာကို ပော်ပြပါမည်၊ စိတ်သည်-

(က) အာရုံကို ကြံဘတ် သိတတ်၏။ ထိုသို့အာရုံကို ကြံဘတ် သိတတ်သော တရားသည် စိတ်မည်၏။

( ခ ) ဤစိတ်ဖြင့် ယှဉ်ပေ်ယှဉ်ဖက် ဖြစ်ကြသော စေတသိက် တရားတို့သည် ကြံကြ သိကြ၏။ ထိုသို့ ကြံကြောင်း သိကြောင်း ဖြစ်သောကြောင့် စိတ် မည်၏။ ကြံကြောင်းဖြစ်သော တရားသည် စိတ် မည်၏။

ကြံကြောင်းဟူသည်ကား စိတ်သည် အာရုံကို ယူရာ၌ ရှေ့ဆောင် ပဓာနတရားကြီး ဖြစ်သည်။ စေတသိက် တရားတို့သည် စိတ်ကို အကြောင်းမူလ ထား၍ အာရုံကို ယူကြကုန်၏။

ဆိုလိုသည်မှာ စိတ်၏အစွမ်းဖြင့်သာ စေတသိက် တရားတို့သည် အာရုံကို သိနိုင်ကြံနိုင်ကြသည် ဟူ၏။

( ဂ ) ကြံစည်ခြင်း သိခြင်း သဘောသည် စိတ်မည်၏။ ဤသည်ကား ပရမတ်သဘောသက်သက်ကို ဆိုသည်။

ပရမတ် သဘောတရား ဟူသမျှသည် အမူအရာ ကြိယာ သက်သက်မျှသာ ဖြစ်ကြသည်။ ထိုပရမတ် သဘောတရား တို့၌ ဒြပ်သဏ္ဍာန် ပုံပန်းကိုယ်ဟန်ဟူ၍ မရှိအပ်၊ သဘောတရားမျှသာ ဖြစ်သည်။ သဘောတရားဟူသည် ဖြစ်ပေါ်ရန် အကြောင်းတို့

၉၆၀၂ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် စာကြည့်တိုက်

နှင့်စပ်ဟပ်၍သာ ဖြစ်ပေါ်လာကြပေသည်။ မိမိတို့၏အစွမ်းသတ္တိဖြင့် ဖြစ်ပေါ်နိုင်ကြသည်မဟုတ်၊ ဖြစ်ပေါ်ပြီးလျှင်လည်း ခဏတာမျှသာ တည်တံ့နိုင်ကြ၏၊ သူတပါးအလိုသို့ လိုက်နိုင်သောတရားမျိုးလည်း မဟုတ်၊ အစိုးမရ အလိုမလိုက် အကြောင်းအားလျော်စွာ သူ့သဘော သူဆောင်နေသော အနတ္တဓမ္မတို့သာ ဖြစ်ကြသည်။

## ရုပ်ဒြပ် ဖြစ်ပေါ်ပုံ

သို့ဖြင့် မျက်တွေ့ လက်တွေ့ မြင်တွေ့ နေကြရသော ရုပ်ဒြပ်သဏ္ဌာန်၊ ကိုယ်ဟန်ပုံပန်း စသည်တို့သည် မည်သို့ ဖြစ်ပေါ်လာကြသနည်း။ ရုပ်ဓာတ်- စိတ် စေတသိက် နာမ်ဓာတ် တို့သည် အကြောင်းအားလျော်စွာ သဟဇာတ အညမညဖြစ်ကြ၍ အတူတကွ ပေါင်းစည်းဖြစ်ပေါ်နေသော သဘောရှိကြသည်။

ထို့ကြောင့် ရုပ်ဓာတ် ကလာပ်တို့သည်၊ အမြောက်အမြား ပေါင်းစည်းမိသောအခါ ဒြပ်သဏ္ဌာန် ကိုယ်ဟန် ပုံပန်း အရိပ်အသွင်အပြင်များ ဖြစ်ပေါ်လာကြသည်၊ ဥပမာ အစေ့၌ ကိန်းနေသော မျိုးဓာတ်သည် အကြောင်း ညီညွတ်သော အခါ အညှောက်၊ အပင်၊ အကိုင်း၊ အခက်၊ အရွက်၊ အဖူး၊ အပွင့်၊ အသီး စသည်တို့ ဖြစ်ပေါ်လာသကဲ့သို့တည်း။

## ပြဒါးတိုင်နှင့်တူသော ရုပ်

သို့သော် စိတ်-စေတသိက် နာမ်ဓာတ်တို့မှာကား၊ အပေါင်းအစည်းဖြင့် ဖြစ်ပေါ်ကြသည် မှန်သော်လည်း ရုပ်ဓာတ် ကဲ့သို့

ဒြပ်သဏ္ဌာန် မရအပ်ပေ။ ထို့ကြောင့် အသိခက်၏။ စိတ်-စေတသိက် နာမ်ဓာတ်တို့တည် ဒြပ်သဏ္ဌာန် မရအပ်သော်လည်း ယင်းတို့၏ အမူအရာကိုကား ရုပ်၌သာ ထင်ရှားပြတတ်သော သဘောရှိပေသည်။ ထို့ကြောင့် အဘွင်းရှိလျှင် အပ၌ပေါ်သည်ဟူသော စကားနှင့်အညီ ရုပ်ဟူသည် စိတ်၏ အမူအရာကို ပြသော ပြဒါးတိုင်နှင့် တူသည် ဟူ၏။

## ပရိယာယ်ဖြင့် အနက်သိပုံ

အထက်၌ စိတ်အကြောင်းဖွင့်ဆိုသော အချက်သုံးချက်အနက် (က)နှင့် (ခ)တို့သည် ပရိယာယ်ဖြစ်၍ (ဂ) အချက်သည်သာ သဘာဝကိုဆောင်သော အဖွင့်ဟုဆိုသည်။

(က) နှင့် (ခ) အချက်တို့သည် ပရိယာယ်အားဖြင့် ဖွင့်ဆိုသော်လည်း အနက်ထူးကို ထိမိသိစေပါသည်။ သိပုံမှာ ကြံစည်တတ်သောစိတ်၊ ကြံစည်ကြောင်းဖြစ်သော စိတ်ဟူ၍ ဆင်ခြင်နိုင်ခဲ့လျှင် ကြံစည်ခြင်း သဘာဝမျှသာတည်း ကြံစည်တတ်သော ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ အားဖြင့် အတ္တ အမာခံ အနှစ်သာရ ဟူ၍ရင်း၊ ဇီဝ အသက် ဟူ၍ ရင်း မရှိကြသည်ကို သိစေလေသည်။ဤသို့သိလေတိုင်းမှာ အပယ်ဘေး ဝဋ္ဋဒုက္ခဘေးတို့မှ ကင်းဝေးစေပါသည်။

ပရမတ် သဘောတရားတိုင်းတို့သည် ဤစိတ် သဘောတရားကဲ့သို့ ကြိယာသက်သက်အမူအရာမျှသာ ရှိသည်ဟု မှတ်ယူရာပါသည်။

## စိတ်ဆန်းကြယ်ပုံ

ထို့ပြင် စိတ်၏သဘောသည် ဆန်းကြယ်ခြင်း ကိုလည်း ပြုတတ်သည်ဟု သံယုတ်ပါဠိတော်၌ မြတ်စွာဘုရား ဟောကြားခဲ့ပါသည်။

ဟောပုံကား— ပန်းချီကားချပ်သည် ခြူးပန်း ခြူးနွယ် အသွယ်သွယ်သော အသီးအပွင့်၊ အပင်၊ တော၊ တောင်၊ ရေ၊ မြေ၊ နေ၊ လ စသည်တို့ဖြင့် ခြယ်လှယ် မှုန်းပြထားသည်မှာ အလွန်ဆန်းကြယ်၏။ ဤသို့ဆန်းကြယ်မှုဖြစ်ရသည်မှာ ပန်းချီကားချပ်ကြောင့်မဟုတ် ပန်းချီဆရာ၏ စိတ်ဆန်းကြယ်မှုကြောင့် ဖြစ်သည်။

ထို့ကြောင့် စိတ်ဆန်းကြယ်လျှင် တဏှာ ဆန်းကြယ်၏။ တဏှာ ဆန်းကြယ်လျှင် အလုပ်ကံ ဆန်းကြယ်၏။ အလုပ်ကံ ဆန်းကြယ်လျှင် သတ္တဝါအမျိုးမျိုးဖြစ်ရန် ယောနိ၊ ဇာတိ၊ အမိအင်္ဂါသားအိမ်၌ ဖြစ်တည်ရာတို့ ဆန်းကြယ်၏။ အမိအင်္ဂါသားအိမ်ဖြစ်ရာ တည်ရာတို့ ဆန်းကြယ် မှုကြောင့် လူ-စသည့် သတ္တဝါ အမျိုးမျိုး ဆန်းကြယ်စွာ ဖြစ်ပေါ်ရသည်ဟု ဟောကြားခဲ့၏။

## ပရမတ်တရားတို့၌ မှတ်စရာများ

ဆိုခဲ့ပါစိတ် စသည် ပရမတ် သဘောတရားတို့သည် ကြိယာအမူအရာသက်သက်မျှဖြစ်၍ အသိခက်၏။ သို့သော် ထိုပရမတ်သဘောတရားတို့ကို သိအောင်ထင်အောင် ချိန်ထိုးရှုမှတ်နိုင်ဘို့ရာ လက္ခဏာ စသော မှတ်စရာတို့ကို ဟောဖော်ညွှန်းခဲ့ပေသည်။

## လက္ခဏာ စသည့် မှတ်စရာများ

၁။ လက္ခဏာ— ပရမတ်၏သဘောအရင်း
၂။ ရသ — ပရမတ်၏ ကိစ္စနှင့်ဂုဏ်
၃။ ပစ္စုပဋ္ဌာန်— ပရမတ်၏ အကျိုးနှင့် ထင်ပေါ်လာသည့် အခြင်းအရာ၊
၄။ ပဒဋ္ဌာန် - ပရမတ်၏ နီးစပ်သော အကြောင်းတို့ ဖြစ်သည်။

ထိုမှတ်စရာလေးချက်ကို မီးဖြင့် ဥပမာပြသည်မှာ-

၁။ ပူခြင်းသဘောရင်းသည် မီး၏လက္ခဏာဖြစ်၏။
၂။ တစုံတရာကို လောင်ခြင်းအမှုသည် မီး၏ကိစ္စရသဖြစ်၍ ထွန်းပခြင်းဂုဏ်သည် သမ္ပတ္တိရသ ဖြစ်၏။
၃။ အခိုးအလျှံသည် မီး၏ အကျိုး ပစ္စုပဋ္ဌာန် ဖြစ်၍ ထွန်းပခြင်း ဟူသော သမ္ပတ္တိ ရသ သည်ပင်လျှင် မီး၏ ဥပဋ္ဌာနာကာရ ပစ္စုပဋ္ဌာန်ဖြစ်၏။
၄။ ထင်း၊ မီးစာသည်ရင်း မီး ကို ဖြစ်စေသော ပယောဂ အထူးသည်ရင်း မီး၏ ပဒဋ္ဌာန် ဖြစ်ပေသည်။

ထို့ကြောင့် စိတ်ပရမတ်၏ သဘော အချင်းအရာတို့မှာ—

၁။ အာရုံကို သိခြင်းသည် စိတ်၏ သဘောရင်း လက္ခဏာ ဖြစ်၏။
၂။ စေတသိက်၏ရှေ့ဆောင်မှုသည် စိတ်၏ ရသ ဖြစ်သည်၊

၃။ ရှေ့နောက် အစဉ်- စပ်ဆက်မှုသည် စိတ်၏ပစ္စုပ္ပဌာန် ဖြစ်သည်။
၄။ နာမ်ရုပ် နှစ်ပါးသည် စိတ်၏နီးစပ်သော ပဒဋ္ဌာန်ဖြစ် သည် ဟူ၏။

## စိတ်သာပဓာန

မြတ်စွာဘုရားသည် ဤသို့ပရမတ္ထ သဘာဝ ဓမ္မများကို ဟောကြားပြီးနောက် လူပုဂ္ဂိုလ်တို့ကို အကြောင်းပြု၍ သုတ္တန်ဓမ္မတို့၌ စိတ်ကို ပဓာနထားလျက် သံယုတ်ပါဠိတော်တွင် စိတ်၏ ပကတိပင်ကိုယ်အလားကို ဤသို့ ဟောကြားတော် မူခဲ့ပါသေး သည်။

စိတ္တေန နိယျတိ လောကော၊ စိတ္တေန ပရိကဿတိ၊
စိတ္တဿ ဧကဓမ္မဿ၊ သဗ္ဗေဝ ဝသမန္ဝဂူ

လူအပေါင်းကို စိတ်သည် အမှားလမ်းသို့ ပို့ဆောင်၏၊ လူအပေါင်းကို စိတ်သည် အမှားလမ်းသို့ အတင်းဆွဲငင်၏၊ အလုံးစုံသော သတ္တဝါအပေါင်းတို့သည် ပြုပြင်ခြင်းမရှိ ပကတိ အလိုအားဖြင့် အမှားသို့ဆောင်ခြင်းသဘော တလမ်းသာရှိသော စိတ်၏အလိုသို့ အစဉ်လိုက်နေကြကုန်၏—ဟူ၍ ဟောကြားခဲ့ပါ သည်။

## ပင်ကိုယ်စိတ်၏အလား

ဤတွင် စိတ်၏ပကတိအလား ဆိုသည်မှာ "ပါပသ္မိံ ရမတေ မနော" ဟူသည်နှင့်အညီ၊ စိတ်မည်သည် မကောင်းမှုတို့၌သာ

အမြဲမွေ့လျော်ခြင်းသဘောသည် စိတ်၏ပင်ကိုယ်ပကတိအလား မည်သည်ဟူ၏။

မှန်ပါသည်— ပုထုဇဉ်လူသားတို့၏ စိတ်တွင် ပတ်ဝန်းကျင် ကြောင့်ပဲဆိုဆို "ပကတူပနိဿယ" ဘုရားစသော မိဘဆရာတို့၏ အဆုံးအမနှင့် နိုင်ငံ၏ ရာဇဝတ်- ဥပဒေ စည်းကမ်းချက်တို့ ကြောင့်ပဲပြောပြော၊ ဟိရီ- မကောင်းမှုမှ ယုက်တတ်ခြင်း၊ ဩတ္တပ္ပ မကောင်းမှုမှ ကြောက်တတ်ခြင်း ဟူသော လောကကို စောင့် ရှောက်သည့် လောကပါလ တရားနှစ်ပါး တည်ရှိနေပေသေးလို့ သာ သို့မဟုတ်လျှင် အကွပ်မရှိသည့် ကြမ်း ပမာလို၊ ဘရမ်း ဘတာ ပုဆိုးလှေယ်သိုင်းပြီး လူရိုင်းတို့လို အတိုင်းမသိ ပျော်ရွှင် မြူးတူးလိုသော ကြမ်းကြုတ် ရက်စက် အနိုင်ရလိုသောစိတ် ရှိတတ်ကြမည်မှာ အမှန်ပင် ဖြစ်ပေသည်။

ထို့ကြောင့် မြတ်စွာဘုရားသည် လူ့ဘို၌ ဖြစ်ပေါ်လေ့ ရှိသော စိတ်အသွင်ကို ဓမ္မပဒဒေသနာ စိတ္တဝဂ်၌ ဟောကြားခဲ့ ပါသည်။ ဤဟောကြားချက် အကျဉ်းကို ဖော်ပြရလျှင်—

ဖန္ဒနံ စပလံ- အစချီ၍-

> စိတ်သည် ကာမဂုဏ်ငါးပါး၌ တုန်လှုပ်ခြင်းရှိ၏။
> အာရုံ၌ မတည်သည်ဖြစ်၍ လျှပ်ပေါ်ခြင်းရှိ၏။
> စောင့်ရှောက်နိုင်ခဲ၏။ ဆန့်ကျင်ဘက် အာရုံကို
> တားမြစ်နိုင်ခဲ၏—

ဟူ၍ရင်း၊

ဒုန္နိဂ္ဂဟဿ လဟုနော—အစချီ၍—

စိတ်သည် အလွန်နှိမ့်နင်းနိုင်ခဲ၏။ လျင်မြန်စွာ ဖြင်ခြင်း ချုပ်ခြင်းရှိ၏။ အလိုရှိရာ အာရုံ၌ ကျရောက်လွယ်၏
ဟူ၍၎င်း၊
ဒူရင်္ဂမံ ဧကစရံ– အစချီ၍–
စိတ်သည် ဝေးသောအာရုံသို့ လှစ်ခနဲ သွားရောက်တတ်၏၊ တခုချုပ်ပြီးမှ တခု ဖြစ်တတ်၏၊ ကိုယ်ဟန်ပုံသဏ္ဌာန်လည်း မရှိ၊ ထိုစိတ်သည် မကောင်းမှုတို့၌ မွေ့လျော်မှုမြဲ၏–
ဟူ၍ ဟောကြားခဲ့ပေသည်။

## ဗုဒ္ဓမိန့်မှာ ငါးပမာ

ထို့ပြင် မြတ်စွာဘုရားသည် လူတို့၏စိတ်ကို ငါးသတ္တဝါနှင့် ပမာတင်စား၍ ဟောကြားခဲ့ပါသေးသည်။
ဟောပုံမှာ–
ရေထဲမှထုတ်ယူအပ်သည်ဖြစ်၍ကုန်းကြည်းအရပ်၌ ပစ်ချထားအပ်သော ရေ၌ကျက်စားလေ့ရှိသည့်ငါးသတ္တဝါသည် လွန့်လျက် ခုန်ကာ တုန်ကာ လှုပ်ရှားနေသကဲ့သို့ ကာမဂုဏ် ငါးပါးတည်းဟူသော နေရာ၌ အလွန်မွေ့လျော်သောစိတ်သည် (ဝါ) စိတ်ကို ကိလေသာမာရ်ကို ပယ်ဖျက်ခြင်းငှာ ကောင်းစွာစီးဖြန်းအပ်သော ကမ္မဋ္ဌာန်းကုသိုလ်တရားတို့၌ ချထားအပ်သည်ရှိသော် တလွန့်လွန့် တွန့်ကာ တွန့်ကာ တုန်လှုပ်ရှာ၏–
ဟူသတည်း။

## ဘုရားပေးသောနည်း

ထို့ကြောင့် မကောင်းမှု၌ မွေ့လျော်မှုပြုသော ပကတိစိတ်၏ အလားသည် သံ၊ ကြေး၊ ခဲ တို့နှင့် တူ၏။ သံ၊ ကြေး၊ ခဲ တို့သည် ပကတိ အလားအားဖြင့် မည်းညစ်ခြင်း၊ ချေးအညို တက်ခြင်း ရှိကြသည်။ မည်သို့ရှိစေ ပြုပြင်သောအားဖြင့် ပွတ်တိုက်ကိုင်တွယ်သောအခါ ဖြူဝင်းတောက်ပသော အရောင်များ ထွက်ပေါ်လာသကဲ့သို့ မည်းညစ်သော ပကတိစိတ် အလားကိုလည်း ပြုပြင်ပွတ်တိုက်ပေးလျှင် ဖြူစင်သော စိတ်အစဉ် ဖြစ်ပေါ်လာဘို့ မြတ်စွာဘုရားက နည်းပေးသွားသည်မှာ -

သုဒုဒ္ဒသံ သုနိပုဏံ၊ ယတ္ထကာမနိပါတိနံ၊
စိတ္တံ ရက္ခေထ မေဓါဝီ၊ စိတ္တံ ဂုတ္တံ သုခါဝဟံ။

အလွန်မြင်နိုင်ခဲထသော၊ အလွန်သိမ်မွေ့စွာထသော၊ အကြင်အမှတ်မရှိ အလိုရှိရာ အာရုံ၌ ကျလေ့ရှိထသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ လုံခြုံစွာ စောင့်ရှောက်၍ ရသော စိတ်သည် သုံးတန်သော ချမ်းသာကို ဆောင်နိုင်သည် -

ဟူ၏။

ဆိုခဲ့ပါ စိတ်သည် အာရုံကို သိတတ်သော သဘောရင်း သက္ခဏာ တမျိုးတည်းသာ ရှိပါသည်။ သို့သော် ယှဉ်ဖက် ဖြစ်သော စေတသိက်တို့နှင့် ယှဉ်တွဲသောအခါ မျိုးဇာတ်အားဖြင့်ရင်း၊ ဘုံဘဝအားဖြင့်ရင်း၊ စိတ် အရေအတွက်သည် အကျဉ်း ၈၉-ပါး၊ အကျယ် (၁၂၁) ပါး များသွားပါသည်။ မည်သည့်

စေတသိက် တရားတို့နှင့် ယှဉ်တွဲရသည်ဖြစ်စေ စိတ်သည် သိခြင်း တမျိုးကိုသာ ဆောင်သည်ဟု မှတ်ယူရပါသည်။

ဤသည်တို့ကား စိတ်၏ သဘော သဘာဝတို့ကို သိသာရုံ အကျဉ်း ဖော်ပြချက်ဖြစ်ပါသည်။

## သဘာဝဓမ္မ

သဘာဝ ဟူသည်ကား သ=မိမိ၏+ဘာဝ=ဖြစ်ပေါ်သော သဘောရင်း လက္ခဏာ အမှတ်အသား ဖြစ်သည်။ ဓမ္မ ကား တရား၊တည်း။

ထို့ကြောင့် သဘာဝဓမ္မ ဟူသည်မှာ အကြောင်းအား လျော်စွာ ဖြစ်ခြင်းမျှသည် သဘာဝဓမ္မ မည်၏။ (ဝါ) သဘော တရားမည်သည် ဟူ၏။

ယင်း သဘာဝဓမ္မ၊ (ဝါ) သဘောတရားသည် ထင်ရှား ဖြစ်ပေါ်သော အခြင်းအရာသတ္တိကို ဆောင်ခြင်း သဘော၊ ပရမတ် သဘောတရားတည်း။ ပင်ကိုယ် ပကတိ သဘောတရား၊ ကိုယ်စီ ပိုင်သသောသဘောတရား၊ ဟုတ်မှန်သည့် အတိုင်းဖြစ်သော မိမိ၏ သဘော မိမိဆောင်တတ်သော သဘောတရား ဖြစ်သည်။ ဤ သဘောတရားကား ပြုလုပ်စီမံတတ်သော ကာရက တရားမျိုး အကျိုးကို ခံစားတတ်သော ဝေဒက တရားမျိုး မဟုတ်ပေ။ အကြောင်းတိုက်ဆိုင်မှ ဖြစ်ပေါ်လာ၍ ဖြစ်ပေါ်ပြီး တခဏမျှသာ တည်တံ့ကာ ချုပ်ပျက်သွားသည့် သဘောပင် ဖြစ်သည်။

## သဘောတရားနှင့် သိပ္ပံပညာ

သဘောတရား‌ဟူသည် အထက်၌ ဖော်ပြခဲ့သည့် အတိုင်း အကြောင်း တိုက်ဆိုင်လာလျှင် ရုတ်ချည်း ဖြစ်ပေါ်လာပြီး ခဏ တာမျှသာ တည်တံ့၍ချုပ်သွားပေသည်။ ထို့ကြောင့် သဘော တရား၌၊ ဒြပ်၊ သဏ္ဌာန် မရှိကောင်း မရှိအပ်ပေ။ အမူအရာ သဘော သက်သက်မျှသာ ဖြစ်လေသည်။

တိုးတက်နေသော သိပ္ပံခေတ်တွင် အချို့သော သူတို့သည် သဘောတရားစကားကို လှိုင်လှိုင်ပြော၍ သိပ္ပံနည်းကျသော မျက် တွေ့လက်တွေ့သာ အမှန်ဟု စိတ်စောသူများ ရှိသည်ကို တွေ့ကြရ ပေသည်။ သို့သော် သိပ္ပံပညာရှင် စစ်စစ်တို့မှာကား လက်တွေ့ မျက်တွေ့ သက်သက်ကိုသာ စိတ်စောသူများ မဟုတ်ချေ။ မသိ သေး မတွေ့သေးသော ဖြစ်နိုင်သည့် အရာတို့ကို စူးစမ်းရှာဖွေ သူများ ဖြစ်ကြသည်။

သို့စူးစမ်းရှာဖွေရာတွင် အများအားဖြင့် ယင်းတို့၏ သန်နေ သော အတွေးအခေါ် အယူအဆ အထင်အမြင်တို့ကို ဘေးဖယ် ချထားနိုင်သောသူများလည်း ဖြစ်သည်။ ထို့ပြင် သူတို့၏ စူးစမ်း ချက်သည် တနေ့နေ့၌ အမှန်ကိုတွေ့စေရမည်ဟု အခိုင်အမာခံ ယူ နိုင်ကြသူများလည်း ဖြစ်သည်။

ထို့ကြောင့် သိပ္ပံပညာကို မျက်တွေ့လက်တွေ့ ဘောင်အတွင်း သွတ်သွင်းထားလျှင် တရားသေဆံပြီး အလွန် ကျဉ်းမြောင်းသွား စေပြီး သိပ္ပံပညာ၏ တိုးတက်ရေးကိုလည်း တုပ်ဆွဲထားရာရောက် မည်ကို သတိရှိကြသူများ ဖြစ်ကြသည်။

မည်သို့ရှိစေ၊ သိပ္ပံပညာရှင်တို့၏စူးစမ်းချက်သည် သဘာဝသို့ မဆိုက်မထိသမျှ အမှန်ဟု မဆိုနိုင်သေးသည်မှာ သူတမျိုး၊ငါတဖုံ ကွဲလွဲချက်များက သူတို့အား သဘာဝအမှန် ရောက်လေအောင် ညွှန်ပြလျက် ရှိပေသည်။ အကယ်၍ မိမိတို့ တွေ့ရှိချက်ကို လျှေ့နံ ဓားထစ်၊အမှန်ချည်းဟု စိတ်စွဲပြီး တသစ်ချဆိုနေပါက အမှားနှင့် ရင်ဆိုင်ရမည်သာ ဖြစ်သည်။

## ရှေးခေတ် အတွေးအခေါ်

လောကဌ် အရာရာတို့သည် တည်ငြိမ်သည် မရှိ၊ ပြောင်းလဲ ရွေ့ရှားသော သဘောရှိကြသည်။ သို့သော် ရှေးလွန်လေပြီးသောအခါက ဆိုကြပါစို့၊(ဒီမိုကရိုက်တပ်စ်)နှင့် (လူစီ ဖပ် စ်)တို့ ခေတ်အခါက ဆိုလျှင် အရာတိုင်းတို့မှာ (အတွမ်) ခေါ်အဏုမြူများပါဝင်ကြသည်။ တလောကလုံးမှာ(အတွမ်)ခေါ် အဏုမြူနှင့် အာကာသတို့မှတပါး အခြား ဘာမျှ မရှိ၊ သတ္တဝါတို့၏ ကိုယ်ကာယနှင့် အသိစိတ်နှင့်အရာဝတ္ထုတို့ကို ထို(အတွမ်)အဏုမြူဖြင့် တည်ဆောက်ထားသည်ဟု ယူဆကြသည်။

ထို(အတွမ်)ခေါ်အဏုမြူသည် အလွန်မာကျောသေးငယ်၍ ကြည့်ရှု၍လည်းမမြင်၊ ဤ(အတွမ်)ခေါ် အဏုမြူကို ဖျက်ဆီးလို့မရသော ပစ္စည်းကလေးဖြစ်သည်။ ထို(အတွမ်)ဖြင့်တည်ဆောက်ထားသော သက်ရှိ၊သက်မဲ့တို့သည် ပြောင်းရွေ့ ပျက်စီးသွားသော်လည်း(အတွမ်)မှာမူ ဘယ်အခါမျှမပျက်ပေ။ ထို(အတွမ်)များသည် အချိုးအစား အလိုက် အမျိုးမျိုး ပေါင်းစပ် ဖွဲ့စည်းမိပြန်သောအခါ လူစသော သတ္တဝါတို့နှင့် တော၊တောင်၊ရေ၊မြေစသော အရာဝတ္ထုများ ဖြစ်ပေါ်လာပြန်သည်ဟု ယူဆကြ၏။

ထို(အတွမ်)ခေတ်သည် ဤသို့ ပေါ်ပေါက်လာပြီးနောက် ဘဖန် ငုပ်လျှိုးသွားပြန်သည်။ ၁၈-ရာစုနှစ်မှ ၁၉-ရာစု အစ လောက်မှာတဖန် အသက်ဝင် လှုပ်ရှားလာပြန်သည်။ ၁၈၀၄-ခု မှာ ဒေါ်လတန်ဆိုသော ပညာရှင်တဦးက အစဖော်ပေးပြန် လေသည်။ထိုသူ၏အဆိုမှာ (အတွမ်)သည် သေးငယ် မာကျော သော အလုံးခင်းပိတ်ဖြစ်၍မည်သို့မျှခွဲစိတ်၍မရ ဟူ၍ပင်ဖြစ်သည်။

## ပြောင်းလဲပုံအဆင့်ဆင့်

အထက်၌ ဆိုခဲ့သော(အတွမ်)သည် မာကျော၍ ခင်းပိတ် အလုံးကလေး ဖြစ်၍ ခွဲစိတ်မရဟု အဆိုပြုချက်ကို သိပ္ပံ ပညာရှင် များ ခွဲစိတ်စမ်းသပ်ရှာဖွေကြရာ (အတွမ်) အားမူ၌ (နျူကလီ ယပ်စ်)ခေါ် ဗဟိုဝတ်ဆံကို စမ်းသပ်ရှာဖွေ တွေ့ရှိလာကြသည်။

ထို(နျူကလီယပ်စ်)၌ (နျူထရွန် ပရိုတွန်)ခေါ် ဓာတ်ပို့တို့ ရှိသည်ကိုပါ တွေ့လာကြသည်။ ထိုမှုဓာတ်ငယ်နှစ်မျိုးသက် ပိုမို များပြားသော ဓာတ်များသည်း ရှိသည်ဟု ဆိုသေး၏။

သိပ္ပံပညာရှင်တို့သည် ဤသို့စမ်းသပ်ကြရာ အမျိုးမျိုး အဖုံဖုံ တွေ့ချက်ပြောင်းလဲပုံ အဆင့်ဆင့်ကို အကြမ်းဖျင်း ဖော်ပြရလျှင် ထို ဗဟိုဝတ်ဆံကို ဘဲဥပုံ လမ်းကြောင်းဖြင့် အယ်သက်ထရွန် ဓာတ်မက လှည့်နေသည်ကို တွေ့လာခြင်း၊ ထို့နောက် ဗဟို ဝတ်ဆံကို ဓာတ်မှုငယ်တို့က ပတ်လည်ဝိုင်း၍ လှည့်ပတ်နေခြင်း၊ ထိုအယ်လက်ထရွန်ဓာတ်မတို့ ဝိုင်း၍ သည်ပတ်သည်နှင့် ဗဟိုဝတ်ဆံ အကြားတွင် ဟာလာဟင်းလင်းကြီး ဖြစ်နေသည်ကို တွေ့လာ ခြင်းနှင့် ထို့နောက် (အိပ်က်စ်ရေ) ခေါ် ဓာတ်ရောင်ခြည်ကို တွေ့လာကြပြန်သည်။

ထို ဓာတ်ရောင်ခြည် များသည် အယ်လက်ထရွန် သံလိုက်လှိုင်းများဖြစ်၍ ရုပ်ဒြပ်ထုကို ထိုးဖောက်နိုင်၍ ရုပ်၏အတွင်းကို ကြည့်မြင်နိုင်ကြပြန်သည်။ ထို့နောက် (ရေဒီယိုအက်ဒ်ဗစ်တီ) ခေါ် ဓာတ်လှိုင်းတမျိုးကို တွေ့ရှိလာကြပြန်သည်။ ထိုမှတဆင့် တက်သော် ၂၀-ရာစု ခေတ်ဦးကား သဘာဝအတိုင်း တည်နေသောမှုအချို့သည် ခိုင်မြဲခြင်းအနှစ်မရှိပဲ ဝတ်ဆံမှုငယ်များကို လွှင့်ထုတ်နိုင်သော စွမ်းရည်ကို တွေ့သာကြပြန်သည်။ ဤသို့ သဘာဝအတိုင်း လွှင့်ထုတ်တတ်သော ဓာတ်လှိုင်းများကို လူတို့ကလည်း ထိုဓာတ်လှိုင်းများ ဖြစ်ပေါ် လာအောင် ပြုလုပ်နိုင်သည်ကိုလည်း တွေ့ရှိလာကြပြန်သည်။ ဤသို့ လူက ပြုလုပ်သော ဓာတ်လှိုင်းဒြပ်ဝတ္ထုများကို (ရေဒီယိုအိုက်ဆိုတုပ်)ဟု ဝေါဟာရ ပြုလေသည်။

ထို့နောက် သိပ္ပံပညာရှင်အချို့၏ ရှာဖွေချက်အရ(ရေဒီယံ) ဓာတ်သစ်တမျိုးကို တွေ့ရှိလာပြန်သည်။ ထိုအခါ သိပ္ပံတို့၏ ကဝိတဆူဖြစ်သော အိုင်စတိုင်က ဟောစာတန်းများ ထုတ်လေသည်။ သူ၏ဟောစာတန်းတွင် တွက်ချက်ရမှုကို အတိုချုပ်၍ လိုရင်းဖော်ထုတ်ရလျှင် ရုပ်ဝတ္ထုတို့အား အလင်းရောင်၏ အမြန်နှုန်း နှစ်ဆနှင့် မြှောက်ပွားသော် စွမ်းအင် (အား) ဆိုသော နိယာမကိုရမည် ဟူ၍ပင်။

ဤသို့အားဖြင့် (နျူကလီယား)ဗဟို ဝတ်ဆံမှု (နျူထရွန်) မှုငယ်ကို တွေ့ရှိပြီး ထိုမှုငယ်ဖြင့် ပစ်ခွဲရန် ကြိုးစားကြပြန်ရာ ဗဟိုဝတ်ဆံသည် လွင့်စင်ပြီး အခြားမှုများကို အဆင့်ဆင့်တိုက်ခိုက်သွားသည်ကို တွေ့ကြပြန်သည်။ ဤသို့အားဖြင့် အဆင့်ဆင့် ပဲ့ကြွေသွားသောမှုငယ်များသည် များစွာ ပြန့်ပွားသွားသည်

ကို တွေ့ကြရသဖြင့် (အတွမ်)ခေါ် အဏုမြူများသည် ကြေမွ ဆိတ်သုဉ်းသွားပြီး စွမ်းအင် (အား) အဖြစ် ကူးပြောင်းသွား လေသည်။ စွမ်းအင်(အား) ဆိုသည်မှာ အလွန်ကြီးမားသော အလင်းရောင်နှင့် အပူဓာတ်ပင်ဖြစ်သည်ဟု ဆိုကြသည်။

(ဆိုခဲ့သောစွမ်းအင်'အား'သည် ယခုအခါကမ္ဘာ့သူကမ္ဘာ့သား များ ကြောက်ရွံ့စိုးလန့်နေကြသော အဏုမြူဗုံး ဟိုက်ဒရိုဂျင် ဗုံးတို့ပင်လော။)

အထက်၌ ဖော်ပြခဲ့သော (အတွမ်) အဏုမြူ ဆိုသည်မှာ (ချူကလီယပ်စ်)ခေါ် ဗဟိုဝတ်ဆံအနှစ်မြူနှင့် အရံမြူငယ်တို့ ပေါင်းစပ်ထားသော အမာခံဒြပ်ဝတ္ထုမရှိသည့် ဓာတ်လက္ခဏာ သဘောမျှသာ ဖြစ်မည်ဟု ပြောဆိုနိုင်ကြသည်ကို သိကြရ ပေသည်။

အမှာ ။ ။ အကျယ်သိလိုလျှင် ဦးသန်းထွန်းရေး ဗုဒ္ဓဝါဒ နှင့် သိပ္ပံပညာနှင့် အခြားသိပ္ပံဆိုင်ရာ စာအုပ် စာတန်းများကို ရှုပါ။

ဤသို့ သဘာဝနှင့်သိပ္ပံပညာကို ဖော်ပြရသည့် အကြောင်းမှာ (ဒီမိုကရိုက်တပ်စ်)တို့ ခေတ်မှ (ဒေါလတန်) တို့ ခေတ်အထိ နှစ်ပေါင်း တထောင်ခန့်က (အတွမ်)ခေါ် အဏုမြူကို ခွဲစိတ် ချေဖျက်၍မရဟု ယူဆခဲ့ကြသည်။

ထို့အတူ ၁၉-ရာစု ခေတ်မှာပင် သိပ္ပံ နည်းကျ တွေးခေါ် မြော်မြင်ရေးကဝိဖြစ်သော (မာ့က်စ်)တို့ကလည်း ကမ္ဘာမြေကြီး ကို ရုပ်ဝတ္ထုပစ္စည်းဖြင့် စတင် တည်ဆောက်ခဲ့သည်ဖြစ်၍ ရုပ်သာ

အဓိက၊ ရုပ်သဘောလျှင် မူလဘူတ အကြောင်းရင်း ဖြစ်သည်ဟု ယူဆခဲ့ကြသည်။

သို့သော် သိပ္ပံပညာရှင်အချို့၏ (အတွမ်)၌ တွေ့ရှိချက်များသည် ၁၉-ရာစု ခေတ်အထိ မှန်သည်ဟု ဆိုနိုင်သော်လည်း ၂၀-ရာစုခေတ်သို့ ရောက်သောအခါ (အတုမ်) ခမြာမှာ ကံမကောင်းအကြောင်းမလှသို့ထင့် သဗ္ဗေသင်္ခါရာအနိစ္စာ ဆိုသော သဘောကို မလွန်ဆန်နိုင်ဘဲ မာခကျောသော ခင်းပိတ် ဘဝမှ သိပ္ပံပညာရှင်တို့၏ ပစ်ခွင်းသော ဒဏ်ချက်ကြောင့် ပျက်ပြုန်းပြီး ဓာတ်လက္ခဏာ သဘောသို့ အဆင့်ဆင့် ပြောင်းလဲသွားသည်ကို သတိပြုနိုင်ကြရန်ပင်ဖြစ်သည်။

ထို့ပြင် သတိပြုဘို့မှာ ၂၀-ရာစုခေတ်၏ ရှေ့ဆောင် နက္ခတ္တဗေဒဆရာကြီး(အက်ဒင်တန်)က ရုပ်စကြဝဠာဆိုသော ဝေါဟာရစကားကို စွန့်ပယ်၍ သင်္ချာစကြဝဠာဟု ဝေါဟာရ ပြုသည်ကို သိပ္ပံပညာရှင်တို့က လက်ခံကြသည်။

သင်္ချာ စကြဝဠာ၏ အဓိပ္ပာယ်မှာ စိတ်ဖြင့်သာ နားလည်နိုင်သော စကြဝဠာဟု ဆိုလိုသတည်း။

## သိပ္ပံ အလှမ်းမမှီသေးသည့်အရာ

မည်သို့ဆိုစေ ၂၀ ရာစုခေတ်တွင် သိပ္ပံပညာသည် ရုပ်သဘာဝသို့ ဆိုက်ထိလောက်အောင် ထွင်းဖောက် မြင်ကြပေပြီ။ သို့သော်— ထိုခေတ်အတွင်းမှာ သိပ္ပံပညာရှင်တို့ အလှမ်းမမှီသေးသော တပ်အပ်သေချာ မသိသေးသောအရာကား ရှိနေသည်ကို

တွေ့ရပေသည်။ ထိုအရာကို မဖော်ပြမီ အဘိဓမ္မာသစ် ဆရာကြီး နှစ်ဦး၏ မိန့်ဆိုထားသည်ကို သာတိရမိသည်။

ယင်းပုဂ္ဂိုလ်ကြီးနှစ်ဦးနှင့် မိန့်ဆိုချက်တို့မှာ (၁) ရုပ်ဝါဒနှင့် စပ်လျဉ်း၍(မာ့က်စ်)တို့ နည်းယူရသော ဂျာမန်အဘိဓမ္မာသစ် ဆရာကြီး(ကန့်)နှင့်(၂)(မာ့က်စ်)ဝါဒကို ထောက်ခံ ရေးသား လေ့ရှိသောဗြိတိသျှအဘိဓမ္မာသစ်ဆရာကြီး ပါမောက္ခ(ဂျော် အက်စ်ဟောလ်ဒိန်း)တို့ ဖြစ်ကြသည်။

ကန့်၏အဆိုမှာ ကမ္ဘာလောကကြီးသည် ရုပ်ဝတ္ထုတို့ဖြင့်ဖွဲ့စည်း ထားသည် မှန်သော်လည်း လူတို့မဖော်ထုတ် မတွေ့ရှိနိုင်သည့် ကွယ်ဝှက် တိမ်မြုပ်နေသည့် အရာများ ရှိသည်ဟူ၍ရင်း၊

ဂျော်အက်စ်ဟောလ်ဒိန်းကမူ 'ဘာသာရေးအတွင်း၌ သိပ္ပံ ပညာ၏ စမ်းသပ်ရှာဖွေမှုနှင့် ကင်းလွတ်စွာတည်ရှိသော အမြုတေ တခု ရှိသည်' ဟူ၍ပင်ဖြစ်သည်။

ထိုပုဂ္ဂိုလ်ကြီးနှစ်ဦး၏ ပြောဆိုရေးသားချက်တို့သည် မည်သည့် အရာ မည်သည့်ဘာသာကို ရည်ရွယ် မှန်းထား၍ ပြောသည်ကို မသိ၊ မိမိနှင့် သဘောချင်းတူညီ ပုံမှ တူညီကြပေမည်။ သို့သော် တူညီသည့်အချက်မှာ သိပ္ပံပညာတို့၌ တိမ်မြုပ်နေသော ဝေဖန် ရန် အလှမ်း မမှီသေးသောအရာရှိသည် ဆို သော အ ချက်မှာ ကား တူညီနေပါသည်။

မိမိအမြင်အရဆိုလျှင် သိပ္ပံပညာရှင်တို့ ရှာဖွေဘို့ ဝေဖန်ဘို့ အလှမ်းမမှီသေးသည့် အရာမှာ စိတ်-စေတသိက် ဟူသောနာမ် တရားဖြစ်သည်ဟု ဆိုချင်ပါသည်။

ထို့ကြောင့်သိပ္ပံပညာရှင်တို့သည် ယခုတွေ့ရှိသည့်ရုပ်သဘာဝ ထက်လွန်သည်တို့ကို တွေ့ရှိပြီးနောက် လူတို့၌ အစဉ်ရှိ၍ အမြဲ

ဖြစ်ပေါ် နေသည်ကို သိနေကြသော ရုပ်သဘာဝ လွန် စိတ် သဘာဝကို မတွေ့နိုင်ဟုမဆိုသာ၊ အကယ်၍ သိပ္ပံ ပညာရှင်တို့ ရုပ်သဘာဝလွန် စိတ်သဘာဝ၏တည်ရှိပုံနှင့် ဖြစ်ပျက်နေပုံတို့ကို ပုံဟန် သဘာဝအတိုင်း သိရှိလာခဲ့သော် ကျွန်ုပ်တို့စိတ်သန္တာန်၌ ခံယူထားသော ရုပ်သာအဓိက ရုပ်သာလျှင် မူလဘူတအကြောင်း ရင်းဖြစ်သည် ဟူသော အယူဝါဒသည် ဆန့်တငင်ငင် ဖြစ်ကာ (အတွမ်)ကဲ့သို့ ပျက်ပြုန်း ပြောင်းလဲရမည်ကို သတိပြုရန်လည်း ဖြစ်ပေသည်။

## စိတ်အကျယ်ပြားပုံ

စိတ်သည် သိတတ်သော သဘောတမျိုးတည်း ဖြစ်သည်။ သို့သော် ယှဉ်ဖော်ယှဉ်ဘက် စေတသိက်တို့နှင့် အတူယှဉ်၍ ဖြစ် သောအခါ ဘုံဘဝအားဖြင့်ရင်း၊ မျိုးဇာတ်အားဖြင့်ရင်း၊ စိတ် အရေအတွက်သည် အကျဉ်း- ၈၉-ပါး၊ အကျယ်- ၁၂၁-ပါး ပြားသွားပါသည်။ ဥပမာ- လူတယောက်တည်းက အဖွဲ့အသီး သီးတို့၌ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သကဲ့သို့ ဖြစ်သည်။

စေတသိက်၊ အမျိုးမျိုးနှင့် ယှဉ်တွဲဖြစ်ပေါ်နေသောစိတ်သည် မည်သည့် စေတသိက်နှင့် ယှဉ်တွဲသည်ဖြစ်စေ၊ သိခြင်းသဘော တမျိုးတည်းကိုသာ ဆောင်ပေသည်။

## စိတ် ၈၉ ပါးဖြစ်ပုံ

စိတ် ၈၉ ပါးတို့သည် ဘုံအလိုက်ခွဲခြား၍ ဖြစ်ပေါ်ကြပါ သည်။ လောက၌ ဘုံဘဝများမှာ (၁) ကာမဘုံ (၂) ရူပဘုံ

(၃) အရူပဘုံ (၄) လောကုတ္တရာဘုံဟူ၍ လေးမျိုးရှိပါသည်။ ထိုဘုံလေးမျိုး၌ စိတ်ဖြစ်ပုံမှာ....

၁။ ကာမဘုံ၌ ကာမာဝစရစိတ် ၅၄-ပါး
၂။ ရူပဘုံ၌ ရူပါဝစရစိတ် ၁၅- ။
၃။ အရူပဘုံ၌ အရူပါဝစရစိတ် ၁၂- ။
၄။ လောကုတ္တရာဘုံ၌ လောကုတ္တရာစိတ် ၈- ။

ပေါင်း ၈၉-ပါးဖြစ်သည်။

ဤ၌ ဘုံဘဝဆိုသည်မှာ နေရာဌာနတခုကိုသာ ဆိုသည်မဟုတ် အရည်အချင်း အဆင့်အတန်း ပြောင်းလဲသွားသည်ကိုလည်း ဆိုပါသည်။ ဥပမာ လူ့ဘဝမှ ရဟန်းဘဝသို့ ရုံးအုပ်စာရေးကြီးမှ အရာရှိအဆင့် ကူးပြောင်းသကဲ့သို့ ကာမာဝစရစိတ် အထိအားထုတ်နိုင်သလောက် အရည်အချင်းအလိုက် ကူးပြောင်းသွားသည်ကိုလည်း ဆိုပါသည်။

## ကာမာဝစရစိတ် ၅၄ ပါးဖြစ်ပုံ

ကာမဘုံ၌ ကာမာဝစရစိတ် ၅၄ ပါးသည် အုပ်စုသုံးစုခွဲ၍ ဖြစ်ပေါ်ပါသည်။ ယင်းအုပ်စုများမှာ (၁) အကုသိုလ်အုပ်စု (၂) အဟိတ်အုပ်စု (၃) ကာမာဝစရစိတ် အုပ်စုတို့ဖြစ်သည်။ ထိုအုပ်စုတို့၌ စိတ်ဖြစ်ပုံမှာ....

၁။ အကုသိုလ်အုပ်စု၌ အကုသိုလ်စိတ် ၁၂—ပါး
၂။ အဟိတ်အုပ်စု၌ အဟိတ်စိတ် ၁၈—။
၃။ ကာမာဝစရစိတ်အုပ်စု၌
ကာမာဝစရ သောဘဏစိတ် ၂၄—။
ပေါင်း ၅၄—ပါးဖြစ်သည်။

## အကုသိုလ်စိတ် ၁၂ ပါးဖြစ်ပုံ

အကုသိုလ်အုပ်စု၌ဖြစ်သော အကုသိုလ်စိတ် ၁၂ ပါးသည် အဖွဲ့သုံးဖွဲ့ခွဲ၍ ဖြစ်ပါသည်။ ယင်းအဖွဲ့သုံးဖွဲ့မှာ (၁) လောဘမူအဖွဲ့ (၂) ဒေါသမူအဖွဲ့ (၃) မောဟမူအဖွဲ့ တို့ ဖြစ်ကြသည်။ ယင်းအဖွဲ့သုံးဖွဲ့၌ စိတ်ဖြစ်ပုံမှာ....

၁။ လောဘမူအဖွဲ့၌ လောဘမူစိတ် ၈-ပါး
၂။ ဒေါသမူအဖွဲ့၌ ဒေါသမူစိတ် ၂-။
၃။ မောဟမူအဖွဲ့၌ မောဟမူစိတ် ၂-။
ပေါင်း ၁၂-ပါးဖြစ်သည်။

## အဟိတ်စိတ် ၁၈ ပါးဖြစ်ပုံ

အဟိတ်အုပ်စု၌ အဟိတ်စိတ် ၁၈ ပါးရှိသည်။ အဖွဲ့သုံးဖွဲ့ခွဲ၍ ဖြစ်ပါသည်။ ယင်းအဖွဲ့သုံးဖွဲ့မှာ (၁) အဟိတ်အကုသလဝိပါက်အဖွဲ့ (၂) အဟိတ်ကုသလဝိပါက်အဖွဲ့ (၃) အဟိတ်ကြိယာအဖွဲ့တို့ ဖြစ်ကြသည်။ ယင်းအဖွဲ့တို့၌ စိတ်ဖြစ်ပုံမှာ....

၁။ အဟိတ်အကုသလဝိပါက်အဖွဲ့၌စိတ် ၇-ပါး
၂။ အဟိတ်ကုသလဝိပါက်အဖွဲ့၌စိတ် ၈-။
၃။ အဟိတ်ကြိယာအဖွဲ့၌စိတ် ၃-။

ပေါင်း ၁၈-ပါးဖြစ်သည်။

## ကာမာဝစရစိတ် ၂၄ ပါးဖြစ်ပုံ

ကာမာဝစရသောဘဏအုပ်စု၌ စိတ် ၂၄ ပါးသည် အဖွဲ့သုံးဖွဲ့ ခွဲ၍ဖြစ်ပါသည်။ ယင်းအဖွဲ့သုံးဖွဲ့မှာ (၁) မဟာကုသိုလ်စိတ် အဖွဲ့ (၂) မဟာဝိပါက်စိတ်အဖွဲ့ (၃) မဟာကြိယာစိတ် အဖွဲ့ဖြစ်သည်။ ယင်းအဖွဲ့သုံးခွဲ၌ စိတ်ဖြစ်ပုံမှာ....

၁။ မဟာကုသိုလ်အဖွဲ့၌မဟာကုသိုလ်စိတ် ၈-ပါး
၂။ မဟာဝိပါက်အဖွဲ့၌မဟာဝိပါက်စိတ် ၈-။
၃။ မဟာကြိယာအဖွဲ့၌မဟာကြိယာစိတ် ၈-။

ပေါင်း ၂၄-ပါး ဖြစ်သည်။

## မျိုးဇာတ်ဖြစ်ပုံ

ကာမဘုံ၌ ကျင်လည်၍ဖြစ်သော ကာမာဝစရစိတ် ၅၄ ပါးသည် မျိုးဇာတ်အားဖြင့် ဤသို့ဖြစ်ပါသည်။

၁။ အကုသိုလ်မျိုးဇာတ်စိတ် ၁၂-ပါး
၂။ ကုသိုလ်မျိုးဇာတ်စိတ် ၈-။
၃။ ဝိပါက်မျိုးဇာတ်စိတ် ၂၃-။
၄။ ကြိယာမျိုးဇာတ်စိတ် ၁၁-။

ကာမာဝစရမျိုးဇာတ်စိတ်ပေါင်း ၅၄-ပါး ဖြစ်ပါသည်။

အမှာ။ ။ကာမာဝစရစိတ် ၅၄ ပါး၌ပါဝင်ကြသောအကုသိုလ်စိတ် ၁၂ မျိုး၊အဟိတ်စိတ် ၁၈ မျိုး၊ကာမာဝစရ သောဘဏစိတ် ၂၄ မျိုးတို့၏ တမျိုးစီကို မစိုးရိမ် မူလတန်း သင်္ဂြိုဟ် ကျမ်းနှင့် အခြား သင်္ဂြိုဟ်ကျမ်း အသီးသီး၌ရှုပါ။

## ရူပါဝစရစိတ် ၁၅ ပါးဖြစ်ပုံ

ရူပါဝစရဘုံ၌ ဖြစ်သော ရူပါဝစရစိတ် ၁၅ ပါးသည် မျိုးဇာတ်အားဖြင့် သုံးမျိုးခွဲ၍ ဖြစ်ကြပါသည်။ ယင်းမျိုးဇာတ်နှင့် စိတ်ဖြစ်ပုံမှာ–

| | | | |
|---|---|---|---|
| ၁။ | ရူပါဝစရ ကုသိုလ်စိတ် | ၅ | ပါး |
| ၂။ | ရူပါဝစရ ဝိပါက်စိတ် | ၅ | ။ |
| ၃။ | ရူပါဝစရ ကြိယာစိတ် | ၅ | ။ |
| | ပေါင်း = | ၁၅ | ပါးဖြစ်ပါသည်။ |

## အရူပါဝစရစိတ် ၁၂ ပါးဖြစ်ပုံ

အရူပဘုံ၌ ဖြစ်သော အရူပါဝစရစိတ် ၁၂ ပါးသည် မျိုးဇာတ်အားဖြင့် သုံးမျိုးခွဲ၍ဖြစ်ကြသည်။ ယင်းမျိုးဇာတ်နှင့်စိတ်ဖြစ်ပုံမှာ-

| | | | |
|---|---|---|---|
| ၁။ | အရူပါဝစရ ကုသိုလ်စိတ် | ၄ | ပါး |
| ၂။ | အရူပါဝစရ ဝိပါက် စိတ် | ၄ | ။ |
| ၃။ | အရူပါဝစရ ကြိယာ စိတ် | ၄ | ။ |
| | ပေါင်း = | ၁၂ | ပါး ဖြစ်ပါသည်။ |

အမှာ။ ။အထက်၌ပော်ပြသော ရူပါဝစရစိတ် ၁၅ ပါး
နှင့် အရူပါဝစရစိတ် ၁၂ ။
ပေါင်း = ၂၇ ပါးကို

မဟဂ္ဂုတ်စိတ်ဟု ခေါ်ပါသည်။

## လောကုတ္တရာစိတ် ၈ ပါးဖြစ်ပုံ

လောကုတ္တရာဘုံ၌ဖြစ်သော သောကုတ္တရာစိတ် ၈ ပါးသည် မျိုးဇာတ်အားဖြင့်နှစ်မျိုးခွဲ၍ဖြစ်ကြပါသည်။ ယင်းမျိုးဇာတ်စိတ်နှစ်မျိုးနှင့် စိတ်ဖြစ်ပုံမှာ-

၁။ လောကုတ္တရာကုသိုလ်စိတ်(မဂ်စိတ်) ၄ ပါး
၂။ လောကုတ္တရာဝိပါက်စိတ်(ဖိုလ်စိတ်) ၄ ။
ပေါင်း = ၈ ပါးဖြစ်၏။

## စိတ်အကျဉ်း ၈၉ ပါး

ဘုံအားဖြင့်စိတ် ၈၉ ပါးဖြစ်ပုံမှာ-

၁။ ကာမဘုံ၌ကာမာဝစရစိတ် ၅၄ ပါး
၂။ ရူပဘုံ၌ ရူပါဝစရစိတ် ၁၅ ။
၃။ အရူပဘုံ၌ အရူပါဝစရစိတ် ၁၂ ။
၄။ လောကုတ္တရာဘုံ၌လောကုတ္တရာစိတ် ၈ ။
ပေါင်း = ၈၉ ပါးဖြစ်၏။

မျိုးဇာတ်အားဖြင့် စိတ် ၈၉ ပါးဖြစ်ပုံမှာ-

| | | |
|---|---|---|
| ၁။ | အကုသိုလ်စိတ်မျိုး | ၁၂ ပါး |
| ၂။ | ကုသိုလ်စိတ်မျိုး | ၂၁ ။ |
| ၃။ | ဝိပါက်စိတ်မျိုး | ၃၆ ။ |
| ၄။ | ကြိယာစိတ်မျိုး | ၂၀ ။ |

ပေါင်း = ၈၉ ပါး ဖြစ်ပါသည်။

## လောကုတ္တရာစိတ်အကျယ်

| | | |
|---|---|---|
| ၁။ | လောကုတ္တရာ ကုသိုလ်စိတ်(မဂ်စိတ်) | ၂၀ ပါး |
| ၂။ | လောကုတ္တရာ ဝိပါက်စိတ်(ဖိုလ်စိတ်) | ၂၀ ။ |

ပေါင်း = ၄၀ ပါး ဖြစ်ပါသည်။

## မဂ်စိတ် ၂၀ မှာ

| | | |
|---|---|---|
| (က) | သောတာပတ္တိမဂ်ချောန်စိတ် | ၅ ပါး |
| (ခ) | သကဒါဂါမိမဂ်ချောန်စိတ် | ၅ ။ |
| (ဂ) | အနာဂါမိမဂ်ချောန်စိတ် | ၅ ။ |
| (ဃ) | အရဟတ္တမဂ်ချောန်စိတ် | ၅ ။ |

ပေါင်း = ၂၀ ပါး ဖြစ်သည်။

## နိဗ္ဗာန်စိတ် ၂၀ မှာ

(က) သောတာပတ္တိဖိုလ်စျာန်စိတ် ၅ ပါး
(ခ) သကဒါဂါမိဖိုလ်စျာန်စိတ် ၅ ॥
(ဂ) အနာဂါမိဖိုလ်စျာန်စိတ် ၅ ॥
(ဃ) အရဟတ္တဖိုလ်စျာန်စိတ် ၅ ॥

ပေါင်း = ၂၀ ပါးဖြစ်သည်။

အမှာ။ ။မဂ်စျာန်စိတ် ၂၀၊ ဖိုလ်စျာန်စိတ် ၂၀ ပွားရသည်မှာ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ-ဧကဂ္ဂတာ စျာန်အင်္ဂါ ငါးပါးနှင့်မြောက်ပွား၍ အကျယ် မဂ်စိတ် ၂၀ ဖိုလ်စိတ် ၂၀ ဖြစ်ပါသည်။

## စိတ်အကျယ် ၁၂၁ ပါး

၁။ အကုသိုလ်(အကြောင်း)စိတ် ၁၂ ပါး
၂။ ကုသိုလ်(အကြောင်း)စိတ် ၃၇ ॥

အကြောင်းစိတ်ပေါင်း = ၄၉ ပါးဖြစ်သည်။

၃။ ဝိပါက်(အကျိုး)စိတ် ၅၂ ပါး
၄။ အကြောင်းလည်းမဟုတ် အကျိုးလည်းမဟုတ်သော ကြိယာစိတ် ၂၀ ပါး

အကျယ်စိတ်ပေါင်း = ၁၂၁ ပါးဖြစ်သည်။

ဤသည်တို့ကား စိတ်အကျဉ်း ၈၉ ပါး၊ အကျယ် ၁၂၁ ပါး ပွားပုံအကြမ်းဖော်ပြချက်တည်း။

## လောကီနှင့်လောကုတ္တရာစိတ်

စိတ်အပြားအကျဉ်း ၈၉ ပါးနှင့် အကျယ် ၁၂၁ ပါးကို လောကီစိတ် လောကုတ္တရာစိတ်-ခွဲခြားကြည့်သော်—

၁။ လောကီစိတ် ၈၁ ပါး
၂။ လောကုတ္တရာစိတ်အကျဉ်း ၈ ။
ပေါင်း ၈၉ ပါး ဖြစ်သည်။

**တနည်း** ၁။ လောကီစိတ် ၈၁
၂။ လောကုတ္တရာစိတ်အကျယ် ၄၀
ပေါင်း ၁၂၁ ပါး ဖြစ်သည်။

**၁။ လောကီစိတ် ၈၁ ပါးကား**

၁။ ကာမာဝစရစိတ် ၅၄ ပါး
၂။ ရူပါဝစရစိတ် ၁၅ ။
၃။ အရူပါဝစရစိတ် ၁၂ ။
ပေါင်း ၈၁ ပါးဖြစ်သည်။

၂။ လောကုတ္တရာစိတ်(အကျဉ်း) ၈ ပါးကား

၁။ မဂ်စိတ် ၄ ပါး
၂။ ဖိုလ်စိတ် ၄ ။
ပေါင်း ၈ ပါးဖြစ်သည်

အကျယ်မှာ-

၁။ မဂ်စျာန်စိတ် ၂၀ ပါး
၂။ ဖိုလ်စျာန်စိတ် ၂၀ ပါး

ပေါင်း ၄၀ ပါးဖြစ်သည်။

ဤသည်တို့ကား စိတ်အကျယ်ပွားပုံကို အကြမ်းဖော်ပြချက်ဖြစ်သည်။ စိတ်တမျိုးစီ၏ အမည်သရုပ်ကို မစိုးရိမ် မှုသတန်း သင်္ဂြိုဟ်နှင့် အခြားသင်္ဂြိုဟ်ကျမ်းများမှာရှုပါ။

# စေတသိက်ပိုင်းဆိုင်ရာ

စေတသိက် ဟူသည်ကား- "စိတ်၌ ယှဉ်တွယ်၊ စိတ်ကိုခြယ်၊ ၁ါးဆယ်နှင့်ဒွိတ်၊ စေတသိက်" ဟူသည်နှင့်အညီ စိတ်နှင့် အတူ ယှဉ်တွဲ၍ဖြစ်ပေါ်သော တွေ့ထိခြင်း၊ ခံစားခြင်း၊ မှတ်သားခြင်း၊ စေ့ဆော်ခြင်း၊ စောင့်ရှောက်ခြင်း၊ နှလုံးသွင်း ဆင်ခြင်ခြင်း စသောသဘောစု ၅၂-ပါးကို စေတသိက်ဟု ဆိုပါသည်။

ယင်းစေတသိက်မှာ အင်္ဂါ လေးမျိုးရှိသည်။

**အင်္ဂါလေးမျိုး**

၁။ စိတ်နှင့် အတူတကွ ဖြစ်ခြင်း၊
၂။ စိတ်နှင့် အတူတကွ ချုပ်ခြင်း၊
၃။ စိတ်နှင့် အတူတကွ မှီခြင်း၊
၄။ စိတ်နှင့်အတူတကွ အာရုံယူခြင်း
တို့ ရှိပါသည်။

ထိုစေတသိက်တို့သည် စိတ်နှင့် အတူတကွ အာရုံ တခုခု၌ ဖြစ်ခြင်း၊ ချုပ်ခြင်း၊ မှီခြင်း၊ ယူခြင်း ရှိကြသော်လည်း ယင်း စေတသိက်တို့ကို စိတ်ဟုမဆိုနိုင်သလို စိတ်ကိုလည်း စေတသိက်

ဟု မဆိုရပါ။ အကြောင်းကား မိမိ သဘောကို မိမိဆောင်သော သဘောရှိသောကြောင့်ဖြစ်သည်။

ဥပမာ— မြန်မာဆိုင်းတီးရာ၌ ဗုံသံ၊ နှဲသံ၊ ကြေးသံ၊ မောင်းသံ စသည်တို့ ပါဝင်ကြသည်။ ယင်း အသံတို့သည် တေးသီချင်း၏ တေးသွားအလိုက် သံမှန်၊ ခြောက်ပေါက်၊ ငါးပေါက်၊ လေးပေါက် စသည်တို့၌ အတူတကွ အသံများ ကျရောက်ကြသည်။ သို့ တသံတည်း အတူတကွ ကျရောက်ကြသော်လည်း ဗုံသံသည် နှဲသံမဟုတ်၊ နှဲသံသည်လည်း ကြေးသံ၊ မောင်းသံ၊ ဗုံသံ မဟုတ်ကြပေ။ ဗုံသံသည် ကိုယ့်ကိစ္စကိုယ် ဆောင်သကဲ့သို့ နှဲသံ- စသည်တို့လည်း ကိုယ့်ကိစ္စကိုယ်ဆောင်နေကြခြင်းသာ ဖြစ်သည်။

ဤဥပမာ၌ သီချင်းတေးသွားသည် အာရုံနှင့်တူ၍၊ ဆိုင်းဝိုင်းထဲမှ ဦးဆောင်တီးရသော ဗုံသံသည် ရှေ့ဆောင်ပဓာနဖြစ်သော စိတ်နှင့်တူသည်။ ဗုံတီးသူ၏ အရိပ်အခြေကြည့်၍ တီးမှုတ်နေကြသော ကြေး၊ မောင်း၊ နှဲတို့သည် စေတသိက်အသီးသီးနှင့် တူကြသည်။

## စိတ်နှင့် စေတသိက် ယှဉ်ပုံ

စိတ်နှင့် စေတသိက် ယှဉ်ပုံကို ဥပမာ ထပ်မံဆောင်ရသော် ဖြူ-နီ-ညို-ပြာ-အဝါ-အစိမ်းအားဖြင့် အဆင်းအရောင် အမျိုးမျိုး ရှိသောဆေးရောင်တို့ကို ရေနှင့် ဖျော်၍ တခုသော ပိတ်ကား ချပ်ပေါ်၌ အထူးထူးသောခြူးပန်းခြူးနွယ် အသွယ်သွယ်တို့ဖြင့် ခြယ်လှယ်ရေးသားထားရာဝယ် ကားချပ်ပေါ်၌ ဆေးကို ပျံ့နှံ့စေခြင်း၊ စွဲငြိစေခြင်းသည် ရေ၏ကိစ္စဖြစ်သည်။ အနီ-အဝါ-အစိမ်း

စသော ဆေးရောင် အမျိုးမျိုး ထင်ရှား ဖြစ်ပေါ်နေမှုသည် ဆေး၏ကိစ္စဖြစ်သည်။

ဤဥပမာ၌ ကားချပ်သည် အာရုံနှင့် တူသည်။ ရေသည် စိတ်နှင့်တူ၍ ဆေးရောင် အမျိုးမျိုးတို့သည် စေတသိက်တို့နှင့် တူကြသည်။ ဆေးရောင် အမျိုးမျိုးတို့သည် ရေ၌ မှီတွယ်၍ ဆေးရောင် အမျိုးမျိုးဖြင့် ထင်ရှား ဖြစ်ပေါ်အောင် ခြယ်လှယ် သကဲ့သို့ စေတသိက်တို့သည်လည်း စိတ်၌ မှီတွယ်ယှဉ်တွဲ၍ ကုသိုလ်-အကုသိုလ်စသော သဘောအမျိုးမျိုး ဖြစ်ပေါ်အောင် ဖန်တီး ခြယ်လှယ်သည်။

ဤသည်တို့ကား စေတသိက်၏ သဘော အကျဉ်း ဖော်ပြချက်တည်း။

## စေတသိက်အကြောင်း

အထက်၌ စိတ်အကြောင်းကို အကျဉ်း ဖော်ပြပြီး၍ ယခု စေတသိက်အကြောင်းနှင့် စေတသိက်တို့၏ အရေအတွက် အနက် အဓိပ္ပာယ်ကို ဖော်ပြပါမည်။

စိတ်နှင့် အဖြစ်တူခြင်း၊ စိတ်နှင့် အချုပ်တူခြင်း၊ စိတ်နှင့် အာရုံ တူခြင်း၊ စိတ်နှင့်မှီရာ ဝတ္ထုတူခြင်း ဟူသော အင်္ဂါလေးပါးရှိသည်ကို စေတသိက်ဟု ခေါ်သည်။

စိတ်ဆိုသည်ကား အာရုံကိုအရယူမှု၊ အာရုံကိုသိမှုသက်သက်သာ ဖြစ်သည်။ စိတ်အာရုံယူမှုကို မှီတွယ်၍ တွေ့ထိမှု ခံစားမှု မှတ်သားမှု စေ့ဆော်မှု စသော သဘောစု ၅၂ ပါးသည် စိတ်ကို မှီတွယ် စိတ်ကိုခြယ်သော စေတသိက်များ ဖြစ်သည်။

ဤသည်ကား စိတ်၏သဘောနှင့် စေတသိက်သဘောကွဲပြားမှု ဖြစ်သည်။ အချို့ ဝါဒီများကမူ စိတ်ဆိုသည်မှာလည်း စိတ်ပင် ဖြစ်သည်။ စေတသိက်ဆိုသည်မှာလည်း စိတ်ပင် ဖြစ်သည်ဟုယူဆကြသည်။ ဤအယူအဆ သဘာဝ မကျပေ။

## စေတသိက် ၅၂ ပါး

စေတသိက် ၅၂ ပါးရှိသည်။ ယင်းစေတသိက် ၅၂ ပါးတွင် (၁) အညသမာန်း စေတသိက်အုပ်စု၊ (၂) အကုသိုလ် စေတသိက်အုပ်စု၊ (၃) သောဘဏစေတသိက်အုပ်စုဟူ၍ အုပ်စု ၃ စု ရှိပါသည်။ အုပ်စုအလိုက် စေတသိက်အရေအတွက်မှာ....

| | | |
|---|---|---|
| (၁) | အညသမာန်း စေတသိက်အုပ်စု | ၁၃ ပါး။ |
| (၂) | အကုသိုလ်စေတသိက်အုပ်စု | ၁၄ ပါး။ |
| (၃) | သောဘဏ စေတသိက်အုပ်စု | ၂၅ ပါး။ |
| | ပေါင်း | ၅၂ ပါး ရှိသည်။ |

## (၁) အညသမာန်းစေတသိက် ၁၃ ပါး

၁။ အညသမာန်း စေတသိက်အုပ်စု၌ အဖွဲ့ခွဲ ၂ ဖွဲ့ရှိပါသည်။ ယင်းအဖွဲ့ ၂ ဖွဲ့နှင့် အဖွဲ့ဝင်စေတသိက် အရေအတွက်မှာ....

| | | |
|---|---|---|
| ၁။ | သဗ္ဗစိတ္တသာဓာရဏ စေတသိက် | ၇ ပါး။ |
| ၂။ | ပကိဏ်းစေတသိက် | ၆ ပါး။ |
| | အညသမာန်း စေတသိက်ပေါင်း | ၁၃ ပါး ဖြစ်သည်။ |

သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇ ပါးသည် စိတ်အားလုံးနှင့် အမြဲ ယှဉ်တွဲဖြစ်သော စေတသိက် ဖြစ်ပါသည်။

ပကိဏ်းစေတသိက် ၆ ပါးကား ယှဉ်သင့်သော စိတ်နှင့်သာ ယှဉ်၍ မယှဉ်သင့်သည့်စိတ်နှင့် မယှဉ်ပဲ ရောပြွမ်း၍ ယှဉ်သော စေတသိက်ဖြစ်ပါသည်။

## ၁။ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇ ပါး

အညသမာန်း စေတသိက်အုပ်စုဝင် အလုံးစုံသော စိတ်တို့နှင့် ယှဉ်၍ဖြစ်သော သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ပါးမှာ....

| | | |
|---|---|---|
| ၁။ | ဖဿ | အာရုံကို တွေ့ခြင်းလက္ခဏာ သဘော။ |
| ၂။ | ဝေဒနာ | အာရုံ၏ အရသာကို ခံစားခြင်း လက္ခဏာသဘော။ |
| ၃။ | သညာ | အာရုံ၏သဘောကို မှတ်သားမိခြင်း လက္ခဏာသဘော။ |
| ၄။ | စေတနာ | အာရုံ၌ ယှဉ်ဘက်တရားတို့ကို စေ့ဆော်ခြင်း လက္ခဏာသဘော။ |
| ၅။ | ဧကဂ္ဂတာ | တခုတည်းသော အာရုံကိုသာ ယူသည် ဖြစ်၍ တည်ကြည်ခြင်း မပျံ့လွင့်ခြင်း လက္ခဏာသဘော။ |
| ၆။ | ဇီဝိတိန္ဒြေ | အတူဖြစ်သော ရုပ်နာမ်တို့ကို စောင့်ခြင်း အစိုးရခြင်း လက္ခဏာသဘော။ (ရုပ်နာမ်တို့၏ အသက်ဟု ခေါ်ကြသည်။) |

၇။ မနသိကာရ အာရုံ၌နှလုံးသွင်းဆင်ခြင်ခြင်း လက္ခဏာ သဘော။

## ၂။ ပကိဏ်းစေတသိက် ၆ ပါး

အညသမာန်းစေတသိက်အုပ်စုဝင် ယှဉ်သင့်သောစိတ်များနှင့် ရောပြွမ်း၍ယှဉ်သော ပကိဏ်းစေတသိက် ၆ ပါးမှာ....

၁။ ဝိတက် ယှဉ်ဘက်တရားတို့ကို အာရုံသို့ ရှေ့ရှုတင်ခြင်း လက္ခဏာ သဘော။ (အာရုံကို ကြံစည်ခြင်းဟုလည်း ခေါ်သည်။)

၂။ ဝိစာရ အာရုံ၌ ယှဉ်ဘက်တရားတို့ကို သုံးသပ်ခြင်း လက္ခဏာသဘော။

၃။ အဓိမောက္ခ အာရုံကို ဆုံးဖြတ်ခြင်းလက္ခဏာသဘော။

၄။ ဝီရိယ ယှဉ်ဘက်တရားတို့ကို ထောက်ပံ့ ခိုင်စေခြင်း အားထုတ်ခြင်း လက္ခဏာသဘော။

၅။ ပီတိ အာရုံကို နှစ်သက်ခြင်း လက္ခဏာ သဘော။

၆။ ဆန္ဒ အာရုံကို ပြုလုပ်လိုကာမျှသာ လက္ခဏာ သဘော—တို့ ဖြစ်ကြသည်။

အမှာ။ ။ယင်းဆန္ဒသည် ကာမဇကျာ ကာမဆန္ဒမျိုး မဟုတ်၊ အလှူလုပ်လိုသည်၊ သန့်ရှင်းရေးလုပ်လိုသည် စသည်တို့ကို ဆိုလိုသည်။

ဤသည်တို့ကား အညသမာန်းစေတသိက် ၁၃ ပါးကို ဖော်ပြခြင်း ဖြစ်သည်။

## (၂) အကုသိုလ်စေတသိက် ၁၄ ပါး

အကုသိုလ်စိတ်တို့နှင့်သာယှဉ်သော အကုသိုလ်စေတသိက်အုပ်စုဝင် စေတသိက် ၁၄ ပါးတွင် အဖွဲ့ခွဲ ငါးဖွဲ့ရှိပါသည်။ ယင်းငါးဖွဲ့နှင့် စေတသိက် အရေအတွက်မှာ....

| | | |
|---|---|---|
| ၁။ | မောစတုက် စေတသိက် | ၄-ပါး |
| ၂။ | လောတြိ စေတသိက် | ၃-။ |
| ၃။ | ဒေါစတုက် စေတသိက် | ၄-။ |
| ၄။ | ထိန မိဒ္ဓစေတသိက် | ၂-။ |
| ၅။ | ဝိစိကိစ္ဆာစေတသိက် | ၁-။ |

အကုသိုလ်စေတသိက်ပေါင်း ၁၄-ပါး ဖြစ်ပါသည်။

### ၁။ မောစတုက်စေတသိက် ၄ ပါး

မောဟဦးဆောင်ပါဝင်သော စေတသိက်များမှာ....

၁။ မောဟ -အာရုံ၏သဘောကို ဖုံးလွှမ်းခြင်း အမှန်တရား၌ တွေဝေစေခြင်း မသိခြင်းသဘော။

၂။ အဟိရိက -ကာယဒုစရိုက်စသည်မှ မရှက်ခြင်း လက္ခဏာသဘော။

၃။ အနောတ္တပ္ပ -ကာယဒုစရိုက် စသည်မှ မကြောက်လန့်ခြင်း လက္ခဏာသဘော။

၄။ ဥဒ္ဒစ္စ —စိတ်၏မငြိမ်သက်ခြင်း ပျံ့လွင့်ခြင်း လက္ခဏာသဘော။

ဤမောဟ ဦးဆောင်သော စေတသိက် ၄ ပါးသည် အကုသိုလ်စိတ်အားလုံးနှင့် ဆက်ဆံယှဉ်တွဲ၍ ဖြစ်သည်။

## ၂။ လောဘတြိစေတသိက် ၃ ပါး

လောဘ ဦးဆောင်ပါဝင်သော စေတသိက်များမှာ....

၁။ လောဘ -အာရုံ၌ ကပ်ငြိခြင်း အားဖြင့် တပ်ခြင်းသဘော။

၂။ ဒိဋ္ဌိ -မှားသောအားဖြင့် နှလုံးသွင်းခြင်းသဘော။

၃။ မာန -ငါမြတ် ငါတတ်သည်ဟု ထောင်လွှားခြင်းလက္ခဏာသဘော။

ဤလောဘတြိစေတသိက် ၃ ပါးသည် လောဘမူစိတ် ၈ ပါးနှင့်သာ ဆက်ဆံယှဉ်တွဲ၍ ဖြစ်သည်။

## ၃။ ဒေါစတုက်စေတသိက် ၄ ပါး

ဤဒေါသစေတသိက် ဦးဆောင်ပါဝင်သော စေတသိက် ၄ ပါးမှာ....

၁။ ဒေါသ-ကြမ်းတမ်းခက်ထန် ပြစ်မှားခြင်းသဘော။

၂။ ဣဿာ—သူတပါးတို့၏စည်းစိမ်ကို ငြူစူခြင်းသဘော။

၃။ မစ္ဆရိယ-မိမိပစ္စည်းဥစ္စာကို လျှို့ဝှက်ခြင်း သဘော။

၄။ ကုက္ကုစ္စ ပြုအပ်ပြီးသော ဒုစရိုက် မပြုလိုက်မိသော သုစရိုက်ကို အာရုံပြုသတိရ၍အဖန်တလဲလဲ စိုးရိမ်ခြင်း (နောင်တရခြင်း) လက္ခဏာ သဘော။

ဤ ဒေါသ ခေါင်းဆောင်သော စေတသိက် ၄ ပါးသည် ဒေါသမူစိတ် ၂ ပါးနှင့် ယှဉ်တွဲဆက်ဆံ၍ ဖြစ်သည်။

## ၄။ ထိန+မိဒ္ဓ စေတသိက် ၂ ပါး

၁။ ထိန- စိတ်၏ မခံ့ခြင်း၊ ထိုင်းမှိုင်းခြင်း လက္ခဏာ သဘော။

၂။ မိဒ္ဓ — စေတသိက်တို့၏ မခံ့ခြင်း၊ မလန်းဘဲ မှိုင်း တိုင်းတိုင်းဖြစ်ခြင်းလက္ခဏာသဘော။

ဤစေတသိက် ၂ ပါးသည်၊ သသင်္ခါရစိတ် ၅ ပါးနှင့် ဆက်ဆံ ယှဉ်၍ဖြစ်သည်။

## ၅။ ဝိစိကိစ္ဆာစေတသိက် ၁ ပါး

၁။ ဝိစိကိစ္ဆာ- အာရုံကို မဆုံးမဖြတ်နိုင်ခြင်း လက္ခဏာ သဘော (တွေးတောယုံမှားခြင်း)

ဤဝိစိကိစ္ဆာစေတသိက်သည်ဝိစိကိစ္ဆာနှင့်ယှဉ်သော မောဟမူ စိတ်နှင့် ဆက်ဆံယှဉ်တွဲ၍ဖြစ်သည်။

ဤသည်တို့သည် အကုသိုလ်စေတသိက် ၁၄ ပါး—အကုသိုလ် စိတ် အားလုံးတို့နှင့်ယှဉ်တွဲ ဆက်ဆံပုံအကြမ်းဖြစ်သည်။

## (၃) သောဘဏစေတသိက် ၂၅ပါး

တင့်တယ်ကောင်းမြတ်သော သောဘဏစေတသိက်၌ စေတသိက် ၂၅ပါးရှိပါသည်။ ယင်းစေတသိက်တွင် (၁) သောဘဏသာဓာရဏ စေတသိက်အုပ်စု၊ (၂) ဝိရတီ စေတသိက် အုပ်စု၊ (၃) အပ္ပမညာစေတသိက်အုပ်စု၊ (၄) ပညိန္ဒြေစေတသိက်ဟူ၍ လေးအုပ်စုရှိပါသည်။ အုပ်စုအလိုက်စေတသိက်အရေအတွက်မှာ-

| | | |
|---|---|---|
| ၁။ | သောဘဏသာဓာရဏစေတသိက် | ၁၉ ပါး |
| ၂။ | ဝိရတီစေတသိက် | ၃ ။ |
| ၃။ | အပ္ပမညာစေတသိက် | ၂ ။ |
| ၄။ | ပညိန္ဒြေစေတသိက် | ၁ ။ |

ဤသို့အားဖြင့် ပေါင်း = ၂၅ ပါးဖြစ်သည်။

## (၁) သောဘဏသာဓာရဏစေတသိက် ၁၉ပါး

| | | |
|---|---|---|
| ၁။ | သဒ္ဓါ | ဘုရား အစရှိသည့် ကောင်းသော အာရုံ၌ယုံ၌ဘက်တရားတို့ကို ကြည်စေခြင်းလက္ခဏာသဘော။ |
| ၂။ | သတိ | ဘုရား အစရှိသည့် ကောင်းသော အာရုံ၌ယုံ၌ဘက်တရားတို့ကိုအောက်မေ့စေခြင်းလက္ခဏာသဘော။ |
| ၃။ | ဟိရီ | ကာယ ဒုစရိုက် စသည်မှ ရှက်ခြင်းလက္ခဏာသဘော။ |

၄။ ဩတ္တပ္ပ — ကာယဒုစရိုက်စသည်မှ ကြောက်လန့်ခြင်းလက္ခဏာသဘော။

၅။ အလောဘ — အာရုံ၌ကပ်ငြိသောအားဖြင့် မတပ်ခြင်းလက္ခဏာသဘော။
(ပေးကမ်း လှူဒါန်းခြင်း သဘော)

၆။ အဒေါသ — မကြမ်း တမ်းခြင်း၊ မပြစ် မှား ခြင်း လက္ခဏာသဘော။
(မေတ္တာထားခြင်းသဘော)

၇။ တတြမဇ္ဈတ္တတာ — အာရုံတို့၌ယှဉ်ဘက်တရားတို့ကို လျစ်လျူရှုခြင်း လက္ခဏာသဘော။

၈။ ကာယပဿဒ္ဓိ — စေတသိက်တို့၏ ငြိမ်းခြင်းလက္ခဏာသဘော။

၉။ စိတ္တပဿဒ္ဓိ — စိတ်၏ ငြိမ်းခြင်း လက္ခဏာသဘော။

၁၀။ ကာယလဟုတာ — စေတသိက်၏ ပေါ့ခြင်း လက္ခဏာသဘော။

၁၁။ စိတ္တလဟုတာ — စိတ်၏ပေါ့ခြင်းလက္ခဏာသဘော။

၁၂။ ကာယမုဒုတာ — စေတသိက်၏ နူးညံ့ခြင်း လက္ခဏာသဘော။

၁၃။ စိတ္တမုဒုတာ — စိတ်၏နူးညံ့ခြင်းလက္ခဏာသဘော။

၁၄။ ကာယကမ္မညတာ — စေတသိက်၏ ကောင်းမှု၌ ခံ့ညားခြင်းလက္ခဏာသဘော။

၁၅။ စိတ္တကမ္မညတာ — စိတ်၏ကောင်းမှု၌ ခံ့ညားခြင်းလက္ခဏာသဘော။

၁၆။ ကာယပဂုညတာ — စေတသိက်၏ လေ့လာခြင်းလက္ခဏာ သဘော။

၁၇။ စိတ္တပဂုညတာ — စိတ်၏ လေ့လာ ခြင်း လက္ခဏာ သဘော။

၁၈။ ကာယုဇုကတာ — စေတသိက်၏ ဖြောင့်စွာ ဖြစ် ခြင်း လက္ခဏာသဘော။

၁၉။ စိတ္တုဇုကတာ — စိတ်၏ ဖြောင့်စွာဖြစ်ခြင်း လက္ခဏာ သဘော။

ဤသောဘဏသာဓာရဏစေတသိက် ၁၉ ပါးသည် အဟိတ်စိတ် ၃၀ ကြဉ်သော သောဘဏစိတ် ၅၉ ပါးနှင့် ယှဉ်ထိုက်သည့် အားလျော်စွာ ယှဉ်ပါသည်။

## (၂) ဝိရတီစေတသိက် ၃ ပါး

၁။ သမ္မာဝါစာ — အသက်မွေးကြောင်း မဟုတ်သော မုသာဝါဒ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ တည်းဟူသော ဝစီဒုစရိုက် လေးပါးမှ ရှောင်ကြဉ်ခြင်းလက္ခဏာသဘော။

၂။ သမ္မာကမ္မန္တ — အသက်မွေးကြောင်း မဟုတ်သော ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ တည်းဟူသော ကာယဒုစရိုက် သုံးပါးမှ ရှောင်ကြဉ်ခြင်း လက္ခဏာ သဘော။

၃။ သမ္မာအာဇီဝ အသက်မွေးကြောင်း ဖြစ်သော ဝစီဒုစရိုက် လေးပါးနှင့် ကာယဒုစရိုက် သုံးပါးတို့မှ ကြဉ်ရှောင်ခြင်း လက္ခဏာသဘော။

ဤဝိရတီစေတသိက် သုံးပါးသည် မကောင်းမှု ဒုစရိုက်ဖြစ်သော ကာယဒုစရိုက်သုံးပါးနှင့် ဝစီဒုစရိုက် လေးပါးတို့မှ ရှောင်ကြဉ်ခြင်း လက္ခဏာရှိသောကြောင့် ဝိရတီ စေတသိက် မည်ပါသည်။

ဆိုခဲ့ပါ ဝိရတီစေတသိက်သုံးပါးသည် လောကုတ္တရာစိတ်တို့၌ ဒုစရိုက် ဒုရာဇီဝဟူသမျှတို့မှ တစမကျန် အကုန် ရှောင်ကြဉ်ခြင်းအားဖြင့် လောကုတ္တရာစိတ်တို့နှင့် အမြဲယှဉ်လျက်ရှိ၏။ (မဟာကုသိုလ်စိတ် ၈-ခုတို့နှင့် ယှဉ်သင့်သလိုယှဉ်ပါသည်)။

## (၃) အပ္ပမညာ စေတသိက် ၂-ပါး

၁။ ကရုဏာ အတိုင်းမသိသော ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားခြင်း လက္ခဏာသဘော။

၂။ မုဒိတာ အတိုင်းမသိသော သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်း လက္ခဏာသဘော။

ဤစေတသိက် ၂-ပါးသည် အဆုံးအပိုင်းအခြား မရှိသော သတ္တဝါပညတ်ကို အာရုံပြု၍ဖြစ်သောကြောင့် အပ္ပမညာ စေတသိက်မည်ပါသည်။

အပ္ပမညာ စေတသိက် ၂-ပါးသည် ပဉ္စမစျာန်စိတ်ကြဉ်သော မဟာကုသိုလ်စိတ် ၁၂၊ မဟာကုသိုလ်စိတ် ၈၊ မဟာကြိယာစိတ် ၈၊ ပေါင်း ၂၈-ပါးသောစိတ်တို့၌ ယှဉ်၏။

## (၄) ပညိန္ဒြေစေတသိက် ၁-ပါး

၁။ ပညိန္ဒြေ  အထူးထူး အပြားပြားသိခြင်း၌ အစိုးရခြင်း လက္ခဏာသဘော၊

ဤ ပညိန္ဒြေစေတသိက်ဟူသော ပညာစေတသိက်သည် ဉာဏ်နှင့်ယှဉ်သော ကာမာဝစရစိတ် ၁၂+ မဟဂ္ဂုတ်စိတ် ၂၇+ လောကုတ္တရာစိတ် ၈ — ပေါင်း ၄၇-ပါးသော စိတ်တို့နှင့် ယှဉ်၏။

ယင်းပညာသည် အပြားအားဖြင့် သိတတ်၏၊ သိဘို့ရန် တတ်ဘို့ရန် လိမ္မာဘို့ရန် မြော်မြင် ဆင်ခြင်နိုင်ဘို့ရန် ဖြစ်သော တရားသဘောသည် ပညာမည်ပေ၏။

ဤသည်တို့ကား စေတသိက် ၅၂-ပါး၏ လက္ခဏာ ရှိသော သဘောများနှင့် ယှဉ်သင့် ယှဉ်ထိုက်သည့် စိတ်များကို အကြမ်း ဖော်ပြခြင်းတည်း။

အကျယ်ကို မစိုးရိမ် မူလတန်း သင်္ဂြိုဟ်နှင့် အခြားသင်္ဂြိုဟ် ကျမ်းများမှာ ရှုပါ။

## စိတ်-စေတသိက်သဘော

စိတ်-စေတသိက် ဟူသော နာမ်တရားများ၏ သဘောသည် ရုပ်သဘာဝကဲ့သို့ ဒြပ်သဏ္ဍာန် မရကောင်းပေ။ ဘာ့ကြောင့် ထိုနာမ်တရားအပေါင်း၌ ကြီးကျယ်ထင်ရှားမှုကို ဖြစ်စေနိုင်သော

မဟာဘုတဆိုသည့် မဟာဘုတ် ဓာတ်ကြီး လေးပါး မပါမရှိ မရကောင်းသောကြောင့်ဖြစ်သည်။

ဤ၌ စိတ်ဆိုသော စိတ္တ သဒ္ဒါသည် ဆန်းကြယ်ခြင်းကို ပြုတတ်သည့် အနက်သဘောရှိသည်ဟု ဗုဒ္ဓက ဟောပြခဲ့သည်ကို ဖော်ပြပြီး ဖြစ်သည်။ ထို့ကြောင့် မျက်မှောက်ခေတ်၌ မြင်မြင် သမျှသော အဆန်းတကြယ် ဟူသမျှသည် စိတ်၏ ဆန်းကြယ်မှု ကြောင့် ဖြစ်ရပေသည်။ ဤစကားမှန်ပေသည်။ မည်သူမဆို အရာ တခုခုကို ပထမလုပ်ချင်စိတ်သည် ရှေ့ပြေး ပေါ်လာရသည်။ ဒုတိယ၌လုပ်ချင်စိတ်ရှိသည့်အတိုင်း လုပ်ချင်သည်တို့ကို ပြင်ဆင်မှု ပြုရသည်။ တတိယ၌ကား သို့ပြင်ဆင်မှု ပြုပြီးနောက်မှ စိတ်၏လှုံ့ ဆော်မှုဖြင့် ကိုယ်ထိလက်ရောက် ပြုရစမြဲဖြစ်လေသည်။

ထို့ကြောင့် တော်လှန်ရေးကောင်စီ၏ အဘိဓမ္မာ သစ်၌ (၂) လူနှင့်လူ့လောကအပိုင်း- အပိုဒ် (၇)တွင် "လူ၏စိတ်သည် ရုပ်ခန္ဓာတွင် အမှီပြု၍ ဖြစ်ပျက်နေရသည်မှန်သော်လည်း လူနေမှု ဘဝကိစ္စများတွင် လူ၏ ကာယကံ အလုပ်ကိုသော်ငင်း၊ ဝစီကံ အလုပ်ကိုသော်ငင်း၊ မနောကံ အလုပ်ကိုသော်ငင်း ဦးဆောင် လျက် ရှိသည်"ဟု ဖော်ပြထားခြင်း ဖြစ်လေသည်။

ဤ၌ အချို့က အသံထက် လျင်မြန်သော ဂျက်လေယာဉ်ပျံ ကိုသော်ငင်း၊ သေးငယ်သည့်အပ်ကလေးမှ ကြီးကျယ်သော ဂိုဟ် တုကြီးကို လူကလုပ်သည်ဖြစ်၍ လူသာ ပဓာနဟု ဆိုကြသည်။ ဤအဆိုသည် အပေါ်ယံကြည့်ပြောလျှင် မှန်သည်ဟု ဆိုရမည်။ သို့သော် သဘာဝစစ်စစ်ကို ပြောရလျှင် ဝတ္ထုပစ္စည်းတွေ ဖြစ် အောင် အဆန်းတကြယ် တီထွင် ကြံစည်မှုသည် စိတ်သာဖြစ်၍ စိတ်သာလျှင် ပဓာနဟုဆိုမှ တည့်တည့်မှန်ပေမည်။

အချို့ကမူ လောကီ- လောကုတ်- သဘောတရားရေးနှင့်သမျှ ဝိဇ္ဇာပညာရှင်တို့၏ စိတ်ကူးမှ စတင် ထွက်ပေါ်လာသည်။ လူသုံးကုန် ဝတ္ထုပစ္စည်း မှန်သမျှ သိပ္ပံပညာရှင်တို့၏ စိတ်ကူးမှ စတင် ထွက်ပေါ်လာသည်။ စိတ်၏ စွမ်းအင်သည် အပြုသဘောလဲ သုံးနိုင်၊ အဖျက်သဘောလဲ သုံးနိုင်သည်ဟု အဆိုပြုခြင်းဘို့သည် စိတ်၏ သဘောသဘာဝနှင့်လိုက်လျောညီတွေ ဆိုတတ်ပေသည်ဟု မှတ်ချက်ချမိသည်။

ယခု စိတ်တို့၏သဘောနှင့်စပ်လျဉ်း၍ အနည်းငယ် ဖော်ပြလိုပေသည်။ သိပ္ပံပညာရှင်တို့သည် အလွန်သေးငယ်မာကျောသော (အတွမ်)မှ ခွဲစိတ်၍မရသော ဓာတ်များကို ထုတ်ယူ သုံးဂွဲနိုင်ခြင်းနှင့် ဂြိုဟ်တုဖြင့် လဗိမာန်သို့ အရောက် သွားနိုင်ကြသည်ကို ချီးကျူးရမည်ဖြစ်သည်။ သိပ္ပံပညာရှင်တို့သည် လဗိမာန်သွားနိုင်အောင် (အတွမ်) ခေါ် အဏုမြူရုပ်ကို ခွဲစိတ်၍ လက္ခဏာ သဘောဆိုက်ထိလောက်အောင် တီထွင်နိုင်ကြသည်ကား မှန်၏။ သို့သော် ဤသို့ခွဲစိတ်ပြီး ထိုမှရရှိသည့် (နျူကလီယား)စသော ဓာတ်တို့ဖြင့်ဖန်တီးသောဂြိုဟ်တုအဏုမြူဗုံး စသည်တို့ ဖြစ်ပေါ်အောင် တီထွင်ကြံစည်သောစိတ်ကို သူတို့အသုံးပြုနေသော်သည်း စိတ်၏ စွမ်းအင်ဟု မသိမမြင်သေးဟု ယူဆမိသည်။

အကယ်၍သာ သူတို့ တီထွင်သော၊ သူတို့ အသုံးပြုနေသော စိတ်၏သဘောသဘာဝကို အမှန်အတိုင်းသိမြင်ပြီး ယခု လို့လမျိုး စိတ်မျိုးဖြင့် အားထုတ်ခဲ့သော် ငွေကုန် လူပန်းမဖြစ်ပဲ စိတ်၏ စွမ်းအင်ရှိသူတိုင်း လဗိမာန်ကို အလွယ်တကူ သွားနိုင်ကြပေမည်ဟု ယူဆနိုင်ပေသည်။ စိတ်၏စွမ်းအင် (အား)ဖြစ်အောင် လုပ်ထုံးလည်း ရှိသည်။

ယခု စိတ်၏သဘောကို ဆက်လက် ဖော်ပြပါမည်။ စိတ်၏ သဘောသည် အာရုံကို ရယူနိုင်သည့်သဘော, အာရုံကိုသိသည့် သဘောရှိ၏။ စေတသိက်မှာကား အာရုံနှင့်တွေ့ထိမှု အာရုံခံစားမှု အာရုံကို မှတ်သားမှု-ဟူသော စသည်တို့ကို ဖော်ဆောင်သည့် စေတသိက် ၅၂-ပါးအစုသည် စေတသိက်၏ သဘောစုတို့ ဖြစ်ကြပေသည်။

**အထူးမှာ။** ။စိတ်နှင့်စေတသိက်တို့သည် အတူဖြစ် အတူချုပ် အတူအာရုံကိုယူ အတူဝတ္ထုဌ် မှီကြသော်လည်း စေတသိက်သည် စိတ်၏ ဦးရှေ့ဆောင်မှု မရှိပဲ အာရုံကိုမယူနိုင်ပေ။ ထို့ကြောင့်စိတ်နှင့် စေတသိက်တို့သည် မင်းနှင့်အရံတပ်သားနှင့်တူသည်ဟု ဆိုပေသည်။

မင်း ထွက်တော်မူလျှင် အရံတပ်သားများ အမြဲ ပါရသကဲ့သို့ စိတ်ဆိုလျှင် ဆိုင်ရာစေတသိက်တို့ပါစမြဲဟုသိကြရသည်။

တမျိုးမှာ စိတ်နှင့်ဆိုင်ရာစေတသိက်တို့သည် ရွှေနှင့်ကြေးလို အတူတကွရောပြွမ်း၍ ဖြစ်နိုင်ကြသော်လည်း သဘောချင်းမှာ မတူကြချေ။

ရွှေမှာ မီးမာ၍ ကြေးမှာ မီးပျော့သည့် သဘောရှိသကဲ့သို့ဖြစ်သည်။ ကြေးမှာအညှိတက်သည့်သဘောရှိ၍ ရွှေမှာဤသဘောမျိုးမရှိချေ။

## အသိ ၃ မျိုး

လောက၌ လူတို့ ခေါ်ဝေါ်သုံးစွဲသည့် "သိသည်" ဆိုသော ဝေါဟာရစကားရှိပေသည်။ ယင်း "သိသည်" ဆိုသည့်စကား သည်(၃)မျိုးရှိသည်။ ယင်းတို့သည် စိတ်-စေတသိက် ဟူသော နာမ်တရားချည်းဖြစ်သည်။

၁။ သညာသိ — မှားမှား မှန်မှန်မှတ်သား၍ သိသည်ကို ဆိုသည်။ ပြယုဂ်-၅×၄း သိ ၂၀-ဟူ၍ဖြစ်သည်။

၂။ ပညာသိ — အမှားမရှိ- အမှန်ကို ထိုးထွင်း၍ သိတာကို ဆိုသည်။ ဤအရာသည်ရွှေဖြစ်သည် ဤအနာကား- အဆုတ်နာ- အပူနာ- အအေးနာ ဟု သိတာမျိုးဖြစ်သည်။

၃။ ဝိညာဏ်သိ — အာရုံကို ရအောင်ယူ၍ သိသည်။ ပြယုဂ်မှာ- အဆင်း၊ အသံ၊ အနံ့ စသည်တို့ကိုသိတာမျိုး ဖြစ်သည်။

ဆိုခဲ့ပါအသိ ၃ မျိုးတွင် ဝိညာဏ်သိနှင့် သညာသိသည် တဆက်တည်း တမျိုးတည်းဟု ထင်ရသည်။ သို့သော်တမျိုးတည်း မဟုတ်ပဲ ကိုယ့်ကိစ္စ ကိုယ်ဆောင်ရွက်နေကြသည်။

ဥပမာ-ဟင်းအိုး အတွင်း၌ ရေ-ဆား-ဆီ-ငြုပ်-ကြက်သွန် တို့ အတူတူပါဝင်၍ဟင်းကောင်းသည်ဆိုရာ၌ ရေကြောင့် ဆီကြောင့် ဆားကြောင့်ဟု မပြောနိုင်ပဲ ရေကိစ္စရေကဆောင်၍ ဆီကိစ္စဆီက ဆောင်သကဲ့သို့ ကိုယ့်ကိစ္စကိုယ်ဆောင်နေခြင်းသာဖြစ်သည်။

ထို့အတူ စိတ် စေတသိက်တို့သည် အကူတကွ ဖြစ်ကြသော်လည်း ကိုယ့်ကိစ္စကိုယ်သာ ဆောင်ကြသည်ချည်းဖြစ်သည်။

ထို့ကြောင့် ဝိညာဏ်သိနှင့် သညာသိအထူးကို ဤသို့ခွဲခြမ်းသိရာ၏။

(က) ဒွါရ ၆ ပါး၌ ဆိုက်တိုက်လာသော အာရုံတို့ကို ဤကား အဆင်း-အသံ-အနံ့အစရှိသည်ဖြင့် သိမြင်ဖော်ပြ၍ သွားမှုသည်ဝိညာဏ်၏ သိမှုဟူ၍ မှတ်ရာသည်။

(ခ) ဝိညာဏ်ဖော်ပြ၍သိသွားသမှုကို နောင်မမေ့ရအောင် မှတ်သားမှုပြု၍ သိသမျှသည် သညာသိမှု သာဖြစ်သည်။ဝိညာဏ်သိမှု မဟုတ်ဟုသိရာပေသည်။

(က) ဝိညာဏ်အလိုအားဖြင့် ရှေ့သို့တွေ့ကြုံသမျှကို ထင်မြင်သိသင့်၍သွားရာ၏။ တွေ့ကြုံပြီးကိုပြန်၍ တစုံတခုကိုမျှ မမှတ်မိနိုင်ရာပေ။

(ခ) သညာအလိုအားဖြင့် တွေ့ကြုံဘူးသည်ကိုမှတ်မိ၏။ ရှေ့သို့တစုံတခုကိုမျှ သိမြင်မှုမရှိနိုင်ရာ ပေသတည်း။ ( ကျေးဇူးရှင် လယ်တီဆရာတော်ကြီး)။

ဆိုခဲ့ပါ သိပုံသိမျိုး အဖုံဖုံကို မြတ်စွာဘုရားသည် ကျေကျေလည်လည် ပတ်ပတ်နပ်နပ် စေ့စေ့စပ်စပ် ဟောကြားခဲ့ပေသည်။ သို့သော်သာသနာ၏ အရိပ်နှင့် ကင်းလွတ်နေသူများမှာ အလှမ်းဝေးနေသဖြင့် သိပုံသိနည်းကို အမျိုးမျိုးတွေးတောကြံဆ

ပြောနေသည်ကို တွေ့ကြရသည်။ သူတို့သိဘတ်သည့် စိတ်ကိုယူဆပုံမှာ—

(က) စိတ်ဟူသည် ရုပ်တွေ့၊ တိုးတက်ခြင်း၏ အမြင့်ဆုံးသောပစ္စည်းဟူ၍ရင်း၊

(ခ) စိတ်သည် ရုပ်လှုပ်ရှားမှု ဖြစ်သည်ဟူ၍ရင်း၊

(ဂ) အာရုံငါးပါးသည် ဒွါရငါးပါးနှင့်တွေ့ထိမှုကြောင့် (ပဉ္စာရုံ)ဟု ခေါ်သောအသိစိတ် ငါးပါးဖြစ်ပေါ်ရသည်ဟူ၍ရင်း၊

(ဃ) ယင်းသိစိတ်ငါးပါးသည် လူသား၏ ဦးနှောက်တွင် စိတ်အာရုံများ အဖြစ် ပြောင်းရောက် သွား သည်ဟူ၍ရင်း၊

(င) ပတ်ဝန်းကျင်မှရသည့် အသိစိတ်ငါးပါးကို ဦးနှောက်ဖြင့် သိမ်းဆောင်ထားသည်ဟူ၍ရင်း၊

(စ) စိတ်အာရုံများကို မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်တို့ဖြင့် မသိ၊ ဦးနှောက်ဖြင့်သာ သိနိုင်သည်ဟု ဆိုလေသည်။

အထက်ပါအဆိုပြုချက်များကို ကောက်ချက် ချကြည့်လျှင် ရုပ်နှင့်စိတ် မကွဲပြားပဲ ဦးနှောက်ဟူသောရုပ်ကသာ သိသည်ဟု အဖြေထွက်ပေသည်။

ထိုပုဂ္ဂိုလ်၏ အဆိုပြုချက်တို့တွင် ဒွါရ ငါးပါးနှင့် အာရုံငါးပါး တွေ့ထိမှုကြောင့် (ပဉ္စာရုံ)ဟု ခေါ်သော အသိစိတ်

ငါးပါးဖြစ်ပေါ်သည်ဟု (ပဋ္ဌာန်း)နှင့် အသိစိတ်မကွဲပြားသည်ကို တွေ့ရသည်။ တဖန် ယင်းအသိစိတ် ငါးပါးကို ဦးနှောက်က သိမ်းဆောင်ထားသည်ဟု ဆိုပြန်သည်။ တဖန် စိတ်အာရုံအဖြစ် ပြောင်းရောက် သွားပြန်သည်ဟု ဆိုပြန်သည်။ နောက်ဆုံးအပိုဒ်၌ ဦးနှောက်ကသာ သိသည်ဟူ၍ ဆိုသည်။

ထိုပုဂ္ဂိုလ်၏အဆိုပြုချက်တို့ကို သေသေချာချာ စိစစ်ကြည့်လျှင် လှေမလှော်တတ်သည့်သူသည် လှေပဲ့မှ ကိုင်လှော်သော အခါ လှေဦး ဟိုရောက်ဒီရောက် ဖြစ်နေတာမျိုးနှင့် တူနေသည်။

အချို့အပိုဒ်၌ အသိစိတ်ငါးပါးကို ဦးနှောက်တွင် သိမ်းဆောင်ထားပြီး စိတ်အာရုံ ပြောင်းသွားသည် ဆိုကာ ထိုစိတ်အာရုံတို့ကို ဦးနှောက်ကသာ သိသည် ဆိုပြန်သည်။

အသိစိတ်များကို ဦးနှောက်က သိမ်းဆောင် ထားသည်ဟု ဆိုဆို၊ မျိုထားသည်ဟု ဆိုစေကာမူ အသိတရားကို ဦးနှောက်က မသိနိုင်ပါ၊ ဥပမာ ခေတ်ပြားတို့၊ တိပ်ခွေကြိုးတို့သည် သီချင်းများကို သိမ်းပိုက်ထားသည် မှန်သော်သည်း သူတို့ သိမ်းပိုက်ထားသော သီချင်းကို မသိသကဲ့သို့ ဖြစ်သည်။

ဤအချက်များနှင့်စပ်လျဉ်း၍ အသိတရားဟူသည် ဦးနှောက်က သိသလော၊ စိတ်ကသိသလော၊ ဆိုသည်တို့ကို စိစစ်ဖို့ လိုပေသည်။ သို့သိရလေအောင် အောက်ပါအတိုင်း ကောက်ချက်ချ ကြည့်ကြစို့။

၁။ ဦးနှောက်သည် ရုပ်လော၊ စိတ်လော၊

၂။ ရုပ်တရားသည် သိမှုကို ဆောင်နိုင်သလော၊ စိတ်တရားသည် သိမှုကိုဆောင်နိုင်သလော ဟူ၍ပင် ဖြစ်သည်။

၁။ ကောက်ချက်၌ ဦးနှောက်သည် စိတ်မဟုတ်ပါ၊ရုပ်သာ ဖြစ်ပေသည်။

ရုပ်ဖြစ်ကြောင်းမှာ ထိုရုပ်တရား၌ မာမှု၊ ပျော့မှု သဘော တခုခုရှိရမည်။ ဖွဲ့စေးမှု၊ ယိုစီးမှု သဘောတခုခု ရှိရမည်၊ ပူမှု အေးမှု သဘောတခုခု ရှိရမည်။ ထောက်ကန်မှု၊ လှုပ်ရှားမှု သဘောတခုခု ရှိရမည်။

အဆင်းသဘော၊ အနံ့သဘော၊ အရသာသဘော ရုပ်ကို ပွားများစေသည့် အဆီအစေး ဩဇာသဘော ရှိရမည်။ ဆိုလိုသည်မှာ အဋ္ဌကလာပ် ရုပ်ရှစ်ခုရှိရမည်ဟု ဆိုသည်။

ထို့ကြောင့် ဦးနှောက်မှာ ဤအဋ္ဌကလာပ်ရုပ်များ ရှိနေသောကြောင့် ရုပ်အစစ်ဖြစ်ပေသည်။

၂။ ကောက်ချက်၌ ရုပ်တရားသည် သိမှုကို မဆောင်နိုင်ပါ၊ စိတ်တရားသာလျှင် သိမှုကို ဆောင်ပါသည်။

ဤအဖြေသည် ဗုဒ္ဓ၏အဘိဓမ္မာနှင့်လည်းကိုက်ညီ၍ တော်လှန်ရေးကောင်စီ၏ ချမှတ်ထားသော အဘိဓမ္မာသစ်အညမည သဘောတရားနှင့်လည်း ကိုက်ညီပါသည်။

ကိုက်ညီပုံမှာ ထိုအဘိဓမ္မာသစ် သဘောတရား(၂) လူနှင့်လူ့လောကအပိုင်း၊အပိုဒ်(ခ) အပိုဒ်ငယ်(၂)၌.... "လူ၏ရုပ်ခန္ဓာတွင် အမှီပြုနေသောစိတ်သည် စိတ်သာဖြစ်၍ ရုပ်ဝတ္ထု အကောင်အထည်မဟုတ်ချေ၊ စိတ်သည် သိခြင်းတည်းဟူသော သဘောပင် ဖြစ်သည်...."။

ထိုအပိုဒ်ခွဲ(ခ)အပိုဒ်ငယ်(၃)၌.... "မသိတတ်သော ရုပ်ဓာတ်

နှင့် သိတတ်သော စိတ်ဓာတ်တို့သည် ခြားနားသော သဘာဝဓမ္မ ၂-ရပ်ပင် ဖြစ်သည်ဟူ၍ပင် ဖြစ်သည်။

ဤသိမှုနှင့်ပတ်သက်၍ ကိုယ်တွေ့ စိစစ်ကြည့်ဦးစို့။ ကျွန်ုပ်တို့၏ သန္တာန်၌ရှိသောစိတ်သည် အာရုံနှင့် ဒွါရ တိုက်ဆိုင် လာလျှင် မည်သည့်ဘုရားမှ တားဆီးမရပဲ၊ ကောင်းတာရော၊ မကောင်းတာ ရော၊ အလိုရှိတာရော၊ အလိုမရှိတာရော မြင်သိ၊ ကြားသိ၊ နံသိ၊ စားသိ၊ ထိသိ စိတ်များဖြစ်ပေါ်နေကြရသည်မှာ ကိုယ်တွေ့ဖြစ်ကြ သည်။

ဥပမာ— မျက်စိနှင့် ရှေ့နေသော အနူ၏ရုပါရုံ တိုက်ဆိုင် လိုက်လျှင် မြင်သိစိတ်ဖြစ်ပေါ်ရသည်။ ခွေးအူသံနှင့် နားတိုက် ဆိုင်လျှင် ကြားသိစိတ်၊ အပုပ်နံ့နှင့် နှာခေါင်း တိုက်ဆိုင်လျှင် နံသိစိတ်၊ အရသာနှင့် လျှာတိုက်ဆိုင်လျှင် လျှာသိစိတ်၊ ကိုယ် ကာယနှင့် တွေ့ထိမှု တိုက်ဆိုင်လျှင် ကိုယ်သိစိတ်များ ဖြစ်ရသည် ချည်း ဖြစ်သည်။

ဤသိစိတ်မျိုးသည် လူဘစုံတယောက် ထည်း၌သာ သိသည် မဟုတ် လူတိုင်းကိုယ်တွေ့ဖြစ်သည်။ ထို့ကြောင့် ဦးနှောက်က သိသည်မသိသည်ကို ဆက်၍စိစစ်ကြည့်ဦးစို့။

စိတ်၏သဘောသည် ထိန၊ မိဒ္ဓ စေတသိက်ဘို့နှင့် ယှဉ်တွဲရ သောအခါ အလွန်ထိုင်းမှိုင်းလေးလံပြီး အိပ်ချင်မူးဘူး ဖြစ်လာ လေသည်။ ထိုသို့ ဖြစ်လာသောအခါ အာရုံအမျိုးမျိုးကိုယူ၍ ပျော်မွေ့နေသော ဝိထိစိတ်သည် ငြိမ်သက်သော အာရုံသစ်ကို မယူသော ဘဝင်စိတ်အဖြစ်ကူးပြောင်း ကျရောက်သွားပြီး အိပ် ပျော်သွားလေသည်။ (အိပ်ပျော်သည့်စိတ်ကို ဘဝင်စိတ်ဟု ဆိုပါ သည်)။

ထိုသို့အိပ်ပျော်ပြီး ဘဝင်စိတ် ကျနေသောအခါ အာရုံနှင့် ဒွါရတိုက်ဆိုင်မှုများ ရှိသော်လည်း အသိစိတ်များ အကြောင်း အားလျော်စွာဖြစ်ပေါ်ခြင်းမရှိပေ။ ယင်းအကြောင်းမှာ ဘဝင် စိတ်သည် အတိတ်က ပဋိသန္ဓေစိတ်ယူခဲ့သော အာရုံ အပေါ်၌ နှလုံးသွင်း ဆင်ခြင်နေသော အကြောင်းကြောင့် ဖြစ်လေသည်။ ဆိုလိုသည်မှာ အာရုံသစ်၌ဘဝင်စိတ်သည် မနသိကာရ ဟူသော နှလုံးသွင်းဆင်ခြင်မှုမရှိသောကြောင့် မသိဟုဆိုလိုသည်။

သို့ဖြင့် စိတ်က သူ့အကြောင်းနှင့်သူ အသိစိတ် မဖြစ်ပေါ် နိုင်သည်ကိုဖော်ပြပြီး၍ ထိုသို့အသိကို စိတ်က မသိဟု ဆိုလျှင် ဦးနှောက်က သိနေရပေမည်။ ဘာ့ကြောင့် ဦးနှောက်က မသိရ သနည်းဆိုသော မေးခွန်းပေါ်လာရပြန်သည်။

ဤမေးခွန်းကို ရှင်းရှင်းဖြေဆိုရလျှင် အထက်၌ ဖော်ပြခဲ့သည့် အတိုင်း ဦးနှောက်သည်ရုပ်ဖြစ်၍ ရုပ်သည် သိခြင်း သဘောကို မဆောင်နိုင်သောကြောင့်ဟုဖြေဆိုရန်မှတပါး အခြားအကြောင်း မရှိချေ။

ထို့ကြောင့် အာရုံငါးပါးကို သိသောအရာသည် စိတ်က သိသည် ဦးနှောက်က သိသည်ဆိုသော အချက်တို့ကို မှန်မမှန်၊ ယုတ္တိ ရှိ၊ မရှိ သိရလေအောင် မြန်မာဆံဆံ၊ ကိုယ့်နည်း ကိုယ့်ဟန် ကိုယ့်အဘိဓမ္မာသံပါသော ကိုယ့်ယဉ်ကျေးမှုပုံစံဖြင့် အာဂမယုတ္တိ သဘာဝယုတ္တိဆိုက်အောင် ကြည့်ရှုသုံးသပ်ပါက အမှန်မြင်တွေ့ နိုင်မည်ဟု ဖော်ညွှန်းပြလိုက်ရပေသည်။

## စေတသိက်နှင့် ယှဉ်တွဲဖြစ်ပေါ်ခြင်းဆိုင်ရာ

ဝေဒနာသင်္ဂဟဆိုသည်ကား ခံစားပုံ အစုတို့ကို ဖော်ပြသည့် အပိုင်းဖြစ်သည်။ ဤဝေဒနာသင်္ဂဟအပိုင်း၌ (၁) အနုဘဝန လက္ခဏာ မှတ်သားပုံရှိသော ဝေဒနာနှင့် (၂) ဣန္ဒြိယဘေဒ အားဖြင့် အစိုးတရ၊ အုပ်စိုးခံစားပုံဝေဒနာအပြားကို ဖော်ပြ သည့်အပိုင်းဟူ၍ ၂-ပိုင်း ရှိပေသည်။

(၁) အနုဘဝန လက္ခဏာ မှတ်သားပုံ၌ ဝေဒနာ ၃-မျိုး ရှိသည်။

### မှတ်သားပုံ ဝေဒနာ ၃-မျိုး။

၁။ သုခဝေဒနာ=ချမ်းသာကို ခံစားပုံ ဝေဒနာ။

၂။ ဒုက္ခဝေဒနာ=ဆင်းရဲကို ခံစားပုံ ဝေဒနာ။

၃။ ဥပေက္ခာဝေဒနာ=ချမ်းသာကိုလည်း မခံစား၊ ဆင်းရဲကိုလည်းမခံစားပဲ လျစ်လျူပြု၍အလယ်အလတ်ခံစားပုံ ဝေဒနာတို့ ဖြစ်ကြသည်။

(၂) ဣန္ဒြိယဘေဒ အစိုးတရ၊အုပ်စိုးခံစားပုံ အပြားအားဖြင့် ၅-မျိုးရှိသည်။

## အစိုးတရ အုပ်စိုးပုံဝေဒနာ အပြား ၅-မျိုး။

၁။ သုခဝေဒနာ=ကိုယ်၌ အစိုးတရ ချမ်းသာစွာ ခံစားပုံ ဝေဒနာ။

၂။ ဒုက္ခ ဝေဒနာ= ကိုယ်၌ အစိုးတရ ဆင်းရဲစွာ ခံစားပုံ ဝေဒနာ။

၃။ ဥပေက္ခာဝေဒနာ= ချမ်းသာကိုလည်းမခံစား၊ ဆင်းရဲကိုလည်းမခံစားပဲ၊ လျစ်လျူပြု၍ အစိုးတရ အလယ်အလတ်ခံစားပုံ ဝေဒနာ။

၄။ သောမနဿ ဝေဒနာ=စိတ်၌ အစိုးတရ ချမ်းသာစွာ ခံစားပုံ ဝေဒနာ။

၅။ ဒေါမနဿ ဝေဒနာ = စိတ်၌အစိုးဘရ ဆင်းရဲစွာခံစားပုံ ဝေဒနာတို့ ဖြစ်ကြသည်။

## ဝေဒနာနှင့် စိတ် ယှဉ်ပုံ။

ဆိုခဲ့ပါဝေဒနာ ၅-မျိုးနှင့် ယှဉ်သော စိတ်များ၏ အချုပ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

| | | |
|---|---|---|
| ၁။ | သုခဝေဒနာနှင့်ယှဉ်သောကာယဝိညာဏ်စိတ် | ၁-ပါး |
| ၂။ | ဒုက္ခဝေဒနာနှင့်ယှဉ်သောကာယဝိညာဏ်စိတ် | ၁ ။ |
| ၃။ | သောမနဿဝေဒနာနှင့်ယှဉ်သောစိတ်ပေါင်း | ၆၂ ။ |
| ၄။ | ဒေါမနဿဝေဒနာနှင့်ယှဉ်သောစိတ်ပေါင်း | ၂ ။ |
| ၅။ | ဥပေက္ခာဝေဒနာနှင့်ယှဉ်သောစိတ်ပေါင်း | ၅၅ ။ |
| | ပေါင်း- | ၁၂၁-ပါး |

တို့ ဖြစ်ကြသည်။

မှတ်ချက်။ ။ စိတ်တိုင်းတို့၌ ဝေဒနာစေသော အလုံးစုံသော စိတ်တို့နှင့် ယှဉ်သော စေတသိက် ၇-ပါးစလုံး ယှဉ်ကြသည်။

ဤဝေဒနာ သင်္ဂဟသည် လူစသော သတ္တလောကသားတို့နှင့် ထိတွေ့ဆက်ဆံနေသော တရားဖြစ်သည်။ ချမ်းသာသည်၊ ဆင်းရဲသည်၊ ဝမ်းမြောက်သည်၊ ဝမ်းနည်းသည်တို့ကို တခုမဟုတ် တခု တွေ့နေကြရသည်။ ယင်းဝေဒနာကို တွေ့သိခြင်းသည် စိတ်ကို တွေ့သိနေသည်မည်၏။ ထို့ကြောင့် အထက်၌ ဝေဒနာအမျိုးမျိုး ဆက်ဆံယှဉ်ပုံဖြင့် ထင်ရှား၏။

ဤသည်ကား ဝေဒနာ အပြား ၅-ပါးနှင့်တကွ ဝေဒနာ၏ လက္ခဏာ အမှတ်အသား၊ ဝေဒနာနှင့် စိတ်ယှဉ်ပုံ သဘောအကျဉ်း ဖော်ပြချက် ဖြစ်သည်။ အကျယ်ကို သင်္ဂြိုဟ် ကျမ်း များ မှာ ရှုပါ။

## (၂) ဟေတုသင်္ဂဟ

ဟေတုသင်္ဂဟ ဆိုသည်ကား အကျိုးတရားကို ဖြစ်စေတတ်သော ဇစ်မြစ် မူလဘူတ အကြောင်းရင်းသည် ဟေတု- ဟိတ်မည်သည်ဟု ဆိုသည်။

ထို့ကြောင့် ကျေးဇူးရှင် လယ်တီ ဆရာတော်ကြီးက "ရေသောက်မြစ်နှယ်၊ ကျေးဇူးကြွယ်၊ ကြီးကျယ်ကြောင်းရင်းများ" ဟူ၍ သင်္ဂြိုဟ်သံခိပ်ကျမ်း၌ ဖော်ညွှန်းခဲ့ပေသည်။

ဤ ဟေတုသင်္ဂဟသည် လူစသည့် သတ္တဝါတို့၌ အလွန်အရေးပါပေသည်။ ယင်းမူလဘူတ အကြောင်းရင်းဖြစ်သော ဟေတုဟိတ်တရားသည် သတ္တလောကသားတို့ အတွက် အကြောင်း

အကျိုး ကောင်းအဆိုးကို မိမိတို့အပျော်က ဖန်တီးနိုင်သည့် လမ်းနှစ်သွယ် ပါရှိပေသည်။

## လမ်းနှစ်သွယ်ကား

၁။ ကောင်းသော အလုပ်ကံ ကုသိုလ်လမ်းသွယ်နှင့်

၂။ မကောင်းသော အလုပ်ကံ အကုသိုလ် လမ်းသွယ်တို့ ဖြစ်ကြသည်။

၁။ ကောင်းသော အလုပ်ကံ ကုသိုလ်လမ်းသွယ်သို့ လိုက်ပါ လုပ်ကိုင်သူသည် အကြောင်း ညီသောအခါ မုချကောင်းကျိုး ခံစားရမည်။

၂။ မကောင်းသော အလုပ်ကံ အကုသိုလ်လမ်းသွယ်သို့ လိုက်ပါသူသည် နွား၏ ခြေရာနောက်သို့ လှည်းဘီး လိုက်ရသကဲ့သို့ အကြောင်းညီသောအခါ မုချမကောင်းကျိုးကို ခံစားရပေမည်။

ဥပမာ မျိုးစေ့သည် မြေ ရေ စသည်တို့နှင့် အကြောင်းညီလျှင် အပင်ပေါက်ရောက် ရှင်သန်သကဲ့သို့တည်း။

ယခု ဖော်ပြမည့် ဟေတုသဂ်ဟသည် အစုအားဖြင့် ပိုင်းခြား ဖော်ပြသော အပိုင်းဖြစ်သည်။ ယင်းဟေတုပိုင်း၌ ဟိတ်တို့သည် ကား (၁) လောဘဟိတ် (၂) ဒေါသဟိတ် (၃) မောဟ ဟိတ်ဟူသော အကုသိုလ်ဟိတ် ၃-ပါး။ (၁) အလောဘဟိတ် (၂) အဒေါသဟိတ် (၃) အမောဟဟိတ်ဟူသော ကုသိုလ်ဟိတ် ၃-ပါးနှင့် အကျိုး ဝိပါက်ပြုကာမတ္တ ကြိယာဟုဆိုအပ်သော (၁) အလောဘဟိတ် (၂) အဒေါသဟိတ် (၃) အမောဟ ဟိတ်ဟူသော အဗျာကတဟိတ် ၃-ပါးအားဖြင့် ဟိတ် ၉-ပါး ရှိလေသည်။

ဤ ဟိတ် ၉-ပါးရှိရာ၌ ကုသိုလ်ဟိတ် ၃-ပါးနှင့် အဗျာကတ ဟိတ် ၃-ပါးသည် တရားကိုယ်ချင်း တူသည်ကတကြောင်း၊ ပုဂ္ဂိုလ် အားဖြင့် ပုထုဇဉ်ပုဂ္ဂိုလ်နှင့် သောတာပန်ပုဂ္ဂိုလ်တို့၌ ရအပ်သော ဟိတ် ၆ ပါးချင်း တူနေသောအကြောင်းကြောင့် ဤ ဟိတ် ၆ ပါးကိုသာ ဖော်ပြဆွေးနွေးကြပါစို့။

ယင်းဟေတုသင်္ဂဟ၌ ဟိတ် ၆-ပါးရှိသည်။

## ဟိတ် ၆ ပါး

**အကုသိုလ်ဟိတ် ၃ ပါး**

- ၁ လောဘဟိတ် = လိုချင်မက်မောမှု
- ၂ ဒေါသဟိတ် = အမျက်ထွက်မှု ပူလောင်မှု
- ၃ မောဟဟိတ် = မသိမမြင်မှု တွေဝေမှု

**ကုသိုလ်ဟိတ် ၃ ပါး**

- ၄ အလောဘဟိတ် = မလိုချင်မှု စွန့်ကြဲ ပေးကမ်းမှု
- ၅ အဒေါသဟိတ် = အမျက်မထွက်မှု မေတ္တာရှိမှု
- ၆ အမောဟဟိတ် = အမှန်ကိုထိုးထွင်းသိမြင်မှု

တို့ ဖြစ်ကြသည်။

## အဟိတ်အကျိုးဆက်တရားများ

ထိုဟိတ် ၆ ပါးနှင့် နှီးနွှယ်နေသော အကျိုးဆက်တရားများ လည်း ရှိသေးသည်။ ယင်းတို့မှာ....

၁ လောဘမူစိတ်၏ အထူးမှာ လောဘဟိတ်ဖြစ်သည်။ ယင်း လောဘစိတ်၌ ပါရှိသော အကျိုးဆက်တရား အယူမှားသော ဒိဋ္ဌိ

နှင့် ငါဟု ထောင်လွှားသော မာနဘေးသည် လောဘဟိတ်၏ အကျိုးဆက်မည်၏။

၂ ဒေါသမူစိတ်၏ အထူးကား ဒေါသဟိတ်ဖြစ်၏။ ယင်းဒေါသစိတ်၌ ပါရှိသော အကျိုးဆက်များမှာ သုတပါးဂုဏ်စည်းစိမ်ချမ်းသာကို ငြူစူစောင်းမြောင်းခြင်း- ဣဿာ၊ မိမိဥစ္စာကို ဝန်တိုနှမြောခြင်း- မစ္ဆရိယ၊ လုပ်ခဲ့မိလေခြင်း မလုပ်ခဲ့မိလေခြင်းဟု နောင်တရ ပူပန်ခြင်း- ကုက္ကုစ္စတို့သည် ဒေါသဟိတ်တို၏ အကျိုးဆက် မည်သည်။

၃ မောဟမူစိတ်၏ အထူးမှာ ကြွင်းသောဟိတ် ၅ ပါးသည် မောဟလျှင် အမြစ်ရင်း၊ အကြောင်းရင်း ဖြစ်ပြန်၏။ ထို့ကြောင့် ယင်းမောဟသည် မူလဘူတ ဟေတု ဟေတုမည်၏။

ထို့ကြောင့် တပ်မက်ခြင်း၊ အမျက်ထွက်ခြင်းတို့သည် မိုက်မဲတွေဝေခြင်းဟု ဆိုအပ်သော အကုသိုလ်တို့၏အချုပ် သူမပါလျှင် အလုပ်မပြီးနိုင်သော မောဟ၏ အကျိုးဆက် အကိုင်း အခက်တို့သာတည်း။ လောကီဆိုင်ရာ ပကာသန အသိုင်းအဝိုင်းနှင့် ပေးလှူကြသော လောကီ အလောဘ ကုသိုလ်များသည်လည်း အဝိဇ္ဇာ နုသယနှင့်တကွ ဖြစ်နေကြ၏။ ထိုကုသိုလ်မျိုးသည် သာသဝ သံကိလေသိကခမ္မတို့ ဖြစ်သဖြင့် မောဟ၏ အကျိုးဆက် အကိုင်းအခက် အောက်မှာပင် ရှိလေသတည်း။

ကုသိုလ်စိတ်တို့၏ အထူးမှာကား အလောဘ, အဒေါသ, အမောဟတို့ပေတည်း။ ယင်း ကုသိုလ်ဟိတ်တို့၏ အကျိုးဆက်များမှာ သဒ္ဓါ- ကြည်ညိုမှု၊ ဟိရီ- မကောင်းမှုမှ ရှက်ခြင်း၊ ဩတ္တပ္ပ-

မကောင်းမှုမှ ကြောက်ခြင်းတို့သည် ကုသိုလ်ဟိတ် ၃ ပါး၏ အကျိုးဆက် အကိုင်းအခက်များ ဖြစ်ကြသည်။

## ဟိတ်တို့ပျံ့နှံ့ပုံ

ဆိုခဲ့ပါ ဟိတ် ၆ ပါးသည် ရုပ်နှင့်နာမ်တရား ၂ ပါးရှိသည့်အနက် အဘယ်တရား၌ ပျံ့နှံ့ဖြစ်စေသနည်းဟူမူ မူလဘူတ ကြောင်းရင်းဖြစ်သော ဟိတ်တရား ၆ ပါးသည် စိတ်ဟူသော နာမ်တရားတို့အပေါ်၌သာလျှင် ကုသိုလ်၏အဖြစ်၊ အကုသိုလ်၏ အဖြစ်စသော ကိစ္စကို ပျံ့နှံ့စေပါသည်။ ရုပ်တရားတို့အပေါ်၌ ကား မပျံ့နှံ့နိုင်ပါ။ သို့သော် ရုပ်တရားတို့၌ မှီရုံမျှကား မှီပါသည်။ ဟိတ်ကြောင့်ဖြစ်သော သဟိတ်စိတ္တဇ- စိတ်ကြောင့် ဖြစ်သော ရုပ်တို့သည် ဟိတ်တို့၏အကျိုး ဖြစ်သောကြောင့် ဟေတုပစ္စယုပ္ပန်- အကျိုးတရား၌ ပါဝင်ကြကုန်၏။

## စိတ်နှစ်မျိုးပြားပုံ

ဤ ဟေတုသင်္ဂဟ အပိုင်း၌ လောဘစသော ဟိတ် ၆ ပါးနှင့် မယှဉ်သော အဟိတ်စိတ်တမျိုးနှင့် ဟိတ် ၆ ပါးနှင့် ထိုက်သင့်သလိုယှဉ်သော သဟိတ်စိတ်မျိုးဟူ၍ ၂ မျိုးပြားလျက်ရှိပေသည်။ ဆိုခဲ့ပါစိတ်နှစ်မျိုးတွင်....

၁ အဟိတ်စိတ်ဟူသည် သတ္တဝါတို့အား ဘဝအသစ်ဖြစ်ရန် ကျေးဇူးပြုနိုင်သောအကြောင်း မရှိ၍ အဟိတ်စိတ်မည်သည်။

၂ သဟိတ်စိတ်များမှာကား သတ္တဝါတို့အား ဘဝသစ်၌ ဖြစ်ပေါ်စေရန် ကျေးဇူးပြု ဖန်ဆင်းနိုင်သော အကြောင်းရှိ၍ သဟိတ်စိတ် မည်ပေသည်။

စိတ် ၈၉-ပါး ရှိသည့်အနက် အဟိတ်စိတ်အရနှင့် သဟိတ်စိတ် အရမှာ၊

| | |
|---|---|
| အဟိတ် စိတ် | ၁၈-ပါး |
| သဟိတ် စိတ် | ၇၁- ။ |
| ပေါင်း | ၈၉-ပါး ဖြစ်ကြသည်။ |

အဟိတ်စိတ် ၁၈-ပါးကား—

| | | |
|---|---|---|
| ၁။ | ပဉ္စဒွါရာဝဇ္ဇန်းစိတ် | ၁-ပါး |
| ၂။ | ဒွေပဉ္စဝိညာဏ်စိတ် | ၁၀- ။ |
| ၃။ | သမ္ပဋိစ္ဆိုင်းဒွေစိတ် | ၂-။ |
| ၄။ | သန္တီရဏစိတ် | ၃-။ |
| ၅။ | ဝုဋ္ဌော(မနောဒွါရာဝဇ္ဇန်းစိတ်) | ၁-။ |
| ၆။ | ဟသိတုပ္ပါဒစိတ် | ၁-။ |
| | ပေါင်း | ၁၈-ပါး ဖြစ်သည်။ |

သဟိတ်စိတ်တို့ကား—

| | | |
|---|---|---|
| ၁။ | အကုသိုလ်စိတ် | ၁၂-ပါး |
| ၂။ | ကာမာဝစရသောဘဏစိတ် | ၂၄-။ |
| ၃။ | ရူပါဝစရစိတ် | ၁၅-။ |
| ၄။ | အရူပါဝစရစိတ် | ၁၂-။ |
| ၅။ | လောကုတ္တရာစိတ် | ၈-။ |
| | ပေါင်း | ၇၁-ပါး ဖြစ်သည်။ |

ထိုသဟိတ်စိတ် ၇၁-ပါးမှ ဟိတ် ၁မျိုး၊ ၂မျိုး၊ ၃မျိုး အား ဖြင့် စိတ်အရေများမှာ—

၁။ ဟိတ်တမျိုးသာ ရသည့် ဧကဟိတ်စိတ်မှာ—

မောဟမူစိတ် ၂-ပါး
၂။ ဟိတ်-၂-မျိုးရဒွိဟိတ်စိတ်မှာ ၂၂-။
၃။ ဟိတ်-၃-မျိုးရတိဟိတ်စိတ်မှာ ၄၇-။
ပေါင်း ၇၁-ပါး ဖြစ်သည်။

ဤသည်တို့ကား သတ္တလောကသားတို့နှင့် ဆက်ဆံနေ သော ထိုဟေတုသင်္ဂဟကို အကျဉ်း ဖော်ပြချက် ဖြစ်ပေသည်။ အကျယ်ကို သင်္ဂြိုဟ်ကျမ်းများ၌ ဖတ်ရှုပါလေ။

## (၃) ကိစ္စသင်္ဂဟ

ကိစ္စသင်္ဂဟ ဆိုသည်မှာ စိတ်အစုတို့၏ ဆိုင်ရာ ဆိုင်ရာ လုပ် ဆောင်ချက်တို့ကို ဖော်ပြသော အပိုင်းဖြစ်သည်။ ဤတွင် စိတ်၏ လုပ်ဆောင်ချက်ဆိုသည်မှာ အဘယ်နည်း ဟူမူ ခုဆိုသည့် ဘုရား ကမှ ဖန်ဆင်း၍ လုပ်ဆောင်နေခြင်းမျိုး မဟုတ်၊ ဓမ္မနိယာမဟု ဆိုအပ်သော စိတ္တနိယာမ၏ စွမ်းရည်အလျောက် သူ့သဘော သူဆောင်နေခြင်းမျှသာ ဖြစ်ပေသည်။

ထိုစိတ်သည် သူ့ကိစ္စကို သူပြုလုပ်နေသည့် ကိစ္စ များမှာ ၁၄ မျိုး ရှိသေသည်။

## စိတ်ကိစ္စ ၁၄-မျိုး

| | |
|---|---|
| ၁။ ပဋိသန္ဓေကိစ္စ | ၈။ သာယနကိစ္စ |
| ၂။ ဘဝင်ကိစ္စ | ၉။ သမ္ပဋိစ္ဆိုင်းကိစ္စ |
| ၃။ အာဝဇ္ဇန်းကိစ္စ | ၁၀။ သန္တီရဏကိစ္စ |
| ၄။ ဒဿနကိစ္စ | ၁၁။ ဝုဋ္ဌောကိစ္စ |
| ၅။ သဝနကိစ္စ | ၁၂။ ဇောကိစ္စ |
| ၆။ ဃာယနကိစ္စ | ၁၃။ တဒါရုံကိစ္စ |
| ၇။ သာယနကိစ္စ | ၁၄။ စုတိကိစ္စတို့ ဖြစ်၏။ |

အမှာ။ ပါဠိဝေါဟာရသည် မြန်မာ ဘာသာကို ကြွယ်ဝ စေပါသည်။ ထို့ကြောင့် ပါဠိကို တစ,တစ လေ့လာ သင့်ပေသည်။

၁။ ပဋိသန္ဓေ ကိစ္စ ဆိုသည်မှာ ဆက်စပ်မှုသည် ပဋိသန္ဓေ မည်၏။ ထိုပဋိသန္ဓေ၏ ကိစ္စမှာ ဘဝဟောင်းမှ စုတိကျသေဆုံးပြီး အခြားမဲ့၌ တခဏမျှ ရပ်နားခြင်းမရှိပဲ ဘဝသစ်တခု၌ ရှေးဦးစွာ စိတ်၏ ဖြစ်ပေါ်ခြင်းသည် ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်ပေးသကဲ့သို့ ဖြစ်သည်။ ထိုသို့ ဆက်စပ်ပေးမှုကြောင့် သတ္တဝါတို့၏ ခန္ဓာအစဉ်သည် ပြတ်ကင်း ချုပ်ငြိမ်း မသွားပဲ ဘဝဟောင်းကို စွန့်လွှတ်ပြီးနောက် ဘဝသစ်၌ ဆက်လက် ဖြစ်ပေါ်အောင် ဆက်စပ်ပေးမှုသည် နိယာမအားဖြင့် ရှိ၏။ ထိုသို့ ဆက်စပ်ပေးမှု ပြုလုပ်ခြင်းသည် ပဋိသန္ဓေကိစ္စ မည်သည်။

ပြယုဂ်– ဤမှာဘက်ကမ်းမှ (ဟော)ဟု ဟစ်ကြွေးလိုက်သော အသံသည် ဟိုမှာဘက်ကမ်းမှ တောအုပ်နှင့် ရိုက်ခတ်၍ ထွက်ပေါ်လာသော(ဟော)ဟူသော ပဲ့တင်သံ ကဲ့သို့တည်း။

ဘဝင်ကိစ္စ ဟူသည်ကား စုတိစိတ် ချုပ်ဆုံးပြီး နောက် ပဋိသန္ဓေစိတ်က ဆက်စပ်ပေးလို့ ဘဝသစ်၌ ရှေးဦးစွာ ဖြစ်ပေါ်လာသော စိတ်ကိုဘဝင်စိတ်ဟု ဆိုသည်။ ယင်းဘဝင်စိတ်၏ ကိစ္စမှာ သတ္တဝါ၏ ကံအရှိန်အားလျော်စွာ ရှိနေသမျှ အမြဲ မပြတ်အောင် ဆက်စပ်ပေးနေသည့် အလုပ်ကိစ္စကိုပြုလုပ်ခြင်းဖြစ်သည်။

ပြယုဂ်– မြစ်ရေအလျဉ်သည် အစဉ်စီးဆင်း နေသကဲ့သို့ ၎င်း၊ မီးအလျှံသည် မီးစာ၊ ဆီတို့ ရှိသမျှ မီးအလျှံ ဖြစ်ပေါ် နေသကဲ့သို့ တည်း။

၃။ အာဝဇ္ဇန်းကိစ္စဆိုသည်မှာ နှလုံးသွင်း ဆင်ခြင်သည့်ကိစ္စကိုဆိုသည်။ ထိုအာဝဇ္ဇန်းကိစ္စမှာ ဆိုင်ရာဒွါရနှင့် အာရုံသစ်တို့ ထိခိုက် ထင်လာသောအခါ ထိုအာရုံသစ်ကို ဘာပါလိမ့်မလဲ ဟူသည့် ဆင်ခြင်မှုဖြစ်သည်။ ထို့ပြင် ယင်းအာဝဇ္ဇန်းကိစ္စသည် အာရုံသစ်ထိခိုက်မထင်လာမီ ကံ-ကမ္မနိမိတ် တခုခုကို အာရုံပြုနေသော ဘဝင်စိတ်ကိုလည်း ရပ်တန့်သွားစေမှုကိုလည်း ပြုလုပ်ဆောင်ရွက်ပေးသေးသည်။

ပြယုဂ်– ဘဝင်စိတ်သည် အာရုံဟောင်းကိုယူ၍ အိပ်ပျော်နေသောအခါ၊ မေ့မောနေသောအခါ၊ အာရုံနှင့်

ဒွါရ တွေ့ထိသော်လည်း ဘာကိုမျှ အာရုံမယူနိုင်ပဲ မသိနိုင်ပဲ နေသည်။ သို့သော် အိပ်ရာမှ နိုးလာသော အခါ၊ အမေ့ပျောသွားသောအခါ၊ အာရုံနှင့်ဒွါရ ထိတွေ့လျှင် အာရုံသစ်ကို နှလုံးသွင်း ဆင်ခြင်နိုင်သကဲ့သို့ ဖြစ်သည်။

၄။ ဒဿနကိစ္စမှာကား- မြင်ခြင်းကိစ္စကို ပြုလုပ်သည်။

၅။ သဝနကိစ္စမှာ- ကြားခြင်းကိစ္စကို ပြုလုပ်သည်။

၆။ ဃာယနကိစ္စမှာ- နံခြင်းကိစ္စကို ပြုလုပ်သည်။

၇။ သာယနကိစ္စကား- အရသာကိစ္စကို ပြုလုပ်သည်။

၈။ ဖုသနကိစ္စမှာ တွေ့ထိခြင်းကိစ္စကို ပြုလုပ်သည်။

၉။ သမ္ပဋိစ္ဆိုင်းကိစ္စမှာ- လက်ခံ သိမ်းပိုက်ခြင်း ဖြစ်သည်၊ လက်ခံသိမ်းပိုက်ခြင်း ဆိုသည်မှာ ပဉ္စဝိညာဏ်တို့သည် အာရုံဆင်လာပြီး ချုပ်ဆုံးသွားသည်၊ ပဉ္စဝိညာဏ်တို့ ယူပြီးသော အာရုံကို မပျောက်မပျက်အောင် သိမ်းပိုက်ထားသည့် အလုပ်ကိစ္စကို ပြုလုပ်သည်။

၁၀။ သန္တီရဏကိစ္စကား သမ္ပဋိစ္ဆိုင်း သိမ်းပိုက်ထားသည့် အာရုံကို စိစစ်ခြင်း၊ စုံစမ်းခြင်းကိစ္စကို ပြုလုပ်သည်။

၁၁။ ဝုဋ္ဌောကိစ္စမှာမူ သန္တီရဏစုံစမ်းပြီးသည်ကို အညိုလော၊ အနီလော၊ ကောင်းသော အာရုံလော၊ မကောင်းသော အာရုံလောဟု ပိုင်းခြားသတ်မှတ် ဆုံးဖြတ်ခြင်းကို ပြုသည်။

၁၂။ ဇောကိစ္စဆိုသည်မှာ— အာရုံကို အရှိန်အဟုန်ပြင်းထန်စွာ ခံစားခြင်းကိစ္စကို ပြုလုပ်သည်။

၁၃။ တဒါရုံကိစ္စမှာကား—ဇောယူပြီးသည့် အာရုံကိုလိုက်၍ ထပ်မံယူသောကိစ္စကို ပြုလုပ်သည်။

ပြယုဂ်မှာ— အဟုန်ဖြင့် ဆန်တက်သော သင်္ဘော၏အဟုန်
ကြောင့် ရေယက်သည် သင်္ဘော နောက်သို့
ယောင်ယမ်းလိုက်သကဲ့သို့တည်း။

၁၄။ စုတိကိစ္စမှာကား— မျက်မှောက်ပစ္စက္ခဘဝမှ ချုပ်ဆုံးပြောင်းရွှေ့ကွယ်လွန်မှုကိစ္စကို ပြုလုပ်သည်။

ဤသည်တို့ကား စိတ်၏နိယာမ စွမ်းရည်ဖြင့် လုပ်ဆောင်သောကိစ္စများဖြစ်ပေသည်။ ဤသို့ လုပ်ဆောင်ချက် ၁၄-ကိစ္စ လုပ်နိုင်ခြင်းမှာ စိတ်သည် သဘာဝအားဖြင့် ထင်ရှား ရှိသည်မှာ ထင်ရှားပေသည်။

ပမာမှာ— မီးခြစ်ဆံယမ်းနှင့် မီးခြစ်ခွံယမ်းခွံတို့ တိုက်ခိုက်သောအခါ ထိုမီးခြစ်ဆံ မီးခွံကို၌ ီးတောက် ရှိလို့သော မီးပွင့်သကဲ့သို့တည်း။

ဤ၌ စိတ်ရှိလို့ စိတ်၏ အလုပ်ကိစ္စများ ဖြစ်ပေါ်ရသည်ကား မှန်၏။ သို့သော် ဤစိတ်နှင့် စိတ်၏စိတ်ကိစ္စ လုပ်ဆောင်ချက်တို့ တည်ရာဌာနနှင့် အချိန်ကာလလည်း ရှိရပေဦးမည်။

ပမာ— တရားသူကြီးရှိလျှင် တရားသူကြီး၌ တရားစီရင်မှုအလုပ်ကိစ္စရှိရပေမည်။ ထိုတရားသူကြီး၌ အလုပ်ကိစ္စ လုပ်နိုင်ရန်ဌာနနှင့် အလုပ်ချိန် ရှိရသကဲ့သို့တည်း။

ထို့ကြောင့် စိတ်နှင့် စိတ်၏ကိစ္စဆောင်ရွက်ဘို့ဌာန၊ ကာလ ရှိရပေမည်။ ထို့ကြောင့် စိတ်နှင့် စိတ်ကိစ္စတို့၏ ဌာနသည် ၁၀-မျိုးရှိ၏။ ယင်းတို့မှာ-

၁။ ပဋိသန္ဓေဌာန        ၆။ သန္တီရဏဌာန
၂။ ဘဝင်ဌာန           ၇။ ဝုဋ္ဌောဌာန
၃။ အာဝဇ္ဇန်းဌာန        ၈။ ဇောဌာန
၄။ ပဉ္စဝိညာဏ်ဌာန      ၉။ တဒါရုံဌာန
၅။ သမ္ပဋိစ္ဆိုင်းဌာန     ၁၀။ စုတိဌာန

တို့ဖြစ်ကြသည်။

ဤ၌ ဌာနဆိုသည်ကား- ပဋိသန္ဓေစိတ်သည် ဖြစ်၍တည်၏။ ထိုစိတ်၏ ဖြစ်၍ တည်ရာ ကာလကို ဌာနဟုဆိုသည်။ ထိုဌာနဆိုသည်မှာ စိတ် ၃-မျိုးဖြစ်ရာဘွင် ရှေ့စိတ် နောက်စိတ် ၂-ခုတို့၏ အကြား၌ စိတ်တခုဖြစ်ဘို့ရာ အချိန်အခါ ကာလသည် ရှိ၏။ ထိုအချိန်ကာလသည် သဘောဘရား မရှိသောကြောင့် ပညတ်မည်၏။ ထိုပညတ်ဖြစ်သော အချိန်ကာလကို ဌာနဟု ခေါ်ဆိုပေသည်။

ဆိုလိုသည်မှာ စိတ်သက်တချက်သည် ဥပါဒ်၊ ဌီ၊ ဘင် (ဖြစ်၊ တည်၊ ပျက်) ဟူသော ခဏငယ် ၃-ချက် အချိန်ကာလ ကြာအောင်တည်သည်။ ထိုတည်နေသော အချိန်ကာလကို ဌာနဟု ဆိုသည်။

အမှာ= စိတ်၏လုပ်ဆောင်ချက် ၁၄-ပါး ပြပြီးလျှင် စိတ် ၁၉-ပါး ရှိရာတွင် မည်သည့်စိတ်သည် မည်သည့်

ကိစ္စကို ပြုလုပ် ဆောင်ရွက်သည်တို့၏ အကျယ်ကို သင်္ဂြိုဟ်ကျမ်းများ၌ ရှုကြည့်ဘို့နှင့် မည်သည့်စိတ်သည် မည်သည့်ဌာန၌ ဖြစ်သည်ကိုလည်း သင်္ဂြိုဟ်ကျမ်းများ၌ ရှုပါ။

## (၄) ဒွါရ သင်္ဂဟ

ဒွါရသင်္ဂဟ ဆိုသည်ကား အာရုံတရားတို့၏ ဝင်ရောက်ရာ တရားစုသည် ဒွါရမည်၏။ ထိုဒွါရသည် အာရုံတရားတို့၏ ဝင်ရောက်ရာ ဖြစ်သောကြောင့် တံခါးနှင့် တူသည်ဟု ဆိုကြသည်။

ထိုဒွါရသည် ၆-ပါးရှိသည်။ ထိုဒွါရမှ အပြင် အာရုံ ၆-ပါးသည် ဝင်ရောက်ကြ၍ ပသာဒဟုဆိုအပ်သောအကြည်ရုပ် ၆-ပါး၌ ထိုက်သင့်သလို ဆိုင်ရာ အာရုံတို့သည် တင်ကြရသည်။

ထို့ကြောင့် အာရုံထင်ရာ အကြည်ရုပ်များကို ဒွါရ ဟူ၍ တင်စားဆိုကြသည်။ ယင်းဒွါရအသီးသီး၌ ဖြစ်သော စိတ်အစုကို ဖော်ပြသော အပိုင်းသည် ဒွါရသင်္ဂဟ အပိုင်းမည်သည်။ ထိုဒွါရသည် အောက်ပါအတိုင်း ဒွါရ ၆-မျိုးရှိသည်။

## ဒွါရ ၆-မျိုး အကြည်ရုပ်မည်ပုံ

၁။ စက္ခုဒွါရ-သည် မျက်စိ အကြည်ရုပ်မည်သည်။
၂။ သောတဒွါရ-သည် နားအကြည်ရုပ်မည်သည်။
၃။ ဃာနဒွါရ-သည် နှာခေါင်းအကြည်ရုပ်မည်သည်။

၄။ ဇိဝှာဒွါရ-သည် လျှာအကြည်ရုပ်မည်သည်။
၅။ ကာယဒွါရ-သည် ကိုယ် အကြည်ရုပ်မည်သည်။
၆။ မနောဒွါရ-သည် ဘဝင်စိတ်မည်သည်။
(ဘဝင်္ဂပစ္စေဒ ၁၉-ပါးကို ဆိုသည်။)

ထိုဒွါရ ၆-ပါး၌ ရုပ်ဒွါရ ၅-ပါး နှင့် နာမ်ဒွါရ ၁-ပါး ပေါင်း ၆-ပါးရှိသည်၊ ယင်းဒွါရတို့မှာ—

ရုပ်ဒွါရ ၅-ပါးကား—

၁။ စက္ခုဒွါရ
၂။ သောတဒွါရ
၃။ ဃာနဒွါရ
၄။ ဇိဝှာဒွါရ
၅။ ကာယဒွါရတို့ဖြစ်သည်၊

နာမ်ဒွါရ ၁-ပါးကား—

၁။ မနောဒွါရပင်ဖြစ်သည်။

ဆိုခဲ့ပါ ဒွါရ ၆-ပါး၌—

၁။ စက္ခုဝိညာဏ်-မြင်သိစိတ်
၂။ သောတဝိညာဏ်-ကြားသိစိတ်
၃။ ဃာနဝိညာဏ်-နံသိစိတ်
၄။ ဇိဝှာဝိညာဏ်-စားသိစိတ်
၅။ ကာယဝိညာဏ်-တွေ့သိစိတ်
၆။ မနောဝိညာဏ်-ကြံသိစိတ်တို့ ဖြစ်ပေါ်ကြသည်။

ဤသည်တို့ကား စိတ်၏ဆောင်ရွက်လုပ်ဆောင်ချက်သဘောစသည်တို့ကို အကျဉ်း ဖော်ပြချက် ဖြစ်ပါသည်။

ဤဒွါရ ၆-ပါး၌ ဖြစ်သော ဝိညာဏ်-အသိစိတ် ၆-ပါးသည် အရပ်သိမှုသာ ဖြစ်သည်။ အဘိဓမ္မာသိမှုကား အောက်ပါ အတိုင်း ဖြစ်သည်။

## ဒွါရအသီးသီး၌ ဖြစ်သော စိတ်များ

စက္ခုဒွါရ၌ ဖြစ်ကောင်းသော စိတ်များမှာ—

| | | |
|---|---|---|
| ၁။ | ပဉ္စဒွါရာဝဇ္ဇန်းစိတ် | ၁-ပါး |
| ၂။ | စက္ခုဝိညာဏ်ဒွေ | ၂-။ |
| ၃။ | သမ္ပဋိစ္ဆိုင်းဒွေ | ၂-။ |
| ၄။ | သန္တီရဏ-စိတ် | ၃-။ |
| ၅။ | ဝုဋ္ဌော-စိတ် | ၁-။ |
| ၆။ | ကာမဇော-စိတ် | ၂၉-။ |
| ၇။ | တဒါရုံတပ်ခိုက်ဖြစ်သော မဟာဝိပါက်စိတ် | ၈-။ |

ပေါင်း ၄၆-ပါး ဖြစ်သည်။

ထို့အတူ သောတဒွါရ၌ ဖြစ်သော စိတ်ပေါင်း ၄၆-ပါးဖြစ်သည်။
ထို့အတူ ဃာနဒွါရ၌ဖြစ်သော စိတ်ပေါင်း၄၆-ပါးဖြစ်သည်။
ထို့အတူ ဇိဝှာဒွါရ၌ဖြစ်သော စိတ်ပေါင်း ၄၆-ပါးဖြစ်သည်။
ထို့အတူ ကာယဒွါရ၌ဖြစ်သောစိတ်ပေါင်း ၄၆-ပါးဖြစ်သည်။

မှတ်ချက်။ စက္ခုဒွါရ၌ စက္ခုဝိညာဏ် ဒွေ ထည့် သကဲ့သို့ သောတဒွါရ၌ သောတဝိညာဏ်

ဒွေထည့်ရန်။ ဃာနဒွါရ၌ဃာနဝိညာဏ်
ဒွေထည့်ရန်။ ဇိဝှာဒွါရ၌ ဇိဝှာဝိညာဏ်
ဒွေထည့် ရန်။ ကာယဒွါရ၌ ကာယ
ဝိညာဏ်ဒွေ ထည့်၍ ရေတွက်ရန် ဖြစ်
သည်။ အခြားစိတ်များမှာ အတူတူပင်။

ဤသည်တို့ကား ရုပ်ဒွါရ ၅-ပါးရှိ ဒွါရ တခုတခုတွင် စိတ်ပေါင်း ၄၆-ပါးစီ ရေတွက်ရရှိသည်ကို ပေါ်ပြခြင်း ဖြစ်သည်။

ထိုပဉ္စဒွါရ ၅-ပါး၌ ဖြစ်သော စိတ်မှာ-
ကာမစိတ် ၅၄-ပါးသည် ထိုက်သင့်သလို ဖြစ်ကြသည်။

နာမ်ဒွါရဖြစ်သော မနောဒွါရ၌ ဖြစ်သော စိတ်မှာ-

၁။ မနောဒွါရာဝဇ္ဇန်းစိတ် ၁-ပါး
၂။ ဇောစိတ် ၅၅-။
၃။ တဒါရုံစိတ် ၁၁-။
ပေါင်း ၆၇-ပါးဖြစ်သည်။

ဒွါရမှ လွတ်သော ဒွါရဝိမုတ်စိတ်တို့ကား—

ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ တပ်ခိုက်လုပ်ဆောင်ခိုက်ဖြစ်သော ဥပေက္ခာသဟဂုတ်သန္တီရဏစိတ် ၂- ပါး
မဟာဝိပါက်စိတ် ၈- ။
မဟဂ္ဂုတ်ဝိပါက်စိတ် ၄- ။
ပေါင်း ၁၄-ပါး

အမှာ။ မဟဂ္ဂုတ်ဝိပါက်စိတ် ၉-ပါးမှာ—

| | |
|---|---|
| ရူပဝိပါက်စိတ် | ၅-ပါး |
| အရူပဝိပါက်စိတ် | ၄-။ |
| ပေါင်း | ၉-ပါးဖြစ်သည်။ |

မှတ်ချက်။ အကြည်ရုပ်ဆိုသည်မှာ ပါဠိ ဝေါဟာရ အားဖြင့် ပသာဒဟု ဆို၏။

ဤသည်ကား ဒွါရ ၆-ပါး၌ စိတ်ဖြစ်ပေါ်ပုံကို သဘော သိရုံ အကျဉ်း ဖော်ပြချက် ဖြစ်ပါသည်။ အကျယ်ကို သင်္ဂြိုဟ်များ၌ ရှုပါ။

## (၅) အာရမ္မဏသင်္ဂဟ

အာရမ္မဏဆိုသည်ကား အာရုံကို ဆိုပေသည်။ ယင်းအာရုံ သည် စိတ် စေတသိက်တို့၏ မွေ့လျော်ရာ ဆွဲငင်ရာ သိစရာမည် ၏။ ထိုအာရုံသည် ၆-မျိုးရှိသည်။ ယင်း ၆-မျိုးအနက် ပဉ္စာရုံဟု ခေါ်သော အာရုံ ၅-ပါးသည် အပြင်ရုပ်တရား စင်စစ်ဖြစ်သည်။ ကျန်တမျိုး၌ကား ရုပ်ရော နာမ်ပါ ၂-မျိုးစုံ ပါဝင်ပေသည်။

### အာရုံ ၆-မျိုး

၁။ ရူပါရုံ မျက်စိဖြင့် မြင်ရသော အဆင်းဟူသမျှ သည် ရူပါရုံမည်သည်။

၂။ သဒ္ဒါရုံ နားဖြင့်ကြားရသော အသံဟူသမျှသည် သဒ္ဒါရုံမည်သည်။

၃။ ဃာနာရုံ — နှာခေါင်းဖြင့် နမ်းရှူရသော အနံ့ဟူသမျှသည် ဂန္ဓာရုံမည်သည်။

၄။ ရသာရုံ — လျှာဖြင့် ခဲ၍တွေ့ရသော အရသာ ဟူသမျှသည် ရသာရုံမည်သည်။

၅။ ဖောဋ္ဌဗ္ဗာရုံ — ကိုယ်ဖြင့် တွေ့ထိ၍ ရကောင်းသော ပထဝီ၊ တေဇော၊ ဝါယောသည် ဖောဋ္ဌဗ္ဗာရုံ မည်သည်။

၆။ ဓမ္မာရုံ — မနောစိတ်ဖြင့်သာ သိရသော ပသာဒရုပ် ၅-ပါး၊ သုခုမရုပ် ၁၆-ပါး၊ စိတ် ၈၉ ပါး၊ စေတသိက် ၅၂-ပါး၊ နိဗ္ဗာန်–ပညတ်တို့သည် ဓမ္မာရုံ မည်ပေသည်။

အမှာ။ ။နိဗ္ဗာန်ပညတ် ဟူသော ဓမ္မာရုံ ၂-ပါးသည် ဥပါဒ် ဖြစ်၊ ဌီ-တည်၊ ဘင်- ပျက် ဟူသော ကာလ ၃-ပါးမှ လွတ်သည်။ ထို့ကြောင့် ထိုတရား ၂-ပါးကို ကာလဝိမုတ်တရားဟု ခေါ်သည်။

မနောဝိညာဏ်ခေါ်သော စိတ်သည် အာရုံ ၆-ပါးစလုံးကို အာရုံပြုနိုင်စွမ်း ရှိပေသည်။

## စိတ် အသီးသီး အာရုံပြုပုံ

၁။ စက္ခုဒွါရိက — စိတ် ၄၆-ခုသည် မြင်ဆဲ ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုသည်။

၂။ သောတဒွါရိက — စိတ် ၄၆-ခုသည် ကြားဆဲ ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြုသည်။

၃။ ဃာနဒွါရိက စိတ် ၄၆-ခုသည် နံ့ဆဲ ပစ္စုပ္ပန် ဂန္ဓာရုံကို အာရုံပြုသည်။

၄။ ဇိဝှါဒွါရိက စိတ် ၄၆-ခုသည် စားဆဲ ပစ္စုပ္ပန် ရသာရုံကို အာရုံပြုသည်။

၅။ ကာယဒွါရိက စိတ် ၄၆-ခုသည် တွေ့ထိဆဲ ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံကို အာရုံပြုသည်။

၆။ မနောဒွါရိက စိတ် ၆၇-ခုသည် ပစ္စုပ္ပန် အတိတ် အနာဂတ် ဖြစ်သော စိတ် ၈၉-ပါး၊ စေတသိက် ၅၂-ပါး၊ ရုပ် ၂၈-ပါး၊ ကာလဝိမုတ် ဖြစ်သော နိဗ္ဗာန်-ပညတ် အာရုံ ၆-ပါးတွင် တပါးပါးကို အာရုံပြုသည်။

၇။ ဒွါရမှလွတ်သော ပဋိသန္ဓေ ဘဝင် စုတိစိတ်များသည် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ၃-ပါးတွင် တပါးပါးကို အာရုံပြုသည်။

အမှာ။ ။မနောဒွါရဖြစ်သော စိတ် ၆၇-ပါးသည် အခြားဒွါရဖြင့်သော စိတ်များကဲ့သို့ ပစ္စုပ္ပန် တခုတည်းကိုသာ အာရုံပြုသည်မဟုတ် ကာလသုံးပါးစလုံးကို အာရုံပြုနိုင်စွမ်း ရှိပေသည်။

ဤ၌ အနာဂတ်ကို အာရုံပြုပုံမှာ မရှိသေး မဖြစ်သေးသော အရာများကို ပုံဟန်ပေါ်လာအောင် တွေးတောကြံဆ စိတ်ကူးတီထွင်၍ လုပ်ကိုင်သည်ကို ဆိုသည်။

ပြယုဂ် - လေယာဉ်ပျံ၊ ဒုံးပျံ၊ ဂြိုဟ်တုတို့ကို ဘယ်ထွင် လုပ်ဆောင်သကဲ့သို့တည်း။ အသက်၌ဖော်ပြသော ဒွါရမိတ်များကို ဒွါရသင်္ဂဟပိုင်းမှာ ရှုပါ။

## ပဉ္စဒွါရကို အာရုံပြုသော စိတ်များ

၁။ စက္ခုဝိညာဏ်ဒွေသည် ပဉ္စဒွါရ မြင်အပ် ရူပါရုံကိုသာ အာရုံပြုသည်။

၂။ သောတဝိညာဏ်ဒွေသည် ပဉ္စဒွါရ ကြားအပ် သဒ္ဒါရုံကိုသာ အာရုံပြုသည်။

၃။ ဃာနဝိညာဏ်ဒွေသည် ပဉ္စဒွါရ နံအပ် ဂန္ဓာရုံ ကိုသာ အာရုံပြုသည်။

၄။ ဇိဝှါဝိညာဏ်ဒွေသည် ပဉ္စဒွါရ စားအပ် ရသာရုံကိုသာ အာရုံပြုသည်။

၅။ ကာယဝိညာဏ်ဒွေသည် ပဉ္စဒွါရ တွေ့ထိအပ် ဖောဋ္ဌဗ္ဗာရုံကိုသာ အာရုံပြုသည်။

၆။ မနောဓာတ် ၃-ခုသည် ပဉ္စဒွါရ ဖြစ်အပ် ပဉ္စာရုံ ဖြစ်သော အသက်ပါ အာရုံ ၅-ပါးကိုသာ အာရုံပြု၏။

ဤ၌ မနောဓာတ် ၃-ခု ဆိုသည်ကား....

၁။ ပဉ္စဒွါရာဝဇ္ဇန်းစိတ် ၁-ပါး
၂။ သမ္ပဋိစ္ဆိုင်းဒွေ ၂-ပါး

ပေါင်း ၃-ပါးကို ခေါ်သည်။

## ဒွေပဉ္စဝိညာဉ် ၁၀ ဖြစ်ပေါ်ပုံ။

ဒွေပဉ္စဝိညာဏ်-၁၀ ဆိုသည်မှာ စက္ခုမှ ကာယ အထိ ဒွါရ ၅-ပါး၌ဖြစ်သော ဝိညာဏ်စိတ် ၁၀-ပါးကို ဆိုသည်။ ထိုဝိညာဏ် စိတ်တမျိုးစီတွင် အားနည်းသော ကုသိုလ်ကံ၏ အကျိုးစိတ်၊ အကုသိုလ်ကံ၏ အကျိုးစိတ်ဟူ၍ ဒွါရတခုတခု၌ စိတ် ၂-မျိုးစီ ဖြစ်ပေါ်ကြပေသည်။

ထိုစက္ခု စသည့် ဝိညာဏ်စိတ် ၅-မျိုးသည် ကောင်းသည် ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ အလိုရှိသည်ဖြစ်စေ၊ အလိုမရှိ သည်ဖြစ်စေ၊ အာရုံနှင့် ဒွါရ တိုက်ဆိုင် ထိခိုက် ထင်လာလျှင် မည်သည့်ဘုရားမှ တားဆီးမရပဲ ဆိုင်ရာ ဝိညာဏ် အသိစိတ်များ ဖြစ်ပေါ် သိရသည်ချည်းဖြစ်သည်။

ပြယုဂ်— ခွေးအူသံနှင့်နား တိုက်ဆိုင် ထင်လာလျှင် မကြား ချင်ပဲ၊ အလိုမရှိပဲ ကြား လိုက် ရသည် မျိုး ကဲ့သို့ တည်း။

## ဒွေပဉ္စဝိညာဉ် ၁၀-ကား

၁။ စက္ခုဒွါရနှင့် ရူပါရုံ တိုက်ဆိုင် ထင်လာလျှင်
စက္ခုဝိညာဏ်စိတ် ၂-ပါး

၂။ သောတဒွါရနှင့် သဒ္ဒါရုံ တိုက်ဆိုင်ထင်လာလျှင်
သောတဝိညာဏ်စိတ် ၂ ။

၃။ ဃာနဒွါရနှင့် ဂန္ဓာရုံ တိုက်ဆိုင် ထင်လာလျှင်
ဃာနဝိညာဏ်စိတ် ၂ ။

၄။ ဇိဝှါဒွါရနှင့် ရသာရုံ တိုက်ဆိုင် ထင်လာလျှင်
ဇိဝှါဝိညာဏ်စိတ် ၂ ။
၅။ ကာယဒွါရနှင့်ဖောဋ္ဌဗ္ဗာရုံတိုက်ဆိုင်ထင်လာလျှင်
ကာယဝိညာဏ်စိတ် ၂ ။

ပေါင်း ၁၀-ပါး
ဖြစ်ကြသည်။

ထို ၁၀-ပါးသည် ဒွါရနှင့် အာရုံ တိုက်ဆိုင် ထင်လာလျှင် ဝိညာဏ် အသိစိတ် ၂-ခုမှ တခုခု ဖြစ်ပေါ်ရသေးသည်။

ဤသို့အားဖြင့် သူ့အာရုံနှင့် သူ့ဒွါရတို့ တိုက်ဆိုင်ထင်လေတိုင်းမှာ ဆိုင်ရာဝိညာဏ်စိတ်သည်လည်း ဖြစ်ပေါ်ရစမြဲဖြစ်သည်။ အဆင်းရူပါရုံကို နား-နှာခေါင်း-လျှာ-ကိုယ်တို့က မသိနိုင်ကြပေ။ ကိုယ့်ဒွါရနှင့် ကိုယ့်အာရုံ ကိုယ့် အသိစိတ် တို့သာ ဖြစ်ပေါ်နိုင်ပေသည်။

ဤသို့ဓမ္မနိယာမ စွမ်းရည်အလျောက် သူ့ဒွါရနှင့် သူ့အာရုံ တိုက်ဆိုင် ထိခိုက်ထင်လာသောအခါ အသိစိတ်တမျိုးစီ၊ တမျိုးပြီးတမျိုး၊ တခါပြီးတခါ ဖြစ်ပေါ်နေကြသည်ကို သိလွယ်ကြသော်လည်း အသိခက်သော အရာလည်း ရှိပေသေးသည်။ ထိုအရာမှာ အိပ်ပျော်၊ မေ့မျောနေသော အခါ၌ ဘဝင်စိတ် ဖြစ်ပေါ်နေသောအခါမျိုးမှာကား မသိနိုင်ပေ။

ဤ၌ အိပ်ပျော်ရခြင်းသည် ဘာ့ကြောင့်ပါနည်း၊ ပင်ပန်းနွမ်းနယ်အောင် အလုပ်လုပ်သည်ဖြစ်၍ ကိုယ့်သက် လေးငံ့နေသောအခါ၊ အစားကိုနှင့်လောက်အောင်စားပြီးသောအခါ၊ သွေး,လေ

သည်းခြေ, သလိပ် ဟူသော တြိဒေါသလွန်ကဲ၍ အနာရောဂါ ဖြစ်ပြီး သေးလေးနေသောအခါ ဝမ်းအချင့်-မျက်စိ အကျင့် ဆိုသလို အိပ်ချိန်ကိုအကျင့်လုပ်ထားသောအခါမျိုး၌ အိပ်ပျော် ခြင်းသည် ဖြစ်ပေါ်ရလေသည်။

မေ့မျောရသည့် အကြောင်းမှာ သွေး, သည်းခြေ, သလိပ် လွန်ကဲပြီး အဖျား ပြင်းသောအခါ တစုံတခုဖြင့် ကိုယ်အင်္ဂါ ခေါင်း စသော အရာတို့၌ အနာတရ ထိခိုက် နာကျင်လွန်းသော အခါ ဆေးပါရဂူတို့၏ လုပ်ဆောင်ချက်ကြောင့် ဆိုကြပါစို့ မေ့ဆေးကြောင့် မေ့မျောသွားရလေသည်။

မေ့မျောရသည်ကို ဆွေးနွေးကြဦးစို့။ မေ့မျော ရသည့် အကြောင်း ဆွေးနွေးလျှင် လူ၌ရှိသော စိတ်-စေတသိက်၊ရုပ်တို့၏ ဆက်ဆံပုံကို ရှေးဦးစွာ စဉ်းစားရပေမည်။ (ဤ၌ စိတ်ဟုဆိုလျှင် ထိုစိတ်နှင့် ယှဉ်ဘက်ဖြစ်သော ဆိုင်ရာစေတသိက်သည် ပါရစမြဲ ဖြစ်သည်။ ထို့ကြောင့် နောင်တွင် စိတ်တမျိုးတည်း ဖော်ပြ ပါမည်။ စကားချပ်တည်း။)

စိတ်နှင့်ရုပ်တို့သည် ဘဝသစ်ထူထောင်သည်မှအစပြု၍ တခုကို တခု အညောညနိဿိတာ အားဖြင့် မွေးရာပါအတိုင်း အပြန် အလှန်ကျေးဇူးပြုကာ မှီတည်၍ လာခဲ့ပေသည်။ ဥပမာ-ကူးတို့ သမားနှင့် ကူးတို့လှေကဲ့သို့ တခုကိုတခု မှီ၍ ဤမှာဘက်ကမ်းမှ ဟိုမှာဘက်ကမ်းသို့ လှော်ခတ်ဖြတ်သန်းကူးရာ၌ အပြန်အလှန်မှီ၍ ကျေးဇူးပြုသကဲ့သို့တည်း။

မေ့ဆေးဖြင့် မေ့အောင် လုပ်ပုံမှာ ဥပမာ— လူမမာ ဘယောက်၌ နှလုံးရောဂါ၊အူအတက်ပေါက်ရောဂါဖြစ်၍ ခွဲစိတ်

ဖြတ်ဘောက် ကုသရမည်ဆိုလျှင် မေ့ဆေးပါရဂူ၏ ညွှန်ကြားချက်အရ လူနာ၏စိတ် ငြိမ်သက်သွားစေရန် ပဌမ မေ့ဆေးတလုံးထိုးပေးစေပါသည်။ ထိုအခါ လူနာ၏ကိုယ်ကာယတို့သည် ငြိမ်ကျသွား၍ လှုပ်ခနဲ-လှုပ်ခနဲ ပြေးလေ့ရှိသော စိတ်သည်လည်း ငြိမ်သက်လာပေပြီ၊ သို့သော် လုံးဝမမေ့သေးပဲ မေ့စသာပြုသာသည်ကို လက္ခဏာဖြင့် သိသာရသည်ဟု ဆိုသည်။

ထို့နောက် လူနာကို ရင်ခွဲခန်းသို့ ရွှေ့စေပြီး နောက်ထပ် မေ့ဆေးတလုံးကို ထိုးစေပါသည်။ ထိုအခါ လူနာသည် လုံးဝသတိမရပဲ မေ့မျောသွားပြီဟု ဆိုပါသည်။ ဤသည်ကို ဗုဒ္ဓဒေသနာနည်းဖြင့် ဆိုရလျှင် ဘဝင်ကျပြီး မေ့မျောနေသည်ဟု ဆိုသည်။ အကြောင်းကား အသက်မသေသေးပဲ မွေးရာပါ ဘဝင်စိတ် ရှိနေသေးသောကြောင့်တည်း။

ထိုအခါ ဆရာဝန်တို့သည် ရင်ကိုခွဲ နှလုံးအိမ်ကို ဖြတ်ပြီးလဲ၊ အူဖြတ်ဆက်သည်တို့ကို လိုအပ်သလို ပိုင်ပိုင်နိုင်နိုင်လုပ်ကြသည်ကို လူနာ ဘာမျှမသိပါချေ။ သို့သော် လူနာ၏ အသက်ရှူမှု ပြတ်၍ သေဆုံးမသွားရလေအောင် နှာခေါင်းမှအဆုတ်ဆီသို့ ပိုက်ပြွန်ကို သွင်းလျက် အသက်ရှူမှုကိုလည်း တတိယ အဆင့် အနေဖြင့် ပြုလုပ်ထားသည်ဟု ဆိုသည်။

ဤသို့အားဖြင့် လောကဓာတ် ဆေးပညာရှင်တို့သည် မေ့ဆေးကို ကြံဆတီထွင်၍ အလိုရှိသလို ခွဲစိတ်ကုသနိုင်ရန် ဝိဘာ်၏ မှီရာဖြစ်သော သွေး စသည့် ရုပ်တို့မှ ဘုတ်အဆက်ဆက် ပြန့်နှံ့စေ၍ အဆုတ်၊ အသဲ၊ ဦးနှောက် စသည့် ရုပ်နုတို့ကို ထိုင်းမှိုင်းလေးတွဲ့ သွားအောင် မေ့ဆေးဖြင့် ဖန်တီးလိုက်ခြင်း ဖြစ်သည်။

ဤသို့ စိတ်၏မှီရာ ရုပ်အဆက်ဆက်ဖြစ်သော ဘုတ်ကလာပ်တို့ လေးတွဲ့သွားစေပြီး ထိုရုပ်ကို မှီမည့် စိတ်သည်လည်း ထိန-မိဒ္ဓ ဖြစ်ကာ လေးတွဲ ထိုင်းမှိုင်း မေ့မျော သွားစေလေသည်။ ဥပမာ အားအင်ချိနဲ့ အနာရောဂါရှိသော မိခင်၏ သားသည် အားအင် ချိနဲ့ အနာရောဂါ ကူးစက် စွဲငြိလာ သကဲ့သို့တည်း။

ဤသို့ ရုပ်ကို မှီ၍ စိတ်လေးတွဲ့ ထိုင်းမှိုင်းပြီး မေ့မျောသွားရ သည်ကို ဗုဒ္ဓအဘိဓမ္မာနည်းဖြင့် စိစစ်ကြည့်လျှင် ဝတ္ထုပုရေဇာတ နိဿယ ပစ္စည်း အရ ဖြစ်နိုင်ပေသည်။ ဤ ဝတ္ထုပုရေဇာတ နိဿယပစ္စည်း ဆိုသည်မှာ အိပ်ပျော် မေ့မျောသော ဘဝင် စိတ်၏ မှီရာ ဝတ္ထုရုပ်သည် ရှေးကလည်းဖြစ်နှင့်ရသည်။ ထို မေ့ မျောသော ဘဝင်စိတ်၏ မှီရာသည်း ဖြစ်ရသည်ကို ဆိုသည်။

ဤသို့ ရုပ်ကိုမှီ၍ စိတ်ဖြစ်ရလေသောကြောင့် ရုပ်သာအဓိကဟု တဖက်အစွန်းကိုကြည့်၍ ဆိုလျှင် မမှန်ပေ။ ဤသို့ တဖက်သတ် ယူဆပုံသည် အဓိက၏ အဓိပ္ပာယ်ကို နားမလည်ရာ ကျရောက်မည်။ ဥပမာ— မော်တော်ကားရှိလို့ မော်တော်ကား မောင်းသူ စီးသူ ရှိလာရသည် ဖြစ်၍ မော်တော်ကားသာလျှင် အဓိက ကျသည်ဟု ဆိုပုံမျိုးနှင့် တူသည်။ ငင်စစ် မော်တော်ကားကို လူ၏ စိတ်ဖြင့် တီထွင် လုပ်ခဲ့၍ လူ၏ အသုံးခံသာ ဖြစ်သည်။ မော်တော်ကား သည် လူ၏အသုံးခံဖြစ်သလို ရုပ်သည်လည်း စိတ်၏ အသုံးခံသာ ဖြစ်သည်။

ထို့ပြင်- အမှီခံဖြစ်သော ရုပ်၌မှီတတ်သော စိတ်ကို ဥပမာ ထပ်ဆင့်ဆောင်ရသော် အိမ်နှင့် လူ ကဲ့သို့တည်း။ ဤ၌ လူသည် အပူ အချမ်းနှင့် လူဆိုး သူဆိုး ဘေးရန်ကို ကာကွယ်ရန် အိမ်ကို

မှီနေသည်မှာ မှန်သည်။ သို့သော် အိမ်က လူကို ဘာမျှမဖန်တီးနိုင်ပေ၊ လူကသာ ဖန်တီးနိုင်သည်။ ထို့ကြောင့် လူသာလျှင် ပဓာန-ဟု ဆိုစမှတ် ပြုနေကြခြင်း ဖြစ်သည်။

ဤဥပမာ၌ အိမ်သည် ရုပ်တရားနှင့် တူ၍ လူမှာကား လူနေမှု ဘဝကိစ္စအဝဝတွင် လူ၏ ကာယကံ အလုပ်ကို သော်၎င်း၊ ဝစီကံ အလုပ်ကို သော်၎င်း၊ မနောကံအလုပ်ကို သော်၎င်း လူ၏စိတ်က ဦးဆောင်နေရသည် ဖြစ်၍ လူသည် စိတ်တရားနှင့် တူပေသည်။

ထို့ကြောင့် ရုပ်တရားကို ကောက်ချက်ချကြည့်လျှင် (က) ရုပ်သည် စိတ်၏မှီရာ ဖြစ်သည်။ (ခ) စိတ်၏ သဘော လက္ခဏာကို ဖော်ပြသော ပြယုဂ်ပြဒါးတိုင်(သာမိမိတာ)သာဖြစ်သည်။ (ဂ) စိတ်၏ မွေ့လျော်ရာ၊ ဆွဲကိုင်ရာ သိစရာအာရုံလည်း ဖြစ်ပေသည်။

အချုပ်ဆိုလိုသည်မှာ စိတ်ဟူသည် အာရုံ ၆-ပါးမှ တပါး,ပါး နှင့်ဆိုင်ရာ ဒွါရ တပါး,ပါး တိုက်ဆိုင် ထိခိုက်ထင်လာသောအခါ သင့်ရာ ဝိညာဏ်စိတ် ဖြစ်ပေါ်ကာ သိနိုင်သည် မှန်သော်လည်း အိပ်ပျော် မေ့မျောပြီး ဘဝင်စိတ်ကျနေသော အခါမျိုး၌ကား လူသေပမာ ပတ်ဝန်းကျင်ကို မသိနိုင်ဟု ဆိုလိုသည်။ သို့သော် သန္ဓေတည်စက အာရုံပြုခဲ့သော မွေးရာပါ အာရုံကိုမူ ဘဝင် စိတ်က သိနေသည်သာ ဖြစ်သည်။

ဤသည်တို့ကား ဦးနှောက် ဟူသော ရုပ်ကသာ သိသည်ဟု ယူဆသော သူများ သတိပြုဖွယ်ရာ ဖြစ်သည်။ ဤသို့ အိပ်ပျော် မေ့မျောနေခိုက်မှာ စိတ်က သူ့အကြောင်းနှင့်သူ မသိနိုင်သည်ကို ဝန်ခံပေသည်။ ထိုအခါ ဦးနှောက်က သိနေရမည့်အစား ဘာမျှ မသိပဲ နေသည့် အချိန်တွင် ဘဝင်စိတ်ရှိနေသည်ကို လူသာမန်တို့

မရိပ်စားမိနိုင်သော်လည်း အာရုံနှင့် စိတ်တို့သည်ကား အပေး အယူ လုပ်၍ ဆက်ဆံ နေကြသည်။

နိဂုံးချုပ်မှာ ဤအာရမ္မဏ သင်္ဂဟပိုင်း၌ အာရမ္မဏ ဟူသော အာရုံ ၆-ပါးအနက် တပါး,ပါးသည် ဆိုင်ရာ ဒွါရနှင့် တိုက်ဆိုင် ထိခိုက် ထင်လာသောအခါ သင့်ရာ ဝိညာဏ် အသိစိတ် တခုခု ဖြစ်ပေါ်လာသည့် သဘောကို သိသာရုံ ဖော်ပြခြင်း ဖြစ်သည်။

ဤအာရုံ တရားတို့သည် ပုဂ္ဂိုလ် အလိုက်၊ ဘုံဘဝ အလိုက်၊ မျိုးဇာတ် အလိုက်၊ ပရမတ်အာရုံ၊ နိဗ္ဗာန်အာရုံ၊ ပညတ်အာရုံ အားဖြင့် မြောက်မြားစွာ ရှိသည်ဖြစ်၍ အသိစိတ်အဖုံဖုံ ဖြစ်ပေါ် နေပုံမှာ အလွန်ကျယ်ဝန်း နက်နဲ လှပေသည်။ ဤသည်ကား-- အာရုံ-ဒွါရ-စိတ်တို့ ဖြစ်ပေါ်ပုံသဘောကို သိလောက်ရုံ အကျဉ်း ဖော်ပြခြင်းဖြစ်လေသည်။ အကျယ်ကိုမူ သင်္ဂြိုဟ် ကျမ်းများမှာ ရှုကြည့်ပါလေ။

ဤသည်ကား အာရမ္မဏသင်္ဂဟပိုင်း အကျဉ်း ဖော်ပြချက် တည်း။

## (၆) ဝတ္ထုသင်္ဂဟ

ဝတ္ထုသင်္ဂဟဆိုသည်မှာ စိတ် စေတသိက်တို့ မှီရာ တည်ရာသည် ဝတ္ထုမည်သည်။ ဥပမာ မြေဟူသော တည်ရာရှိပေ၍ သတ္တဝါ များနှင့် သစ်ပင်စသည်တို့ တည်နေနိုင်သကဲ့သို့ ဖြစ်သည်။

ယင်းဝတ္ထုသည် မြင်သိစိတ် ကြားသိစိတ် နံသိစိတ် စားသိ စိတ် တွေ့ထိစိတ် ကြံစည်သိစိတ် အားဖြင့် ၆-မျိုး ပိုင်းခြား လျက် ဓမ္မနိယာမဖြင့် အောက်ပါအတိုင်း ဖြစ်ပေါ်နေပေသည်။

# ဝတ္ထု ၆ ပါး

၁။ စက္ခုဝတ္ထု (စက္ခုပသာဒ) မျက်စိ အကြည်ရုပ်။
၂။ သောတဝတ္ထု (သောတပသာဒ) နား အကြည်ရုပ်။
၃။ ဃာနဝတ္ထု (ဃာနပသာဒ) နှာခေါင်း အကြည်ရုပ်။
၄။ ဇိဝှါဝတ္ထု (ဇိဝှါပသာဒ) လျှာ အကြည်ရုပ်။
၅။ ကာယဝတ္ထု (ကာယပသာဒ) ကိုယ် အကြည်ရုပ်။
၆။ ဟဒယဝတ္ထု (နှလုံးသွေး၌တည်သော ရုပ်ထူး)တို့ ဖြစ်ကြသည်။

ဆိုခဲ့သော ဝတ္ထု ၆-မျိုးသည် ကာမ ၁၁ ဘုံ၌သာ ရကောင်းပေသည်။ ထိုဝတ္ထု ၆-မျိုး၌ မှီ၍ဖြစ်သော စိတ်များကို အောက်ပါအတိုင်း ယှဉ်တွဲဖော်ပြအပ်ပေသည်။

ဝိညာဏဓာတ် ၇-မျိုးရှိရာတွင် ဆိုခဲ့ပါ ဝတ္ထု ၆-မျိုး၌ ထိုက်သင့်သလို မှီကြပါသည်။

၁။ စက္ခုဝိညာဏဓာတ်သည် စက္ခုဝတ္ထုကို မှီ၍သာ ဖြစ်သည်။
၂။ သောတဝိညာဏဓာတ်သည် သောတဝတ္ထုကို မှီ၍သာ ဖြစ်သည်။
၃။ ဃာနဝိညာဏဓာတ်သည် ဃာနဝတ္ထုကို မှီ၍သာ ဖြစ်သည်။
၄။ ဇိဝှါဝိညာဏဓာတ်သည် ဇိဝှါဝတ္ထုကိုမှီ၍သာဖြစ်သည်။
၅။ ကာယဝိညာဏဓာတ်သည် ကာယဝတ္ထုကိုမှီ၍သာဖြစ်သည်။

၆။ ပဋ္ဌာန်းပါဠိတော်ဝဏ္ဏနာ ၁၊ သမ္မောဟဝိနောဒနီ ၂ ဆိုသော မနောဓာတ် ၃-ပါးသည် ဟဒယဝတ္ထုကို မှီ၍သာ ဖြစ်သည်။

၇။ မနောဒွါရ၌ဖြစ်သော စိတ် ၆၇-ခု ဖြစ်သည့် မနောဝိညာဏဓာတ်သည် ဟဒယဝတ္ထုကို မှီ၍သာ ဖြစ်ပေသည်။

အမှာ။ ။အချို့ကမူ "လူ၏ရုပ်ခန္ဓာသည် လူ့စိတ်ဓာတ်၏ မှီရာတည်ရာကြီး ဖြစ်ပေသည်။ ထို့ကြောင့် လူ၏ ရုပ်ခန္ဓာသာ မရှိပါက လူ၏စိတ်ဓာတ်သည် ဘယ်နည်းနှင့်မျှ မဘည်ရှိနိုင်ချေ" ဟု ဆိုကြသည်။ ဤအဆိုသည် အပေါ်ယံကြည့်လျှင် အထင်ကြီးစရာပင်။ သို့သော် လူ၏ရုပ်ခန္ဓာ၌ လူ၏စိတ်ဓာတ်သာ မရှိချေက အသုံးမကျ၊ ငုက်ပျောတုံး ထင်းပင်တုံးကဲ့သို့ ပုပ်သိုးဆွေးမြေ့ မီးရှို့ မြေမြှုပ်ပစ်ရမှာပါတကားဟု ကိုယ့်ကိုယ်ကို ပြန်မေးကြည့်၍ ကိုယ့်ကိုယ်ကို မလှည့်စားမိဘို့ သတိပြုကြစေလိုပေသည်။

ဤသည်တို့ကား ဆိုင်ရာစိတ်တို့သည် ဆိုင်ရာဝတ္ထုတို့၌ ထိုက်သင့်သလို အရှုပ ၄-ဘုံမှတပါး မှီတွယ်ကြသည့်သဘော ရှိသည်ကို သိသာရုံအကျဉ်း ဖော်ပြချက် ဖြစ်ပေသည်။ အကျယ်ကို သင်္ဂြိုဟ်ကျမ်းများ၌ ရှုပါ။

## ပဉ္စဒွါရဝီထိစိတ် ဖြစ်ပုံဖြစ်ဟန်

ပဉ္စဒွါရဝီထိစိတ် ဖြစ်ပုံဖြစ်ဟန်ဆိုသည်မှာ စက္ခု မျက်စိစသော ၅-ဒွါရ၌ ဆိုင်ရာအာရုံ ထင်လာမှုကို အစွဲပြု၍ ဖြစ်ပေါ်သော စိတ်ကို ပဉ္စဒွါရဝီထိစိတ်ဟု ဆိုသည်။

## စိတ် (၅)မျိုး ဖြစ်ပုံ

၁။ စက္ခုဒွါရ — မျက်စိ၌ ရူပါရုံ အဆင်း ထင်လာမှုကို အစွဲပြု၍ စက္ခုဝိညာဏ်မြင်သိစိတ်ဖြစ်၏။

၂။ သောတဒွါရ — နား၌ သဒ္ဒါရုံအသံ ထင်လာမှုကို အစွဲပြု၍ သောတဝိညာဏ် ကြားသိစိတ်ဖြစ်၏။

၃။ ဃာနဒွါရ — နှာခေါင်း၌ ဂန္ဓာရုံ အနံ့ထင်လာမှုကို အစွဲပြု၍ ဃာနဝိညာဏ် နံသိစိတ်ဖြစ်၏။

၄။ ဇိဝှါဒွါရ — လျှာ၌ ရသာရုံ အရသာ ထင်လာမှုကို အစွဲပြု၍ ဇိဝှါဝိညာဏ် လျှာသိစိတ် ဖြစ်၏။

၅။ ကာယဒွါရ — ကိုယ်၌ ဖောဋ္ဌဗ္ဗာရုံ တွေ့ထိထင်လာမှုကို အစွဲပြု၍ ကာယဝိညာဏ် ကိုယ်သိစိတ် ဖြစ်၏။

အမှာ။ ။နောင်တွင် ဒွါရငါးပါးရှိသည့်အနက် စက္ခုဒွါရ တမျိုးကိုသာ ဖော်ပြပါမည်။ ကျန် ၄-မျိုးကို ဤစက္ခုဒွါရနည်း အတိုင်းယူဆပါရန်။

စိတ်သည် အာရုံကို ယူတတ် သိတတ်သည့် သဘောတမျိုး တည်းသာ ရှိသည်ဟုဆိုသည်။ ဤ၌ ဘာ့ကြောင့် စိတ် ၅-မျိုး ဖြစ်ပေါ်ရသနည်း ဆိုသည်ကို ပမာဆောင်ရသော် မီးသည်တမျိုး တည်းဖြစ်သည်။ ထိုမီးသည် ထင်းကိုစွဲလောင်သောအခါ ထင်း

မီး၊ ဖွဲကိုစွဲလောင်သောအခါ ဖွဲမီး၊ ကောက်ရိုးကို စွဲလောင်သော-
အခါ ကောက်ရိုးမီးဟူ၍ ခေါ်သကဲ့သို့တည်း။

ဤသည်ကား ဝီထိစိတ် ၇-မျိုးရှိသည့်အနက် ဝိညာဏ်စိတ်
တမျိုးတည်း ၅-မျိုးဖြစ်ပေါ်ပုံ အကျဉ်းဖော်ပြခြင်း ဖြစ်သည်။

ယခု အဘိဓမ္မာနည်းဖြင့် စိတ်၏သဘောနှင့် အာရုံနှင့် ဒွါရ
တိုက်ဆိုင် ထိခိုက်သည်မှစ၍ ဝီထိစိတ် အစဉ်အတန်း ၁၇-ပါးရှိ
သည်ကို ရှေးဦးစွာ သိနိုင်ထားရန် ဖော်ပြပါမည်။

စိတ်၏ သဘောသည် အာရုံတခုခုနှင့် ကင်းကွာ၍ အာရုံ
တခုခုကို မယူပဲ နေသည်ဟူ၍ မရှိ၊ အာရုံတခုခုကို ယူနေသည့်
သဘောရှိသည်။ ဤစိတ်သည် သတ္တဝါတို့ သန္တာန်၌ ပဋိသန္ဓေ
တည်နေသည်မှ သေသည်အထိ ရှိနေလေသည်။ ယင်းစိတ်သည်
အာရုံကို ယူတတ် သိတတ်သော သဘောတမျိုးတည်း ရှိနေသည်
ကားမှန်၏။ သို့သော် အာရုံယူမှုကိုလိုက်၍ စိတ်တမျိုးတည်း
မျိုးတူဆင်ကွဲအားဖြင့် စိတ်သည် အသွင်နှစ်မျိုးကိုလည်း ဖော်
ဆောင်လေသည်။ ယင်းနှစ်မျိုးမှာ (၁) ဘဝင်စိတ်နှင့် ဝီထိစိတ်
တို့ဖြစ်သည်။

(၁) ဘဝင်စိတ်ဆိုသည်မှာ အတိတ်ကယူခဲ့သော ကံ၊ ကမ္မ
နိမိတ်၊ ဂတိနိမိတ် ၃-မျိုးအနက် တမျိုးမျိုးကိုအာရုံယူ၍ဖြစ်ပေါ်
နေသော စိတ်ကို ဘဝင်စိတ်ဟု ဆိုသည်။ ယင်းဘဝင်ဟူသည်
ဘဝ၏အင်္ဂါအကြောင်းပင်ဖြစ်သည်။ ထိုဘဝ၏ အင်္ဂါအကြောင်း
ဆိုသည်ကား ဝီထိစိတ် ဖြစ်မပေါ် မလာမီ သတ္တဝါ၏ ဘဝကို
ဖန်တီး ထားသော ကံအဟုန် သတ္တိ ရှိနေသလောက်၊ ဘဝ
ခန္ဓာ ဆက်လက်တည်တံ့ အသက်ရှင်သန်နေအောင် ဘဝင်စိတ်

သည် ရှိနေလေသည်။ ဤဘဝင်စိတ်သည် မြစ်ရေ အလျဉ်ကဲ့သို့ စိတ်တမျိုးတည်း တခုပြီးတခု အလျဉ်မပြတ် ဖြစ်ပွါး နေမှုသည် ဘဝ၏ အင်္ဂါ၊ ဘဝင်၏ အကြောင်းမည်သည်။

ဤဘဝင်စိတ်သည် အလျဉ်မပြတ်ဖြစ်နေသည့်အတွက် အာယု အသက်ခေါ်သော ဇီဝိတဓာတ်၊ ဥသ္မာခေါ်သော ကံကြောင့်ဖြစ်သည့် တေဇောဓာတ်တို့သည်လည်း မပြတ်အဆင့်ဆင့်ဓာတ်ငွေ့ပေးကာ ပေးကာ နေကြရ၏။ ဤသို့ဖြစ်နေမှုကို အသက်ရှင်သည် ဟုဆိုကြရသည်။ အကယ်၍ ဤဘဝင်စိတ်နှင့် အာယု၊ အသက်၊ ဥသ္မာ ကိုယ်ငွေ့သုံးဖြာတို့ မရှိပါမူ၊ တနည်း- ဤသုံးဖြာဖြင့် တင်းစောင့်မပေးပဲ ငြင်းပယ်နေပါမူ ဤကိုယ်ခန္ဓာသည် ဗုန်းဗုန်းလဲကျ၍ သေပွဲဝင်နွဲရမည်ကား မလွဲဘည်း။

ဆိုခဲ့သော ဘဝင်စိတ်ကို ပမာဆောင်ရသော် အိပ်ပျော်နေသောအခါ ဖြစ်ပေါ်နေသော စိတ်မျိုးကဲ့သို့ ဖြစ်သည်။ ယင်းဘဝင်စိတ်သည် အလွန်အားနည်းသည်။ အာရုံဟောင်းကို ယူနေခိုက်မှာ မထင်ရှားသဖြင့် ဤသဘာဝကို သာမန်လူများ မသိနိုင်ချေ။ ထို့ပြင် ဤဘဝင်စိတ်သည် သူယူနေသော အတိတ်အာရုံဟောင်းကို မစွန့်လွှတ်သမျှကာလအတွင်း ပစ္စုပ္ပန်အာရုံသစ် တခုခုကိုသည်း မယူနိုင်ချေ။

ဤသည်ကား- စိတ်သည် ဘဝင်စိတ် အသွင်ဖြင့် သူ့ကိစ္စသူ့သတ္တိကို ဖော်ဆောင်ပုံဖြစ်သည်။

(၂) ဝီထိစိတ်ဆိုသည်ကား– ပဉ္စာရုံတခုခုနှင့် ပဉ္စဒွါရတခုခုတို့ ရှေ့တူရူ၌ ထိခိုက်ထင်လာသောသည်း ဝီထိစိတ်အသွင်ဖြင့်

အာရုံကို မယူနိုင်သေးချေ။ မိမိအလျင် အာရုံဟောင်းကို ယူနေသော ဘဝင်စိတ် အလျဉ်ပြတ်ပြီးကာမှ စိတ်သည် ဘဝင်စိတ်အသွင်မှ ဝီထိစိတ်အသွင်သို့ ကူးပြောင်း၍ အာရုံသစ်ကို ယူနိုင်လေသည်။ ဤဝီထိစိတ်သည် ဘဝင်စိတ်ကဲ့သို့ စိတ်တမျိုးတည်း တခုပြီး တခု ဖြစ်သော စိတ်မျိုးကား မဟုတ်၊ ဤဝီထိစိတ်များအနက် ဇောစိတ်နှင့် တဒါရုံစိတ်တို့မှ တပါး အခြားသော စိတ်တို့သည် စိတ်တမျိုးစီ ဖြစ်ကြသည်။ ဤစိတ်မျိုးကို ဝီထိစိတ်ဟု ဆိုသည်။

ယင်း ဝီထိစိတ်သည် စိတ်တမျိုးစီအားဖြင့် (၇) မျိုးရှိသည်။ ယင်း စိတ်တို့မှာ (၁) ပဉ္စဒွါရာဝဇ္ဇန်း (၂) ပဉ္စဝိညာဏ် (၃) သမ္ပဋိစ္ဆိုင်း (၄) သန္တီရဏ (၅) ဝုဋ္ဌော (၆) ဇော (၇) တဒါရုံ တို့ ဖြစ်ကြသည်။ ယင်းဝီထိစိတ် (၇) မျိုးအနက် ဇောစိတ်သည် တမျိုးတည်း (၇)ကြိမ်ထပ်ခါ ဖြစ်သည်။ ထို့အတူ တဒါရုံ စိတ်သည်လည်း တမျိုးတည်း (၂)ကြိမ်ထပ်ခါ ဖြစ်သည်။

ထို့ကြောင့် ဤဝီထိစိတ် (၇)မျိုးတွင် စိတ်အရေအတွက် အားဖြင့် ၁၄ ပါး၊ အကြိမ်အားဖြင့် ၁၄ ကြိမ် ဖြစ်လေသည်။

ဤဝီထိစိတ်သည် ထင်ရှား ပြတ်သားသော အာရုံတခုခုကို ယူခဲ့သော် ဝီထိစိတ် (၇)မျိုး၊ စိတ်အရေအတွက် (၁၄)ပါး၊ အကြိမ်အားဖြင့် (၁၄)ကြိမ် ဖြစ်ပြီးချုပ်၏။ ယင်း ၁၄ ကြိမ်မြောက်ဖြစ်သော ဒုတိယ တဒါရုံစိတ် ချုပ်သည်နှင့် ထိုစိတ်များ ယူခဲ့သော အာရုံသည်လည်း တပြိုင်တည်း ချုပ်လေသည်။

ဤသည်ကား ဝီထိစိတ်အသွင်ဖြင့် သူ့ကိစ္စ သူ့သတ္တိကို ဖော်ဆောင်ပုံဖြစ်သည်။

ဤသို့အားဖြင့် စိတ်သည် အာရုံဟောင်းကိုသာ ယူသော ဘဝင်စိတ်နှင့် အာရုံသစ်ကိုသာယူသော ဝီထိစိတ်ဟူ၍ မျိုးတူဆင်ကဲ့ ၂-မျိုး ပြားသွားပေသည်။ ဥပမာ လူဘယောက်တည်း ဤအဖွဲ့မှာ ဥက္ကဋ္ဌ ဟိုအဖွဲ့မှာ အမှုဆောင်ကိစ္စကို ဆောင်ရွက်သကဲ့သို့တည်း။

တနည်းမှာ ဘဝင်စိတ်သည် အစဉ်ရှိသော မျိုးစေ့ခတ်နှင့်တူ၍ ဝီထိစိတ်မှာကား ပေါက်ရောက်လာသော အညွှန့်၊ အပင်၊ အကိုင်းအခက် စသည်တို့နှင့် တူသည်။

ဤ ပဉ္စဒွါရဝီထိစိတ် ဖြစ်ပုံဖြစ်ဟန်၌ အာရုံဘခုခုသည် ဆိုင်ရာဒွါရနှင့် တိုက်ဆိုင်ထိခိုက်သည်မှ ချုပ်ဆုံးလေသည်အထိ စိတ်အစဉ် ဖြစ်ပေါ်ပုံကို ပေါင်းရုံး ဖော်ပြရသော် ဘဝင်စိတ် ၃ + ဝီထိစိတ် ၁၄ = ပဉ္စဒွါရဝီထိစိတ် ၁၇—ပါး ဖြစ်သည်။ ယင်းစိတ် (၁၇)ပါးကို စိတ္တက္ခဏ (၁၇)ချက်ဟုလည်း ခေါ်သည်။

ဤ ပဉ္စဒွါရဝီထိစိတ် (၁၇)ချက်သည် စိတ်၏သဘာဝအတိုင်း ဖြစ်ပေါ်ရုံမျှဖြင့် ခုမြင်ခုသိမျိုး မဖြစ်နိုင်သေးချေ။ ထိုပဉ္စဒွါရဝီထိစိတ် နောက်သို့ အစဉ်လိုက်သော မနောဒွါရဝီထိစိတ် ဖြစ်ပေါ်ပြီး ထိုစိတ်သဘာဝအပေါ် အမည်နာမ အထည်ဒြပ် ပညတ်အာရုံ ထင်လာမှ အဖြူရောင်မြင်လျှင် အဖြူရောင်ဟု သိသည်။

ဤဝီထိစိတ် ဖြစ်ပုံဖြစ်ဟန်များကို သဗ္ဗညုဉာဏ်ကြီးသခင် ဘုရားရှင်သာ သိနိုင်သည်။ ရဟန္တာ အရှင်မြတ်များ သော်မှ မြတ်စွာဘုရား ဟောကြားတော်မူ၍ သိရပေသည်။

စိတ်သည် အလွန်ပေါ့ပါးသည်။ အလွန်လျင်မြန်သည်။ သို့ လျင်မြန်သည့်အတွက် ယခုအသံကို နားဖြင့်ကြားလျှင် ဤအသံ သည် လူသံ၊ ကြက်သံ၊ ငှက်သံ၊ ခွေးသံဟု တမုဟုတ်ခြင်း သိသည်ဟု ထင်ကြသည်မှာ မဟုတ်၊ ထိုတမုဟုတ် ခဏကာလအတွင်းမှာ စိတ် ၏ ဖြစ်ပျက်အစဉ်များ ခြားနေပြီးမှ သိနိုင်ပေသည်။ ဆိုလိုသည် မှာ အဆင်းရောင် အသံစသည့် အာရုံတို့ကို မြင်လျှင်မြင်ခြင်း၊ ကြားလျှင်ကြားခြင်း ချက်ခြင်း မသိနိုင်သေးချေ။ သို့ ချက်ခြင်း ခဏအကြားမှာ ပဉ္စဒွါရဝီထိနှင့် မနောဒွါရဝီထိတို့ ခြားနား လျက် ရှိသည်ဟု ဆိုလိုသည်။

ဤသို့ ပဉ္စဒွါရဝီထိစိတ် ဖြစ်ပေါ်ပြီးနောက် မနောဒွါရဝီထိ စိတ် အစဉ်လိုက်ပြီးမှ အမည်နာမ အထည်ဒြပ် ပညတ်အာရုံ ထင် လာသည်။ သို့ ထင်လာမှ ဤအသံသည် လူသံ၊ ကြက်သံ စသည် ဖြင့် ခွဲခြားသိနိုင်သည်။ ဤသို့ သိပုံကို နောက်၌ ဖော်ပြပေမည်။

ထို့ကြောင့် ဤပဉ္စဒွါရဝီထိစိတ် ဖြစ်ပုံဖြစ်ဟန်သည် စိတ်ပိုင်း ဆိုင်ရာ၌ အရေးပါလှသည်။ သို့ကြောင့် ရှေ့ပြေး ဖော်ပြမည် ဖြစ်သော ဤပဉ္စဒွါရဝီထိစိတ် ဖြစ်ပုံဖြစ်ဟန် စိတ်အစဉ် (၁၇) ချက်ကို စိတ်ဝယ်သိမ်းပိုက်၍ ဆောင်ထားအပ်ပေသည်။

# ၄။ ပဉ္စဒွါရဝီထိဖြစ်ပုံဖြစ်ဟန်

| ဦးရေ | စိတ္တက္ခဏအမည်များ အရှည် | ခဏငယ်များ အတို | ဥပါဒ် | ဌီ | ဘင် | စိတ်အမည် မြန်မာ |
|---|---|---|---|---|---|---|
| ၁။ | အတီတဘဝင် | တီ | ဝ | ဝ | ဝ | လွန်ပြီး (ပ) ဘဝင်စိတ် |
| ၂။ | ဘဝင်္ဂစလန | န | ဝ | ဝ | ဝ | လှုပ်သည့်(ဒု) ဘဝင်စိတ် |
| ၃။ | ဘဝင်္ဂုပစ္ဆေဒ | ဒ | ဝ | ဝ | ဝ | ပြတ်သည့် (တ)ဘဝင်စိတ် |
| ၄။ | ပဉ္စဒွါရာဝဇ္ဇန်း | ပ | ဝ | ဝ | ဝ | ဆင်ခြင်သည့် ဝီထိစိတ် |
| ၅။ | ပဉ္စဝိညာဏ် | ဝိ | ဝ | ဝ | ဝ | သိသည့် ဝီထိစိတ် |
| ၆။ | သမ္ပဋိစ္ဆိုင်း | သံ | ဝ | ဝ | ဝ | ခံလင့်သည့် ဝီထိစိတ် |
| ၇။ | သန္တီရဏ | ဏ | ဝ | ဝ | ဝ | စုံစမ်းသည့် ဝီထိစိတ် |
| ၈။ | ဝုဋ္ဌော | ဝု | ဝ | ဝ | ဝ | ဆုံးဖြတ်သည့် ဝီထိစိတ် |
| ၉။ | ဇော-ပ | ဇ | ဝ | ဝ | ဝ | ပြင်းစွာခံစားသည့်ဝီထိစိတ် |
| ၁၀။ | ဇော-ဒု | ဇ | ဝ | ဝ | ဝ | ။ |

| | | | | | | |
|---|---|---|---|---|---|---|
| ၁၁။ | ဇော-တ | ၉ | ၀ | ၀ | ၀ | ပြင်းစွာခံစားသည့်ဝိထိစိတ် |
| ၁၂။ | ဇော-စ | ၉ | ၀ | ၀ | ၀ | ။ |
| ၁၃။ | ဇော-ပ | ၉ | ၀ | ၀ | ၀ | ။ |
| ၁၄။ | ဇော-ဆ | ၉ | ၀ | ၀ | ၀ | ။ |
| ၁၅။ | ဇော-သ | ၉ | ၀ | ၀ | ၀ | ။ |
| ၁၆။ | တဒါရုံ-ပ | တ | ၀ | ၀ | ၀ | ထပ်မံခံစားသည့် ဝိထိစိတ် |
| ၁၇။ | တဒါရုံ-ဒု | တ | ၀ | ၀ | ၀ | ။ |
| ၁၇။ | ပေါင်း | | ၁၇ + ၁၇ + ၁၇ = ၅၁ ချက် | | | |

အထက်ဖော်ပြပါတို့သည် ထင်ရှားသော ရုပ်သက်တချက်မှာ ဖြစ်ပေါ်နိုင်သော စိတ္တက္ခဏ ၁၇-ချက်တို့၏ အမည်ဖြစ်သည်။ ထိုစိတ္တက္ခဏ တချက်မှာ ဥပါဒ်-ဌီ-ဘင်- ခဏငယ် ၃-ချက်စီရှိ၍ စိတ္တက္ခဏ ၁၇-ချက် ရုပ်သက်တချက်မှာ ခဏငယ်ပေါင်း ၅၁-ချက်ရှိသည်ကို ဖော်ပြခြင်း ဖြစ်သည်။

## စိတ္တက္ခဏ ၁၇-ချက်၏သဘော

(၁) **အတီတဘဝင်စိတ်** ဆိုသည်မှာ ရူပါရုံ အဆင်းရောင်နှင့် စက္ခုပသာဒ သို့မဟုတ် စက္ခုဒွါရ မျက်စိအကြည်တို့ ထိခိုက် ထင်ခြင်းသို့ မရောက်မီ ဘဝင်စိတ်သည် လွန်၍ ချုပ်သွားလေသည်။ ဤသို့ အာရုံမထင်မီ လွန်သွားသောစိတ်ကို ပါဠိလို အတီတဘဝင်စိတ်ဟု ခေါ်သည်။

ဘဝင်လွန်ပုံမှာ စက္ခုဒွါရဝီထိ မျက်စိ၌ မြင်သိစိတ် ဖြစ်ပေါ်ဖို့ရာ ရူပါရုံတပါး၊ စက္ခုဒွါရတပါး၊ ဘဝင်စိတ်တပါး ဤတရား ၃-ပါးသည် တပြိုင်နက် ဖြစ်ပေါ်ရလေသည်။ ဤတရား ၃-ပါးတွင် ဘဝင်စိတ်သည် နာမ်တရားဖြစ်သည်။ နာမ်တရားသည အလွန်ပေါ့ပါး လျင်မြန်သည်။ ထို့ကြောင့် ရူပါရုံသည် စက္ခုဒွါရ၌ ထိခိုက်ထင်ခြင်းသို့ မရောက်မီ ရုပ်တရားများ ရှိနေစဉ် ဘဝင်စိတ်သည် ဥပါဒ်- ဌီ- ဘင်- ခဏငယ် ၃-ချက် (စိတ္တက္ခဏ တချက်) စေ့သောအခါ လွန်ပြီး ချုပ်သွားသည်။

ရူပါရုံနှင့် စက္ခုဒွါရတို့မှာ ရုပ်တရားများဖြစ်၍ နှေးကွေး လေးလံသည့် သဘောရှိသည်။ ထို့ပြင် ရုပ်တရား၏ သဘောသည် ဥပါဒ်ဖြစ်ခိုက်နှင့် ဘင်ပျက်ခိုက်မှာ အားမရှိသေးချေ။ ဌီ— တည်ရှိခိုက်ရောက်မှ အားရှိသည့်သဘော ရှိသည်။ စိတ်တရားထက် ရုပ်တရားက အသက်ရှည်သည့်သဘောလည်း ရှိသည်။ ထို့ကြောင့် ရူပါရုံနှင့် စက္ခုဒွါရတို့ အချင်းချင်း ထိခိုက်ထင်ခြင်းသို့ မရောက်မီ ရုပ်တရားများ ရှိနေစဉ် လွန်ပြီး ချုပ်သွားသည့် ဘဝင်စိတ်ကို အတီတ ဘဝင်စိတ် ဟု ခေါ်ဆိုခြင်းဖြစ်သည်။

(၂) ဘဝင်စလန ဆိုသည်မှာ ပထမဘဝင်စိတ်လွန်ပြီး ဒုတိယ ဘဝင်စိတ် ဆက်တိုက် ဖြစ်ပေါ်လာသောအခါ ရူပါရုံသည် စက္ခုဒွါရနှင့် မနောဒွါရ၌ ဘဝင်စိတ်မှာ တပြိုင်တည်း ထင်လာသည်။ ဤသို့ ရူပါရုံထင်လာသောအခါ ဘဝင်စိတ်သည် လှုပ်သွားသည်။ ဤသို့ ဘဝင်စိတ် လှုပ်သည်ကို ပါဠိလို ဘဝင်စလန ဟုခေါ်သည်။

အာရုံထင်ပုံမှာ ဒုတိယဘဝင်စိတ် ဖြစ်ပေါ်လာသောအခါ ရူပါရုံနှင့် စက္ခုဒွါရတို့သည် ဠ-ကာလသို့ ရောက်ပြီဖြစ်၍ အားရှိလာကြသည်။ ထို့ကြောင့် ရူပါရုံသည် စက္ခုဒွါရနှင့် မနောဒွါရခေါ် ဘဝင်စိတ်၌ တပြိုင်တည်း ထင်လာသည်။ သို့ထင်ပုံကို ပမာဆောင်ရသော်၊ ငှက်တကောင်သည် ကောင်းကင်မှ ပျံဝဲလာ၍ သစ်ကိုင်းပေါ်သို့ နားလိုက်သည်။ သစ်ကိုင်းပေါ်သို့ နားခြင်းနှင့် မြေပြင်၌ အရိပ်ထင်ခြင်းတို့သည် တပြိုင်တည်း ဖြစ်သကဲ့သို့တည်း။ တနည်း နေ၏ရှေ့တူရူ၌ မှန် ၂-ချပ် ထောင်ထားသော် နေ၏အရိပ်သည် မှန် ၂-ချပ်၌ တပြိုင်တည်း အရိပ်ထင်သကဲ့သို့ဖြစ်သည်။

ဤ၌ ရူပါရုံသည် စက္ခုဒွါရ၌ ထင်ခြင်းသည် ဆင်ခြင်တတ်သော သဘောဖြစ်သည့် စက္ခုဒွါရာဝဇ္ဇန်း ဝီထိစိတ် ဖြစ်ပေါ်ရန် အကြောင်းဖြစ်သည်။ မနောဒွါရခေါ် ဘဝင်စိတ်၌ အာရုံထင်ခြင်းသည် မြင်သိစိတ် စက္ခုဝိညာဏ် ဖြစ်ပေါ်ရန် အကြောင်းဖြစ်သည်။

ဘဝင်စိတ်လှုပ်ပုံမှာ ရူပါရုံသည် စက္ခုဒွါရနှင့် မနောဒွါရခေါ် ဘဝင်စိတ်၌ ထင်လာသောအခါ ဘဝင်စိတ်သည် အာရုံဟောင်းကိုလည်း မစွန့်လွှတ်နိုင်သေး၊ အာရုံသစ်ကို လှမ်းသင့်ယူခြင်းလည်းမရှိသေးချေ။ သို့သော် ဤကြားကာလမှာ ဘဝင်စိတ်သည် ထင်လာသည့်အာရုံသစ်ကို အာရုံပြုခြင်း၊ လှမ်းလင့်ခြင်း အမူအရာသဘောကား ဖြစ်ပေါ်လာသည်။ ဤအမူအရာသဘောကိုပင် ဘဝင်လှုပ်သည်ဟု ဆိုသည်။ ဤသို့ ဘဝင်သည် လှုပ်ပြီး ချုပ်သွားလေသည်။

(၃) ဘဝင်္ဂုပစ္ဆေဒ ဆိုသည်မှာ– လှုပ်သောဘဝင် စလနစိတ်နောက် ဖြစ်ပေါ်လာသော တတိယ ဘဝင်စိတ်ဖြစ်ပြီး ချုပ်ပြတ်သွားသော ဘဝင်ကို ဘဝင်္ဂုပစ္ဆေဒဘဝင် အလျဉ်ပြတ်သော ဘဝင်စိတ်ဟု ဆိုသည်။

ဘဝင်အလျဉ်ပြတ်ပုံမှာ အာရုံသစ်ကိုယူသော ဝိထိစိတ်မဖြစ်သေးသော အခါမျိုး၌ ဘဝင်စိတ်သည် မြစ်ရေ အလျဉ်ကဲ့သို့ တခုပြီးတခု ထာဝစဉ်ဖြစ်နေသည်။ ယင်းဘဝင်စိတ်သည့် အဟုန်လျင်မြန်သောကြောင့် အာရုံနှင့်ဒွါရတို့ဘိုက်ဆိုင်ခိုက်မှာ ပဌမ ဘဝင်စိတ် တကြိမ်ချုပ်သွားသည်။ ဒုတိယ ဘဝင်စိတ် တဖန် ဖြစ်ပေါ်၍ နှစ်ဒွါရ၌ အာရုံထင်လာသောအခါ၌လည်း ဘဝင်အလျဉ်သည် ချက်ခြင်းမပြတ်သေးပဲ တတိယ ဘဝင်စိတ်(၁)ကြိမ် ထပ်မံဖြစ်သေးသည်။ ဤသို့ အာရုံနှင့် ဒွါရ တိုက်ဆိုင် ထိခိုက် ထင်လာသည်မှ ဘဝင်အလျဉ် (၃)ကြိမ်မြောက်သောအခါ အာရုံသစ်ကို ယူနိုင်ရန် ဘဝင်စိတ်သည် မိမိသူမြဲတိုင်းသော အာရုံဟောင်းကို စွန့်လွှတ်လိုက်သည်။ ဤသို့စွန့်လွှတ်လိုက်သောအခါ ဘဝင်အလျဉ်ပြတ်သွားသည်။ ဤသို့ပြတ်သွားသောဘဝင်ကို ဘဝင်္ဂုပစ္ဆေဒ ဟုခေါ်သည်။

အာရုံဟောင်းကို စွန့်လွှတ်သည့်အကြောင်းမှာ စိတ်၏သဘောသည် မထင်ရှားသော အာရုံဟောင်း၌ မမွေ့လျော်နိုင်ချေ။ ထင်ရှားသော အာရုံ အသစ်အသစ်၌သာ မွေ့လျော်နိုင်သော သဘောရှိသည်။ ထို့ကြောင့် စိတ်သည် အာရုံသစ်နှင့် မွေ့လျော်နိုင်ရန် ကြံစည်တတ်သောဝိတက်၊ နှလုံးသွင်း ဆင်ခြင်တတ်သော မနသိကာရ စေတသိက်တို့ကို အဖေါ်သဟဲပြုလျက် အာရုံသစ်ကို

စူးစမ်းရှာဖွေလေ့ရှိလေသည်။ ထို့ကြောင့် အာရုံသစ်တွေ့သော အခါ ယင်းအာရုံကို ယူနိုင်ရန် စိတ်သည် အာရုံ ဟောင်း ကို စွန့်လွှတ်သည့်သဘော ရှိသောကြောင့်တည်း။

အာရုံသစ်သည် ဒွါရတို့၌ ထင်လာသောအခါ ဘဝင်စိတ်သည် မထင်ရှားသောအာရုံဟောင်းကို မစွန့်လွှတ်ပဲ ဘဝင်စိတ်(၂)ကြိမ် ထပ်မံဖြစ်ရသည့်အကြောင်းမှာ စိတ်သည် ပေါ့ပါးလျင်မြန်သော ကြောင့် စိတ်အဟုန်အရှိန်သည် ရှိသည်။ ဥပမာ- ပန်းပြေးသော သူများသည် ပန်းတိုင်သို့ ရောက်သော်လည်း ချက်ခြင်းပြေးလာ သည့်အရှိန်ကို မသတ်နိုင်ဘဲ အရှိန်ရှိသမျှ ၄-၅-၁၀ လှမ်းရောက်မှ အရှိန်သေသကဲ့သို့ ဖြစ်သည်။

(၄) ပဉ္စဒွါရာဝဇ္ဇန်းဝီထိစိတ် ဆိုသည်မှာ— ရူပါရုံ စသော (၅)ပါးသည် စက္ခုဒွါရစသော ဒွါရ(၅)ပါး၌ ထင်လာသော အာရုံသစ်ကို ဆင်ခြင်သော ဝီထိစိတ်ကို ပဉ္စဒွါရာဝဇ္ဇန်းစိတ် ဟု ဆိုသည်။

ဤပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် မိမိရှေ့၌ဖြစ်သောအာရုံဟောင်း ကိုယူ၍အစဉ်အတိုင်းဖြစ်လာသောဘဝင်အလျဉ်ကို ပြတ်စေနစ်ခဲ့ လေသည်။ ဤပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် စက္ခုဝိညာဏ် စသော ပဉ္စဝိညာဏ်စိတ်များ ဖြစ်ပေါ်နိုင်ရန် အသစ်ထင်လာသောအာရုံ သစ်ကို ဝီထိစိတ်အသွင်ဖြင့် စိတ်အစဉ်တမျိုးပြီးတမျိုးဖြစ်ပေါ် လာရန် ရှေးဦးစွာ လမ်းခင်းပေးသောစိတ်ဖြစ်သည်။ ဤစိတ်ကို ပဉ္စဒွါရာဝဇ္ဇန်းဝီထိစိတ် ဟု ခေါ်သည်။

(၅) ပဉ္စဝိညာဏဝိထိစိတ် ဆိုသည်မှာ—ရူပါရုံစသော အာရုံ ၅-ပါးနှင့် စက္ခုဒွါရ စသော(၅)ဒွါရ၌ ထင်လာသော အာရုံကို အစွဲပြု၍ ဖြစ်ပေါ်လာသော စက္ခုဝိညာဏ်-မြင်သိစိတ် စသော ဝိညာဏ် ၅-ပါးဖြစ်ပေါ်မှုကို ပဉ္စဝိညာဏ ဝိထိဟု ဆိုသည်။

## ပုံစံ

၁။ ရူပါရုံနှင့် စက္ခုဒွါရကို အစွဲပြု၍ စက္ခုဝိညာဏ်ဝိထိ၊
၂။ သဒ္ဒါရုံနှင့် သောတဒွါရကို အစွဲပြု၍ သောတဝိညာဏ် ဝိထိ၊
၃။ ဂန္ဓာရုံနှင့် ဃာနဒွါရကို အစွဲပြု၍ ဃာနဝိညာဏ်ဝိထိ၊
၄။ ရသာရုံနှင့် ဇိဝှါဒွါရကို အစွဲပြု၍ ဇိဝှါဝိညာဏ်ဝိထိ၊
၅။ ဖောဋ္ဌဗ္ဗာရုံနှင့် ကာယဒွါရကို အစွဲပြု၍ ကာယဝိညာဏ် ဝိထိ စိတ်အသီးသီး ဖြစ်ကြသည်။

ဤသို့ ရူပါရုံ စသော အာရုံ(၅)ပါးနှင့် စက္ခုပသာဒ စသော ပသာဒ၊ သို့မဟုတ် ဒွါရ(၅)ပါးကိုအစွဲပြု၍ စက္ခုဝိညာဏ်စသော ပဉ္စဝိညာဏ်စိတ်တို့ဖြစ်ပေါ်ပုံကို ပမာဆောင်ရသော် စည်မျက်နှာ ပြင်နှင့် စည်လက်ခတ် နှစ်ပါးတို့၏ တီးခတ် ထိခိုက်မှုကြောင့် စည်သံ ထွက်လာသကဲ့သို့ဖြစ်သည်။

(၆) သမ္ပဋိစ္ဆိုင်းဝိထိစိတ် ဆိုသည်မှာ— ပဉ္စဝိညာဏ် စိတ်တို့ ယူအပ်သော ပဉ္စာရုံကို မလွှတ်စေရဘဲ တဆင့်ခံယူ သိမ်းပိုက် ထားဘိသကဲ့သို့ အာရုံပြုမှုကိစ္စနှင့် အခြားဝိထိစိတ်များဖြစ်ပေါ် အောင် ဆောင်ရွက်မှုကို သမ္ပဋိစ္ဆိုင်းဝိထိစိတ်ဟု ခေါ်သည်၊

(၇) သန္တီရဏဝီထိစိတ်ဆိုသည်ကား—သမ္ပဋိစ္ဆိုင်း သိမ်းပိုက်ခံယူထားသောအာရုံကို ဆင်ခြင်စုံစမ်းဘိ သကဲ့သို့သော စိတ်ကို သန္တီရဏ ဝီထိစိတ် ဟုဆို၏။

(၈) ဝုဋ္ဌောဝီထိစိတ် ဟူသည်မှာ— သန္တီရဏ စုံစမ်းအပ်ပြီးသောအာရုံ၌ ကောင်းသော ဣဋ္ဌာရုံ မကောင်းသောအနိဋ္ဌာရုံဟု ပိုင်းခြား သတ်မှတ်ခြင်းကိစ္စကို ဆောင်ဘိသကဲ့သို့သော စိတ်ကို ဝုဋ္ဌောဝီထိစိတ် ဟု ဆိုသည်။

(၉) ဇောဝီထိစိတ်ဟူသည်ကား— ဝုဋ္ဌောဝီထိစိတ် ပိုင်းခြားသတ်မှတ်ပေးသော အာရုံကို ယူကာ အဟုန် အရှိန် ပြင်းစွာဖြင့် ထိထိမိမိ ခံစားဘိသကဲ့သို့သောစိတ်ကို ဇောဝီထိစိတ်ဟုဆို၏။

ဤဇောစိတ်သည် အများအားဖြင့် ၇-ကြိမ် ထပ်ခါထပ်ခါ ဖြစ်လေ့ရှိသည်။ သို့ခံစားရာတွင် ပထမဇောသည် စတင်ခံစားရသည်ဖြစ်၍ သဘောတူသော စိတ်မရှိသေးရကား အားနည်းလေသည်။ ဒုတိယဇောမှာကား ပထမဇောစိတ်၏ အထုံကိုရပြီဖြစ်၍အားရှိလေသည်။ ထိုဒုတိယဇောထက် တတိယဇောစိတ်က အားရှိ၏။ စတုတ္ထဇောစိတ်မှာကား အားအရှိဆုံးဖြစ်၏။ ပဥ္စမဇောမှ သတ္တမဇောအထိမှာ တဆင့်ထက်တဆင့် ဆုတ်ယုတ်လျော့ကျလေသည်။

(၁၀) တဒါရုံဝီထိစိတ်ဆိုသည်မှာ- ဇောယူသော အာရုံကိုယူ၍ နောက်ထပ် ၂ ကြိမ်ထပ်ခါ ခံစားဘိသကဲ့သို့သော ဝီထိစိတ်ကို တဒါရုံဝီထိစိတ် ဟုဆိုသည်။

ဤသို့ ဇောစိတ်နောက်လိုက်၍ ခံစားသော တဒါရုံစိတ်ကို ပမာဆောင်ရသော်- အညာသို့ ဆန်တက် ခုတ်မောင်းသော သင်္ဘောနောက်သို့ ရေအလျဉ်များ အနည်းငယ်ဆန်လိုက်သကဲ့သို့ ဖြစ်သည်။ ထို့အတူ မီးရထား, မော်တော်ကား လျင်မြန်စွာ ခုတ်မောင်းသွားရာ နောက်သို့ လေအဟုန်များ လိုက် သ ကဲ့ သို့ တည်း။

ဤပဉ္စဒွါရာဝီထိစိတ်၌ စိတ်ဖြစ်ပုံဖြစ်ဟန်များမှာ စိတ်အမျိုးအားဖြင့် စိတ်တမျိုးဘည်း ဘဝင်စိတ်နှင့် ဝီထိစိတ် ၂ မျိုးဖြင့် ဖော်ဆောင်သည်။ ထိုစိတ် ၂-မျိုး၌စိတ်အစဉ်များမှာ ဘဝင်စိတ်- ၃+ဝီထိစိတ် ၇=ဝီထိစိတ်အစဉ် ၁၀ မျိုးဖြစ်သည်။ စိတ်အရေအတွက်မှာ ၁၇ ပါးဖြစ်သည်။ ယင်းစိတ် ၁၇ ပါးကို စိတ္တက္ခဏ ၁၇ ချက်ဟုလည်းခေါ်သည်။

ဤသို့ စိတ်၏ ဖြစ်ပုံဖြစ်ဟန် အလုံးစုံကို ကုန်စင်အောင် သဘောအနက်နှင့်တကွ အစိတ်စိတ်ခွဲခြား သိမြင်တော်မူခြင်းသည် သဗ္ဗညုတဉာဏ်ကို ပိုင်ဆိုင်သော ဘုရားရှင်များသာ သိနိုင် ပြနိုင်ပေသည်။ ထို့ကြောင့် သဗ္ဗညုတ ဉာဏ်ကြီးအရှင် ဘုရားသခင်သည် လူသာမန်တို့ ပြုနိုင်ခဲသည်ကို ပြုနိုင်စွမ်းသည်မှာ ထင်ရှားပေသည်။

လူသာမန်တို့ပြုနိုင်ခဲသည်ကို ပမာဆောင်ရသော် ဤမြန်မာနိုင်ငံရှိ သံလွင်မြစ်၊ စစ်တောင်းမြစ်၊ ချင်းတွင်းမြစ်၊ ဧရာဝတီမြစ် စသည်တို့မှ ရေများသည် ပင်လယ်သမုဒ္ဒရာထဲသို့ စီးဝင်သွားရာ ဤရေကား သံလွင်မြစ်ရေ၊ ဤရေကား စစ်တောင်းမြစ်ရေ စသည်ဖြင့် မြင်တွေ့နိုင်သော ရေ၏ရုပ်အဆင်းကိုပင် ခွဲခြားနိုင်ဘို့ ခဲယဉ်းပေသည်။

ထိုထက်ခဲယဉ်းသည်ကို ဖော်ပြရသော် အထည်ဒြပ်မထင်နိုင်သော သဘောလက္ခဏာမျှသာရှိသော စိတ်-စေတသိက် နာမ်တရားတို့ကို ဤကား စိတ်၊ ဤကားစေတသိက်၊ ဤကားကုသိုလ်စိတ်၊ ဤကား အကုသိုလ်စိတ် ဤစိတ်မျိုး၌ စေတသိက်အဘယ်မျှ ယှဉ်တွဲဖြစ်သည်ကို နည်းနာဖြင့် ခွဲခြားစိတ်ဖြာ၍ သရုပ်ကွဲအောင် ဟောကြားတော်မူခဲ့သော သဗ္ဗညုတ ဉာဏ်တော်၏ ကြီးမား စူးရှလှသည်ကို အဘယ်မှာ အံ့သြလေးစားခြင်း မပြုပဲ နေနိုင်ပါအံ့နည်း။

ထို့နောက် ဖော်ပြလိုသည်မှာ သတ္တဝါဆိုသည်မှာ စိတ်-စေတသိက် ရုပ်တရားတို့ကို ပေါင်းစုဖွဲ့စည်းထားခြင်း ဖြစ်သည်။ သို့ဖြင့် သတ္တဝါတို့၏ သန္တာန်၌စိတ်ရှိသည်ဆိုရာဝယ် ဤစိတ်သည် အရပ်ဒေသတခုခုမှာ တည်ရှိသည်မဟုတ်ချေ။ အကြောင်းတိုက်ဆိုင်သောအခါ ဘဝင်စိတ်အသွင်မှ ဝီထိစိတ်အသွင်သို့ကူးပြောင်းဖြစ်ပေါ်လာသည်။ ဥပမာ-လေသည်ရှိ၏။ သို့သော် ဤလေကို မမြင်နိုင်၊ ဤလေသည် မည်သည့်အရပ်တခုခုမှာ တည်ရှိသည်ဟုလည်း မပြောနိုင်သကဲ့သို့တည်း။ ဤသို့ စိတ်ဖြစ်ပေါ်လာခြင်းသည် စိတ်သည် ရှိ၍သာဖြစ်ပေါ်ခြင်းဖြစ်သည်၊ ဤစကားမှန်၏၊ စိတ်မရှိသော ရုပ်သာရှိသော လူသေကောင်၌ မည်သို့အကြောင်း တိုက်ဆိုင်စေ စိတ်မဖြစ်ပေါ်နိုင်သည်မှာ ထင်ရှားသည်။

ပြယုဂ်မှာ - မီးခြစ်ဆံ နှင့် မီးခြစ်ခံ့တို့၌ မီးဓာတ် ရှိသောယမ်းများအချင်းချင်း အကြောင်း တိုက်ဆိုင်သည့်အခါ မီးပွင့်လာသည်၊ ရေစိုနေသော မီးဓာတ် ပျက်သုဉ်းသည့် မီးခြစ်ဆံ

ယမ်းနှင့် မီးခြစ်ခံ့ယမ်းတို့သည် မည်မျှ တိုက်ဆိုင် ထိခိုက်သည် ဖြစ်စေ မီးမပွင့်နိုင်ပေ။

ဤ၌ ဒွါရဆိုင်ရာ ဝိထိသည် (၆)မျိုးရှိသည်၊ ယင်း (၆) မျိုးတွင် အထက်၌ ဖော်ပြခဲ့သော ပဉ္စဒွါရဝိထိ (၅) မျိုးသည် ရုပ်ပိုင်းဆိုင်ရာ၌ ဖြစ်ပေါ်သော ဝိထိစိတ်ဖြစ်သည်။ ကျန်မနော ဒွါရဝိထိမှာကား နာမ်ပိုင်းဆိုင်ရာ၌ ဖြစ်ပေါ်သော ဝိထိစိတ်ဖြစ် သည်။ နောင်၌ မနောဒွါရဝိထိစိတ်ဖြစ်စဉ်ကို ဆက်လက်ဖော်ပြ ပါမည်။

## (၅) ပဉ္စဒွါရဝိထိ တိုင်းတာပုံ

ပဉ္စဒွါရဝိထိ တိုင်းတာပုံမှာ ပဉ္စာရုံနှင့် ပဉ္စဒွါရ၊ သို့မဟုတ် ပဉ္စပသာဒတို့ ရှေ့ရှုအတူ ဉပါဒ်ပြိုင် ဖြစ်ကြသည်မှ အတီတဘဝင် တချက်လွန်တွင် ပဉ္စဒွါရ၌ ပဉ္စာရုံသင်ခြင်းသို့ ရောက်လေသည်၊ ထို့နောက် ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ အဆုံးမှာ ဘဝင်စိတ် (၃)ကြိမ်ဖြစ်၍ ချုပ်ဆုံးအပြီး ဝိထိစိတ်ဖြစ်သော (၁) ပဉ္စဒွါရ ဝဇ္ဇန်း၊ (၂)ပဉ္စဝိညာဏ်၊ (၃)သမ္ပဋိစ္ဆိုင်း၊ (၄)သန္တီရဏ၊ (၅) ဝုဋ္ဌော၊ (၆)ဇော ၇-ကြိမ်၊ (၇)တဒါရုံ ၂-ကြိမ် ဤမျှအတိုင်း အရှည်ရှိသောဝိထိစိတ်အစဉ် ၇-ကြိမ် စိတ်အဖြစ်ပေါင်း ၁၄-ကြိမ် အပြီးမှာ ပဉ္စာရုံ၏ရုပ်သက်သည် စိတ္တက္ခဏ ၁၇-ချက်စေ့ရကား ဒုတိယ တဒါရုံ၏ ဘင်-နှင့်ပြိုင်၍ ထိုထင်လာသော အာရုံသည် ချုပ်သက်စေ့၍ ချုပ်ဆုံးခြင်းသို့ ရောက်ရလေသည်။

ဤသည်ကား အားကြီး၍ ထင်ရှားသောအာရုံ၏ အသက် အပိုင်းအခြားကို တိုင်းတာခြင်း ဖြစ်သည်။

အာရုံရုပ်ကို တိုင်းတာရာတွင် မျိုးတူဆင်ကဲ့ဖြစ်သော ဘဝင် စိတ်နှင့် ဝီထိစိတ် ၂-မျိုးစလုံး ပါဝင်ကြပေသည်။ ထိုမျိုးတူ ဆင်ကဲ့စိတ် ၂-မျိုးမှ ဘဝင်စိတ်အဖြစ်နည်း၍ ဝီထိစိတ်အဖြစ် များသော အာရုံဖြစ်ခဲ့လျှင် ထိုအာရုံကို အားကြီးသောအာရုံ ဖြစ်သည်ဟု ပိုင်းခြားသတ်မှတ်လေသည်။ အကယ်၍ ဘဝင်စိတ်က များပြီး ဝီထိစိတ်က နည်းခဲ့သော် အားနည်းသော အာရုံရုပ်ဟု ပိုင်းခြား သတ်မှတ်ရလေသည်။

(ဤသည်တို့ကား ဖြစ်ပေါ် ထင်လာသော အာရုံကို တိုင်း တာပုံဖြစ်သည်။)

ဤတွင် အချို့အာရုံသည် သူစွမ်းနိုင်သော သတ်မှတ်အား သည့် ဝီထိစိတ်အစဉ်ကုန်ဆုံးသွားသော်သည်း စိတ္တက္ခဏ ၁၇-ချက် မပြည့်သေး၍ ရုပ်သက် မကုန်သေးချေ။ ထိုအခါ စိတ္တက္ခဏ ၁၇-ချက်ပြည့်ဖို့ ပစ္စုပ္ပန်အာရုံကို အာရုံမယူသောဘဝင်စိတ်ဖြင့် စိတ္တက္ခဏ ၁၇-ချက် ပြည့်အောင် ဖြည့်ပေးရလေသည်။ ထိုသို့ ဖြည့်၍ ရုပ်သက်စေ့မှ ဖြစ်ပေါ်ဆဲအာရုံရုပ်သည် ချုပ်ဆုံးခြင်းသို့ ရောက်လေသည်။

ထို့ကြောင့် ဖြစ်ပေါ်လာသောရုပ်၏ အသက်ကို တိုင်းတာ ဘွက်ချက်ဖို့ဆိုလျှင် အာရုံနှင့်ပသာဒတို့ ရှေ့ရှုအတူပြိုင်ဖြစ်သည့် ရှေ့ဦးဖြစ်သော ဘဝင်စိတ်ကို ရေတွက်ရမည်။ ထို့နောက် ဖြစ် ပေါ်လာသော ဝီထိစိတ်အစဉ်ကိုသည်း ရေတွက်ရမည်။ အကယ်၍ ထိုဘဝင်နှင့် ဝီထိစိတ် ၂-မျိုးဖြင့် စိတ္တက္ခဏ ၁၇-ချက်မပြည့်သေး သော် နောက်ဦးဖြစ်သော ဘဝင်စိတ် ထပ်ဖြည့်ရသည်။ ထိုဖြည့်

သော ဘဝင်စိတ်ကိုပါဖြည့်၍ စိတ္တက္ခဏ ၁၇-ချက် ပြည့်အောင် ရေတွက်ရပေသည်။

ဤသို့ မျက်မှောက်၌ ဖြစ်ဆဲ အာရုံကို တိုင်းတာရာတွင် အာရုံ၏ခရီးစဉ်ကို ၁၇-မျိုးသတ်မှတ်၍ စိတ္တက္ခဏဖြင့် တိုင်းတာနိုင်ပေသည်။ ဤမှတ်တမ်းသည် အခြေခံ သဘောကို သိရုံသာဖြစ်ရကား ထင်ရှားသော အာရုံဝီထိ ၄-မျိုးဖြင့် ချုံး၍ပေါ်ပြပါမည်။ ထို ၄-မျိုးကိုစံထား၍ အခြားဝီထိအစဉ်များကို ဉာဏ်ပွါး၍ ဝီထိ ချနိုင်ကြပါစေ။

## စိတ်သက်-ရုပ်သက်ခွဲပုံ

ဤစိတ်သက်-ရုပ်သက်ခွဲပုံနောက်၌ စိတ်အစဉ်ဖြစ်သော ဝီထိပိုင်းကို ဖော်ပြပါမည်။ စိတ်အစဉ် ဖြစ်ပေါ်ပုံ ဝီထိပိုင်းတွင် အတွင်းရုပ်ဒွါရတခုခုကို အပြင်အာရုံရုပ်တခုခုက တိုက်ခိုက်လာသောအခါ ထိုတိုက်ခိုက်လာသော အာရုံရုပ်သည် အတိုက်ခံရသောဒွါရ၌ အကြောင်းအားလျော်စွာ ထင်လာရပေသည်။ သို့ထင်လာသောအခါ အတိတ်ကယူခဲ့သော အာရုံတခုခုကို အာရုံယူနေသော ဘဝင်စိတ်အလျဉ် ပြတ်သွားရသည်။ ဝီထိစိတ်အစဉ်သို့ ကူးပြောင်းရပေမည်။ သို့ဝီထိစိတ်အစဉ်ကူးပြောင်းပြီးကာမှ ထင်လာသောအာရုံသည် မည်မျှ ထင်ရှားသည်၊ မထင်ရှားသည်ကို သိနိုင်ရန် တိုင်းတာဘို့ ဆိုကြပါစို့- ပေကြိုးပေတံစသည်တို့လိုပါသည်။

အာရုံ၏ ထင်ရှားမှု၊ မထင်ရှားမှုကိုသိဘို့ တိုင်းတာနိုင်သည့် ပေကြိုးပေတံ ဆိုသည်မှာ ဤနေရာ၌ စိတ်သက်သည် တိုင်း

တာစရာ ကိရိယာဖြစ်ပါသည်။ ထိုစိတ်သက် ပေကြိုးပေတံသည် ဒွါရ၌ထင်လာသော အာရုံရုပ်၏အသက်ကိုလည်း သိရန်ဖြစ်သည်။ အာရုံထင်ပုံ အနှေးအမြန်ခေါ်သော အတိုအရှည် သိရအောင် ထိုင်းတာ ပေးပေမည်။ ဤသို့ ရုပ်သက်၏ အတိုအရှည်သိခြင်း အားဖြင့် ထင်လာသောအာရုံ၏ ထင်ရှားမှု၊ မထင်ရှားမှု အဖြေ သည်လည်း ထွက်ပေါ်လာပေမည်။

## စိတ်သက်

ထို့ကြောင့် စိတ်သက်ဟူသည်မှာ ( ဖြစ်ပေါ်မှုကို-ဥပါဒ် ) (တည်နေမှုကို-ဌီ)၊ (ချုပ်ပျက်မှုကို-ဘင်)ဟူ၍ သိထားရပါမည်။ ဤ၌ (ဥပါဒ်)ကို-ခဏတခု (ဌီ)ကို ခဏတခု (ဘင်)ကို ခဏတခု ဟုမှတ်ပါ။ (ခဏ)ဆိုသည်မှာ ကာလဖြစ်၍ သူ၏လက္ခဏာမှာ (၀)သုညဖြစ်ပါသည်။ သုညဆိုသည်မှာ အရေအတွက် မရှိပါ။ ပမာဏကို ပြခြင်းမျှသာဖြစ်သည်။ ထို့ကြောင့်(ဥပါဒ်) (ဌီ) (ဘင်) ခဏငယ် ၃-ချက်ပမာဏ ကာလသည် သို့မဟုတ် ခဏကြီးတချက်၊သို့မဟုတ်စိတ္တက္ခဏတချက်သည် စိတ်သက်တချက် မည်ပေသည်။

## ရုပ်သက်

ရုပ်သက် ဟူသည်ကား အထက်၌ ဖော်ပြခဲ့သော စိတ်သက် စိတ္တက္ခဏ ၁၇-ချက် သို့မဟုတ် ခဏငယ် (၁၇×၃=၅၁) ချက် သည် ရုပ်သက်တချက်မည်ပါသည်။ ဤ၌ ရုပ်သက်တချက်သည် စိတ္တက္ခဏ ၁၇-ချက် ခဏငယ် ၅၁-ချက်အတိုင်းအရှည်ရှိသည်

ဆိုသော ရုပ်သည် ရုပ် ၂၈-ပါးအနက် မည်သည့်ရုပ်နည်း ဆိုလျှင် နိပ္ဖန္နရုပ် သို့မဟုတ် သဘာဝရုပ် ၁၈-ပါးသာ ရအပ်သည်၊ အနိပ္ဖန္နရုပ် ၁၀-ပါးမှာ မရအပ်။

ဤသို့ဖြင့် ရုပ်သက်သည် စိတ်သက်ထက် မည်မျှအတိုင်းအရှည် ရှိသနည်းဟူမူ ရုပ်သက်သည် စိတ်သက်ထက် စိတ္တက္ခဏ ၁၆-ချက် ခဏငယ်ပေါင်း ၄၈-ချက်ပို၍ ဌီ ကာလမှာတည်၍ ရှည်နေပါ သည်။ စိတ်နှင့်ရုပ်တို့သည် ဓမ္မနိယာမအားဖြင့် ဖြစ်သည့်အခါ အတူတူဖြစ်ကြ၍ ပျက်သည့်အခါမှာလည်း အတူတူပျက်ကြပါ သည်။ ထို့ကြောင့် ရုပ်သက် စိတ္တက္ခဏ ၁၇-ချက် သို့မဟုတ် ခဏငယ် ၅၁-ချက်မှစိတ်နှင့်ရုပ်တို့အတူဖြစ်သော ဥပါဒ် ခဏငယ် တချက်နှင့်အတူ ပျက်သောခဏငယ် အချက်ပေါင်း ၂ ချက် ကိုနုတ်သော် ခဏငယ်ပေါင်း ၄၉-ချက်၊ ခဏကြီးပေါင်း ၁၆- ချက်နှင့် ခဏငယ်တချက် ကျန်သည်။ ယင်း ရုပ်၏ ဌီ ကာလ ၄၉-ချက်ထဲမှစိတ်၏ ဌီကာလ တချက်နုတ်လျှင် ၄၈-ချက်ကျန်၏။ ထို့ကြောင့် စိတ်သက်ထက် ရုပ်သက်က ရှည်သည် ကြီးသည် ဟုဆိုကြပါသည်။

အထက်၌ဖော်ပြသော စိတ်နှင့်ရုပ်တို့တွင် စိတ်သည် ရုပ်ကဲ့သို့ အထည်ဒြပ်မရှကောင်းပေ၊ ဓမ္မနိယာမ အားဖြင့် သဘောသက် သက်မျှသာဖြစ်သည်။ ထို့ကြောင့် စိတ်သည် ရုပ်ထက် ပေါ့ပါး သည်။လျှင်မြန်ပေသည်။ စိတ်၏ လျှင်မြန်နှုန်းမှာ မျက်တောင် ခတ်၊ လျှပ်တပြက်မှာ ကုဋေ့ဘသိန်းမက ဖြစ်ပျက်အစဉ်အတိုင်း ဖြစ်နေပေသည်။ ဤသည်တို့ကား သဗ္ဗညုတ၏ ဉာဏ်အရာ ဘည်း။

## စိတ်အစဉ်ဖြစ်ပေါ်ပုံ

စိတ်အစဉ်ဖြစ်ပေါ်ပုံဆိုသည်မှာ မေးရာပါ ဘဝင်စိတ်ယူနေသော နိမိတ် အာရုံတခုခုကိုလွတ်၍ အသစ်ထင်လာသောအာရုံကို အာရုံပြု၍ဖြစ်သော အာဝဇ္ဇန်းအစရှိသော ဆင်ခြင်သည့် စိတ်အစဉ်ကို ဆိုပါသည်။ ဤသို့သော စိတ်အစဉ်ကို ဖော်ပြသောအပိုင်းကို သင်္ဂြိုဟ်ကျမ်းများ၌ ဝီထိပိုင်းဟု ပညတ်ကြလေသည်။ ဤ၌ ဝီထိဆိုသည်မှာ တခုပြီးတခု အစဉ်အတန်းဖြစ်သည်ကိုဆိုသည်။ ယင်းဝီထိ စိတ်အစဉ်များသည် အောက်ပါ ဒွါရ ၆-ပါး၌ ဖြစ်ပေါ်ပုံအစဉ်ကို ဖော်ပြပါမည်။

## ဝီထိစိတ်အစဉ် ၆ ပါး

၁။ စက္ခုဒွါရဝီထိ မျက်စိ၌ဖြစ်သော စိတ်အစဉ်
၂။ သောတဒွါရဝီထိ နား၌ဖြစ်သော စိတ်အစဉ်
၃။ ဃာနဒွါရဝီထိ နှာခေါင်း၌ဖြစ်သော စိတ်အစဉ်
၄။ ဇိဝှာဒွါရဝီထိ လျှာ၌ဖြစ်သော စိတ်အစဉ်
၅။ ကာယဒွါရဝီထိ ကိုယ်၌ဖြစ်သော စိတ်အစဉ်
၆။ မနောဒွါရဝီထိ စိတ်၌ဖြစ်သော စိတ်အစဉ်
ဟူ၍ ဖြစ်ကြသည်။

အထက်ပါဒွါရဝီထိ ၆-ပါးကို ရုပ်ပိုင်းဆိုင်ရာနှင့် နာမ်ပိုင်းဆိုင်ရာဟူ၍ ခွဲခြား ဝေဖန်သော် ရုပ်ပိုင်းဆိုင်ရာ ပဉ္စဒွါရဝီထိ ၅-ပါးနှင့် နာမ်ပိုင်းဆိုင်ရာ မနောဒွါရဝီထိ ၁-ပါးဖြစ်ပေသည်။

(၁) ရုပ်ပိုင်းဆိုင်ရာ ပဉ္စဒွါရဝိထိ ၅-ပါးကား -

၁။ စက္ခုဒွါရဝိထိ
၂။ သောတဒွါရဝိထိ
၃။ ဃာနဒွါရဝိထိ
၄။ ဇိဝှါဒွါရဝိထိ
၅။ ကာယဒွါရဝိထိ တို့ ဖြစ်ကြသည်။

(၂) နာမ်ပိုင်းဆိုင်ရာ မနောဒွါရဝိထိ ၁-ပါးမှာ

၁။ မနောဒွါရဝိထိပင် ဖြစ်သည်။

## ပဉ္စဒွါရဝိထိဖြစ်ပုံ

ယခုရုပ်ပိုင်းဆိုင်ရာ ပဉ္စဒွါရဝိထိ ၅-ပါးဖြစ်ပေါ်ပုံကို အကျဉ်းဖော်ပြပါမည်။ ပဉ္စဒွါရဝိထိဆိုသည်မှာ ဒွါရငါးပါး၌ ထင်လာသော အာရုံကို စွဲမှီအာရုံပြု၍ ဖြစ်သော စိတ်အစဉ်ကို ပဉ္စဒွါရဝိထိဟု ဆိုပါသည်။ ယင်းပဉ္စဒွါရတခုခု အာရုံကိုစွဲ၍ဖြစ်သော စိတ်အစဉ်ဝိထိ ၄-မျိုးစီရှိသည်ဟု သတ်မှတ်ပါသည်။ ယင်းတို့မှာ-

၁။ အတိမဟန္တာရုံဝိထိ၊
၂။ မဟန္တာရုံဝိထိ၊
၃။ ပရိတ္တာရုံဝိထိ၊
၄။ အတိပရိတ္တာရုံဝိထိတို့ ဖြစ်ကြသည်။

ထိုဝိထိ ၄-မျိုးသည် ပဉ္စဒွါရဝိထိတခုစီ၌ ဖြစ်နိုင်သော ဝိထိများ ဖြစ်ပေသည်။

၁။ အတိမဟန္တာရုံဝီထိ။ အတိမဟန္တာရုံဆိုသည်မှာ အလွန်အားကြီးသော အာရုံကို ဆိုပါသည်။ ထိုအားကြီးသော အတိမဟန္တာအာရုံကို စွဲမှီအာရုံပြု၍ဖြစ်သော စိတ်အစဉ်သည် အတိမဟန္တာရုံဝီထိ မည်လေသည်။

ထိုအတိမဟန္တာအာရုံသည် လွန်စွာ အားရှိလှသောကြောင့် မိမိဖြစ်ပေါ် ဥပါဒ်သည်မှနောက် စိတ္တက္ခဏတချက် လွန်ကာမျှနှင့် ဒွါရမှာ ထင်နိုင်လေသည်။

၂။ မဟန္တာရုံဝီထိသည် သင့်ရုံအားကြီးသော အာရုံကိုဆိုသည်။ ထိုသင့်ရုံအားကြီးသော မဟန္တာရုံကို စွဲမှီအာရုံပြု၍ ဖြစ်သော စိတ်အစဉ်သည် မဟန္တာရုံဝီထိမည်၏။

ထိုမဟန္တာရုံသည် အထက် အနုံ ၂-မျိုး ရှိပြန်၏။ ထက်သန်သော မဟန္တာရုံသည် မိမိဖြစ်ပေါ်ဥပါဒ်သည်မှနောက် စိတ္တက္ခဏ ၂-ချက်လွန်မှ ဒွါရမှာထင်နိုင်သည်။ နုံသော မဟန္တာရုံသည် စိတ္တက္ခဏ ၃-ချက်လွန်မှ ဒွါရမှာ အာရုံထင်နိုင်လေသည်။

၃။ ပရိတ္တာရုံဝီထိ။ ပရိတ္တာရုံဆိုသည်မှာ အားနည်းသော အာရုံကိုဆိုသည်။ ထိုအားနည်းသော ပရိတ္တာရုံကို စွဲမှီအာရုံပြု၍ဖြစ်သော စိတ်အစဉ်သည် ပရိတ္တာရုံဝီထိမည်၏။

ထို ပရိတ္တာရုံဝီထိသည် အထက် အနုံ နုံသည်ထက် အနုံစသောအားဖြင့် အဆင့် ၆-မျိုးရှိ၏။ ထို ၆-မျိုး အဆင့်ဆင့်အစဉ်အတိုင်း မိမိဥပါဒ်သည်မှနောက် စိတ္တက္ခဏ ၄-ချက်လွန်မှ ၅-ချက် ၆-ချက် ၇-ချက် ၈-ချက် ၉-ချက် လွန်အထိ သူ့အာရုံနှင့် သူ့ဒွါရအလိုက် အဆင့်ဆင့်လွန်မှ ဒွါရမှာ အာရုံထင်နိုင်လေသည်။

ထို့ကြောင့် ကျန်ဝီထိများကို ဆင့်ပွားတိုင်းတာကြပါကုန်။

## အာရုံဝီထိ အားကြီးအားနည်း ၄ မျိုး

၁။ အတိမဟန္တာရုံဝီထိ — အလွန် အားကြီးသော အာရုံရှိသည့် စိတ်အစဉ်ဖြစ်ခြင်း၊

၂။ မဟန္တာရုံဝီထိ — သင့်ရုံ အားကြီးသော အာရုံရှိသည့် စိတ်အစဉ်ဖြစ်ခြင်း၊

၃။ ပရိတ္တာရုံဝီထိ — အားနည်းသော အာရုံရှိသည့် စိတ်အစဉ်ဖြစ်ခြင်း၊

၄။ အတိပရိတ္တာရုံဝီထိ — အလွန် အားနည်းသော အာရုံရှိသည့် စိတ်ဖြစ်ခြင်းတို့ကို ဖော်ပြပေသည်။

၁။ အတိမဟန္တာရုံဝီထိကို အာရုံဒွါရတို့ အတူဥပါဒ်ပြိုင်ဖြစ်ပြီး ဘဝင်တချက်လွန်မှ တဒါရုံ ၂-ချက်အဆုံးအထိ အာရုံသည် ထင်လျက် တည်ရှိနိုင်သည်ဟု ပိုင်းခြား သတ်မှတ်သည်။ ထိုသတ်မှတ်သည့်အာရုံကို တဒါရုံလျှင် အဆုံးရှိသော ဝီထိစိတ်ဖြင့်မှတ်၍ ခေါ်သောကြောင့် ယင်းကို ပါဠိလို တဒါရမ္မဏဝါရ ဟု ခေါ်သည်၊

ဤသို့ ရုပ်တည်ထင်ရှားနိုင်သော အတိမဟန္တာရုံ ဝီထိသည် အလွန် အားကြီးသည်ဖြစ်၍ သူ၏ရုပ်သက်တချက်၌ ရရှိသော ဆင်ကွဲ မျိုးတူ စိတ်အရေအတွက်မှာ....

ဘဝင်လွန် ၁+ ဘဝင်လှုပ် ၂ = ဘဝင်ပြတ် ၃ + ဝီထိ ၁၄= ၁၇-ချက် ပြည့်သောအခါ ရုပ်သက်စေ့၍ ချုပ်ဆုံး၏။

ဤအာရုံ၌ ဘဝင်စိတ်ပေါင်း ၃-ပါး
ဝီထိစိတ်ပေါင်း ၁၄-ပါး

ပေါင်း ၁၇-ပါး၌ ဝီထိစိတ် များသောကြောင့် အလွန်အားကြီး ထင်ရှားသော အာရုံဝီထိမည်၏။

## ဝီထိပုံ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| တီ | န | ဒ | "ပ | ဝိ | သံ | ဏ | ဝု | |
| ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | |
| ဇော | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဘ | ဘ" |
| ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ |

၂။ မဟန္တာရုံဝီထိကို ဘဝင် ၂-ချက်လွန်မှ ဇောအဆုံးအထိ ပိုင်းခြားသတ်မှတ်သည်။ အကယ်၍ စိတ္တက္ခဏ ၁၇-ချက် မစေ့သေးသဖြင့် ရုပ်သက်မကုန်သေးပါက ထိုအခါ စိတ္တက္ခဏ ၁၇-ချက်စေ့အောင် နောက်ဘဝင်က လိုအပ်သလို ဖြည့်ပေးရသည်။ ထိုအာရုံကို ဇောဝါရဟု ခေါ်လေသည်။

ဤမျှသာ ရုပ်တည် ထင်ရှားနိုင်သော မဟန္တာရုံဝီထိသည် သင့်ရုံ အားကြီးသည်ဖြစ်၍ သူ၏ ရုပ်သက်တချက်၌ ရရှိသော ဆင်ကွဲမျိုးတူ အရေအတွက်မှာ....

ဘဝင်လွန် ၂+ ဘဝင်လှုပ် ၂= ဘဝင်ပြတ် ၄+ ဝီထိစိတ် ၁၂=၁၆+ နောက်ဖြည့်ဘဝင် ၁=၁၇-ချက် ပြည့်သော အခါ ရုပ်သက်စေ့၍ ချုပ်ဆုံး၏။

" " ဤအမှတ်အသွင်းရှိ စိဘ်အစဉ်သည် ဝိထိစိတ် ဖြစ်သည်။ ဤအာရုံ၌ ဘဝင်စိတ်ပေါင်း ရှေ့- ၄–ပါး
နောက်- ၁–ပါး

ဘဝင်စိတ်ပေါင်း ၅–ပါး
ဝိထိစိတ်ပေါင်း ၁၂–ပါး

ပေါင်း ၁၇-ပါး ၌

ဝိထိ သင့်ရုံများသောကြောင့် သင့်ရုံအားကြီး ထင်ရှားသော ဝိထိ မည်၏။

## ဝိထိပုံ

တိ တိ နှ ဒ "ပ ဝိ သံ ဏ ဝု
၁၀၀ ၀၀၀ ၀၀၀ ၀၀၀ ၀၀၁ ၀၀၁ ၀၁၀ ၀၀၀ ၀၀၀

ဇော ဇော ဇော ဇော ဇော ဇော ဇော" ဘ
၀၀၀ ၀၀၀ ၀၁၀ ၀၀၀ ၀၀၀ ၀၀၁ ၀၁၀ ၀၁၀

၃။ ပရိတ္တာရုံဝိထိကို ဘဝင် ၄-ချက်လွန်မှ ဝုဋ္ဌော ၃-ချက် အထိ ပိုင်းခြားသတ်မှတ်သည်။ အကယ်၍ စိတ္တက္ခဏ ၁၇ ချက် မပြည့်သေးသဖြင့် ရုပ်သက်မကုန်သေးပါက ထိုအခါ စိတ္တက္ခဏ ၁၇-ချက်ပြည့်အောင် နောက်ဘဝင်က လိုအပ်သလို ဖြည့်ပေးရ သည်။ ထိုအာရုံကို ဝုဋ္ဌော ၃-ကြိမ်အဆုံးရှိသော ဝိထိစိတ်ဖြင့် သတ်မှတ်၍ခေါ်ရသောကြောင့် ထိုအာရုံ ဝိထိကို ဝေါဋ္ဌပနဝါရ ဟု ခေါ်သည်။

ဤမျှသာ ရုပ်တည် ထင်ရှားနိုင်သော ပရိတ္တာရုံ ဝီထိသည် အားနည်းသည်ဖြစ်၍ သူ၏ရုပ်သက်တချက်၌ ရရှိသော ဆင်ကွဲမျိုးတူ အရေအတွက်မှာ—

ဘဝင်လှုပ်ငယ် ၄+ဘဝင်လှုပ် ၂= ရှေ့ဘဝင် ၆+ နောက်ဘဝင် ၄= ဘဝင်ပေါင်း ၁၀+ ဝီထိ ၇= ၁၇-ချက် အပြည့်မှာ ရုပ်သက်စေ့၍ ချုပ်ဆုံးသွား၏။

ဤအာရုံ၌— ဘဝင်ရှေ့ စိတ်ပေါင်း ၆-ပါး
ဘဝင်နောက် စိတ်ပေါင်း ၄-။

ဘဝင်စိတ်ပေါင်း ၁၀-နှင့်
ဝီထိစိတ်ပေါင်း ၇-

ပေါင်း ၁၇-ပါး၌ ဝီထိစိတ်နည်း၍ ဘဝင်စိတ်က များသောကြောင့် အားနည်း ထင်ရှားသော အာရုံဝီထိမည်၏။

## ဝီထိပုံ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| တီ | တီ | တီ | တီ | န | ဒ | "ပ | ဝိ | သံ |
| ooo | ooo | ooo | ooo | ooo | ooo | ooo | ooo | ooo |
| ဏ | ဝု | ဝု | ဝု" | ဘ | ဘ | ဘ | ဘ | |
| ooo | ooo | ooo | ooo | ooo | ooo | ooo | ooo | |

၄။ အတိပရိတ္တာရုံဝီထိဆိုသည်ကား—ဘဝင် ၁၀-ချက်လွန်မှ ဘဝင်လှုပ် ၂-ချက်အထိ ပိုင်းခြား သတ်မှတ်သည်ကို ဆိုသည်။ ဤအာရုံဝီထိကို ဝီထိစိတ်တို့၏ အဖြစ်မရှိခြင်းဖြင့် သတ်မှတ်၍ ခေါ်ရသောကြောင့် မောဃဝါရဟု ရေဘွက် ခေါ်ဝေါ်ပေသည်။ အလွန်အားနည်းသော အာရုံဟု ဆိုသည်။

ဤအတိပရိတ္တာရုံဝီထိသည် အလွန် အာရုံ အားနည်းသည် ဖြစ်၍ ထင်ရုံသာထင်နိုင်၍ အာရုံကို မမြင်ရဟုဆိုသည်။ သို့ဖြင့် ဤအာရုံကို ဘာ့ကြောင့် ဝီထိအမည်ဖြင့် ခေါ်ဝေါ်ရသနည်းဟူမူ အလွန်အားကြီးသောအာရုံမှ တဆင့်အောက်တဆင့် အားနည်းသည်ဖြစ်၍ ဝီထိစိတ်မဖြစ် မရှိသော်သည်း ပမာဏကိုပြလို၍ ပြရခြင်းဖြစ်သည်။ ဆိုကြပါစို့-မိန်းမမြုံမသားဟု တင်စားဆိုသကဲ့သို့ ဤအတိပရိတ္တာရုံဝီထိသည်လည်း ဝီထိစိတ် မဖြစ်မရှိသော်လည်း အာရုံထင်မှု ရှိနေသောကြောင့် ထည့်ရသည်။

ထိုအတိပရိတ္တာရုံဝီထိ၌ ထင်ရုံသာ ထင်နိုင်သော စိတ္တက္ခဏများမှာ—

| | |
|---|---|
| ရှေး၌လွန်သော ဘဝင်စိတ် | ၁၀-ပါး |
| လှုပ်သည့် ဘဝင်စိတ် | ၂-ပါး |
| နောက်မှဖြည့်သော ဘဝင်စိတ် | ၅-ပါး |
| ဘဝင်စိတ် စုစုပေါင်း | ၁၇-ပါးသည် |

ဝီထိကို မဖြစ်နိုင်ပဲ ထင်ရုံသာထင်၍ အာရုံကို မမြင်ရမီ ရုပ်သက်စေ့၍ ချုပ်သွားရလေသည်။

# ဝီထိပုံ

| တီ | တီ | တီ | တီ | တီ | တီ | တီ | တီ | တီ | တီ |
|---|---|---|---|---|---|---|---|---|---|
| ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ |

| န | န | ဘ | ဘ | ဘ | ဘ | ဘ |
|---|---|---|---|---|---|---|
| ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ |

ဖြစ်ပေသည်။

## အာရုံအားကြီး အားနည်း ထင်ပုံ

အာရုံအားကြီးအားနည်းထင်ပုံဆိုသည်မှာ – အထက်၌ဖော်ပြခဲ့သော ပဉ္စဝိညာဏ် ၅-ပါးဖြစ်ပေါ်ဘို့ ရုပ်အကြောင်း ၃-ပါး နာမ်အကြောင်း ၁-ပါး ပေါင်းအကြောင်း ၄-ပါးရှိကြောင်းကို ဖော်ပြခဲ့ပေသည်။ ဤအကြောင်း၄-ပါးမှ ရုပ်အကြောင်း ၃-ပါး သည် အာရုံအားကြီး အားနည်းကို ဖန်တီးသော ဖန်ဆင်းရှင် ဖြစ်ပေသည်။

ဖန်ဆင်းပုံမှာ— ပမာဆိုကြပါစို့ - မြင်သိစိတ်ဖြစ်ပေါ်ဘို့ ဆိုလျှင် ရုပ်အကြောင်းဖြစ်သော (၁)မျက်လုံး၊ (၂)အရောင် အဆင်း၊ (၃)အလင်းရောင် ၃-မျိုးရှိသည့်အနက် မျက်လုံး၏ အကြည်အားကောင်းခဲ့သော် အရောင်အဆင်း ရူပါရုံကလည်း အားကောင်းခဲ့ပါက အလင်းရောင်ကလည်း အား ကောင်း ခဲ့လျှင် အာရုံသည် အားကြီး၍ ထင်ရှားမှုကိုဖြစ်စေနိုင်ပေသည်။

၄။ အတိပရိတ္တာရုံဝီထိ။ အတိပရိတ္တာရုံဆိုသည်မှာ အလွန်အားနည်းသော အာရုံကို ဆိုသည်၊ ထိုအလွန် အားနည်းသော အတိပရိတ္တာရုံကို စွဲမှီအာရုံပြု၍ဖြစ်သော စိတ်အစဉ်သည် အတိပရိတ္တာရုံ ဝီထိမည်၏။

ထိုအတိပရိတ္တာရုံဝီထိသည် အဘက်၊ အနံ့၊ နံ့သည်ထက်နံ့စသောအားဖြင့် အဆင့် ၆-မျိုးရှိ၏။ ထို ၆-မျိုး အဆင့်ဆင့် အစဉ်အတိုင်း မိမိဥပါဒ်သည်မှနောက် စိတ္တက္ခဏ ၁၀-ချက်လွန်မှ ၁၁-ချက်၊ ၁၂-ချက်၊ ၁၃-ချက်၊ ၁၄-ချက်၊ ၁၅-ချက်လွန် အထိ သူ့အာရုံနှင့် သူ့ဒွါရအလိုက် အဆင့်ဆင့်လွန်မှ ဒွါရ၌ ထင်နိုင်ပေသည်။

## ပဉ္စဒွါရဝီထိဖြစ်ကြောင်း

ပဉ္စဒွါရဝီထိစိတ်အစဉ်ဖြစ်ဖို့ရန် ဒွါရ တခုတခု၌ အကြောင်း ၄-ပါးစီရှိပေသည်၊ ထိုအကြောင်း ၄-ပါးတွင် ရုပ်အကြောင်း ၃-ပါးနှင့်နာမ်အကြောင်းတပါး ပါဝင်ကြသည်။ ရုပ်အကြောင်း ၃-ပါးမှာ အောက်၌ဖော်ပြမည့် အမှတ်(၁)(၂)(၃)တို့ဖြစ်၍ အမှတ်(၄)မှာကား နာမ်အကြောင်း ဖြစ်ပေသည်။

| (၁) စက္ခုဒွါရဝီထိ | (၂) သောတဒွါရဝီထိ |
|---|---|
| ၁။ မျက်လုံး အကြည်ရုပ် | ၁။ နား အကြည်ရုပ် |
| ၂။ အဆင်း ရူပါရုံရုပ် | ၂။ အသံ သဒ္ဒါရုံရုပ် |
| ၃။ အရောင် အလင်းရုပ် | ၃။ ဟင်းလင်း အပေါက်ရုပ် |
| ၄။ နှလုံးသွင်းမှု (မနသိကာရ) | ၄။ နှလုံးသွင်းမှု(မနသိကာရ) |

## (၃) ဃာနဒွါရဝီထိ

၁။ နှာခေါင်း အကြည်ရုပ်
၂။ အနံ့ ဂန္ဓာရုံရုပ်
၃။ လေ (ဝါယောဓာတ်) ရုပ်
၄။ နှလုံးသွင်းမှု (မနသိကာရ)

## (၄) ဇိဝှါဒွါရဝီထိ

၁။ လျှာ အကြည်ရုပ်
၂။ အရသာ ရသာရုံရုပ်
၃။ လျှာ စိုစွတ်သောရုပ်
၄။ နှလုံးသွင်းမှု(မနသိကာရ)

## (၅) ကာယဒွါရဝီထိ

၁။ ကိုယ်အကြည်ရုပ်
၂။ အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံရုပ်
၃။ ပထဝီ (ထဒ္ဒ) မာသောရုပ်
၄။ နှလုံးသွင်းမှု (မနသိကာရ)
တို့ ဖြစ်ကြသည်။

ဤသည်တို့ကား ပဥ္စဒွါရဝီထိ၌ပါဝင်သော ဝိညာဏ် ၅-ပါး စိတ်အစဉ်များ ဖြစ်ပေါ်ရန်အကြောင်း ၄-ပါးစီ ဖြစ်ကြ ပေသည်။

ဤ၌ အချို့ ကေစိဝါဒီတို့က ဗုဒ္ဓ၏ ဒေသနာထက် လွန်၍ (အကွာအဝေးဆိုသောအကြောင်းတပါး)ပါထည့်၍ အကြောင်း ၅-ပါးဟု ပြလေသည်။

ဤအဆိုပြုချက်အရ ပမာပြရလျှင် ရွှေတိဂုံဘုရား စေတီတော်ကို မျက်စိနှင့် အသင်းရောင် အားကောင်းခဲ့သော် ၅-မာလိုက

ဖူးမြင်နိုင်မည်ဟု ဆိုကြပါစို့၊ အကယ်၍ မျက်စိ ပွင့်ခဲ့သော် အလင်းရောင်နည်းခဲ့သော် ၅-ဖာလုံမှ ဘယ်နည်းနှင့်မျှ မြင်နိုင်ရန် အကြောင်းမရှိတော့ချေ။

သို့ဖြင့် တွေးခေါ်ရင် အဆိုပြုသည့်အတိုင်း (အက္ခာအဝေးဟူသော အကြောင်းတပါး) ထပ်ဆည့်ခဲ့သော် လူဘယောက်စီ၏ မျက်လုံးနှင့် အလင်းရောင်တို့၏ အားကောင်းမကောင်းကို တိုင်းတာရပေမည်၊ သို့ တိုင်းတာဘို့ကို အလုပ်လုပ်၍ ဖြစ်နိုင်ပါမည်လောဟူသော မေးခွန်းကို အမေးပြုရပေမည်။ ထိုသို့ အမေးပြုခဲ့သော် ဤသို့ သဘာဝမကျသော (အက္ခာ အဝေး ဆိုသော အကြောင်း) ထည့်ရန် မလိုဟူ၍သာ စဉ်းစား ဖြေဆိုကြပေမည်။

ဤနေရာ၌ ဒေသနာတော်၏ အလိုမှာ ပဥ္စဒွါရနှင့် ပဥ္စအာရုံတို့ တိုက်ဆိုင်ထိခိုက် ထင်လာသောအခိုက်မှာ ထိုထင်လာသော အာရုံရုပ်၏ အားကြီးမှု အားနည်းမှု သဘာဝကို သိရှိရန် စိတ်သက်ဖြင့် တွက်ချက် ဆုံးဖြတ်ဘို့သာ ဖြစ်သည်။

အချို့ ကေစိဝါဒီတို့ကမူ မြင်သိစိတ်အစဉ် ဖြစ်ပေါ်စေရန် အကြောင်း ၃-ပါးဖြင့် မြင်သိစိတ် ဖြစ်ပေါ်ပုံကို အောက်ပါအတိုင်း ပြကြပေသေးသည်။

မျက်လုံး + အဆင်းသဏ္ဍာန် + ဦးနှောက်ဖြင့် အာရုံပြုမှု = အထူးမြင်သိစိတ် ဖြစ်ပေါ်ခြင်း။

ထို့အတူ နား+အသံလှိုင်း။နှာခေါင်း+အနံ့။လျှာ+အရသာ။ ကိုယ်ကာယ + တွေ့သိစရာ + ဦးနှောက်ဖြင့် အာရုံပြုမှု = ကြောင့်ဆိုင်ရာ အထူး သိစိတ်များ ဖြစ်ပေါ်သည်ဟု ဖော်ပြပြီးနောက်၊

အတွင်းရုပ် +အပြင်ရုပ် + အာရုံပြုမှုစေတသိက်= အထူးသိစိတ် ဖြစ်ပေါ်ခြင်းတို့ကို ဖော်ပြပေသေးသည်။

အထက်ပါ အသိစိတ် ဖြစ်ပေါ်ပုံကို ဖော်ပြသည့် ရည်ရွယ်ချက်ကို အတိအကျ မသိရပေ။ သို့သော် တကယ်သိသည်ကို ဖော်ပြရလျှင် ထေရဝါဒ ဗုဒ္ဓသာသနာ ထွန်းကားနေသော ဤမြန်မာနိုင်ငံ ဗုဒ္ဓဝါဒနှင့်မူ တဲ့တဲ့ဆန့်ကျင်၍ အံချော်လွဲမှား နေသည်ကိုကား ကောက်ချက်ချရပေသည်။

ဤသည်ကား ဝိထိစိတ်အစဉ် ဖြစ်ပေါ်ပုံအကျဉ်းမျှ ဖြစ်ပါသည်။

အကယ်၍ ထိုရုပ်အကြောင်း ၃-ပါးမှ တပါးပါး ချွတ်ယွင်းခဲ့သော် သို့မဟုတ် ၂-ပါးချွတ်ယွင်းခဲ့လျှင် သို့မဟုတ် ၃-ပါးစလုံး ချွတ်ယွင်းပါက နီးရက်နှင့်ဝေးရသလို ထိုအကြောင်းတို့ ချွတ်ယွင်းသည့်အလျောက် အာရုံသည်လည်း တဆင့်အောက်တဆင့် မှုန်မှုန်မှားမှား ဖြစ်ရမည့်အပြင် အလျင်းပင် အာရုံ မထင်နိုင်အောင် ဖြစ်နိုင်ပေသည်။

တဖန် ရုပ်ပိုင်းဆိုင်ရာအကြောင်း ၃-ပါးသည် ကျပ်ပြည့် တင်းပြည့် အားကောင်း ထင်ရှားနိုင်စေကာမူ နာမ်အကြောင်း ဖြစ်သော နှလုံးသွင်း ဆင်ခြင်မှုဖြစ်သော မနသိကာရ (အာဝဇ္ဇန်း) က မဆင်ခြင်ခဲ့သော် မြင်ရုံသာမြင်ကာမျှဖြစ်၍ မထင်ရှားနိုင်ပေ။ အကယ်၍ အာရုံ အရောင်အဆင်းကလည်း မှေးမှိန် အရောင်အလင်းအားကလည်း နည်းနေခဲ့သော် မျက်လုံးအကြည် အပြည့်ကောင်းသောအားဖြင့် အာရုံကို တအားနှိုက်၍ အာရုံစိုက်ဆင်

ခြင်ပေမည့် မထင်မရှားကိုသာ မြင်နိုင်မည်။ အကာယ်၍များ အလင်းရောင် အလျင်းမရပါက အဆင်းအား မျက်လုံးအား အလွန်ကောင်းသည်ဖြစ်စေ မည်သည့်နည်းနှင့်မျှ မမြင်နိုင်ချေ။

ထိုကြောင့် အာရုံသည် ၎င်းရှိ အားကြီးအားနည်း၊ ထင်ရှားမှု မထင်ရှားမှုတို့ကို သိမြင်နိုင်ဘို့မှာ "အက္ခာအဝေး"သည် ပဓာနမဟုတ်။ ရုပ်အကြောင်း ၃-ပါးနှင့် နာမ်အကြောင်းတပါး ဟူသော အကြောင်း ၄-ပါးသာလျှင် အဓိက ဖြစ်ပေသည်။

အမှာ။ ။အာရုံ၏ရုပ်သက် အမြန်အနှေး အရှည်အတိုကို တိုင်းတာဘို့ ပေကြိုး ပေတံကဲ့သို့ အသုံးပြုရသော စိတ္တက္ခဏ ၁၇-ပါး ရှိပေသည်။ ထိုစိတ္တက္ခဏ ၁၇-ပါးကို ဝီထိချရာ၌ အမည်အရှည်ကို မသုံးပဲ အမည်တိုကို သုံးစွဲခဲ့ပေသည်။ ထိုအမည်တိုတို့၏ အမည်အရှည်မှာ....

၁ (တီ) သည် အတီတဘဝင်၊ ၂ (န) သည် ဘဝင်စလန ၃ (ဒ)သည် ဘဝင်ုပစ္ဆေဒ၊ ၄ (ပ)သည် ပဉ္စဒွါရာဝဇ္ဇန်း၊ ၅ (ဝိ) သည် ပဥ္စဝိညာဏ်၊ ၆ (သံ)သည် သမ္ပဋိစ္ဆိုင်း၊ ၇ (ဏ) သည် သန္တီရဏ၊ ၈ (ဝု)သည် ဝုဋ္ဌော၊ ၉ (ဇ)သည် ဇော ၇-ကြိမ်၊ ၁၀ (တ)သည် တဒါရုံ ၂-ကြိမ်တို့ ဖြစ်ပေသည်။

ဤပဉ္စဒွါရဝီထိဖြစ်ပုံကို သဘောမိရုံသာ ဖော်ပြနိုင်ခြင်းဖြစ်ပါသည်။ အကျယ်ကို သင်္ဂြိုဟ်ဋီကာကျမ်းများမှာ ရှုပါလေ။

ဤကား သတ္တဝါအများ၌ အစဉ်မြင်တွေ့နေကြရသော ဖြင်ရပ်ကို ဖော်ပြသည့် ပဉ္စဒွါရဝီထိဖြစ်ပုံကို ဖော်ပြချက်တည်း။

## မနောဒွါရဝီထိ

မနောဒွါရဆိုသည်ကား သတ္တဝါတို့ဘဝသစ်ထူထောင်သည်မှ စ၍ မွေးရာပါအဖြစ်ပါလာသော ဘဝင်စိတ်ကိုဆိုသည်။ ယင်း မနောဒွါရ၌ ဖြစ်သောစိတ်ကို မနောဒွါရဝီထိစိတ်ဟု ခေါ်သည်။

ဤမနောဒွါရဝီထိစိတ်သည် ပဉ္စဒွါရဝီထိစိတ် (မြင်၊ ကြား၊ နံ၊ စား၊ တွေ့ထိ) စိတ်ငါးမျိုးကဲ့သို့ ပစ္စုပ္ပန် အာရုံတမျိုးတည်း ကိုသာ အာရုံပြု၍ သိနိုင်သောစိတ်မျိုး မဟုတ်ချေ။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် စသည်တို့၌ ဖြစ်သော စိတ်၊ စေတသိက်၊ ရုပ် အားလုံးနှင့် ကာလသုံးပါးမှလွတ်သော နိဗ္ဗာန်၊ ပညတ် စသော အာရုံတပါးပါးကို အာရုံပြုနိုင်စွမ်း ရှိပေသည်။ အာရုံအားလုံးကို အာရုံပြုနိုင်သောစိတ်ဟု ဆို၏။

ထိုမနောဒွါရဝီထိ၌ (၁)ကာမဇောဝါရ မနောဒွါရဝီထိနှင့် (၂)အပ္ပနာဇောဝါရ မနောဒွါရဝီထိ ဟူ၍ နှစ်မျိုးရှိသည်။

(၁) ကာမဇောဝါရ မနောဒွါရဝီထိ ဆိုသည်မှာ ကာမ ၁၁-ဘုံ၌ ကာမဇော ၂၉-ပါး ရှိသည့်အနက် တပါးပါးကို စောသော ဝီထိစိတ်ဖြစ်လှည့်အကြိမ်ကို ကာမဇောဝါရ မနော. ဒွါရဝီထိဟု ခေါ်၏။

(၂) အပ္ပနာဇောဝါရ မနောဒွါရဝီထိ ဆိုသည်ကား ရူပ၊ အရူပ၊ လောကုတ္တရာ ဘုံ၌ အပ္ပနာဇော ၂၆-ပါး ရှိသည့်အနက် တပါးပါးကိုစောသော ဝီထိစိတ်ဖြစ်လှည့်အကြိမ်ကို အပ္ပနာဇော ဝါရ မနောဒွါရဝီထိဟု ဆိုပေသည်။

## ကာမဇောဝီထိ

ဆိုခဲ့ပါ ဇောဝါရ ၂-မျိုးအနက် ကာမဇောဝါရ၌ အောက်ပါအတိုင်း နှစ်မျိုးရှိပြန်လေသည်။

### ဝီထိ ၂-မျိုး

၁။ ဝိဘူတာရုံ ဝီထိနှင့်
၂။ အဝိဘူတာရုံ ဝီထိတို့ ဖြစ်ကြသည်။

(၁) ဝိဘူတာရုံဝီထိ ဆိုသည်မှာ ထင်ရှားသော အာရုံဖြင့် မနောဒွါရခေါ် ဘဝင်စိတ်၌ ထင်လာသည်ကိုဆိုသည်။

ထိုသို့ ထင်ရှားသောဝိဘူတာရုံသည် မနောဒွါရဘဝင်စိတ်၌ ထင်လာသည်ရှိသော်—

| | | | | |
|---|---|---|---|---|
| ဘဝင်စိတ်မျိုး ၂-မျိုး | ၁။ ဘဝင်္ဂစလန | စိတ် | ၁ | ကြိမ် |
| | ၂။ ဘဝင်္ဂုပစ္ဆေဒ | စိတ် | ၁ | ။ |
| ဝီထိစိတ် ၃-မျိုး | ၃။ မနောဒွါရာဝဇ္ဇန်းစိတ် | | ၁ | ။ |
| | ၄။ ဇော | စိတ် | ၇ | ။ |
| | ၅။ တဒါရုံ | စိတ် | ၂ | ။ |
| | ပေါင်း— | | ၁၂ | ကြိမ် |

ဖြစ်ပါသည်။

ဤထင်ရှားသော ဝိဘူတာရုံဝီထိ၌ မျိုးတူဆင်ကဲ့ ဖြစ်သော ဘဝင်စိတ်နှင့်ဝီထိစိတ်ဟူ၍ စိတ် ၂-မျိုးပါရှိလေသည်။ ထိုဆင်ကဲ့ ၂-မျိုးတွင် ဘဝင်စိတ် ၂-မျိုးနှင့် ဝီထိစိတ်၃-မျိုး ပါဝင်သည်။

ထို နှစ်မျိုး၏ စိတ်ဖြစ် အကြိမ်ပေါင်းမှာ ဘဝင်စိတ် ၂+ဝီထိစိတ် ၁၀=၁၂-ကြိမ် ဖြစ်သည်။

ဆိုခဲ့ပါ ဝိဘူတာရုံ ဝီထိ၌ ဖြစ်သော စိတ်ဖြစ် အကြိမ်ပေါင်း ၁၂-ကြိမ်သည် တကြိမ်တလှည့်စီဖြင့် တဒါရုံအဆုံးတိုင် ဖြစ်ချုပ်ကြပြီးလျှင် ဘဝင်ထိုက်သင့်သလို ဖြစ်ပြန်လေသည်။ ဤသို့တဒါရုံအဆုံးအထိ ဖြစ်သော အာရုံကို တဒါရမ္မဏဝါရဟု ခေါ်လေသည်။

## ဝီထိပုံ

န ဒ "မ ဇ ဇ ဇ ဇ ဇ

ooo ooo ooo ooo ooo ooo ooo ooo

ဇ ဇ တ တ"

ooo ooo ooo ooo

ဤ " "အတွင်းရှိစိတ်များသည် ဝီထိစိတ်မည်သည်။

(၂) အဝိဘူတာရုံဝီထိဆိုသည်ကား မထင်ရှားသော အာရုံဖြင့် မနောဒွါရ၌ ဘဝင်စိတ်၌ ထင်လာသည်ကို ဆိုသည်။ ဤမထင်ရှားသော အဝိဘူတာရုံသည် မနောဒွါရခေါ် ဘဝင်စိတ်၌ ထင်လာခဲ့လေသည်။

| | | | | |
|---|---|---|---|---|
| ဘဝင်စိတ်မျိုး ၂-မျိုး ( | ၁။ ဘဝင်္ဂစလန | စိတ် | ၁ | ကြိမ် |
| | ၂။ ဘဝင်္ဂုပစ္ဆေဒ | စိတ် | ၁ | ။ |
| ဝီထိစိတ်မျိုး ၂-မျိုး ( | ၃။ မနောဒွါရာဝဇ္ဇန်းစိတ် | | ၁ | ။ |
| | ၄။ ဇော | စိတ် | ၇ | ။ |
| | ပေါင်း- | | ၁၀ | ကြိမ် |

ဖြစ်သည်။

ဤမထင်ရှားသော အဝိဘူတာရုံဝီထိ၌ မျိုးတူဆင်ကွဲဖြစ်သော ဘဝင်စိတ်နှင့် ဝီထိစိတ်မျိုး ၂-မျိုးစလုံး ပါဝင်ကြသည်။ ထို ၂-မျိုးတွင် ဘဝင် ၂မျိုးနှင့် ဝီထိ ၂-မျိုးစီပါဝင်ကြသည်။ စိတ်ဖြစ်အကြိမ်ပေါင်းမှာ ဘဝင် ၂+ဝီထိ ၈=၁၀ ကြိမ် ဖြစ်ကြသည်။

ဆိုခဲ့ပါ မထင်ရှားသော အဝိဘူတာရုံဝီထိ၌ စိတ်ဖြစ် ၁၀ ကြိမ်သည် တလှည့်တကြိမ်စီ ဇောအဆုံးအထိဖြစ်၍ ချုပ်ပြီးလျှင် ဘဝင်ထိုက်သင့်သလို ဖြစ်ပြန်လေသည်။ ဤသို့ ဇောအဆုံးအထိ ဖြစ်သော အာရုံကို ဇဝနဝါရ ဝီထိဟုဆို၏။

## ဝီထိပုံ

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| န | ဒ | "မ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ" |
| ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ |

အမှာ။ ။သင်္ဂြိုဟ်ဋီကာ ကျမ်းကြီးများ၌ ပဉ္စဒွါရ ဝီထိကဲ့သို့ ၄-မျိုး ပြကြပါသည်။ ဤ၌ သင်္ဂြိုဟ်ကျမ်းများကဲ့သို့ ၂-မျိုးကို သဘောသိရုံသာ ပြပါသည်။ အကျယ်ကို သင်္ဂြိုဟ်ဋီကာကျမ်းများမှာ ရှုပါ။

## ကာမဇောဝါရ မနောဒွါရဝီထိ ၂-ပါး

ထိုကာမဇောဝါရ မနောဒွါရဝီထိ၌ အနုဗန္ဓကဝါရနှင့်သုဒ္ဓက ဝါရဟူ၍ ၂-မျိုးရှိပြန်သည်။

(၁) အနုဗန္ဓကဝါရဆိုသည်ကား ရှေး၌ဖြစ်ခဲ့ဘူးသော ပဉ္စ ဒွါရဝီထိဟူသော မြင်၊ ကြား၊ နံ၊ စား၊ တွေ့ထိစိတ် ငါးပါး နောက်သို့ အစဉ်လိုက်သော ကာမဇောဝါရ မနောဒွါရဝီထိ ကို အနုဗန္ဓကဝါရဝီထိ၊ သို့မဟုတ် တဒနုဝတ္တကဝါရဝီထိဟု ဆို သည်။

ထိုအနုဗန္ဓက သို့မဟုတ် တဒနုဝတ္တကဝီထိ၌ ရှေး၌ဖြစ်ပြီး သော ပဉ္စဒွါရဝီထိ စိတ်၏နောက်သို့ အစဉ်လိုက်သော မနော ဒွါရဝီထိ ၄-မျိုးရှိပြန်သည်။ ထို ၄-မျိုးမှာ အောက်ပါတို့ ဖြစ် သည်။

၁။ အတီတဂ္ဂဟဏဝါရ
၂။ သမူဟဂ္ဂဟဏဝါရ
၃။ အတ္ထဂ္ဂဟဏဝါရ
၄။ နာမပညတ္တိဂ္ဂဟဏဝါရတို့ ဖြစ်ကြသည်။

(၁) အတီတဂ္ဂဟဏဝါရဆိုသည်မှာ မြင်၊ ကြား၊ နံ၊ စား၊ တွေ့ထိစိတ်များဖြစ်သော ပဉ္စဒွါရဝီထိ ယူအပ်ပြီးသည်ဖြစ်၍ ချုပ် လေပြီးသော အတိတ်အာရုံကိုယူသော ဝီထိစိတ်ကို ဆိုပေသည်။

ထိုဝီထိစိတ်သည် အတိတ်ကယူအပ်ပြီး ချုပ်လေပြီးသော မြင်၊ ကြား၊ နံ၊ စား၊ တွေ့ထိဘူးသည့် အတိတ်အာရုံတခုခုနောက် သို့ အစဉ်လိုက်၍ယူသော ဝီထိစိတ်ဖြစ်သည်။

(၂) သမ္မုဟဂ္ဂဟဏဝါရ ဆိုသည်ကား အတိတ်ကယူပြီး၍ ချုပ်ခဲ့လေပြီးသော အာရုံတခုနှင့် ထိုအာရုံဘခုခုကို အာရုံပြုသော အတီတဂ္ဂဟဏဝီထိစိတ်တို့ကို ပေါင်းစု၍ အာရုံပြုသော ဝီထိစိတ်ဖြစ်သည်။

(၃) အတ္ထဂ္ဂဟဏဝါရ ဆိုသည်မှာ အထက်ပါ အာရုံပြုကြသော ဝီထိစိတ်တို့ကြောင့် မနောအမြင်တွင် ဘွားကနဲသဏ္ဌာန် ဒြပ်အထည်ကိုယ်ဟန် ပုံပန်းပေါ်လာသော အာရုံကို ယူသော ဝီထိစိတ်ကို ဆိုသည်။

ဆိုလိုသည်မှာ ပညတ်ဖြစ်သော ဒြပ်သဏ္ဌာန် ဘွားကနဲ ပေါ် လာပြီဟု ဆိုလိုသည်။

(၄) နာမပညတ္တိဂ္ဂဟဏဝါရကား ထိုသို့ ပေါ်လာသော သဏ္ဌာန် အထည်ဒြပ် စသည်တို့၌ စွဲ၍ဖြစ်သော အမည်နာမ ပညတ်ကိုယူသော ဝီထိကိုခေါ်သည်။

ဤဝီထိ ၄-မျိုးအနက် အတီတဂ္ဂဟဏဝါရ ဝီထိနှင့် သမ္မုဟဂ္ဂဟဏဝါရဝီထိ ၂-ပါးသည် ပရမတ်ကိုပင် အာရုံပြုသည်။ အတ္ထဂ္ဂဟဏဝါရဝီထိနှင့် နာမပညတ္တိဂ္ဂဟဏဝါရဝီထိကား ပညတ်ကို အာရုံပြုလေသည်။

ဤအတ္ထဂ္ဂဟဏဝါရဝီထိနှင့် နာမပညတ္တိဂ္ဂဟဏဝါရဝီထိ ၂-မျိုး ဘွားကနဲပေါ်လာမှ ဤကားလူ၊ ဤလူကား မောင်လှ၊ ဤကား နွား၊ ဤနွားကား ကြန်စုံ၊ ဤကား သစ်ပင်၊ ဤသစ်ပင်ကား သရက်ပင်၊ ဤကားအိမ်၊ ဤအိမ်ကား ဦးမြ၏အိမ်၊ ဤကား ကျောင်း၊ ဤကျောင်းကား ဦးဝိစာရကျောင်း စသည်တို့၏ ကိုယ်ဟန်ပုံပန်းနှင့်ဘကွ အမည်နာမကိုပါ ထင်ရှားသိရပေသည်။

ဤသို့ မနောဒွါရဝီထိဖြစ်ရာ၌ သတ္တဝါလောကသားတို့အထင်မှာ ချမြင်၊ ခုသိသည်ဟု ထင်ကြသည်။ ဤသို့ကား မဟုတ်ပေ၊ ထင်ရှားသော အာရုံဆိုလျှင် ရှေး၌ဖြစ်သော ပဉ္စဒွါရဝီထိ၌ (၁)အာဝဇ္ဇန်း၊ (၂)ပဉ္စဝိညာဏ်၊ (၃)သမ္ပဋိစ္ဆိုင်း၊ (၄)သန္တီရဏ၊ (၅)ဝုဋ္ဌော၊ (၆)ဇော ၇-ကြိမ်၊ (၇)တဒါရုံ ၂-ကြိမ်အဆုံးအထိ ဝီထိစိတ်အစဉ် ၇-မျိုး၊ စိတ်အကြိမ်အားဖြင့် ၁၄-ကြိမ်ဖြစ်ရသည်။ သို့ဖြစ်ငြားလည်း အာရုံ၌ အကောင်အထည် ပေါ်အောင် မသိမမြင်သေးချေ။

ဤဇောစိတ်အစဉ်အတွင်း၌ ဆင်ခြင်စိတ်ပေါ်ခြင်း၊ အသိစိတ်ပေါ်ခြင်း၊ ခံသင့်စိတ်ပေါ်ခြင်း၊ စုံစမ်းစိတ်ပေါ်ခြင်း၊ ဆုံးဖြတ်စိတ်ပေါ်ခြင်း၊ ခံစားစိတ်ပေါ်ခြင်း၊ ထပ်ဆင့်ခံစားစိတ်ပေါ်ခြင်း မျှသာရှိသည်။ ထို၌ ဘဝင်စိတ်သည်သည်း ထိုက်သလိုဖြစ်သေး၏။

ဆိုလိုသည်မှာ စိတ်၏သဘာဝနိယာမအတိုင်း ပရမတ်သဘောကိစ္စကို ဆောင်နေသောအခိုက်သာ ဖြစ်သေးသောကြောင့် အာရုံကို ဒြပ်သဏ္ဌာန် အမည်နာမနှင့် မသိသေးဟု ဆိုလိုသည်။

အနုဗန္ဓကဝါရ (ဝါ) တဒနုဝတ္တက ဝါရ မနောဒွါရဝီထိ ၄-ကြိမ် ထပ်ဆင့် ဖြစ်သောအခါ ကျွန်ုပ်တို့သည် အကောင်အထည်နှင့်တကွ မြင်၊ ကြား၊ နံ၊ စား၊ တွေ့၊ ထိ၊ ကြံစည်၊ သိ၊ စသည်တို့ ဖြစ်ကြရသည်ဟု ဆိုသည်။ ဤတွင် စိတ္တနိယာမသဘာဝ၏ လျင်မြန်နှုန်းသည် မျက်ခေါင်တခတ်၊ လျှပ်တပြက်မှာ ကုဋေတသိန်းမက ဖြစ်ပျက်အစဉ် လျင်မြန်လှသောကြောင့် တဆက်တည်းကဲ့သို့ ထင်ကြရပေသည်။

ပြယုဂ်မှာ။ ။မီးစတစကို ကိုင်တွယ်၍ ဝှေ့ရမ်းကြည့်လျှင် မီးစက်ဝိုင်းကို မြင်ရသကဲ့သို့တည်း။

ဤသည်တို့ကား– ပဉ္စဒွါရ ဝီထိနောက်သို့ အစဉ်လိုက်သော မနောဒွါရဝီထိ၊ ကာမဇောဝါရ နောက်သို့ အစဉ်လိုက်သောအနုဗန္ဓကဝါရဝီထိ၊သို့မဟုတ် တဒနုဝတ္တက ဝါရ ဝီထိတို့ ဖြစ်ပေါ်ပုံ အကျဉ်းဖော်ပြချက်တည်း။

## သုဒ္ဓိက ဝါရ ၆–မျိုး

(၂) သုဒ္ဓိကဝါရဆိုသည်ကား – ပဉ္စဒွါရဝီထိနှင့် မစပ်မဆက် သက်သက်ထင်လာသော အာရုံ ၆-ပါးကို အာရုံပြု၍ဖြစ်သော မနောဒွါရဝီထိ (စိတ်ဖြင့်သာ သိသော စိတ်အစဉ်)သည် သုဒ္ဓိကဝါရမည်၏။ ယင်းသုဒ္ဓိကဝါရသည် ၆-မျိုးရှိ၏၊ ယင်းတို့မှာ–

## သုဒ္ဓိက ဝါရ ၆–မျိုး

| | |
|---|---|
| ၁။ ဒိဋ္ဌဝါရ | ၄။ သုတသမ္ဗန္ဓဝါရ |
| ၂။ ဒိဋ္ဌသမ္ဗန္ဓဝါရ | ၅။ ဝိညာတဝါရ |
| ၃။ သုတဝါရ | ၆။ ဝိညာတသမ္ဗန္ဓဝါရ |

တို့ဖြစ်ကြသည်၊

(၁) ဒိဋ္ဌအာရုံဆိုသည်ကား– ပဉ္စဒွါရဝီထိ၊ (မြင်၊ ကြား၊ နံ၊ စား၊တွေ့ထိစိတ်)ဖြင့် ပစ္စုပ္ပန်ကို အာရုံပြု၍ယူဘူးသော ပဉ္စာရုံ (အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိသော အာရုံ)သည် ဒိဋ္ဌ

မျက်မြင်ကိုယ်တွေ့ မည်၏၊ ထိုဒိဋ္ဌ မျက်မြင်ကိုယ်တွေ့ကို တဖန် ပြန်၍ အာရုံပြုသော ဝီထိစိတ်သည် ဒိဋ္ဌဝါရမည်၏။

(၂) **ဒိဋ္ဌသမ္ဗန္ဓ အာရုံဆိုသည်မှာ**— ဒိဋ္ဌ မျက်မြင် ကိုယ်တွေ့ အာရုံမျိုးနှင့် ဆက်စပ်ထင်မြင်သောအာရုံစုသည် ဒိဋ္ဌ မျက်မြင် ကိုယ်တွေ့နှင့် စပ်နွှယ်သော ဒိဋ္ဌသမ္ဗန္ဓ မည်၏၊ ရှေးအခါကာလ၌ တစုံတရာမျှ ပဉ္စဒွါရဝီထိဖြင့် ယူဘူးသောအာရုံမဟုတ်သော်လည်း ဒိဋ္ဌ တွေ့ဘူးသော အာရုံနှင့် စပ်နွှယ်၍ အထူးထူး အပြားပြား များစွာထင်မြင်သော အာရုံ ၆-ပါးစုကို ဆိုပေသည်။

(၃) **သုတအာရုံ ဆိုသည်ကား**- သူတပါးထံမှ ကြားဘူး၍ ၎င်း၊ စာပေကျမ်းဂန် စသည်တို့၌ တွေ့ဘူး ဖတ်ဘူး၍၎င်း၊ ထင်လာသော အာရုံများသည် အာရုံ ၆-ပါးရှိ၏။ ထိုအာရုံသည် သုတ အာရုံ မည်၏။ ထိုသုတအာရုံကို အာရုံပြု၍ဖြစ်သော ဝီထိသည် သုတဝါရ မည်၏။

(၄) **သုတသမ္ဗန္ဓအာရုံကား**- ထိုသုတအာရုံနှင့် ဆက်နွှယ် စပ်လျဉ်း၍ အမျိုးမျိုး ထင်မြင် လာသမျှသော အာရုံ ၆-ပါးစု သည် သုတသမ္ဗန္ဓအာရုံမည်၏။ ထိုသုတသမ္ဗန္ဓ အာရုံကို အာရုံပြု၍ ဖြစ်သော ဝီထိသည် သုတသမ္ဗန္ဓဝါရမည်၏။

(၅) **ဝိညာတ အာရုံသည်ကား**- အထက်ပါ အာရုံ ၄-ပါးမှ အခြားတပါးဖြစ်သော သူတပါးကြည်ညိုခြင်း၊ သဒ္ဒါ၏လှုံ့ဆော် မှုကြောင့် ထင်မြင်လာသော အာရုံအမျိုးမျိုး၊ မိမိ၏ယူအဆဟု ဆိုအပ်သော "အတ္တနောမတိ" ဝါဒကြောင့် ထင်မြင်လာသော အာရုံအမျိုးမျိုး၊ သဒ္ဒါရိပ်၊ အနက်ရိပ်၊ အကြောင်း ရိပ်များကို

အမှီပြု၍ အခြင်းအရာများ၊ အရွေ့သွေ့အထူးထူး ကြံစည်ပြုမှုဟု ဆိုအပ်သော "အာကာရ ပရိဝိတက္က" အစွမ်းကြောင့် ထင်မြင်လာသော အာရုံအမျိုးမျိုး၊ ဉာဏ်ပညာဖြင့်ရင်း၊ မိမိတို့၏မိရိုးဖလာ ယဉ်ကျေးမှုအစဉ်အလာ အယူဝါဒဖြင့်ရင်း၊ အပန်ဖန် စုံစမ်း ဆင်ခြင်ထောက်ရှု၍- ဤကား အမှန်ပင် ဟူ၍ သန္နိဋ္ဌာန် ချမှု၊ သဘောကျမှု၊ ယူဆမှုဖြင့် ထင်မြင်လာသော အာရုံအမျိုးမျိုး၊ အထူးထူးသော လုပ်အားကံ၏ အစွမ်းအားဖြင့် ထင်မြင်လာသော အာရုံအမျိုးမျိုး၊ တန်ခိုးအထူးထူး၏ စွမ်းအားဖြင့် ထင်မြင်လာသော အာရုံအမျိုးမျိုး၊ ဖျားနာ၍ ဓာတ်ချောက်ချား သည်၏ အစွမ်းဖြင့် ကတောက်ကတက် ထင်မြင်လာသော အာရုံအမျိုးမျိုး၊ နတ်တို့လှည့်ဖြား သွေးဆောင်သောကြောင့် ထင်မြင်လာသော အာရုံအမျိုးမျိုး၊ အိပ်မက် တိတ်နိမိတ်တို့၏ အစွမ်းဖြင့် ထင်မြင်လာသော အာရုံအမျိုးမျိုး၊ ကြံစည်လို့ ထင်မြင်လာသော "စိန္တာမယဉာဏ်"၊ ပွားများလို့ထင်မြင်လာသော "ဘာဝနာမယ ဉာဏ်"၊ ပိုင်းခြား၍ သိမြင်လာသော "ပဋိဝေဓဉာဏ်"၊ အစွမ်း အားဖြင့် ထင်မြင်လာသော အာရုံအမျိုးမျိုး၊ ဤသို့ ပြဆိုအပ် သမျှသော အာရုံစုသည် ဝိညာတအာရုံ မည်၏။ ထိုဝိညာတ အာရုံကို အာရုံပြု၍ဖြစ်သော ဝီထိသည် ဝိညာတဝါရ မည်၏။

(၆) ဝိညာတသမ္ဗန္ဓအာရုံ ဟူသည်ကား- ထိုဝိညာတအာရုံ တို့နှင့် စပ်နွယ်၍ အမျိုးမျိုး ထင်မြင်သမျှသော အာရုံစုသည် ဝိညာတ သမ္ဗန္ဓအာရုံမည်၏၊ ထိုဝိညာတသမ္ဗန္ဓအာရုံကို အာရုံပြု၍ ဖြစ်သော ဝီထိသည် ဝိညာတသမ္ဗန္ဓဝါရ မည်၏ဟူ၏။

ဤကား- မြင်၊ ကြား၊ နံ၊ စား၊ တွေ့ထိ ဟူသော ပဉ္စဒွါရ

ဝီထိစိတ်အစဉ်သို့လိုက်သော အာရုံ ၅-ပါးနှင့် ဒွိ၊ သုဘ၊ ဝိညာဏ အရ အာရုံ အားလုံး သိသော မနောဒွါရ ဝီထိစိတ် ဖြစ်ပုံ အကျဉ်းတည်း။

## ဆန်းကြယ်သော စိတ်စွမ်းရည်

စိတ်သည် ဆန်းကြယ်ခြင်းကို ပြုတတ်သည်ဟု မြတ်ဗုဒ္ဓက ဟောဖော်ညွှန်းခဲ့ပေသည်။ သို့ဟောကြားအပ်သော အသီးအပွင့်တို့ကို စားသုံးကြသော သူတို့သည် မြင်တောင့်မြင်ခဲ၊ ကြားတောင့်ကြားခဲသော အရာတို့ကို ကမ္ဘာသူ ကမ္ဘာသားတို့အား စိတ်ဆန်းကြယ်မှုဖြင့် စားပြ၊ ငါးပြ၊ အသုံးပြု ပြနေပေသည်။

မြတ်ဗုဒ္ဓဟောဖော်ပြခဲ့သောဆန်းကြယ်သည်ဆိုသည့်စိတ်သည် မည်မျှဆန်းကြယ်ပါသနည်း။ အတောမသတ်- အနန္တဆန်းကြယ်ပေသည်။ ဤစကားမှန်၏။ သတ္တလောက တခွင်တွင် လူသည် စိတ်အဆန်းကြယ်ဆုံး၊ အသိဉာဏ်အရှိဆုံး ဖြစ်၏။ လူ၏စိတ်ဆန်းကြယ်သမျှ ပစ္စည်းမတွေ ဆန်းကြယ်လာသည်မှာ ထင်ရှားနေပေပြီ။

လောကမှာ လူရယ်လို့ ဖြစ်လာပြီဆိုမှဖြင့် ထိုလူ၏လုပ်အားကံအလျောက် ထက်မြက်သောစိတ်၊ ရဲရင့်သောစိတ်၊ ဆန်းကြယ်သောစိတ်တို့သည် ထိုသူတို့၌ တန်ရာတန်ရာ မွေးရာပါအဖြစ်နှင့် ပါလာကြပေသည်။

ထိုအထဲမှ စိတ်ထက်မြက်ဆန်းကြယ်သော သူတို့သည် သေးငယ်သော အပ်ကလေးမှသည် အသံထက် မြန်သော ဂျက်လေယာဉ်ပျံ၊ လဗိမာန်သွား ဂြိုဟ်တုတို့ကိုပင် လူ၏ စိတ်စွမ်းအင်ဖြင့်

တီထွင်ဖန်တီး နိုင်ခဲ့ကြပေသည်။ ဤသို့သာမက လူ၏စိတ်စွမ်း အင်ကို အပြုသဘောသည်း သုံးနိုင်သည်။ အဖျက် သဘော လည်းသုံးနိုင်သည်ပင်။ လောကီသောကုတ် သဘောတရားရေး ဆိုင်ရာတို့၌လည်း လူ၏ စိတ်စွမ်းရည်သည် ဆန္ဒ ဝီရိယ စသည် တို့ကို အဖော်သဟဲပြုလျက် သဗ္ဗညုတဉာဏ်တိုင်အောင် အဆင့် ဆင့်ဖန်တီးနိုင်ခဲ့ကြပေသည်။

ဤသို့ လောကီရေး၌ ဖြစ်စေ၊ လောကုတ္တရာရေး၌ ဖြစ်စေ တီထွင်ဖန်တီးနိုင်သည်တို့ကို အပေါ်ယံကြည့်ပြောလျှင် သို့မဟုတ် ဌာနူပစာနည်းအရ ဌာန်ကိုစွဲ၍ ပြောမည်ဆိုလျှင် လူ၏စွမ်း ရည်ဟု ဆိုနိုင်ပေသည်။ သို့သော် ဤအဆိုကား လုံးဝတင်းပြည့် မမှန်သေးချေ။ တကယ့်မှန်သည်ကို ဖွင့်ဟရသော် စိတ်၏စွမ်းရည် သာ အမှန်ဖြစ်သည်ကို စိစစ်သူများ သိကြလေသည်။ ဤသို့ အမှန်ကို အမှန်အတိုင်းသိသွားပါမှ မသိလျှင် အတ္တဒိဋ္ဌိဘက်သို့ ကိုင်းရှိုင်းပြီး ရှိင်းစိုင်းသွားတတ်သည်။

ထို့ကြောင့် အထက်၌ဖော်ပြခဲ့သော သဒ္ဓိကဝေါရပိထိစိတ်ကို ဖြစ်ပေါ်စေနိုင်သော အာရုံ ၆-ပါးတို့ကို မြင်သော်၎င်း၊ ကြား သော်၎င်း၊ သိသော်၎င်း၊ မနောဒွါရခေါ် အစဉ် ရှိနေသော ဘဝင်စိတ်၌ ထိခိုက်၍တင်ပေါ်လာနိုင်ပေသည်။ ထိုသို့ထင်လာ ပုံမှာ တစုံတခုသော အာရုံသည်စိတ်၌ တကြိမ်ထခါ ထင်ရှားဖြစ် ပေါ်လာပြီး စိတ္တနိယာမအရ ချုပ်ပျောက်သွားလေသည်။

ထိုသို့ ချုပ်ပျောက်သွားသော်ငြားလည်း၊ မရှိသော်ငြား လည်း၊ကင်းကွာသော်ငြားလည်း တချိန်သော ဟိုနှစ်ဟိုဘဝတို့က ဖြစ်ပေါ်ဘူးသည်မှ၍ နောင်အချိန် ရက်-လ-နှစ် ကာလ ရာ

ထောင် တို့၌ရှင်း၊ နောင်ဘဝတို့၌ရှင်း၊ အခွင့်သင့်သောအခါ ထိုအာရုံကိုစွဲ၍ ဆိုင်ရာဘဝင်စိတ်၌ (ဘာဂ်စလန) လှုပ်ရှား ဖြစ်ပေါ်စေနိုင်ရန် ကျေးဇူး ပြုနိုင်သော၊ စွမ်းရည်သည် မည်သည့်ဘုရား၏ တန်ခိုးတော်ကြောင့်မဟုတ်၊ စိတ္တနိယာမ စိတ်၏ကိစ္စ၊ စိတ်၏ စွမ်းရည်ကြောင့်သာတည်း။

ဤသို့ အာရုံတစုံတရာကို တကြိမ်မျှလောက် ကောင်းစွာမှီဝဲဘူး၍ ချုပ်ဆုံးလေသော်လည်း နောင်ကာလ၌ အကြောင်းညီလျှင် ဖြစ်ပေါ်လာရန်လှုပ်ရှားပေးနိုင်၏။ ထိုအာရုံကို အာရုံပြုကြရန် နှိုးဆွပေးနိုင်ပေသည်။ စိတ်ဓာတ်မည်သည် ဒိဋ္ဌမြင်တွေ့ရသောအာရုံတို့နှင့် ကြီးပွားရတိုင်း ဖြစ်ခွင့်ရတိုင်း အရှိန်အဝါကြီး၍ကြီး၍နေ၏။ တစုံတခုသော အကြောင်းနိမိတ်ကို ရလျှင် တခုသောခဏ၌ အသောင်မကသော ဒိဋ္ဌမျက်မြင်စသော အာရုံတို့၌ ပျံ့နှံ့၍ဖြစ်နိုင်၏။

ဤ ဆိုအပ်သည့်အတိုင်း ဒိဋ္ဌ မျက်မြင်စသော အာရုံတို့ကို မပြတ်မလတ်စွဲကိုင်၍ နေလိုသော စိတ်အစဉ်သည် ကိုယ်ကာယ မခန့်ကျန်းခြင်းစသော စိတ်ကို အားဖျော့ နုံ့နွေး စေသော အကြောင်းတို့ကင်းခဲ့ပါလျှင် အခါခပ်သိမ်း အာရုံဟောင်းကို ယူသောဘဝင်အလျဉ်မှထ၍ တနည်း အိပ်ရာမှ နိုးကြားထကြွ၍ အာရုံသစ်ကို ယူသော ဝီထိစိတ်အနေနှင့် ရှင်သန်း ဖြစ်ပွားကာ နေချင်သောအာသာသည် ရှိ၍သာနေ၏။ ဤသည်ကား စိတ်၏ ဓမ္မတာအရာတည်း။

ဤသို့အားဖြင့် ရှေ့စိတ်သည် အာရုံတစုံတရာကို ရယူချုပ်ဆုံးသွားသော်လည်း နောင်အကြောင်း တိုက်ဆိုင်၍လာလျှင်

လှုပ်ရှားပျံ့နှံ့လာအောင် ကျေးဇူးပြုနိုင်သော စိတ်မျိုးကို မြတ်ဗုဒ္ဓက ပကတူပနိဿယသတ္တိဟု ပညတ်ဟောကြား၍ အမည်သတ်မှတ်ပေးခဲ့လေသည်။

ဤ၌ ပကတူပနိဿယသတ္တိဆိုသည်ကား– အဘယ်နည်းဟူမူ ဤ ပကတူပနိဿယသတ္တိသည် အဝေး၌လည်း ပျံ့နှံ့နိုင်စေ၏။ ပျံ့နှံ့ပုံမှာ ရှေးရှေး၌ဖြစ်ခဲ့သော နေ့၊ လ၊ နှစ် တို့၌ မြင်ဘူး၊ ကြားဘူး၊ နမ်းဘူး၊ စားဘူး၊ တွေ့ထိဘူး သိဘူးကုန်သော အာရုံတို့သည် နောက်ကာလ၌ အကြောင်းညီညွတ် တိုက်ဆိုင်လာသော် အနှစ်ရာထောင်ကာလကြာသော်လည်း မနောဒွါရခေါ် ဘဝင်စိတ်၌ ထင်ခြင်း၊ မြင်ခြင်းတို့ ပေါ်လာ ရောက်လာသေ၏။ ထို့ကြောင့် ငါသည် ဤအဆင်း၊ ဤအသံ၊ ဤအနံ့ စသည်တို့ကို မြင်ဘူး၊ ကြားဘူး၊ နမ်းဘူးသည် စသည်ဖြင့် အောက်မေ့နိုင်ကြ၏။ ထိုအောက်မေ့နိုင်ခြင်းသည် ပကတူပနိဿယသတ္တိ၏ ကျေးဇူးပြုမှုကြောင့် ဖြစ်ပေါ်လာသော စိတ်၏ စွမ်းရည်များပင် ဖြစ်လေသည်။

ဤ ပကတူပနိဿယပစ္စည်းသည် ၂၄ ပစ္စည်းတွင် အကျယ်ဆုံး ကျေးဇူးပြုနိုင်သော ပစ္စည်းဖြစ်၏။ ထို ပကတူပနိဿယသတ္တိတို့မှာ ဆရာမှန်ကို ကိုးကွယ်မိလျှင် မိမိ၌အမှန်ရ၏။ ဆရာမမှန်လျှင် အမှားရ၏။ မင်း အစိုးရကောင်းကို မှီဝဲရလျှင် အကျိုးများ၏။ မကောင်းလျှင် ဆင်းရဲကြရ၏။ မိတ်ဆွေကောင်းနှင့် ပေါင်းဖော်ရလျှင် မိမိသန္တာန်၌ ကောင်း၏။ မကောင်းလျှင် မိမိလည်း မကောင်းဖြစ်ရ၏။ ဤသို့မှီရာဖြစ်သော မြင်၊ ကြား၊ နံ၊ စား၊ တွေ့ထိ၊ ကြံသိ တို့၌ သင့်တင့်အောင် နှလုံးသွင်းနိုင်လျှင်

မိမိသန္တာန်၌ ကောင်း၏။ မသင့်မတင့် နှလုံးသွင်းလျှင်မကောင်း ဖြစ်စေနိုင်သော သတ္တိရှိ၏။

(ဤကား—ပကတူပနိဿယသတ္တိကို အရပ်စကားနှင့်ပြောလိုက ပတ်ဝန်းကျင်ဆိုသော စကားကဲ့သို့ သုံးနှုန်းနိုင်သည်ဟူ၏။ ဤကား စကားချပ်တည်း။)

## စိတ်၏သဘော

ဤ၌ စိတ်ခေတ်၏ သဘောသည် မထင်ရှားသော အာရုံ၌ မခံမွေ့မလျော်နိုင်သည်မှာ စိတ်၏ဖြစ်ရိုးဓမ္မတာဖြစ်သည်။ သို့ဖြင့် ဘဝနှင့်ယှဉ်နေရသော နှလုံးသွင်းဆင်ခြင်သည့် မနသိကာရ စေတသိက်သည် အာရုံဟောင်း၌ မမွေ့လျော်ဘဲ အာရုံသစ်ကိုရရှိရန် အမြဲလှုပ်ရှား တိုက်တွန်းနှိုးဆွခံနေသော သဘောရှိ၏။ ထို့ကြောင့် အာရုံသစ်ကို ကိုင်းရှိုင်းလိုသော ဘဝင်စိတ်သည် ဝိတက် ဝိစာရမနသိကာရ စသည့်စေတသိက်တို့ကို အဖော်သဟဲပြု၍ ဒိဋ္ဌ စသောအာရုံတို့ကို အာရုံပြု၏။ ထိုအခါ အာရုံဟောင်းကိုယူနေသော ဘဝင်အလျဉ်၌ ထင်ခြင်းသို့ရောက်၏။ ထို့ကြောင့်ပင်လျှင် မြင်၊ ကြား၊ နံ၊ စား၊ တွေ့ ထိ စိတ်ငါးပါးနှင့် မစပ်မဆက် သက်သက်ဖြစ်သော သုဒ္ဓိကဝ ါရခေါ် မြင်၊ ကြား စသောအာရုံ ၆-ပါးကို သိသည့် ဝိထိ စိတ်တို့သည် ဖြစ်ပေါ်လာသည်ဟူ၏။

ဤသည်ကား ဆန်းကြယ်သော စိတ်၏စွမ်းရည် တနည်း စိတ္တနိယာမ သဘောကို ဆောင်ခြင်းတည်း။

## အပ္ပနာဇောဝီထိ

အပ္ပနာ ဇောဝီထိဆိုသည်မှာ ကာမဇော ၂၉-ပါးနှင့် မစပ်၊ ရူပ၊ အရူပ၊ လောကုတ္တရာ တို့နှင့် စပ်သော ဇော ၂၆-ပါးကို အပ္ပနာဇောဝီထိ ဟု ဆို၏။

ဤအပ္ပနာဇောဝီထိ ၂၆-ပါးတွင် လောကီအပ္ပနာနှင့် လောကုတ္တရာအပ္ပနာဟူ၍ ၂-မျိုးပါဝင်သည်။

(၁) လောကီအပ္ပနာ၌-ရူပဈာန်၅ ; အရူပဈာန်၄=၉ပါးသော ဈာန်တရားများကိုဆိုသည်။

(၂) လောကုတ္တရာ အပ္ပနာ၌မူ-မဂ်-ဖိုလ်ဇောတို့ကို ဆိုပေသည်။

## ဘာဝနာ ၃ မျိုး

ဆိုခဲ့ပါ လောကီအပ္ပနာနှင့် လောကုတ္တရာအပ္ပနာကို ရရှိဘို့ ဆိုလျှင် အောက်ပါအတိုင်း ဘာဝနာ ၃-မျိုးကို စီးဖြန်းအား ထုတ်ရပေမည်။ ယင်းဘာဝနာ ၃-မျိုးမှာ—

(၁) ပရိကမ္မဘာဝနာ
(၂) ဥပစာရဘာဝနာ
(၃) အပ္ပနာဘာဝနာ
တို့ဖြစ်သည်။

(၁) ပရိကမ္မဘာဝနာ ဆိုသည်မှာ ဆိုင်ရာ ကမ္မဋ္ဌာန်းအာရုံ တခုခုကို အာရုံပြု၍ နှုတ်ကရွတ်ရ၍ဝင်း၊ စိတ်ကမှန်း၍ဝင်း၊ ရှေးဦးစွာ စီးဖြန်း ပွားများစေမှုကို ပရိကမ္မဘာဝနာဟု ဆို၏။

(၂) ဥပစာရဘာဝနာကား— အာရုံကို စီးဖြန်းပွားများမှု၌ ရင့်ကျက်လာပြီဖြစ်၍ သမာဓိအားကောင်းနေပေပြီ။ထိုဘာဝနာသည်၊ အပ္ပနာဘာဝနာ၏ အနီးအပါး ဖြစ်သော အပ္ပနာဘာဝနာ မရောက်မီ ရှေးကဖြစ်နှင့်သော ဘာဝနာသည် ဥပစာရဘာဝနာ မည်၏။

(၃) အပ္ပနာ ဘာဝနာ ဆိုသည်ကား အလွန်သမာဓိအားကောင်းသည်ဖြစ်၍ ဥပစာရ ဘာဝနာထက် လွန်ကဲ ခိုင်မြဲစွာ အာရုံ၌ တည်တံ့နေသော ဈာန်များကို အပ္ပနာ ဘာဝနာ ဟု ဆိုပါသည်။

ဆိုခဲ့ပါ ဘာဝနာ ၃—မျိုးသည် အကြောင်းမဲ့ ဖြစ်ပေါ်လာသည်မဟုတ်၊ အကြောင်းနိမိတ်သည် ရှိရပေသည်။ထိုအကြောင်းနိမိတ်ကား ၃-မျိုးရှိပြန်သည်။ယင်း၃-မျိုးမှာအောက်ပါအတိုင်းဖြစ်သည်။

(၁) ပရိကမ္မနိမိတ်
(၂) ဥဂ္ဂဟနိမိတ်
(၃) ပဋိဘာဂနိမိတ်
တို့ဖြစ်သည်။

(၁) ပရိကမ္မနိမိတ်ဟူသောအကြောင်းသည် ပရိကမ္မဘာဝနာကို ဖြစ်ပေါ်စေပါသည်။ ယင်း ပရိကမ္မ နိမိတ် ဆိုသည်ကား ရှေးဦးစွာအာရုံပြုသော ကမ္မဋ္ဌာန်း အာရုံတခုကို ဆိုပေသည်။

(၂) ဥဂ္ဂဟနိမိတ်ဆိုသည်မှာ-ရင့်ကျက်သောပရိကမ္မဘာဝနာကို ဖြစ်စေသော အကြောင်း နိမိတ် အာရုံဖြစ်သည်။ ယင်း

ဥဂ္ဂဟနိမိတ်ဆိုသည်ကား ပရိကမ္မနိမိတ်ဖြစ်သော ကမ္မဋ္ဌာန်းအာရုံကို စီးဖြန်း၍ မျက်စိနှင့် တိုက်ရိုက်မကြည့်ဘဲ၊ စိတ်နှင့်မှန်း၍ စွဲစွဲလမ်းလမ်း၊ တန်းတန်းမတ်မတ်၊ ထင်ထင်ရှားရှား ယူနိုင်သော အာရုံကို ဥဂ္ဂဟနိမိတ်ဟု ခေါ်သည်။

(၃) ပဋိဘာဂနိမိတ်သည်ကား- ဥပစာရဘာဝနာနှင့် အပ္ပနာဘာဝနာကို ဖြစ်စေသော အကြောင်းနိမိတ်ဖြစ်သည်။ ယင်းပဋိဘာဂ နိမိတ်သည် မူလ စိစဉ် ရှုမှတ်အပ်သော ကသိုဏ်းဝန်းစသည်နှင့်တူစွာ စိတ်၌ထင်ပေါ်လာသော အာရုံတု အာရုံတူတို့ကို ပဋိဘာဂနိမိတ်ဟု ဆိုပါသည်။

ဆိုခဲ့ပါ ဘာဝနာနှင့် နိမိတ်တို့ကို အလွယ်ဆုံး သိမှတ်ဘို့မှာ ဘာဝနာဆိုသည်ကား မိမိရှုမှတ်လိုသော ကမ္မဋ္ဌာန်းတခုခုကို မိမိစိတ်ထည်း၌ စွဲမြဲတည်တံ့နေအောင် အဆင့်ဆင့် အထပ်ထပ် မပြတ်မလပ် စီးဖြန်း ရှုမှတ် ပွားများမှုကို ဘာဝနာဟု ဆိုပါသည်။

နိမိတ်ဆိုသည်မှာ မိမိ စီးဖြန်းပွားများ အားထုတ် လိုသော ဘာဝနာ ရှုမှတ်နိုင်ဘို့ နိမိတ်အာရုံကိုဆိုသည်။ ယင်းနိမိတ်အာရုံသည် ဘာဝနာ၏ အကြောင်းတရား ဖြစ်ပေသည်။

ဆိုခဲ့ပါ ဘာဝနာတို့ကို ပွားများအပ်သော ဘာဝနာနည်းသည် (က) အဘယ်မျှရှိသနည်း။ (ခ) ထိုဘာဝနာတို့ ရှုမှတ်အပ်သော အကြောင်း နိမိတ် အာရုံသည် မည်သည်တို့နည်း။ (ဂ) မည်သည့်ဘာဝနာကို မည်သို့ပွားရမည်နည်း စသည်တို့ကို စိစစ်အပ်ဖို့လိုပါသည်။

(၂) ဥပစာရဘာဝနာကား— အာရုံကို စီးဖြန်းပွားများမှု၌ ရင့်ကျက်လာပြီဖြစ်၍ သမာဓိအားကောင်းနေပေပြီ။ ထိုဘာဝနာသည်၊ အပ္ပနာဘာဝနာ၏ အနီး အပါး ဖြစ်သော အပ္ပနာဘာဝနာ မရောက်မီ ရှေးကဖြစ်နှင့်သော ဘာဝနာသည် ဥပစာရဘာဝနာ မည်၏။

(၃) အပ္ပနာ ဘာဝနာ ဆိုသည်ကား အလွန်သမာဓိအားကောင်းသည်ဖြစ်၍ ဥပစာရ ဘာဝနာထက် လွန်ကဲ ခိုင်မြဲစွာ အာရုံ၌ တည်တံ့နေသော ဈာန်များကို အပ္ပနာ ဘာဝနာ ဟု ဆိုပါသည်။

ဆိုခဲ့ပါ ဘာဝနာ ၃—မျိုးသည် အကြောင်းမဲ့ ဖြစ်ပေါ်လာသည်မဟုတ်၊ အကြောင်းနိမိတ်သည် ရှိရပေသည်။ ထိုအကြောင်းနိမိတ်ကား ၃-မျိုးရှိပြန်သည်၊ ယင်း၃-မျိုးမှာအောက်ပါအတိုင်း ဖြစ်သည်။

(၁) ပရိကမ္မနိမိတ်
(၂) ဥဂ္ဂဟနိမိတ်
(၃) ပဋိဘာဂနိမိတ်
တို့ဖြစ်သည်။

(၁) ပရိကမ္မနိမိတ်ဟူသောအကြောင်းသည် ပရိကမ္မဘာဝနာကို ဖြစ်ပေါ်စေပါသည်။ ယင်း ပရိကမ္မ နိမိတ် ဆိုသည်ကား ရှေးဦးစွာအာရုံပြုသော ကမ္မဋ္ဌာန်း အာရုံတခုခုကို ဆိုပေသည်။

(၂) ဥဂ္ဂဟနိမိတ်ဆိုသည်မှာ-ရင့်ကျက်သောပရိကမ္မဘာဝနာကို ဖြစ်စေသော အကြောင်း နိမိတ် အာရုံဖြစ်သည်။ ယင်း

ဥဂ္ဂဟနိမိတ်ဆိုသည်ကား ပရိကမ္မနိမိတ်ဖြစ်သော ကမ္မဋ္ဌာန်းအာရုံကိုစီးဖြန်း၍ မျက်စိနှင့် တိုက်ရိုက်မကြည့်ဘဲ၊ စိတ်နှင့်မှန်း၍ စွဲစွဲလမ်းလမ်း၊ တန်းတန်းမတ်မတ်၊ ထင်ထင်ရှားရှား ယူနိုင်သော အာရုံကို ဥဂ္ဂဟနိမိတ်ဟု ခေါ်သည်။

(၃) ပဋိဘာဂနိမိတ်သည်ကား- ဥပစာရဘာဝနာနှင့် အပ္ပနာဘာဝနာကို ဖြစ်စေသော အကြောင်းနိမိတ်ဖြစ်သည်။ ယင်း ပဋိဘာဂ နိမိတ်သည် မူလ စီစဉ် ရှုမှတ်အပ်သော ကသိုဏ်းဝန်း စသည်နှင့်တူစွာ စိတ်၌ထင်ပေါ်လာသော အာရုံတု အာရုံတူ တို့ကို ပဋိဘာဂနိမိတ်ဟု ဆိုပါသည်။

ဆိုခဲ့ပါ ဘာဝနာနှင့် နိမိတ်တို့ကို အလွယ်ဆုံး သိမှတ်ဘို့မှာ ဘာဝနာဆိုသည်ကား မိမိရှုမှတ်လိုသော ကမ္မဋ္ဌာန်းတခုခုကို မိမိစိတ်ထည်း၌ စွဲမြဲတည်တံ့နေအောင် အဆင့်ဆင့် အထပ်ထပ် မပြတ်မလပ် စီးဖြန်း ရှုမှတ် ပွားများမှုကို ဘာဝနာဟု ဆိုပါသည်။

နိမိတ်ဆိုသည်မှာ မိမိ စီးဖြန်းပွားများ အားထုတ် လိုသော ဘာဝနာ ရှုမှတ်နိုင်ဘို့ နိမိတ်အာရုံကိုဆိုသည်။ ယင်းနိမိတ်အာရုံသည် ဘာဝနာ၏ အကြောင်းတရား ဖြစ်ပေသည်။

ဆိုခဲ့ပါ ဘာဝနာတို့ကို ပွားများအပ်သော ဘာဝနာနည်းသည် (က) အဘယ်မျှရှိသနည်း။ (ခ) ထိုဘာဝနာတို့ ရှုမှတ်အပ်သော အကြောင်း နိမိတ် အာရုံသည် မည်သည်တို့နည်း။ (ဂ) မည်သည့်ဘာဝနာကို မည်သို့ပွားရမည်နည်း စသည်တို့ကို ဝေစစ်အပ်ဖို့လိုပါသည်။

## ပွားများအပ်သော ဘာဝနာများ

(က) ပွားများအပ်သော ဘာဝနာနည်းသည် (၁) လောကီသမထ ဘာဝနာနည်းနှင့် (၂) လောကုတ္တရာ ဝိပဿနာ ဘာဝနာနည်းဟူ၍ ၂-မျိုးရှိပါသည်။

(၁) သမထဘာဝနာနည်း ဆိုသည်မှာ သတ္တဝါတို့သန္တာန်၌ အမှန်ကို ဖုံးကွယ်ပေးသော အဝိဇ္ဇာနှင့် အာရုံကို တပ်မက်ယစ်မူးတတ်သော တဏှာတို့သည် တွဲယှက်ကာ ဖွားဘက်တော်အဖြစ်နှင့် ပါရှိလာပေသည်။ ယင်း တဏှာစသော ကိလေသာတရားတို့သည် စိတ်ကို ညစ်နွမ်းစေတတ်သည်။ နှိပ်လည်း နှိပ်စက်တတ်သေး၏။ ထကြွပူလောင်စေသော သဘောလည်းရှိသည်။ သမထဘာဝနာသည် ဤတဏှာစသော ကိလေသာတို့ကို မပွင့်မလန်းစေဘဲ ညှိုးနွမ်းငြိမ်ကျသွားအောင် ပွားများ အားထုတ်သည့်နည်းကို လောကီသမထ ဘာဝနာနည်းဟု ဆိုပါသည်။

ထို သမထဘာဝနာသည် ထကြွ ပူလောင် စေတတ်သော တဏှာစသည့် ကိလေသာတို့ကို ကင်းပြတ် ချုပ်ငြိမ်းသွားအောင် မလုပ်ဆောင်နိုင်သော်လည်း ပူလောင်မှု၊ နှိပ်စက်မှု၊ ညစ်နွမ်းမှုတို့ကိုတော့ ပကတိအပူထက် သက်သာစေမှုကိုကား ပေးနိုင်စွမ်းရှိပေသည်။ ဥပမာ မီးခဲကို ပြာနှင့်ဖုံးဖိထားသကဲ့သို့ ဖြစ်သည်။ မီးခဲကို ပြာနှင့်ဖုံးဖိထားသောအခါ မီးသည် လုံးဝချုပ်ငြိမ်း သေဆုံးမသွားပေမယ့် အပူဒီဂရီကိုတော့ ကျဆင်း သက်သာ စေပါသည်။

ဤသို့ အပူဒီဂရီ ကျဆင်းအောင် လုပ်ဘို့မှာ သမထဘာဝနာ

ဖြင့် စိတ်ကို ကိလေသာနယ်မှ ဆွဲထုတ်၍ အာရုံတခုခု၌ တည်တံ့ ခိုင်မြဲနေအောင် လုပ်ရပေမည်။ ဤအလုပ်သည် မလွယ်ကူပေ။

ဤအဆိုပြုချက်ကို မယုံလျှင် မိမိစိတ်ကို အာရုံတခုခုအပေါ် ၌ ရပ်တည်အောင် စက္ကန့် ၂၀၊ မိနစ်ဝက်ခန့် ထိန်းသိမ်းကြည့်စမ်းပါ။ လုပ်ကြည့်နိုင်လျှင် ငြိမ်းပြီးအေးသည့် ချမ်းသာကို ဒိဋ္ဌ တွေ့ရပေမည်။ ဤ ငြိမ်းအေးချမ်းသာမှုသည် တန်ဘိုးမနည်းပါ။ မိမိလုပ်အားဖြင့် ဆုံးဖြတ်နိုင်ပေမည်။

ထို့ပြင် ဤလောကီ သမထဘာဝနာနည်းသည် ဝိရိယာဓိပတိကို ဦးဆောင်စေ၍ အဓိပတိတိုင်အောင် အားထုတ်နိုင်မည် ဆိုလျှင် လောက၌ ဆန်းကြယ်သော စိတ်တန်ခိုးကိုလည်း ပြီးပြည့်စုံနိုင်ပါသည်။ တဖန် လောကုတ္တရာ ဝိပဿနာ ဘာဝနာနည်းသို့ ကူးပြောင်းလျှင်လည်း ကြီးမားလှသော အခြေခံအဋ္ဌမြစ်ကို ဖြစ်စေပါသည်။

(၂) ဝိပဿနာဘာဝနာနည်းကား စိတ်ကိုညစ်နွမ်းစေတတ်သော၊ ထကြွ ပူလောင်စေတတ်သော ဆိုင်ရာကိလေသာတို့ကို ကင်းပြတ် ချုပ်ငြိမ်းစေ၍ ဘဝဝဋ်ဒုက္ခမှ ကျွတ်လွတ်လေအောင် ပွားများအားထုတ်သည့် ဘာဝနာကို လောကုတ္တရာ ဝိပဿနာ ဘာဝနာနည်းဟု ခေါ်၏။

ဆိုခဲ့ပြီးသော ဘာဝနာ ၂-မျိုး၏ ခြားနားချက်မှာ သမထ ဘာဝနာသည် ကိလေသာတို့ကို ငြိမ်ရုံသာငြိမ်အောင် လုပ်စွမ်းနိုင်ပေသည်။ ဝိပဿနာမှာကား ဆိုင်ရာကိလေသာကို ဇစ်မြစ်မူလဘူတ အကြောင်းရင်းကိုပါ ကင်းပြတ်ချုပ်ငြိမ်းအောင် လုပ်စွမ်းနိုင်၏။

တနည်း ထိုဘာဝနာ ၂-မျိုးအနက် သမထ ဘာဝနာသည် ဘာဝနာ၏ အထွဋ်အထိပ်ဆုံးသော စျာန်အဆင့်သို့ ရောက်သည် ရှိစေဦးတော့၊ ကိလေသာလေနှင့် တိုက်ခတ် တွေ့ကြုံဆုံမိလျှင်ကား မြုံးဆို စျာန်လျှောကျ၍ အောက်ဆုံးသို့ ပြန်ရောက်နိုင်လေသည်။

ဝိပဿနာဘာဝနာမှာကား ရရှိပြီးသော အဆင့်မှ မလျှော မကျတော့ဘဲ ရှေ့သို့သာ ချီလေတဲ့ ချီလေတော့သတည်း။

တနည်း သမထဘာဝနာမှာ ပညတ်ကို အာရုံပြုလေသော ကြောင့် အသိလွယ်၍ အလုပ်ခက်၏။ ဝိပဿနာ ဘာဝနာမှာ ကား ပရမတ်ကို အာရုံပြုလေသောကြောင့် အသိအလွန်ခက်ခဲ ၏၊ ပရမတ်ကို အမှန်မြင်သော် အလုပ်မှာ လွယ်ပေသည်။

တနည်း ထိုဘာဝနာ ၂-မျိုး၏ အကျိုးကျေးဇူး တန်ဘိုးမှာ ကား၊ သမထဘာဝနာ၏ အကျိုးကျေးဇူး တန်ဘိုးသည် လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းစသည်တို့၏ စည်းစိမ်ချမ်းသာ အကျိုးတိုင် အောင် ခံစားနိုင်သောတန်ဘိုး ရရှိနိုင်၏၊ သို့သော် ထိုသူတို့၏ အနားပတ်ဝန်းကျင် ကိလေသာတို့ကြောင့် ခြေချော်လက်ချော် သော် ကျနိုင်သည့် ကြောက်မက်ဘွယ်သော အပါယ်ဒုက္ခဘေး ကြီးရှိ၍ သံသရာဝဋ်ဒုက္ခဘေးတို့လည်း ဝန်းရံလျက်ရှိ၏။

ဝိပဿနာ ဘာဝနာ၏ အကျိုးကျေးဇူး တန်ဘိုးမှာကား လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းစသည်တို့၏ စည်းစိမ်ချမ်းသာကို ထိုက်သလောက် ခိုးခြံချွေတာစွာ သတိနှင့် ဆင်ခြင် ခံစားနိုင် ၏။ သူတို့၏ အနားပတ်ဝန်းကျင်၌ အလွန်ကြောက်မက်ဘွယ်ရာ ဖြစ်သော အပါယ်ဒုက္ခဘေးကား ကင်းဝေး ပြတ်တောက်သွား ၏။ သို့သော် နိဗ္ဗာန်မုခ်ဦးဆီသို့ အရောက် ချီတက်နေစဉ်မှာ

ဇာတိ၊ ဇရာ၊ မရဏ ဘေးဒုက္ခတို့ကား ကျန်ရှိသေး၏။ လွန်မြောက်နိုင်ခဲ့သော အပါယ်ဒုက္ခဘေးမှ ကင်းဝေးနိုင်သည့် အကျိုးကျေးဇူး တန်ဘိုးတို့ကို အပြည့်အဝ ရရှိခံစား နေနိုင်ကြ ပေသည်။

တနည်း သမထဘာဝနာကို သာသနာတွင်း သာသနာပ၌ ကျင့်ကြံ ကြိုးကုတ် အားထုတ် ပွားများရ နိုင်သော်လည်း ဝိပဿနာ ဘာဝနာမှာကား သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားတို့၏ သာသနာတွင်းမှာသာ ရှုမှတ်ပွားများ အားထုတ်နိုင်၍ သာသနာပ အခါ၌ကား ဘုရားသံ တရားသံ၊ သံဃာသံကိုမျှ မကြားတော့ပေ။ ဝိပဿနာဘာဝနာနှင့် သာ၍ ဝေးတော့၏။

## ဘာဝနာတို့၏ အကြောင်းနိမိတ်

(ခ) ထိုဘာဝနာတို့၏ ရှုမှတ်အပ်သော အကြောင်းနိမိတ် အာရုံသည် မည်သည်တို့နည်းဟူမူ-

(၁) သမထ ဘာဝနာ၏ရှုမှတ်ပွားအကြောင်းနိမိတ်အာရုံသည် ကမ္မဋ္ဌာန်း ၄၀ ဖြစ်သည်။

(၂) ဝိပဿနာဘာဝနာ၏ ရှုမှတ်ရန်အကြောင်း အာရုံတို့ကား နာမ်တရားဖြစ်သော စိတ် ၁ + စေတသိက် ၅၂ = ၅၃ ပါးနှင့် ရုပ် ၂၈-ပါး၊ ပေါင်း ၈၁-ပါးသော အာရုံတို့၏ သဘောနှင့် ထိုနာမ်ရုပ်တို့ကို ဖြစ်ပေါ်စေသော အကြောင်း၊ ထိုနာမ်ရုပ်တို့၏ မှတ်စရာဖြစ်သောအနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာတို့နှင့် သစ္စာလေးပါးဖြစ်သည်။

ဆိုခဲ့သောနာမ်တရား ၅၃+ရုပ် ၂၈=၈၁ ပါးသည် ဖြစ်ပျက်လှုပ်ရှား၊ ပြောင်းလဲ၊ ပြုစီမံတတ်သောကြောင့် သင်္ခါရတရားလည်း မည်သည်။ နိဗ္ဗာန်ကား ဖြစ်ပျက် ပြုစီမံမှု မရှိသောကြောင့် အသင်္ခါရမည်သည်။

## ပွားများနည်း

(၈) မည်သို့ပွားများရမည်နည်း ဟူမူ၊ သမထ ဘာဝနာကို ပွားများလိုသူသည် ကသိုဏ်းစသော ကမ္မဋ္ဌာန်း ၄၀-မှ မိမိကြိုက်နှစ်သက်ရာ ကမ္မဋ္ဌာန်းတခုခုကို ပွားများရပေမည်။ သို့အားထုတ်လျှင် ဈာန်ကိုရ၏။ ဝိပဿနာဘာဝနာကို ရှုမှတ်ပွားများလိုသူသည် ရုပ်နာမ်တို့၌ အနိစ္စ, ဒုက္ခ, အနတ္တ၊ လက္ခဏာတို့ကို မြင်အောင် အားထုတ်ရ၏။

## ရှုပချာန်ပွားများပုံ

ရှုပစျာန်ဆိုသည်မှာ– ကာမစ္ဆန္ဒ စသော နီဝရဏ တရားတို့ကို လောင်မြှိုက်ပြီး ကျွမ်းကျသွားအောင် အာရုံကို စူးစူးစိုက်စိုက် ရှုမှတ်ခြင်းကို ဆိုလေသည်။

ဤသို့ အာရုံကိုစူးစိုက်ရှုမှတ်နိုင်ရန် စိတ်တမျိုးတည်းဖြင့် မရနိုင်ပေ။ စိတ်သည် ဝိတက်၊ ဝိစာရ၊ ပီတိ၊ (ဝေဒနာ )သုခ၊ ဧကဂ္ဂတာဟူသော တရားငါးပါးကို အဖော်သဟဲ ပြုရပေသည်။ ထိုသို့အဖော်ပြုပါမှ အာရုံကို စူးစိုက်စွာ ရှုမှတ် နိုင်ပေမည်။ ထိုတရား၅-ပါး၌ပါရှိသောတရား၁-ပါးစီကို ဈာန်အင်္ဂါ သို့မဟုတ် ဈာန်၏အစိတ်အပိုင်းဟုခေါ်၍ ထိုတရား ၅-ပါး အပေါင်းကိုမူ ဈာန်ဟု ခေါ်သည်။

## ဈာန်အင်္ဂါ ၅-ပါး

| | | |
|---|---|---|
| ၁။ | ဝိတက်သည် | စိတ်နှင့် ယှဉ်ဘက် တရားတို့ကို အာရုံအပေါ်သို့ တင်ပေးသည်။ |
| ၂။ | ဝိစာရသည် | အာရုံကို အထပ်ထပ် ရစ်ဝဲ သုံးသပ်သည်။ |
| ၃။ | ပီတိသည် | အာရုံကို နှစ်သက်ခြင်း လျော်သည်။ |
| ၄။ | ဝေဒနာသည်(သုခ) | အာရုံကို ခံစားသည် (ချမ်းသာသည်။ |
| ၅။ | ဧကဂ္ဂတာသည် | အာရုံအပေါ်၌ စိတ်တည်တံ့နေသည်တို့ ဖြစ်သည်။ |

ဈာန်ပွားများပုံမှာ မိမိနှင့်ထိုက်သင့်သော ကသိုဏ်းကမ္မဋ္ဌာန်း ဘခုခုကို ပြုစီမံရမည်။ ထို့နောက် သိလကို စင်ကြယ်စေ၍၊ အလုပ်ကိစ္စ ပလိဗောဓ တို့ကို ဖြတ်တောက် ထားရမည်။ ထိုနောက်မှမိမိပြု စီမံထားသော ဆိုကြပါစို့—ပထဝီကသိုဏ်းကို ပြုစီမံထားလျှင် ပထဝီပထဝီ၊ သို့မဟုတ် မြေ မြေဟု အလိုရှိသလို နှုတ်ဖြင့် ရွတ်ဆို၍ရင်း၊ စိတ်ဖြင့် မှတ်၍ရင်း၊ ရံခါ မျက်လုံးကို မှိတ်၍ရင်း၊ ဖွင့်၍ရင်း၊ ဥဂ္ဂဟနိမိတ်မသင်သမျှ စိတ်ဖြင့် ဆင်ခြင်ရမည်။ ဤသို့အားထုတ်မှု ဘာဝနာစိတ်ကို ပရိကမ္မဘာဝနာဟု ခေါ်၏။ ထိုဘာဝနာ၏အကြောင်းဖြစ်သော ပထဝီ ကသိုဏ်းအာရုံကို ပရိကမ္မနိမိတ်ဟု ခေါ်ပေသည်။

ဤကဲ့သို့ ပရိကမ္မနိမိတ်အာ[illegible]ကိုပင် မှိတ်တုံဖွင့်တုံ အထပ်ထပ် အခါခါ စီးဖြန်းရာ၏။ ထိုသို့ ကြိမ်ဖန်များစွာ ရှုမှတ်နေသော

အခါ မှိတ်၍ဆင်ခြင်သောအခါလည်း ဖွင့်၍ကြည့်သကဲ့သို့ စိတ်၌ ထင်ရှားစွာ ဖြစ်ပေါ်လာ၏။ ဤသို့ စိတ်၌ ထင်ရှားစွာဖြစ်ပေါ် လာသောအာရုံကို ဥဂ္ဂဟနိမိတ်ဟု ဆိုလေသည်။ ထိုဥဂ္ဂဟနိမိတ် ထင်အောင် ပွားများသောဘာဝနာစိတ်သည် ပရိကမ္မဘာဝနာ ပင်ရှိသေး၏၊ သို့သော် ပရိကမ္မနိမိတ်အာရုံကို ယူစဉ်ကထက် လွန်ကဲလာသည်ဖြစ်၍ ဤဘာဝနာစိတ်ကို ရင့်ကျက်သောပရိကမ္မ ဘာဝနာစိတ် ဟု ခေါ်ရ၏။ ထိုရင့်ကျက်သော ပရိကမ္မဘာဝနာ စိတ်သည် သမာဓိချပြီဖြစ်၍ ပရိကမ္မနိမိတ်ကို ရှုမှတ်စဉ်ကထက် စိတ်တည်ကြည်မှု များစွာရလာပေသည်။

ထိုရလာသော ဥဂ္ဂဟနိမိတ်အာရုံကိုယူ၍ ဤရင့်ကျက်သော ပရိကမ္မဘာဝနာဖြင့် အကြိမ်ကြိမ် အထပ်ထပ် စီးဖြန်းလတ်သော် (၁) သဒ္ဓါ- မိမိပွားများသော ဘာဝနာ၌ ယုံကြည်လာခြင်း၊ (၂) ဝီရိယ- လုံ့လ အားထုတ်မှု ပိုမိုလာခြင်း၊ (၃) သတိ- အောက်မေ့မှုစွဲမြဲလာခြင်း၊ (၄) သမာဓိ- စိတ်တည်ကြည်ငြိမ် သက်လာခြင်း၊ (၅) ပညာ ဉာဏ်အမြင် ထက်သန်လာခြင်းတို့ သည် ပြည့်စုံလာပေသည်။ ထိုအခါ စိတ်၌ အလွန် သန့်ရှင်းလာ ပေပြီ။ ထိုအခါ ကုသိုလ် တရားတို့ကို ဆန့်ကျင် တားမြစ်တတ် သော ကာမစ္ဆန္ဒနီဝရဏတရားတို့သည် သဒ္ဓါစသောတရား ၅-ပါး ၏ တန်ပြန် ဆန့်ကျင်မှုကြောင့် ငုပ်လျှိုး ငြိမ်ဝပ် ကျသွားရ၏။

ထိုအခါ ဘာဝနာ၏စိတ်အစဉ်၌ ဝိတက် စသော ဈာန်အင်္ဂါ ၅-ပါးသည် ထင်ရှား ပေါ်လာလေသည်။ ရူပဈာန်အပ္ပနာသို့ မဆိုက်သေးသော်လည်း ရူပဈာန်နီးနီး အာရုံ၌ တည်ကြည်မှုကို ရရှိလာသည်ဖြစ်၍ ဆက်လက် အားထုတ်သောအခါ ပရိကမ္မ ဘာဝနာအဆင့်ကို လွန်လျက် ဥပစာရဘာဝနာအဆင့်သို့ ရောက်

လာလေသည်။ ထိုကဲ့သို့ ဘာဝနာစိတ်သည် တည်ကြည်လှသဖြင့် စီးဖြန်းအပ်သောအာရုံသည် ဥဂ္ဂဟနိမိတ်ကို လွန်မြောက်၍ ပဋိဘာဂနိမိတ်အဖြစ်သို့ရောက်လေသည်။ ထိုသို့ပဋိဘာဂ နိမိတ်ထင်လာသောအခါ အသူရိန်အပမ်းခံရသော လဒ်မာန်သည် တိမ်တိုက်မှ ထွက်လာသကဲ့သို့ မိုးတိမ်အတွင်း၌ ပျံသန်းနေသော ဗျိုင်းဖြူကလေးကိုမြင်ရသကဲ့သို့ အလွန်ကြည်လင် လှပေသည်။ ဥဂ္ဂဟနိမိတ်ထက် အဆရာထောင်မက သာလွန် တင့်တယ်လှပေသည်။

ဤသို့ဥပစာရဘာဝနာဖြင့် ပဋိဘာဂနိမိတ် အာရုံကို ဆက်ခါဆက်ခါ ပွားများ အားထုတ်သတ်သော် အပ္ပနာဘာဝနာ ဖြင့် ဈာန်ရကာနီးမှာ ပထဝီညဉ်စသော အာရုံတခုခုသည် မနောဒွါရခေါ် ဘဝင်၌ထင်လာသောအခါ ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘု ဉာဏ်နှံ့ သူဖြစ်လျှင် ဤသို့ ပရိကံမှ ဂေါတြဘုအထိ ဥပစာရသမာဓိဇော ၄-ကြိမ်စော၍ ဉာဏ်ထက်သူဖြစ်လျှင် ဥပစာမှ အနုလုံ ဂေါတြဘုအထိ အပ္ပနာသမာဓိဇော ၃ကြိမ်စောပြီးသည့်နောက် အပ္ပနာဘာဝနာခေါ် ရူပါဝစရဈာန် အပ္ပနာဇောဝီထိ တကြိမ်ကျ အပြီးတွင် ဝီထိအစဉ်ပြတ်၍ ဘဝင်ဖြစ်ထိုက်သမျှ ဖြစ်လေသည်။

## ဝီထိပုံ

ဘ န ဒ "မ ပ ဥ နု ဂေါ ဈ" ဘ

၀၁၁ ၀၀၀ ၀၀၁ ၀၀၀ ၀၀၁ ၀၀၀ ၀၀၁ ၀၀၀ ၀၀၀ ၀၀၀

ဤသည်ကား ရူပါဝစရ ပထမဈာန် အပ္ပနာဇောဝီထိကျပုံတည်း။

အမှာ။ (က) ဝီထိပုံ၌ ဘ-သည် ဘဝင်၊ န-သည် ဘဝင်္ဂစလန၊ ဒ-သည် ဘဝင်္ဂုပစ္ဆေဒ၊ မ-သည် မနောဒွါရာဝဇ္ဇန်း၊ ပ-သည် ပရိကံ၊ ဥ-သည် ဥပစာ၊ နုံ-သည် အနုလုံ၊ ဂေါ-သည် ဂေါတြဘူ၊ ဈ-သည် ဈာန်၊ ဘ-သည် ဘဝင် တို့ဖြစ်ကြသည်။

(ခ) ဤဝီထိပုံ၌ အစ-ဘ၊ ဘဝင်နှင့် အဆုံး-ဘ၊ ဘဝင်ပြရသည်မှာ သတ္တဝါတို့သန္တာန်၌ ဘဝင်စိတ်သည် မြစ်ရေ အလျဉ် ကဲ့သို့ အစဉ်ရှိသည်။ထိုဘဝင်စိတ်မှ ဝီထိစိတ်သို့ကူးပြောင်းရသည်။ ထို့ကြောင့် ဝီထိစိတ်မဖြစ်မီ ဘဝင်ရှိသည်ကို ထင်ရှားစေရန် အစ၌ ဘ-ဘဝင်ကို ပြရသည်။

တဖန် ဝီထိစိတ် အစဉ် ပြတ်သောအခါ မူလ ဘဝင်စိတ်သို့ ပြန်ရောက်သွားလေသည်။ ထို့ကြောင့် ဝီထိစိတ်အစဉ်ပြီးမှ ဘ-ဘဝင်ကို ပြရလေသည်။

## ဈာန်အဆင့်ဆင့်တက်ပုံ

ရူပ ပထမ ဈာန်ရပြီးနောက် ဒုတိယ ဈာန် စသည် တို့ကို တက်လိုသောပုဂ္ဂိုလ်သည်ဝသီဘော်ဟူသော စွမ်းရည် ၅ တန်နှင့် ပြည့်စုံအောင် အခေါက်ခေါက် အခါခါ၊ အကြိမ်ကြိမ် အဘပ်

ထပ် တုံ့ကာ ပြန်ကာ လေ့ကျင့် ပွားများ၍ ဈာန်ဝင်စားရပေမည်။

## ဝွမ်းနိုင်ခြင်း ဝသီဘော် ၅-တန်

၁။ အာဝဇ္ဇနဝသီဘော် — အမြန်ဆုံး ဆင်ခြင် နိုင်သော မနောဒွါရာဝဇ္ဇန်း၏ သတ္တိစွမ်းရည်ရှိသူ၏ အဖြစ်ကို ဆိုသည်။

၂။ သမာဝဇ္ဇနဝသီဘော် — ဈာန်ကိုအရေးတကြီးဝင်စားနိုင်သော အလွန် ထက်မြက်သူတို့၏ သတ္တိ စွမ်းရည်ကို ဆိုသည်။

၃။ အဓိဋ္ဌာနဝသီဘော် — ဈာန်ကို အချိန် အတိုဆုံး၊ အကြာဆုံး ဝင် စား နိုင်အောင် ဘဝင် ကို တား၍ ဈာန်အစဉ် ဝင်စားနိုင်သော သတ္တိ စွမ်းရည် ရှိသူကို ဆိုသည်။

၄။ ဝုဋ္ဌာနဝသီဘော် — ဈာန်ကို အတိုအရှည်လိုသလို ရည်မှန်းသည့် အတိုင်း မပိုမလို ဈာန်မှ ထနိုင်သော သတ္တိ စွမ်းရည် ရှိသူကို ဆိုသည်။

၅။ ပစ္စဝေက္ခဏာဝသီဘော် — ဈာန်အင်္ဂါကို ဆင်ခြင်သော ဝီထိစိတ်တို့၏တဝီထိအကြား အကြား၌ ဘဝင် များစွာ မခြားဘဲ ဆက်ကာ ဆက်ကာ ဆင်ခြင်နိုင်သော သတ္တိစွမ်းရည်ရှိသူကို ဆိုသည်။

ဤစွမ်းနိုင်ခြင်း ဝသီဘော် ငါးပါးကို ပေါက်ရောက်အောင် အခေါက်ခေါက်အခါခါ မိမိ ရရှိသော ဈာန်မှမလျှောကျစေရန် စီးဖြန်းပွားများ အားထုတ်ရပေမည်။ ထိုအခါ ပထမဈာန်အင်္ဂါ ဖြစ်သော ဝိတက်သည်အာရုံအမျိုးမျိုးသို့စိတ်ကိုတင်ပေးတတ်၏။ ထိုသို့ဖြစ်၍ ဝိတက်ရှိနေလျှင် ကာမဂုဏ်သို့ တပ်မက်မှု တဖန် ဖြစ်နိုင်သည်။ ထို့ကြောင့် ဝိတက်ကို အပြစ်မြင် စက်ဆုတ်လျက် အားထုတ်ရာ ဝိတက်မပါဘဲ ပထမဈာန်ထက် သိမ်မွေ့သော ဝိစာရ စသော ဈာန်အင်္ဂါ ၄ ပါးနှင့် ပြည့်စုံသော ဒုတိယဈာန် ခေါ် အပ္ပနာဘာဝနာစိတ် ပေါ်လာလေသည်။

ဤသို့ဒုတိယဈာန်အပ္ပနာဝီထိစိတ်ဖြစ်ပြီးနောက် တတိယဈာန် တက်ရောက်ရာ၌ အစဉ်အတိုင်း ဝိစာရသည် ရုန့်ရင်းကြမ်းတမ်းသေး၏။ ဝိစာရသည် ဝိတက်နှင့် တွဲဖက်ဆက်စပ်နေသည် ဖြစ်၍ ပထမဈာန်သို့ ပြန်လည်ခါ ဖြစ်ရလိမ့်မည်။ ထိုအခါ ဝိစာရ၌ အပြစ်မြင်၍ စက်ဆုတ်လာလေသည်။ ဝိစာရကို တပ်မက်ခြင်းကင်း၍ ဆက်လက်အားထုတ်၏။ ဝိစာရဈာန်ထက် သိမ်မွေ့သော ပီတိ၊သုခ၊ဧကဂ္ဂတာဈာန်အင်္ဂါ ၃ပါး ပါဝင်သည့် တတိယဈာန် ခေါ် အပ္ပနာဘာဝနာစိတ် ဖြစ်ပေါ်လာလေသည်။

စတုတ္ထဈာန်တက်ရောက်ရာ၌ ပီတိသည် နှစ်သက်ခြင်းသဘော ရှိ၍ စိတ်ကို ကောင်းစွာ မငြိမ်သက်စေနိုင်၊ ပီတိမပါမှသာ စိတ် ငြိမ်သက်မည်ဟု ပီတိကို အပြစ်မြင်ကာ တပ်မက်ခြင်း ကင်း၍ အားထုတ်ရာ စတုတ္ထဈာန်ဟု ခေါ်သော သုခ ဧကဂ္ဂတာဈာန် အင်္ဂါ ၂ ပါး ပါဝင်သော အပ္ပနာဘာဝနာစိတ် ဖြစ်ပေါ်လာ လေသည်။

ပဉ္စမဈာန်သို့တက်ရာ၌ စတုတ္ထဈာန်အင်္ဂါဖြစ်သော သုခသည် ပီတိနှင့်သဘောတူပင်ဖြစ်သည်။ သုခသည် ပီတိနှင့်ပေါင်းမိသဖြင့် တတိယဈာန်သို့ လျောကျမည်ကို စိုးရိမ်စရာ ဖြစ်သည်ဟု သုခကို အပြစ်ရှု၍ သုခကို တပ်မက်ခြင်း ကင်းအောင် အားထုတ်၏။ ထိုအခါ ပဉ္စမဈာန်အင်္ဂါဖြစ်သော ဥပေက္ခာဧကဂ္ဂတာသို့ ဆိုက်၍ ပဉ္စမဈာန်ဟု ခေါ်သော အပ္ပနာဘာဝနာစိတ် ဖြစ်ပေါ်လာ လေသည်။

ဤသို့ ပထမဈာန်မှ ပဉ္စမဈာန်တိုင်အောင် တက်ရောက်လာ နိုင်သည်မှာ အောက်ပါဖြစ်သော ဈာန်အင်္ဂါတို့ကို မတပ်မက် စက်ဆုတ်အပြစ်မြင်ခြင်းနှင့် အားထုတ်ခြင်း ဟူသော အကြောင်း ၂ ပါးကြောင့် ဖြစ်ပေသည်။

ဤသို့ ကသိုဏ်း စသော ကမ္မဋ္ဌာန်းအာရုံ တခုခု စီးဖြန်း အားထုတ်၍ ပဉ္စမဈာန်အပ္ပနာဘာဝနာစိတ်၊ အပ္ပနာဇောဝီထိ ရောက်အောင် အားထုတ်နိုင်သူသည် ကာမဂုဏ်အာရုံ၌ ကျရောက် လွယ်သော တုန်လှုပ်လေ့ရှိသော ပေါ့ပါးလျင်မြန်၍ အခဝေးသို့ သုစ်ခနဲလှစ်ခနဲပြေးလေ့ရှိသော အလွန်နှိမ်နင်းနိုင်ခဲသော စိတ်ကို

ဆုံး၍ ထိန်းချုပ်ထားနိုင်မှု၌ အခါအားလျော်စွာ အောင်နိုင်သည် မည်ပေသည်။

ဤသည်ကား ရူပဈာန် ၅ ပါးကို ပွားများအားထုတ်နည်းအကြမ်းမျှ ဖြစ်သည်။ အကျယ်ကို ဆိုင်ရာ ကျမ်းများမှာ ရှုပါ။

## အရူပဈာန် ၄-ပါးပွားများပုံ

**ပထမအရူပဈာန်ပွားပုံ။** ။အရူပဈာန် ဆိုသည်မှာလည်း ကာမဣန္ဒြိယစသော နီဝရဏတရားတို့ကို လောင်မြိုက်ကျွမ်းကျသွားအောင် အာရုံတခုခုကို စူးစူးစိုက်စိုက် ရှုမှတ်ခြင်းကိုပင် ဆိုသည်။ ဤအရူပဈာန်သည် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထဟူ၍ အဆင့် ၄-ဆင့်ရှိလေသည်။

ဤအရူပဈာန်ကို ပွားများသူတို့သည် သာသနာပအခါက ရုပ်ကို (ကရဇကာယ)ဟု အပြစ်မြင်ကြသည်။ (ကရဇကာယ) ဆိုသည်ကား အမိအဖတို့၏ သုက်သွေးကြောင့်ဖြစ်သော ကိုယ်ဟု ယူဆကြသည်။ ဤကိုယ်ရှိသောကြောင့် တုတ်၊ ဓားစသော လက်နက်စွဲကိုင်လျက် သတ်ဖြတ်ရိုက်နှက်ကြသည်။ မျက်စိ နားစသည်တို့၌ ရောဂါများ ကျရောက်ရသည် စသည်ဖြင့် ရုပ်ကို အပြစ်မြင်သဖြင့် ရုပ်မဖြစ်စေရန် အရူပဈာန်ကို ပွားများကြသည်ဟု ဆိုသည်။

သာသနာတွင်းမှာကား· ဤသို့ အပြစ်မရှု။ အဘိညာဉ် သမာဓိ အားကောင်း၍ ထက်မြက်သော အလွန်အကြူးသိတတ်သော ဉာဏ်အကျိုးကိုမြော်၍သာ အားထုတ်သည်ဟုဆို၏။ သို့သော် ရူပပဉ္စမဈာန်၌ အာရုံပြုရသော ကသိုဏ်းရုပ်တို့ကို အာရုံ

ပြုနေရ၏။ ထိုပဉ္စမဈာန်သည် ရူပါဝစရ စတုတ္ထဈာန်၌ ပါရှိ စိတ်မငြိမ်မသက်သော သုခနှင့် နီးကပ်နေသဖြင့်လည်း စိတ်ငြိမ် သက်မှုကို မရဟုထင်၏။ အသက်အရူပဈာန်ကို ထောက်လျှင် ရုန့် ရင်းကြမ်းတမ်းသေးသည်ဟု အပြစ်မြင်လေသည်။ ဤသည်ကား သာသနာတွင်း အမြင်တည်း။

ဤသို့ ရူပပဥ္စမဈာန်ကို အပြစ်မြင်၍ ပဌမ အရူပဈာန်၌ စိတ်ငြိမ်သက်သည်ဟု အဆင်ရှိသော ပုဂ္ဂိုလ်သည် အာကာသ ကသိုဏ်းမှတပါးသော ကသိုဏ်း ၉-ပါးတွင် တပါးပါးကို ယူ လျက် အလိုရှိသလောက် အကျဉ်းအကျယ်ကိုမှန်း၍ စီးဖြန်းရာ ၏။ သို့စီးဖြန်းလျှင် ရူပပဥ္စမဈာန် ရပြီးဖြစ်၍ အလွန်ရှုမှတ် အားကောင်းရကား စိတ်၌ ပဋိဘာဂနိမိတ် ကသိုဏ်းဝန်းကြီး ထင်လာပေမည်။

ထိုအခါ ထင်နေသော ကသိုဏ်းဝန်းကို အာရုံမပြုတော့ဘဲ လွတ်လျက် ကသိုဏ်းဝန်းပျံ့နှံ့ရာကို "အနန္တော-အာကာသော" အစမထင် အပိုင်းအခြားမရှိသော ကောင်းကင်ဟု စိတ်ဖြင့် နှလုံးသွင်း ဆင်ခြင်၏။ ဤသို့ ကောင်းကင်ကိုစ၍ ဆင်ခြင်နေမှုကို "ပရိကံ"ဟုဆို၏။ ဤသို့ပရိကံပြုဖန်များလတ်သော် ကသိုဏ်းဝန်း ပျံ့နှံ့ရာအရပ် အားလုံး၌ ကောင်းကင် ဟင်းလင်းပေါက်ကြီး ဖြစ်၍ ထင်လာပေမည်။ ဤသို့ မူလဖြန့်အပ်သော ကသိုဏ်းဝန်း ကို နှလုံးမသွင်းဘဲ ခွာခြင်းကို "ကသိုဏ်းခွာသည်"ဟု ဆိုကြ သည်။

ဤသို့ ကသိုဏ်းခွာ၍ရအပ်သော(စိတ်အည်း၌ထင်လာသော) ကောင်းကင်ကို အာရုံပြုလျက် ပရိကမ္မဘာဝနာဖြင့် "အာကာ

သော အနန္တာ”ဟု ထပ်ခါထပ်ခါ နှလုံးသွင်းလတ်သော် ရူပ ပဋ္ဌမစျာန်အပေါ်၌ နှစ်သက်မှု နိကန္တိတဏှာကို ကင်းကွာလာ နိုင်ပေမည်။ ထိုသို့ ကင်းကွာအောင် စီးဖြန်းနိုင်သော အခါ ဥပစာရ ဘာဝနာအဆင့်သို့ ရောက်ရှိလေသည်။ ထို့နောက် ဆက်၍ ကောင်းကင်ပညတ်ကို အာရုံပြု၍ တိုးတက် အားထုတ် သောအခါ ပထမ အရူပဝိညာဏ်စိတ်ခေါ်သော အာကာသာ နဉ္စာယတနစျာန် အပ္ပနာဘာဝနာ ဖြစ်ပေါ်၍ စျာန်အင်္ဂါ ၂-ပါး နှင့် ပြည့်စုံသော ပထမအပ္ပနာဇော ဝီထိကျ၏။

ဝီထိကျပုံမှာ ဆက်၍ ကောင်းကင်ကို အာရုံပြုလျက် တိုးတက် အားထုတ်သောအခါ ကောင်းကင်ပညတ်အာရုံသည် မနောဒွါရ ခေါ် ဘဝင်စိတ်၌ ထင်လာသည်ရှိသော် ဘဝင်္ဂစလန၊ ဘဝင်္ဂု ပစ္ဆေဒဟူသော ဘဝင် ၂-ကြိမ်ဖြစ်၍ **ချုပ်**ပြီးလျှင် ထိုထင်လာ သော ကောင်းကင် ပညတ်ကို အာရုံပြု၍ ညာဏ သမ္ပယုတ် ဥပေက္ခာဇော ၂-ပါးတွင် တပါးပါးသော ဇောသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါ်တြဘူ၊ ဇော ၄-ကြိမ်စော၍ ချုပ်ပြီးလျှင် “အာကာသာနဉ္စာယတနစျာန်” ပထမ အပ္ပနာဇော ဝီထိသည် ဖြစ်ပေါ်လာလေသည်။ ထိုနောက် ထိုက်သင့်သလိုစော၍ ချုပ် ပြီးလျှင် ဘဝင်ကျသင့်သလောက်ကျ၍ ချုပ်သွား၏။

ဒုတိယအရူပစျာန်ပွားပုံ။ ။ဤသို့ ပထမအရူပစျာန်ကို ရရှိ ပြီးနောက် ဒုတိယ **အ**ရူပစျာန်ဖြစ်သော ‘ဝိညာဏဉ္စာ ယတန စျာန်”ကို အလိုရှိသော ပုဂ္ဂိုလ်သည် ရရှိပြီးသော “အာကာသာ နဉ္စာယတနစျာန်”ကို အထပ်ထပ်အခါခါ ဝင်စား၍ အနေ အထားကျသောအခါ အာကာသာနဉ္စာယတနစျာန်မှထ၍ ငါရ

ပြီးသော ဤအာကာသာနဉ္စာယတနစျာန်သည် ရူပပဉ္စမစျာန်နှင့် နီးလှ၏။ အကယ်၍ အဖန်ဖန်အထပ်ထပ် မလေ့လာဘဲ အနုတ်တမဲ့နေမိလျှင် ရူပပဉ္စမစျာန်သို့ လျှောကျမည်ကိုသိ၍ ဤစျာန်ကိုပင် ရန်သူကဲ့သို့ အပြစ်မြင်၏။ ဒုတိယ အရူပစျာန်လောက် စိတ်ငြိမ်သက်မှု ရမည်မဟုတ်ဟုလည်း အပြစ်ရှု၍ပြီးလျှင် ကောင်းကင်ပညတ်ကို အာရုံမပြုတော့ဘဲ လွန်မြောက်၍ ပထမ အရူပဝိညာဏ်စိတ်ကို အာရုံပြုကာ "အနန္တံ ဝိညာဏံ" အပိုင်းအခြားမရှိသောစိတ်ဟု အဖန်ဖန်အထပ်ထပ် ပွားများလတ်သော် ထိုအာရုံ၌ အာရုံစွဲ၍လာ၏။ ထိုအခါ ပထမအရူပဝိညာဏ်၌ နိကန္တိတဏှာ ကင်းကွာ၍ လာလေသည်။ ထို့နောက် ဥပစာရဘာဝနာသို့ရောက်၏။ ဤဥပစာရဘာဝနာကို ဆက်လက် အားထုတ်လျှင် ဒုတိယ အရူပဝိညာဏ်စိတ် ခေါ်သော ဝိညာနဉ္စာယတနစျာန် အပ္ပနာဘာဝနာဖြစ်ပေါ်၍ စျာန်အင်္ဂါ ၂ ပါးနှင့် ပြည့်စုံသော ဒုတိယ အပ္ပနာဇော ဝိထိကျ၏။

ဝိထိကျပုံမှာ ထိုပထမ အရူပစျာန် ဝိညာဏ်ဖြစ်သော အာကာသာနဉ္စာယတနစိတ်သည် မနောဒွါရ ဘဝင်စိတ်၌ ထင်လာသည်ရှိသော် ဘဝင် ၂-ကြိမ်လှုပ် ချုပ်ပြတ်ပြီးလျှင် ထိုထင်လာသော အာကာသာနဉ္စာယတနစိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း မဟာကုသိုလ် ညာဏသမ္ပယုတ် ဥပေက္ခာဇောသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘု ဟု ဇော ၄-ကြိမ်စော၍ ချုပ်ပြီးလျှင် "ဝိညာနဉ္စာယတန" ဇောသည် ဒုတိယ အပ္ပနာဇောဝိထိ အဖြစ်ဖြင့် သင့်သလိုစော၍ချုပ်ပြီး ဘဝင်သင့်သလိုကျ၏။

ဤ၌ ဒုတိယ အရူပဖြစ်သော ဝိညာနဉ္စာယတန စျာန်စိတ်သည် ပထမအရူပဖြစ်သော အာကာသာနဉ္စာယတနစျာန်ကို အာ

ရုံပြုရာ၌ အပိုင်းအခြားမရှိသော အနန္တကောင်းကင်နှင့် ထိုကောင်းကင်ကို အာရုံပြုသော ဝိညာဏ စိတ်ဟူ၍ ၂-မျိုးရှိရာ အနန္တကောင်းကင်ကို အာရုံမပြုဘဲ ထိုကောင်းကင်ကို အာရုံပြုသော ဝိညာဏ စိတ်ကိုမှ ဘာ့ကြောင့် အာရုံပြုရပါသနည်း ဟူသော အချက်တချက်နှင့်....

အထက်စျာန်သို့တက်သောအခါ အောက်စျာန်က ရရှိခဲ့သော တရား အရာတို့ကို အပြစ်ဟုမြင်၍ တပ်မက်ခြင်း၊ နိကန္တိ တဏှာ ကင်းပြတ်ရလေသည်။ ဤ၌ အောက်စျာန်က ရရှိခဲ့သော ကောင်း ကင်ကို အာရုံပြုသည့် ဝိညာဏ စိတ်ကို တဏှာကင်းပြတ်အောင် ဖြတ်ပြီး လျစ်လျူပြုရမည့်အစား လျစ်လျူမပြုဘဲ ဘာ့ကြောင့် ဆက်၍ အာရုံပြုရပါသနည်းဆိုသော အချက်တို့ဖြစ်သည်။

ဤအကြောင်း ၂-ချက်အနက် ၁-ချက်ဖြစ်သော အနန္တ ကောင်းကင်ကို အာရုံမပြုလေဘဲ ထိုကောင်းကင်ကို အာရုံပြု သော ဝိညာဏ စိတ်ကိုမှ ဘာ့ကြောင့် အာရုံပြုရပါသနည်း ဟူ သောအချက်ကို ရှင်းလင်းရပေမည်။

ဤအချက်ကို ဗုဒ္ဓအဘိဓမ္မာ သဘောတရားရှုဒေါင့်မှ စိစစ် ဝေဘန်ကြံပြုရသော် လူတိုင်းလက်ခံနေရသော စကားတရပ်မှာ အကြောင်းကြောင့် အကျိုးတရား ဖြစ်ပေါ်ရသည် ဟူသော စကားပင်ဖြစ်သည်။ ယင်းကို မြတ်ဗုဒ္ဓကဝေါဟာရ ပြုခဲ့သည်မှာ ဟေတု၊ အကြောင်းတရား။ ပစ္စယ၊ အကြောင်းတရား ဟူ၍ ဖြစ် သည်။

ဤ၌ ဟေတုအကြောင်းဖြစ်သော လောဘ, ဒေါသ စသော ဟိတ် ၆-ပါး အကြောင်းတရားတို့သည်စိတ် စေတသိက်တို့နှင့် ကံ ကြောင့်ဖြစ်သော ရုပ်ကို ဖြစ်စေလေသည်။

ပစ္စယ အကြောင်း ဖြစ်သော ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းတရား ၄-ပါးသည် ရုပ်တရားတို့ကို ဖြစ်စေလေသည်။

အချုပ်ကိုဆိုရလျှင် တလောကလုံး၌ အကြောင်းတရားသည် ပဋ္ဌာန်းနည်းအရဆိုလျှင် ၂၄-ပစ္စည်းသာ ရှိလေသည်။ ထို ၂၄ ပစ္စည်းသည်ဆိုင်ရာ အကျိုးတရားတို့ကို ဖြစ်စေလေသည်။

မည်သည့် အကြောင်းတရားပင် ဖြစ်စေ သဘာဝအားဖြင့် ဘိုက်ဆိုင်လာလျှင် အကြောင်းအား လျော်စွာ ဖြစ်ပေါ်ကြရသည်။ သို့ဖြစ်ပေါ်ပြီးနောက် တခဏဘာမျှသာ တည်ပြီး ချုပ်ဆုံး သွားရမြဲသာတည်း။ ဤအကြောင်းတရား တို့သည် ခဏိယဓမ္မ အရ ဖြစ်ပေါ်ပြီး ချုပ်ဆုံးရသည် မှန်သော်လည်း ထိုချုပ်ဆုံး လေသောအကြောင်းတရား၌ နောင်အခွင့် သင့်လျှင် ထိုအကြောင်းနှင့် ဆီလျော် လိုက်ဖက်သော အကျိုးတရားဖြစ် ပေါ်လာစေရန် စွမ်းရည်သတ္တိသည် ရှိလေသည်ချည်းဖြစ်သည်။

ဥပမာ သရက်ပင်မှ သရက်သီး သီး၏။ ထိုသရက်သီးသည် သရက်ပင်မှ ကြွေကျ ပြတ်ဆုံး ခဲ့သော်လည်း ထိုသရက်သီး၌ နောက်သရက်ပင် ပေါက်ရောက်ရန် သရက်စေ့၌ မျိုးစေ့ပါ လာသကဲ့သို့တည်း။

ဤဥပမာ၌ သရက်ပင်သည် အကြောင်း တရားနှင့် တူ၏၊ သရက်သီးအစေ့၌ပါသော မျိုးစေ့သည် ထိုအကြောင်း၏ သတ္တိနှင့် တူပေသည်။

မည်သို့ရှိစေ သဘာဝဓမ္မတို့ မည်သည် အကြောင်းအား လျော်စွာဖြစ်ပေါ် လာပြီးနောက် ချုပ်ပျောက် သွားသော

သဘောတရားသည် အဖြစ်မြဲလေသည်။ သို့ကြောင့် အကြောင်းတရားများဟူသည် ဆိုင်ရာ ဆီလျော်ရာ အကျိုးတရားဖြစ်မှုကုန်ဆုံးလေသောအခါ ထိုအကျိုးကို ဖြစ်စေသော အကြောင်းတရားသတ္တိသည်လည်း ကုန်ဆုံးလေတော့သည်။ သို့သော်စပ်နွယ်မှုအလျဉ်သည်ကား စပ်ဆက်လျက်ပင် ရှိသည်။

ပြယုဂ်မှာ။ ။အဝိဇ္ဇာ ပစ္စယ သင်္ခါရာ သင်္ခါရ ပစ္စယ ဝိညာဏံ စသည်တို့ ကဲ့သို့တည်း။

ဤပြယုဂ်၌ အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရအကျိုးတရား ဖြစ်ပေါ်လာ၏။ သို့သော် ဝိညာဏံ ဖြစ်ပေါ်ဘို့အကြောင်းရင်းက အဝိဇ္ဇာမဟုတ်ပေ။ တည့်တည့် အကြောင်းရင်းမှာသင်္ခါရပင်ဖြစ်သည်။ သို့သော် စပ်နွယ်မှုကား ရှိလေသည်။

ဥပမာ အဝိဇ္ဇာဟူသောအမိမှ သင်္ခါရသမီးကို မွေးဖွား၏။ ထိုသင်္ခါရသမီးမှ ဝိညာဏ ဟူသော သမီးကို မွေးဖွားပြန်ရာ ဤဝိညာဏသည် အဝိဇ္ဇာ၏သမီးရင်းမဟုတ်သော်လည်း ဆွေမျိုးတော်စပ်သောကြောင့် မြေးကား ဖြစ်ရရှာသကဲ့သို့တည်း။

ယခုဖော်ပြခဲ့သော အချက် ၂-ချက်အနက် ပထမအချက်ဖြစ်သော ပထမ ရူပဈာန်ကိုရှုရာ၌ အနန္တကောင်းကင်နှင့် ထိုအနန္တကောင်းကင်ကို ရှုမှတ်လေသော ဝိညာဏစိတ်ဟူ၍ ၂-မျိုးရှိရာ ကောင်းကင်ကို အာရုံမပြုဘဲ ဝိညာဏကိုမှ ဘာ့ကြောင့် အာရုံပြုရပါသနည်းဟူမူ အထက်ပါ ဥပမာ ပြယုဂ်များကြောင့် ဖြစ်သည်။

ဖြစ်ပုံမှာ— အနန္တရကောင်းကင်သည် အရူပအကြောင်းတရား အာရုံဖြစ်သည်။ ထိုအကြောင်း အာရုံကြောင့် ဖြစ်ပေါ်သော ဝိညာဏစိတ်သည် ရှုဘတ်သော အာရမ္မဏိက အကျိုးတရားဖြစ်သည်။ ထို၌ အနန္တကောင်းကင်ဟူသော အကြောင်းတရားသည် ရှုတတ်သည့် အာရမ္မဏိက အကျိုးတရားကို ဖြစ်ပေါ်စေပြီးလေသော အကြောင်းတရား၏ တာဝန် ကုန်လေပြီ။ သို့ဖြစ်လေ၍ အနန္တကောင်းကင်အကြောင်းတရားကို ရှုမှတ်ရန်မလို၊ အကြောင်းတရားအဖြစ် ဆက်ခံ ဆောင်ရွက်ရမည့် အာရမ္မဏိက ဖြစ်သော ဝိညာဏစိတ်ကိုသာ အကြောင်းတရားအဖြစ်ရှုမှတ်ရန် လိုသောကြောင့်တည်း။

ဒုတိယအချက်ဖြစ်သော အောက်စျာန်ကရရှိခဲ့သော ကောင်းကင်ကို အာရုံပြုသည့် ဝိညာဏစိတ်ကို တကျောက်င်းပြတ်အောင် ဖြတ်ပြီး လျစ်လျူပြုရမည့်အစား လျစ်လျူမပြုဘဲ ဘာ့ကြောင့် အာရုံပြုရပါသနည်းဟူသော အချက်ကို ရှင်းလင်းရန်ဖြစ်သည်။

အောက်စျာန်မှ အထက်စျာန်သို့ တက်သောအခါ ရှုမှတ်ပွားများဘို့ ဘာဝနာစိတ်၏အကြောင်းနိမိတ် အာရုံသည် မလွဲမသွေရှိရပေမည်။ ဒုတိယ အရူပစျာန်သို့ တက်လှမ်းသောအခါ ရူပပဉ္စမစျာန်ကိုလည်း အာရုံပြုရန် အကြောင်း မရှိလေသောကြောင့် ပထမ အရူပစျာန်က အာရုံပြုပြီးသော ဝိညာဏစိတ်ကို အပြစ်ဟုမြင်၍ တပ်မက်ခြင်း တကျောနိကန္တိ ကင်းပြတ်ရမည်မှန်သော်လည်း ထိုအပြစ်ဖြစ်သော တကျောကင်းပြတ်ရမည် ဖြစ်သော ဝိညာဏစိတ်ကိုမှ အာရုံမပြုလျှင် အခြားအာရုံပြုစရာအကြောင်းနိမိတ်အာရုံမရှိပေ။ ထို့ကြောင့် မချစ်သော်လည်း အောင့်ကာ

နမ်းရ ဆိုသကဲ့သို့ မိမိ၏ ရန်သူဖြစ်သော ဝိညာဏ စိတ်ကိုပင် အကြောင်းနိမိတ်အာရုံအဖြစ် အာရုံပြုရသည်ဟူ၏။

ဥပမာ။ ။မင်းခစား ယောကျ်ားများသည် ကန္တားသစ်ပင်ကဲ့သို့ ဘေးရန်နှင့် အလွန်နီးသည်ကို မင်းခစားတိုင်း သိကြသည်။ သို့သော် မင်းခစားမှတပါး အခြား သက်မွေးဝမ်းကျောင်း မရှိလေသော ကြောင့် ကြောက်ရွံ့လျက်ပင် မင်းခစား မှူးမတ် အဖြစ် ခစားဆောင်ရွက်ရသကဲ့သို့ ဖြစ်သည်။

**တတိယအရူပဈာန်ပွားပုံ။** ။တတိယ အရူပဈာန်ဖြစ်သော အာကိဉ္စညာယတန ဈာန်ကို အလိုရှိသောသူသည် ဝိညာဏဉ္စာယတနဈာန်ကို အသားတကျဖြစ်အောင် အကြိမ်ကြိမ် အထပ်ထပ် ဝင်စားအားထုတ်ရပေမည်။ ထိုသို့အားထုတ်ပြီး ဈာန်မှထသော အခါ ငါရပြီးသော ဝိညာဏဉ္စာယတန ဈာန်သည် အာကာသာနဉ္စာယတန၊ ပထမ အရူပဈာန်ဖြစ်သော ရန်သူနှင့် နီးကပ်လှ၏။ ငါယခုအားထုတ်မည့် တတိယဈာန်လောက် စိတ်ငြိမ်သက်မှု မရှိဟု အပြစ်ဟူ၍ ရှုပြီးလျှင် ပထမ အရူပဈာန်ဖြစ်သော အာကာသာနဉ္စာယတနဈာန်စိတ် ဟူသော အာရုံကို အာရုံမပြုတော့ပေ။ ပထမအရူပဝိညာဏ်စိတ်မှလွန်မြောက်၍ အခြားအာရုံတခုကို တိုးတက်ပြီး ပထမအရူပဈာန်စိတ်၏မရှိခြင်းဟူသော နတ္ထိဘာဝ ပညတ်အာရုံကိုရည်မှန်းလျက် “နတ္ထိကိဉ္စိ-နတ္ထိကိဉ္စိ” စိုးစဉ်းမျှ မရှိဟု စီးဖြန်းလေသည်။ ထိုသို့ စီးဖြန်းမှု ရင့်ကျက်လာသော် ထိုအာရုံ၌ စွဲမြဲ၍လာ၏။ ထိုအာရုံ၌ စွဲမြဲလေသောအခါ ဒုတိယ

အရူပ ဝိညာဏ်ကျွန်စိတ်၌ [illegible] ကင်းကွာ၍ လာ၏။ ထိုအခါ ဥပစာရဘာဝနာသို့ ဆိုက်ရောက်၏။ ထိုဘာဝနာကို ဆက်လက်၍အားထုတ်လျှင် တတိယ အရူပ ညာဏ်ပိတ်ခေါ်သော အာကိဉ္စညာယတနအပ္ပနာ ဘာဝနာ ဖြစ်ပေါ်လာ၍ တတိယ ဈာန်အင်္ဂါ ၃-ပါး ပြည့်စုံသော တတိယ အရူပ အပ္ပနာဇော ဝီထိ ကျ၏။

ဝီထိကျပုံမှာ ပဌမအရူပဝိညာဏ်ဖြစ်သော အာကာသာနဉ္စာယတနစိတ်မရှိခြင်းဟူသော နတ္ထိဘာဝပညတ်သည် မနောဒွါရ ခေါ် ဘဝင်စိတ်၌ ထင်လာသည်ရှိသော် ဘဝင်စလန၊ ဘဝုပစ္ဆေဒ ဘဝင် ၂ ကြိမ်လှုပ်၍ ပြတ်ချုပ်ပြီးလျှင် ထိုနတ္ထိဘာဝပညတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း မဟာကုသိုလ် ညာဏသမ္ပယုတ် ဥပေက္ခာဇောသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘုဟု ဇော ၄ ကြိမ်စော၍ အာကိဉ္စညာယတနဇောသည် တတိယအပ္ပနာဇောဝီထိအဖြစ်ဖြင့် သင့်သလိုစော၍ ချုပ်ပြီးလျှင် ဘဝင် ထိုက်သင့်သလိုကျ၏။

**စတုတ္ထအရူပဈာန်ပွားပုံ။** ။တတိယအရူပဈာန်ကို ပွားများပြီးနောက် နေဝသညာ နာသညာယတနဈာန်ဖြစ်သော စတုတ္ထဈာန်ကို အားထုတ်လိုသူသည် တတိယအရူပဈာန်ကို လေ့လာပြီး နေသားတကျ ရှိသည့်အခါ ဈာန်မှအထတွင် ငါရပြီးသော အာကိဉ္စညာယတနဈာန်သည် ဝိညာဏဉ္စာယတနဟူသောရန်သူနှင့် နီးကပ်လှ၏။ ငါအားထုတ်မည့် စတုတ္ထ အရူပဈာန်သော်လည်း စိတ်ငြိမ်သက်မှုမရှိ ဟူသော သညာထင်မှတ်မှုသည် အိုင်းအမာ ဆူးခြောင့်နှင့်တူ၏။ နေဝသညာ နာသညာယတန သမာပတ်

စျာန်ကား မွန်မြတ်လှ၏ဟု ယူဆလေသည်။ ထိုအခါ အာကိဉ္စညာယတနစျာန်ကို အပြစ်ဟုရှုမြင်လာ၏။ ထို့ကြောင့်နတ္ထိဘောပညတ်ဖြစ်သော ပထမအရူပစျာန်စိတ်၏မရှိခြင်းကို အာရုံမပြုတော့ဘဲ (လွန်မြောက်၍)အခြားအာရုံတခုကို တိုးတက်အာရုံပြု၍ တတိယအရူပစျာန်ကိုအာရုံပြုကာ 'သန္တမေတံ ပဏီတမေတံ' ဘာမျှ မရှိခြင်းကို အာရုံပြုချီးမွမ်းကာ အဖန်ဖန် စီးဖြန်းပွားများ လေသည်။ ထိုအာရုံ၌ အာရုံစွဲမြဲလေသောအခါ ဝိညာဏနဉ္စာယတနစျာန်၌ နိကန္တိတဏှာကင်းကွာ၍သာနေပေသည်။ ထိုအခါ ဥပစာရဘာဝနာသို့ ဆိုက်ရောက်လေ၏။

ထို ဥပစာရဘာဝနာကို ဆက်လက်၍ အားထုတ်လေသောအခါ စတုတ္ထ အရူပစျာန်ခေါ်သော နေဝသညာ နာသညာယတန အပ္ပနာဘာဝနာ ဖြစ်ပေါ်လာ၍ ဥပေက္ခာ ဧကဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့် ပြည့်စုံသော စတုတ္ထ အရူပ အပ္ပနာဇောဝီထိ ကျလေသည်။

ဝီထိကျပုံမှာ အာကိဉ္စညာယတနစျာန်စိတ်သည် မနောဒွါရခေါ် ဘဝင်စိတ်၌ ထင်လာသည်ရှိသော် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ ဘဝင် ၂-ကြိမ်လှုပ်၍ ပြတ်ချုပ်ပြီးလျှင် ထိုထင်လာသော အာကိဉ္စညာယတန စျာန်စိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း မဟာကုသိုလ် ညာဏသမ္ပယုတ် ဥပေက္ခာဇောသည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ ဟု ၄-ကြိမ်စော၍ နေဝသညာနာသညာယတနဇောသည် အပ္ပနာဇောဝီထိ အဖြစ်ဖြင့် သင့်သလိုစော၍ ချုပ်ပြီးလျှင် ဘဝင်ထိုက်သင့်သလို ကျလေ၏။

ဤသို့အားဖြင့် ရူပစျာန် ၅-ပါး၊ အရူပစျာန် ၄-ပါး၊ ပေါင်းစျာန် ၉-ပါး။ သို့မဟုတ် သမာပတ် ၉-ပါးကို ရရှိလေအောင်

စိတ်ကို ဆုံးမသိမ်းချုပ်၍ ဝိရိယာဓိပတိကို ဦးဆောင် ထားပြီး ဇွဲလုံ့လ ကောင်းကောင်းဖြင့် ပရိကမ္မဘာဝနာမှသည် ဥပစာရဘာဝနာ အပ္ပနာဘာဝနာတိုင်အောင် အဆင့်ဆင့် အားထုတ်ရပေသည်။

ထိုသို့ ဆောင်ရွက်နိုင်ခြင်းဖြင့် ကုသိုလ်တရားတို့ကို နှောက်ယှက် တားဆီးတတ်သော ကိလေသာဟူသော နီဝရဏ တရားတို့အား တွန်းလှန် ဖယ်ရှားနိုင်ပေသည်။ ဖယ်ရှားနိုင်သလောက်လည်း အေးငြိမ်းသော ဈာန်ချမ်းသာကို အသီးသီး ခံစားနေကြပေသည်။ ဤကဲ့သို့သော ဈာန်ချမ်းသာကို မဆိုထားဘိ ထိုဈာန်ချမ်းသာကို ဖြစ်ပေါ်စေသော အပ္ပနာ ဘာဝနာ၏ ရှေ့ပြေးအကြောင်း အစကနဦးဖြစ်သော ပရိကမ္မဘာဝနာကို အဘောင်အတန် အားထုတ်မိလျှင်ပင် မိမိ၏ခန္ဓာကိုယ် အတ္တဘောကို မရှုမမြင်တော့ဘဲ မိမိ ရှုမှတ်နေသော အရှုခံ အာရုံ နှင့် ရှုမှတ်တတ်သည့် စိတ်သာ ရှိတော့သည်ဟု ထင်လာ တတ်၏။ ထိုမှ ဆက်သက် အားထုတ်၍ ပရိကမ္မဘာဝနာ အရင့်စားလောက်မျှ ရောက်အောင် အားထုတ်နိုင်ခဲ့သော် မိမိခန္ဓာကိုယ်၌ ဖြစ်ပေါ်နေသော ဒုက္ခဝေဒနာတို့ကိုပင် ဒုက္ခဟုမထင်ပဲ မှတ်မှုအစဉ်ဟု တိမ့်စိမ့်ချမ်းသာသော သုခဝေဒနာဟု ထင်မှတ်လာနိုင်ခြင်း၊ မိမိဘဝင်ကျင်၌ ကြည်လင်သန့်ရှင်း အရောင်လင်းသော အဆင်းအရောင်တို့ကို မြင်တွေ့နိုင်ခြင်း၊ ဆက်၍ ပွားများနိုင်လျှင် မိမိခန္ဓာကိုယ်ကြီးကို ပေါ့ပါးသောအသွင်ဖြင့် လွင့်မြောက် သွားလေမည်လောဟု ထင်လာတတ်ခြင်း၊ ဆက်သက်အားထုတ်သော် ထိုထိုသောမြင်မှု၊ တွေ့မှုတွေပျောက်ပြီးငြိမ်အေးသော ချမ်းသာကို တွေ့လာတတ်ပေသည်။

ထိုအရင့်စား ပရိကမ္မဘာဝနာမှ လွန်မြောက်၍ ရှေ့သို့တိုး၍ တဆင့်တက်သော် ဥပစာရဘာဝနာနှင့် အပ္ပနာဘာဝနာတိုင် သောအခါ ဈာန်ချမ်းသာကို ခံစားကြရမည်ကား သံသယရှိ ရန်မလိုချေ။ ဤသို့အားဖြင့် ဆင့်ကဲပွားများ အားထုတ်နိုင်ခြင်း ဖြင့် ရူပဈာန် ၅-ပါး + အရူပဈာန် ၄-ပါး= ၉-ပါးသော ဈာန် ချမ်းသာကို ခံစားကြရပေမည်။ ထိုမျှသာမကသေး ထိုဈာန် ၉-ပါးကို ထပ်ခါထပ်ခါ တုံ့ကာပြန်ကာ ဆင့်ပွားအားထုတ် နိုင်ခဲ့သော် "ဆန်းကြယ်သော စိတ်၏တန်ခိုး" ဖြစ်ပေါ်နိုင်သည် ကို ဆက်လက် ဆွေးနွေးကြပါဦးစို့။

# စိတ်၏အဘိဉာဉ်တန်ခိုး

စိတ်၏အဘိဉာဉ်တန်ခိုး ဆိုသည်မှာ တန်ခိုးအမျိုးမျိုးကို ဖြစ်စေနိုင်သော ဉာဏ်ကိုဆိုသည်၊ ဤဉာဏ်ကို အဘိဉာဉ်ဟု ခေါ်၏။

ဤအဘိဉာဉ်ကို ရရှိဖို့ရာ ရူပဈာန် ၅-ပါးအနက်မှ ပဉ္စမဈာန်စိတ်၌ရှိသော ဉာဏ်ကို အခြေခံပြု၍ အဘိဉာဉ် အဆင့်သို့ တက်လှမ်းရပေမည်။ ဤအဘိဉာဉ် အဆင့်အတန်း တက်လှမ်းမည့် ရူပ,ပဉ္စမဈာန်စိတ်၌ရှိသော ဉာဏ်သည် သမာဓိအား အလွန်ကောင်းသည့်အတွက် သတ္တိထက်မြက်၍ အလွန်အကဲ သိတတ်သော ဉာဏ်ဖြစ်သည်။

သို့သော် ဤအခြေခံဖြစ်သော ရူပ,ပဉ္စမဈာန်၌ရှိသောဉာဏ်ကို ထက်မြက်စူးရှ အားကြီးအောင် မိမိယူသော ကသိုဏ်းအာရုံကို အကြိမ်ကြိမ်အထပ်ထပ် ပွားများအားထုတ်ပြီး ဈာန်ဝင်စားဖို့လိုသည်။

ဈာန်ဝင်စားဖို့မှာ ရှေးဦးစွာ မိမိစိတ်ကို အားမာန်သွင်းထားဖို့ လိုပေသည်။ သို့အားမာန်သွင်းပြီးနောက် မိမိစိတ်ကို နူးညံ့အောင် ပြုပြင်ရမည်။ ထို့နောက် ဆန္ဒရှိလျှင် ဘာ့ကြောင့်

မဖြစ်ဘဲ ရှိရအံ့နည်းဟု မိမိစိတ်ကို အားမာန် တင်းထားရပေမည်။ ထို့နောက် အဓိပတိ လေးပါးအနက်မှ စိတ္တာဓိပတိနှင့် ဝီရိယာဓိပတိတို့ကို အဖော်သဟဲပြုလျက် ကသိုဏ်း ၁၀-ပါးစလုံး၌ နေသားတကျဖြစ်အောင် ရအပ်ပြီး ဈာန် ၉-ပါးစလုံးဖြင့် တံ့ကာပြန်ကာ အခေါက်ခေါက် အခါခါ အနေကျအောင် ပွားများရပေမည်။

ဤသို့ စိတ်ကို ငြိမ်သက်အောင် ဆုံးမ၍ အဘိညာဉ်တခုခု ဖြစ်စေလိုသော် အဘိညာဉ်၏ အခြေခံဖြစ်သော ရူပပဉ္စမဈာန် အပ္ပနာဇော ဝီထိကျစေရပေမည်။ ဤဈာန်မှ ထပြီးနောက် အဘိညာဉ်၏ ဆိုင်ရာအာရုံတခုခုကို မှန်း၍ ပရိကံပြုကာ အဓိဋ္ဌာန်ဖြင့် စေလိုက်ရမည်။ ထိုသို့ အဓိဋ္ဌာန်ပြုလိုက်သောအခါ မိမိအလိုရှိသည်ကို ပရိကံပြု၍ အဓိဋ္ဌာန်ပြုလေသောကြောင့် ဤစိတ်ကို ပရိကမ္မဝီထိ၊ သို့မဟုတ် အဓိဋ္ဌာန်ဝီထိ၊ သို့မဟုတ် အဘိညာဉ်ဝီထိဟုလည်း ခေါ်ပေသည်။ ထိုအဓိဋ္ဌာန် အဘိညာဉ်ကျသည်နှင့် ရည်မှန်း၍ ပရိကံပြုသော အဘိညာဉ်သည် ဖြစ်ပေါ်လာပေမည်။ တန်ခိုးအမျိုးမျိုးကို ဖြစ်စေနိုင်သော အဘိညာဉ်သည် အောက်ပါအတိုင်း (၅)မျိုးရှိသည်။

## အဘိညာဉ် (၅)မျိုး

၁။ ဣဒ္ဓိဝိဓ အဘိညာဉ်
၂။ ဒိဗ္ဗသောတ အဘိညာဉ်
၃။ ပရစိတ္တဝိဇာနန အဘိညာဉ်
၄။ ပုဗ္ဗေနိဝါသ အဘိညာဉ်
၅။ ဒိဗ္ဗစက္ခု အဘိညာဉ်-တို့ ဖြစ်သည်။

# ဣဒ္ဓိဝိဓ အဘိညာဉ်

ဣဒ္ဓိဝိဓ အဘိညာဉ် ဆိုသည်ကား- အောင်မြင် ပြီးပြည့်စုံစေတတ်သော တန်ခိုးအမျိုးမျိုး ရှိသည်ကို ဆို၏။ ယင်းဣဒ္ဓိဝိဓ အဘိညာဉ်၌ တန်ခိုးအမျိုးမျိုး ဖြစ်စေနိုင်သော အောက်ပါ ဣဒ္ဓိ (၃)မျိုး ရှိပြန်သည်။

ဣဒ္ဓိ (၃)မျိုး

(က) အဓိဋ္ဌာနိဒ္ဓိ

(ခ) ဝိကုဗ္ဗနိဒ္ဓိ

(ဂ) မနောမယိဒ္ဓိ-တို့ ဖြစ်သည်။

(က) အဓိဋ္ဌာနိဒ္ဓိ (သို့မဟုတ်) အဓိဋ္ဌာန်ဣဒ္ဓိ ဆိုသည်မှာ— ပုံတူနိမ္မိတ ရုပ်ကို အရာ အထောင်မက မိမိအလိုရှိသမျှ ဖြစ်စေနိုင်၏။ ယင်းအဓိဋ္ဌာန်ဣဒ္ဓိသည် အခြား ဝိကုဗ္ဗ- မနောမယိဒ္ဓိတို့ထက် အရာကျယ်၏။ တန်ခိုး အမျိုးမျိုးတို့ကို ဖြစ်စေနိုင်သောကြောင့် အဘိညာဉ်တိုင်းတွင် သူပါရလေသည်။

(ခ) ဝိကုဗ္ဗနိဒ္ဓိ (သို့မဟုတ်) ဝိကုဗ္ဗနဣဒ္ဓိ ဆိုသည်ကား— မိမိကိုယ်၏အသွင်ကိုဖျောက်၍ သူငယ်အသွင် နဂါး- ဂဠုန် ကုမ္ဘာဏ်ယက္ခ ဂန္ဓဗ္ဗနှင့် နတ်၊ ဗြဟ္မာ၊ သကြား၊ ဆင်၊ ကျား၊ စသည်တို့၏ အသွင်သဏ္ဌာန်ကို ဖြစ်စေနိုင်သည့် ဣဒ္ဓိတန်ခိုး ဖြစ်၏။

(ဂ) မနောမယိဒ္ဓိ (သို့မဟုတ်) မနောမယဣဒ္ဓိဆိုသည်မှာ မိမိကိုယ်ကို မဖျောက်ပဲ မိမိကိုယ်တွင်းဘွင် တကိုယ်တည်း နှစ်ကိုယ်ဖြစ်စေနိုင်သည်ကို ဆို၏။

ဤ ဣဒ္ဓိဝိဓ စသော အဘိညာဉ် ၅-ပါး ဝင်စားနိုင်ဘို့ရာ အခြေခံ ရူပ ပဉ္စမဈာန် အပ္ပနာဇော မနောဒွါရဝီထိနှင့်အမိဋ္ဌာန် ဝိထိတို့၏ ဖြစ်ရလေသည်ချည်း ဖြစ်၏။

## ဒိဗ္ဗသောတ အဘိညာဉ်

ဒိဗ္ဗသောတအဘိညာဉ်ဆိုသည်ကား- နတ်ဗြဟ္မာတို့၌ဖြစ်သော နားကဲ့သို့ ဖြစ်သည် ဟူ၏။ နတ် ဗြဟ္မာ တို့သည် မိမိပြုခဲ့သော ကောင်းမှုကုသိုလ်ကံ အကျိုးဖြစ်သော သတ္တလောကသား ဖြစ်သည်။ ယင်းတို့မှာ သွေး၊ သည်းခြေ၊ လေ၊ သလိပ် တို့ကြောင့် ရောဂါ ဝေဒနာ ဖြစ်မှုမရှိ၊ ထို့ပြင် ထို နတ် ဗြဟ္မာ တို့မှာ လူ့ဘောင်ဘဝကဲ့သို့ ပစ္စုပ္ပန်ဥာဏ်ဝိရိယမလိုပဲ အတိတ်ကောင်းမှု လုပ်အားကံအလျောက် အကျိုးခံစားကြရသည်။ ထို့ကြောင့် ယင်း နတ်ဗြဟ္မာတို့သည် အသံတိုးတိုး သေးသေးကလေး ကိုပင် ကြားနိုင်သည် ဟူ၏။

အဝေးမှအသံကိုကြားရသည့်အကြောင်းမှာ အရုပ်တကာတို့၌ မကွမကွာပဲ ဘာသာတည်းဖြစ်နေသော အဝိနိဗ္ဘောဂဖြစ်သော ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ် မဟာဘုတ်(၄)ပါးနှင့် ထိုမဟာဘုတ်ကို မှီ၍ ဖြစ်သော ဝဏ္ဏ- အဆင်းဓာတ်၊ ဂန္ဓ-အနံ့ဓာတ်၊ရသ-အရသာ၊ချို- ချဉ်- ငန်- ခါး-

ပန်းစပ် စသော အရသာခေတ်၊ အစားအစာတို့၌ပါသော အင်္ဂါ အစေးဖြစ်သည့် ဩဇာခေတ်ဟူသည့် ဥပဒါရုပ် ၄-ပါး၊ ပေါင်း ရုပ်(၈)ပါးသည် အရင်တိုင်းတို့၌ ရုပ်ကလာပ် ပွိုင်းကလေးတွေ အဖြစ်နှင့် ရှိနေသည်ချည်း ဖြစ်သည်။

ထို ရုပ်ကလာပ် ပွိုင့်ခေတ် ကလေးတွေသည် နေရာတကာ တိုင်းတို့၌ရှိလေသောကြောင့် ဥတုကြောင့်ဖြစ်သော မိုးချုန်းသံ စသည်တို့နှင့် သတ္တဝါတို့ ပြောဆို ဟစ်ကြွေးသော စိတ်ကြောင့် ဖြစ်သည့် အသံတို့ဖြစ်ပေါ်လာပြီဆိုမှဖြင့် ထိုအသံတို့သည် ဆိုခဲ့ သော ရုပ်ကလာပ်ကလေးတွေကို အဆင့်ဆင့်တိုက်ခတ် ကူးဆက် လာ၍ နားဆီသို့ ရောက်သဖြင့် ထိုအသံကို ကြားရလေသည်။

ပြယုဂ်မှာ— ခေါင်းလောင်း ကြေးစည်တို့ကို ပုတ်တီးလိုက် သောအခါ၊ ပထမ (နှောင်) ဆိုသည့် အသံ ထွက်ပေါ်လာပြီး အသံရှိန် ပျောက်မသွားပဲ ခေါင်းလောင်း ကြေးစည် တို့၏ ရုပ်ကလာပ် အဆင့်ဆင့်သို့ ပျံ့နှံ့ ကာ ဝိ..ဝိ....ဝိ....နှင့် ဖြေးညှင်းတိုက်ခတ် မြည်ဟီးသံ ကြားရသကဲ့သို့ တည်း။

ယနေ့ည်းမှာ အသံလွှင့်ရုံမှ တေးသံရှင်တို့၏ လေးသီချင်း အသံကိုလွှင့်လိုက်သောအခါ အဆက်အသွယ်ကြိုးမဲ့ဖြစ်ပါလျက် အရပ်ကောကာမှာ ရှိသော ရေဒီယို ခေတ်ခွက်ဆီသို့ အသံလှိုင်း အဆင့်ဆင့်တို့သည် ဆိုခဲ့ပြီးသော ရုပ်ကလာပ် အဆင့်ဆင့်ကို ထိခိုက်ပျံ့နှံ့လာသောကြောင့် ခေတ်ခွက် ရေဒီယိုရှိရာမှ ကြားရ

ခြင်း ဖြစ်သည်ကဲ့သို့တည်း။ ဤဒိဗ္ဗသောတ အဘိညာဉ်ရဘို့မှာ ပထမ ဩဒါတကသိုဏ်းကို ပရိကံပြုလျက် အခြေခံ ဖြစ်သော ရူပပဉ္စမစျာန် အပ္ပနာမနောဒွါရ ဝီထိဖြစ်ပေါ်အောင် စျာန်ဝင်စားရမည်။ ထို့နောက် မိမိကြားလိုသော အသံကို ရည်မှန်း ပရိကံပြုလျက် မိမိစိတ်ကို အဓိဋ္ဌာန်ပြု၍ စေလိုက်ရပေမည်။ ဤအဓိဋ္ဌာန်အဘိညာဉ်ဝီထိ ဖြစ်ပြီးသည်နှင့်တပြိုင်နက် နတ်တို့၏ နားကဲ့သို့ မည်မျှသေးငယ်၍ တိုးတိုးမျှ ဖြစ်သော အသံကိုပင် ကြားရလေသည် ဟူ၏။

## ပရစိတ္တဝိဇာနန အဘိညာဉ်

ပရစိတ္တဝိဇာနန အဘိညာဉ်ဆိုသည်မှာ- သူတပါး၏ အကြံအစည်ကို သိနိုင်သော အဘိညာဏ်ပင် ဖြစ်သည်။

သူတပါး၏အကြံအစည်ကို သိလိုသူသည်- ရှေးဦးစွာ ဩဒါတကသိုဏ်းဝင်စား၍ အခြေခံ ရူပပဉ္စမစျာန် အပ္ပနာဇော မနောဒွါရ ဝီထိ ကျစေ၍ ထိုစျာန်ကို ဝင်စားပြီး မိမိ၏ စိတ်ကို သူတပါး၏ အကြံအစည်ကို သိစေသောဟု အဓိဋ္ဌာန်ပြုစေလိုက်ရပေမည်။ ထိုအဓိဋ္ဌာန်အဘိညာဉ်ဝီထိကျသောအခါ မိမိသိလိုသော သူ၏ စိတ်အကြံအစည်ကို သိနိုင်ပေသည်။

## ပုဗ္ဗေနိဝါသ အဘိညာဉ်

ပုဗ္ဗေနိဝါသအဘိညာဉ်ဆိုသည်မှာ- သူတပါး၏ ကိုယ်ခန္ဓာ၏ ဖြစ်ရပ်၊ မိမိကိုယ်ခန္ဓာ၏ ရှေး၌ ဖြစ်ခဲ့ဘူးသော ဖြစ်ရပ်တို့ကို

အာရုံပြုလိုက်လျှင် အလုံးစုံကို ပြန်ပြောင်း အောက်မေ့ သတိရ နိုင်သောဉာဏ်ကို ဆိုသည်။

ဤအဘိညာဉ် ရဘို့မှာ- ရှေးဦးစွာ အခြေခံဖြစ်သော ရူပ ပဉ္စမဈာန်အပ္ပနာဇော မနောဒွါရဝီထိ ကျလအောင် ဩဒါတ ကသိုဏ်းကို ပရိကံပြုရပေမည်။ ထို့နောက် မိမိ သိလို မြင်လို သော ဘဝခန္ဓာစသည်တို့ကို ပရိကံပြု၍ အဓိဋ္ဌာန်ဖြင့် စေလိုက်၍ အဓိဋ္ဌာန် အဘိညာဉ်ဖြစ်သောအခါ မိမိသိလိုသည့် ဘဝခန္ဓာ အဖြစ်ကို သိနိုင်ပေသည်။

## ဒိဗ္ဗစက္ခု အဘိညာဉ်

ဒိဗ္ဗစက္ခု အဘိညာဉ်ဆိုသည်ကား နတ်မျက်စိသည် အလွန် သေးငယ် မှုန်မွှားသော ပရမာဏုမြူကို မြင်နိုင်၏။ ထိုပရမာဏုမြူ ခါတ်၌ရှိသော အဆင်းကိုပင် မြင်နိုင်သော အသိဉာဏ်ကို ဆို၏။ ဤ အဆင်းကို ပကတိမျက်စိဖြင့် မမြင်နိုင်ပေ။ သို့သော်နတ် မျက်စိဆံသော မျက်စိဖြင့် မြင်သော အဆင်းကို အဆ တသန်း ခန့်ချဲ့၍ မြင်နိုင်သည် "အီလက်ထရွန်မိုင်ကရိုစကုပ်" မှန်ပြောင်း ဖြင့် မြင်နိုင်မကောင်းပေမည်။

ယင်း ဒိဗ္ဗစက္ခုအဘိညာဉ်သည်မှုန်မွှားသေးငယ်သော အဆင်း ချပ်ကို တောတောင်တွေ အထပ်ထပ်ကာရံ နေသော်လည်း ကွင်း ဖောက်၍ မြင်နိုင်သည်ဟု ဆိုလိုသည်။

ဤဒိဗ္ဗစက္ခုအဘိညာဉ်ကို ရလိုသူသည်ရှေးဦးပထမ၌ တေဇော ကသိုဏ်းကို ဝင်စား၍ အခြေခံ ဖြစ်သော ရူပ ပဉ္စမဈာန် အပ္ပနာ ဇောမနောဒွါရဝီထိ ကျစေ၍ ထို့နောက် မြင်လိုသည်

ကိုအာရုံပြု၍ အဝိဇ္ဇာနှင့်ပြုကာ စေလိုက်ရပေမည်။ ထိုအဝိဇ္ဇာနှင့် အဘိညာဉ်ရသည်နှင့် တပြိုင်နက် မိမိ မြင်လိုသည်ကို မြင်နိုင်ပေသည်ဟူ၏။

ဆိုခဲ့သော ဣဒ္ဓိဝိဓအဘိညာဉ် စသည်တို့၏ စိတ်တန်ခိုး ပြီးပြည့်စုံဘို့မှာ မလွယ်လှပါ၊ ကြိုးကဲစိုးရသော အလွန်ကြီးမားသည့် ဆန္ဒာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီရိယာ ဓိပတိတို့ လွန်ကဲပြည့်စုံရပေမည်။ ထို့ကြောင့် ဤအဘိညာဉ်ကို ဖြစ်စေသော စျာန်(၉)ပါးရဘို့ အလုပ်သည် မလွယ်ဟု ဆိုခဲ့ပါသည်။

သို့သော် ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ အဓိပတိတို့နှင့်ပြည့်စုံသော အမေရိကန်၊ ပြင်သစ်၊ ရုရှား ပညာရှိတို့သည် ဤသို့ စူးစူးစိုက်စိုက်ရှုမှတ်သော စျာန်မှ ပေါ်ထွက်လာသည့် သမာဓိဖြင့် ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတတို့၏ အသီးအပွင့် တို့ကို စားသုံးနေကြ ပေသည်။ (ထိုသူတို့၏ စိတ်တန်ခိုးဖြစ်ပုံကို နောက်ဆက်တွဲမှာ ကြည့်ပါ)

ဆိုခဲ့သော ဣဒ္ဓိဝိဓ အဘိညာဉ်တန်ခိုးသည် မြေရှိုး မိုးပျံ နိုင်၏။ အကယ်၍ ကောင်းကင်လေဟာပြင်ကို မြေထင်ပြီးသွားလာနေလိုသော် ပထဝီကသိုဏ်းဝင်စား၍ရင်း၊ ရေပြင်ကို မြေအသွင်ခြေတင် သွားလာနေထိုင်လိုလျှင် အာပေါကသိုဏ်း ဝင်စားလျက် အခြေခံရူပပဥ္စမစျာန်နှင့် အဝိဇ္ဇာန်အဘိညာဉ် ဝီထိတို့ကို ဝင်စားနိုင်လျှင် လိုအပ်သော တန်ခိုးအမျိုးမျိုးကို ပြီးပြည့်စုံနိုင်ပေသည်ဟူ၏။

ဤသည်တို့ကား လောကီသမထ ဘာဝနာနည်းနာဖြင့် စိတ်ကိုသုံးမ၍ ပုလေသောအခါ ကြီးမားသော သမာဓိအားရှိသည့် စိတ်၏ အဘိညာဉ်တန်ခိုးများကို ဖြစ်စေသော နည်းအကျဉ်းပေတည်း။ အကျယ်ကိုဆိုင်ရာကျမ်းတို့မှာ ရှုပါ။

# လောကုတ္တရာအပ္ပနာဝီထိ

လောကုတ္တရာ အပ္ပနာဝီထိ ဆိုသည်မှာ ရှုမှတ်စရာဖြစ်သော ရုပ်နာမ်တို့ကို အနိစ္စ-ဒုက္ခ-အနတ္တ လက္ခဏာရေး တပါးပါးဖြင့် သင်၍ ရှုမှတ်ရပေမည်။ ထိုသို့ ရှုမှတ်သော ဘာဝနာကို လောကုတ္တရာဘာဝနာ သို့မဟုတ် ဝိပဿနာဘာဝနာဟု ခေါ်သည်။

ယင်း ဝိပဿနာ ဘာဝနာဖြင့် မဂ်ဇော-ဖိုလ်ဇော ဇောနိုင်အောင် အားထုတ်သောအခါ အပ္ပနာ သမာဓိဖြင့် မဂ်စိတ်-ဖိုလ်စိတ်ဖြစ်ပေါ်လာစေသော သမာဓိအားကြီးသော မဂ်စိတ် ဖိုလ်စိတ် တို့ကို အပ္ပနာဇောမနောဒွါရ ဝီထိဟု ဆိုပါသည်။ ဤအပ္ပနာဝီထိကျဘို့မှာ ပထမ၌ ရုပ်နာမ် ပရမတ်သဘောတရားတို့ကို ဆိုက်ထိအောင်ဉာဏ်ဖြင့် သိရ၏။ ဒုတိယ၌ ထိုရုပ်နာမ်ပရမတ်တို့၏ ဖြစ်ပေါ်ပုံအစဉ်ကိုနှိုင်းခြား၍သိရမည်။ တတိယ၌ကား ထိုရုပ်နာမ်ပရမတ်တို့၏ ဖြစ်ပျက်နေသော လက္ခဏာအမှတ်အသားကိုကောင်းစွာမြင်ရမည်။ စတုတ္ထ၌ကား ထိုရုပ်နာမ်ပရမတ်တို့၏ ဖြစ်ပျက်အစဉ်ကို ဥဒယဗ္ဗယဉာဏ်ဖြင့် မြင်ဦးမည်။ ဤရုပ်နာမ်ပရမတ်တို့၏ ဖြစ်ပျက်အစဉ်ကို ထိုဥဒယဗ္ဗယဉာဏ်ဖြင့် ထင်ရှား

မြင်သော သူသည် လောကုတ္တရာ မဂ်ကိုမြင်၍ ရောက်ရမည်။ ထို့ကြောင့် ဝိပဿနာဉာဏ်ဖြင့် ဥဒယဗ္ဗယဉာဏ်ရသူကို လောကီမဂ်ရသူဟု ဆိုစမှတ် ပြုကြသည်။ ဤမျှသော ဉာဏ်များကို ပိုင်ပိုင်ရလျှင် ငှက်များ သေဟုန်းစီးပြီး ဝဲနေသကဲ့သို့ ရှုမှတ်ရသော ဉာဏ်များသည် လေအဟုန်စီးပြီး အသားပင် မစောင့်မှတ်နိုင်ပေတော့သည်။

ဤဥဒယဗ္ဗယဉာဏ် ရရှိသူသည် မိမိမြင်သော ရုပ်နာမ်ကို ရှုမှတ်လေသောအခါ ရွှေပန်းထိမ်ဖို - ပန်းပဲဖိုကို ဆွဲလိုက်လျှင် မီးဖွားကလေးတွေ တဖျစ်ဖျစ်နှင့် ဖြစ်ပေါ်လာပြီး တဖျတ်ဖျတ် ချုပ်ဆုံးသွားသည်ကို မြင်ရသကဲ့သို့တည်း။

တနည်း ရေပြင်ပေါ်သို့ မိုးရွာချသောအခါ ထိုရေပြင်ပေါ်၌ ရေပူဖေါင်းကလေးတွေ တခဏချင်းဖြစ်ပေါ်လာပြီး ချက်ချင်း ပျက်သွားသည်ကို မြင်ရသကဲ့သို့ ဉာဏ်မှာ ထင်လာတတ်ပေသည်။

ထိုဥဒယဗ္ဗယဉာဏ်အမှတ်မြဲ၍ ရင့်ကျက် လာသောအခါ ရုပ်နာမ်တို့၏ ဖြစ်ပေါ်မှုသည် ပျက်ရန် အကြောင်းနိမိတ်ဟု ထင်လာတတ်၏။ ထိုအခါ အဖြစ်ထက် အပျက်ကို အာရုံစိုက်သောကြောင့် အဖြစ်ကိုမမြင်ပဲ အပျက်ကိုသာမြင်သော ဘင်ဉာဏ်ဖြစ်ပေါ်လာပေမည်။ ထိုအခါ သင်္ခါရ အနိစ္စာဟူသည်နှင့်အညီ အရာခပ်သိမ်းတို့၌ အဖြစ်ကိုမမြင်ဘဲ အပျက်ချည်းမြင်နေပေမည်။

ပြယုဂ်မှာ—ထင်းရှူးသား၊ စာအုပ် စသည်တို့ကို ခြစားသောအခါ၊ တဖျစ်ဖျစ်နှင့် ပျက်နေသည်ကိုသာ မြင်သကဲ့သို့တည်း။

ထိုဘင်္ဂဉာဏ် ရင့်ကျက်လေသောအခါ ရုပ်နာမ်တို့၌ ကြောက်ရွံ့ဖွယ်ဟုမြင်သော ဘယဉာဏ်၊ အပြစ်ဟုမြင်သော အာဒီနဝဉာဏ်တို့သည် အလိုက်သင့် ပေါ်လာတတ်၏။ ထို့နောက် ရုပ်နာမ်တို့၌ တပ်ခြင်းကင်းကာ နိဗ္ဗိဒါဉာဏ်နှင့် အသားတူလိုက်၍ ဆင်,ကျားရဲတို့ရှိသော တောအုပ်ကိုကြောက်ရွံ့ပြီး ထိုတောမှ လွတ်မြောက်လိုသကဲ့သို့ ရုပ်နာမ်တို့၏ ဘေးဒုက္ခမှ လွတ်မြောက်လိုသော မုဉ္စိတုကမျတာဉာဏ် ဖြစ်ပေါ်လာပေမည်။

ထိုအခါ လွတ်မြောက်လိုသည်ဖြစ်၍ ဝိပဿနာဉာဏ်ဖြင့် ရုပ်နာမ်တို့၏ ဖြစ်ပျက်အစဉ်ကို ရှုမြင်သော ဥဒယဗ္ဗယဉာဏ် - ဘယဉာဏ်-အာဒီနဝဉာဏ်စသည်တို့ကို ပြန်လည်ရှုမှတ်သော ပဋိသင်္ခါဉာဏ်သည် ဖြစ်ပေါ်လာပေမည်၊ ထိုဉာဏ် ရင့်သန်လေသောအခါ ရုပ်နာမ်တို့ကို တပ်ခြင်းကင်းလျက် ချမ်းသာခြင်းဆင်းရဲခြင်းကို လျစ်လျူပြုသော အလယ်အလတ်ဉာဏ်ဖြစ်သည့် သင်္ခါရုပေက္ခာဉာဏ်သည် စတင်ဖြစ်ပေါ်လာပေမည်။

ထိုရုပ်နာမ် သင်္ခါရတို့ကို အနိစ္စ-ဒုက္ခ-အနတ္တ လက္ခဏာ တခုခုဖြင့် ရှုမှတ်လေသောအခါ အလွန်ရှုမှတ်၍ကောင်းလာကာ မဂ်ဉာဏ် စသည်တို့ကို ရတော့မည်ဟု ဉာဏ်၌ မြင်လာတတ်၏။ ထိုအခါ မိမိ ရှုမှတ်သောတရား၌ ယုံကြည်ခြင်း သဒ္ဓါ၊ ပို၍ လုံ့လပြုလာသော ဝီရိယ၊ စွဲစွဲမြဲမြဲ အောက်မေ့နိုင်သောသတိ မိမိရှုမှတ်သော အာရုံ၌ စိတ်ကိုတည်တံ့နေအောင် ထားနိုင်သော သမာဓိ၊ ဉာဏ်အမြင် ထက်သန်လာသော ပညာတို့သည် ကြည်လင်ကောင်းမွန်လာ၍ မဂ်ဉာဏ်ကိုရ, ရမည်ဟု အားတက်လာကာ အားစိုက်၍ရှုမှတ်ပေမည်။

ထိုအခါ သင်္ခါရုပေက္ခာဉာဏ်သည် ရင့်ကျက်လာပေမည်။

သို့နောက် ရုပ်နာမ်တို့ကို လက္ခဏာရေးတပါးပါးဖြင့် ရှုမှတ်လေသောအခါ မိမိရှုမှတ်သော အာရုံသည် မနောဒွါရဘဝင်စိတ်၌ ထင်လာသည်ရှိသော် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ ဘဝင် ၂ကြိမ် လှုပ်၍ ချုပ်ပြီးလျှင် ထင်လာသော လက္ခဏာရေးကို ဆင်ခြင်လျက် မနောဒွါရာဝဇ္ဇန်းသည် မဟာကုသိုလ်ဉာဏ သမ္ပယုတ်စိတ်(၄)ပါးမှ တပါးပါးသော ဇောစိတ်သည် ရုပ်နာမ်တို့၌ လက္ခဏာရေးသုံးပါးကို အာရုံပြုဆင်ခြင်ကာ ပရိကံ-ဥပစာ အနုလုံ(၃)ကြိမ်ကျ၏။ ထို့နောက် နိဗ္ဗာန်ကိုအာရုံပြုဆင်ခြင်လျက် ဂေါတြဘု တကြိမ်ကျပြီးလျှင် သောတာပတ္တိ မဂ်ဇောသည် နိဗ္ဗာန်ကို မျက်မှောက်ပြုမြင်ရ၍ တကြိမ်ဖြစ်ပြီး ချုပ်၏၊ ထိုမဂ်ဇော၏ အခြားမဲ့၌ သောတာပတ္တိ ဖိုလ်ဇောသည် နိဗ္ဗာန်ကို အာရုံပြုကာ ၂-ကြိမ်၊ ၃-ကြိမ်ဖြစ်၍ ချုပ်ပြီး ဘဝင်မြန်ကျလေ၏။

ဤ၌ အနုလုံဇောသည် လောကီသင်္ခါရတို့ကို အာရုံပြု၏။ ဂေါတြဘုဇောမှာကား သင်္ခါရကို အာရုံမပြုဘဲ လောကုတ္တရာ ဖြစ်သောနိဗ္ဗာန်ကို အာရုံပြုပေသည်။

ထို သောတာပတ္တိ မဂ်နည်းတူ အခြားသော မဂ်ဇောများလည်း ဤနည်းနှင်နှင်ကျပါသည်။

ဤသို့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ဖြင့် နိဗ္ဗာန်တိုင်အောင် မြင်တွေ့နိုင်ဘို့မှာ ဥဒယဗ္ဗယဉာဏ်မှသည် အနုလောမဉာဏ်ဖြင့် သင်္ခါရဖြစ်သော လောကီရုပ်နာမ်တို့ကို အာရုံပြု ရှုမှတ်ရ၏။ ထိုအနုလောမ ဉာဏ်မှ တဆင့်တက်သော် ဂေါတြဘု ဉာဏ်သည် လောကီကို အာရုံမပြုတော့ဘဲ နိဗ္ဗာန်လောကုတ္တရာကိုသာ အာရုံပြု၏။ ထို့ကြောင့် ယင်းဂေါတြဘုဉာဏ်ကို လောကီအနွယ်ကို ဖြတ်သောဉာဏ်ဟုဆိုကြသေး၏။

ဤသည်တို့ကား လောကုတ္တရာ အပ္ပနာဇော မနောဒွါရဝီထိ ကျသည်မည်၏။ ဤလောကုတ္တရာ အပ္ပနာဇော မနောဒွါရဝီထိ ကျပြီးသောသူသည် မိမိဉာဏ်၌ ထင်လာပုံတို့ကို တအံ့ဩ ဖြစ်ခါ ဆင်ခြင်တတ်၏။ ဆင်ခြင်ပုံမှာ အိပ်မက်မက်သောသူသည် မိမိအိပ်မက်ကို ပြန်လည် အောက်မေ့ သတိရ ထင်လာသကဲ့သို့ ဖြစ်၏။

ထင်လာတတ်ပုံမှာ ဒွါရ (၆)ပါးရှိသည့်အနက် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် တံခါး(၅)ပေါက်တို့ကို ပိတ်ထားလိုက်သကဲ့သို့ ထင်ရပြီး မနောဒွါရ တံခါးတခုသာ ပွင့်နေသည်ဟု ထင်လာတတ်၏၊ ထိုမနောဒွါရ၌ ကြိုးတန်းကိုဓားနှင့်ဖြတ်လိုက်သောအခါ ကြိုးတချောင်းစီ ဖြစ်သွားသကဲ့သို့ လောကီစိတ်နှင့် လောကုတ္တရာစိတ်သည် တခြားစီ ဖြစ်သွားပါတကားဟု ထင်လာတတ်၏။

ထိုနောက် ညဉ့်အခါ အိပ်ပျော်နေသော သူသည် နံနက်စောစော အိပ်ရာမှနိုးလေသောအခါ အလင်းရောင်ကို မြင်ရသကဲ့သို့ တောင့်တခြင်းကင်းသော တဏှာ၏ ကင်းပြတ်ရာ ရုပ်နာမ်တို့၏ ချုပ်ငြိမ်းရာ ကြည်လင်အေးမြ ချမ်းသာသော နိဗ္ဗာန်ကို မျက်မှောက်ပြု မြင်ရ၏။

ဥပမာ။ ဆောင်းအခါ လေအေးနှင့်ထိခိုက်မိ၍ ကျက်သီးထပြီး တကိုယ်လုံးပျံ့နှံ့ ချမ်းအေးသွားသကဲ့သို့တည်း။

ယခင်က မိမိကိုယ်ခန္ဓာကို ငါဘဲ ငါ့ဘာဘဲ ငါ၏အနှစ်သာရ အတ္တဟု စွဲလမ်းခဲ့သော အတ္တဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့သည် ကင်းပြတ်ချုပ်ငြိမ်းသွားလေပြီတကား ဟု ဝမ်းမြောက် ဝမ်းသာ အေးမြချမ်းသာကို ခံစားရတတ်လေသည်ဟူ၏။ ဤတွင် လောကုတ္တရာ အပ္ပနာဇော မနောဒွါရဝီထိ ကျပုံအကျဉ်းဖော်ပြချက် ပြီးပါပြီ။

# ရုပ်၏သဘော

ရုပ်ဆိုသည်ကား ပထဝီ အာပေါစသော ရုပ် ၂၈-ပါးကို ဆိုသည်။ ယင်း ရုပ်တို့သည် သာမန်အားဖြင့် ပြောင်း လဲ တတ်သည်။ သို့ ပြောင်းလဲတတ်သောကြောင့် ရုပ်မည်ပေသည်။ သို့သော် ထိုရုပ်တခုစီ ပိုင်သသော သဘောမှာကား ဘယ်အခါမှ မပြောင်းလဲချေ။

ပထဝီရုပ်ဓာတ်၏ ပိုင်သသော သဘောသည် ခက်မာမှု၊ နူးညံ့မှုသဘော ဖြစ်သည်။ ထိုသဘောမှ ဖွဲ့စေးမှု ယိုစီးမှုအာပေါ။ ပူမှု အေးမှု တေဇော။ တွန်းကန်မှု လှုပ်ရှားစေမှု ဝါယော သဘော အသီးသီးတို့မှ အခြား သဘောအသီးသီးသို့ မပြောင်း ဟုဆိုလိုသည်။

ယင်း ရုပ်ဆိုသော အမည်သည် ပြောင်းလဲတတ်သည်ကို ဆိုသည်။ သို့ဆိုရာ၌ စက်ရှင်ကဲ့သို့ အကြောင်းမဲ့ ပြောင်းလဲသည် မဟုတ်၊ အပူ အအေး စသော ဆန့်ကျင်ဘက် အကြောင်းတို့ကြောင့်သာ ဖောက်ပြန် ပြောင်းလဲခြင်း ဖြစ်သည်။

ပြောင်းလဲပုံမှာ ရှေးရုပ်အစဉ်မှ ထူးခြားလျက် နောက်ရုပ်အစဉ်တမျိုးတပုံ ဖြစ်ပေါ်လာသည်ကို ဆိုသည်။ ယင်းရုပ်သည် စိတ်ထက်အသက်ရှည်သည်။ မည်မျှရှည်သနည်း၊ ရုပ်သက်တချက်သည် စိတ္တက္ခဏ ၁၇-ချက် ခဏငယ်အားဖြင့် ၅၁-ချက် အသက်ရှည်သည်။ ထိုရုပ်နှင့် စိတ်တို့သည် ဖြစ်အတူပျက်အတူ ဖြစ်လေသောကြောင့် ရုပ်သည် စိတ်ထက် စိတ္တက္ခဏ (၁၆ ခု) ခဏငယ်အားဖြင့် ၄၉-ချက်ပိုပြီး အသက်ရှည်၍ — ဌီ-၌ တည်နေသည်။

(ဤသည်တို့ကား သဗ္ဗညုတ ဘုရားအရာတည်း။)

ယင်း ရုပ်သည် — ဌီ-အခိုက်၌ ရှိစဉ်မှာပင် ဆန့်ကျင်ဘက်အကြောင်းတို့နှင့် တွေ့ဆုံတတ်၏။ ဥပမာ အပူဥတုကြောင့် အပူရုပ်အစဉ်ဖြစ်နေစဉ် အအေးဥတု ပေါ်လာပြန်သောအခါ ထိုအအေးဥတုနှင့် အပူရုပ်တို့သည် — ဌီ-အခိုက်မှာ ပထမအကြိမ်တွေ့ဆုံကြလျက် ဆန့်ကျင်တိုက်ခိုက်ကြသည်။ သို့သော် ပုထုဇဉ်တို့၏စိတ်၌ မထင်ရှားသေးပေ။ ဒုတိယ တတိယစသည်ဖြင့် ကြိမ်ဖန်များစွာ တွေ့ဆုံပြီး တိုက်ခိုက်ဆန့်ကျင်မှု များလတ်သော် ရှေးအပူရုပ်အစဉ်သည် — ဌီ-အခိုက်မှ သဘာဝအတိုင်း တရွေ့ရွေ့ပြောင်းလဲသွားရလေသည်။ ထိုအခါ အပူရုပ်၏နေရာတွင် အအေးရုပ် အစဉ်ဖြစ်ပေါ်၍လာပေသည်။ သို့ပြောင်းလဲလာသည်ကို လူသာမန်များပင် သိနိုင်ပေသည်။ ဤသို့ အပူရုပ်အစဉ် ပျောက်၍ အအေးရုပ်အစဉ် ပေါ်ပေါက်လာခိုက်ကို တူညီပြောင်းမှု ရှိသည်ဟု ဆိုကြသည်။

ဥပမာ၌ (က)။ အပူဓာတုကြောင့် ဖြစ်သော အပူရုပ် အစဉ်သည် (သီးဆစ်) မူလတရား ဖြစ်သည်။

(ခ)။ ယင်းအပူရုပ်အစဉ်နှင့် ဆန့်ကျင်တိုက် ခိုက်သော အအေးဓာတုသည် (အင် တီသီးဆစ်)ဆန့်ကျင်တိုက် ခိုက်သော ပဋိပက္ခတရား ဖြစ်သည်။

(ဂ)။ အပူရုပ်အစဉ်ပျောက်၍ အအေးရုပ် အစဉ်ဖြစ်ပေါ်ခိုက်သည် (အင်းသီး ဆစ်) ပြောင်းလဲသွားသည် ဟု ဆိုပါသည်။

ရုပ်ဟူသည် ဖောက်ပြန်ပြောင်းလဲတတ်သော သဘောရှိသည် ကား မှန်ပါသည်။ သို့သော် ပြောင်းလဲတိုင်း ထိုးတက်သည်ဟု တရားသေယူဆပါက အမှန်သို့ မရောက်နိုင်ပေ။ မည်သည့်တရား မျိုးမဆို အကြောင်းအားလျော်စွာ ပြောင်းလဲနေကြသည်ချည်း ဖြစ်သည်။ သို့ပြောင်းလဲရာ၌ တိုးတက်ခြင်းရှိသလို ဆုတ်ယုတ် ခြင်းလည်း ရှိသည်ဟု ယူဆပါမှ ယထာဘူတ ကျပေမည်။

ဤ၌ ပြောင်းလဲတိုင်း မတိုးတက်သည်ကို ပမာဆောင်ရလျှင် ဒေဝဒတ်ပင်ဖြစ်သည်။ ဉာဏ်ကြီးရှင် ဒေဝဒတ်သည် အကောင်း ဆုံးသောနည်းများကို တီထွင်၍ ပြောင်းလဲကျင့်သုံးဘို့ အချက် ငါးချက် မြတ်စွာဘုရားထံ တင်ပြတောင်းဆိုသည်။

## အချက်ငါးချက်

၁။ ရဟန်းများသည် မြို့ကျောင်း၌မနေစေပဲ အသက်ထက်ဆုံး တောကျောင်း၌ နေပါစေ။

၂။ ပင့်ဖိတ်လှူဒါန်းသောဆွမ်းကို မခံယူစေပဲ အသက်ထက်ဆုံး ခံဆွမ်းကိုသာ သုံးဆောင်ပါစေ၊

၃။ ဒကာ၊ ဒကာမတို့ လှူဒါန်းသည့် သင်္ကန်း ကို လက်မခံပဲ အသက်ထက်ဆုံး ပံ့သုကူ သင်္ကန်းကို ဆောင်ပါစေ။

၄။ အမိုးရှိသောကျောင်း၌ မနေစေပဲ အသက်ထက်ဆုံး သစ်ပင်ရင်းတို့၌ နေပါစေ။

၅။ ငါးအမဲကို မစားစေပဲ အသက်ထက်ဆုံး သက်သတ်လွတ် စားပါစေ ဟူသည်တို့တည်း။

ဤခြုဥာဏ်ကြီးရှင် ဒေဝဒတ်သည် အကောင်းဆုံးသောပြောင်းလဲခြင်းမျိုးကို ဖန်တီး တီထွင်သည့် အကြံ မသေး သေးသည်းအခါမပေးလေတော့ အရှုံးနိမ့်ဖြစ်ရသည့် သာဓကပင် ဖြစ်သည်။ (ဗကပ တို့၏ ပြင လမ်းစဉ် စစ်နိုင်ခရေးလမ်းစဉ် အာဏာသိမ်းရေးလမ်းစဉ် တို့သည်လည်း ဒေဝဒတ် သို့ပင်။)

ပြောင်းလဲတိုးတက်သွားသည့်ဥပမာပြရလျှင် အင်္ဂလိမာလနှင့် တမ္ဗဒါဌိုပ လူသတ်သမားကြီးတို့ ဖြစ်ကြသည်။ ယင်းတို့သည် တသက်လုံးလိုလို လူအများကို သတ်ခဲ့ကြသည့် မှန်သော်လည်း

အချိန်အခါကလည်းပေး၊ နည်းမှန်လမ်းမှန်ပေးသည့်ဆရာကောင်းနှင့်တွေ့သောအခါ တမုဟုတ်ချင်း ကျွတ်တန်း ဝင်သွားကြရလေသည်။

ရုပ်တရားမည်သည် ပြောင်းလဲတတ်သောသဘော ရှိသည်ဟုဆိုလျှင် စိတ် စေတသိက် နာမ်တရားတို့သည်လည်း ကုသိုလ်စိတ်အစဉ်မှသည် အကုသိုလ်စိတ်အစဉ်သို့ ပြောင်းလဲနေပေသည်။ သို့ဖြင့် ဤနာမ်တရားများလည်း ပြောင်းလဲ တတ်သောကြောင့် ရုပ်တရား မမည်ပေဘူးလား—မမည်ပေ၊ အကြောင်းကား.... ရုပ္ပန ဟူသော ဖောက်ပြန် ပြောင်းလဲခြင်း မျိုး သည် အများမျက်မြင် ပြောင်းလဲ ခြင်းမျိုး၊ အထူးသဖြင့် ထင်ရှားသောပြောင်းလဲခြင်းမျိုးကိုသာ ရုပ္ပန ရုပ်ဟူ၍ ခေါ်ဆိုခြင်းဖြစ်သည်။ နာမ်တရား ပြောင်းလဲခြင်း မျိုးကား မသင်ရှားသောကြောင့် ရုပ်မမည်ဟု ဆိုပါသည်။

ဆိုခဲ့ပါ ရုပ်တရားတို့ကို ဝေဘန် ရှုကြည့်သော် အောက်ပါ သဘောတရားတို့ ပါရှိကြသည်ကို တွေ့ကြရမည်။

ယင်းတို့မှာ ၁။ ရုပ်နာမ်တို့ကို ဖြစ်စေနိုင်သော သဘောဒေါသ စသော မူလဘူတအကြောင်းရင်း ဖြစ်သည့် (ဟိတ်) တရား ၆-မျိုးသည် ရုပ်တရားမှန်သမျှတို့၌ မရှိပေ။

၂။ သို့ရာတွင် ရုပ်တရားမှန်သမျှတို့သည် မူလဘူတ အကြောင်းရင်း ဖြစ်သော ဟေတုပစ္စည်းအရ၊ ကံ- စိတ်- ဥတု- အာဟာရ

ဟူသော (ပစ္စယ) အကြောင်း တရား လေးပါးကြောင့်ချည်း ဖြစ်ရသည်။

၃။ ထို့ပြင် ရုပ်တရားမှန်သမျှသည် ကမ္မ၊ ဥတု၊ စိတ်၊ အာဟာရ တရားတို့၏ ဖွဲ့သမ်းကပ်ငြိစရာ အာရုံချည်း ဖြစ်သည်။

၄။ ရုပ်တရား မှန်သမျှသည် အကြောင်း မျိုးစုံတို့၏ ပြုပြင်မှုကြောင့် ဖြစ်ပျက်တတ်သော သဘောရှိသည်၊

၅။ ရုပ်တရား မှန်သမျှသည် လောကီ သက်သက်ချည်း ဖြစ်သည်။

၆။ ရုပ်တရား မှန်သမျှသည် ကာမနယ်တွင်း ပါဝင်သော တရားများသာ ဖြစ်သည်။

၇။ ရုပ်တရားမှန်သမျှသည် သိစရာ အာရုံကို သိရှိးထံးစံ မရှိပေ။

၈။ ရုပ်တရားမှန်သမျှသည် အကုသိုလ်စိတ် စေတသိက် တရားများကဲ့သို့ ပယ်ရှားအပ်သည့်တရားများ မဟုတ်ကြချေ ဟူ၍ပင် ဖြစ်ပါသည်။

ဤသည်တို့ကား ရုပ်သဘောကို အကျဉ်းဖော်ပြချက် ဖြစ်ပေသည်။

# ရုပ်-သရုပ်အပြား

ရုပ်သရုပ်အပြား ဆိုသည်မှာ မိမိသဘောကို ဆောင်သော ဓာတ်သဘောရှိသော ရုပ် ၁၈-ပါးနှင့် အမူအရာ လက္ခဏာ ရှိသော ရုပ် ၁၀ ပါး၊ တရားစု ၂၈-ပါး အရေအတွက် ရှိသော အပေါင်းအစုကို ရုပ်၏သရုပ်အပြား (သို့မဟုတ်) ရုပ်၏ အရေအတွက်ဟု ခေါ်ပေသည်။

ဤတွင် ရုပ်ဆိုသည်မှာ စိတ် စေတသိက်တို့ကဲ့သို့ သဘော သက်သက်မျှသာ ရှိသည်မဟုတ်၊ ရုပ်ဓာတ်တို့ ပေါင်းစည်းမိသည့် အခါ ဒြပ်-အသွင်-သဏ္ဌာန် ကိုယ်ဟန်ပုံပန်းကို ထင်ရှားစေသည့် သဘောရှိသည်။ (ဥပမာ) သဲပွင့်ကလေးတွေ စုပေါင်းမိသည့် အခါ သောင်ပြင်ကြီး ဖြစ်လာသကဲ့သို့ ဖြစ်၏။ ထိုရုပ်သည် သာမန်အားဖြင့် ဖောက်ပြန်တတ်၏။

တနည်း၊ ရုပ်ဆိုသည်မှာ စိတ်စေတသိက်တို့၏ မှေ့လျော်ရာ ပန်းဥယျာဉ်နှင့်တူ၏။

တနည်း၊ ရုပ်ဆိုသည်ကား စိတ်စေတသိက်တို့၏ ခဲ့ကိုင်မှီတွယ်ရာ ကြိုးတန်း လက်ရမ်းတို့နှင့် တူ၏။

တနည်း ရုပ်ဆိုသည်မှာ စိတ် စေတသိက်တို့၏ သဘော လက္ခဏာကို အဆင်းအားဖြင့် ထင်ရှားပြတတ်သော သဘောရှိ၏။

ဥပမာ၊ အပူအအေးကိုပြသော (သာမိုမီတာ)ပြဒါးတိုင် ကဲ့သို့တည်း။

တနည်း ရုပ်ဆိုသည်ကား စိတ် စေတသိက်တို့၏ ကြံစည်စရာ သိစရာ သဘောလည်း ဖြစ်သည်ဟူ၏။

ရုပ်သည် ဖောက်ပြန်တတ်သည်ဟုဆိုရာ ဘာ့ကြောင့် ဖောက်ပြန်ရသနည်း။ အပူ အအေးစသော အကြောင်းများကြောင့် ဖောက်ပြန်တတ်သည်ဟူ၏။ ဖောက်ပြန်သည် ဆိုသည်မှာ ရှေ့ရုပ်အစဉ်နှင့် နောက်ရုပ်အစဉ်တို့သည် မတူကွဲပြား ပြောင်းလဲသွားသည်ကိုဆို၏။

ရုပ်သည် သာမာန်အားဖြင့် ဖောက်ပြန် ပြောင်းလဲသည်ဟု ဆိုသော်လည်း ထိုရုပ်အဖွဲ့အစုတွင်ပါသော မိမိသဘောကိုသာ ဆောင်သည့် ဓာတ်အစုတခုစီနှင့် အမှုအရာ တခုစီတို့မှာကား မိမိသဘော မိမိအမှုအရာတို့မှ ဘယ်အခါမှ မပြောင်းလဲပေ။

ဆိုလိုသည်မှာ ပထဝီဓာတ်၌ မာခြင်းလက္ခဏာနှင့် တည်ရာကိစ္စကိုဆောင်သော သဘောရှိသည်။ ထိုသဘောမှ ဘယ်အခါမျှ မပြောင်းလဲချေ။ ဥပမာ ချိပ်ခဲဖြစ်နေစဉ်၌ မာခြင်းလက္ခဏာနှင့် တည်ရာကိစ္စ အလုပ်ကိုဆောင်၏။ တဖန် ချိပ်ခဲသည် မီးနှင့် တွေ့သောအခါ အရည်ပြောင်းလဲ သွားသော်လည်း ထိုချိပ်ရည်အစဉ်၌ရှိသော ပထဝီဓာတ်သည် အခြားရုပ်တို့သက် မာခြင်းလက္ခဏာနှင့် တည်ရာကိစ္စကိုပင် ဆောင်မြဲဆောင်၏။ သို့သော်

ဤချုပ်ရည်အစဉ်၌ရှိသော ပထဝီဓာတ်ကို နှုးညံ့သော ပထဝီဟု ခေါ်၏။ ထို့ကြောင့် ချုပ်ခဲ၏မာခြင်း၊ ပျော့ခြင်းသည် ပထဝီ ဘောင်အတွင်းမှာ သာမန်အားဖြင့် ပြောင်းလဲ သော်လည်း သူ၏ သဘောလက္ခဏာနှင့် တည်ရာကိစ္စမှ မပြောင်းလဲဟု ဆိုလို သည်။

တနည်း ပထဝီဓာတ်၌ရှိသော မာခြင်း၊ ပျော့ခြင်းလက္ခဏာ နှင့် တည်ရာကိစ္စသည် အာပေါဓာတ်ဖြစ်သော ဖွဲ့စေးခြင်း၊ယိုစီး ခြင်းလက္ခဏာနှင့် ကြီးပွားစေခြင်း ကိစ္စကိုရင်း၊ တေဇောဓာတ် သဘောဖြစ်သော ပူလောင်ခြင်း၊ အေးမြိုက်ခြင်း လက္ခဏာနှင့် ရင့်ကျက်စေခြင်းကိစ္စကိုရင်း၊ ဝါယောဓာတ် သဘောဖြစ်သော ထောက်ကန်ခြင်း၊ လှုပ်ရှားခြင်းလက္ခဏာနှင့် မကျစေဘဲ ဆောင် ခြင်းကိစ္စကိုရင်း၊ မည်သည့်အခါမှမပြောင်း၊ ထို့အတူ အခြား ချုပ်ဓာတ် သဘောတို့သည်လည်း မိမိတို့ ကိုယ်စီပိုင်သသော သဘောမှအခြားဓာတ်သဘောသို့ တသံချည်မျှမပြောင်းဟုဆိုလို သည်။

မှတ်ချက်။ အပူဥတုတေဇောသည် အရာရာကို လောင်ကျွမ်း ရင့်ကျက်ကြေမွ ပျက်စီးစေသကဲ့သို့ အအေးသီတ တေဇောသည်လည်း အရာရာကို လောင်မြိုက် ဆွေးမြေ့ကြေမွပျက်စီးစေသည်။

ပြယုဂ်။ ။ရေအိုးအောက်၌ရှိသော ကရွတ်ခွေသည် သီတ တေဇောလောင်မြိုက်မှုကြောင့် ဆွေးမြေ့ပျက်စီး သကဲ့သို့တည်း။

ပြောင်းလဲပုံမှာ မူလ ခက်မာခြင်းရှိသော ပထဝီ လက္ခဏာ သည် ပဋိပက္ခဖြစ်သော ပူလောင်ခြင်းလက္ခဏာရှိသော တေဇော နှင့်ဆန့်ကျင်တိုက်ခိုက်လာသောအခါ ပြောင်းလဲ ဖြစ်ပေါ်ခြင်း ဟူသော ပျော့ခြင်းလက္ခဏာရှိသော ပထဝီအသွင် အရည်အစဉ် သို့ပြောင်းလဲရသည်ဟူ၏။

ထို့အတူ အမူအရာ အထူးသူးကိုထောက်၍ မှတ်အပ်သော သူတပါးကို သိစေ၍ မိမိလည်းသိစေသည့် ကိုယ်အမူအရာ၊ နှုတ် အမူအရာရှိသော ကာယဝိညတ် ဝစီဝိညတ် ရုပ်သည် ပေါ့စေ သောအမူအရာရှိသည့် လဟုတာရုပ်သို့၎င်း နူးညံ့စေသော အမူ အရာရှိသည့် မုဒုတာရုပ်သို့၎င်း စသည်ဖြင့် မပြောင်းလဲဘဲ ကိုယ့် အမူအရာသဘောကိုသာ ကိုယ်ဆောင်ကြသည်ဟူ၏။

ဆိုခဲ့သောရုပ် ၂၈-ပါးတို့သည် တူရာအစု အဖွဲ့အားဖြင့် ဖွဲ့နေပေသည်။ သို့ဖွဲ့ရာတွင် အစုကြီးအားဖြင့် ၂-မျိုး၊ ၎င်း၌အစု ငယ်အားဖြင့် ၄-မျိုး၊ အဖွဲ့အားဖြင့် ဆိုလျှင် ၁၁-မျိုးဖွဲ့စည်း လျက်ရှိကြသည်။

ဤ၌ အစုကြီး (၂)မျိုးဆိုသည်မှာ (က) မှီရာနှင့်စပ်သော အစုကြီးတမျိုးနှင့် (ခ) ဖြစ်ကြောင်းနှင့်စပ်သောအစုကြီးတမျိုး ကိုဆိုသည်။ ထိုအစုကြီး ၂-မျိုး၌ အစုငယ် ၂-မျိုးစီ ရှိပြန်သည်။ ယင်းတို့မှာ-

(က) မှီရာနှင့်စပ်သောအစု

၁။ မဟာဘူတအစုငယ်၌ရုပ် ၄-ပါး
၂။ ဥပါဒါယ ၂၄-ပါး

ရုပ်ပေါင်း ၂၈-ပါး ဖြစ်သည်။

(ကက) မဟာဘူတ ဆိုသည်မှာ ကြီးကျယ်ထင်ရှားဖြစ်ပေါ်စေတတ်သော သဘောရှိသည်။ ထို့ကြောင့် မဟာဘူတ သို့မဟုတ် မဟာဘုတ် မည်၏။ ထိုမဟာဘုတ် ၄ ပါးသည် အခြားသော ရုပ်တို့ထက်ကြီးကျယ်ထင်ရှားသည်ဟုဆို၏။

(ခခ) ဤမဟာဘုတ် ၄ ပါးသည် အကြီးအကျယ်မှားယွင်း ထင်မြင်စေတတ်သောကြောင့် မဟာဘုတ်မည်၏။

ဥပမာ— မျက်လှည့်ဆရာသည် ရုတ်တရက် ရွှေမဟုတ်သည်ကို ရွှေဟူ၍ ပြတတ်၏။ ထို့အတူ မဟာဘုတ်တို့သည်လည်း မိန်းမ ယောကျ်ား၊ ရွှေ-ငွေ-ရတနာ မဟုတ်ပါဘဲလျက် ဟုတ်သကဲ့သို့ ပြတတ်သည်ဟူ၏။

(ဂဂ) ဤမဟာဘုတ်တို့သည် အကြီးအကျယ် အံ့ဖွယ်တို့ကိုဖန်ဆင်း ပြတတ်သောကြောင့် မဟာဘုတ်မည်၏။ ထိုမဟာဘုတ်တို့သည် စင်စစ် မိမိတို့မှာ အံ့ဖွယ်ရာသတ္တိမရှိပါဘဲလျက် လောက၌အံ့ဖွယ်ရေတောကြီး၊ တောင်ကြီး၊ ဆင်ပြောင်ကြီး၊ ကျားကြီး၊ သမုဒ္ဒရာကြီး၊ နေ၊ လ၊ နက္ခတ်တာရာကြီး၊ ဥက္ကာကြီးစသော အံ့ဖွယ်သရဲများကို ပြတတ်ကုန်သည်ဟူ၏။

(သ)) ဤမဟာဘူတခေါ် မဟာဘုတ်သည် အကြီးအကျယ် ဖောက်ပြန်တတ်သည့် သဘောရှိ၏။ ဖောက်ပြန်ပုံမှာ ဤမဟာဘုတ်ကြီး၄ပါး ဖောက်ပြန်လာပြီဆိုမှဖြင့် ကမ္ဘာမီးကြီးဖြစ်သော ကမ္ဘာတေဇောဓာတ် မီးလောင်သောအခါ ကမ္ဘာမြေကြီးနှင့် တော-တောင်-ရေ-မြေ-နေ-လ-နက္ခတ် စသည့်တို့အားလုံး လောင်မြိုက်ကျွမ်း၍ ပြာကျပျက်စီးစေအောင် ဖောက်ပြန်စေပါသည်။

ဥပမာ—ပထဝီဓာတ်ဖောက်ပြန်လျှင် တောင့်တင်းကော်ထန်သောကိုယ် ရှိသဖြင့် ရောဂါအမျိုးမျိုးကိုဖြစ်စေခြင်း၊ အာပေါဓာတ် ထကြွဖောက်ပြန်သော် ပုပ်သိုး ဆွေးမြေ့သောကိုယ် ယိုစီးသောကိုယ်ရှိသည်ဖြစ်၍ ရောဂါ အမျိုးမျိုးကို ခံစားရခြင်း။

တေဇောဓာတ် ဖောက် ပြန် သည် ရှိ သော် ပူလောင် ပြင်းပြသော ကိုယ်ရှိသည်ဖြစ်၍ အမျိုးမျိုးသော ရောဂါတို့ကို ခံစားရခြင်း။

ဝါယောဓာတ် ထကြွဖောက်ပြန်ခဲ့သည်ရှိသော် လေပြတ်သောကိုယ်၊ လျော့ကျသော ခြေလက်အင်္ဂါရှိသောကိုယ်၊ ကိုယ်အင်္ဂါသေ၍ မသယ်ဆောင်နိုင်သောကိုယ် ရှိသည် ဖြစ်သောကြောင့် ရောဂါအမျိုးမျိုးကိုခံစားရခြင်း။

ထို့ကြောင့် မဟာဘုတ်တို့သည် အကြီးအကျယ်

ဖောက်ပြန်တတ်သည်ဟူ၏။ မဟာဘုတ်တို့သတ်လျှင် အားလုံးပျက်စီး၍ သေ၏။ မဟာဘုတ်တို့ ပြုပြင်လျှင် တောကြီး၊တောင်ကြီးစသည်တို့သည် ချက်ချင်းဖြစ်၏ဟု ဆိုလေသည်။

( ငင ) ထိုမဟာဘုတ်(၄)ပါးတွင် လေးလံသော ဂရုကခေတ်နှင့် ပေါ့ပါးသော လဟုကခေတ် ၂-မျိုးရှိသည်။ လေးလံသော ခေတ်မှာ ပထဝီ နှင့် အာပေါတို့ဖြစ်၍ ပေါ့ပါးသောခေတ်မှာ တေဇောနှင့် ဝါယောခေတ်တို့ ဖြစ်သည်။

( စစ ) ထိုမဟာဘုတ် ၄ ပါးတွင် ညီမျှသင့်တင့်သော ခေတ်နှင့် မညီမျှ မသင့်တင့်သည့် ခေတ် ၂ မျိုးရှိပြန်သည်။ ညီမျှသင့်တင့်သော ခေတ်များမှာ ပထဝီနှင့် အာပေါတို့ ညီမျှ သင့်တင့်ကြသည်။ ထို့အတူ တေဇော နှင့် ဝါယောလည်း ညီမျှသင့်တင့်ပါသည်။

(ဆဆ) ထိုခေတ် ၄ ပါးတွင် သင့်တင့်သောခေတ်ရှိသလို မသင့်တင့်သော သဘောမတူသော ဝိသဘာဂခေတ် ၂ မျိုးရှိသေး၏။ ယင်းတို့မှာ ပထဝီနှင့် ဝါယောသည် မသင့်တင့်သောသဘောမတူသော ဝိသဘာဂခေတ်ဖြစ်သည်။ တေဇောနှင့် အာပေါသည်လည်း မသင့်တင့်သော သဘောမတူသော ဝိသဘာဂ ဖြစ်သည်။ ထို့ကြောင့်- "မီးနှင့်ကား

ရေ၊ မြေနှင့်ခလ မိတ်ဆွေမစပ်ပဋိဃတ်" ဟု ဆိုစမှတ် ပြုကြသည်း

(၉၉) ထိုမဟာဘုတ်ကြီး ၄ပါးတွင် တပါးစီတို့၌ မိမိတို့ ကိုယ်စီပိုင်သသော သတ္တိအသီးသီး ရှိကြသည်။ ယင်းတို့မှာ တေဇောသည် အထက်သို့မြှင့်ခြင်း၊ တက်ခြင်း၊ သတ္တိရှိ၏၊ ဝါယောသည် နံဘေး ရှစ်မျက်နှာသို့ လှုပ်ရှား လှုင့်ခြင်း သတ္တိ ရှိ၏၊ အာပေါသည် အောက်သို့ကိုင်းရှိုင်းခြင်း၊ လျှော သက်ခြင်း သတ္တိရှိ၏။ ပထဝီသည် တည်ခြင်း၊ တံ့စားခြင်းသတ္တိရှိသည်ဟူ၏။

(၁၀၀) ဤ-မဟာဘုတ်ဓာတ်ကြီး ၄ ပါး၏ သဘောသည် ကလာပ်တခု၌ အတူတူ ဖြစ်လျှင် သဟဇာတ အတူတကွ ဖြစ်ခြင်းဖြင့် ကျေးဇူးပြုတတ်သော သဘောရှိ၏။ အညမည အချင်းချင်း အပြန် အလှန် ကျေးဇူး ပြုသော သဘောရှိ၏။ နိဿယ တပါးမှ သုံးပါးကိုစွဲမှီ၍ သုံးပါးမှ တပါးကို စွဲမှီ၍ နှစ်ပါးမှနှစ်ပါးကို စွဲမှီ၍ ကျေးဇူးပြုသော သဘောရှိ၏။ အတ္ထိ ရှိသည်ဖြစ်၍ ကျေးဇူးပြု သော သဘောရှိ၏။ အဝိဂတ မကင်းသည်ဖြစ်၍ ကျေးဇူးပြုသော သဘောရှိသည်ဟူ၏။

ဤသို့မဟာဘုတ်တို့၏ သတ္တိသဘောသည် သိသာထင်ရှား၏။ အလွန် ဆန်းကြယ်သော အရာဖြစ်၍ မြတ်စွာဘုရား၏ ဉာဏ် အရာဖြစ်ပေသည်။

(၂) ဥပါဒါယ အစုငယ်၌ရှိသော ရုပ် ၂၄-ပါးသည် မဟာဘုတ် ၄-ပါးကိုမှီ၍ ဖြစ်တတ်သော မှီတတ်သော သဘောရှိသော ရုပ် ၂၄-ပါးကိုဆိုသည်။

ဤသို့ မှီရာနှင့်စပ်သော မဟာဘုတ် ခေတ်ကြီး ၄-ပါးနှင့် ဥပါဒါယရုပ် ၂၄-ပါးတို့၏ မှီနည်း မှီပုံကို ဖော်ပြပြီး၍ ယခု ဖြစ်ကြောင်းနှင့်စပ်သော ရုပ်အစုကို ဖော်ပြပါမည်။

(ခ) ဖြစ်ကြောင်းနှင့်စပ်သောအစု ၂-စု

၁။ နိပ္ဖန္နအစုငယ်၌ရှိသောရုပ် ၁၈-ပါး

၂။ အနိပ္ဖန္နအစုငယ်၌ရှိသော ရုပ် ၁၀-ပါး

ရုပ်ပေါင်း— ၂၈-ပါးရှိ၏။

(ကက)။ နိပ္ဖန္နရုပ်

နိပ္ဖန္နအစုငယ်၌ရှိသော ရုပ် ၁၈-ပါးသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟူသော အကြောင်း ၄-ပါးကြောင့် ဖြစ်သည်မည်၏။

တနည်း ဤနိပ္ဖန္နရုပ် ၁၈-ပါးသည် မဟာဘုတ်တို့၏ ဖြစ်ပေါ်မှုအမူအရာမျှကိုစွဲ၍ ခေါ်ဝေါ်အပ်သော အမှုအရာရုပ်မျိုးမဟုတ်၊ ကံစသော အကြောင်းတို့ကြောင့် အထင်အရှား ဖြစ်သော ကံ စသော အကြောင်းတို့၏ ဖြစ်စေမှုကို တိုက်ရိုက် ဖြောင့်ဖြောင့် လက်ကိုင် ရရှိသော ရုပ်မျိုးကိုဆိုသည်၊

တနည်း ထိုနိပ္ဖန္နရုပ် ၁၈-ပါးသည် သဘောအားဖြင့် ထင်ရှားရှိလေသောကြောင့် သဘာဝ ရုပ်လည်းမည်၏။ ဤသဘာဝရုပ် ၁၈-ပါးတွင် ကိုယ်စီပိုင်သသော သဘော ရင်းလက္ခဏာ အမှတ်အသားအသီးသီးလည်း ရှိကြသည်။

တနည်း ဤနိပ္ဖန္နရုပ် ၁၈-ပါးသည် ဖြစ်ပျက် ပြောင်းလဲ ပြုပြင်သော သဘော လက္ခဏာ ရှိလေသောကြောင့် လက္ခဏာရုပ်လည်း မည်သေး၏၊

တနည်း ထိုနိပ္ဖန္နရုပ် ၁၈-ပါးကို အနိစ္စ စသော လက္ခဏာရေး သုံးပါး ထင်၍ ဆင်ခြင်သုံးသပ်ခြင်းငှာ ထိုက်သောကြောင့် သမ္မသန ရုပ်လည်း မည်ပေသည်။

## ( ၁၁ ) အနိပ္ဖန္နရုပ်

အနိပ္ဖန္နရုပ် ဆိုသည်ကား သဘာဝ ရုပ် တို့ ကဲ့သို့ ကံကြောင့်ဖြစ်သော ရုပ်များမဟုတ်ကုန်၊ ကိုယ်စီ ပိုင်သသော သဘောရင်း လက္ခဏာလည်းမရှိ၊ ထိုသဘာဝ ရုပ်တို့၏ သဘော အမူအရာ အထူးထူးကို ထောက်၍ မှတ်အပ်သိအပ်သော ရုပ်အစုကိုဆိုသည်။

တနည်းဆိုလျှင် ကံကြောင့်ဖြစ်သော ရုပ်တို့ကဲ့သို့ရင်း၊ သဘာဝ ရုပ်တို့ကဲ့သို့ရင်း၊ သဘောရင်းလက္ခဏာရှိသော ရုပ်များမဟုတ်ဘဲ ထိုထိုသော ရုပ်တို့၏ အခြင်းအရာကို မှတ်ယူအပ်သောကြောင့် ဤအနိပ္ဖန္နရုပ်ကို အမူ အရာ ရုပ်ဟုလည်းဆိုလိုသည်။

**ရုပ်တို့၏အဖွဲ့များ**

ဆိုခဲ့သောရုပ်တို့သည် တူရာတူရာ ပေါင်းဖွဲ့ ဖြစ်ပေါ်သော သဘောရှိသည်။ အထက်၌ ဖေါ်ပြခဲ့သောနိပ္ဖန္နရုပ် ၁၈-ပါးနှင့် အနိပ္ဖန္နရုပ် ၁၀-ပါး=ပေါင်း ရုပ် ၂၈-ပါးတွင် တူရာ ပေါင်းဖွဲ့နေသော အဖွဲ့ ၁၁-ဖွဲ့ ရှိ၏။ ထို ၁၁-ဖွဲ့တွင် နိပ္ဖန္နရုပ် ၁၈-ပါး၌ အဖွဲ့ ၇-ဖွဲ့ ရှိ၍ အနိပ္ဖန္နရုပ် ၁၀-ပါး၌ အဖွဲ့ ၄-ဖွဲ့ ရှိလေသည်။

**နိပ္ဖန္နအဖွဲ့**

နိပ္ဖန္နအစု၌အဖွဲ့ ၇-ဖွဲ့ ရှိသည်။ ယင်းအဖွဲ့တို့၌ရှိသော ရုပ်အရေအတွက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

အဖွဲ့ ၇-ဖွဲ့ နှင့် ရုပ် ၁၈-ပါး

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | |
|---|---|---|---|---|---|---|---|
| မဟာဘုတ် | ပသာဒ | ဂေါစရ | ဘာဝ | ဇီဝိတ | ဟဒယဝတ္ထု | အာဟာရ | |
| ၄ + | ၅ + | ၄ + | ၂ + | ၁ + | ၁ + | ၁ | =၁၈ |

အထက်ပါ ၇-ဖွဲ့၌ ရှိသော ရုပ်တို့၏ သဘောရင်း လက္ခဏာနှင့် ဆောင်ရွက်သည့် ကိစ္စများမှာ—

**၁။ မဟာဘုတ်အဖွဲ့ ၄**

မဟာဘုတ်အဖွဲ့၌ ရုပ်(၄)မျိုး ရှိသည်။

(က) ပထဝီဓာတု— ခက်မာခြင်း, နူးညံ့ခြင်း, သဘောရင်း လက္ခဏာရှိ၍ တည်ရာကိစ္စကို ဆောင်၏။

(ခ) အာပေါဓာတု- ဖွဲ့စေးခြင်း, ယိုစီးခြင်း သဘောရင်း လက္ခဏာရှိ၍ ကြီးပွါးစေခြင်းကိစ္စကို ဆောင်၏။

(ဂ) တေဇောဓာတု—ပူခြင်း၊ အေးခြင်း၊ လောင်မြိုက်ခြင်း၊ သဘောရင်း လက္ခဏာရှိ၍ ရင့်ကျက်စေခြင်းကိစ္စကို ဆောင်၏။

(ဃ) ဝါယောဓာတု— ထောက်ကန်ခြင်း၊ လှုပ်ရှားခြင်း သဘောရင်း လက္ခဏာရှိ၍ မကျစေခြင်း ကိစ္စကို ဆောင်၏။

## ၂။ ပသာဒအဖွဲ့ ၅

ပသာဒအဖွဲ့၌ ရုပ် ၅-မျိုး ရှိ၏။

(က) စက္ခုပသာဒ— မျက်စိအကြည်ရုပ် ဖြစ်၏။ ထိုရုပ်၌ ကြည်လင်ခြင်း လက္ခဏာရှိ၍မြင်သိစိတ်ကို ဆွဲငင်ခြင်း ကိစ္စကို ဆောင်၏။ (ဤရုပ်သည် မျက်လုံးအတွင်း မျက်နက်ဝန်းအလယ် သူငယ်အရိပ်ထင်ရာ၌ ပျံ့နှံ့ လျက်ရှိ၏။)

(ခ) သောတပသာဒ -နားအကြည်ရုပ် ဖြစ်၏။ ထိုရုပ်၌ ကြည်လင်ခြင်းလက္ခဏာရှိ၍ ကြားသိစိတ်ကို ဆွဲငင် ခြင်းကိစ္စကို ဆောင်၏။ (နားအတွင်း၌ လက်စွပ် ကွင်းနှင့် သဏ္ဌာန်တူသောအရပ်၌ ပျံ့နှံ့လျက်ရှိ၏)။

(ဂ) ဃာနပသာဒ— နှာခေါင်း အကြည်ရုပ် ဖြစ်၏။ ထိုရုပ်၌ ကြည်လင်ခြင်း လက္ခဏာရှိ၍ နံသိစိတ်ကို ဆွဲငင်ခြင်း ကိစ္စကို ဆောင်၏။ (နှာခေါင်းအတွင်း ဆိတ်ခွာနှင့် သဏ္ဌာန်တူသော အရပ်၌ ပျံ့နှံ့လျက် ရှိ၏။)

(ဃ) ဇိဝှာ ပသာဒ— လျှာအကြည်ရုပ် ဖြစ်၏။ ထိုရုပ်၌ ကြည်လင်ခြင်းလက္ခဏာရှိ၍ အရသာသိစိတ်ကို ဆွဲငင်ခြင်းကိစ္စကို ဆောင်၏။ (လျှာအလယ်၌ ကြာပွင့်အဖတ်များ သဏ္ဌာန်တူသော အရပ်၌ ပျံ့နှံ့လျက် ရှိ၏)။

(င) ကာယပသာဒ- ကိုယ်အကြည်ရုပ် ဖြစ်၏။ ထိုရုပ်၌ ကြည်လင်ခြင်းလက္ခဏာရှိ၍ တွေ့ထိစိတ်ကို ဆွဲငင်ခြင်းကိစ္စကို ဆောင်၏။ (အသမာ၊ အရေခြောက်၊ ခြေသည်း လက်သည်း၊ ဆံပင် အမွေးတို့မှ တပါး တကိုယ်လုံး ပျံ့နှံ့လျက်တည်ရှိ၏။)

## ၃။ ဂေါစရအဖွဲ့ ၄

ဂေါစရရုပ်အဖွဲ့၌ ရုပ် ၄-မျိုးပါရှိ၏။ ဂေါစရရုပ်ဆိုသည်မှာ— စိတ်စေတသိက်တို့၏ကျက်စားရာ အာရုံရုပ်တို့ကို ဆိုသည်။

ယင်းတို့မှာ—

(က) ရူပါရုံ .... အရောင်အဆင်းရုပ် ဖြစ်၏။ မျက်စိ၌ ထင်ခြင်း၊ ထိခိုက်ခြင်း လက္ခဏာရှိ၍ မြင်သိစိတ်၏ ဆွဲရာ ငင်ရာ ကိစ္စကို ဆောင်ရွက်၏။

(ခ) သဒ္ဒါရုံ .... နားဥ္စထင်ခြင်း၊ ထိခိုက်ခြင်း လက္ခဏာ ရှိ၍ ကြားသိစိတ်၏ ဆွဲရာငင်ရာကိစ္စကို ဆောင်ရွက်၏။
(ဂ) ဂန္ဓာရုံ .... နှာခေါင်း၌ ထင်ခြင်း ထိခိုက်ခြင်း လက္ခဏာရှိ၍ နံသိစိတ်၏ ဆွဲရာ ငင်ရာ ကိစ္စကို ဆောင်ရွက်၏။
(ဃ) ရသာရုံ .... လျှာ၌ ထင်ခြင်း ထိခိုက်ခြင်း လက္ခဏာ ရှိ၍ လျှာသိစိတ်၏ ဆွဲရာ ငင်ရာကိစ္စကို ဆောင်ရွက်၏။

အမှာ— ဂေါစရအာရုံရုပ်သည် ဖောဋ္ဌဗ္ဗာရုံထည့်လျှင် ၅ မျိုး ဖြစ်၏။ ထိုဖောဋ္ဌဗ္ဗ အာရုံ ဆိုသည်ကား၊ ပထဝီ တေဇော ဝါယော ဓာတ်ကြီး၃-ပါးကိုခေါ်၏။ ထိုဓာတ်ကြီး ၃-ပါးသည် မဟာဘုတ် အဖွဲ့၌ ပါဝင်ပြီး ဖြစ်၍ ပါဝင်ရန် မလို၊ ထို ပထဝီ တေဇော ဝါယော ဖောဋ္ဌဗ္ဗ သုံးမျိုး ပါလျှင် ဂေါစရရုပ် ၇-မျိုးဟု ဆို၏။ အာပေါဓာတ်မှာ အလွန် သိမ် မွေ့၍ တွေ့ထိခြင်း မရအပ်သော ကြောင့် ဖောဋ္ဌဗ္ဗအာရုံ မမည်ပေ။

## ၄။ ဘာဝရုပ်အဖွဲ့ ၂

— ဘာဝရုပ်ဆိုသည်ကား အသိ-အမှတ်ဖြစ်ဘို့ရန်အကြောင်းခံ ဖြစ်သောရုပ်ကို ဆိုသည်။ ယင်းဘာဝရုပ်သည် ၂-မျိုး ရှိသည်၊

(က) ဣတ္ထိဘာဝရုပ် မိန်းမ အမ ဟူ၍ သိကြောင်း ဖြစ်ကြောင်း နွဲ့နှောင်းသော အမူအရာ လက္ခဏာ ရှိ၍ မိန်းမ အမ ဟူ၍ ဖော်ပြခြင်းကိစ္စကို ဆောင်၏။

(ခ) ပုရိသ ဘာဝရုပ် ယောကျ်ား အထီးဟူ၍ သိကြောင်း ဖြစ်ကြောင်း ဟူသော ကိုယ်အင်္ဂါ ကြီးထွားခြင်း၊ သန်မာခြင်း စသည့် အမူအရာ လက္ခဏာ ရှိ၍ ယောကျ်ား အထီး ဟူ၍ ဖော်ပြခြင်း ကိစ္စကို ဆောင်၏။

## ၅။ ဇီဝိတအဖွဲ့ ၁

– ဇီဝိတရုပ်ဆိုသည်ကား— အတူတကွ ဖြစ်သော ရုပ်တို့ကို အသက်သဖွယ် စောင့်ရှောက်ခြင်း လက္ခဏာ ရှိ၍ အတူဖြစ်ဖက် ရုပ်တို့ကို အစဉ်ရှည်စွာ တည်စေ ဖြစ်စေသည့် ကိစ္စကို ဆောင်၏။ ဤဇီဝိတ ရုပ်သည် ကံကြောင့် ဖြစ်သောရုပ်တို့ကို ကံကိစ္စ ဆုံးသွားပြီးနောက် အသက်သဖွယ် စောင့်ရှောက်သောရုပ် မည်၏။

## ၆။ ဟဒယဝတ္ထုရုပ်အဖွဲ့ ၁

— ဟဒယဝတ္ထုရုပ်ဆိုသည်ကား—ဤရုပ်တရားမှ သတ္တဝါတို့သည် အထူးထူးသော ကောင်းမှု မကောင်းမှု အကြံအစည်တို့ကို လွှတ်ကြ၊ ကြံစည်ကြ၏။ မနောဓာတ်၊ မနောဝိညာဏဓာတ်၊ ဆင်ခြင်စိတ် သိစိတ်တို့၏ မှီရာ ဖြစ်ကြောင်း လက္ခဏာရှိ၍ ထိုဓာတ် ၂ ပါးသည် အားကြီးသောကိစ္စကို ဆောင်ရွက်၏၊

## ၇။ အာဟာရရုပ်အဖွဲ့ ၁

— အာဟာရရုပ်သည်ကား— ခဲဖွယ် ဘောဇဉ် စသော စားဖွယ်သောက်ဖွယ်တို့ကို စားသောက်သော သတ္တဝါတို့၏ ကိုယ်ကို လွန်စွာဆောင်တတ်၏။ အရှန်ရှည်စေ တည်စေလျက် ပွားခြင်းငှာ ရှိ၍ အာဟာရသြဇာကြောင့်ဖြစ်သောရုပ် တို့ပွားဘိုကိုစွာကို ဆောင်ရွက်သည် ဟူ၏။

ဤသည်တို့ကား နိပ္ဖန္နရုပ်အစု၌ရှိသော အဖွဲ့ ၇-ဖွဲ့တွင် ပါဝင်သည့် နိပ္ဖန္နရုပ် ၁၈-ပါးတို့၏ ရုပ်အမျိုးစိတ် သဘောသရုပ်ကို ဖော်ပြခြင်း အကျဉ်းဖြစ်သေသည်။

## အနိပ္ဖန္နရုပ်

အနိပ္ဖန္နရုပ် ဆိုသည်မှာ ကံကြောင့်ဖြစ်သော ရုပ်မျိုးလည်း မဟုတ်၊ ကိုယ်ပိုင်သဘော သဘောရင်းသည်းမရှိပေ။ ထိုအနိပ္ဖန္နရုပ်သည် ကံကြောင့်ဖြစ်သော သဘောအားဖြင့် ထင်ရှားရှိသော နိပ္ဖန္နရုပ်တို့၏ သဘောအမူအရာ အထူးထူးကိုထောက်၍ သိအပ်မှတ်အပ်သော အမူအရာ ရုပ်တို့ကိုဆိုသည်။

ယင်းအနိပ္ဖန္နရုပ်သည် အဖွဲ့အားဖြင့် ၄-ဖွဲ့ရှိ၍ အရေအတွက်အားဖြင့် ၁၀-ပါးရှိလေသည်။

# အနိပ္ဖန္နအဖွဲ့

| အာကာသ | | ဝိညတ် | | လဟုတာဒိ | | လက္ခဏာ | | |
|---|---|---|---|---|---|---|---|---|
| ၁ | + | ၂ | + | ၃ | + | ၄ | = | ၁၀ |

အဆက်ပါ အနိပ္ဖန္နအဖွဲ့ ၄-ဖွဲ့ရှိ မှတ်သားစရာ လက္ခဏာနှင့် ထိုရုပ်တို့၏ ဆောင်ရွက်သည့် ကိစ္စများမှာ—

## (၁) အာကာသ

အာကာသဓာတ်သည် ထိုထိုသောအထည်ဒြပ် ထိုထိုသော ကလာပ တို့ကို အသီးသီး ထင်ရှားအောင် ပြတတ်သောကြောင့် အာကာသဓာတ် မည်၏။ ထိုအာကာသဓာတ်ကို ပရိစ္ဆေဒရုပ်ဟုလည်း ခေါ်၏။ ယင်း ပရိစ္ဆေဒရုပ် ဆိုသည်မှာလည်း အရာဝတ္ထုတခုနှင့်တခု မဟာဘုတ်ကလာပ် တခုနှင့်တခု မရောနှောအောင် ပိုင်းခြား တတ်သောကြောင့် ပရိစ္ဆေဒရုပ် မည်လေသည်။

ထိုပရိစ္ဆေဒရုပ်သည် ကလာပ်တခုရှိရုပ်တို့နှင့် အခြား ကလာပ်ရှိ ရုပ်တို့ကို မရောမယှက်အောင်သာ ပိုင်းခြားပေသည်။ မဟာဘုတ်တခု အတွင်းမှာရင်း၊ ကလာပ်တခုအတွင်းမှာရင်း ပိုင်းခြားခြင်းမရှိပေ။

ပုံစံမှာ—လက်နှစ်ချောင်းထောင်လိုက်သောအခါ အာကာသပရိစ္ဆေဒရုပ်သည် အလိုလိုကြားရုပ်အဖြစ် ပေါ်လာ၍ လက်တချောင်းနှင့်တချောင်း မရော မယှက်အောင် ပေါ်ပြသကဲ့သို့တည်း။ ယင်း အာကာသ ပရိစ္ဆေဒရုပ်သည် ကလာပ်တို့ကို မရောစပ်အောင် ပိုင်းခြားခြင်း လက္ခဏာရှိ၍ ရုပ်ကလာပ်တို့၏ အစွန်ကလနားကို ထင်ရှားပြခြင်းကိစ္စကို ဆောင်ပေသည်။

(၂) ဝိညတ်-၂

ဝိညတ်ရုပ်ဆိုသည်မှာ သူတပါးကိုလည်း သိစေတတ်၏။ မိမိလည်း သိအပ်သောကြောင့် ဝိညတ်မည်သည်။ ယင်း ဝိညတ်ရုပ်သည် ၂-မျိုးရှိ၍ တမျိုးမှာ ကာယဝိညတ်ဖြစ်၍ တမျိုးမှာကား ဝစီဝိညတ်ဖြစ်သည်။

(က) ကာယဝိညတ်ဆိုသည်မှာ လှုပ်ရှားသော ကိုယ်အင်္ဂါအမူအရာဖြင့် သူတပါးကိုလည်း သိစေတတ်၏၊ မိမိလည်း သိအပ်သည်ဟု ဆိုသည်။

ပုံစံမှာ—လက်ယပ်ခေါ်ခြင်း၊ ခေါင်းညိတ်ခြင်း၊ ကိုယ်အမူအရာဖြင့် သိစေတတ် သိအပ်ပေသည်။

(ခ) ဝစီဝိညတ်ဆိုသည်ကား နှုတ်ဆို ပြောဆိုသော စကားသံ အမူအရာဖြင့် သူတပါးကိုလည်း သိစေတတ်သည်။ မိမိလည်း သိအပ်သည် မည်၏။

ပုံစံမှာ—လာပါဆိုသော စကားသံ အမှုအရာဖြင့် ငါ့အားခေါ်နေပါသလားဟု သူ့တပါးကိုလည်း သိစေတတ်သည်။ မိမိလည်း ငါ့ခေါ်သည်ကို သူလာမည်ဟု သိအပ်သည်ဟူ၏။

ဝိညတ်ဟူသည် သိစေတတ် သိစေအပ်သော လက္ခဏာရှိ၍ အလိုဆန္ဒကို ဖော်ပြခြင်း ကိစ္စကို ဆောင်၏။

ဤဝိညတ်ရုပ်သည် ကိုယ်အမူအရာ နှုတ်အမူအရာဖြင့် ထူးထွေခြားနားသော အမူအရာရှိလေသောကြောင့် ဝိကာရရုပ်လည်း မည်၏။

## (၃) လဟုတာဒိ ၃

ဤလဟုတာဒိရုပ် ၃-မျိုးဆိုသည်မှာ (၁) ရူပဿလဟုတာရုပ် (၂) ရူပဿ မုဒုတာရုပ် (၃) ရူပဿကမ္မညတာဟူသောရုပ် ၃-မျိုးကို ဆိုသည်။ ဤရုပ် ၃ မျိုး၌လည်း ထူးခြားသောအမူအရာဖြင့် ထူးခြားစွာပြတတ်လေသည်။ ထိုရုပ် ၃-မျိုးသည် ကံကြောင့်ဖြစ်သောရုပ်တို့ မဟုတ်ချေ။ ယခု မျက်မှောက်ဘဝ၌ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်း ၃-ပါးကြောင့် ထူးသောအမူအရာရှိသော ရုပ် ၃-ပါး ဟုဆိုသည်။

သို့ဖြင့် ဤအနိပ္ဖန္ဒရုပ်အဖွဲ့ရှိ ရုပ် ၁၀-ပါးတွင် ဆိုခဲ့ပြီးသော ဝိညတ်ရုပ် ၂-ပါး လဟုတာဒိ ၃ ၅-ပါးသည် ထူးသော အမူအရာ ရှိလေသောကြောင့် ဝိကာရရုပ် ၅-ပါးမည်သည်ဟူ၏။

(၁) ရူပဿ လဟုတာရုပ်ဆိုသည်မှာ စိတ်၊ ဥတု၊ အာဟာရ မျှတညီညွတ်သောအခါ မည်သူမျှ မနှိုးဆော်ရဘဲ အလိုအလျောက် ရုပ်ပေါ့ပါးလာသည့် အမူအရာထူးကို ဆိုသည်။

ရူပဿ လဟုတာသည် မနှုံးနှေးခြင်း၊ ပေါ့ပါးခြင်းလက္ခဏာရှိ၍ လေးလံသည်၏အဖြစ်ကို ပယ်ဖျောက်ခြင်း လျင်မြန်သောကိစ္စကို ဆောင်သည်ဟူ၏။

(၂) ရူပဿမုဒုတာရုပ်ကား - လဟုတာနည်းတူ စိတ်-ဥတု-အာဟာရ မျှတညီညွတ်သောအခါ ရုပ်နူးညံ့မှု အမူအရာထူးဖြစ်ပေါ်လာသည်ကိုဆိုသည်။

ရူပဿမုဒုတာသည် မခက်မာခြင်း၊နူးညံ့ခြင်း လက္ခဏာရှိ၍ ခက်မာကြမ်းတမ်း သောင့်တင်းမှုကို ပယ်ဖျောက်ခြင်းကိစ္စကို ဆောင်လေသည်။

(၃) ရူပဿ ကမ္မညတာရုပ်မှာ ယခုဘဝတွင် စိတ်၊ ဥတု၊ အာဟာရတို့ ညီညွတ်မျှတလျှင် ရုပ်ကောင်းမွန် ခန့်ညားတောင့်တင်းခြင်း၊ သွက်လက်ပေါ့ပါးခြင်း အမူအရာထူးတို့ကို မည်သူမျှ မဖန်ဆင်းဘဲဖြစ်ပေါ်လာသည်ဟု ဆို၏။

ရုပသဘာကမ္မဋ္ဌာန်ဘသည် အမှုအမျိုးမျိုး၌ နှံ့သားခြင်း၊ ကောင်းခြင်းလက္ခဏာ ရှိ၍ ထိုင်းမှိုင်းခြင်း၊ မခန့်ညားခြင်း၊ မကောင်းခြင်း၌ ပယ်ဖျောက်ခြင်းကိစ္စကို ဆောင်၏။

## (၄) လက္ခဏာ-၄

လက္ခဏာရုပ်အဖွဲ့ ဆိုသည်ကား ဖြစ်ပွားမှု ဥပစယ၊ အစဉ်တည်မှု သန္တတိ၊ ရင့်ရော်မှု ဇရတာ၊ ပျက်ဆုံးမှု အနိစ္စတာ ဟူသော ရုပ် ၄ မျိုးသည် လက္ခဏာရုပ်မည်၏။

(က) ဥပစယရုပ်ဆိုသည်မှာ ပဋိသန္ဓေမှစကာ ပထမ၌ဖြစ်၍ နောက်၌ ဟဘာဝအတွက် ဖြစ်ထိုက်သမျှ ရုပ်များ ပြည့်စုံသည့်တိုင်အောင် အထက်အထက်၌ တိုးတက်၍ ဖြစ်ခြင်းကို ဥပစယရုပ်ဟု ခေါ်၏၊ ဆိုလိုသည်မှာ ပဋိသန္ဓေကလလရေကြည်မှစ၍ ပထမဖြစ်ခြင်းဖြစ်ပြီးလျှင် ထိုရုပ်၏ ကြီးပွားနိုင်သမျှ ကြီးပွားသည့်တိုင်အောင် အထက်အထက်သို့ တိုးတက်ကြီးပွားခြင်း ဖြစ်သည်ကို ဆိုလိုသည်။ ထိုဥပစယရုပ်သည် ရှေးဦးစွာ ဖြစ်ခြင်းအထက်၌ ပွားခြင်းလက္ခဏာရှိ၍ ရထိုက်သမျှသော ကြီးပွားတိုးတက်ခြင်းကိစ္စကို ဆောင်၏။

(ခ) သန္တတိရုပ်ဆိုသည်ကား ဖြစ်ထိုက်သမျှရုပ်များ ပြည့်စုံသည်ကစ၍ အစဉ်မပြတ် ထင်ကာထပ်ကာ ဖြစ်နေခြင်းကို သန္တတိရုပ်ဟုဆို၏။ ဤဥပစယရုပ်နှင့် သန္တတိရုပ်တို့၏ ဖြစ်ပုံကို ထိုသို့ ပမာပုံဆောင်နိုင်ပေမည်။

မြန်မာလူမျိုးသည် အရပ်အမောင်း ၅-ပေခွဲရှိသည် ဆိုကြပါစို့။ ဤ ၅-ပေခွဲ အရပ်အမောင်းပြည့်စုံသည့် တိုင်အောင် ပဋိသန္ဓေ ကလလရေကြည်မှစ၍ အတက် ၌ ဖြစ်သည်မှာ အမြှုပ်မှ အသားခဲ၊ ယင်းမှ ခက်မာသောအသားတစ်၊ ထိုမှ ဦးခေါင်း ဝသော ခက်မငါးဖြာ ဤမှ ခြေသည်း လက်သည်း အပင်မွေးညှင်း စသည်တို့ဖြစ်၏။ ယင်းမှ ခြေပါးလက်နှစ်လုံး ပခုံး လက်နှစ်သစ်၊ ထိုမှ အသက် ၂၀ ရောက်သောအခါ အရပ်အမောင်း ၅-ပေခွဲ ဖြစ်သင့်သည့်အလျောက် ဖြစ်လာ၏။ ထိုအရပ်အမောင်း ၅ပေခွဲ ပြည့်စုံသော အခါ နောက် တိုးတက်ကြီးပွားခြင်းမရှိဘဲ ကြီးပွား တိုးတက်ခြင်း ရပ်သွားပေသည်။ ဤသည်ကို ဥပစယ ရုပ်ဟု ဆိုနိုင်၏။

သန္တတိရုပ်၏ ဖြစ်ပုံမှာကား.... အသက် ၂၁ တွင် အရပ်အမောင်း ၅ ပေခွဲ ဖြစ်ပြီးနောက် ထို အရပ် အမောင်းအတိုင်း ဥပါဒ် အစဉ်မပြတ် သပ်ကာ ထပ်ကာဖြစ်နေ၏။ အသက် ၄၀ ကျော်သောအခါ မျက်စိမှိုင်း၊ နားထိုင်း၊ ခါးကိုင်းစ ပြုလာ၏။ သို့သို့ ဖြစ်သည်အထိကို သန္တတိရုပ်၏ ဖြစ်နေခြင်းလက္ခဏာ ရှိ၍ အစဉ်မပြတ်ဖြစ်ခြင်းကိစ္စကို ဆောင်သည်ဟူ၏။

(၈) ဇရတာရုပ် ဆိုသည်မှာ ရုပ်တို့၏ ရင့်ရော် ယိုယွင်း အိုမင်းမှုသည် ဇရ + တာ ရုပ်မည်၏။

ယင်း ဇရတာရုပ်သည် မျက်စိမှိုင်း၊ နားထိုင်း၊

ခါးကိုင်း၊ သွားကျိုးဖြစ်လာ၍ ပျက်ပြုန်းသေဆုံးသည် အထိဖြစ်သည်ဟု ဆိုလိုသည်။ ထို ဇရတာရုပ်သည် ရင့်ရော်ယိုယွင်း အိုမင်းခြင်းလက္ခဏာရှိ၍ ပျက်ပြုန်းခြင်းသို့ ရောက်အောင် ပို့ဆောင်ခြင်းကိစ္စကို ဆောင်သည်မည်၏။

(ဃ) အနိစ္စတာ ရုပ်ဆိုသည်ကား မမြဲသော တရားစုဖြင့်သော သင်္ခတ တရားတို့၏ မမြဲခြင်း၊ ပျက်စီးခြင်း သဘောကြီယာ သဘောသည် အနိစ္စတာရုပ်မည်၏။ ထိုအနိစ္စတာရုပ်သည် မမြဲခြင်း၊ ပျက်စီးခြင်းလက္ခဏာ ရှိ၍ သင်္ခတ တရားဖြစ်သော ရုပ်နာမ်တရားတို့ကို စုံးစုံးနစ်ပျက်စီးခြင်း၊ ချုပ်ဆုံးခြင်းဖြင့် နစ်စေခြင်း ကိစ္စကို ဆောင်သည်မည်၏။

ဤသည်တို့ကား အနိပ္ဖန္နရုပ် အဖွဲ့ ၄ ဖွဲ့၌ရှိသော ရုပ် ၁၀ မျိုး၏ သဘောလက္ခဏာတို့ကို ဖော်ပြခြင်း အကျဉ်းပြီး၏။

အထက်ပါရုပ်၏ သရုပ်အပြားအရေအတွက်ကိုချုံး၍ အောက်ပါအတိုင်း ဖော်ပြအပ်ပေသည်။

(၁) မဟာဘုတရုပ်အစု၌ အဖွဲ့တဖွဲ့ ရုပ်အပြား ၄-ပါး
(၂) ဥပါဒါရုပ်အစု၌ အဖွဲ့ ၁၀ဖွဲ့ ။ ၂၄-ပါး

ရုပ်ပေါင်း ၂၈-ပါး

တနည်း—

(၁) နိပ္ဖန္နရုပ်အစု၌ အဖွဲ့ ၇ ဖွဲ့ ရုပ်အပြား ၁၈-ပါး
(၂) အနိပ္ဖန္နရုပ်အစု၌ အဖွဲ့၄ဖွဲ့ ။ ၁၀-ပါး

ရုပ်ပေါင်း ၂၈-ပါး

အချုပ်မှာ.... အစုအားဖြင့် ၄ စုရှိ၏

အဖွဲ့အားဖြင့် ၁၁ ဖွဲ့ရှိ၏

ရှင်အရေအတွက်အားဖြင့် ၂၀ ပါးရှိသည်ဟူ၏။

ဤတွင် ရှင်၏သရုပ်အပြားအကျဉ်းပေါ်ပြချက် ပြီးပါပြီ။

# ( ရူပဝိဘာဂ )
# ရုပ်ကိုခွဲခြားဝေဘန်ခြင်းအပိုင်း

ရုပ် ၂၈-ပါးသည် အတွင်းအပြင်အားဖြင့် အမြောက်အမြား ရှိကြ၏။ ထိုရုပ်တို့ကို တပါးစီ တဖို့စီ တမျိုးစီ တပုံစီ စသည်ဖြင့် ခွဲခြားဝေဘန်သော အပိုင်းကို ရူပဝိဘာဂဟု ဆို၏။

သို့ ခွဲခြားဝေဘန်ဘို့ ရုပ်ဟူသည်ကား....

(၁) အဟေတုက- လောဘ စသော ဟိတ် ၆-ပါး မရှိ မယှဉ်လေသောကြောင့် ရုပ်ဟူသမျှ အဟေတုက ချည်း ဖြစ်သည်။
ဆိုလိုသည်မှာ ရုပ်ဟူသမျှသည် မူလ ဘူတ အကြောင်းရင်းရှိသော ဟိတ် ၆-ပါးကဲ့သို့ မူလ ဘူတ အကြောင်းရင်းမရှိဟု ဆိုလိုသည်။

(၂) သပစ္စယ- ရုပ်ဟူသမျှ ကံ စိတ် ဥတု အာဟာရ ဟူသော အကြောင်းရှိသောကြောင့် တနည်း အကြောင်း တရား ၄-ပါး အားဖြင့် ဖြစ်ရသော ကြောင့် သပစ္စယရုပ် မည်၏။

(၃)။ သာသဝ-ရုပ်ဟူသမျှသည် ကာမာသဝ ဘဝါသဝ ဒသော အာသဝ တရားတို့၏ အာရုံဖြစ်သော ကြောင့် သာသဝရုပ်မည်၏။

(၄)။ သင်္ခတ-ရုပ်ဟူသမျှသည် အကြောင်းတခုခုတို့၏ ပြုစီရံအပ်သောကြောင့် သင်္ခတ မည်၏။

(၅)။ လောကီယ-ရုပ်ဟူသမျှသည် လောကီတရားချည်း ဖြစ်သည်။

(၆)။ ကာမာဝစရ-ရုပ်ဟူသမျှသည် ကာမတဏှာ၏ အာရုံပြုရာ ကျင်လည်ရာ ဖြစ်သောကြောင့် ကာမာဝစရ မည်၏။

(၇)။ အနာရမ္မဏ-ရုပ်ဟူသမျှသည် စိတ်စေတသိက်တို့ကဲ့သို့ အာရုံကို မယူနိုင် မသိနိုင် သောကြောင့် အနာရမ္မဏ မည်၏။

(၈)။ အပ္ပဟာတဗ္ဗ-ရုပ်ဟူသမျှသည် အကုသိုလ်တရား ကိလေသာတရားတို့ကဲ့သို့ ပယ်ရာမဟုတ်၊ ပယ်လို့လည်း မရကောင်းသောကြောင့် အပ္ပဟာတဗ္ဗ မည်၏။

ဤသို့သဘောရှိသောရုပ် ၂၈-ပါးကို အမျိုးအစုဖြင့် ခွဲခြား ဝေဘန်အပ်သည်ရှိသော်....

(၁)။ အဇ္ဈတ္တိက ဗာဟိရရုပ်အားဖြင့် အဇ္ဈတ္တိကအတွင်း ရုပ်ဖြစ်သော မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ဟူသော ပသာဒ အကြည်ရုပ် ၅-ပါးသည်

ငါ ငါ့ဟာ စသည်ဖြင့် တပ်မက်တွယ်တာခြင်း ဖြစ်သောကြောင့် အတွင်း အဇ္ဈတ္တိကရုပ်မည်၏။ ကျန်ရုပ် ၂၃-ပါးသည် အပြင်ဗာဟိရရုပ်မည်၏။

(၂)။ ဝတ္ထု အဝတ္ထုရုပ် အားဖြင့် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ နှလုံး၊ ဟဒယဟူသော ရုပ် ၆-ပါးသည် မြင်သိစိတ်စသော ၆-ပါးသောအသိစိတ်တို့ မှီရာဖြစ်သောကြောင့် ဝတ္ထုရုပ်မည်၏။ ကျန်ရုပ် ၂၂-ပါးသည် မှီရာရုပ် မဟုတ်သောကြောင့် အဝတ္ထုရုပ်မည်၏။

(၃)။ ဒွါရ အဒွါရရုပ်အားဖြင့် ပသာဒရုပ် ၅-ပါးနှင့် ဝိညတ်ရုပ် ၂-ပါး ပေါင်း ၇-ပါးသည် ဝီထိစိတ်နှင့် ကုသိုလ်ကံ အကုသိုလ်ကံတို့၏ ဝင်ထွက်ရာ တံခါး ဖြစ်သောကြောင့် ဒွါရရုပ်မည်၏။ ကျန် ၂၁-ပါးသည် အဒွါရရုပ် မည်၏။

(၄)။ ဣန္ဒြိယ အနိန္ဒြိယရုပ်အားဖြင့် ပသာဒရုပ် ၅-ပါး ဘာဝရုပ် ၂-ပါး ဇီဝိတ ၁-ပါး ပေါင်း ၈-ပါးသည် မိမိဆိုင်ရာဆိုင်ရာ၌ အစိုးရမှု သဘောရှိသောကြောင့် ဣန္ဒြိယရုပ်ဟုခေါ်၏၊ ကျန်ရုပ် ၂၀-ပါးသည် အနိန္ဒြိယရုပ်မည်၏။

(၅)။ ဩဠာရိက သုခုမရုပ်အားဖြင့် ပသာဒရုပ် ၅-ပါး ဂေါစရရုပ် ၇-ပါး ပေါင်း ၁၂-ပါး ရုပ်တို့ကို ဉာဏ်ဖြင့်ကြည့်ရှု ထင်ရှားနိုင်သောကြောင့် ဩ

ဩဠာရိကရုပ်ကြမ်းမည်၏၊ ကျန်ရုပ် ၁၆-ပါးသည် သုခုမရုပ်မည်၏။ ထိုဩဠာရိကရုပ် ၁၂-ပါးကိုပင် ဉာဏ်ဖြင့် ယူရာ၌ ထင်လွယ် မြင်လွယ် သိလွယ် သောကြောင့် သန္တိကေ နီးသောရုပ် မည်၏၊ ကျန် သုခုမရုပ် ၁၆-ပါးသည် ဉာဏ်ဖြင့် မထင် လွယ်သောကြောင့် ဒူရေ အဝေးရုပ် မည်၏။ ထိုဩဠာရိကရုပ် ၁၂-ပါးကိုပင် အချင်းချင်းထိ ခိုက်မှုသဘောရှိသောကြောင့် သပ္ပဋိဃရုပ် မည် ၏။ ကျန်ရုပ် ၁၆-ပါးသည် အချင်းချင်း ထိခိုက် မှုသဘော မရှိသောကြောင့် အပ္ပဋိဃရုပ်မည်၏။

(၆)။ ဥပါဒိန္န အနုပါဒိန္နရုပ်အားဖြင့် သတ္တဝါတို့ချစ် ခင်တွယ်တာအပ်သော ကံကြောင့်ဖြစ်သော နိပ္ဖန္န ရုပ် ၁၈-ပါးသည် ဥပါဒိန္နရုပ် မည်၏၊ ကျန် အနိပ္ဖန္နရုပ် ၁၀-ပါးသည် စိတ် ဥတု အာဟာရ တို့ကြောင့် ဖြစ်သောကြောင့် အနုပါဒိန္နမည်၏။

(၇)။ သနိဒဿန အနိဒဿနရုပ်အားဖြင့် မျက်စိဖြင့် မြင်ကောင်းသော အရောင်အဆင်း ရုပ်တပါး ကို သနိဒဿနရုပ်မည်၏။ ကျန် ၂၇-ပါးရုပ်ကို အနိဒဿနရုပ်မည်၏။

(၈)။ ဂေါစရဂ္ဂါဟိက အဂေါစရဂ္ဂါဟိက ရုပ်အားဖြင့် ပသာဒရုပ် ၅-ပါးသည် အာရုံကို ဆွဲယူခြင်း သဘောရှိသောကြောင့် ဂေါစရဂ္ဂါဟိကရုပ် မည်

၏။ ကျန်ရုပ် ၂၃-ပါးသည် အာရုံကို ဆွဲယူခြင်း သဘော မရှိခလသောကြောင့် အဂေါစရဂ္ဂါဟိက ရုပ်မည်၏။

ဤတွင် အာရုံကို ဆွဲငင်ယူတတ်သော စက္ခုစသော ပသာဒရုပ် ၅-ပါးသည် အာရုံကို ဆွဲငင်ယူတတ်သော သဘောရှိသည်ကား မှန်၏။ သို့သော် အာရုံနှင့် ငြိထိမှုမရှိပဲ အာရုံကိုယူနိုင်သော ပသာဒ ၂-မျိုးရှိ၏။ ယင်းတို့မှာ မျက်စိနှင့် နားတို့ဖြစ်သည်။ မျက်စိအကြည်ရုပ်သည် မိမိမျက်လုံး၏ အဆင်းကိုမမြင်ပဲ အလှမ်းဝေးရာအရပ်၌ရှိသော အဆင်းကိုကား မြင်နိုင်၏။

ပြယုဂ်မှာ— မှန်နှင့်မျက်နှာ ကပ်လျက်ကြည့်သောအခါ မမြင်ရသကဲ့သို့တည်း။

ထို့အတူ နား သောတသည် သဒ္ဒ အသံကို အာကာသ အပေါက်ဟင်းလင်းရှိမှ ကြားရ၏။ နားနှင့်အသံ နီးကပ်ပိတ်ဆို့ထားလျှင် အာကာသ ဝင်ခွင့်မရှိ၍ နားသောတသည် သဒ္ဒါရုံ အသံရုပ်ကို မယူနိုင်ပေ။

ပြယုဂ်မှာ— နားကို အလုံ ပိတ်ထား၍ငင်း၊ တောင်ကြီး တံတိုင်းကြီး ကာရံ နေလျှင်ငင်း မကြားနိုင်သကဲ့သို့တည်း။

ထို့ကြောင့် ဤစက္ခုပသာဒ မျက်စိအကြည်ရုပ်နှင့် သောတပသာဒ နားအကြည်ရုပ်တို့သည်

အဆင်းနှင့် အသံတို့နှင့် နှီးကပ်ခြင်း၊ ထိငြိခြင်း မရှိပါမူ အာရုံကို ယူနိုင်သောကြောင့် ထိုရုပ် ၂-မျိုးကို အသမ္ပတ္တဂါဟကရုပ် မည်၏။ အာရုံနှင့် မထိမငြိဘဲယူနိုင်သည့်ရုပ် မည်၏၊

ဃာနပသာဒ ဂန္ဓာရုံ အနံ့ရုပ် ဇိဝှါပသာဒ ရသာရုံ အရသာရုပ် ကာယပသာဒ ဖောဋ္ဌဗ္ဗာရုံ တွေ့ထိရုပ် ၃-မျိုးကား အာရုံနှင့်ပသာဒရုပ် ထိငြိမှ အသိစိတ် ပေါ်နိုင်သောကြောင့် သမ္ပတ္တဂါဟက ရုပ်မည်သည်ဟူ၏။

(၉)၊ အဝိနိဗ္ဘောဂ ဝိနိဗ္ဘောဂ ရုပ်အားဖြင့် တမျိုးစီ တခုစီ ခွဲ၍မရကောင်း၊ တပေါင်းတည်းဖြစ်သော မဟာဘုတ် ၄-ပါးနှင့် ဝဏ္ဏ-အဆင်းဓာတ် ဂန္ဓ-အနံ့ဓာတ် ရသ-အရသာဓာတ် ဩဇ-အဆီအစေးဖြင့် ရုပ်ကိုပွားတိုးစေသော အာဟာရဓာတ် ရုပ်ဓာတ် ၈-ပါးသည် အဝိနိဗ္ဘောဂ ရုပ်မည်၏။ ကျန်ရုပ် ၂၀-ပါးသည် ခွဲခြား၍ ရကောင်း သောကြောင့် ဝိနိဗ္ဘောဂရုပ် မည်၏။

ဤသည်တို့ကား ရုပ် ၂၈-ပါးကို တမျိုးစီ တပါးစီ တပိုင်းစီ တပုံစီ ခွဲခြားဝေဖန်သော ရူပဝိဘာဂအပိုင်း အကျဉ်း ပြီးဆုံးပါသည်။

# ရုပ်ဖြစ်ကြောင်း

ရုပ်၏ အကြောင်း ရုပ်၏သဘော၊ ရုပ်၏ အရေ အတွက် ရုပ်ကိုခွဲခြားဝေဘန်ခြင်းစသည်တို့ကို သိလောက်ရုံအကျဉ်းဖေါ်ပြခဲ့သည်။ ယခုရုပ်ဖြစ်ကြောင်းကို ဆက်လက် ဖေါ်ပြပါမည်။

ဤနေရာ၌ ရုပ်ဖြစ်ကြောင်းကို ဘာ့ကြောင့် ဖော်ပြသနည်း။ ဆိုင်ရာ အကြောင်းရှိလျှင် လျော်သော အကျိုး ဖြစ်ပေါ်ခြင်း ဟူသော ဓမ္မနိယာမ ဓာတ်သဘောသည် ရှိသည်။ အကြောင်း အကျိုး စပ်နွယ်၍ နေသော သဘောသည် တခုတည်းသို့ ရှိနေပေသည်။ ဤသည်ကို အကြောင်းပြု၍ အချို့ ကေစိဝါဒီတို့သည် ဤသို့ ယူဆကြသည်။

"ရုပ်တို့ကိုစွဲ၍ စိတ်သည်ဖြစ်ပေါ်လာသည်။ ရုပ်သည် ပဌမဖြစ်၍ စိတ်သည်နောက်မှဖြစ်သော ဒုတိယအသွင်အပြင်ဖြစ်သည်။ ထို့ကြောင့် ရုပ်သာအဓိကဖြစ်သည်။ အရာရာတို့ကိုဆုံဖြတ်ရာ၌ ရုပ်ကိုသာ အဓိကထားရမည်" ဟူ၍ ဖြစ်သည်။

ဤ အကြောင်း အကျိုး တရား သဘောတို့၏ စပ်နွယ်ပုံကို အကြောင်း တခုတည်းဖြင့် တရားသေ စွဲမှတ်ယူ၍ မဖြစ်ပေ။ သဘောအားဖြင့် နည်းလေးမျိုးဖြင့် ပိုင်းခြား သိမှတ် ယူဆရပါသည်။ ယင်းသဘော နည်းလေးမျိုးမှာ– (၁)ဧကတ္တနည်း၊ (၂)နာနတ္တနည်း၊ (၃)အဗျာပါရနည်း၊ (၄)ဧဝံဓမ္မတာနည်း ဟူ၍ လေးမျိုးရှိပါသည်။

(၁) ဧကတ္တနည်းဆိုသည်မှာ– အကြောင်း အကျိုး နှစ်ပါးတို့၏ အကြောင်းအကျိုး ကိစ္စဖြင့် စပ်နွယ်နေသော သဘောတခုသည်ရှိ၏။ ထိုသို့အကြောင်းအကျိုး၂-ခုကို တခုတည်း ပေါင်းစပ် ယူဆသော နည်းကို ဧကတ္တ နည်းမျိုးဟု ဆိုသည်။

(၂) နာနတ္တနည်းကား အကြောင်းအကျိုးဖြင့် စပ်နွယ်နေကြသော်လည်း အကြောင်းနှင့် အကျိုး တို့သည် သဘာဝကိစ္စအားဖြင့် အသီးအခြားကွဲပြားလျက် ရှိနေသည်ဟု တမျိုးစီ တခြားစီ ယူဆသော သဘောကို နာနတ္တနည်းမျိုးဟု ဆိုသည်။

(ဆိုလိုသည်မှာ- ရုပ်တို့ကိုစွဲ၍ စိတ်ဖြစ်သည် မှန်သော်လည်း ရုပ်၏သဘောက အသီးအခြားရှိ၍ စိတ်ကလည်း သဘော အသီးအခြား ရှိနေသည်ဟု ဆိုလိုသည်။ ထို ရုပ်သဘောနှင့် စိတ်သဘောသည် မီး၏သဘာဝနှင့် ရေ၏ သဘာဝ ရောနှော၍ မရအပ်သကဲ့သို့ မည်သည့် နည်းနှင့်မျှ ရုပ်၏သဘောသည် စိတ်၏သဘော မဖြစ်

သကဲ့သို့ စိတ်၏သဘောသည်လည်း ရုပ်၏ သဘော မဖြစ်ဟု ခွဲခွဲခြားခြား ယူဆသောနည်းဖြစ်သည်။)

ဤသို့ရုပ်ကြောင့်စိတ်ဖြစ်သကဲ့သို့ စိတ်ကြောင့်လည်း ရုပ်ဖြစ်လေသည်။

(၃) အဗျာပါရနည်း ဆိုသည်ကား အကြောင်း အကျိုး တရားနှစ်ပါးတို့သည် စပ်နွယ်လျက်ရှိနေကြသော်လည်း တခုသော အကြောင်းတရားက အကျိုးတရားဖြစ်ပေါ် အောင် ကြောင့်ကြပြုမှုတစုံတရာ သတ္တိဗျာပါရမရှိပေ။ ထို့အတူ အကျိုးတရားကလည်း ဤအကြောင်း တရား ဖြစ်ပေါ်လာလျှင် ငါအကျိုးတရား ဖြစ်ပေါ် လိုက်မည် ဆိုသော ကြောင့်ကြ ပြုမှု တစုံတရာ သတ္တိ ဗျာပါရ မရှိသည့် သဘောကို အဗျာပါရ နည်းမျိုး ဟု ဆိုသည်။

(၄) ဓမ္မတာနည်း ဆိုသည်မှာ အကြောင်း အကျိုး နှစ်ပါးတို့သည် တပါး၏သဘောနှင့် တပါး၏သဘော သည် သတ္တိဗျာပါရ ကြောင့်ကြပြုမှု မရှိကြသော်လည်း ပေါက်လွှတ် တတ်တိုင်း ရောက်တတ် ရာ ရာ ဖြစ် ၍ နေကြသည်မဟုတ်ပါပေ။ သရက်မျိုးစေ့မှ သရက်ပင် ပေါက်သကဲ့သို့ လူမှ လူကလေးမွေးဖွားသကဲ့သို့၊ ခွေးမှ ခွေးကလေး မွေးသကဲ့သို့၊ မျောက်မှ မျောက်ကလေး မွေးသကဲ့သို့ အကြောင်း အခြေခံ အားလျော်စွာသာ လျှင် ထိုအကြောင်းခံနှင့် လျော်သော အကျိုးတရား

ဖြစ်ပေါ်လာရသည်ဟု ယူဆသောနည်းကို ခေါ်ဓမ္မတာနည်းမျိုးဟု ဆိုပါသည်။ အချို့က မြောက်မှ လူဖြစ်သည်ဟုဆိုသော် ဤအဆိုသည် ဝေယျာကာနည်း နှင့် မဆန့်ကျင်ပေဘူးလား။

ဆိုခဲ့ပါ ရုပ်နှင့် စိတ်တို့သည် သက်ဆိုင်သဘောအားဖြင့် အခါးအခြားစီ ဖြစ်နေကြသော်လည်း ခန္ဓာငါးပါးရှိသော လူစသော သတ္တဝါတို့မှာမူ တမျိုးနှင့်တမျိုးသည် အမှီပြုနေပါသည်၊

ဥပမာ- ကူးတို့သမားနှင့် လှေကဲ့သို့ဖြစ်သည်။ ကူးတို့သမားသည် ဤမှာဘက်ကမ်းမှ ဟိုမှာဘက်ကမ်းသို့ လှေကိုမှီ၍ မြစ်ကို ဖြတ်ကူးသွားသကဲ့သို့တည်း။ ထို့အတူ လှေသည်လည်း ကူးတို့သမားကိုမှီ၍ မြစ်ကို ဖြတ်ကူးသွားသကဲ့သို့ဖြစ်သည်၊

ဆိုလိုသည်မှာ ရုပ်အပေါင်းကိုမှီ၍ စိတ်အပေါင်းဖြစ်သကဲ့သို့ စိတ်အပေါင်းကို မှီ၍ ရုပ်အပေါင်း ဖြစ်သည်ဟု ဆိုလိုပါသည်။

သို့ကြောင့် ကူးတို့သမားသည်ရင်း၊ လှေသည်ရင်း၊ ထိုလူတို့နှင့် လှေနှစ်ပါးစုံတို့သည် အချင်းချင်းမှီကြကုန်၍ မြစ်ကိုဖြတ်သန်းကူးသွားသကဲ့သို့ ဤအတူ ရုပ်သည်ရင်း၊ စိတ်သည်ရင်း နှစ်ပါးစုံတို့သည် အညောညနိဿယဘာ အချင်းချင်းမှီ၍ ဖြစ်နေကြသည်။ ဤသည်တို့မှာ မျက်မြင်ကိုယ်တွေ့ဖြစ်သည်။

## ဆင့်ကဲဖြစ်စဉ်

ယခုရုပ်ဖြစ်ကြောင်း မပေါ်ပြီမီ ရုပ်ဆိုသည်မှာ ဘာလဲဟု စိစစ်ရန်လိုသည်။ ရုပ်ဆိုသည်မှာ- စိတ်၊ စေတသိက်တို့၏ ပျောက်မှေ့ရာ၊ ဆွဲငင်ရာ၊ သိစရာဟူ၍ရင်း၊ တနည်းရုပ်ဆိုသည်မှာ အပူချိန်

ကိုပြသောပြဒါးတိုင်ကဲ့သို့ စိတ်၊စေတသိက်တို့၏သဘောလက္ခဏာ ကို အဆင်းအားဖြင့်ထင်ရှားပြတတ်၏။ ထိုရုပ်သည် အပူ၊အအေး စသော ဆန့်ကျင်ဘက် တရားတို့ကြောင့် ဖောက်ပြန်တတ်သည်၊ ရှေ့-နောက်မတူ ပြောင်းလဲတတ်သည်ဟု ဆိုခဲ့ပါသည်။

သို့ ဖောက်ပြန် ပြောင်းလဲသည့်ရုပ် ဆိုသည်မှာ အဘယ်နည်း ဟူမူ မိမိ၏သဘောကိုဆောင်တတ်သော ဓာတု၊ အကျဉ်းအားဖြင့် ဓာတ်ရှစ်ပါး အပေါင်းအဖွဲ့ အစည်း စသည်များကို ရုပ်ဟုခေါ်သည်ဟု ဖြေရပေမည်။ ယင်းဓာတ်ရှစ်ပါးသဘော ဆိုသည်မှာ အဘယ်နည်း—

၁။ ပထဝီဓာတု— မြေဓာတ်
၂။ အာပေါဓာတု— ရေဓာတ်
၃။ တေဇောဓာတု— မီးဓာတ်-အငွေ့ ဥတုဓာတ်
၄။ ဝါယောဓာတု— လေ ဓာတ်
၅။ ဝဏ္ဏဓာတု— အဆင်းဓာတ်
၆။ ဂန္ဓဓာတု အနံ့ဓာတ်
၇။ ရသဓာတု - အရသာဓာတ်
၈။ ဩဇာဓာတု- ပွားများမှုကိုဆောင်သော အဆီ အစေးအာဟာရဓာတ်တို့ ဖြစ်ကြပါသည်။

ထိုဓာတ်ရှစ်ပါး၏ သဘော ဆိုသည်မှာ အမာခံ အတည်တြပ် ဒုံဟန်သဏ္ဍာန်မရှိပါ။ ကြိယာ အခြင်းအရာမျှသာ ရှိပါသည်။ သို့အခြင်းအရာ ရှိသည်ကို သဘောဟု ဆိုပါသည်။

ဤသဘောကို အဘယ်သို့ သိနိုင်ပါသနည်း ဟူမူ ထိုဓာတ်သဘော တခုစီတို့၌ ကိုယ်စီပိုင်သသော အခြင်းအရာ၏ သဘာဝလက္ခဏာ အမှတ်အသားများ ရှိကြပါသည်။

၁။ ပထဝီလက္ခဏာ   ခက်မာမှု၊ နူးညံ့မှု
၂။ အာပေါလက္ခဏာ ဖွဲ့စည်းမှု၊ ယိုစီးမှု
၃။ တေဇောလက္ခဏာ ရင့်ကျက် ပွားစည်းမှု(ပူမှု-အေးမှု)
၄။ ဝါယောလက္ခဏာ ထောက်ကန်မှု၊ လှုပ်ရှားစေမှု
၅။ ဝဏ္ဏလက္ခဏာ   မျက်စိအကြည်၌ထင်မှုအဆင်းရောင်
၆။ ဂန္ဓလက္ခဏာ   နှာခေါင်းအကြည်၌ထင်မှု အနံ့
၇။ ရသလက္ခဏာ   လျှာအကြည်၌ ထင်မှု အရသာ
၈။ ဩဇာလက္ခဏာ   ကိုယ်အကြည်၌ ပွါးမှုတိုးမှု

တို့ကို ကိုယ်စီဆောင်နေကြပါသည်။

ထိုဓာတ်ရှစ်ပါးသည် နေရာတိုင်းတို့၌ မခွကမကွာ တပေါင်းတစည်းတည်း စုပေါင်းနေသောကြောင့် ယင်းဓာတ်ရှစ်ပါး အစုကို အဝိနိဗ္ဘောဂရုပ်ဟု ခေါ်သည်။ ထိုရုပ်ဓာတ် ရှစ်ခုကို ရုပ်ကလာပ်တခုဟုလည်းဆိုသည်၊ ထိုဓာတ်ရှစ်ပါး ရုပ်ကလာပ်တခုကို လူ့မျက်စိ၊ နတ်မျက်စိ ဆိုဆို ဖြစ်သော (အယ်လ်သရှန်ခိုင်ကရိုစကုပ်-မှန်ပြောင်း)နှင့်ကား မြင်နိုင်ကောင်း၏ဟု မှန်းဆရ၏၊ သို့သော် ထူးသောဥာဏ်မျက်စိဖြင့်ကား မြင်နိုင်ပေသည်။

ဤသို့ မမြင်နိုင်စွမ်းသော ဓာတ်ရှစ်ပါး ရုပ်ကလာပ် တခုကို မည်သို့သိနိုင်ပါသနည်းဟူမူ ထိုဓာတ်ရှစ်ပါးရုပ်ကလာပ် တစည်း၌ သာမညလက္ခဏာခေါ်သည့် ဖြေသောဖြစ်ပျက်နေသည့် အမှတ်အသားရှိသည်။ ယင်းအမှတ်အသားဖြင့်သိနိုင်ပေသည်။ ဤရုပ်

ရှစ်ပါး အပေါင်း၏ သာမညလက္ခဏာ အမှတ်အသားသည် ဖြစ်ပျက် ပြောင်းလဲနေသော်လည်း ဓာတ်ရှစ်ပါးတို့၏ တမျိုးတည်းစိုပိုင်သသော သဘာဝ လက္ခဏာ မှာကား ဘယ်အခါမှ မပြောင်းလဲဟု မှတ်ရာပါသည်။

ဥပမာ– ပထဝီပိုင်သသော ခက်မာမှု လက္ခဏာမှ အာပေါ စသော ဖွဲ့စည်းမှု၊ ရင့်ကျက်မှု၊ ထောက်ကန့်မှု လက္ခဏာတို့သို့ မပြောင်းသကဲ့သို့ဖြစ်သည်။ အခြား အာပေါ၊တေဇော၊ဝါယော တို့သည်လည်း ထို့အတူ မိမိသဘောမှ မပြောင်းကြပေ။

ဆိုခဲ့ပါ ဓာတ်ရှစ်ပါးရုပ်ကလာပ်တခုစီ သိန်းသန်းပေါင်းများစွာ စုပေါင်းမိသည့်အခါ ပရမာအဏုမြူရုပ် ဖြစ်လာသည်။ ထိုမှ ၃၆ ခုပေါင်းမိသော် အဏုမြူရုပ်ဖြစ်လာသည်။ ထိုမှ ၃၆ ခုပေါင်းမိသော် တဇ္ဇာရီမြူရုပ် ဖြစ်လာသည်။ ထိုမြူမှ ၃၆ ခု ပေါင်းမိသော် ရထရေမြူရုပ်ဖြစ်လာသည်။ ထိုမှ အဆင့်ဆင့်တက်သော် အစိုင်အခဲသဏ္ဌာန် အမျိုးမျိုးတို့သည် အကြီး၊ အငယ်၊ အရှယ်၊ အစားအလိုက် ထင်ရှားသော ရုပ်ဒြပ်များ ဖြစ်လာကြပေသည်။

ဥပမာ-သဲပွင့်ကလေးများ ဖွဲ့စည်း ပေါင်းစပ် မိသည့်အခါ သဲသောင်ပြင်ကြီးကဲ့သို့၎င်း၊ မြေအမှုန့်ကလေးများ စုစည်းပေါင်းမိသောအခါ ကမ်းပါးကြီး၊ ဘောင်တန်းကြီး၊ တောင်ကုန်းကြီးကဲ့သို့၎င်း "ဆင့်ကဲဖြစ်စဉ်"အရ ပွားများဖြစ်ပေါ်လာပေသည်။

ရုပ်၏ ဆင့်ကဲဖြစ်စဉ် ကိုဖော်ပြပြီးနောက် ယခု ရုပ်၏ဖြစ်ကြောင်းကို ဖော်ပြပါမည်၊ ရုပ်ဆိုသည်မှာ မိုးရေလိုမိုးပေါ်က ကျလာသည်ဟုဆိုလျှင် သိပ္ပံပညာ အဘိဓမ္မာသစ်ပညာတို့ တိုးတက်နေသော မျက်မှောက်ခေတ်မှာ လက်ခံကြမည် မဟုတ်ပေ။ အချို့ကေစိဝါဒီတို့သည် ရုပ်ဆိုသည်မှာ မြင်မြင်သမျှသည်ရှင်ဖြစ်

သည်ဆိုတိုင်း နောက်ယောင်လိုက်၍ ဆိုနေကြသည်။ ဤအဆို
သည် သဘာဝမကျချေ။ သို့ကြောင့် ဗုဒ္ဓမြတ်စွာက ကေသမုတ္တိ
သုတ္တ အင်္ဂုတ္တရနိကာယ၌-

၁။ အသိဉာဏ်ကိုအသုံးမပြုဘဲ ထမလုပ်နှင့်

၂။ ကောင်းကောင်း မကောင်းကောင်း ရှေးဟောင်းစနစ်
ဆိုပြီးလဲမလုပ်နှင့်

၃။ စာအုပ်ကြီးအတိုင်းလည်းမလုပ်နှင့်

၄။ စိတ်ကူးယဉ်ပြီး စိမ်ကိန်းမချနှင့်

၅။ ပြဿနာ၏ အခြေမခံဘဲ ကိုယ်ဆင်ရာ ထမလုပ်နှင့်


၆။ ပုဂ္ဂိုလ်ခင်လို့ တရားမင်တာမျိုးလဲမဖြစ်စေနှင့်

၇။ တရားဒေသာ ဝါဒမျိုးကိုလည်း မကျင့်သုံးနှင့်

စသည်တို့ဖြစ်သည်။

ထို့ကြောင့် ရုပ်ဟူသည် အဘယ်အကြောင်းကြောင့်ဖြစ်ပေါ်လာရသနည်းဆိုသည်ကို စိစစ်ကြရပါမူ ရုပ်ဟူသည် အောက်ပါပုံစံအတိုင်း ကံ-စိတ်-ဥတု-အာဟာရ ဟူသော အကြောင်းလေးပါးကြောင့် ဖြစ်ပေါ်ရပေသည်။

အကြောင်းလေးပါးကြောင့်ဖြစ်သောရုပ်များ



တဖက်တွင်ဖော်ပြပါ ပုံစံကိုကြည့်လျှင် ခေတ်ကိုးပါးပါသော ရုပ်ကလာပ်တစည်းနှင့် ခေတ်ရှစ်ပါး ပါသော ရုပ်ကလာပ်သုံးစည်း ပေါင်းကလာပ်လေးစည်းကို ဦးစွာတွေ့ရပေမည်။

ရုပ်ကိုဖြစ်စေသော ကံ-စိတ်-ဥတု-အာဟာရ အကြောင်းလေးပါးရှိသည့်အနက် ကံအကြောင်းဖြစ်သည့် ရုပ်ကလာပ်စည်း၌ ဘာကြောင့် ဇီဝိတဆိုသော ရုပ်ခေတ်တခု ပိုနေရသနည်း ဟူမူ အကြောင်းလေးပါးရှိသည့်အနက် ကံသည် အကြောင်းရင်းပင်မ ဖြစ်သည်။ ယင်းကံသည် ရုပ်ကိုဖြစ်စေသည့်ကိစ္စ ပြီးသည့်နောက် ချုပ်ဆုံးသွားလေသည်။ ထိုကံကြောင့်ဖြစ်သော ရုပ်စည်တို့ကို စောင့်ရှောက်ဖို့အတွက် ဇီဝိတရုပ်ခေတ်တခုသည် ဓမ္မနိယာမအား ဖြင့်ရှိနေရသည်။ ယင်းဇီဝိတရုပ်ကိုပင် ရုပ်တို့၏အသက်ဟု ခေါ်ရသည်။

ထို့ကြောင့် ကံကြောင့်ဖြစ်သော ပသာဒရုပ် ၅ ဘာဝရုပ် ၂ ဝတ္ထုရုပ် ၁- စသည်တို့သည် ဇီဝိတလျှင် ၉ ခုရှိသော ရုပ်တို့နှင့် ပေါင်းစည်းလျက် မကွမကွာ ဖြစ်ပေါ်နေကြသည်။ ဤသည်ကိုထောက်ရှုလျှင် ကံကြောင့်ဖြစ်သော ယင်းဇီဝိတ ရုပ်ခေတ်သည်ပင်လျှင် ကံကြောင့်ဖြစ်သော အခြားရုပ်များကို ကံအရှိန် ရှိသမျှ စောင့်ရှောက်ပေးနေရသော ရုပ်ဖြစ်နေသည်ကို တွေ့ရပေသည်။ သို့ကြောင့် ဤဇီဝိတရုပ်ကိုပင် ကံကြောင့်ဖြစ်သော ရုပ်အပေါင်းတို့၏ အသက်ဟုခေါ်ကြရပေသည်။

(ဤသည်တို့ကား အဓိပ္ပာယ် ရှင်းလင်းချက်တည်း)။

သို့ဖြင့်ရုပ်တို့ကိုဖြစ်စေသော ကံတရားသည် ရှိပါသလောဟူမူ ရှိသည်ဟုဖြေရပေမည်။ ယင်းကံသည် အဘယ်နည်းဟူမူ ကံဟူ

သည်ကိုမဖြေဆိုမီ ကျုပ်တို့သည် မျက်မှောက်လောက၌ စားချင်သည်၊ အိပ်ချင်သည်၊ ကြည့်ချင်သည်၊ သွားချင်သည်၊ လာချင်သည်စသော ပြုလုပ်ချင်သည့် ကြိယာစိတ်တို့ ဖြစ်ပေါ်ဘူးကြပေသည်။

ဤသို့ စားချင်သည်စသော ပြုလုပ်ချင်သည့် ကြိယာစိတ်တို့ကြောင့် စားစရာရှိသူသည် စားရန်ပြင်ဆင်၍ ထို့နောက်အလုပ်အလေ့ပြုကာစားပေမည်။ ဤနည်းတူ ပထမတစ်ခုကို ပြုလုပ်ချင်စိတ်ဖြစ်ပေါ်၍ ဒုတိယပြုလုပ်ချင်သည့်စိတ် အားလျော်စွာ ပြင်ဆင်မှုပြုပြီးလျှင် တတိယ၌ကား ပြင်ဆင်ပြီးသည့်အလျောက် ကိုယ်ထိလက်ရောက် အမှုကိစ္စတို့ကို ပြုလုပ်သည်များ ရှိကြပေသည်။

လူ့လောက၌ အမှုကိစ္စ လုပ်ကြရာတွင် အောက်ပါတရားသုံးပါးတို့သည် သဘောအားဖြင့် ထင်ရှားရှိပေသည်။

၁။ စေတနာ- ကိုယ်အမှုအရာ၊ နှုတ်အမှုအရာ၊ စိတ်အမှုအရာတို့ကို လှုပ်ရှားလာအောင် လှုံ့ဆော်ပေးတတ်သောသဘောသည်ရှိ၏။

၂။ သင်္ခါရ- ကိုယ်အမှုအရာ၊ နှုတ်အမှုအရာ၊ စိတ်အမှုအရာတို့ လှုပ်ရှားပြီး ပြုစီမံတတ်မှုသဘောသည်ရှိ၏။

၃။ ကမ္မ-ကိုယ်အမှုအရာ၊ နှုတ်အမှုအရာ၊ စိတ်အမှုအရာတို့ လှုပ်ရှားလာလျက် အမှုကိစ္စကို ကိုယ်ထိလက်ရောက် ပြုလုပ်တတ်မှုသဘောသည် ထင်ရှားရှိပေသည်။

ဤစကားသုံးရပ်သည် အသံကွဲကြသော်လည်း မူရင်းအခြေခံ သဘောမှာ အတူတူပင်ဖြစ်ကြသည်။ သို့ဖြင့် မူရင်း အခြေခံ ဖြစ်သော စေတနာကို (ကံ)ဟူ၍ မြတ်ဗုဒ္ဓဟောခဲ့ လေသည်။

ဆိုခဲ့ပါသဘောတရားသည် သတ္တလောကသားတို့ သန္တာန်၌ ထင်ရှားသော တရားများဖြစ်ကြသည်။ သို့ဖြင့် လူ့လောက၌ သုံးနှုန်းပြောဆို နေကြသော ကမ္မကံ တရားဆိုသည်မှာ အဘယ် နည်းဟူသော အမေးကိုဖြေဆိုရလျှင် ကံဆိုသည်မှာ အခြား မဟုတ် သတ္တဝါတို့သန္တာန်၌ ကောင်းမှုကို ပြုလုပ်လိုသော စိတ် စေတနာနှင့် မကောင်းမှုကို ပြုလုပ်လိုသော စိတ်စေတနာတို့ အလျောက် ပြုလုပ်လိုသည်တို့ကို ပြုလုပ်ရန်စီမံခြင်း၊ ကိုယ်-နှုတ် နှလုံး သုံးပါးလုံးတို့ဖြင့် ကိုယ်ထိလက်ရောက် ပြုလုပ်ခြင်းတို့၏ အရင်းမူလအခြေခံဖြစ်သော စေတနာကို ကံဟူ၍ခေါ်ပေသည်။

ဆိုခဲ့သော စေတနာကံဆိုသည်မှာ ရှိလေသလောဟူမူ ရှိသည် ဟု ဖြေရပေမည်။ အကြောင်းကား မြတ်ဗုဒ္ဓ၏ တရားတော်များ သည်သန္ဒိဋ္ဌိကော ကိုယ်တိုင်ရှုမြင်အပ်သော တရားတော်များဖြစ် သောကြောင့်တည်း။

ထိုကံသည် အဘယ်နည်း။ ထိုကံဆိုသည်မှာ အထက်၌ ဖော် ပြခဲ့သော ကောင်းမှုကိုပြုသော ကုသိုလ်စေတနာနှင့် မကောင်း မှုကိုပြုသော အကုသိုလ်စေတနာတို့ကိုဆို၏။

ထိုစေတနာကံ တမျိုးမျိုးကို ပြုလုပ်လိုက်သောအခါ ထိုပြုသူ ၏ စိတ်သန္တာန်၌ အခိုက်အတန့် ဥပါးသည် အောက်ပါအတိုင်း ဖြစ်ပေါ်လာ၏။

(၁) စေတနာအခိုက်အတန့်တပါး။

(၂) ပရိယုဋ္ဌာန်အခိုက်အတန့်တပါး။

(၃) ကမ္မပစ္စယအခိုက်အတန့် တပါး ဤ (၃) ပါးဖြစ်၏၊

(က) စေတနာ အခိုက်အတန့် ဆိုသည်ကား ဤ-ဘာဝနာကို ပြုရာ၌ ပြုလုပ်ခြင်းစသော အမှုကို ပြုဆဲ အခိုက်သည် စေတနာ အခိုက်အတန့်မည်၏။

(ခ) ပရိယုဋ္ဌာန် အခိုက်အတန့် ဆိုသည်ကား ပြုလုပ်ခြင်းစေတနာချုပ်ပြီးသည်နောက် ထိုသူ၏စိတ်သန္တာန်မှာ ထိုအမှု အတွက် နှင့် လှုပ်ရှားနေရစ်သော အခိုက်အတန့်သည် ပရိယုဋ္ဌာန် အခိုက်အတန့်မည်ပေသည်။

(ဂ) ကမ္မပစ္စယ အခိုက်အတန့် ဟူသည်ကား ထိုလှုပ်ရှားမှု ပျောက်ချုပ် ငြိမ်းသည်မှ နောက်၌လည်း အခွင့်သာရာ၌ အကျိုးပေးရန် ထိုသူ၏ သတ္တိသည် မျိုးစေ့ ပမာ မြေ ရေဟူသောအကြောင်းညီလျှင် အပင်ပေါက်သကဲ့သို့ ထိုသူ၏ ဖြစ်လေ ရာရာ၌ အစဉ်ပါ၍ နေ၏။ ထိုပါရှိ၍ နေသော ကမ္မသတ္တိသည် ကမ္မပစ္စယ အခိုက်အတန့်မည်သည် ဟူ၏။

ပမာဆောင်သော် မောင်ဘသည် မောင်လှကို ဓားဖြင့်ခုတ်၍ သေအောင်သတ်လိုက်၏။ ထိုသို့ သတ်သောအမှုကို ပြုရာ၌ သက်သေခံ ဓားဖြင့်ခုတ်ခြင်း အစရှိသော အမှုကို ပြုဆဲအခိုက်အတန့်သည် စေတနာအခိုက်အတန့် မည်လေသည်။

မောင်ဘသည် ဤသို့ ဓားဖြင့်ခုတ်သတ်ပြီးသည့်နောက် ထိုလူသတ်မှုအတွက်နှင့် ငါ့အား ရဲအဖွဲ့က ပမ်းတော့အံ့၊ တရားရုံးမှ သေစားသေစေဟု အမိန့်ချမှာပါတကား၊ ငါသေစားသေရမှာပါတကားဟု မောင်ဘ၏ စိတ်သန္တာန်မှာ လှုပ်ရှားလျက်နေရစ်သည်ကို ပရိယုဋ္ဌာန် အခိုက်အတန့်ဟု ဆိုသည်။ တဖန်မောင်ဘသည် လူသတ်မှုအတွက်နှင့်လွတ်ရာလွတ်ကြောင်း ဝါရမ်းပြေး အဖြစ်နှင့် ပြေးမည်ဆိုပြီး ပြေးပါသော်လည်း မောင်ဘ၏နောက်သို့ (၃၀၂) လူသတ်သည့် အမှုအခင်းသည် အစဉ်လိုက်နေသကဲ့သို့ လိုက်နေ၏။ ဤသို့ မောင်ဘနောက်သို့ အမှုလိုက်၍ အမှု ပေါ်သောအခါ အမှုအလျောက် သေစား သေစေ အမိန့်ချဘို့ ရဲအဖွဲ့က အစဉ်လိုက်နေသည်နှင့် ကမ္မပစ္စယ-အခိုက်အတန့် တူသည်ဟူ၏။

ဤသည်တို့ကား ကံ-တခုခုကိုလုပ်မိသော် ဖြစ်ရမည့်အကြောင်း သို့မဟုတ် ဖြစ်နေသည့်အခိုက်အတန့် ၃-ပါး ဖြစ်လေသည်။

သို့ကြောင့် စေတနာအလျောက် ကံမြောက်အောင် ပြုလုပ်ပြီးခဲ့သော် အကြောင်းရှိလျှင် အကျိုးပေါ်ရ၏။ ပေါ်ပုံမှာ နွား၏ခြေရာနောက်သို့ လှည်းဘီးသည် တကောက်ကောက်လိုက်ရသကဲ့သို့ ကံ ကိုလုပ်ပြီးလျှင် ကံ ၏အကျိုးသည်လည်း ဖြစ်ပေါ်ရစမြဲပင်။ ထို-ကံ-အလုပ်၏အကျိုးသည် ငြုတ်သီးစားသလို ခုစား-

ခုစပ်တာမျိုးလည်းရှိ၍ နောင်အကြောင်း ပြည့်စုံမှ အကျိုးပေးသောအလုပ် ကံ၏သတ္တိသဘောလည်း ရှိပေသည်။ ကံ၏သတ္တိသဘောဆိုသည်မှာ အစေ့၌ပါသော မျိုးဓါတ်နှင့်တူပေသည်။ ယင်းမျိုးဓါတ်သည် အပင်ပေါက်နိုင်သော်လည်း မြေရေ စသော အကြောင်းပြည့်စုံမှ အပင်ပေါက်ရောက်သကဲ့သို့ ဖြစ်သည်။

ထို့ပြင် လောက၌ အပြစ်ကင်းသော ကောင်းမှုကုသိုလ်ကံ အလုပ်သည် ရှိ၏။ ထို့အတူ အပြစ်မကင်းသော မကောင်းမှု အကုသိုလ်ကံ အလုပ်သည်လည်း သဘောအားဖြင့် ထင်ရှားရှိပေသည်။

အပြစ်ကင်းသော ကောင်းမှုကုသိုလ်ကံ အလုပ်ကို ပြုလုပ်သူသည် ကိုယ်နှုတ်နှလုံး သုံးပါးလုံးတို့၌ ဒိဋ္ဌချမ်းမြေ့သောသုခကို ခံစားကြရ၏။ အပြစ်မကင်းသော မကောင်းမှု အကုသိုလ်ကံ အလုပ်ကို ပြုလုပ်သူအား ကိုယ်နှုတ်နှလုံး သုံးပါးလုံးတို့၌ မကြည်မသာ မချမ်းမမြေ့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခြင်း စသည်တို့ကို မလွဲမသွေ ခံစားနေကြရသည်။

ပြယုဂ်မှာ— လူသတ်ပြီး ဝါရမ်းပြေးသူ ကဲ့သို့တည်း။

သတ္တဝါတို့၌ ကောင်းကျိုး ဆိုးပြစ်တို့ကို ခံစားကြဘို့ရာ တင်ကူးတယောက်က (တိတ်ရကော်ဒါ) ကဲ့သို့ ကောင်းမှု အလုပ်ကံကိုသော်၎င်း၊ မကောင်းမှု အလုပ်ကံကိုသော်၎င်း ပြုလုပ်သည်တို့ကို ဖမ်းယူ မှတ်သားထားခြင်း မရှိ။ သို့သော် ထိုသူတို့၌ တစုံတခုသော ကောင်းကျိုး ဆိုးပြစ်တို့ကို ထိုက်သင့်သလို ပေးစွမ်းနိုင်သော ကမ္မသတ္တိသည် ကမ္မနိယာမအားဖြင့် အမှုကိစ္စကို ဆောင်လျက်ရှိ၏။

ကံတရားတို့၌ရှိသော နိယာမစွမ်းရည် တရားများမှာ....

၁။ ဖြစ်စေခြင်း ဇနကကံ

၂။ ထောက်ပံ့ခြင်း ဥပတ္ထမ္ဘကကံ

၃။ နှိပ်စက်ခြင်း ဥပပီဠကကံ

၄။ သတ်ဖြတ်ခြင်း ဥပဃာတကကံ တို့ ဖြစ်ကြသည်။

(က) ဖြစ်စေခြင်း ဇနကကံ ဆိုသည်မှာ ပြုလုပ်ခဲ့သော ကောင်းမှု ကုသိုလ်စေတနာ မကောင်းမှု အကုသိုလ် စေတနာ အလုပ်ကံတို့သည် ပဋိသန္ဓေအခါ၌ ဖြစ်စေ ပဝတ္တိ (မျက်မှောက်) အခါ၌ဖြစ်စေ အကျိုးဝိပါက် ဖြစ်သော စိတ်စေတသိက်နှင့် ကံကြောင့်ဖြစ်သော ရုပ်၊ ကံအရင်းခံရှိသော ဥတုကြောင့်ဖြစ်သော ရုပ် တို့ကို ထိုက်သင့်သလို ဖြစ်စေနိုင်သည်။ ယင်းသို့ နောင်အကျိုးဝိပါက်ကို ဖြစ်စေနိုင်သော၊ ဘဝသစ် ကို ဖြစ်စေနိုင်သောကံကို "ဇနက" ကံဟု ခေါ်သည်။

(ခ) ထောက်ပံ့ခြင်း ဥပတ္ထမ္ဘကကံ ဆိုသည်ကား ကိုယ်တိုင်ကား အကျိုးမပေးနိုင်။ တပါးသော ကံအကျိုး ပေးခွင့်ရအောင် အကျိုးပေးသန်အောင် အကျိုးပေး တာရှည်အောင် အကျိုးပေး ပွားဖြိုးအောင် ကုသိုလ် အရာမှာဖြစ်စေ အကုသိုလ်အရာမှာဖြစ်စေ လျော်စွာ ထောက်ပံ့ကူညီတတ်သောကံကို ဥပတ္ထမ္ဘကကံဟုခေါ် သည်။

(ဂ) နိုပ်စက်ခြင်း ဥပပီဠကကံ ဆိုသည်မှာ တပါးသောကံ အကျိုးပေးခွင့် မရအောင် အခွင့် ရပြန်လျှင်လည်း အကျိုးပေးမသန်အောင် ရပြီးသောအကျိုးကိုလည်း မပြီးအောင် ကပ်၍ နှိပ်စက်တတ်သောကံကို ဥပပီဠကကံဟု ခေါ်သည်။

(ဃ) သတ်ဖြတ်ခြင်း ဥပဃာတကကံ ဆိုသည်ကား နှိပ်စက်ရုံတွင်မက တပါးသောကံကို လုံးဝအကျိုးမပေးနိုင်အောင် ပေးပြီးသော အကျိုးကိုလည်း ပြတ်သွားအောင် သတ်ဖြတ်သောကံကို ဥပဃာတကကံဟု ခေါ်သည်။

ဤကမ္မနိယာမ ၄-ပါးသည် သတ္တဝါတို့အား လျော်ကန်သလို အကျိုးအပြစ်ကို ဖန်တီးပေးနေသည်မှာ ရံဖန်ရံခါ အံ့ဩဘွယ်ရာပင် တွေ့ကြုံရပေသည်။

သို့ကြောင့် မြတ်ဗုဒ္ဓ၏ အဘိဓမ္မာပညာ၌ ကမ္မသဘာဝကို ဟောကြားခဲ့သည်မှာ အလုံးစုံသော သတ္တဝါတို့သည် အတိတ်ပစ္စုပ္ပန် နှစ်တန်တို့၌ လုပ်ခဲ့သော လုပ်အားကံသာလျှင် ဥစ္စာရှင်၏၊ အမွေခံယူရန်ရှင်၏၊ အကြောင်းရင်းရှင်၏၊ အဆွေ အမျိုး ရှင်၏၊ အားကိုးရာရှင်၏ပင် ဖြစ်သည်။

ထို့အပြင် လောက၌ မြတ်သောအဖြစ် ယုတ်သောအဖြစ်သည် ထင်ရှားရှိ၏။ အလုံးစုံသော သတ္တဝါတို့သည် မိမိတို့၏ အတိတ်ပစ္စုပ္ပန် နှစ်တန်သော လုပ်အားကံအလျောက် အမြင့်အနိမ့်၊ အတက်အကျ၊ အလှမလှ ဥာဏ်အထက်အနိမ့် စသည်တို့

ကို မည်သူမျှ မဖန်တီးရပဲ မိမိတို့၏ လုပ်အားကံ-ကာသာ ဖန်တီးသည်ဟု ဟောခဲ့ပေသည်။

ထို့အတူ သိပ္ပံနည်းကျကျ တွေးခေါ်မြော်မြင်ရေး ပညာရှင်ကြီးများဖြစ်သော ကာလ်မာက်စ် အိန်ဂျယ်တို့သည် သူတို့၏ အနုပဋိလောမ သဘောတရားရေးကျမ်း၌ "အလုပ်သည် လူကို ဖန်တီးသည်"ဟု ရေးသားခဲ့ခြင်းသည် ဗုဒ္ဓအဘိဓမ္မာပညာမှ ကမ္မဝါဒကို ကြားဘူး၍လောမသိ အနှစ်သာရခြင်းမှာကား တူညီနေသည်ကို တွေ့ရလေသည်။

သို့မဟုတ် ဗုဒ္ဓအဘိဓမ္မာပညာမှထုတ်နုတ်၍ ပြောဆိုရေးသားခဲ့သည်လည်းဖြစ်နိုင်ဖွယ်ရာရှိသည်။ အကြောင်းကား ၁၈-ရာစုနှစ် မကုန်မီ ဂျာမန်ပညာရှိကြီးများ ရေးသားကြသော သဘာဝတ္တဗေဒပညာများသည် ဗုဒ္ဓအဘိဓမ္မာပညာ သဘာဝ တရားများ၏ အရင်းခံအယူအဆများကို တွေ့ကြရပေမည်။ ထိုပညာရှင်များ၏ အဆက်ဖြစ်သော (ကန့်-KANT) (ဖစ်ချ် FICHTE) (ဟီဂဲ HEGEL)တို့ ရေးသောစာအုပ်များ၌သည်း တွေ့ရှိနိုင်ပေသည်။

ထို့နောက်ဂျာမန်ပညာရှိကြီး (ရှိုပင်ဟောယား SHPEN-HAUER) သည် "စိတ်တန်ခိုးနှင့် အယူအဆ ပြဋ္ဌာန်းသော ကမ္ဘာ လောကကြီး" (THE WORLD WILL AND IDEA)ဟူသော စာအုပ်ဖြင့် ကမ္ဘာတခုလုံးကို ဂယက်ရိုက်စေခဲ့လေသည်။ ယင်းစာအုပ်ကို ပညာရှင် (ဂျော့ဂရင်GEORGE GRIMM)က အကောင်းဆုံးသော ဗုဒ္ဓဝါဒ၏ ဋီကာကျမ်းကြီး အဖြစ်ထောက်ခံခဲ့လေသည်။

သို့သော် ရှိုပင်ဟောယားသည် သူ၏အယူအဆနှင့် ဗုဒ္ဓဝါဒ တူညီကြောင်းကို သေခါနီးမှာ ထုတ်ဖော်ဝန်ခံသော်လည်း ဗုဒ္ဓ

ဝါဒမှ ရသည်ကိုကား ငြင်းဆိုခဲ့လေသည်။ သို့ရာတွင် ၎င်းသေဆုံး ပြီးနောက် ၎င်း၏စာကြည့်ခန်းထဲမှ ဗုဒ္ဓအဘိဓမ္မာပညာ ကျမ်းစာ များကိုတွေ့ရှိရပေသည်။

သို့ကြောင့် ၁၉-ရာစု ခေတ်၌ အိန်ဂျယ်တို့ ရေးသားသော သဘောတရားရေး ကျမ်း၌ “အလုပ်သည်-လူကို ဖန်တီးသည်” ဟူသော အယူအဆသည် လွန်ခဲ့သည့် နှစ်ပေါင်း ၂၅၀၀-ကျော်က ဟောခဲ့သော ဗုဒ္ဓအဘိဓမ္မာပညာကမ္မဝါဒမှ သဘောတရားတို့ကို အမှီခံယူ၍ ရေးသည်လည်း ဖြစ်နိုင်ပေသည်။

**မှတ်ချက်။** ။မျက်မှောက် လောက၌ သုံးနှုန်းနေကြသော ‘ကိုယ်ထူ ကိုယ်ထ စနစ်’၊ ‘ဥစ္စာပေါ်လို-ဥစ္စာရင်ခဲ’ ‘စေတနာကောင်းအားလုပ်ကြပါ’၊ ‘လူ့ဘောင်၏ သမိုင်းစဉ်ကို လုပ်သားပြည်သူတို့က ဖန်တီးသည်’၊(ဝါ)လူကဖန်တီးသည်ဆိုသော ဝေါဟာရနှင့် ဗုဒ္ဓ၏ ကမ္မဝါဒ ဘာဟာ ခြားနားသည်ဟု ဆိုနိုင်ကြမည့်သူ ရှိနိုင်ပါအံ့လော။

# ရုပ်ကိုဖြစ်စေသည့် ကံတရားနှင့် တူရာ ရုပ်ကလာပ်ဖွဲ့စည်းပုံ

ရုပ်ကိုဖြစ်စေသော ကံ စိတ် ဥတု အာဟာရ အကြောင်းလေးပါးရှိသည့်အနက် ရုပ်ကိုဖြစ်စေသည့် ကံအကြောင်းကို ဖော်ပြပါမည်။

သို့မဖော်ပြမီ (ကံ)ဆိုသည်မှာ စေတနာကို ခေါ်သည်ဟု ဖော်ပြခဲ့ရာ ထိုစေတနာဆိုတာ ဘာလဲဟု သိစေလိုပါသေးသည်။

စေတနာဆိုသည်မှာ ပရမတ်တရား လေးပါးမှ စေတသိက်တရားဖြစ်သည်၊ စေတသိက် ၅၂-ပါး ရှိသည့်အနက် မည်သည့်အဖွဲ့ဝင် မည်သည့်အုပ်စု၌ ပါဝင်ပါသနည်းဟူမူ ယင်းစေတနာသည် အလုံးစုံသော စိတ်တို့နှင့်ယှဉ်သော သဗ္ဗစိတ္တ သာဓာရဏ စေတသိက်အဖွဲ့ဝင်ဖြစ်၍ ရာသီအုပ်စုအားဖြင့်မူ ခတ်တိုင်းငန်သည့် ဆားသည် အချို အချဉ် စားသောက်ဖွယ်ရာတို့၌ ပါရသကဲ့သို့ ကောင်းမှု မကောင်းမှုတို့၌ ပါရစမြဲဖြစ်သော အညသမာန်း စေတသိက်အုပ်စုဝင် ဖြစ်သည်။

စေတနာစေတသိက် အပါအဝင် စေတသိက် ၅၂ ပါးတို့၏ သတ္တိသည် "စိတ်၌ မှီတွယ် စိတ်ကိုချယ်၊ ငါးဆယ်နှင့်နှစ် စေတသိက်" ဟူသည်နှင့်အညီ ဆိုင်ရာဆိုင်ရာစိတ်၌ ယှဉ်တွဲမှီတွယ်၍ စိတ်ကို အရောင်အမျိုးမျိုးဖြစ်အောင် ချယ်လှယ်တတ်ပေသည်။

ထို့ကြောင့် စေတနာဟူသော စေတသိက်၏ သတ္တိသည် ဆိုင်ရာစိတ်တို့ကို လှုပ်ရှားတက်ကြွလာစေပြီး ကိုယ်အမှုအရာ နှုတ်အမှုအရာ စိတ်အမှုအရာတို့ကိုပါ လှုပ်ရှားစေ၍ အမှုကိစ္စကို လုပ်ကိုင်စေပါသည်။ ဤသို့ ကာယကံ ဝစီကံ မနောကံ မြောက်အောင် လုပ်စေသည့် စေတနာ၏အလုပ်ကိုပင် ကံဟူ၍ခေါ်ခြင်း ဖြစ်သည်။

သို့ဖြင့် "သင်္ခါရ" အသိစိတ်ရှိသော သက်ရှိ လူ စသော သတ္တဝါတို့၌ စားချင်စိတ် သွားချင်စိတ် အိပ်ချင်စိတ် စသော ပြုလုပ်ချင်သော ကြိယာစိတ်တို့သည် လှုပ်ခနဲ လှုပ်ခနဲ ဒုနှင့်ဒေး လှုပ်ရှားနိုးကြား ပေါ်ပေါက် နေကြရသည်။ မည်သည့်အချိန် အခါ၌ နိုးကြားစိတ်တွေ ဖြစ်ပေါ်နေကြသနည်းဟူမူ ဘဝင်ကျသည် အသေကလေးသေသည်ဟု ဆိုသော အိပ်ပျော်သည့် အထိနှင့် မွေ့လျော့သည့်အထိ၊ ငုတိကျ၍ အသေကြီးသေသည် အထိ ပြုလုပ်ချင်သည့် နိုးကြားစိတ်တွေ ဖြစ်ပေါ်နေရသည်။

ယင်းသို့ ပြုလုပ်ချင်သည့် နိုးကြားစိတ် အမျိုးမျိုး ဖြစ်ပေါ်လာသည့်အတွက် မိမိလုပ်ချင်သော စိတ်အခြေခံအတိုင်း ထေမ ပြင်ဆင်မှုကို ပြုလုပ်ရသည်။

ဤသို့ပြုသည်ကို "စေတနာသင်္ခါရ" ဟု ခေါ်သည်။ သို့ပြုမိ

ခံပြီးနောက် ဒုတိယအဆင့် အနေဖြင့် အမှုကိစ္စကို ကိုယ်ထိလက်ရောက် လုပ်ကြရသည်။ ဤသည်ကို "စေတနာ-ကံ" ဟူ၍ ခေါ်သည်။

## စိတ်နှင့်စေတနာသတ္တိ

ဤနေရာ၌ စိတ်နှင့်စေတနာတို့၏သတ္တိ အနည်းငယ် ဖော်ပြလိုပါသည်။ ဥပမာအားဖြင့်ဆိုလျှင် စိတ်သည် အင်ဂျင်စက်အားနှင့် တူပါသည်။

စေတနာသည်ကား အင်ဂျင်စက်ကို လှုပ်ရှားသွားအောင် တွန်းကန်ပေးနိုင်သည့် အခိုးအငွေ့ ဓာတ်အားနှင့် တူပါသည်။

အင်ဂျင်စက်၏အားသည် မြင်းအကောင်ရေ ၅၀-အား ရှိသော်လည်း ထိုအင်ဂျင်စက်ချည်း သက်သက်ဆွဲဆောင်နိုင်သည့် အားကို မသုံးနိုင်သေးပါ။ ဆွဲဆောင်နိုင်အောင် အပူအခိုးအငွေ့က တွန်းကန်ပေးရပါသေးသည်။ ယင်းသို့ ဓာတ်အခိုးအငွေ့၏ အားသတ္တိဖြင့် တွန်းကန်ပေးပါမှ အင်ဂျင်စက်၏ ပကတိအားရှိသမျှသတ္တိကို အသုံးပြုနိုင်၍ ဗျတ္တိဟူသောဆွဲအား ပေါ်လာပါသည်။ ဤ၌ သတ္တိကား-ကိန်းနေသည့်ဆုစွမ်းရည်ဖြစ်၍၊ ဗျတ္တိကား-စွမ်းရည်အလိုက် ပေါ်လာသော အခြင်းအရာဖြစ်၏။

ထို့အတူ စိတ်သည် နာမ်တရားဖြစ်သည့် စေတနာအပါအဝင် စေတသိက် ၅၂-ပါးကို ဦးဆောင်နိုင်သော သတ္တိရှိပါသည်။ စေတနာ၏ သတ္တိမှာမူကား ဦးဆောင်နိုင်သော စိတ်နှင့်တကွ အခြားယှဉ်ဘက် စေတသိက် နာမ်တရားတို့ကိုပါ လှုပ်ရှားအောင် နှိုးဆော် တိုက်တွန်းနိုင်သော သတ္တိရှိသည်။

စေတနာ၏စွမ်းရည်သည် ရှေ့ဆောင်စိတ်နှင့် အခြား စေတသိက်တို့ကိုသာ လှုပ်ရှားစေသည်မဟုတ် ထိုစေတသိက်တို့ တည်ရှိရာ အထည်ကိုယ်ဖြစ်သော ရုပ်တရားတို့ကိုပါ အလိုရှိသလို လှုပ်ရှားစေသည်မှာ ထင်ရှားပေသည်။

ပြယုဂ်မှာ– သွားချင်သောစိတ်စေတနာ ဖြစ်ပေါ်မှုကြောင့် ရုပ်ကိုယ်ကြီး ထသွားရသည်မျိုးတည်း။

ယခု ရုပ်ကိုဖြစ်စေနိုင်သော စေတနာကံတရားကို ဖော်ပြပါမည်။ ရုပ်ကိုဖြစ်စေနိုင်သော စေတနာကံတရားသည် အောက်ပါအတိုင်း ဖြစ်သည်၊

ကံတရားများ

| | | |
|---|---|---|
| (၁) | အကုသိုလ်စိတ်နှင့်ယှဉ်သော စေတနာ | ၁၂-ပါး |
| (၂) | မဟာကုသိုလ်စိတ်နှင့်ယှဉ်သော စေတနာ | ၈-ပါး |
| (၃) | ရူပကုသိုလ်စိတ်နှင့်ယှဉ်သော စေတနာ | ၅-ပါး |
| | စေတနာပေါင်း | ၂၅-ပါး |

ကို ကံ ဟူ၍ခေါ်သည်။

ဆိုခဲ့ပါ စေတနာကံ ၂၅-ပါးသည် စေတနာ ကံအလိုက် အောက်ပါဘုံဌာနတို့၌ ရုပ်ကိုဖြစ်စေပါသည်။

၁။ အကုသိုလ်စိတ်နှင့်ယှဉ်သော စေတနာကံ ၁၂-ပါးသည် အပါယ်ဘုံ ၄-ဘုံ၌ရှိသော ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရာတို့၏ ရုပ်ကို ထိုက်သလို ဖြစ်စေပါသည်။

၂။ မဟာကုသိုလ်စိတ်နှင့်ယှဉ်သော စေတနာကံ ၈-ပါးသည် စေတနာအလိုက် သုဂတိ ၇-ဘုံ၌ရှိသော လူနှင့်နတ် အဆင့်ဆင့်တို့၏ ရုပ်ကို ထိုက်သလို ဖြစ်စေပါသည်။

၃။ ရူပကုသိုလ်စိတ်နှင့်ယှဉ်သော စေတနာကံ ၅-ပါးသည် စေတနာအလိုက် ရူပ ၁၆-ဘုံ၌ရှိသော ဗြဟ္မာ အဆင့်ဆင့်တို့၏ ရုပ်ကို ထိုက်သလို ဖြစ်စေပါသည်။

တနည်း (၁) အကုသိုလ်စိတ်နှင့်ယှဉ်သော စေတနာ ၁၂-ပါးကို အပုညာဘိသင်္ခါရ ဟူ၍၎င်း....

(၂) မဟာကုသိုလ်စိတ်နှင့် ယှဉ်သော စေတနာ ၈-ပါးနှင့် ရူပကုသိုလ်စိတ်နှင့်ယှဉ်သော စေတနာ ၅-ပါး ပေါင်း ၁၃-ပါးကို ပုညာဘိသင်္ခါရဟူ၍၎င်း ခေါ်ဆိုပါသေးသည်။

ခန္ဓာငါးပါးရှိသော (ဤလူ့ဘုံ)၌ ကံ၊ သင်္ခါရ တို့ကြောင့်ဖြစ်သော ရုပ်ကို ဖော်ပြရလျှင် ဇီဝိတ-၁၊ အဝိနိဗ္ဗောဂ-၈၊ ပသာဒ-၅၊ ဘာဝ-၂၊ ဝတ္ထု-၁၊ ပေါင်း- ၁၇-ပါး ရှိသည်။

ကံကြောင့်သက်သက်ဖြစ်သော ရုပ်သည် ၁၇-ပါးသာ ရှိသည်ဆိုသည်မှာ မှန်ပါသည်။ နိပ္ဖန္နရုပ် ၁၈-ပါးမှ "သဒ္ဒ" ရုပ်သည် ကံကြောင့်ဖြစ်သော ရုပ်မဟုတ်လေသောကြောင့် ယင်း "သဒ္ဒ" ရုပ်ကိုနုတ်လျှင် ကံ သက်သက်ကြောင့်ဖြစ်သောရုပ်သည် ၁၇-ပါးသာ ရှိပေသည်။

ထိုကံကြောင့်ဖြစ်သောရုပ်ကို ကလာပ် အကြား အကြား၌ အာကာသဓာတ် ပါလေရာ ယင်းအာကာသဓာတ် ကိုပါ ကံ

ကြောင့်ဖြစ်သောရုပ်အဖြစ် ထပ်၍ရေတွက်ရသော် ကံကြောင့် ဖြစ်သောရုပ် ၁၈-ခုဟု ရေတွက်ရသည်။

ယင်းကံကြောင့်ဖြစ်သည့်ရုပ် ၁၈-ပါးကို အစုရာပေါင်းခွဲလိုက်သော် အောက်ပါအတိုင်း (ပုံစံအရ) ခွဲ၍ရှိသည်။

## ပုံစံ

| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
|---|---|---|---|---|---|
| ဇီဝိတ | အဝိနိဗ္ဘောဂ | ပသာဒ | ဘာဝ | ဝတ္ထု | အာကာသ |
| ၁ + | ၈ + | ၅ + | ၂ + | ၁ + | ၁ = ၁၈ |

အထက်ပါအဖွဲ့ ၆-ဖွဲ့၌ရှိသော အဖွဲ့ဝင် ရုပ်များမှာ—

၁။ ဇီဝိတ အဖွဲ့၌ ပါဝင်သော ဇီဝိတရုပ်သည် ကံကြောင့် ဖြစ်သော အဖွဲ့အတွင်းရှိ ရုပ်တို့ကို စောင့်ရှောက်သည်။ ရုပ်တို့၏အသက် ဖြစ်၏ဟူလို—။

မှတ်ချက်။ ။စိတ်- ဥတု-အာဟာရကြောင့် ဖြစ်သော ရုပ်တို့၌ ဇီဝိတရုပ် မရပေ။

၂။ အဝိနိဗ္ဘောဂအဖွဲ့ဝင် ရုပ်များမှာ -

၁။ ပထဝီ- မြေဓာတ်

၂။ အာပေါ- ရေဓာတ်

၃။ တေဇော- အငွေ့ဓာတ်၊ မီးဓာတ်
၄။ ဝါယော- လေဓာတ်
၅။ ဝဏ္ဏ- အဆင်းဓာတ်
၆။ ဂန္ဓ- အနံ့ဓာတ်
၇။ ရသ- အရသာဓာတ်
၈။ ဩဇာ- ပွားမှုကိုဆောင်သော အဆီအစေးအာဟာရ ဓာတ် ဖြစ်သည်။

၃။ ပသာဒအဖွဲ့၌ပါသော အဖွဲ့ဝင်ရုပ်များမှာ—

၁။ စက္ခုပသာဒ .... မျက်စိအကြည်ရုပ်
၂။ သောတပသာဒ .... နားအကြည်ရုပ်
၃။ ဃာနပသာဒ .... နှာခေါင်းအကြည်ရုပ်
၄။ ဇိဝှာပသာဒ .... လျှာအကြည်ရုပ်
၅။ ကာယပသာဒ .... ကိုယ် အကြည်ရုပ်တို့ ဖြစ်သည်။

၄။ ဘာဝရုပ်အဖွဲ့ဝင်များမှာ—

၁။ ဣတ္ထိဘာဝ .... အမဖြစ်ကြောင်းရုပ်
၂။ ပုမ္ဘာဝ .... အဖိုဖြစ်ကြောင်းရုပ်တို့ဖြစ်သည်။

၅။ ဝတ္ထု၌ဖြစ်သောရုပ်မှာ....

၁။ ဟဒယဝတ္ထုရုပ် .... စိတ်တို့၏ မှီရာရုပ် ဖြစ်သည်။

၃။ ဒွါဒသကာ အမွဲ့ ရုပ် ၁-မှာ....

၁။ ပဋိစ္ဆေဒရုပ် .... ရုပ်ကလာပ်တို့ကို ပိုင်းခြား တတ်သော အကြားရုပ်ဖြစ်သည်။

ရုပ်၏အကြောင်းခံ 'ကံ'တရားကို ပြဆိုရာ၌ သွားချင်သည်၊ စားချင်သည်၊ စသော ကြံသာ တို့၌ဖြစ်သော ပစ္စုပ္ပန်စေတနာကို ကံဟု ခေါ်သည်မဟုတ်။ နောက်အကျိုးပေးဘို့ရန် မိမိသန္တာန်၌ ပြုစီမံအပ်ပြီး (ဖြစ်စေအပ်ပြီး)သော အတိတ် စေတနာ ကိုသာ ကံဟု ခေါ်သည်။

ထိုသို့ အကျိုးပေးဘို့ရန် အသင့်ပြုစီမံအပ်သောစေတနာသည် သူတပါးသန္တာန်ဝယ် သွား၍အကျိုးပေးသည်မဟုတ်၊ မိမိသန္တာန်ဝယ် အကျိုးပေးခွင့်သာလျှင် သင့်ရာဘဝ၌ ပဋိသန္ဓေတည်စ၊ စိတ်၏ ဥပါဒ်ဖြစ်သည့် ခဏမှစ၍ တဘဝလုံး ရုပ်ကို ဖြစ်စေပါသည်။

ထိုသို့ဖြစ်စေရာဝယ် တကြိမ်တခါသာ မဟုတ်ပါ၊ စိတ်၏ ဥပါဒ်- ဖြစ်ခိုက် ခဏတိုင်း၊ ဌီ- တည်ခိုက် ခဏတိုင်း- ဘင်-ပျက်ခိုက် ခဏတိုင်းတို့၌ ကံကြောင့်ဖြစ်သော ကမ္မဇရုပ်တို့သည် ပဋိသန္ဓေစိတ်ဖြစ်သည်မှစ၍ မြစ်ရေလျှဉ်ကဲ့သို့ အစဉ်မပြတ် ဖြစ်၍နေပါသည်။

ထိုကံကြောင့်ဖြစ်သော ရုပ်တို့သည် ပဋိသန္ဓေစိတ်၏- ဥပါဒ်- ဖြစ်ခိုက်မှစ၍ စိတ်၏ခဏတိုင်း (စိတ္တက္ခဏ ၁၇-ချက်) ရပ်သက်စေ့သည့်တိုင် အဟောင်းရုပ်တို့ချုပ်၍ အသစ်ရုပ်တို့ဖြစ်ကြသည်။

## ကလာပ်စည်းများ

ဆိုခဲ့ပါ [illegible]ကြောင့်ဖြစ်သော ရုပ် ၁၇-ပါးကို ဘုရားဖွဲ့စည်းသော် အောက်ပါပုံစံအတိုင်း အပေါင်းအစုခေါ်သည့် ကလာပ်စည်း ၉-စည်း ဖြစ်ပါသည်။

| | | |
|---|---|---|
| ကလာပ် ၉ စည်း | ၁ | ဇီဝိတနဝက |
| | ၂ | စက္ခုဒသက |
| | ၃ | သောတဒသက |
| | ၄ | ဃာနဒသက |
| | ၅ | ဇိဝှာဒသက |
| | ၆ | ကာယဒသက |
| | ၇ | ဣတ္ထိဘာဝဒသက |
| | ၈ | ပုမ္ဘာဝဒသက |
| | ၉ | ဝတ္ထုဒသက |

၁။ ဇီဝိတနဝက ကလာပ်၌ပါဝင်သော ရုပ်များမှာ–

(က) ဇီဝိတရုပ် .... ၁
(ခ) အဝိနိဗ္ဘောဂရုပ် .... ၈
ပေါင်း = ၉-ပါးတည်း။

ဤဇီဝိတနဝက ကလာပ်ပါရုပ်များသည် ကံကြောင့် ဖြစ်သော ရုပ်အားလုံးတို့၌ ပါရှိမြဲဖြစ်သည်။

၂။ စက္ခုဒသက ကလာပ်၌ ပါဝင်သော ရုပ်များမှာ....

(က) စက္ခုပသာဒ မျက်စိအကြည်ရုပ် ၁
(ခ) ဇီဝိတနဝက ကလာပ်ပါရုပ် ၉
ပေါင်း ၁၀ ပါးတည်း

၃။ သောတဒသက ကလာပ်အစု၌ပါသော ရုပ်များမှာ....

(က) သောတပသာဒ နားအကြည်ရုပ် ၁
(ခ) ဇီဝိတနဝက ကလာပ်ပါရုပ် ၉
ပေါင်း ၁၀ ပါးတည်း

၄။ ဃာနဒသက ကလာပ်အစု၌ပါသော ရုပ်များမှာ....

(က) ဃာနပသာဒ နှာခေါင်းအကြည်ရုပ် ၁
(ခ) ဇီဝိတနဝက ကလာပ်ပါရုပ် ၉
ပေါင်း ၁၀ ပါးတည်း

၅။ ဇိဝှါဒသက ကလာပ်အဖွဲ့ဥ်ပါသော ရုပ်များမှာ....

(က) ဇိဝှါပသာဒ လျှာအကြည်အရုပ် ၁

(ခ) ဇီဝိတနဝက ကလာပ်ပါရုပ် ၉

ပေါင်း ၁၀ ပါးတစည်း

၆။ ကာယဒသက ကလာပ်အဖွဲ့ဥ်ပါသော ရုပ်များမှာ....

(က) ကာယပသာဒ ကိုယ်အကြည်ရုပ် ၁

(ခ) ဇီဝိတနဝက ကလာပ်ပါရုပ် ၉

ပေါင်း ၁၀ ပါးတစည်း

၇။ ဣတ္ထိဘာဝဒသက ကလာပ်အဖွဲ့ဥ်ပါသော ရုပ်များမှာ....

(က) ဣတ္ထိဘာဝ အမဖြစ်ကြောင်းရုပ် ၁

(ခ) ဇီဝိတနဝက ကလာပ်ပါရုပ် ၉

ပေါင်း ၁၀ ပါးတစည်း

၈။ ပုမ္ဘာဝဒသက ကလာပ်အဖွဲ့ဥ်ပါသော ရုပ်များမှာ....

(က) ပုမ္ဘာဝ အဖိုဖြစ်ကြောင်းရုပ် ၁

(ခ) ဇီဝိတနဝက ကလာပ်ပါရုပ် ၉

ပေါင်း ၁၀ ပါးတစည်း

၉။ ဝတ္ထုဒသက ကလာပ်အဖွဲ့ဥ်ပါသော ရုပ်များမှာ ...

(က) ဟဒယဝတ္ထု စိတ်တို့၏မှီရာရုပ် ၁

(ခ) ဇီဝိတနဝက ကလာပ်ပါရုပ် ၉

ပေါင်း ၁၀ ပါးတစည်း

ဤသို့အားဖြင့် ရုပ် ၉-ခု အပေါင်းအစုပါသော

| | | |
|---|---|---|
| | ကလာပ် | ၁ စည်း |
| ရုပ် ၁၀-ခု အပေါင်းအစုပါသော ကလာပ် | | ၈ စည်း |
| | ကလာပ်စည်းပေါင်း | ၉ စည်း |

ရှိပါသည်။

**မှတ်ချက်။** ။

ကလာပ်ဆိုသည်မှာ (၁)တခုတည်း အတူဖြစ်ခြင်း၊ (၂) တခုတည်း အတူချုပ်ခြင်း၊ (၃) တခုတည်း အတူမှီခြင်း၊ (၄) တပေါင်း တစည်းတည်း အတူဖြစ်ခြင်းတို့ကို ကလာပ ကလာပ်ဟု ခေါ်သည်။

အာကာသဓာတ် အကြားရုပ်ကို ကလာပ်စည်း ဖွဲ့ရာတို့၌ ကံ စသော အကြောင်းလေးပါးကြောင့် ဖြစ်သော ရုပ်မဟုတ်သောကြောင့် ထည့်၍ မဖွဲ့ရဟု မှတ်ရာသည်။

ရုပ်ကလာပ် တစည်းအတွင်း၌ရှိသော ရုပ်တို့သည် အကြားမရှိ၊ တသားတည်း ဖြစ်သောကြောင့် ထိုရုပ်ကလာပ်အတွင်းရှိ ရုပ်တို့၌လည်း အကြားရုပ် အာကာသဓာတ် မလိုအပ်ပေ။

# ရုပ်ကိုဖြစ်စေသည့် စိတ်နှင့်ရုပ်ကလာပ် ဖွဲ့စည်းပုံ

ရုပ်ကိုဖြစ်စေတတ်သော စိတ်သည် ၇၅ ပါးရှိပါသည်။ ယင်းတို့ကို တူရာအုပ်စုဖွဲ့သော် အောက်ပါပုံစံအတိုင်း ဝိဘတ်အုပ်စု ၄-ခု ရှိပါသည်။

ပုံစံ

| ၁ | ၂ | ၃ | ၄ |
|---|---|---|---|
| ကာမာဝစရ | ရူပါဝစရ | အရူပါဝစရ | လောကုတ္တရာ |

၄၄ + ၁၅ + ၈ + ၈ = ၇၅

အထက်ပါ အုပ်စု ၄-စု၌ပါဝင်သော အဖွဲ့များမှာ ကာမာဝစရအုပ်စု၌ အဖွဲ့ ၅-ခု၊ ရူပါဝစရအုပ်စု၌ အဖွဲ့ ၃-ခု။ အရူပါဝစရအုပ်စု၌ အဖွဲ့ ၂-ခု။ လောကုတ္တရာအုပ်စု၌ အဖွဲ့ ၂-ခု ပါဝင်ကြပါသည်။

(က) ကာမာဝစရအုပ်စု၌ ပါဝင်သော စိတ်အဖွဲ့ ၅-ဖွဲ့မှာ....

| ၁ | ၂ | ၃ | ၄ | ၅ |
| --- | --- | --- | --- | --- |
| အကုသိုလ် | အကုသလ ဝိပါက် | ကုသလ ဝိပါက် | အဟိတ်ကြိယာ | ကာမာဝစရ သောဘဏ |
| ၁၂ + | ၂ + | ၃ + | ၃ + | ၂၄ = ၄၄ |

(ခ) ရူပါဝစရအုပ်စု၌ ပါဝင်သော စိတ်အဖွဲ့ ၃-ဖွဲ့မှာ....

| ၁ | ၂ | ၃ | |
| --- | --- | --- | --- |
| ရူပကုသိုလ် | ရူပဝိပါက် | ရူပကြိယာ | |
| ၅ + | ၅ + | ၅ | ၁၅ |

(ဂ) အရူပါဝစရ အုပ်စု၌ပါဝင်သော စိတ်အဖွဲ့ ၂-ဖွဲ့မှာ....

| ၁ | ၂ |
| --- | --- |
| အရူပ ကုသိုလ် | ရူပကြိယာ |
| ၄ + | ၄ = ၈ |

(ဃ) လောကုတ္တရာအုပ်စု၌ ပါဝင်သော စိတ်အဖွဲ့ ၂-ဖွဲ့မှာ....

၁ ၂

မဂ် ဖိုလ်

၄ + ၄ = ၈

ချုပ်ကိုဖြစ်စေတတ်သော-စိတ်-စုစုပေါင်း ၇၅-ပါးရှိပါသည်။

ကာမာဝစရအုပ်စု၌ ပါဝင်သော စိတ်အဖွဲ့ ၅-ဖွဲ့ အနက်မှ အကုသိုလ်စိတ်အဖွဲ့သည် အဖွဲ့စိတ် ၃-ခု ရှိပါသည်။

အကုသိုလ်အဖွဲ့၌ ပါဝင်သော စိတ်အဖွဲ့စိတ် ၃-ခုမှာ....

၁ ၂ ၃

လောဘမူ ဒေါသမူ မောဟမူ

၈ + ၂ + ၂ = ၁၂ တို့ ဖြစ်ပါသည်။

မှတ်ချက်။ (က) စိတ်ပေါင်း ၈၉-ပါးရှိသည့်အနက် ချုပ်ကို မဖြစ်စေသော အရူပဝိပါက်စိတ် ၄-ပါးနှင့် အားနည်းသောဒွေပဉ္စဝိညာဏ် ၁၀-ပါး ပေါင်း ၁၄-ပါးကို ကြည့်ရပါသည်။

(ခ) ဆိုခဲ့ပါ ရုပ်ကိုဖြစ်စေတတ်သော စိတ် ၇၅-ပါး၏ အနက်အဓိပ္ပာယ်ကို တခုစီ ဖော်ပြရလျှင် ကျမ်းလေးမည်ဖြစ်၍ သင်တန်း၌သော်၎င်း၊ သင်္ဂြိုဟ်ကျမ်းများ၌သော်၎င်း လေ့လာနိုင်ပါသည်။

စိတ်သည် အလွန်အသက်တိုပါသည်။ စိတ်သည်-ဥပါဒ်-ဖြစ်ခိုက်၌သာ အားရှိသည်။ သို့ဖြစ်၍ စိတ်သည်-မိမိဥပါဒ်-ဖြစ်ခိုက်မှသာ ရုပ်ကို ဖြစ်စေပါသည်။

စိတ်သည် ရုပ်ကိုဖြစ်စေသည်ဆိုသော်လည်း ပဋိသန္ဓေစိတ်တို့သည် ပဋိသန္ဓေအခိုက်၌ ရုပ်ကို မဖြစ်စေနိုင်သေးပါ။ အကြောင်းကား— မိမိနှင့်အတူ-ဥပါဒ်-ဖြစ်သော မှီရာရုပ်ဝတ္ထုသည် လွန်စွာအားနည်းသေးသည်ဖြစ်၍ ပဋိသန္ဓေစိတ်သည်လည်း အားနည်းသောကြောင့် ဖြစ်ပါသည်။

ထိုပဋိသန္ဓေစိတ်၏ အခြားမဲ့ဖြစ်သော ပထမဘဝင်စိတ် အခိုက်၌သာ ရုပ်ကို ဘဝင်စိတ် ဖြစ်လေတိုင်း ဖြစ်စေပါသည်။ ဤသို့ စိတ်သက်သက်ကြောင့် ဖြစ်သည့် ရုပ်များမှာ အဝိနိဗ္ဘောဂ-၈၊ ဝိညတ်-၂၊ သဒ္ဒ-၁၊ လဟုတာဒိ-၃၊ ပေါင်း- ၁၄-ခုသာ ရှိပါသည်။ ယင်းစိတ်- ၁၄-ခုအပေါင်းအစု ကလာပ်စည်း အကြားအကြားတို့၌ အာကာသဓာတ် ကြားရုပ် ၁-ပါး ထည့်ရေတွက်ရသောကြောင့် စိတ်ကြောင့်ဖြစ်သည့် ရုပ်ပေါင်း ၁၅-ခုဟု ရေတွက်ရပါသည်။

ထိုရုပ် ၁၅-ခုကို တူရာပေါင်းဖွဲ့လိုက်သော် အောက်ပါပုံစံအတိုင်း စိတ်အဖွဲ့ ၅-ဖွဲ့ ရှိပါသည်။

## ပုံစံ

၁ ၂ ၃ ၄ ၅

သုဒ္ဓဋ္ဌက ဝိညတ် သဒ္ဒ လဟုတာဒိ အာကာသဓာတ်

၈ + ၂ + ၁ + ၃ + ၁ = ၁၅

၁။ သုဒ္ဓဋ္ဌက အဖွဲ့၌ပါသော ရုပ် ၈-ခုမှာ ကံ ကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ်-၈-ခု သရုပ်အတိုင်း ဖြစ်ပါသည်။

၂။ ဝိညတ်ရုပ်အဖွဲ့ဝင် ရုပ်များမှာ....

(က) ကာယဝိညတ်- ကိုယ်အမူအရာဖြင့် သူတပါးသိစေသည့် ရုပ်ဖြစ်ပါသည်။ (လက်ယပ်ခေါ်ခြင်း ခေါင်းညိတ်ခြင်း စသည်တို့ ဖြစ်သည်။)

(ခ) ဝစီဝိညတ်- နှုတ်အမူအရာ (စကားသံဖြင့်) သူတပါးသိစေသည့်ရုပ် ဖြစ်ပါသည်။ (ယူခဲ့၊ ထားလိုက်၊ စသည်တို့ ဖြစ်သည်။)

၃။ သဒ္ဒရုပ် အဖွဲ့ဝင်ရုပ်မှာ....

သဒ္ဒရုပ် စိတ်ကြောင့်ဖြစ်သော အသံရုပ် ဖြစ်ပါသည်။ (စကားသံတို့ ဖြစ်၏။)

၄။ လဟုတာဒိ အဖွဲ့ဝင်ရုပ်များမှာ....

(က) လဟုတာ- စိတ် ဥတု အာဟာရ ကောင်းမွန် မှုတ သောအခါ ရုပ်၏ပေါ့ပါးမှု ဖြစ်သည်။

(ခ) မုဒုတာ- စိတ် ဥတု အာဟာရ မျှတသောအခါ ရုပ် တို့၏ နူးညံ့မှုဖြစ်သည်။

(ဂ) ကမ္မညတာ- စိတ် ဥတု အာဟာရ မျှတကောင်းမွန် သောအခါ ရုပ်ခန့်ညားမှုဖြစ်သည်။ (သန်မာ သွက် လက်လာသည်။)

၅။ အာကာသဓာတ် အဖွဲ့ဝင်-၁-မှာ....

အာကာသပရိစ္ဆေဒ-ရုပ်ကလာပ် တခုနှင့်တခု ခြားနား သော ကြားရုပ်ပင် ဖြစ်ပါသည်။

ဆိုခဲ့ပါ စိတ်ကြောင့်ဖြစ်သော ရုပ်သက်သက် ၁၄-ပါးကို (၁) တစုတည်းဖြစ်ခြင်း၊ (၂) တခုတည်းချုပ်ခြင်း၊ (၃) အစု လိုက်မှီရာရှိခြင်း၊ (၄) တပေါင်းတည်း အတူဖြစ်ခြင်း လက္ခဏာ ရှိသော ကလာပ်ဖွဲ့သော် ကလာပ် ၆-စည်း ဖြစ်ပါသည်။

## ကလာပ် ၆-စည်း

| | | | | | |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |

သုဒ္ဓဋ္ဌက ကာယ သဒ္ဒဝိဉ္ဉတ် လဟုတာဒိ ကာယ သဒ္ဒဝိဉ္ဉတ်
ဝိဉ္ဉတ် ဝိဉ္ဉတ် ဝိဉ္ဉတ် လဟုတာဒိ

၈ + ၁ + ၂ + ၁ + ၁ + ၁ = ၁၄

မှတ်ချက်။ ။ အာကာသပရိစ္ဆေဒရုပ်ကို ကလာပ်စည်း၌ မပါဝင်အပ်ပါ။ အကြောင်းကား– အကြောင်း ၄-ပါးကြောင့် ဖြစ်သည့် ရုပ်မဟုတ်လေ သောကြောင့်တည်း။

၁။ သုဒ္ဓဋ္ဌက ကလာပ်၌ပါသော အဖွဲ့ဝင်ရုပ်များမှာ.... အဝိနိဗ္ဘောဂ ရုပ်-၈-ခု သက်သက်တစည်း။

မှတ်ချက်။ ။ ဆိုခဲ့ပါ သုဒ္ဓဋ္ဌက ကလာပ်ဖြစ်သော အဝိနိဗ္ဘောဂ ရုပ် ၈-ခုသည် စိတ္တဇကလာပ်စည်းတိုင်း၌ ပါဝင်ပါသည်။

၂။ ကာယဝိညတ္တိကလာပ်၌ ပါဝင်သော ရုပ်များမှာ....

| | | |
|---|---|---|
| (က) | ကာယဝိညတ်ရုပ် | ၁ |
| (ခ) | အဝိနိဗ္ဘောဂရုပ် | ၈ |

ပေါင်း ၉-ပါးတစည်း

၃။ သဒ္ဒဝစီဝိညတ္တိ ကလာပ်၌ပါဝင်သော ရုပ်များမှာ....

| | | |
|---|---|---|
| (က) | သဒ္ဒရုပ် | ၁ |
| (ခ) | ဝစီဝိညတ်ရုပ် | ၁ |
| (ဂ) | အဝိနိဗ္ဘောဂရုပ် | ၈ |

ပေါင်း ၁၀-ပါးတစည်း

၄။ လဟုတာဒိကလာပ်၌ ပါဝင်သော ရုပ်များမှာ....

(က) လဟုတာ- ပေါ့ပါးသောရုပ် ၁
(ခ) မုဒုတာ- နူးညံ့သောရုပ် ၁
(ဂ) ကမ္မညတာ- ခန့်ညားသောရုပ် ၁
(ဃ) အဝိနိဗ္ဘောဂရုပ် ၈

ပေါင်း ၁၁-ပါးတစည်း

၅။ ကာယဝိညတ္တိ လဟုတာဒိ ကလာပ်၌ ပါဝင်သောရုပ်များမှာ....

(က) ကာယဝိညတ်ရုပ် ၁
(ခ) လဟုတာဒိရုပ် ၃
(ဂ) အဝိနိဗ္ဘောဂရုပ် ၈

ပေါင်း ၁၂-ပါးတစည်း

၆။ သဒ္ဒဝစီဝိညတ္တိကလာပ်၌ ပါဝင်သော ရုပ်များမှာ....

(က) သဒ္ဒရုပ် ၁
(ခ) ဝစီဝိညတ်ရုပ် ၁
(ဂ) လဟုတာဒိရုပ် ၃
(ဃ) အဝိနိဗ္ဘောဂရုပ် ၈

ပေါင်း ၁၃- ပါး ရှိ၍

ကလာပ်အားဖြင့် ၆-စည်း ဖြစ်ပါသည်။

## ရုပ်ကိုဖြစ်စေသည့်ဥတုနှင့် ရုပ်တို့တူရာပေါင်းဖွဲ့ပုံ

ရုပ်ကို ဖြစ်စေတတ်သော ဥတုဆိုသည်မှာ အကြောင်းလေးပါး ကြောင့်ဖြစ်သော ရုပ်အပေါင်းအစု ကလာပ်တို့၌ ပါရှိသော တေဇောဓာတ်ကို ဆိုသည်။ ယင်း တေဇောဓာတ်သည် ပွားစည်း တတ်သောကြောင့် ဥတုမည်ပါသည်။

ဤလောက၌ ချမ်းမှု ပူမှု သို့မဟုတ် အအေးငွေ့ အပူငွေ့ သည်ရှိ၏။ ထိုအချမ်း အပူ အအေး အပူငွေ့ကိုစွဲ၍ သီတ တေ ဇော ဥတုတေဇော ဟူ၍ ခေါ်ဆိုကြသည်။ ယင်း သီတတေဇော ဥတုတေဇောသည် အဇ္ဈတ္တအတွင်း, ဗဟိဒ္ဓအပြင်, သဝိညာဏက အသိစိတ်ရှိသော သက်ရှိ, အဝိညာဏက အသိစိတ် မရှိသော သက်မဲ့တို့၏ သန္တာန်၌ အထင်အရှားရှိသော အအေးဓာတ်, အပူ ဓာတ်တို့ကို ဥတုဟုခေါ်သည်။

ယင်း ဥတုကို ဓာတ်မီးဟုလည်း ခေါ်ဆိုသေး၏။ ရုပ်တို့မည် သည် (ဌီ)အခိုက်၌သာ အားရှိပါသည်။ ထို့ကြောင့် (ဌီ)အခိုက် ၌ ဥတုကြောင့်ဖြစ်သော ဥတုဇရုပ်တို့ကို ဖြစ်စေပါသည်။ ထို အဇ္ဈတ္တသန္တာန်၌ရှိသော ဥတုသည် အဇ္ဈတ္တ ဗဟိဒ္ဓ ဥတုဇရုပ်တို့ကို ဖြစ်စေပါသည်။ ထို့အတူ ဗဟိဒ္ဓ သန္တာန်၌ရှိသော ဥတုသည် လည်း ဗဟိဒ္ဓ အဇ္ဈတ္တ ဥတုဇရုပ်ကို ဖြစ်စေသည်။

အဇ္ဈတ္တသန္တာန်၌ ပဋိသန္ဓေစိတ်နှင့်အတူ ဥပါဒ်ဖြစ်သော ဥတုသည် ပဋိသန္ဓေစိတ်၏ (ဌီ)အခိုက်၌ ထိုအခိုက်မှစ၍ ခဏတိုင်း ခဏတိုင်း၌ ဥတုဇရုပ်တို့ကို ဖြစ်စေပါသည်။

ဆိုလိုသည်မှာ ပဋိသန္ဓေစိတ်နှင့်အတူ-ဥပါဒ်-ဖြစ်သော ကမ္မဇ ရုပ်ဖြစ်ပေါ်ပြီးနောက် (၁၇)သို့အရောက်မှာ ဥတုဇရုပ်သည် ခဏ တိုင်း ခဏတိုင်း ဆက်ခါဆက်ခါ ဖြစ်ပေါ်လာသည်ဟု ဆိုလို ပါသည်။

## ဥတု၏သတ္တိ

ဥတုသည် သတ္တဝါတို့၏ အသက်သန္တာန်၌ ပဋိသန္ဓေစိတ်၏ (၁၇)အချက်မှစ၍ ဥတုကြောင့်ဖြစ်သော ဥတုဇရုပ်ကို ဖြစ်စေပါ သည်၊ ဗဟိဒ္ဓ အပြင်သန္တာန်မှာမူ ကျယ်ဝန်းပါသည်။ အတိုင်း အဆ အမှတ်အသား ပမာဏ မရှိပေ။ တခုသော ဥတုဇရုပ်သည် အသက်အားဖြင့် (၁၇)ပေါင်း ၄၉-ချက် မျှလသဖြင့် ၄၉-ဆင့် သော ဥတုဇရုပ်တို့ကို ဖြစ်စေနိုင်ပါသည်။ ဤတေဇောဟူသော ဥတုသည် အလွန်ပင် သတ္တိဗလနှင့် ပြည့်စုံသောဓာတ် ဖြစ်သည်။ ဤလောကကြီးကို ဖျက်ဆီးနိုင်၏၊ ကမ္ဘာကြီးကို ဖြစ်ပေါ်လာ အောင်လည်း ဖန်တီးနိုင်၏၊ အဇ္ဈတ္တ တေဇောထက် ဗဟိဒ္ဓ တေ ဇောသည် နယ်ကျယ်၏၊ လပြိမ်နှင့်အရောက် ပို့သည်မှာလည်း ဤတေဇောခေါ် ဥတုဓာတ်ဖြင့်၏။ လူအပေါင်း သိန်း သန်း နှင့် ချီမျှသော အဆောက်အဦတို့ကို ကောင်း သေကြေပျက်စီးစေ အောင် ပြုနိုင်သည့် အနုမြူဗုံးတို့သည်လည်း ဤတေဇောခေါ် ဥတုဓာတ်ပင် ဖြစ်သည်။ လူဖြစ်အောင် သေအောင်ပြုရာ၌သည်း ဤတေဇောခေါ် ဥတုဓာတ် မပါမပြီးသည်ကို သိရာ၏။

ဗုဒ္ဓမြတ်စွာဘုရားသည် ဤသို့သော တေဇောခေါ် ဥတု၏ သတ္တိကို လွန်ခဲ့သော နှစ်ပေါင်း(၂၅၁၄)နှစ် ကျော်ကာပင် ဖော်

ညွှန်း ဟောကြားတော်မူခဲ့သည်ကို မြန်မာများမှာ စာပြောအသုံး မှာပင် ရှိပေသေးသည်ကို သတိပြုကြရာသည်။

ဥတုကြောင့်ဖြစ်သော ရုပ်စစ်စစ်ကို ဖော်ပြရသော် ၁၂-ခုသာ ရှိသည်။ ယင်းတို့မှာ အဝိနိဗ္ဘောဂ-၈၊ သဒ္ဒ- ၁၊ လဟုတာ- ၃၊ ပေါင်း ၁၂–ပါး ဖြစ်သည်။ ထိုရုပ်ကလာပ်တို့ အကြား၌ရှိသော အာကာသဓာတ် အကြားရုပ်ကိုပါ ထည့်လျှင် ၁၃–ပါး ရှိပါသည်။ ၎င်းရုပ် ၁၃-ပါးကို တူရာဖွဲ့စည်းလျှင် အောက်ပါပုံစံ အတိုင်း အဖွဲ့ ၄–ဖွဲ့ ဖြစ်ပါသည်။

## ပုံစံ

| ၁ | ၂ | ၃ | ၄ |
|---|---|---|---|
| အဝိနိဗ္ဘောဂ | သဒ္ဒ | လဟုတာဒိ | အာကာသဓာတ် |

၈ + ၁ + ၃ + ၁ = ၁၃

၁။ အဝိနိဗ္ဘောဂအဖွဲ့ဝင် ရုပ်များမှာ ကံစိတ်၌ ဖော်ပြခဲ့သော ရုပ်ဓာတ် ၈-ပါးပင် ဖြစ်ပါသည်။

၂။ သဒ္ဒအဖွဲ့ဝင်တွင်ပါဝင်သော သဒ္ဒရုပ်ဆိုသည်မှာ....

သဒ္ဒ ဥတုကြောင့် ဖြစ်သော အသံဖြစ်သည်။ (မိုးချုန်းသံ၊ အသက်ရှူသံ၊ ပဲ့တင်ထပ်သံ စသည်တို့ ဖြစ်သည်။)

၃။ လဟုတာဒိ အဖွဲ့ဝင် ရုပ်များမှာ....

(က) လဟုတာ- စိတ်ဥတု အာဟာရ မှတလျှင် ပေါ့ပါးသောရုပ် ဖြစ်သည်။

(ခ) မုဒုတာ- စိတ်ဥတု အာဟာရ မှတလျှင် နူးညံ့သောရုပ် ဖြစ်သည်။

(ဂ) ကမ္မညတာ- စိတ် ဥတု အာဟာရ မှတလျှင် သန်မာ သွက်လက်သည့် ဟူ၏။ ခန့်ညားသောရုပ်ဖြစ်သည်။

၄။ အာကာသဓာတ်ပါသော ရုပ်မှာ....
အာကာသ ပရိစ္ဆေဒရုပ်-အကြားရုပ် ဖြစ်ပါသည်။
ဥတုကြောင့်ဖြစ်သော ရုပ် ၁၂ -ပါးနှင့် အာကာသရုပ်ပါ ၁၃-ပါး ဖြစ်ပါသည်။

၁။ သက်သက် သန့်သန့် ဖြစ်သော သဒ္ဒကာ ကလာပ် အဖွဲ့၌ပါဝင်သောရုပ်များမှာ အဝိနိဗ္ဘောဂရုပ် ၈-ခုတစည်း ဖြစ်သည်။

မှတ်ချက်။ ။ဆိုခဲ့ပါ သဒ္ဒကာ ကလာပ်၌ ပါဝင်သော အဝိနိဗ္ဘောဂရုပ် ၈-ခုသည် ဥတုကြောင့် ဖြစ်သော ရုပ်တို့၌ ပါဝင်ပါသည်။

၂။ သဒ္ဒ ကလာပ်၌ပါဝင်သော ရုပ်များမှာ....

| | | |
|---|---|---|
| (က) | သဒ္ဒရုပ် | ၁ |
| (ခ) | အဝိနိဗ္ဘောဂရုပ် | ၈ |
| | ရုပ်ပေါင်း | ၉-ပါးတစည်း |

၃။ လဟုတာဒိကလာပ်၌ပါဝင်သော ရုပ်များမှာ....

(က) လဟုတာ- ပေါ့ပါးသည့်ရုပ် ၁
(ခ) မုဒုတာ- နူးညံ့သည့်ရုပ် ၁
(ဂ) ကမ္မညတာ- ခန့်ညားသည့်ရုပ် ၁
(ဃ) အဝိနိဗ္ဘောဂရုပ် ၈

ရုပ်ပေါင်း ၁၁-ပါးတစည်း

၄။ သဒ္ဒလဟုတာဒိ ကလာပ်၌ ပါဝင်သော ရုပ်များမှာ....

(က) သဒ္ဒရုပ် ၁
(ခ) လဟုတာဒိ ၃
(ဂ) အဝိနိဗ္ဘောဂရုပ် ၈

ရုပ်ပေါင်း ၁၂-ပါးတစည်း

ဖြစ်၍ ကလာပ်စည်းပေါင်း ၄-စည်းဖြစ်ပါသည်။

## ရုပ်ကိုဖြစ်စေသည့်အာဟာရ ရုပ်တို့တူရာပေါင်းဖွဲ့ပုံ

ရုပ်ကိုဖြစ်စေသော အာဟာရဆိုသည်မှာ စားမျိုအပ်သော အရည်ကလာပ် အဖတ်ကလာပ်တို့၌ပါသော ပွားမှုကိုဆောင်သည့် အဆီအစေးဖြစ်သော ဩဇာဓာတ်ကို ဆိုလိုသည်။

ဤဩဇာဓာတ်သည် အဇ္ဈတ္တ အတွင်းသန္တာန်၊ ဗဟိဒ္ဓ အပြင်သန္တာန်တို့၌ရှိသော ဩဇာဓာတ်ကို အာဟာရဟုခေါ်ပါသည်။

အတွင်း အဇ္ဈတ္တသန္တာန်၌ရှိသော ဩဇာဓာတ် ဆိုသည်မှာ အကြောင်းလေးပါးကြောင့်ဖြစ်သော ဩဇာဓာတ်ဖြစ်၍ ဝါးမျို အပ်သော အရည်အဖတ်တို့၌ပါသော ဩဇာကို ဥတုကြောင့်ဖြစ် သော ဩဇာဓာတ်ဟု ဆိုပါသည်။ ထိုဩဇာဓာတ် နှစ်ပါးသည် အချင်းချင်း ပေါင်းစပ်ဆုံဆည်းမိကြ၍ (၂)သို့ရောက်သောအခါ ၌ အာဟာရဇရုပ်ကို ခဏတိုင်း ခဏတိုင်း ဆက်ဝါဆက်ခါ ဖြစ်စေ ပါသည်။

ဆိုလိုသည်မှာ သတ္တဝါတို့ သန္တာန်၌ရှိသော ဩဇာဓာတ် သည်ရင်း, ဥတုသည်ရင်း လွန်စွာ မွန်မြတ် သိမ်မွေ့ ကြသည်ဟု ဆိုနိုင်သည်။ ထို့ကြောင့် အပြင်ဩဇာသည်အတွင်းသို့ရောက်သည် ရှိသော် အတွင်းဥတုဟူသော ဓာတ်မီး၏ ချက်ပြုတ် ပေါင်းနှေး မှုကို ခံရလေသည်။ အတွင်း ဩဇာဓာတ်ကလည်း ကောင်းစွာ ထောက်ပံ့၏။ ဤသို့ အတွင်းဥတုက ပေါင်းနှေး ချက်ပြုတ် အပ် သည်ဖြစ်၍ အတွင်း ဩဇာဓာတ်က ထောက်ပံ့အပ်သည် ရှိသော် ဤကိုယ်ခန္ဓာ၌ အဆီအစေး အသွေးအသားတို့ကို ပွားစေသည်၏ အစွမ်းအားဖြင့် ရုပ်ကို ဖြစ်စေသည်ဟု ဆိုလိုပါသည်။

ယင်း အာဟာရကြောင့် ဖြစ်သော ရုပ်အစဉ်သည် ၁၁-ပါး သာ ရှိပါသည်။ ယင်းတို့မှာ- အဝိနိဗ္ဘောဂ- ၈၊ ဝဟုတာ- ၃၊ ပေါင်း- ၁၁-ပါးဖြစ်သည်။ ထိုရုပ်ကလာပ် အကြား အကြားတို့ ၌အာကာသဓာတ် အကြားရုပ်နှင့်ရကား- ၎င်းရုပ်ပါဆိုလျှင် ပေါင်း ၁၂-ပါးဟု ရေတွက်ရပါသည်။

၎င်းရုပ်တို့ကို တူရာဖွဲ့စည်းလိုက်သော် အာကာသပါထည့်လျှင် အောက်ပါပုံစံအတိုင်း အဖွဲ့ ၃-ဖွဲ့ ရှိပါသည်၊

## ပုံစံ

၁ ၂ ၃

အဝိနိဗ္ဘောဂ လဟုတာဒိ အာကာသဓာတ်
ဂ + ၃ + ၁ = ၁၂

ဆိုခဲ့ပါအဖွဲ့ဝင်ရုပ်တို့မှာ ကံ စိတ် ဥတုတို့ကြောင့် ဖြစ်သော ရုပ်တို့ကဲ့သို့ပင် ဖြစ်သည်ဟု ယူပါကုန်။

ဥတုကြောင့်ဖြစ်သော ကလာပ် ၄-စည်းကို ပေါ်ပြပြီး၍ ယခု အာဟာရကြောင့်ဖြစ်သော ရုပ်သက်သက် ၁၁-ပါးကို ကလာပ် စည်းဖွဲ့သော် အောက်ပါပုံစံအတိုင်း ကလာပ်စည်း ၂-စည်း ဖြစ်ပါသည်။

## ကလာပ်စည်း ၂-စည်း

၁ ၂

သုဒ္ဓဋ္ဌက လဟုတာဒိ
ဂ + ၃ = ၁၁

၁။ သုဒ္ဓဋ္ဌကကလာပ်၌ပါဝင်သော ရုပ်များမှာ....
အဝိနိဗ္ဘောဂ ရုပ် ဂ-ပါး ကလာပ်တစည်း ဖြစ်ပါသည်။

မှတ်ချက်။ ။ အာကာသ ဓာတ်သည် အကြောင်း ၄-ပါး ကြောင့် ဖြစ်သော ရုပ်မဟုတ်ရကား ကလာပ် ဖွဲ့စည်းရာ၌ မရအပ်ပေ။

၂။ လဟုတာဒိ ကလာပ်စည်း၌ ပါဝင်သော ရုပ်များမှာ....

| | | | |
|---|---|---|---|
| (က) | လဟုတာ | .... ပေါ့ပါးသည့်ရုပ် | ၁ |
| (ခ) | မုဒုတာ | .... နူးညံ့သည့်ရုပ် | ၁ |
| (ဂ) | ကမ္မညတာ | .... ခန့်ညားသည့်ရုပ် | ၁ |
| (ဃ) | အဝိနိဗ္ဘောဂရုပ် | | ၈ |

ရုပ်ပေါင်း ၁၁ ပါးဖြစ်

၍ ကလာပ်စည်းပေါင်း ၂-စည်း ဖြစ်ပါသည်။

ဤသို့အားဖြင့် ကံ-စိတ်- ဥတု- အာဟာရ ဟူသောအကြောင်း လေးပါးကြောင့်ဖြစ်သော ရုပ်တို့၏ ကလာပ်စည်းပေါင်းမှာ....

| | | |
|---|---|---|
| (၁) | ကမ္မဇ ကလာပ်စည်း | ၉ စည်း |
| (၂) | စိတ္တဇ ကလာပ်စည်း | ၆ စည်း |
| (၃) | ဥတုဇ ကလာပ်စည်း | ၄ စည်း |
| (၄) | အာဟာရဇ ကလာပ်စည်း | ၂ စည်း |

ကလာပ်စည်းပေါင်း ၂၁ စည်း ဖြစ်သည်။

## နိဂုံးချုပ်မှတ်သားဖွယ်

ဆိုခဲ့ပါ ကံ- စိတ်- ဥတု- အာဟာရ ဟူသော အကြောင်း လေးပါးကြောင့်ဖြစ်သော ရုပ်တို့ကို အချုပ် မှတ်သားဘို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

## ကံကြောင့် ဖြစ်သောရုပ်

ကံကြောင့်ဖြစ်သော ရုပ်သည် အာကာသ အကြားရုပ်မပါ ၁၇-ပါး ရှိပါသည်။ ယင်းရုပ် ၁၇-ပါးကို ကလာပ်စည်းဖွဲ့သော် အောက်ပါအတိုင်း ကလာပ်စည်း ၉-စည်းဖြစ်ပါသည်။

(၁) ဇီဝိတနှင့်သုဒ္ဓဋ္ဌကကလာပ် ၈-ပါးရုပ်ပါ ရုပ် ၉-ပါး ၁ စည်း
(၂) စက္ခုပသာဒရုပ်-ဇီဝိတရုပ် ၉-ခုပါ ရုပ် ၁၀-ပါး ၁ စည်း
(၃) သောတပသာဒရုပ်
ဇီဝိတရုပ် ၉-ခုပါ ရုပ် ၁၀-ပါး ၁ စည်း
(၄) ဃာနပသာဒရုပ်-ဇီဝိတရုပ် ၉-ခုပါ ရုပ် ၁၀-ပါး ၁ စည်း
(၅) ဇိဝှာပသာဒရုပ် ဇီဝိတရုပ် ၉-ခုပါ ရုပ် ၁၀-ပါး ၁ စည်း
(၆) ကာယပသာဒရုပ်-ဇီဝိတရုပ် ၉-ခုပါ ရုပ် ၁၀-ပါး ၁ စည်း
(၇) ဣတ္ထိဘာဝရုပ်-ဇီဝိတရုပ် ၉-ခုပါ ရုပ် ၁၀-ပါး ၁ စည်း
(၈) ပုမ္ဘာဝရုပ်-ဇီဝိတရုပ် ၉-ခုပါ ရုပ် ၁၀-ပါး ၁ စည်း
(၉) ဝတ္ထုရုပ် ဇီဝိတရုပ် ၉-ခုပါ ရုပ် ၁၀-ပါး ၁ စည်း

ကလာပ်စည်းပေါင်း ၉ စည်း

ဖြစ်ပါသည်။

## စိတ်ကြောင့်ဖြစ်သောရုပ်

စိတ်ကြောင့်ဖြစ်သောရုပ်သည် အာကာသအကြား ရုပ်မပါ ၁၄-ပါး ရှိပါသည်။ ယင်းရုပ် ၁၄-ပါးကို ကလာပ်စည်းဖွဲ့သော် အောက်ပါအတိုင်း ကလာပ်စည်း ၆-စည်း ဖြစ်ပါသည်။

(၁) သုဒ္ဓဋ္ဌက ကလာပ် အဝိနိဗ္ဘောဂရုပ် ၈ ပါး ၁ စည်း
(၂) ကာယဝိညတ်ရုပ်-၁၊ အဝိနိဗ္ဘောဂရုပ် ၈ ပါး
ရုပ် ၉ ပါး ၁ စည်း

(၃) သဒ္ဒရုပ် ၁၊ ဝစီဝိညတ္တိရုပ် ၁၊
အဝိနိဗ္ဘောဂရုပ် ၈ ပါး ရုပ် ၁၀ ပါး ၁-စည်း
(၄) လဟုတာဒိရုပ် ၃၊
အဝိနိဗ္ဘောဂရုပ် ၈ ပါး ရုပ် ၁၁ ပါး ၁-စည်း
(၅) ကာယဝိညတ္တိရုပ် ၁၊ လဟုတာဒိရုပ် ၃၊
အဝိနိဗ္ဘောဂရုပ် ၈-ပါး ရုပ် ၁၂ ပါး ၁-စည်း
(၆) သဒ္ဒရုပ် ၁၊ ဝစီဝိညတ်ရုပ် ၁၊ လဟုတာဒိရုပ် ၃၊
အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ရုပ် ၁၃ ပါး ၁-စည်း

စိတ္တဇကလာပ်စည်းပေါင်း ၆-စည်း

ဖြစ်ပါသည်။

## ဥတုကြောင့်ဖြစ်သောရုပ်

ဥတုကြောင့်ဖြစ်သော ရုပ်သည် အာကာသ အကြားရုပ်မပါ ၁၂ ပါး ရှိပါသည်။ ယင်း ၁၂ ပါးကို ကလာပ်စည်း ဖွဲ့သော် အောက်ပါအတိုင်းကလာပ်စည်း ၄ စည်းဖြစ်ပါသည်။
(၁) သုဒ္ဓဋ္ဌကကလာပ် အဝိနိဗ္ဘောဂရုပ် ၈ ပါး ၁ စည်း
(၂) သဒ္ဒရုပ် ၁၊ အဝိနိဗ္ဘောဂရုပ် ၈ ပါး၊ ရုပ် ၉ ပါး ၁ စည်း
(၃) လဟုတာဒိရုပ် ၃၊ အဝိနိဗ္ဘောဂရုပ် ၈ ပါး
ရုပ် ၁၁ ပါး ၁ စည်း
(၄) သဒ္ဒရုပ် ၁၊ လဟုတာဒိရုပ် ၃၊
အဝိနိဗ္ဘောဂရုပ် ၈ ပါး ရုပ် ၁၂ ပါး ၁ စည်း

ဥတုဇကလာပ်စည်း ပေါင်း ၄ စည်း

ဖြစ်ပါသည်။

## အာဟာရကြောင့်ဖြစ်သောရုပ်

အာဟာရကြောင့် ဖြစ်သောရုပ်သည် အာကာသ အကြား ရုပ်မပါ ၁၁ ပါးရှိပါသည်။ ယင်းရုပ် ၁၁ ပါးကို ကလာပ်စည်း ဖွဲ့သော် အောက်ပါအတိုင်း ကလာပ်စည်း ၂ စည်း ဖြစ်ပါသည်။

(၁) သုဒ္ဓဋ္ဌက ကလာပ် အဝိနိဗ္ဘောဂရုပ် ၈ ပါး ၁ စည်း

(၂) လဟုတာဒိရုပ် ၃၊ အဝိနိဗ္ဘောဂရုပ် ၈ ပါး

ရုပ် ၁၁ ပါး ၁ စည်း

အာဟာရဇ ကလာပ်စည်း ၂ စည်း

ဖြစ်ပါသည်၊

ဤသို့အားဖြင့် ကံ-စိတ်-ဥတု- အာဟာရဟူသော အကြောင်း လေးပါးကြောင့်ဖြစ်သော ရုပ်တို့၏ ကလာပ်စည်းပေါင်းမှာ....

၁။ ကမ္မဇကလာပ်စည်း ၉ စည်း

၂။ စိတ္တဇ ကလာပ်စည်း ၆ စည်း

၃။ ဥတုဇ ကလာပ်စည်း ၄ စည်း

၄။ အာဟာရဇ ကလာပ်စည်း ၂ စည်း

ကလာပ်စည်းပေါင်း ၂၁ စည်း ဖြစ်ပါသည်။

## ရုပ်များစတင်ဖြစ်ပုံ

အကြောင်းလေးပါးအလိုက် ရုပ်များ စတင် ဖြစ်ပေါ်ပုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) ကံကြောင့်ဖြစ်သော ရုပ်များသည် ပဋိသန္ဓေစိတ် ဥပါဒ်ဖြစ်ခိုက်မှာ အဘူတူဖြစ်ပါသည်။

(၂) စိတ်ကြောင့်ဖြစ်သော ရုပ်များသည် ပဋိသန္ဓေစိတ်၊ ဥပါဒ်၊ ဌီ- ဘင်- (ဖြစ်- တည်- ပျက်-) ပြီးနောက် ပထမဘဝင်စိတ်နှင့် အတူ ဖြစ်ကြပါသည်။

(၃) ဥတုကြောင့်ဖြစ်သော ရုပ်များသည် ပဋိသန္ဓေ၏ ဥပါဒ်ဖြစ်ပြီးနောက် (ဌီ)အရောက်မှာ ဖြစ်ကြပါသည်။

(၄) အာဟာရကြောင့် ဖြစ်သော ရုပ်များသည် မိခင်စားမျိုအပ်သော အစာသည် တသတ္တာဟ- နှစ်သတ္တာဟ လောက် ကြာသောအခါ သူငယ်၏ ကိုယ်သို့ ပျံ့နှံ့၏။ ထိုဗဟိဒ္ဓ- အပြင်- ဩဇာနှင့် ပင်ကိုယ်ရှိခြင်းဖြစ်သော အဇ္ဈတ္တအတွင်းဩဇာတို့ ပူးပေါင်း မိကြသောအခါ အာဟာရကြောင့်ဖြစ်သောရုပ်များ ဖြစ်စေပါသည်။

မှတ်ချက်။ ။ရုပ်တို့ဖြစ်ပေါ်ပုံမှာ အမှန်အား ကမ္မဇရုပ်ဖြစ်ပြီးလျှင် ဥတုဇရုပ် ဖြစ်ပါသည်။ ထို့နောက် စိတ္တဇရုပ်ဖြစ်ပြီး နောက်မှ အာဟာရဇ ရုပ် ဖြစ်ပါသည်။

ဤသို့ အစီအစဉ်အတိုင်း ဖြစ်သော်လည်း တူရာပေါင်းပွဲ၍ နာမ်- နာမ်ချင်းဖြစ်သော ကမ္မဇရုပ်နှင့် စိတ္တဇရုပ်ကို ရှေ့၌ပြ၍ ရုပ်- ရုပ်ချင်းဖြစ်သော ဥတုဇရုပ်နှင့် အာဟာရဇ ရုပ်တို့ကို တူရာပေါင်းပွဲ၍ပြထားခြင်းဖြစ်သည်။ ဤတွင် အကြောင်း ၄-ပါး ကြောင့် ရုပ်ဖြစ်ပုံနှင့် ရုပ်တူရာပေါင်းဖွဲ့ပုံတို့ကို ဖော်ပြခြင်းဖြစ်ပါသည်။

# ရုပ်နာမ်တို့၏ ဘဝဖြစ်စဉ်

ကာမဘုံရှိ ရုပ်တို့၏ ဆင့်ကဲဖြစ်စဉ်ကို ဖော်ပြပါမည်။ ယင်းကာမဘုံ၌ ရုပ် ၂၈-ပါး ရကြသော်လည်း ပဝတ္တိ မျက်မှောက်အခါ၌ ထိုက်သင့်သလိုရကြပါသည်။ အမဖြစ်လျှင် အထီးရုပ်မပါ၊ အထီးဖြစ်လျှင်လည်း အမရုပ် မရပေ။ ထို့ပြင် နပုန်းပဏ္ဍုတ်တို့၌ ဘာဝရုပ် မရပေ။ အချို့ မျက်စိ, နား, နှာခေါင်းစသည့် ကမ္မဇရုပ်တို့သည်လည်း ထိုသတ္တဝါ၏ အတိတ်လုပ်အား ကံ အလျောက် ချို့တဲ့သူများသည်း ရှိတတ်ကြပါသေးသည်။

ပဋိသန္ဓေစိတ် စေတသိက်နှင့် ကံ ကြောင့်ဖြစ်သော ရုပ်တို့၏ ဘဝသစ်၌ ပထမဆုံးဖြစ်ရာအခါကို ပဋိသန္ဓေအခါဟု ခေါ်သည်။ ထိုပထမဆုံး ဖြစ်သော စိတ်စေတသိက်နှင့် ကံ ကြောင့်ဖြစ်သော ရုပ်တို့၏ (၄)အခိုက်အခါမှစ၍ စုတိစိတ် မကျမီကာလကို ပဝတ္တိအခါဟု ခေါ်သည်။

သတ္တလောကသားတို့၏ (ယောနိ) အမျိုးဇာတ်ဖြစ်ကြောင်းသည် (၁) သံသေဒဇ (၂) ဩပပါတိက (၃) ဂဗ္ဘသေယျက

ဟု သုံးမျိုးရှိပါသည်။ ထိုသုံးမျိုးတွင် ဂဗ္ဘသေယျက သည် ဇလာဗုဇနှင့် အဏ္ဍဇဟူ၍ ၂–မျိုး ရှိပြန်ပါသည်။ ထို့ကြောင့် သတ္တဝါဖြစ်ကြောင်း (ယောနိ) အမျိုးဇာတ်သည် ၃-မျိုး (သို့မဟုတ်) ၄-မျိုး ဟူ၍လည်း ဆိုနိုင်ပါသည်။

(၁) သံသေဒဇ သတ္တဝါမျိုးကား- ရေပြင် ရေညှိ အကျိအချွဲ စသည်တို့နှင့် သစ်ပင်စသည်တို့၌ ပဋိသန္ဓေတည်၏။ (ပဒုမဝတီ မိဖုရားသည် ပဒုမ္မာကြာ၌ ပဋိသန္ဓေတည်၏။ ဝါးပင်၌ ဝေဠုဝတီ မိဖုရားသည် ပဋိသန္ဓေတည်ခဲ့ပေသည်။) ရေညှိ ရေပုပ် အသားပုပ်တို့၌ ပဋိသန္ဓေတည်သော ပိုးလောက်သတ္တဝါမျိုးလည်း ရှိသေး၏။ ထိုထိုသတ္တဝါမျိုးကို သံသေဒဇမျိုးဟု ဆိုသည်။

(၂) ဩပပါတိက သတ္တဝါမျိုးမှာမူ– ဘဝဟောင်းမှ ခုန်လွှားခဲ့၍ ဘဝသစ်၌ ဘွားခနဲ ကျလာသကဲ့သို့ ခန္ဓာကိုယ် အထင်အရှားဖြစ်သူတို့ကို ဩပပါတိက (ဥပပါတ်- ပဋိသန္ဓေနေသော) သတ္တဝါမျိုးဟု ခေါ်ဆိုပါသည်။ ပုံစံမှာ- ကမ္ဘာဦးက လူချားနှင့် နတ်ပြဟ္မာ ငရဲသားစသည်တို့ ဖြစ်သည်။

(၃) ဂဗ္ဘသေယျက သတ္တဝါမျိုးကား– အမိဝမ်း၌ ကိန်းအောင်း၍ ပဋိသန္ဓေတည်နေသည်ကို ဂဗ္ဘသေယျက ပဋိသန္ဓေဟု ခေါ်၏။

ယင်း ဂဗ္ဘသေယျက နှစ်မျိုးတွင် ဇလာဗုဇမျိုးသည် သူငယ်အိမ် သားအိမ်၌ သားကောင်အလိုက် သန္ဓေတည်သည်။ အဏ္ဍဇ သတ္တဝါမျိုးကား- သားအိမ်အဘွင်း၌ အဥအနေဖြင့် သန္ဓေတည်ပါသည်။

## ပဋိသန္ဓေတည်နေပုံ

ယခု ဂဗ္ဘသေယျက သတ္တဝါတို့ ပဋိသန္ဓေတည်နေပုံကို ဖော်ပြပါမည်။ ဤဂဗ္ဘသေယျက သတ္တဝါနှစ်မျိုးတို့၏ သဏ္ဍာန်၌ ပဋိသန္ဓေဖြစ်ပေါ်ပုံမှာ "ကံ· သင်္ခါရ· ဇနက· ပစ်ချဖြစ်ပေါ်မှု" ဟုသည့် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ လင်္ကာသံပေါက်နှင့်အညီ သတ္တဝါတို့ ပြုခဲ့သော အတိတ်ကုသိုလ် အကုသိုလ်စေတနာကံ တို့သည် "မျိုးစေ့သည့် အကြောင်းညီလျှင် အပင်ပေါက်ရောက်နိုင်သကဲ့သို့" အကြောင်းညီသည့်အခါ အကျိုးဝိပါက် စိတ်စေတသိက်နှင့် ကံကြောင့်ဖြစ်သော ရုပ်တို့ကို ဖြစ်ပေါ်စေနိုင်ပါသည်။ ဤသို့ ပဋိသန္ဓေအကျိုးကို ဖြစ်စေသော ကံကို "ဇနကကံ" ဟု ခေါ်၏။

ဤဇနကကံသည် ဘယ်အခါ အကျိုးဖြစ်ပေါ်စေနိုင်သနည်း ဟူမူ "အကြောင်းသုံးဖော်၊ ညီစေ့ဆော်၊ ဖြစ်ပေါ်သန္ဓိစု" ဟု ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီး၏ သံပေါက်လင်္ကာအရ အကြောင်းသုံးဖော်ညီလျှင် သတ္တဝါဖြစ်ပေါ်နိုင်ပါသည်။

## ယင်းအကြောင်းသုံးဖော်ကား

၁။ မိခင်လောင်း၏ ဥတုပန်း ပွင့်ပြီးစ ဖြစ်ခြင်း၊

၂။ ထိုအခါ မိဘနှစ်ဦး ကူးလူးဆက်ဆံ၍ ရသော သုက်သွေးသည် ဘားအိမ်၌ရှိခြင်း၊

၃။ သန္ဓေတည်မည့် သတ္တဝါသည် ဘဝဟောင်းမှ ဘဝသစ် တည်နေဘို့ရာ ရှေးရှုတည်ခြင်း ရှိရပေသည်။

ဤအကြောင်းသုံးပါးညီမှ အများအားဖြင့် သန္ဓေတည်ကြရသည်။

ဤအကြောင်းသုံးပါးတွင် သန္ဓေနေမည့် သတ္တဝါ၏ ဘဝဟောင်းမှ ရွှေ့ပြောင်းခဲ့ခြင်းသည် အချုပ်အခြာဖြစ်၏။ ထို့နောက် မိခင်လောင်း၏ သားအိမ် စင်ကြယ်ရ ပေသည်။ ထိုသားအိမ်၌ ကလလရေကြည် ကပ်ငြိနေဘို့ရာ သုက်သွေးဓာတ်ရှိလျှင် သန္ဓေတည်နိုင်ပေသည်။ သုက်သွေးရဘို့ရာ မိဘနှစ်ဦး ကူးလူးဆက်ဆံမှုမဟုတ် သွေးများ လှုပ်ရှားလောက်အောင် မိခင်လောင်း၌ ရာဂစိတ် ဖြစ်ပေါ်လာ၍ သားအိမ်၌ သုက်သွေးဓာတ် အစအနရှိလျှင် ပဋိသန္ဓေ ရနိုင်တော့၏။ ဤမျှ သုက်သွေးဖြင့် သန္ဓေရသည်ကား အလွန်ရှား၏။ ဝတ္ထုမှာ သုဝဏ္ဏသျှံဖြစ်သည်၊ မျက်မှောက်၌ ငါးမသည် ငါးထီးကို မြင်ရခြင်းဖြင့် သန္ဓေရသည်ဟု သိပ္ပံပညာရှင်များ စူးစမ်းချက်အရ သိရ၏။

မိဘနှစ်ပါး တကြိမ်ဆက်ဆံသွားလျှင် ၇-ရက် (သို့မဟုတ်) ၁၅-ရက်ကြာအောင် ခေတ်အခါဖြစ်၏။ သန္ဓေရနိုင်သောအခါဟု ဆိုလိုသည်။ ထို့ကြောင့် ဝါဆိုလပြည့်နေ့ မယ်တော်မာယာ ဥပုသ်စောင့်သုံးခိုက်၌ ဘုရားအလောင်း သန္ဓေတည်တော်မူသည်မှာ ဥပုသ်ရက်မတိုင်မီ ၇-ရက် ၁၅-ရက် ခေတ်အခါအတွင်း ကူးလူးဆက်ဆံမှု ရှိသောကြောင့် ဖြစ်သည်ဟု ဆို၏။

## ကံကြောင့်ဖြစ်သော ရုပ်ကလာပ်

ဆိုခဲ့သည့်အတိုင်း အကြောင်း သုံးဖော် ညီစေ့ဆော်လျှင် ပဋိသန္ဓေအခါမှာ ပဋိသန္ဓေစိတ်နှင့်အတူဖြစ်သော ကာယဒသက-

ဘာဝဒသက- ဝတ္ထုဒသက- ကလာပ်စည်း ၃-စည်းတို့ဖြင့်စ၍ ကလလရေကြည် သန္ဓေတည်ပေသည်။

## ကလာပ် ၃-စည်း

၁။ ကာယဒသက ကလာပ်၌—

| | | |
|---|---|---|
| (က) | ကာယပသာဒရုပ် | ၁ |
| (ခ) | အဝိနိဗ္ဘောဂရုပ် | ၈ |
| (ဂ) | ဇီဝိတရုပ်(ရုပ်သက်) | ၁ |
| | ပေါင်း | ၁၀ တစည်း |

၂။ ဘာဝဒသက ကလာပ်၌-

| | | |
|---|---|---|
| (က) | ဘာဝရုပ် | ၁ |
| (ခ) | အဝိနိဗ္ဘောဂရုပ် | ၈ |
| (ဂ) | ဇီဝိတရုပ် (ရုပ်သက်) | ၁ |
| | ပေါင်း | ၁၀ တစည်း |

၃။ ဝတ္ထုဒသက ကလာပ်၌—

| | | |
|---|---|---|
| (က) | ဝတ္ထုရုပ် | ၁ |
| (ခ) | အဝိနိဗ္ဘောဂရုပ် | ၈ |
| (ဂ) | ဇီဝိတရုပ် (ရုပ်သက်) | ၁ |
| | ပေါင်း | ၁၀ တစည်း |

ဟူ၍ ကလာပ် ၃-စည်း၊ ရုပ် ၃၀ ဖြစ်သည်။ ဤကလာပ် ၃ စည်း၊ ရုပ် ၃၀ သည် လူ၏ခန္ဓာ အတ္တဘော ဖြစ်ရန် ဤရုပ်ကလာပ်တို့မှ စတင်ဖြစ်ပွားရလေသည်ချည်းသာ။

ယင်းကလာပ် ၃ စည်း၊ ရုပ် ၃၀ ကို ကလလ ရေကြည်ဟု ခေါ်သည်။ ထိုကလလ ရေကြည်၌ ဖြစ်သော ရုပ် ၃၀ သည် ကံကြောင့်ဖြစ်သောရုပ်များဖြစ်သည်။ ယင်းရုပ်တို့သည် ပဋိသန္ဓေစိတ် စေတသိက် နာမ်တရားတို့နှင့်အတူ ဖြစ်ပေါ်ပေသည်။ ထိုပဋိသန္ဓေစိတ် စေတသိက် နာမ်တရားနှင့် ကလလ ရေကြည်၌ ရှိသော ဝတ္ထုရုပ်တို့သည် ဤအခါမှာ အညမည ပစ္စည်းဖြင့် အပြန်အလှန် ကျေးဇူးပြုကြလေသည်။

## ပဋိသန္ဓေဖြစ်ပေါ်ပုံ

ဗုဒ္ဓဘာသာဝင်တို့သည် ပဋိသန္ဓေဖြစ်ပေါ်ပုံကို သိသင့်လှပေသည်။ ပဋိသန္ဓေတည်နေပုံမှာ အလွန်သိမ်မွေ့လှသည်။ ဤပဋိသန္ဓေဖြစ်ပေါ်ပုံ စသည်တို့ကိုမသိလျှင် ဥစ္ဆေဒဒိဋ္ဌိ (သေလျှင်ပြတ်သည်ဟူ၍)သော်၎င်း၊ သဿတဒိဋ္ဌိ (ဤရုပ်နှင့် နာမ်တို့သည် ဟိုဘဝ၌အဖြစ်မြဲသည်ဟူ၍)သော်၎င်း အယူမှား ဖြစ်နိုင်ပေသည်။

သတ္တဝါတို့မှာ တဘဝ တဘဝ၌ ပဋိသန္ဓေစိတ် စေတသိက်နှင့် ကံကြောင့်ဖြစ်သောရုပ်တို့ ဖြစ်စေသည့်အခါကို ပဋိသန္ဓေအခါဟု ဖော်ပြခဲ့သည်။ ယင်းပဋိသန္ဓေအခါ၌ဖြစ်သော စိတ်ကိုပဋိသန္ဓေစိတ်ဟု ခေါ်သည်။ ထိုပဋိသန္ဓေ အခါသည် မည်သို့ဖြစ်ပေါ်စေသနည်းဟူမူ ဘဝဟောင်းမှ ခန္ဓာငါးပါး ချုပ်ဆုံး

ပျက်စီး၍ ရှေ့လျောခြင်း သေခြင်းသဘောသည်ရှိ၏။ ဤရှေ့လျောခြင်း (သေခြင်း)သဘောကိုစုတိဟုခေါ်သည်။ ယင်းစုတိအခါ၌ဖြစ်သောစိတ်ကို စုတိစိတ်ခေါ်၏။

ပဋိသန္ဓေစိတ်သည် ဆိုခဲ့ပါ စုတိနောင်ကြားမလပ်ဘဲ တစင်တည်းဖြစ်ပေါ်လာသည်။ ထို့ကြောင့် သေလွန် စုတေသောသတ္တဝါ၏အကြားမရှိ၊ ဘဝဟောင်းနှင့် ဘဝသစ် နှစ်ပါးကို (သို့မဟုတ်) စုတိစိတ်နှင့် ဘဝင်စိတ်ကို တစပ်တည်း ဖြစ်စေရန် စပ်ဟပ်ခြင်းသဘော၊ စပ်ဘတ်ခြင်းသဘောကို ပဋိသန္ဓေဟုခေါ်သည်။ ယင်းပဋိသန္ဓေသည် စုတိနောင် ကြားမလပ်ဘဲ တစင်တည်းဖြစ်ပေါ်လေသည်။

ဆိုခဲ့သောစုတိစိတ်သည် ချုပ်သည်ရှိသော်လည်း အစဉ်မပြတ်ကြားမလပ်ဘဲ သေခါနီး စုတိစိတ် မချုပ်မီ မိမိတို့ အတိတ်ကပြုလုပ်ခဲ့ဘူးသော ကံ- ကမ္မနိမိတ်- ဂတိနိမိတ်- အာရုံတခုခုသည်စိတ်၌ထင်လာသည်။ သို့ထင်လာသော အာရုံကို အာရုံပြုလျက်ရှေး၌ဖြစ်သော (ဘဝဟောင်း၌ဖြစ်သော) မှီရာ ရုပ်ဝတ္ထုကိုစွန့်လွှတ်လိုက်လေသည်။ ထိုနောက် ဖြစ်သော (ဘဝသစ်၌ဖြစ်သော) မှီရာ ရုပ်ဝတ္ထုကို သာယာ၍ငင်း၊ မသာယာ၍ ငင်းအာရမ္မဏပစ္စည်းပြု၍ ပဋိသန္ဓေစိတ်သည် ဖြစ်ပေါ်လာပေသည်။

ဥပမာ- မြောင်းတဖက်ကမ်းဝယ်ရှိသော သစ်ပင်၌ ချည်ထားသောကြိုးကို ဆွဲကိုင်၍ မြောင်းကို ကူးလိုက်သောအခါ အစဉ်မပြတ်ဘဲရောက်သွားသကဲ့သို့ ဖြစ်ပါသည်။

မှတ်ချက်။ ။ကာမဘုံသားတို့သည် ဘဝသစ်ကိုသာယာ၍ အာရုံပြုကြသည်။
အရူပ ဘုံသားများမှာကား- မသာယာဘဲ အာရုံပြုကြသည်။

ဤစုတိစိတ်မှ ပဋိသန္ဓေစိတ်သို့ ကူးပြောင်း ဖြစ်ပေါ်ပုံတို့၌ နက်နဲ သိမ်မွေ့သည့် အမြုတေ သဘောတရား တို့သည် ဗုဒ္ဓ အဘိဓမ္မာပညာ၌ အပြည့်အစုံပါရှိသည်။ သို့သော် ဤသဘော တရားတို့သည် လောကီအဘိဓမ္မာသစ်ဖြစ်သော ဝိဇ္ဇာပညာ, သိပ္ပံ ပညာတို့၏ စမ်းသပ်ဝေဘန်မှု ကင်းလွတ်စွာ တည်ရှိနေသည်။ ဤသဘောတရားတို့ကို ဝိဇ္ဇာပညာ, သိပ္ပံပညာတို့၏ စမ်းသပ်မှု ကရိယာသည် မမှီမကမ်းသေးဘဲ ရှိသည်။

ယင်းသဘောတရားကို စဉ်းစားလျှင် စိတ်ကို ဦးစွာစဉ်းစားရ ပေမည်။ စိတ်သည် အလွန်မြန်ပေသည်။ လက်ဖျောက် တတီး တွင် ဖြစ်ပျက်အစဉ်ပေါင်း သိန်းပေါင်းများစွာ ဖြစ်နိုင်သည်။

စိတ်၏ လျင်မြန်ပုံမှာ မိမိရောက်ဘူးသောအရပ်၊ သို့မဟုတ် ရောက်လိုသည့် အရပ်ကို တခဏအတွင်း အာရုံပြုလိုက်သည်နှင့် ရောက်နိုင်ပေသည်။ တနည်း စိတ်ကိုအာရုံ တခုခု၌ စိုက်စိုက်စူးစူး ထားကြည့်ပါ၊ ထိုအခါစိတ်သည် အမျိုးမျိုးသော အာရုံတို့၌ လှစ်ခနဲလှစ်ခနဲ လျင်မြန်စွာထွက်သွား၍ စိတ်ကို ဖမ်းမမိအောင် လျင်မြန်သည်ကို လက်တွေ့သိပေမည်။

ပြယုဂ်မှာ— စိတ်ထက် လေးလံသည့် ရုပ်များ ဖြစ်ကြသော နျူထရွန်-ပရိုတွန်-အီလက်ထရွန် ခေတ်မ, တို့၏ လှုပ်ရှား နေသည့်

လျှင်မြန်နှုန်းကို လက်ဆုပ်လက်ကိုင် ဖမ်းယူဘွက်ချက်လို့ မရဟု ဆိုသကဲ့သို့ဖြစ်သည်။

ဒုတိယစဉ်းစားဘို့မှာ လျင်မြန်သော အရာတို့သည် တဆက် တည်းဟုထင်ရပေသည်။ ပြယုဂ်မှာ—မီးစတစကို လျင်မြန်စွာခေါ့ ရမ်းလိုက်သည့်အခါ မီးစသည် တနေရာမှတနေရာ, တနေရာပြီး တနေရာသို့ လျင်မြန်စွာ ပြောင်းရွှေ့သွားနေသည်မှန်သော်လည်း မီးရောင်မှာ စက်ဝိုင်းကဲ့သို့တဆက်တည်း မြင်တွေ့ နေရပေသည်။

တနည်းမှာ— ထိုင်သွား, ထသွားနေသော ရုပ်ရှင်ရုပ်ကို ကြည့်ပါ။ တရုပ်တည်း ထိုင်,ထသွားလာနေသည်ဟု ထင်ကြရ သော်လည်း ထိုရုပ်ပုံတခုခု၌ ရုပ်ပုံကလေး ၃၀ ခန့်တို့ကို လျင်မြန် စွာလည်ပတ်စေသဖြင့် တဆက်တည်းဟုထင်ရသည်မှာ ထင်ရှား ပေသည်။

ထို့အတူ ကျုပ်တို့ မြင်-ကြား-နံ-စား-တွေ့-ထိ-ကြံ-သိ စသည် တို့ဘွင် တခုခု၌ တဆက်တည်း နေသည်ဟု ထင်ရ သော်လည်း ဥပါဒ်-ဌီ-ဘင် စသော ခဏငယ်ပေါင်း များစွာတို့သည် အစဉ် ဖြစ်ပျက်နေပေသည်။

ဥပမာ—မီးတောက်ကဲ့သို့ရှင်း၊ မြစ်ရေအလျဉ်ကဲ့သို့ရှင်းဖြစ်၏။

ဆီနှင့် မီးစာတို့ကြောင့် တောက်၍ နေသော ဆီမီးသည် ချက်မြင်အားဖြင့် မီးတောက်တခုတည်းဟု ထင်ရသော် လည်း ရှေးမီးစာ အပိုင်းနှင့် ဆီကုန်သလောက် မီးတောက်သည်လည်း အမြဲချုပ်ပျောက်နေ၏။ နောက်နောက် မီးစာနှင့် ဆီတို့အတွက် အသစ်အသစ်သော မီးတောက်သည်လည်း လျင်မြန်စွာ အဆက် မပြတ် ဖြစ်ပေါ်နေသောကြောင့် မီးတောက် တတောက်ဘည်း ဟု ထင်ကြရသကဲ့သို့တည်း။

မြစ်ရေ အလျဉ်ကို ကြည့်ရှုရာ၌ ရေသည်တခုဘည်းဟု ထင်ရသော်လည်း ပဌမမြစ်ရေသည်အောက်သို စီးဆင်းလေပြီး နောက် ဒုတိယမြစ်ရေသည် လျှင်မြန်စွာရောက်လာသောအခါ၌ တဆက်တည်း ထင်ရသကဲ့သို့ သဘာဝ ဖြစ်သော ဗိတ် သဘောသည် မျက်မှောက်ပစ္စကျွ၌ရှင်း၊ ဘဝထိုဆိုတို့၌ရှင်း ဤမီးတောက်မီးလျှံ မြစ်ရေအလျဉ်တို့ကဲ့သို့ ဆက်ကာဆက်ကာ အစဉ်အတိုင်း ဖြစ်ပျက်နေသေသည်။

## ဘဝစက်လည်ပုံ

အထက်ပါစကားရပ်၌ ဘာဝထိုထိုဟူသော စကားအရ ဘဝ ဆိုထို (သို့မဟုတ်) နောင်တမလွန်ဘဝဟူသည် ရှိပါမည်လော ဟူသော အမေးပြဿနာရှိလာခဲ့လျှင် နောင်ဘဝသည် ဗုဒ္ဓအဘိဓမ္မာပညာအရ ရှိသည်ဟု ဖြေရပေမည်။ တနည်းဆိုရလျှင် မျက်မှောက်ဖြစ်ရပ်ဖြစ်စဉ်များအရလည်း နောက်ဘဝရှိသည်ဟု ဖြေဆိုနိုင်ရာသည်။

လောက၌ နွေဥတု၊မိုးဥတု၊ဆောင်းဥတု ဟူသော ဥတုသုံးလီသည် မည်သည့်တန်ခိုးရှင်ကမျှ မဖန်ဆင်းရဘဲ ဥဘုနိယာမအစွမ်းဖြင့် လည်ပတ်နေသည်ကို သိကြပေသည်။

ထို့အတူ ပုထုဇဉ်သတ္တဝါတို့၏သန္တာန်၌ ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်၊ ဟူ၍ ဝဋ်သုံးပါးတရားသည် အစဉ်ရှိနေသည်။

ဤစကား၌ ဝဋ်ဆိုသည်မှာ—အဖန်ဖန်အဘပ်ထပ် လည်ပတ်ဘတ်သည်ကိုဆိုလိုသည်။ ဥပမာ- မီးငွေ့၊ရေငွေ့ စသည်တို့ဖြင့်

လည်ပတ်သွားလာနေသော မီးရထားစက်၊ သင်္ဘောစက်တို့ပမာ မရပ်မနား တသွားတည်းသွားနေသကဲ့သို့ဖြစ်သည်။ ဤမီးရထား စသည်တို့ လည်ပတ်သွားလာနေမှုသည် မီးရထားစသော ကိုယ် ထည်က လည်ပတ်သွားလာနေသည်မဟုတ်၊ စက်၏အခိုးအငွေ့ စွမ်းအားကြောင့် ဖြစ်သည်ကို သိရာပေသည်။

ဆိုခဲ့သည့် ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် သုံးပါးသည် သတ္တဝါတို့၌ ရှိသော ရုပ်-နာမ်တို့ကို မရပ်မနား အထပ်ထပ် လည် ပတ်သွားနေသည်ကို ဖြစ်စေသည်။ သို့သတ္တဝါတို့ ဒလစပ် လည် ပတ် သွားနေခြင်းသည် မည်သူကမျှ ဖန်ဆင်းသည် မဟုတ်၊ သတ္တဝါတို့သန္တာန်၌ ထင်ရှားလျက် ရှိသော စိတ္တနိယာမ၊ ကမ္မ နိယာမ၊ အချုပ်မှာ ဓမ္မနိယာမတို့က ဖန်တီးလေသောကြောင့် ဘဝ ထိုဆိုတို့၌ လည်ပတ်နေကြရသည်။

ဤ၌ “ဘဝ” ဆိုသည်ကား ဖြစ်ပေါ်တတ်၊ ကြီးပွါးတတ်သည် ကို ဘဝဟုခေါ်၏။ တနည်း—ဤတရားဖြင့် ချမ်းသာမှု၊ ဆင်းရဲမှု တို့သည် ဖြစ်လည်းဖြစ်ပေါ်တတ်၏၊ ကြီးလည်း ကြီးပွါးတတ် ကုန်၏၊ ထိုသို့ ဆင်းရဲ၊ ချမ်းသာကိုဖြစ်စေတတ်သော သတ္တိရှိသော ကြောင့် ဘဝ မည်၏။

## ဝဋ်သုံးပါး

၁။ ကိလေသာဝဋ် ဆိုသည်မှာ တရားကိုယ် အားဖြင့်-

(က) အဝိဇ္ဇာ— အမှန်နှင့်ဆင်းရဲကို မသိအောင်ဖုံးကွယ် သည့် မောဟတရား၊

(ခ) တဏှာ— (၁) ကာမတဏှာ၊ အာရုံငါးပါးကို တပ်မက်ခြင်းလောဘတရား။ (၂) ဘဝတဏှာ၊ ဘဝ ထိုထို တပ် မက် ခြင်း လောဘ တရား။ (၃) ဝိဘဝတဏှာ၊ ဘဝပြတ်သည်ကို တပ်မက်ခြင်း, နှစ်သက်ခြင်း လောဘတရားတို့ဖြစ်သည်။

(ဂ) ဥပါဒါန်— ခန္ဓာငါးပါးကို ပြင်းထန်စွာစွဲလမ်းသည့် တရားတို့ဖြစ်သည်။

၂။ ကမ္မဝဋ် ဆိုသည်ကား တရားကိုယ်အားဖြင့်—

(က) သင်္ခါရ–(၁) ပုညာဘိသင်္ခါရ မဟာကုသိုလ်-၈၊ ရူပကုသိုလ် - ၅၊ ပေါင်း၊၁၃- ပါး တရား။ (၂) အပုညာဘိသင်္ခါရ၊ အကုသိုလ် ၁၂-ပါး တရား၊ (၃) အာနေဉ္ဇာဘိသင်္ခါရ၊ အရူပကုသိုလ် ၄-ပါး တရားတို့ ဖြစ်ပါသည်။

(ခ) ကမ္မဘဝ— (၁) အကုသိုလ် ကမ္မပထ တရား ၁၀-ပါးနှင့်(၂)ကုသိုလ်ကမ္မပထတရား ၁၀-ပါး။ (၃) လောကီကုသိုလ်၏စေတနာနှင့် အကုသိုလ် စေတနာတရားတို့ ဖြစ်ပါသည်။

(၁) အကုသိုလ် ကမ္မပထ ၁၀-ပါးနှင့် ကုသိုလ် ကမ္မပထ ၁၀-ပါး ဆိုသည်မှာ အောက်ပါအတိုင်းဖြစ်သည်။

## အကုသိုလ်ကမ္မပထ ၁၀-ပါး

၁။ ပါဏာတိပါတာ၊ သူ့အသက် သတ်မှု။
၂။ အဒိန္နာဒါနာ၊ သူ့ဥစ္စာကိုခိုးမှု။
၃။ ကာမေသုမိစ္ဆာစာရာ၊ သူ့မယား, သမီး,သူ့လင် တို့ကို ကျူးလွန်မှု။
၄။ မုသာဝါဒါ၊ မဟုတ်မမှန်ပြောဆိုမှု။
၅။ ပိသုဏာဝါစာ၊ ချောပစ်ကုန်းတိုက်မှု။
၆။ ဖရုသဝါစာ၊ ယုတ်မာကြမ်းတန်းစွာ ပြောဆိုမှု။
၇။ သမ္ဖပ္ပလာပဝါစာ၊ စကားအပြိန်အဖျင်း ပြောဆိုမှု။
၈။ အဘိဇ္ဈာ၊ သူတပါး စည်းစိမ်ကို တောင့်တ ကြံစည်မှု။
၉။ ဗျာပါဒ၊ သူတပါး ပျက်စီးစေလိုမှု။
၁၀။ မိစ္ဆာဒိဋ္ဌိ၊ အကျင့်အယူ မှောက်မှားမှု ဖြစ်ပါသည်။

ဆိုခဲ့ပါတရား ၁၀-ပါးကို ဒုစရိုက် ၁၀-ပါးဟုလည်း ခေါ်၏။ ယင်း ဒုစရိုက် ၁၀—ပါးကို ရှောင်ကြဉ်လျှင် သုစရိုက် ကုသိုလ် ကမ္မပထ ဖြစ်၏။

## ပုညကြိယာ ၁၀-ပါး

၁။ ဒါန— ပေးကမ်းစွန့်ကြဲလှူဒါန်းမှု။
၂။ သီလ— ကာယကံ, ဝစီကံကို စောင့်ရှောက်မှု။
၃။ ဘာဝနာ— စိတ်ကို အာရုံ တည်ငြိမ်အောင် ရှုမှတ် ပွားများမှု။
၄။ အပစာယန— ရိုသေထိုက်သူကို ရိုသေလေးစားမှု။

၅။ ဝေယျာဝစ္စ- ပကာသနမဖက် အများအကျိုး ၂ါ အမှုကောင်းတို့ကို ဆောင်ရွက်မှု။
၆။ ပတ္တိဒါန- ကုသိုလ်ရခဲဝရန် ပေးဝေမှု။
၇။ ပတ္တာနုမောဒန- ကောင်းမှုကို ဝမ်းမြောက်စွာ သာဓုခေါ်မှု။
၈။ ဓမ္မသဝန- သူ့တရားဟောကြားကို ကြားနာမှု။
၉။ ဓမ္မဒေသနာ- ကိုယ်က တရားဟောကြားပြောမှု။
၁၀။ ဒိဋ္ဌုဇုကမ္မ- အယူဖြောင့်မတ်မှု။

ထိုပုညကြိယာ ၁၀-ပါးသည် စိတ်ကို စင်ကြယ်စေလေသည်။ ထိုတရားများကို ကာယကံ ဝစီကံ မြောက် ပြုရသည်ဖြစ်၍ ကုသိုလ်ကမ္မပထလည်း မည်ပေသည်။

(၂) လောကီကုသိုလ်စေတနာ, အကုသိုလ်စေတနာတရားဆိုသည်မှာ အောက်ပါအတိုင်း ဖြစ်သည်။

## လောကီကုသိုလ်စေတနာများ

(က) မဟာကုသိုလ်စိတ် ၈-ပါးနှင့်
အတူဖြစ်သော စေတနာ ၈ ပါး
(ခ) ရူပကုသိုလ်စိတ် ၅-ပါးနှင့်
အတူဖြစ်သော စေတနာ ၅ ပါး
(ဂ) အရူပကုသိုလ်စိတ် ၄-ပါးနှင့်
အတူဖြစ်သော စေတနာ ၄ ပါး
ပေါင်း ၁၇ ပါး

ဖြစ်သည်။

## လောကီ အကုသိုလ်စေတနာများ

အကုသိုလ်စိတ် ၁၂ ပါးနှင့် အတူယှဉ်တွဲဖြစ်သော စေတနာ ၁၂ ပါး ဖြစ်သည်။

၄။ ဝိပါကဝဋ် ဆိုသည်မှာ တရားကိုယ်အားဖြင့်—

(က) ဝိညာဏ် (ပဋိသန္ဓေစိတ်ကို ဆိုသည်) အကုသလဝိပါက်နှင့် ကုသလဝိပါက် ဖြစ်သော ဥပေက္ခာသန္တီရဏ ၂၊ မဟာဝိပါက် ၈၊ မဟဂ္ဂုတ်ဝိပါက် ၉၊ ပေါင်း ဝိပါက်စိတ် ၁၉ ပါးဖြစ်သည်။

(ခ) နာမ်ရုပ်- နာမ်တရား= စိတ် ၁ + စေတသိက် ၃၂= ၃၃-ပါးနှင့် ကံကြောင့် ဖြစ်သောရုပ် ၁၈ ပါး ဖြစ်သည်။

(ဂ) သဠာယတန စကျွဲစသော အတွင်း အာယတန ၆ ပါး
ရူပါရုံစသော အပြင်အာယတန ၆ ပါး
ပေါင်း ၁၂ ပါး
ဖြစ်သည်။

(ဃ) ဖဿ စက္ခုသမ္ဖဿစသော ဖဿထိခိုက်မှု ၆ ပါး၊

(င) ဝေဒနာ စက္ခုသမ္ဖဿဇာဝေဒနာ စသောခံစားမှု ၆ ပါး၊

(စ) ဥပပတ္တိဘဝ လောကီဝိပါက် ၃၂၊ စိတ်စေတသိက် ၃၅၊ ကမ္မရုပ် ၂၀ တို့ ဖြစ်ကြသည်။

(ဆ) ဇာတိ ဥပပတ္တိဘဝ ခန္ဓာတို့ကို ရှေးဦးစွာဖြစ်ခြင်း၊
(ဇ) ဇရာ မရဏ အိုခြင်း သေခြင်း စသည်တို့သည် ဝိပါကဝဋ္ဋမည်၏။

ဤ၌ ကိလေသာဆိုသည်မှာ- စိတ်ကိုညစ်နွမ်းစေတတ် ပူပန်စေတတ်သော ထပ်ကာဆင့်ကာ ဖြစ်စေတတ်သည့် သဘောရှိ၏။

ကမ္မဆိုသည်ကား- စီမံတတ်ခြင်း, ပြုလုပ်တတ်ခြင်း သဘောရှိ၏။

ဝိပါက ဆိုသည်မှာ- ပြုမှု အကြောင်း တရားကြောင့် ထို အကြောင်းနှင့် လျော်စွာ ဖြစ်ပေါ်လာသော ရင့်ကျက်သည့် အကျိုးတရားသဘောကို ဆိုသည်။

## ဝဋ္ဋသုံးပါးစက်လည်ပုံ

ကိလေသာဝဋ္ဋသည် ကမ္မဝဋ္ဋကို အစဉ်မပြတ် တွင်တွင်လည်အောင် လှည့်ပေးတတ်၏၊ ကမ္မဝဋ္ဋသည် ဝိပါကဝဋ္ဋကို တွင်တွင်လည်အောင် လှည့်၍ပေးတတ်၏။ ဝိပါကဝဋ္ဋသည် တဖန် ကိလေသာဝဋ္ဋကို တွင်တွင်လည်အောင် လှည့်၍ပေးပြန်၏။ ဤသို့စသည်ဖြင့် ကရွတ်ကင်း လျှောက်သကဲ့သို့ လှည့်ပတ်နေသည် မပြတ်အမြဲပင် ဖြစ်နေ၏၊ ဤသို့ လည်ပတ်နေသည်ကိုပင် သံသရာစက်သည် သည်, ဘဝထိုထို၌ ဖြစ်ပေါ်နေသည်ဟု ဆို၏။

ကိလေသာရှိပြီဆိုမှဖြင့် ထိုကိလေသာ၏ အလိုနှင့် လိုက်ဖက်အောင် အမျိုးမျိုးသောကံ အမှုတို့ကို ပြုလုပ် ဆောင်ရွက်ရ၏။ ထို့ကြောင့် ကံအမှုကိစ္စ အမျိုးမျိုးဆောင်ရွက်ပြန်လျှင် အကျိုး

ဝိပါက်ကံအမျိုးမျိုးတို့ ဖြစ်ကြရ၏။ ကိလေသာဝဋ်ရှိလျှင် ကမ္မဝဋ်သည် မလွဲမသွေ ဖြစ်ရ၏ ကိလေသာဝဋ်သည် ကမ္မဝဋ်အား အကြောင်းပစ္စည်းပြု၍ (၁၇) ကျေးဇူးပြု၏။ ပြုလုပ်မှုကံတရားစု ရှိပြန်လျှင်လည်း ထိုကံကြောင့် ဖြစ်ပေါ်သော အကျိုးဝိပါက် နာမ်ခန္ဓာအမျိုးမျိုး "ကဋတ္တာရုပ်"ခေါ်သော ကံကြောင့် ဖြစ်သော ရုပ်အမျိုးမျိုးတို့သည် ဖြစ်ပေါ်ရပြန်၏။ ထိုသို့ ဖြစ်ပေါ်သော နာမက္ခန္ဓာ နှင့် ကဋတ္တာရုပ်တို့ကိုပင် ဝိပါကဝဋ် ဆိုရလေသည်။ ကမ္မဝဋ်သည် ဝိပါကဝဋ်အား အကြောင်းပစ္စည်း ထပ်ပြန်၍ (၀၇) ကျေးဇူးပြုပြန်၏။

လောက၌ လူတို့သည် လက်တွေ့ မျက်မြင်အားဖြင့် တစုံတရာကို လိုချင်စိတ် ဖြစ်လာ၏။ ထိုလိုချင်စိတ် ထပ်ကာထပ်ကာ လိုချင်လာသောအခါ လိုချင်စိတ်ကို ငြိမ်းအောင် ဆိုင်ရာအကြောင်းတို့ကို စိတ်ကူးကြံစည်၍ ပြုလုပ်စီမံရခြင်း, ပြုလုပ်ရခြင်း တို့ကို ဆောင်ရွက်ရ၏။ ထိုအခါ ပြုလျှင်အသစ် ဖြစ်လျှင်အဟောင်း ဆိုသလို ပြုလုပ်သည့်အကြောင်းနှင့် ဆီလျော်သောအကျိုး ဘဝသစ်တရားသည် ဖြစ်ပေါ်လာသည်မှာ ဒိဋ္ဌပင်။

အထက်၌ ဖော်ပြခဲ့သော ဗုဒ္ဓ အဘိဓမ္မာ ပညာနည်းဖြင့် 'ဘဝ'ထိုထိုရှိ၍ ပြောင်းလဲဖြစ်ပေါ်သည့်အကြောင်း ဖော်ပြခဲ့ပေသည်။ ထိုသို့ ဖော်ပြခဲ့သည်ကို အချို့က မျက်မြင်လက်တွေ့မဟုတ်သည့်အတွက် ယုတ္တိမတန် သိပ္ပံမကျဟု ပယ်ချကြပေမည်။

သို့ ပယ်ချသူတို့သည် ရွှေကိုမသိသူက ရွှေကို ဇွတ်ပယ်ချနေသည်နှင့် တူနေချေမည်။ အကြောင်းကား ထိုသူတို့သည် သဘာဝတရား၏ သဘောအားလုံးကို ကုန်စင်အောင် မသိပါဟု ဝန်ခံကြရမည် ဖြစ်သောကြောင့်တည်း။

လောကဌ် မျက်မြင်လက်တွေ့အားဖြင့် သမုဒ္ဒရာ၏ ရေပြင်ကြော အပေါ်ယံကို ကြည့်မြော်မည်ဆိုလျှင် အမှိုက်သရိုက် ဒိုက်သရေနှင့် လှိုင်းတန်ပိုးတို့ မျောနေသည်ကိုသာ မျက်မြင်တွေ့ကြရပေမည်။ သို့သော် မျက်စိဖြင့် မမြင်နိုင်သော သမုဒ္ဒရာရေအတွင်း၌ အခြားသောအရာများ မရှိဘူးလော၊ ရှိပါသော်ကော ရှိသည့်အရာမှာ အဘိုးတန် ပုလဲရတနာ, ရေနံစသည်များ ဖြစ်သည်။ ထိုရတနာများကို ပကတိ မျက်စိဖြင့် မမြင်နိုင်ကြသော်လည်း ဉာဏ်မျက်စိ ရှိသူတို့က ရှာဖွေသုံးစွဲနေသည်ကို သတိပြုရာသည်။

ဤသည်တို့ကား ရုပ်နာမ်တို့၏ ဘဝဖြစ်စဉ် အကျဉ်းတည်း။

# လူ့ဘဝစတင်ဖြစ်ပေါ်ပုံ

လူ့ဘဝ စတင်ဖြစ်ပေါ်ပုံ၌ အချို့ ခေတ်ပညာရှင်များက (သက်ဦးသြဇာ)မှ အဆင့်ဆင့် ပြောင်းလဲ တိုးတက် လာပြီး (လူနှင့်တူသော မျောက်ဘဝ)မှ ခေတ်လူနှင့်တူသော လူ့ဘဝသို့ ပြောင်းလဲလာသည်ဟု ဆို၏။ အချို့ခေတ်ပညာရှင် များကမူ (၁) ဗီဇနှင့် (၂) ပတ်ဝန်းကျင်ဟူသော အခြေခံ အကြောင်း တရားနှစ်ပါးမှ ဖြစ်ပေါ်လာသည်ဟု ဆိုသည်။

ဤ၌ (၁) ဗီဇဆိုသည်မှာ မိဘနှစ်ပါးထဲမှ သတ္တဝါဘဦး ဆက်ခံရရှိသော မျိုးစေ့ဗီဇ သန္ဓေသတ္တိကို ဆိုသည်။

ဆိုလိုသည်မှာ ဖခင်လောင်း၏ သုက်သွေး၌ ပါရှိသောခရိုမိုဆုန်း (၂၄)ခုနှင့် မိခင်လောင်း၏ မျိုးဥ၌ပါရှိသော ခရိုမိုဆုန်း (၂၄) ခုပေါင်းစပ်မိခြင်းသည် လူဖြစ်ဖို့ ဗီဇမျိုးစေ့(သန္ဓေသတ္တိ) စတင် ဖြစ်ပေါ်သည်ဟုဆိုသည်။ ဤခရိုမိုဆုန်း ၂၄ ခုချင်း ပေါင်းစပ် ပုံမှာ ဖခင်လောင်း၏ခရိုမိုဆုန်း ၂၄ ခုသည် ဖားလောင်းကောင် သဏ္ဍာန်ရှိ၍ အမြီးရှည်သည်ဟု ဆိုသည်။ ယင်း၏ ခေါင်းပိုင်း၌

ခရိုမိုဆုန်း ၂၄ ခု၏ မျိုးစေ့များ ကိန်းဝပ်သောနေရာ ဖြစ်သည်ဟုဆို၏။

ထိုသုက်ပိုးသည် မျိုးဥသဲဝင်၍ အတွင်းအနှစ်သားကို ထိုးဖောက်သောအခါ ခေါင်းပိုင်းသည် ပွင့်ကား၍ ခရိုမိုဆုန်း ၂၄ ခု ပေါ်ထွက်လာပြီး တချိန်တည်းမှာပင် မျိုးဥဝတ်ဆံသည်လည်း ကွဲအက်၍ အခြားခရိုမိုဆုန်း ၂၄ ခု ထွက်လာကာ ခရိုမိုဆုန်းချင်း ပေါင်းစပ်မိကြသည်ဟု ဆိုသည်။

ထို့နောက် သုက်သွေး ခရိုမိုဆုန်း ၂၄ ခုနှင့် မျိုးဥခရိုမိုဆုန်း ၂၄ ခုတို့သည် တခုချင်း ပေါင်းစပ်ကြရာ ခရိုမိုဆုန်းအစုံ ၂၄ ခု ဖြစ်သွားသည်။ ထို့နောက်တဆင့် ဆဲလ် (အစုကလေးများ) ထပ်ပွားသွားပြန်သည်ဟု ဆိုလို၏။

ထို့ကြောင့် လူသတ္တဝါတဦးဖြစ်ဖို့မှာ ယောကျ်ား မိန်းမတို့ ဖူးစာဆုံရုံနှင့် မပြီးသေးပဲ ခရိုမိုဆုန်း ၂၄ ခုချင်း ဖူးစာဆုံမှ ဖြစ်နိုင်သည်။ ထိုသို့ ဖူးစာဆုံသည်ကို မျိုးစေ့ဗီဇ သန္ဓေအစဟု ဆိုသည်။ သို့မဟုတ် သန္ဓေဥဟုလည်း ခေါ်သည်။ ထိုသန္ဓေဥအတွင်း၌ မူလဘူတဖြစ်သော မျိုးစေ့ဗီဇ သန္ဓေသတ္တိ ရှိသေးသည်ဟု ဆိုသည်။

(၂) ပတ်ဝန်းကျင်ဆိုသည်မှာကား မျိုးစေ့ဗီဇမှအပ လူကို ပုံပြင်ဖန်တီးသော အခြားအကြောင်းအရာ အားလုံးကိုဆို၏။

အပိုဒ်(၁) ဗီဇအကြောင်း ဖော်ပြရာ၌ ခရိုမိုဆုန်း တို့သည် ဗီဇသတ္တိ မဟုတ်သေး၊ ခရိုမိုဆုန်းတို့၏ သန္ဓေဥအတွင်း၌ မူလမျိုးစေ့များရှိ၍ ခေတ်ပညာရှင်တို့၏ အလိုအားဖြင့် ထိုမူလ

မျိုးစေ့တို့သည် ဗီဇသတ္တိ၏ မူလဘူတများဖြစ်၏။ ဤဗီဇသတ္တိများသည် လူသတ္တဝါတို့ ကြီးပွား တိုးတက်ရေးအတွက် ဆိုင်ရာကိစ္စများကို ဆောင်ရွက်သည်ဟု ဆိုသည်။

သို့ရာတွင် မူလဘူတဖြစ်သော ဗီဇသတ္တိသည် အလွန်သေးငယ်သည်ဖြစ်၍ စိတ်ကူးဖြင့်သာ ပြောဆိုနိုင်သည်ဟု ဆိုသည်။ သုက်သွေးခေါင်း၌ရှိသော ခရိုမိုဆုန်း ၂၄-ခုမှ တခုအတွင်းမှာပင် ဗီဇသတ္တိပေါင်း ရာထောင်မက များပြားသည်ဖြစ်၍ ဗီဇသတ္တိရှိသည်ဟုဆိုစေကာမူ သုညနီးပါး သေးငယ်သော ပမာဏရှိသည်ဟု ဆို၏။

ဤမူလဘူတဖြစ်သော ဗီဇသတ္တိကို ပကတိမျက်စိဖြင့် မမြင်နိုင်သည်ကို သူတို့အထောက်အထားပြုသည်မှာ ကောင်းကင်အဇဋာကို လေ့လာရာ၌ "တယ်လီစကုပ်" မှန်ပြောင်းဖြင့် ထောက်လှမ်း၍မမှီသောအရာကို ဘာမျှမသိနိုင်သကဲ့သို့ အသက်ဇီဝ၏အစကို ရှာရာ၌သည်း "မိုက်ကရိုစကုပ်" သည် သန္ဓေမျိုးစေ့ကိုလွန်၍ တစုံတရာဖြစ်အောင် မဖန်တီးနိုင်သောကြောင့် ခန့်မှန်းရသည်ဟု ရိုးရိုးသားသားဝန်ခံကြ၏။

ဤသို့ ခေတ်ပညာရှင်တို့၏အဆိုကို စာရေးသူက ဗုဒ္ဓအဘိဓမ္မာဖြင့် ပမာဆောင်လိုသည်မှာ "ပဋိသန္ဓေအစဖြစ်သော ကလလရေကြည်သည် အပ်ဖျား၌ ငြိပါသာသော ဆီကြည်ပေါက်ငယ်ကဲ့သို့ရင်း, ဆံပင်တချောင်း ထိပ်ဖျား၌ရှိသော ဆီကြည်ပေါက်ငယ်ကဲ့သို့ရင်း ပမာဏ ရှိ၏ (သို့မဟုတ်) ဆံပင်တချောင်းကို ရှစ်စိတ် စိတ်ပြီးလျှင် တစိတ်ကို ကြည်လှစွာသော ဆီ၌ နှစ်ပြီးနောက် နုတ်၍ကြည့်ပါက ၎င်းဆံပင်စိတ်၏ထိပ်၌ကပ်ငြိပါလာ

သော ဆိုကြည်ပေါက်ငယ်၏ ပမာဏရှိ၏” ဟု ပမာဏဆောင် ပြလေသည်။

ဤသို့ ဗုဒ္ဓအဘိဓမ္မာပညာ၏ သဘောနှင့် ခေတ်ပညာတို့၏ ယူဆပုံကို တူရာတူရာ၌ ပမာဆောင်သည်ကို ဘာမျှ ပြောဆိုရန် မလိုသော်လည်း သဘောအနက် အဓိပ္ပာယ်ချင်း မတူသည့် အရာကိုမူ ဆွဲသွင်း၍ ပမာမဆောင်သင့်ချေ။

သဘောချင်းမတူသည်ကို ပမာဆောင်ထားသည်မှာ “ကလလ ရေကြည်သည် သန္ဓေဥ (ဝါ) သန္ဓေဘည်၍ သတ္တဝါဖြစ်ရန် အလားအလာရှိသော အမိ၏မျိုးဥကိုဆိုလိုဟန်ရှိ၏” ဟု, ကလလ ရေကြည်ကို သန္ဓေမျိုးဥထဲ ဆွဲသွင်းပြီး ပမာဆောင်သည်ကို စဉ်းစားရန် ဖြစ်ရသေသည်။

ကလလ ရေကြည် နှင့် သန္ဓေဥအမိ၏ မျိုးဥတို့သည် သဘော အနက်ချင်း မတူကြပေ။ ကလလရေကြည်၌ မနာယတနဖြစ်သော ပဋိသန္ဓေစိတ်နှင့်အတူ ဥပါဒ်ပြိုင် ဖြစ်သော ကာယာ ယတနဖြစ်သည့် ကာယဒသက ကလာပ်စည်းတစည်း၊ ဘာဝဒသက ကလာပ်စည်းတစည်း၊ ဝတ္ထုဒသက ကလာပ်စည်း တစည်း အားဖြင့် ကလာပ်စည်းသုံးစည်းနှင့် ရုပ်သုံးဆယ်ပါဝင်ကြသည်။ ယင်း ကလလရေကြည်၌ရှိသော ကလာပ် ၃-စည်း ရုပ်၃၀-သည် အလွန်သေးငယ်သည်ဖြစ်၍ မြူဒြပ်သို့ပင် မဆိုက်မရောက်သေး၍ မာတ်သဘော အစုမျှသာ ရှိသည်ဟု ဆိုရပေမည်။

ခေတ်ပညာရှင်တို့၏ အလိုအားဖြင့် သန္ဓေဥနှင့် မျိုးဥ စသည် တို့သည် အဖ၏သုက်သွေးမှ ခရိုမိုဆုန်း ၂၄-ခုနှင့် အမိမျိုးဥမှ ခရိုမိုဆုန်း ၂၄-ခု ပေါင်းစပ်၍ စတင်ဖြစ်လာပေသည်။

ကလလရေကြည်၌ စိတ်ပိုင်းဆိုင်ရာ, ရုပ်ပိုင်းဆိုင်ရာတို့နှင့် ထိုစိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာတို့၌ နာမ်တရားတို့ကို စောင့်ရှောက်ဖို့ နာမ်ဇီဝိတ,နာမ်သက်နှင့်ရုပ်တရားတို့ကို စောင့်ရှောက်ဖို့ ရုပ်ဇီဝိတ, ရုပ်သက်တို့လည်း ပါရှိသည်။ ထို့အပြင် အဖို-အမ တခုခုဖြစ်ရန် ဘာဝရုပ် စသည်တို့ကလည်း ပါဝင်ကြသည်။ သန္ဓေဥ- မျိုးဥတို့၌ စိတ်ပိုင်းဆိုင်ရာနှင့် ဘာဝရုပ်ဖြစ်ဖို့ မပါသဖြင့် ကလလရေကြည်နှင့် သန္ဓေဥ မျိုးဥတို့သည် သဘော သဘာဝ ချင်းမတူ ကွဲပြားခြားနားကြလေသည်။

ထို့အပြင် အဆိုပြုပြန်သည်မှာ "မူလ မျိုးစေ့တခုသည် ကောင်းသည်ဖြစ်စေ, မကောင်းသည်ဖြစ်စေ လူသတ္တဝါတဦးက ဆက်ဆံရန် အလွန့်အလွန် ခဲယဉ်းခြင်းကိုလည်း သတိပြုရာ၏။ အစ မူလ၌ အသက် ဇီဝသည် သုညနီးပါးတမျှ အတိုင်းမသိ မှုန်မွှားသေးငယ်သည်နှင့်အမျှ တဦးတည်းသော ပုဂ္ဂိုလ် သတ္တဝါ ဖြစ်ရန်လည်း အတိုင်းမသိ ခက်ခဲ ကျဉ်းကျပ် လှပေ၏"ဟု ဆိုသည်။

ဤအဆိုကို ဗုဒ္ဓဘာသာကျမ်းများဖြင့် ပမာဆောင်သည်မှာ-

"ဗုဒ္ဓဘာသာကျမ်းများ၌ လူ၏ဖြစ်စဉ်ကို အလွန်ရခဲသည်ဆို၍ ထိုသို့ ရခဲခြင်းကို ဗြဟ္မာ့ပြည်မှ ပစ်ချလိုက်သော အပ်တစင်းနှင့် လူ့ပြည်က အပ်တစင်း တွေ့ဆုံရန် ခဲယဉ်းပုံကို ပမာပြထား၏။ လူသတ္တဝါသည် ပဋိသန္ဓေတည်ပြီးနောက် အမိဝမ်းမှ မကျွတ်လွတ်မီ အခက်အခဲအဖျက်အဆီးအမျိုးမျိုးကို ရင်ဆိုင်ရသည် မှန်သော်လည်း ဗုဒ္ဓဝါဒကဆိုလိုသော 'မနုဿတ္တဒုလ္လဘ'တရားသည် ထိုပဋိသန္ဓေဆင်းရဲခက်ခဲခြင်းကို ဆိုလိုဟန်မတူချေ။ကမ္ဘာ့လူဦးရေ

ကြောက်ခမန်းလိလိ အဆမတန်တိုးနေသော ယခုအမြေအနေ၌ လူ့အဖြစ်ကို ရခဲပါသည်ဟု ဆိုနိုင်ပါမည်လော–ဟူ၍ မေးဘွယ် ရှိ၏၊ စင်စစ် လူသတ္တဝါဖြစ်ပေါ်လာရန်မခဲယဉ်းချေ။ သို့ရာတွင် ကမ္ဘာပေါ်၌ လူတဦးတိုးပွားမှု (ပါ) သာမန် အရေအတွက် တိုးမှုမဟုတ်ဘဲ တဦးတယောက်သော ပုဂ္ဂိုလ် သတ္တဝါအတွက် ဖြစ်ပေါ်လာမှုမှာကား "အတိ ဒုလ္လဘတရားအစစ် ဖြစ်ပေသည်" ဟု ဆို၏။

အထက်ပါ အာဘော်အချို့ကို ကောက်ချက်ချသင့်သည်ကို ကောက်ချက်ချကြည့်လျှင်....

(၁) လူသတ္တဝါသည် ပဋိသန္ဓေတည်ပြီးနောက် အမိဝမ်းမှ မကျွတ်လွတ်မီ အခက်အခဲ အဖျက်အဆီး အမျိုးမျိုးကို ရင်ဆိုင် ရသည်မှန်သော်လည်း ဗုဒ္ဓဝါဒက ဆိုသော "မနုဿတ္တဒုလ္လဘ" တရားသည် ထိုဆင်းရဲခက်ခဲသော ပဋိသန္ဓေ တည်ခြင်းကို ဆိုလို ဟန် မတူချေ။

**ကောက်ချက်၊** ။ဗုဒ္ဓ၏ "မနုဿတ္တ ဒုလ္လဘ" တရားတွင် ပဋိသန္ဓေ တည်ပြီးနောက် အမိဝမ်းမှ မကျွတ်လွတ်မီ ဆင်းရဲခက်ခဲခြင်းရှိ–မည်။

(၂) ကမ္ဘာ့လူဦးရေ ကြောက်ခမန်း လိလိ အဆမတန် တိုးနေသော ယခုအခြေအနေ၌ လူ့အဖြစ်ကို ရခဲသည်ဟု ဆိုနိုင် ပါမည်လော....ဟု ဆိုရာ၌....

**ကောက်ချက်။** ။ဗုဒ္ဓ ဒေသနာအရ လူ့အဖြစ် ရခဲသည် ဆိုသည်မှာ ဤမျှ လူဦးရေတိုးနေသော

ယခုအခြေအနေ၌ လူအဖြစ် ရခဲသည်ဟု ဆိုနိုင် - မဆိုနိုင်။

၃။ စင်စစ်လူသတ္တဝါဖြစ်ပေါ်လာရန် မခဲယဉ်းချေ။ သို့ရာတွင် ကမ္ဘာပေါ်ရှိ လူဦးရေတိုးပွားမှု (ဝါ) သာမန်အရ အရေအတွက် တိုးမှုမဟုတ်ဘဲ တဦးတယောက်သော ပုဂ္ဂိုလ် သတ္တဝါ ထွက်ပေါ်လာမှုကား အတိဒုလ္လဘ တရားအစစ် ဖြစ်ပေသည်ဟု ဆိုရာ၌....

**ကောက်ချက်။** ။ (က) လူသတ္တဝါဖြစ်ပေါ်ရန် မခဲယဉ်းချေဟု ဆိုခြင်း မှန်-မမှန်။

(ခ) ကမ္ဘာပေါ်၌ လူဦးရေတိုးပွားမှု (ဝါ) သာမန်တိုးပွားမှုမဟုတ်ဘဲ တဦးတယောက်ထွက်ပေါ်လာမှုကား အတိဒုလ္လဘတရားဆိုသည်မှာ ဟုတ်-မဟုတ်တို့ ဖြစ်သည်။

အထက်ဖော်ပြပါ ကောက်ချက် (၃)ရပ်ကို ဗုဒ္ဓ ဒေသနာတော်အရ ရှင်းလင်းမဖော်ပြမီ ဗုဒ္ဓ၏သဗ္ဗညုတဉာဏ်ရည်သုံးပါး ရှိသည်ကို သတိပြုရပေမည်။

(၁)။ ။သောကဘ်၌ရှိသော သိသင့် သိထိုက်သော တရားဖြစ်သော (၁) ပြုစီမံအပ်သော သင်္ခါရ၊ (၂) သဘောသဘာဝ၏ အမူအရာဖြစ်သော ဝိကာရ၊ (၃)သဘောရင်း၏ အမှတ်အသားဖြစ်သော လက္ခဏာ၊ (၄)ငြိမ်းအေးသော သဘောရှိသောနိဗ္ဗာန်၊ (၅) သဘာဝအပေါ်တင်စား၍ ခေါ်ဝေါ် သမုတ်ကြသော

ပညတ် စသော ဉေယျဓမ်တရားဒါးပါးနှင့်တကွ ပရမတ်အရှိတရားကို သိခြင်း—

(၂) တရားဟောကြားရာ၌ မည်သို့သော တရားမျိုးဖြင့် နိဒါန်းအစပျိုး၍ တရားအလယ်၌ မည်သို့သော ဝမ်းခါဖြင့် ပုံဆောင်ကာ မည်သို့မည်ပုံဟောပြောရမည်, နိဂုံး၌ပရိသတ်နားဉာဏ် ကပ်ငြိသွားအောင် မည်သို့ ဟောပြောရမည်ကို သိတော်မူခြင်း -

(၃) တရားနာသူတို့၏ ပါရမီစရိုက်နှင့်ဟပ်စပ်အောင် မည်သို့ မည်ပုံဟောရမည်ကို သိခြင်းတို့ ဖြစ်ပါသည်။

ဤသို့ ဉာဏ်ရည်သုံးရပ်နှင့် ပြည့်စုံသော သဗ္ဗညုတဉာဏ်ကြီး အရှင် ဘုရားသခင်၏ ဟောကြားတော်မူခဲ့သော တရားဒေသနာ တို့ကို စမ်းစစ် ဝေဘန်ကြည့်လျှင် ပစ္စုပ္ပန်အဘွက် တကွက်တည်း အပေါ် ယံကြည့် ဟောပြောသော တရားတော်များ မဟုတ်ချေ။ ကာလသုံးပါး၌ အကြောင်းအကျိုး ဆက်စပ်လျက် ရှုသည်နှင့် တိုက်ရိုက်, သို့မဟုတ် ပရိယာယ်ဖြင့် သင့်သလို ဟောသည်များ ရှိသည်ကို လေ့လာသူတိုင်း သိကြပေမည်၊ အထောက်အထား တရားတော်များမှာ "ပဋိစ္စသမုပ္ပါဒ်" တရားတော်နှင့် "ပဋ္ဌာန်း" စသော တရားတော်များမှာ အကြောင်းနှင့်အကျိုး, အကျိုးနှင့် အကြောင်း၊ နာမ်နှင့်ရုပ်,ရုပ်နှင့်နာမ်တို့၏ အပြန် အလှန် ဆက်ဆံ နေသည်ကိုရင်း၊ အရှုပ ကို နာမ်ဟု ပရိယာယ်ဖြင့် ဟောသည် ကိုရင်း၊ ဗုဒ္ဓ၏ဒေသနာတော်ကို ဝေဘန်စမ်းစစ်လျှင် ဤသို့နည်း မျိုးဖြင့်သာဝေဘန်ကြရပေမည်။မြတ်စွာဘုရားကလဲ ငါ၏ဝါဒသည် "ဝိဘဇ္ဇဝါဒ" ဝေဘန်ရေးဝါဒဟု လမ်းဖွင့်ပေးခဲ့လေသည်။

ထို့ကြောင့် အထက်ပါ ကောက်ချက်သုံးချက်ကို အောက်ပါအတိုင်း ဖြေရှင်းချက်ပေးလိုက်ပါသည်။

ပထမ ကောက်ချက်အရ မြတ်ဘုရား၏ "မနုဿတ္တဒုလ္လဘ" တရားတော်ကွင် ဇေတိဒုက္ခဟူသည်နှင့်အညီ ပဋိသန္ဓေတည်ပြီးနောက် အမိဝမ်းမှ မကျွတ်လွတ်မီ ဆင်းရဲခြင်းရှိသည်။

ဆင်းရဲခက်ခဲခြင်းရှိပုံမှာ အတိတ်အကြောင်းဖြစ်သော ပါဏာတိပါတကံကို ပြုကျင့်သည့်အလိုက် နုနု ငယ်ငယ် ရွယ်ရွယ်၌ပင် ပျက်စီးရသော ဆင်းရဲခက်ခဲခြင်း ရှိသည် ဟူ၍ရင်း၊ ပစ္စုပ္ပန်အကြောင်းဖြစ်သော အမိဝမ်းတွင်း သားအိမ်၌ရှိသော ပိုးများဖျက်ဆီးလို့ပျက်စီးရခြင်း၊ မိခင်လောင်း၏အပူအအေးဥတုဖောက်ပြန်မှုကြောင့် ပျက်စီးရခြင်း၊ အပူအစပ် အာဟာရကို အလွန်အကျွံ မစောင့်မရှောက်ဘဲစားခြင်းစသော အကြောင်းအမျိုးမျိုးကြောင့် လူအဖြစ်ရဘို့ ဆင်းရဲခက်ခဲသည်ဟု ဟောကြားခဲ့ပါသည်။

ဒုတိယကောက်ချက်အရ လူဦးရေအဆမတန်တိုးနေသောယခုအခြေအနေနှင့် လူအဖြစ်ရခဲသည်ဟု ဆိုနိုင်ပါမည်လောအမေးကို လူ့အဖြစ်ရခဲသည်ဟု ဆိုနိုင်ပါသည်။

ဆိုနိုင်ပုံမှာ ပထမကောက်ချက်၌ဖော်ပြခဲ့သော အကြောင်းအမျိုးမျိုးကြောင့် လူ့အဖြစ် ရခဲသည်ကို မြတ်စွာဘုရားသည် "ကာဏကစ္ဆပသုတ်"၌ဤ သို့ဟောကြားခဲ့ပါသည်။ ဟောပုံမှာ 'အပြောကျယ်လှသည့် သမုဒ္ဒရာပင်လယ်ထဲ၌ လိပ်ကန်းတကောင်လွှတ်ထားပြီး လှည်းထမ်းပိုးတခုကိုလည်း ဤသမုဒ္ဒရာထဲမှာ ချထားလိုက်ရမည်။ ထိုအခါ လိပ်ကန်းကလည်း ကူးချင်ရာကူးနေပေမည်။ ထမ်းပိုးကလည်း မျောချင်ရာ မျောနေပေမည်။

သို့ပေမယ့် တခါန်တခါမှာ လိပ်ကန်းနှင့် ထမ်းပိုး အပေါက်တို့ စွတ်မိဘိုမှာ လွယ်ကူပေသည်၊ လူ့အဖြစ်ကား ရခဲသည် ” ဟု “ကာဏကစ္ဆပသုတ်” ၌ ပမာဆောင် ဟောခဲ့ပါသည်။

ပမာမှာ— အခြား အခြား ဘုံဘဝများမပါ, လူနှင့် ရေ, မြေ စပ်နေသော လူတို့မြင်တွေ့နေကြရသည့် တိရစ္ဆာန်တမျိုးတည်းကို ခန့်မှန်းကြည့်တွက်လျှင် အနန္တအပြောကျယ်သော သမုဒ္ဒရာပင် လယ်ရေပြင်အတွင်း၌ရှိသော ငါး,လိပ်,ပုဇွန်,မိကျောင်း စသော ရေသတ္တဝါအမျိုးမျိုးမှ တနှစ်လျှင် ၁-သား၊ ၂-သား၊ ၃-သား၊ တဥ,တမ လျှင် အကောင်-ခု-ဆယ်မှ ရာပေါင်းများစွာပေါက်ဖွား သော သားငါး စသည်တို့နှင့်ရင်း၊ ကုန်းမြေပြင်ပေါ်၌ ပေါက် ဖွားကြသော ကြွက်၊ငှက်ဘဲ၊ ဝက်၊ ခွေး၊ ကြောင်၊ အိမ်မြှောင်၊ တောက်တဲ့၊ ပုတ်သင်၊ ကင်းလိပ်ချော၊ပုရွက်ဆိတ်၊ ခြ၊ လောက် ခြင်၊ ယင်၊ ဆိတ်၊ ဒရယ်၊ ဂျီ၊ စိုင်၊ ဆတ်၊ ဖွတ်၊ ပဒပ် စသော သတ္တဝါ တမျိုးမျိုးမှ တနှစ်လျှင် တသား၊ နှစ်သား၊ သုံးသား တခါပေါက်လျှင် ၃-ကောင်၊ ၆-ကောင်မှ ၁၀-၁၅-၂၀ အထိ မွေးဖွားကြသော ကုန်းသတ္တဝါများနှင့် နှိုင်းစာပါက ယခုတိုးနေ သော လူဦးရေသန်းပေါင်း လေးထောင်,ငါးထောင်သည် စဉ်း စားသူတိုင်း ကြောက်မနုန်းလိလိ များသည်ဟုမဆိုနိုင်ဘဲ အလွန် နည်းသည်ဟု ဆိုရပေမည်။

ထို့ကြောင့် ထိုအရေးအခင်းကို သိရှိတော်မူသော မြတ်ဗုဒ္ဓ သည် “နခသိခသုတ်”၌ ဤသို့ဟောခဲ့၏၊ တရံသောအခါ ရဟန်း တို့ကိုခေါ်၍ ငါဘုရား၏လက်သည်းတော်၌ရှိသော မြေမှုန့်စုနှင့် ဤမဟာပထဝီမြေပြင်တခုလုံးရှိ မြေမှုန့်စုသည် မည်သည်ကနည်း၍ မည်သည်က များသနည်းဟူ၍ မေးတော်မူ၏။ ထိုအခါ ရဟန်း

တော်များက အရှင်ဘုရား၏ လက်သည်းတော်ရှိ မြေမှုန့်ကနည်း၍ ဤမဟာပထဝီ မြေကြီးရှိမြေမှုန့်စုက များပါသည်ဟု လျှောက်ထားကြလေသည်။

ထိုအခါ မြတ်စွာဘုရားက ရဟန်းတို့ ဤလူ့ပြည်စသော သုဂတိဘုံဘဝတို့မှ လွန်မြောက်သူတို့သည် ဤလူ့ဘာ သုဂတိဘုံဘဝသို့ ပြန်လာနိုင်သောသတ္တဝါသည် ငါ့ဘုရားလက်သည်းတော်၌ရှိ မြေမှုန့်စုကဲ့သို့ အလွန်နည်း၍ တိရစ္ဆာန်ဘုံဘာ အပါယ်ငယ် အပါယ်လေးဘုံ ဘဝတို့၌ ဖြစ်သော သတ္တဝါတို့သည် ဤမဟာပထဝီမြေမှုန့်စုကဲ့သို့အလွန်များသည်ဟု "နခသိခသုတ်"၌ ဟောကြားတော်မူခဲ့ပါသည်။

ထို့ကြောင့် လူ့အဖြစ်ကို ရခဲသည်ဟု မြတ်စွာဘုရားဟောခဲ့သည်မှာ မျက်မှောက်ရှိ တိရစ္ဆာန်စုနှင့်နှိုင်းစာလျှင် ထင်ရှား၍ လူ့အဖြစ်ရခဲသည်မှာ မှန်ပေသည်။

တတိယကောက်ချက်အရ (က) လူသတ္တဝါဖြစ်ပေါ်ရန် မခဲယဉ်းချေဟုဆိုခြင်းမှာ မမှန်ပါ။ မမှန်ပုံမှာ ထိုသူဖော်ပြခဲ့သော "မှုသမျိုးစေ့တခုသည် ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ လူသတ္တဝါ တဦးတည်းက ဆက်ခံရန် အလွန့်အလွန် ခဲယဉ်းခြင်းကိုလည်း သတိပြုရာ၏။ အစမူလ၌ အသက်ဇီဝသည် သုညနီးပါးတမျှ အတိုင်းမသိ မှုန်မွှား သေးငယ်သည်နှင့်အမျှ တဦးဘည်းသောပုဂ္ဂိုလ်သတ္တဝါဖြစ်ရန်လည်း အတိုင်းမသိ ခက်ခဲကျဉ်းကျပ်လှပေသည်"ဟု ဆိုသားချက်ကို ထောက်ထား၍ရင်း, ဗြဟ္မာ့ပြည်မှ ပစ်ချလိုက်သော အပ်တစင်းနှင့် လူ့ပြည်ကအပ်တစင်းတွေ့ဆုံရန်ခဲယဉ်းပုံကို ဗုဒ္ဓကျမ်းမှယူ၍ ပမာဆောင်သည်ကို ထောက်ရှု၍ရင်း၊ လူ့အဖြစ်ရဘို့ရန် ခဲယဉ်းပေသတည်း။

(ခ) ကမ္ဘာ့လူဦးရေတိုးပွားမှု (ဝါ)သာမန်တိုးပွားမှုမဟုတ်ဘဲ တဦးတယောက် ပေါ်ထွက်လာမှုကား အတိဒုလ္လဘတရားဟုဆိုခြင်းမှာ မဟုတ် မမှန်ပါ။

မဟုတ်ပုံမှာ "မနုဿတ္တဘာဝေါ ဒုလ္လဘော" ဟု မြတ်စွာဘုရားဟောကြားခြင်းသည် သာမန်လူကိုမဟော ထူးမြတ်သောနှလုံးရည်, လက်ရုံးရည်ရှိသည့် အာဇာနည်လူမျိုးကိုသာ လူတန်းစားခွဲခြား၍ဟောခြင်းမဟုတ်၊ လူ့ဘဝ၌ဖြစ်လာကြသော လူတိုင်းလူတိုင်းကို ဟောကြားသည်မှာ "နခသိခသုတ်" ဖြင့် ထင်ရှားသည်ဖြစ်၍ ဂုဏ်ရှိသူ တဦးတယောက်အတွက် ကွက်၍ဟောကြားသည်မဟုတ်ဟု ရှင်းလင်းလိုက်ရပါသည်။

# နိဗ္ဗာန်သဘော

နိဗ္ဗာန်ဟူသည် ဝဋ္ဋဒုက္ခ အပူအပင် ဟူသမျှတို့၏ ကင်းပြတ် ချုပ်ငြိမ်းရာသည် နိဗ္ဗာန် မည်ပါသည်။

တနည်း နိဗ္ဗာန်ကို ရအပ်သည်ရှိသော် အရိယာ သူတော်ကောင်းတို့သည် ဝဋ္ဋဇာတ်သိမ်း၍ ချုပ်ငြိမ်း ချမ်းသာသော ကြောင့် နိဗ္ဗာန်မည်ပါသည်။

တနည်း ဘဝကြီးငယ် အသွယ်သွယ်သော ဇာတိဖြစ်ပေါ်မှုကို ဖွဲ့စည်းချုပ်နှောင်တတ်၍ "ဝါန" မည်သောတဏှာမှလွတ်မြောက်တတ်သောကြောင့် နိဗ္ဗာန်မည်သည်ဟု ဆိုပါသည်။

ဆိုခဲ့ပါ နိဗ္ဗာန်ဓာတ်သဘော၌ ဝဋ္ဋဒုက္ခ အပူအပင်ဟူသမျှ ကင်းပြတ် ချုပ်ငြိမ်းမှု၊ ဝဋ္ဋဇာတ်သိမ်း၍ ချုပ်ငြိမ်းချမ်းသာမှု၊ ဘဝကိုနှောင်ဖွဲ့တတ်သော တဏှာမှ ထွက်မြောက်ကင်းလွတ်နိုင်သောသဘောသည် ထင်ရှားရှိပါသည်။

ဥပမာ—ခူနာ, နူနာများ၌ ဆေးဝါးဖြင့် ပျောက်ကင်းချမ်းသာမှုရှိသကဲ့သို့ နိဗ္ဗာန်၌လည်း နိဗ္ဗာန်ရောက်ကြောင်း အကျင့်

လမ်းစဉ်ကို ကြိုးကုတ် အားထုတ် ကျင့်သူသည် အစဉ်အေးငြိမ်း ချမ်းသာသော"သန္တိသုခခေတ်"ကို မျက်မြင်ကိုယ်တွေ့ ခံစားနိုင်သည့်တရားဖြစ်သည်။

## နိဗ္ဗာန်၏လက္ခဏာများ

နိဗ္ဗာန်သည်—

( ၁ ) ရုပ်နာမ်စသော ဒုက္ခခပ်သိမ်းမှ ကင်းပြတ်ချုပ်ငြိမ်း အေးမြခြင်း လက္ခဏာ ရှိ၏။

( ၂ ) ဝဋ်ဒုက္ခအပေါင်းတို့ကို ပယ်ခြင်းကိစ္စရသနှင့် ပင်ကိုယ်သဘောမှ မရွေ့လျောခြင်း သမ္ပတ္တိရသရှိ၏။

( ၃ ) တစုံဘရာသော အကြောင်းဖြင့် မပြုပြင် မစီရင်အပ်ခြင်း၊ ဒြပ်ကိုယ်ဟန် ပုံပန်းသဏ္ဌာန်နိမိတ်အရိပ်အသွင် မရှိခြင်းဟု ဉာဏ်၌သင်ရသော အချင်းအရာ ရှိ၏ဟူသည်။

နိဗ္ဗာန်၌ နီးစွာသော ပဒဋ္ဌာန် အကြောင်းတရား မရှိပေ။ အကြောင်းကား နိဗ္ဗာန်၌တခုတည်းသော ချုပ်ငြိမ်းအေးမြသော သဘောသာ ရှိသောကြောင့်တည်း။

ယင်းနိဗ္ဗာန်၌ အခြားသောအကြောင်းတရားများ မရှိငြားသော်လည်း ထိုနိဗ္ဗာန်ကိုကား မဂ်ဉာဏ်လေးပါးဖြင့် အာရုံပြု၍ မြင်နိုင်သည်။

ဥပမာ - မျက်စိနှစ်ကွင်း အလင်းရသူသည် လပြည့်ဝန်းကြီးကို ဒိဋ္ဌဓမ္မ မြင်တွေ့နိုင်သကဲ့သို့ "မဂ်ဥာဏ်လေးပါး" ဖြင့် မြင်နိုင်သည် ဟူ၏။

ဤသည်ကား နိဗ္ဗာန်၏သဘောအကျဉ်းတည်း။

## နိဗ္ဗာန်

နိဗ္ဗာန်ဆိုသည်မှာ နိဗ္ဗာနဟူသော "ပါဠိ" ဝေါဟာရမှဆင်း သက်လာသော မြန်မာဝေါဟာရ ဖြစ်သည်။ ယင်းနိဗ္ဗာန်၏ သဘောမှာ-တဏှာအနှောင်အဖွဲ့မှ လွတ်မြောက်၍ ဒုက္ခခပ်သိမ်း ကင်းပြတ် ချုပ်ငြိမ်းလေသည်၊ ထိုသို့ တဏှာ၏အနှောင်အဖွဲ့မှ လွတ်မြောက်၍ ဒုက္ခခပ်သိမ်း ကင်းပြတ်ချုပ်ငြိမ်းလေသောအခါ အစဉ်ငြိမ်းအေးချမ်းသာသော သန္တိသုခ ဓာတ်သဘောသည်ဖြစ် ပေါ်လာ၏။ ထိုသန္တိသုခဓာတ်ငြိမ်းအေးသောသဘောကိုနိဗ္ဗာန် ဟု ခေါ်ဆိုသည်။

ယင်းနိဗ္ဗာန်ကို ဗုဒ္ဓ၏အဆုံးအမကို ခံယူကြသောသူတို့သည် ဝါသနာဘာဂီဆက်တိုင်းမှီစေရန် နှုတ်ဖျားမှတဖွဖွ တန်းတဆန္ဒ ပြုကြသည်။ ဒါန၊ သီလ၊ ဘာဝနာစသည့် ကုသိုလ်ဘခုခုကို ဆောက်တည်ပြုကျင့်လိုက် ဆန္ဒပြုဆုတောင်းကာ ကိုယ်တိုင်ပြုရသောတရားဖြစ်သည်။ ထိုနိဗ္ဗာန်ဆိုသည့် နှုတ်မြွက်သံကိုဖြစ်စေ၊ ကိုယ်တိုင်ပြုကျင့်ဘို့ကိုဖြစ်စေ သဗ္ဗညုမြတ်စွာဘုရားများ ပွင့်တော် မမူသည့်အခါ၌ နားမှလေသံမကြားရချေ။ သမ္မာသမ္ဗုဒ္ဓဘုရား ရှင်များ ပွင့်တော်မူသော သာသနာခေတ်နှင့် ကြုံမှဆုံမှ ကြားရ

နာဝ ကျင့်ကြံခွင့်ကို ရကြလေသည်။ ဤနိဗ္ဗာန်သည် "သန္တိသုခ ကော" ဂုဏ်ပုဒ်ရှိသည်နှင့်အညီ ငြိမ်းအေးခြင်းခံစားနိုင်သော ဂုဏ်ရည်လည်း ရှိပေသည်။

လောက၌ ဝေါဟာရပြုကြသော ချမ်းသာများမှာ—ကာမဂုဏ်ချမ်းသာ၊ ဈာန်ချမ်းသာ၊ မဂ်ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာဟူ၍ ချမ်းသာအမျိုးမျိုး ရှိလေသည်။ မည်သို့ရှိစေ-ထိုချမ်းသာတို့၏ အနှစ်သာရကို ထုတ်စစ်ကြည့်သော်—

(၁) ဝေဒယိတသုခ ခံစားချမ်းသာနှင့်

(၂) သန္တိသုခ ငြိမ်းအေးသော သဘောရှိသည့် ချမ်းသာ ဟူ၍ နှစ်မျိုးသာ ရှိလေသည်။

(၁) ဝေဒယိတသုခ ခံစားချမ်းသာဆိုသည်မှာ (က) ကာမဂုဏ်ချမ်းသာနှင့် (ခ) ဈာန်ချမ်းသာတို့ကို ဆိုသည်။

(က) ကာမဂုဏ်ချမ်းသာဆိုသည်မှာ - အာရုံ ငါးပါးမှ တပါးပါးကို ကာမစိတ် စေတသိက် တို့ဖြင့် ခံစားသည်ကို ကာမဂုဏ် ချမ်းသာဟုဆို၏။

(ခ) ဈာန်ချမ်းသာဆိုသည်ကား - ကာမဂုဏ်ချမ်းသာကို စက်ဆုပ်ရွံရှာသည် ဖြစ်၍ ပထဝီကသိုဏ်း ကမ္မဋ္ဌာန်း အာရုံတခုခုကို စိတ်တည်ငြိမ်မှု ရစေရန် စူးစူးစိုက်စိုက် ပွားများ အားထုတ်သည်၊ ထိုသို့ အားထုတ် ရရှိအပ်သော စိတ်တည်တံ့မှု သမာဓိကို (မဟဂ္ဂုတ်) ရူပ-အရူပစိတ် စေတ

သိက်တို့ဖြင့် သာယာနှစ်သက် တည်ငြိမ်စွာ ခံစားသော ချမ်းသာကို ဈာန်ချမ်းသာဟု ဆိုသည်။

ဆိုခဲ့သော ကာမဂုဏ် ချမ်းသာ နှင့် ဈာန် ချမ်းသာ နှစ်မျိုးစလုံးကို ဝေဒယိတသုခ ခံစားချမ်းသာဟု ဆို၏။ ထိုချမ်းသာ နှစ်မျိုးစလုံးသည် လောကီနယ်၌ရှိသော စိတ် စေတသိက်တို့ဖြင့် ခံစားသည်ဖြစ်လေသောကြောင့် ထိုချမ်းသာနှစ်မျိုးစလုံးကို လောကီ ချမ်းသာဟုလည်း ခေါ်ဆိုလေသည်။

ဤဝေဒယိတသုခ သို့မဟုတ် လောကီချမ်းသာမျိုးသည် ဝေဒယိတဒုက္ခ ခံစားဆင်းရဲထက် သက်သာသည်ကား မှန်၏။ သို့သော် ဤဝေဒယိတသုခသည် ဝေဒယိတဒုက္ခနှင့်မခြား ဆင်းရဲမှုသဘော ရှိလေသည်။

ဝေဒယိတသုခ၌ ဆင်းရဲမှုရှိပုံမှာ ပုထုဇဉ် သတ္တဝါတို့သည် ဝေဒယိတဒုက္ခနှင့် ထွေးလားလုံးလား၊ သူတလှည့် ငါတခါဖြစ်သော ဝေဒယိတသုခကို အစမထင်သော အနမတဂ္ဂသံသရာဘဝ အဆက်ဆက်မှ ယနေ့ ယခုအထိ တရံမလပ် အငပ်ထပ် ခံစားခဲ့ကြသည်။ သို့ပါသော်လည်း ပြည့်ဝ အားရသည်ဟူ၍ကား မရှိပေ။ အာသာငမ်းငမ်း ရမက်ဖမ်းလျက် တတန်းတတ

ရောင့်ရဲ တင်းတိမ်ခြင်း မရှိ လေသောကြောင့် ထိုဝေဒယိတာ သုခမျိုးကို သောက်လေ့ သောက် လေ ဝတ်မပြေသည့် ဆားငံရေနှင့် တူသည်ဟု ပမာ ဆောင်ခဲ့ကြလေသည်။

ဝတ်မပြေပုံမှာ ထိုဝေဒယိတသုခ၌ မမြဲသော အနိစ္စ၊ ပြုပြင်မှု သင်္ခတ သဘောတို့နှင့် ဆက်ဆံ လျက်ရှိ၏။ ထို့ကြောင့် ဝေဒယိတသုခကို ခံစား သူတို့၌ မရှိတော့တ ရှိကြောင့်ကြရသော ပူပန် ဆင်းရဲမှုလည်း ရှိသည်။ ဘဝထိုထို၌ အိုနာ သေးရေး ဒုက္ခဘေးလည်း ရှိသည်။ ခြေချော် လက်ချော်လျှင် ကျနိုင်သော အပါယ်ဒုက္ခဘေး လည်း နီးကပ်လျက်ရှိနေသည်။ ထို့ပြင် ဤဝေ ဒယိတသုခသည် ကောင်းမှုတို့ကို တားဆီးပိတ် ပင်တတ်သည့် နီဝရဏတရားတို့နှင့်၎င်း၊ စိတ်ကို ညစ်နွမ်း ပူပန်စေတတ်သော ထပ်ကာထပ်ကာ ဖြစ်စေတတ်သော ကိလေသာတရားတို့နှင့် ၎င်း၊ သံသရာဝဋ်အတွင်းမှ မလွတ်ကင်းအောင် တုပ် ချည်နှောင်ဖွဲ့တတ်သော သံယောဇဉ် တရားတို့ နှင့်၎င်း ဆက်ဆံလျက် ရှိပြန်သည်။ ထို့ကြောင့် ဤဝေဒယိတသုခသည် ဆင်းရဲခြင်း ဝေဒယိတ ဒုက္ခနှင့် မခြား ဆင်းရဲမှု သဘော ရှိသည်ဟု ဆို၏။

ထို ဝေဒယိတသုခ ခံစား ချမ်းသာ မျိုးသည် ခူနာ၊ နူနာ ရှိသူနှင့်တူ၏။ တူပုံမှာ- ထိုသူသည်

အမဲကြက် ဝက်ဆီပြန်စသည့် ဟင်းလျာကောင်းများကို စားသောက်သောအခါ စားသောက်ဆဲမှာ အလွန်ကောင်း၍ စားပြီးသော အခါမှာ ကား ယားယံကိုက်ခဲ နာကျင်ခဲသော ဆင်းရဲကို ခံရသကဲ့သို့တည်း။

ဤ၌ လောကီနယ်တွင် ပါဝင်သော ကာမဂုဏ်ချမ်းသာ, ဈာန်ချမ်းသာတို့ကို ခံစားသည့် ဝေဒယိတသုခ ခံစား ချမ်းသာမျိုးကို သာလျှင် ဒုက္ခသစ္စာ မည်သည် မဟုတ်သေး၊ လောကုတ္တရာနယ်တွင် ပါဝင်သော မဂ်ဖိုလ် ချမ်းသာ တို့ကို ခံစားသော ရုပ်နာမ်တို့၌လည်း အနိစ္စ သင်္ခတ သဘောတို့နှင့် ဆက်ဆံမှု ရှိသေးရကား ထို မဂ်ဖိုလ် ချမ်းသာတို့ကို ခံစားသော ခံစားမှု သည်လည်း သာမန်အားဖြင့် ဒုက္ခသစ္စာပင် မည်လေသည်။

(၂) သန္တိသုခဆိုသည်ကား—

တဏှာ၏ အနှောင်အဖွဲ့၊ တဏှာ၏ ကျွန်အဖြစ်မှ လွတ်မြောက်၍ နာကျင်ခံခက် ဖျားနာ ဖြစ်ပျက်မှုစသည်တို့ကြောင့် ကိုယ်ဆင်းရဲရသော ကာယိကဒုက္ခ မရှိခတောင့်တ ရှိကြောင့်ကြရမှု ပူဆွေး ငိုခကြွေးရမှု စသည်တို့ကြောင့် စိတ်ဆင်းရဲရသော စေတသိကဒုက္ခ စသော ဒုက္ခ, ဒုက္ခတို့မှငြင်း၊ စားဝတ်နေရေးအတွက်

ကောင်းမှုဖြင့် ရှာဖွေစားသောက်ရမှု မကောင်းမှုဖြင့် သက်မွေးဝမ်းကျောင်း ပြုရမှု၊ ပညာရေး ကျန်းမာရေးစသော လူမှုရေး အမျိုးမျိုးလုပ်ဆောင်ရမှု၊ နိုင်ငံနှင့်လူမျိုး ကောင်းစားရေးတို့ကို ပြုလုပ်ရသော နိုင်ငံရေး ပြုလုပ်ရမှု၊ နောင်ကို ကောင်းစား လို၍ ကုသိုလ်အမျိုးမျိုး ပြုပြင် စီမံလုပ်ရသော သင်္ခါရ ဒုက္ခတို့မှရင်း၊ ဖရိုဖရဲ ဖောက်လဲဖောက်ပြန် ပျက်ပြုန်း သေဆုံးရသော ဝိပရိဏာမ ဒုက္ခတို့မှရင်း ကင်းပြတ် ချုပ်ငြိမ်း၍ ဘာဝပါ ဇာတ်သိမ်းသွားလေသည်. ထိုအခါ အစဉ် ငြိမ်းအေးချမ်းသာသော သဘောသည် ဖြစ်ပေါ် လာ၏၊ ထိုငြိမ်းအေး ချမ်းသာသော သဘောကို သန္တိသုခဓာတ်ဟု ခေါ်ဆို၏။

ဆိုခဲ့သော (၁) ဝေဒယိတသုခနှင့် (၂) သန္တိသုခတို့၏ ထူးခြားချက်ကို ပမာဆောင်ရလျှင်....

ဝေဒယိတသုခ- ခံစားချမ်းသာသည် ကျောက်မီးသွေး၌ စွဲလောင်နေသော မီးခဲကို ပြာနှင့် ဖုံးဖိသားသည်နှင့် တူပါသည်။ တူပုံမှာ— ယင်းမီးခဲကို ပြာနှင့် ဖုံးဖိထားခိုက်မှာ မီးမသေသေးသော်လဲ အပူငွေ့မှာ မပြန့်လွင့်ပဲ ငြိမ်နေပါသည်။

ထိုအခါမှာ ပတ်ဝန်းကျင်၌ အအေးခငွေ့ ရနေပါမည်။ သို့သော် အကြောင်းတခုခုကြောင့် ဖုံးဖိထားသော ပြာများ လွင့်ပါးသွားသော အခါမှာ

ကား မီးခဲမှ အပူငွေ့သည် ပူမြဲပူနေဦးမည် ကဲ့သို့ ဖြစ်သည်။

(၂) သန္တိသုခ- အစဉ်အေးငြိမ်းသော ချမ်းသာ ဟူသည် ကား မီးငြိမ်း သေပြီးသော ကျောက်မီးသွေး ခဲနှင့် တူပါသည်၊ တူပုံမှာ- မီးငြိမ်းပြီးသော ကျောက်မီး သွေးခဲမှာ မီးငြိမ်းသေသွားသည်နှင့် အတူ အပူငွေ့ လည်း ငြိမ်းသွားပါသည်၊ ထိုအခါ ပတ်ဝန်းကျင်နှင့် အဇ္ဈတ္တ သန္တာန်တို့မှာလည်း အစဉ်အေးငြိမ်း နေ သကဲ့သို့တည်း။

ဤ သန္တိသုခတေ်- ငြိမ်းအေး ချမ်းသာသော သဘောနှင့်တူသော ချမ်းသာမျိုးကား မရှိချေ၊ သို့သော် သန္တိသုခတေ် ချမ်းသာသည့် သဘောကို မြော်မှန်းနိုင်စေရန် မျက်မှောက်၌ မြင်တွေ့နိုင်သော နားလည်နိုင်မည့်အကြောင်းဖြင့် တူရာတူကြောင်းကို ပမာ ဆောင်ရသော် "နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခနခိုက် မှာ ခံစားရသော ချမ်းသာနှင့် တူသည်"ဟု အနီးစပ် ဆုံး ပမာဆောင်နိုင်ပေသည်။

ဤ၌ အိပ်ပျော်သောအခါ ရရှိနိုင်သော ချမ်း သာအချို့ကို ဖော်ပြရလျှင်၊ (က) စားပြီးသော အစာကို ကြေညက်စေခြင်း၊ (ခ) ကိုယ်လက်တောင့် တင်း ညောင်းညာမှုကို ပြေပျောက်စေခြင်း၊ (ဂ) ကိုယ်ရော စိတ်ပါ အနားယူနေသည်ဖြစ်၍ ငြိမ်သက်

သော ချမ်းသာကို ခံစားနိုင်ခြင်း စသည်တို့ ဖြစ်သည်။

လူ-စသည်တို့သည် အိပ်မပျော်မီ ကိစ္စတရပ်ရပ် အတွက် ပူပန်စဆွေခုကို ဖြစ်စေ, ကြည်နူး ဝမ်းသာစရာ တခုခုကို ဖြစ်စေ ကြံစည် တွေးတောပြီး ဝိတက်များလေ့ ရှိကြသည်။ မည်သို့ဂုဏ် အိပ်ပျော်သွားသည်နှင့် တပြိုင်နက် အိပ်မပျော်မီက တွေးတော ကြံစည်သော ပူဆာန်မှုနှင့် ကြည်နူးဝမ်းသာမှုတို့သည် အတွေးနယ်မှ ခေတ္တခဏ ရပ်တန့်၍ ကင်းပြတ် ငြိမ်ကျသွားလေသည်။ ဤသို့ တွေးတော ကြံစည်မှု ရပ်တန့် ကင်းပြတ် ငြိမ်ကျခိုက်မှာ ခံစားရသည့် ချမ်းသာနှင့် တူသည်ဟူ၍ငှင်း၊ (သို့မဟုတ်) အိပ်ပျော်ခိုက်မှာ ခံစားရသော ချမ်းသာနှင့် တူသည်ဟူ၍ငှင်း ဆိုနိုင်ပေသည်။

"ဆိုခဲ့သော သန္တိသုခသည် ချမ်းသာတကာတို့တွင် အထွတ်အထိပ် အကျဆုံး၊ အမြတ်ဆုံး ချမ်းသာ ဖြစ်သည်။ သို့သော်- သန္တိသုခကို ရရှိဖို့ ကျင့်စဉ်နှင့် သဘောကို ခြေခြမြင်မြစ် နှစ်နှစ်ကာကာ သိလျှင်မှုကား ဝေဒယိတသုခ= ခံစားချမ်းသာကို အာသာ ရမက်ကြီးသူတို့အဖို့မှာကား၊ သန္တိသုခရဖို့ကို ကြောက်ရွံ့၍ နောက်တွန့်ကာနေကြပေဦးမည်။"

အကြောင်းကား အနုပါဒိသေသ နိဗ္ဗာန်၌ ဝေဒယိတသုခကို ခံစားလိုသူတို့အတွက် ကာမဂုဏ် ချမ်း

သာ, ဈာန်ချမ်းသာတို့နှင့် လောကုတ္တရာနယ်တွင် ပါဝင်သော မဂ် ဖိုလ် ချမ်းသာဘို့ကို ခံစားတတ်သော ခံစားမည့် စိတ် စေတသိက်တို့နှင့် ထို စိတ် စေတသိက်တို့၏မှီရာ ရုပ်တရားတို့သည်လည်း လုံးဝမရှိလေသောကြောင့် ဖြစ်သည်။

ထို့ကြောင့် ဝေဒယိတသုခ ခံစားချမ်းသာကို အလိုရှိသူတို့သည် အနုပါဒိသေသ နိဗ္ဗာန်ကို အလိုရှိဦးမည် မဟုတ်သေးချေ။ ဘုံစဉ်စံလိုသည့် အာသာတန်းလမ်း ရှိတတ်ကြသည်။ ဤသည်ကို သိလို့ထင့် ရှေးဆရာတော်ကြီးများက လူတိုင်းကို နိဗ္ဗာန်တရား မဟောအပ်ဟု ကရုဏာဒေါသောဖြင့် ဆိုစမှတ်ပြုခဲ့ပေသည်။

ဆိုခဲ့သော အနုပါဒိသေသ နိဗ္ဗာန်၌ ခံစားရော အာရုံတို့နှင့် ခံစားတတ်သည့် အာရမ္မဏိက— စိတ် စေတသိက်တရား စသည်တို့ မရှိငြားသော်လည်း ထို နိဗ္ဗာန်သည် ဘာမျှမရှိသော အဘာဝတရားမျိုးကား မဟုတ်ချေ။ ယင်း နိဗ္ဗာန်၌ သန္တိသုခခေါ် အစဉ်ငြိမ်းအေး ချမ်းသာသော သဘောတခုကား ထင်ရှား ရှိလေသည်။

ထင်ရှားရှိသည်ဆိုသော သန္တိသုခခေါ် သဘောကို မည်သို့ မြင်တွေ့ခံစား နိုင်ပါမည်နည်း ဟူမူ ဒုက္ခသစ္စာမည်သော ရုပ်နာမ်ခန္ဓာတို့သည် ဒုက္ခသစ္စာ ဖြစ်သည်ဟု ပိုင်ပိုင်နိုင်နိုင် သိ၍ ဆိုင်ရာ ကိလေသာ

ဘိုကို ဆိုင်ရာမဂ်ဖြင့် ပယ်သတ်ပြီး ခန္ဓာအကြွင်းရှိသော သဥပါဒိသေသ နိဗ္ဗာန်သို့ ဆိုက်ရောက်သော အရိယာသူမြတ်တို့သည် ခံမိတို့ရရှိပြီးသော မဂ်–အလိုက် ဖိုလ်ဝင်စား၍ နိရောဓသမာပတ် ဝင်စား၍ အလိုရှိသလို အစိုးရနိုင်ပုံကာ ခန္ဓာအကြွင်းရှိသော သဥပါဒိသေသ နိဗ္ဗာန်၌ပင်လျှင် သန္တိသုခဓာတ် ငြိမ်းအေးချမ်းသာသော သဘောကို ဒိဋ္ဌဓမ္မ မြင်တွေ့ခံစားနိုင်ပေသည်။

ခန္ဓာအကြွင်းမရှိသော အနုပါဒိသေသ နိဗ္ဗာန်၌ကား- အာရုံအမျိုးမျိုးတို့ကို ခံစားတတ်သော စိတ်စေတသိက် ရုပ်တရားတို့သည် သဘာဝ အားဖြင့် ချုပ်ငြိမ်းသွား ကြ လေပြီ။ ထို စိတ် စေတသိက် ရုပ်တရားတို့ ချုပ်ငြိမ်းသွားလျှင် ထိုတရားတို့၏ ဖြစ်ပေါ်ရာဘဝ ဇာတိလည်း ချုပ်ငြိမ်းလေသည်။ ယင်းဘဝ ဇာတိ ချုပ်ငြိမ်းသွားသော် ဇရာ မရဏစသော အိုခြင်း, သေခြင်းစသည့် ဒုက္ခအပေါင်းတို့သည်လည်း အမြဲချုပ်ငြိမ်းရ လေတော့သည်။ ဤသို့ ဒုက္ခခပ်သိမ်းကင်းပြတ် ချုပ်ငြိမ်းသွားခြင်းသည်ပင်လျှင် အလွန်အေးငြိမ်း ချမ်းသာသော သန္တိသုခသဘော အနုပါဒိသေသ နိဗ္ဗာန်မည်ပေသည်။

ဥပမာ— မီးစာ၌ တောက်လောင်နေသော မီးလျှံသည် ချုပ်ငြိမ်းသေဆုံးသွားသေးသောအခါ ထိုမီးလျှံ၌ ရှိသော အပူဓာတ်နှင့် အရောင်အသင်း စသည် တို့

လည်း ချုပ်ငြိမ်းသွားလေသည်။ ဤသို့ ချုပ်ငြိမ်း ပြီးလေသော မီးလျှံနှင့် အပူဓာတ် အရောင်အလင်း စသည်တို့သည် နောင်တဖန် အသစ်ပြန်၍ ဖြစ်ပေါ် မလာနိုင်ပဲ အမြဲ ချုပ်ငြိမ်း နေသကဲ့သို့ ဖြစ်သည်။ ဤဥပမာနည်းတူ- မည်သည့်အရာမဆို ချုပ်ဆုံးပြီး လျှင် အဘယ်အခါမှ အသစ်တဖန်ဖြစ်ပေါ်မလာကြ သည်ကိုလည်း သတိပြုရမည်သာ ဖြစ်သည်။

အထက်၌ဆိုခဲ့သည့် စိတ် စေတသိက် ရုပ်တို့၏ ဒုက္ခပေါ်သိမ်း ကင်းပြတ်၍ အမြဲ ချုပ်ငြိမ်းသွားခြင်း သည်ပင်လျှင် အစဉ်ငြိမ်းအေး ချမ်းသာသော သန္တိ သုခသဘော နိဗ္ဗာန်မည်သည် ဆိုသည့်စကား မှန်ပါ သည်။ လောက၌ သဘာဝချင်းမတူသော ဆန့်ကျင် ဘက်လည်းဖြစ်သည့်တရားတို့သည် တခုနှင့်တခု ဒွန်တွဲ ကာ တခုမဟုတ်တခု ဖြစ်ပေါ်နေသော တရားများ ရှိလေသည်။ ထိုတရားတို့ကား အပူနှင့် အအေး, အကောင်းနှင့်အဆိုး, အမှန်နှင့်အမှား, အကြမ်းနှင့် အနု, အကြောင်းနှင့် အကျိုး, အမြင့်နှင့် အနိမ့်, အတက်နှင့်အကျ, အထက်နှင့်အနိမ့်, အသိနှင့် မသိ, အရှိနှင့်မရှိ, အဖြစ်နှင့်အပျက်, ဆင်းရဲနှင့်ချမ်းသာ, စသည်တို့ ဖြစ်လေသည်။

သဘာဝချင်းလည်းမတူ ဆန့်ကျင်ဘက်လည်း ဖြစ်သော ထိုတရားတို့သည် ဒွန်တွဲလျက် နေသော် လည်း အကြောင်းအားလျော်စွာ တခုပေါ်လျှင်

တခုငုပ်၏၊ တခုငုပ်သတ်သော် တခုပေါ် နေသည်ကား, အဖြစ်မြဲသော ဓမ္မနိယာမ အစဉ်အလာ ဖြစ်သည်။

ထို့ကြောင့် ဒုက္ခခပ်သိမ်း ကင်းပြတ် ချုပ်ငြိမ်းလေသောအခါ ထိုဒုက္ခခပ်သိမ်းတို့နှင့်ဒွန်တွဲနေသော ဆန့်ကျင်ဘက်ဖြစ်သည့် သန္တိသုခတော်, ငြိမ်းအေးသော သဘောရှိသည့် နိဗ္ဗာန် ချမ်းသာသည် မုချ ဖြစ်ပေါ်ရမည်ကား မလွဲကေန်တည်း။

မျက်မှောက်ခေတ်၌ ဗုဒ္ဓ၏သာသနာ အဆုံးအမသည် တည်တံ့လျက် ရှိပေသေးသည်။ သာသနာ တည်တံ့နေသည့် အတွင်းမှာ ဝေဒယိတသုခကို ခံစားလိုသူတို့ အမြောက်အမြား ရှိသကဲ့သို့ သန္တိသုခသဘောရှိသော နိဗ္ဗာန်ချမ်းသာကို နှစ်သက်လိုလားပွားများအားထုတ်လိုသူများလည်းရှိပေသေးသည်။ မည်သို့ရှိစေ သာသနာကို စောင့်ရှောက်မှု၊ သာသနာတော်၊ သာသနာ၏ သက်တမ်း မကုန်သေးသရွေ့ ကာလပတ်လုံး သာသနာသည် အောက်ပါ ခေတ်အခါ(၅)မျိုးဖြင့် လည်ပတ်ပေါ်ထွန်း တည်ရှိနေဦးမည်သာ။

## သာသနာခေတ်အခါ ၅-မျိုး

၁။ ဝိမုတ္တိယုဂ- ဝိပဿနာဘာဝနာ ခေတ်အခါ အနှစ် ၅၀၀

၂။ သမာဓိယုဂ သမထဘာဝနာ ခေတ်အခါ အနှစ် ၅၀၀

၃။ သီလ ယုဂ- အကျင့်သိက္ခာ ခေတ်အခါ အနှစ် ၅၀၀

၄။ သုတယုဂ- ပရိယတ္တိစာပေ ခေတ်အခါ အနှစ် ၅၀၀
၅။ ဒါနယုဂ- ပေးကမ်းလှူဒါန်းသည့်ခေတ်အခါ အနှစ် ၅၀၀
ဖြစ်သည်။

ဤသို့ အားဖြင့် ဗုဒ္ဓမြတ်စွာ၏ သာသနာ အဆုံးအမသည် လည်ပတ် ပေါ်ထွန်းနေဦးမည်ဟု ထေရဂါထာ အဋ္ဌကထာ စာမျက်နှာ (၃၆၈)၌ အဋ္ဌကထာ ဆရာကြီးများက အဟော ပြုခဲ့ပေသည်။

ဤအဟောသည် မှန်မည်ဟု ဆိုနိုင်ပေသည်။ သာသနာ သက္ကရာဇ် ၂၅၀၀-ခုနှစ်မတိုင်မီခေတ်ကြိုကာလမှစ၍ ကျေးဇူးရှင် လယ်တီဆရာတော်ကြီးနှင့် အခြား ကျေးဇူးရှင် ဆရာတော်ကြီး တို့၏ အဟောအပြော, အရေးအသား တို့သည် ဝိမုတ္တိယုဂဖြစ်သော ဝိပဿနာဘာဝနာစည်တော်ကြီးကို ရိုက်တီးခဲ့သည်များ မှာ မြန်မာတနိုင်ငံလုံးသာမက၊ လန်ဒန်စသော နိုင်ငံခြားများ တိုင်အောင် မြည်ဟီးသံမစဲအောင် ရှိခဲ့လေသည်။ သာသနာနှစ် ၂၅၀၀-ခုနှစ် အကျော်သို့ ရောက်လာသော ယခုအခါမှာကား ဝိပဿနာဘာဝနာတရားကို ပွားများအားထုတ်သူများ စည်ကား ပွားများလာသည်မှာ မျက်မြင်ဒိဋ္ဌ တွေ့မြင်ကြရလေသည်။

## နိဂုံးချုပ်အမှာ

နိဂုံးမချုပ်မီ ဆိုခဲ့သည့် နိဗ္ဗာန်၏ သဘောနှင့် စပ်လျဉ်း၍ အကျဉ်းချုပ် သိအပ်သည်တို့ကို ဖော်ပြလိုပါသည်။ နိဗ္ဗာန်သည် ငြိမ်းအေးချမ်းသာသော တရားဖြစ်သည်ကို ရှာမှီး ကျင့်ကြံသူ

များသိကြသည်။ ထို့ကြောင့် နိဗ္ဗာန်ကို လိုလားသူတို့သည် သိစရာအနည်းငယ်ကို ဖော်ပြရလျှင် သတ္တဝါတို့၏ သန္တာန်၌ ရှိသော စိတ်,စေတသိက်, ရုပ်,တရားတို့သည် ဒုက္ခသစ္စာအမှန် ဖြစ်သည်ကို သိအောင် ရှုကြည့်ရပေမည်။ ထိုဒုက္ခသစ္စာတရားတို့သည် လိုချင်သည့်တဏှာလောဘကြောင့်ဖြစ်သည်ကို မျက်တွေ့လက်တွေ့ကို ထောက်စာ၍ သိရပေမည်။ ယင်းဒုက္ခသစ္စာဖြစ်သော စိတ်,စေတသိက်,ရုပ်,တရား စသည်တို့သည် အကြောင်းအကျိုးစပ်ဆက်လျက် လည်ပတ် ဖြစ်ပေါ်တတ်သည့် အစဉ်သဘောရှိသည်။ ဆိုလိုသည်မှာ မျက်မှောက်၌ ဖြစ်ပေါ်နေသော စိတ်,စေတသိက်,ရုပ်, တို့က ကျေးဇူးပြုသဖြင့် အကျိုး စိတ်,စေတသိက် ရုပ်,သစ်တို့ ဆက်ကာ ဆက်ကာ ဖြစ်ပေါ်ရသည်ဟု ဆိုလိုသည်။ ဤသို့ သဘောရှိသော စိတ် စသည်တို့ကို အမြင်ပြတ်အောင် အသေသတ်ဖို့ ခဲယဉ်းသည်ကား မှန်၏။ သို့သော် သတ်နိုင်လျှင် သေသည်ဟု ယုံကြည်ရပေမည်။

ဤ၌ အချို့က သေလျှင် ဘဝပြတ်သည်ဟု ယူဆကြသည်။ ဤအယူအဆသည် လွယ်လွယ်နှင့် အပေါ်ယံ ကြည့်ပြောခြင်းမျှသာ ဖြစ်သည်။ သေသော်လည်း မပြတ်သည်ကို ဥပမာဆောင်ရလျှင် လမ်းဘေး မြေကွက်လပ်များ၌ ပေါက်ရောက်နေသော မြက်ပင်တို့သည် နွေအခါ အပူဒဏ်ကြောင့် မြက်ပင်များ သေဆုံးသွားကြသည်။ သို့သော် မိုးကျလာလျှင် မြက်ပင်များ ပြန်ပေါက်လာကြပြန်သကဲ့သို့ ဖြစ်သည်။ ထို့ကြောင့် မြက်ပင်များသည် သေသော်လည်းမပြတ်၊ ပြတ်သော်လည်းမသေကြပေ။ အကြောင်းကား မြက်ပင်အပေါ်အဝင် သက်မဲ့အရာတို့သည် မျိုးစေ့တော် ဖြစ်သော ဗီဇနိယာမနှင့် ဥတုနိယာမတို့ ဖန်ဆင်းသလို ဖြစ်ကြရသော

ကြောင့်တည်း။ မြက်ပင်သေသော်လည်း မျိုးမပြတ်သောကြောင့် မသေဟု ဆိုလိုသည်။

သက်မဲ့ အရာတို့ပင်လျှင် ဤသို့စပ်ဆက်သည်ပတ်သည့်သဘော အစဉ်ရှိလျှင် သက်ရှိဖြစ်သော လူစသည့် သတ္တဝါတို့၌ မျိုးစေ့နှင့် တူသော ကမ္မနိယာမနှင့် စိတ္တနိယာမ ဥတုနိယာမ, ဓမ္မနိယာမတို့ အလျောက် ဆက်ခါ ဆက်ခါ ဖြစ်ပေါ်တတ်သည့် အစဉ်သဘော ရှိသည်ကို ယုံမှားဖွယ် မရှိအပ်ပေ။

ထို့ကြောင့် နိဗ္ဗာန်ကို အလိုရှိသူသည် လိုချင်လို့ဖြစ်နေသော နာမ်-ရုပ်တို့ကို အဆက်ပြတ်အောင် ဖြတ်ဖို့လိုသည်၊ အဆက်ဖြတ်ဖို့မှာ နာမ်-ရုပ် တို့ကို ဖြစ်စေသော အကြောင်းတရား တဏှာကို ပယ်သတ်ဖို့လိုသည်။ တဏှာပယ်သတ်ဖို့မှာ ဒုက္ခ, သစ္စာ ဖြစ်သော နာမ်-ရုပ်တို့၏ဖြစ်ပျက်နေသော ဒုက္ခ-လက္ခဏာအပေါ်သို့ စိတ်ကို တင်ပေးတတ်, ကြံစည်တတ်သော သမ္မာသင်္ကပ္ပကိုင်း၊ ကာမစ္ဆန္ဒ စသော နီဝရဏတရားတို့ကို ကာကွယ်တားဆီးနိုင်သော သမ္မာသတိကိုင်း၊ ထက်သန်ထန်ပြင်းသော အာတာပ ခေါ်သည့် သမ္မာဝါယာမကိုင်း အဖော်သဟဲအရင်းအနှီးပြုလျက် ဝိပဿနာဘာဝနာကို ထက်ထက်သန်သန် ရှုမှတ် ပွားများရပေမည်။

ဤသို့ ဝိပဿနာဘာဝနာမယဉာဏ် ဆိုက်ထိအောင် ပွားများလေတိုင်းမှာ စေးကပ်တွယ်တာတတ်သော တဏှာအစေးသည် တစ, တစ ပျက်ပြယ်ခန်းခြောက်၍ နောက်ဆုံး ဆိတ်သုဉ်းသွားပေမည်။ ဥပမာ – မီးအပူဓာတ်နှင့် တွေ့ဖန်များသော သစ်စေ့၌ ရှိသော ဗီဇ မျိုးဓာတ်သည် အပူဓာတ် လောင်မြိုက်မှုကြောင့် ခန်းခြောက် ပျက်ပြုန်း၍ အညှောက်အပင် မပေါက်ရောက်နိုင်အောင် ချုပ်ဆုံးရရှာ သကဲ့သို့တည်း။

ဤ၌ တဏှာအစေး ခန်းခြောက်ဆိတ်သည်းခြင်းသည် တဏှာကြောင့်ဖြစ်သော စိတ်တရား-ရုပ်ဘာရားတို့ အစဉ်ပြတ်ခြင်း မည်သည်။ ယင်းစိတ်တရား ရုပ်တရားတို့ အစဉ်ပြတ်ခြင်းသည် ဒုက္ခခပ်သိမ်း ကင်းပြတ်ချုပ်ငြိမ်းခြင်း မည်ပေသည်၊ ဤဒုက္ခ ခပ်သိမ်းကင်းပြတ်ချုပ်ငြိမ်းခြင်းသည်ကား အေးငြိမ်းသော သန္တိသုခခေတ်၊ မြတ်သော နိဗ္ဗာန် မည်ပေသတည်း၊

ဤသို့အားဖြင့် သန္တိသုခသဘောရှိသော နိဗ္ဗာန်၏ အနှစ်သာရသဘောအနက်ကို အမြွက်မျှ ဖော်ပြခဲ့ပေသည်။ သို့ဖော်ပြခဲ့သည့် နိဗ္ဗာန်၏ အနှစ်သာရ အနက်သဘောကို အကျဉ်းချုပ် ဖော်ပြရသော်—

၁။ တဏှာ၏ အနှောင်အဖွဲ့မှ ကင်းလွတ် ချမ်းသာခြင်း၊
၂။ ဒုက္ခ ခပ်သိမ်းတို့ ချုပ်ငြိမ်း ချမ်းသာခြင်း၊
၃။ ဆိုခဲ့သော ချမ်းသာတို့သည် နိဗ္ဗာန်ဆိုက်အောင် ကျင့်လေပြီးသူ၏ မျက်မှောက်၌ ဒိဋ္ဌဓမ္မ မြင်တွေ့ခံစားနိုင်ခြင်း စသော အကျိုးတရားများ ဖြစ်သည်။

ဤသည်တို့ကား နိဗ္ဗာန်၏ အနှစ်သာရ အနက်သဘော ကို အမြွက်မျှ ဖော်ပြချက် ဖြစ်ပေသည်။

# ပရမတ်သစ္စာ ၂-မျိုး၏ သဘော

ပရမတ် သစ္စာသည် ၂-မျိုး ရှိသည်။ ယင်းတို့မှာ သဘာဝ သစ္စာပရမတ်တမျိုးနှင့် အရိယသစ္စာပရမတ် တမျိုးတို့ ဖြစ်သည်။

## သဘာဝသစ္စာပရမတ်

အထက်၌ ဖော်ပြခဲ့သော စိတ်-စေတသိက်-ရုပ်-နိဗ္ဗာန် တရားတို့ကို ပရမတ်တရားလေးပါးဟု ခေါ်ဆိုကြပါသည်။

ဤ၌ ပရမတ်ဆိုသည်မှာ ပရမတ္ထ ဟူသော ပါဠိဝေါဟာရမှ ဆင်းသက်လာခြင်း ဖြစ်သည်။ ယင်းပရမတ္ထ-ပရမတ်ဆိုသည်ကား မဖောက် မပြန်၍ မြတ်သော သဘောရှိသည်ဟု ဆိုပါသည်။ မဖောက်မပြန်ဆိုသော ဝေါဟာရမှာ မပြောင်းလဲသည်ကို ဆိုပါသည်။

မပြောင်းလဲ ဆိုသော အနက်မှာ မိမိ ကိုယ်စီ ပိုင်သသော-သဘောမှ တဆံခြည်မျှ မပြောင်းလဲသည်ကို ဆိုလိုသည်။ မပြောင်းလဲပုံမှာ သိတတ်သောစိတ်မှ ခံစားတတ်သည့် ဝေဒနာ စေတသိက်

သို့ မပြောင်း၊ ပထင်ခက်မာမှု၊ နူးညံ့မှု၊ အာပေါ်ဖွဲ့စေးမှု၊ ယိုစီးမှု၊ တေဇောပူမှု၊ အေးမှု၊ ဝါယောတွန်းကန်မှု၊ လှုပ်ရှားစေမှု စသည်တို့ကို မပြောင်းဟု ဆိုပါသည်။ မိမိသဘောကို မိမိသာ ဆောင်ပေသည်။

ဆိုခဲ့ပြီးသော စိတ်-စေတသိက်-ရုပ်-နိဗ္ဗာန် လေးရပ် ပရမတ်တရားလေးပါးတို့သည် သဘောအားဖြင့် မဖောက်မပြန် ထင်ရှားရှိသောကြောင့် သဘာဝသစ္စာ ပရမတ် မည်ပေသည်။

ဤသဘာဝ သစ္စာ ပရမတ် သဘောတရား လေးပါးကို သိဆင်ခြင်နိုင်လျှင်ပင် သာသနာမြတ်နှင့် တွေ့ကြုံ ဆုံရကျိုး နပ်လှပေပြီ။ ထိုသို့ ဆင်ခြင်နိုင်သူသည် အန္ဓပုထုဇဉ်ဘဝမှ လွန်မြောက်၍ ကလျာဏ ပုထုဇဉ်ဘဝသို့ ကူးပြောင်းနိုင်ပေသည်။ သို့သော် အရိယာစခန်းသို့ တက်လှမ်းဘို့ကား လိုပေသေးသည်ကို သတိမူရန် ဖြစ်လေသည်။

## အရိယသစ္စာပရမတ်

အရိယ စခန်းသို့ တက်လှမ်း ချီတက်နိုင်ရန် "သိ-ပယ်-ဆိုက်ပွား၊ လေးပါးကိစ္စ၊ အပိုင်ရ၊ မှချပရမတ်" ဟူသည်နှင့်အညီ အမှန်သိအပ်သော သစ္စာလေးပါးနှင့် အားထုတ် ပွားများအပ်သည့် ကိစ္စကြီး လေးပါးသည် အရိယသစ္စာပရမတ် မည်ပါသည်။

ဤအရိယ သစ္စာပရမတ်သည် သဘာဝ သစ္စာပရမတ် ဖြစ်သော စိတ်-စေတသိက်-ရုပ်-နိဗ္ဗာန် ဟူသော ပရမတ်တရားလေးပါးကိုလည်း ထင်ရှားသိရသည်။ ထိုပရမတ် လေးပါးမှ အလွတ်ဖြစ်သော ပုထုဇဉ်တို့၏ အာရုံအင်ပ်မျိုးသည် ပညတ်မည်၏။ ယင်း

အရိယသစ္စာပရမတ်သည် ထိုပညာမျိုးကို ချိုးနှိမ် ချေမှုန်း ပယ်သတ်နိုင်စွမ်းရှိသည်။ ထိုအရိယသစ္စာပရမတ်၌ ပိုင်နိုင်စွာ သိအပ်သော သစ္စာလေးပါးနှင့် အားထုတ် ပွားများအပ်သည့် ကိစ္စကြီးလေးပါးရှိသည်။

## သစ္စာလေးပါးနှင့် ကိစ္စကြီးလေးပါး

၁။ ဒုက္ခသစ္စာနှင့် ပရိညာကိစ္စ၊

၂။ သမုဒယသစ္စာနှင့် ပဟာနကိစ္စ၊

၃။ နိရောဓသစ္စာနှင့် သစ္ဆိကရဏကိစ္စ၊

၄။ မဂ္ဂသစ္စာနှင့် ဘာဝနာကိစ္စ တို့ဖြစ်ကြသည်။

၁။ ဒုက္ခသစ္စာနှင့် ပရိညာကိစ္စဆိုသည်ကား— ဒုက္ခသစ္စာဖြစ်ကြသော ဆင်းရဲခြင်း တရားတို့ကို ပရိညာကိစ္စ ပိုင်းခြား၍ သိအောင် အားထုတ်ပွားများရမည်ဟု ဆိုသည်။

ဤ၌ ဒုက္ခသစ္စာ ဆင်းရဲခြင်း အမှန်တရား ဆိုသည်ကား အဘယ်နည်း—

| | | |
|---|---|---|
| ၁။ | စိတ် | ၁-ပါး |
| ၂။ | လောဘမပါသော စေတသိက် | ၅၁-ပါး |
| ၃။ | ရုပ် | ၂၈-ပါး |

တရားပေါင်း ၈၀-ပါးသည်

အမှန်ဆင်းရဲခြင်း ဒုက္ခသစ္စာတရား မည်ပါသည်။

၂။ သမုဒယသစ္စာနှင့်ပဟာနကိစ္စဆိုသည်မှာ- သမုဒယသစ္စာ ဖြစ်သော တဏှာသည် ဘဝဖြစ်ပေါ်မှုကို နှောင်ဖွဲ့တတ်သည်။ ယင်းတဏှာသည် ဆင်းရဲခြင်း အကြောင်းဖြစ်၍ ပဟာနကိစ္စ ပယ်သတ်နိုင်အောင် အားထုတ်ပွားများရမည်ဟု ဆိုသည်။

တရားကိုယ်မှာ လောဘစေတသိက်ဖြစ်သည်။ ယင်းလောဘ စေတသိက်သည် သမုဒယသစ္စာ မည်ပါသည်။

၃။ နိရောဓသစ္စာနှင့် သစ္ဆိကရဏကိစ္စဆိုသည်ကား နိုးဆုမ သစ္စာဖြစ်သော ဆင်းရဲခပ်သိမ်းတို့၏ ချုပ်ငြိမ်းရာ၊ တနည်း- စိတ်၊ စေတသိက်၊ ရုပ်တို့ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို သစ္ဆိကရဏကိစ္စ ကို ကိုယ်တိုင် မျက်မှောက်ပြု၍ ဆိုက်ရောက်အောင် အားထုတ် ပွားများရမည်ဟု ဆိုသည်။

တရားကိုယ်မှာ အရိယာတို့ အာရုံပြုရာ ချုပ်ငြိမ်းအေးမြ သော အာရုံတပါးသာရှိသည်။ ယင်းနိဗ္ဗုတိအာရုံသည် နိရောဓ သစ္စာမည်ပါသည်။

၄။ မဂ္ဂသစ္စာနှင့် ဘာဝနာကိစ္စ ဆိုသည်မှာ မဂ္ဂသစ္စာဖြစ် သော မဂ္ဂင်ရှစ်ပါးကို ဘာဝနာကိစ္စပွားများ အားထုတ်ရမည်ဟု ဆိုသည်။ မဂ္ဂင်ရှစ်ပါးကား- (ပညာမဂ္ဂင် ၂-ပါး၊ သီလမဂ္ဂင် ၃-ပါး၊ သမာဓိမဂ္ဂင် ၃-ပါးဟူ၍ ရှစ်ပါးရှိပါသည်။)

### ပညာမဂ္ဂင် ၂ ပါး

၁။ သမ္မာဒိဋ္ဌိ — အမှန်တရားကို ကောင်းစွာမြင်ခြင်း၊

၂။ သမ္မာသင်္ကပ္ပ — အမှန်တရားကို ကောင်းစွာ ကြံစည်ခြင်းသည် ပညာမဂ္ဂင် ၂-ပါး မည်သည်။

## သီလမဂ္ဂင် ၃ ပါး

၁။ သမ္မာဝါစာ အမှန်စကားကို ကောင်းစွာ ပြောဆိုခြင်း၊

၂။ သမ္မာကမ္မန္တ အမှန်အလုပ်ကို ကောင်းစွာ လုပ်ဆောင်ခြင်း၊

၃။ သမ္မာအာဇီဝ အမှန်အလုပ်ဖြင့် ကောင်းစွာအသက်မွေးခြင်းသည် သီလမဂ္ဂင် ၃-ပါး မည်ပါသည်။

## သမာဓိမဂ္ဂင် ၃ ပါး

၁။ သမ္မာဝါယာမ အမှန်အလုပ်ကို ကောင်းစွာ အားထုတ်ခြင်း၊

၂။ သမ္မာသတိ အမှန်တရားကို ကောင်းစွာ အောက်မေ့ခြင်း၊

၃။ သမ္မာသမာဓိ အမှန်တရား၌ ကောင်းစွာ တည်ကြည်မှုရှိခြင်းသည် သမာဓိ မဂ္ဂင် ၃-ပါး မည်ပါသည်။

ဤမဂ္ဂင် ရှစ်ပါးသည် မဂ္ဂသစ္စာမည်ပါသည်။ ဤမဂ္ဂင်ရှစ်ပါးသည် နိဗ္ဗာန်သို့ ဆိုက်ရောက်ကြောင်း ကျင့်စဉ်ကောင်းများ ဖြစ်သည်။ ထိုမဂ္ဂင်ရှစ်ပါးကို ဘာဝနာကိစ္စ အဖြစ်နှင့် ပွားများအားထုတ်ရမည်ဟု ဆိုပါသည်။

## ပရမတ် ၂ ပါး ခြားနားပုံ

ဆိုခဲ့သော သဘာဝသစ္စာပရမတ်နှင့် အရိယသစ္စာ ပရမတ် ၂-ပါးတို့သည် ခြားနားမှု ရှိပါသည်။

(၁) သဘာဝသစ္စာပရမတ်၏စွမ်းရည်သည် စိတ်, စေတသိက် ရုပ်, နိဗ္ဗာန်, လေးရပ် ပရမတ်တရားတို့ကို သုတမယဉာဏ်, စိန္တာမယ ဉာဏ်ဖြင့် သဘောတရားမျှကိုသာ သိပါသည်။ ယင်း-သဘာဝ သစ္စာပရမတ်သည် ပရမတ်တရားလေးပါးကို သဘောအားဖြင့် သိသောအခါ ပုထုဇဉ်တို့၏ အရိပ်အသွင်ဖြစ်သော အာရုံပညတ် တို့ကို ရံဖန်ရံခါ ပယ်နိုင်မည်ဖြစ်သော်လည်း ပညတ်တရားတို့ကို အမြစ်ပြတ်အောင် မပယ်နိုင်သေးပေ။

(၂) အရိယသစ္စာ ပရမတ်၏စွမ်းရည်သည် သဘာဝသစ္စာ ပရမတ်တို့၏ သဘောတရားကို သုတမယဉာဏ်, စိန္တာမယ ဉာဏ်တို့ဖြင့် သိသည့်အပြင် အရိယာတို့ သိအပ်သော သစ္စာ လေးပါးနှင့် ကိစ္စကြီးလေးပါးကို ဘာဝနာမယဉာဏ်ဖြင့် သိမြင် ပြီးစီးအောင် အားထုတ်ပွားများ၍ သိပါသည်။ ဤသိခြင်းသည် အရိယသစ္စာ ပရမတ်၏ စွမ်းရည် မည်ပါသည်။

ဤအရိယသစ္စာ ပရမတ်သည် "သိ-ပယ်-ဆိုက်-ပွား၊ လေးပါး ကိစ္စ၊ အပိုင်ရ၊ မုချပရမတ်"ဟူသည်နှင့်အညီ အရိယာတို့ သိအပ် သော ပရမတ်အစစ်ကို အမှန်မုချ သိပါသည်။ ပုထုဇဉ်တို့၏ အရိပ်အသွင် ထင်ရသော အာရုံပညတ်တို့ကိုလည်း အဆင့်ဆင့် အမြစ်ပြတ်အောင် ပယ်ဖြတ်နိုင်ပါသည်။

ဤသည်ကား သဘာဝသစ္စာ ပရမတ်နှင့် အရိယသစ္စာ ပရမတ် ၂-ပါးတို့၏ ခြားနားပုံဖြစ်ပါသည်။

ဤသည်တို့ကား စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ်၊ လေးရပ် ပရမတ်တရားတို့ကို အကျဉ်းဖော်ပြချက်ဖြစ်သည်။

## ပရမတ်သဘောချင်း တူပုံနှင့် မတူပုံ

ဆိုခဲ့ပြီးသော စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ်၊ လေးရပ် ပရမတ်တရားတို့သည် သဘောတရားချင်း တူသည်များ ရှိသလို မတူသည်များလည်း ရှိကြပါသည်။

## သဘောတရားတူပုံ

စိတ် စေတသိက် ရုပ် နိဗ္ဗာန်ဟူသော ပရမတ်တရား လေးပါးသည် မဖောက်မပြန် ဘလောင်းဘလဲ မပြောင်းလဲသော သဘောတရားမျိုးချည်း ဖြစ်သည်မှာ တူညီကြပါသည်။

ထို့ပြင် စိတ်၊ စေတသိက်၊ ရုပ်၊ ပရမတ်တရား သုံးပါးသည် ပြုပြင်မှု၊ ပြောင်းလဲမှု၊ လှုပ်ရှားမှု၊ ဖြစ်ပျက်မှု သဘောများ ရှိကြသည်မှာ တူညီကြပါသည်။

## သဘောမတူပုံ

စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ တရားလေးပါးသည် မိမိသဘောကိုသာ ဆောင်နိုင်စွမ်းရှိ၍ အခြားသဘောကို မဆောင်နိုင်သောကြောင့် ထိုတရားလေးပါးရှိ သဘောတရားတို့သည် တမျိုးနှင့် တမျိုး မတူညီကြပါ။

ထို့ပြင် နိဗ္ဗာန် ပရမတ်မှအပ စိတ်၊ စေတသိက်၊ ရုပ်၊ ပရမတ် သုံးပါးတွင်ရှိသော စိတ် ၈၉-ပါးသည် တပါးနှင့်တပါးမတူကြ၊

စေတသိက် ၅၂ ပါးလည်း တပါးနှင့်တပါး မတူကြ၊ ရုပ် ၂၈ ပါးလည်း တပါးနှင့် တပါး မတူကြချေ။

ထို့ပြင် ပြုပြင်မှု ပြောင်းလဲမှု လှုပ်ရှားမှု ဖြစ်ပျက်မှုသဘော ရှိသော စိတ် စေတသိက် ရုပ် သင်္ခါရ သဘောတရားနှင့် ပြုပြင်မှု ပြောင်းလဲမှု လှုပ်ရှားမှု ဖြစ်ပျက်မှု သဘောမရှိသော နိဗ္ဗာန် အသင်္ခါရ သဘောတို့သည်လည်း အလျင်း မတူကြပါ။

ဤ၌ သင်္ခါရ၊ အသင်္ခါရ ဟူသည် အဘယ်နည်း၊ သင်္ခါရ ဟူသည်- ဆိုင်ရာအကြောင်းတို့သည် ပြုပြင်မှု ပြောင်းလဲမှု လှုပ်ရှားမှု ဖြစ်ပျက်မှု သဘောရှိသည်၊ ထိုသဘောကို သင်္ခါရဟု ခေါ်၏။

အသင်္ခါရ ဟူသည်ကား ပြုပြင်မှု ပြောင်းလဲမှု လှုပ်ရှားမှု ဖြစ်ပျက်မှုသဘော လုံးဝ မရှိသည်ကို ဖော်ညွှန်းသည်။

ဤသည်တို့ကား စိတ် စေတသိက် ရုပ် နိဗ္ဗာန် လေးချပ် ပရမတ်တရားတို့၏ သဘောသရုပ်ကို အကျဉ်းချုံး၍ ဖော်ပြခြင်း ဖြစ်ပေသည်။

# ပညတ်အကြောင်း

အထက်၌ ပရမတ္ထ သဘာဝဓမ္မ ဖြစ်သော စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, လေးရပ် ပရမတ်အမှန်ရှိသော သဘောတရားကို ဖော်ပြခဲ့ပါသည်။ ယခုလို ပရမတ်တရား လေးပါးမှ အလွတ်ဖြစ်၍ အမှန်မရှိသော ပညတ်တရား၏ သရုပ်အဓိပ္ပာယ်ကို အနည်းငယ် ဖော်ပြပါမည်။

## ပညတ်

ပညတ်ဟူသည်ကား— အမျိုးမျိုး အခြင်းအရာ အပြားအားဖြင့် အနက်ဒြပ်ကို သိစေနိုင်, သိနားလည်အောင် ဖော်ပြနိုင်သော အမည်နာမ ဝေါဟာရ စကားလုံးများကို ပညတ်ဟု ခေါ်ပါသည်။ ဆိုလိုသည်မှာ သိစေခြင်း, ပိုင်းခြား၍ အပြားအားဖြင့် သိစေခြင်းပင် ဖြစ်သည်။

ဤ၌ အနက်ဒြပ်ဆိုသည်မှာ သက်ရှိ သက်မဲ့ အရာဝတ္ထုတို့၏ ပုံပုံသဏ္ဌာန်တို့ကို အနက်ဒြပ်ဟု ဆိုသည်။

ဥပမာ- သက်ရှိသတ္တဝါတို့၏ ခေါင်းကိုယ် ခြေလက် ပုံဟန် သဏ္ဌာန်အလိုက် လူ, ဆင်, နွား, ကြက်, ငှက်စသည်ဖြင့် ဝေါဟာရ ပြုကြ သကဲ့သို့ရင်း၊ သက်မဲ့ဖြစ်သော အပင်တို့၏ ပုံသဏ္ဌာန် အလိုက် သရက်ပင်, အုန်းပင်, ထန်းပင် စသည်တို့ဖြင့် ဝေါဟာရ ပြုသကဲ့သို့ရင်း ဖြစ်သည်။

ထို့ပြင် ပေါင်းစု တည်နေပုံ အခြင်းအရာကို အစွဲပြု၍ တော, တောင်, သောင်ပြင်, အိမ်, ကျောင်း, အသည်း, ရထား, လှည်း စသည်တို့သည် အတ္ထသဒ္ဒပညတ်များလည်း အများအပြား ရှိကြ သည်။

## ပညတ် ၂-မျိုး

ပညတ်သည် (၁) အတ္ထပညတ် နှင့် (၂) သဒ္ဒပညတ်ဟူ၍ နှစ်မျိုး ရှိသည်။

၁။ အတ္ထပညတ်ဟူသည်— အနက်ဒြပ် ပုံဟန်သဏ္ဌာန်စသည် တို့ကို ဆိုပါသည်။ ပမာမှာ- အိမ်,ကျောင်း စသည်တို့ဖြစ်၏။

၂။ သဒ္ဒပညတ်ဆိုသည်မှာ— မိမိတို့ဘာသာ စကားအလိုက် ပြောဆိုသော အသံကို အစွဲပြု၍ လူအများ သိနားလည်အောင် ဖော်ပြသော အသံကို ဆိုပါသည်။ ပမာမှာ—သွားပါ, လာပါ စသည်တို့ ဖြစ်သည်။

ဆိုခဲ့ပါ အတ္ထပညတ်ဖြစ်သော အနက်ဒြပ် ပုံဟန်သဏ္ဌာန်ကို အစွဲပြုသော အတ္ထပညတ်အမျိုးမျိုး, သဒ္ဒပညတ်ဖြစ်သော အသံ

အမည်နာမ အမျိုးမျိုးတို့ အလွန်များသည်ဖြစ်၍ အလုံးစုံ မဖော်ပြနိုင်ပါ။ သိသင့်သည်တို့ကို အနည်းငယ်သာ ဖော်ပြပါမည်။

## သဒ္ဒပညတ် ၂-မျိုး

ယခု သဒ္ဒပညတ် ၂-မျိုးကို အကျဉ်းမျှဖော်ပြပါမည်၊ ဤသဒ္ဒပညတ် ၂-မျိုးကို မကွဲပြားလျှင် ပရမတ်နှင့်ပညတ်ကို ခွဲခြားမသိပဲ ပညတ်ကို ပရမတ်ဟု အထင်မှားနိုင်ပါသည်။

ဥပမာ- စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန် ဆိုသော စကားသံ၏ အမည်ကို ပရမတ်ဟု ထွင်မှတ်ခဲ့သော် အမှန် ပရမတ်သဘောကို မဆိုက်ထိပဲ ပညတ်ဘောင်အတွင်းမှာ ရှိနေသကဲ့သို့ ဖြစ်ပေမည်။ စင်စစ် စိတ်ဆိုသည့် ပရမတ်မှာ သိတတ်သောသဘော အမှုအရာ သက်သက်သာဖြစ်သည်။ ဤသိတတ်သော ပရမတ်သဘောကို သိစေဘို့ စိတ်ဟု အမည်နာမ ပညတ်ထားခြင်းသာ ဖြစ်သည်။ ထို့အတူ စေတသိက် ရုပ် နိဗ္ဗာန်ဆိုသော စကားသံတို့သည်လည်း ပရမတ်ကို မဆိုက်ထိသေးပဲ ပညတ်ဘောင်အတွင်းမှာ ရှိသည်ကို သတိပြုရပါသည်။ ထို့ကြောင့် သဒ္ဒပညတ် ၂-မျိုးကို ခွဲခြားသိဘို့လိုပါသည်။

ဤ၌ သဒ္ဒပညတ်ဆိုသည်ကား- အရာဝတ္ထုနှင့် အာရုံတို့ကို လူအများ ပိုင်းခြား၍ အပြားအားဖြင့် သိစေခြင်းငှါ အမည်နာမ ဝေါဟာရ စကားလုံး အသံပင်ဖြစ်သည်။ ယင်း သဒ္ဒပညတ်သည် ၂-မျိုး ရှိပြန်သည်။ ယင်း ၂-မျိုးမှာ—

၁။ ဝိဇ္ဇာမာနပညတ်နှင့်

၂။ အဝိဇ္ဇာမာနပညတ်တို့ ဖြစ်သည်။

၁။ ဝိဇ္ဇာမာနပညတ်ဆိုသည်ကား- ထင်ရှားရှိသော အနက်သဘောကို ပေါ်ပြသည့် သဒ္ဒပညတ်ကို ဝိဇ္ဇာမာနပညတ်ဟု ခေါ်သည်။

ပြယုဂ်မှာ— စိတ်-စေတသိက်-ရုပ်-နိဗ္ဗာန်-ကုသိုလ်,အကုသိုလ်-လောဘ-ဒေါသ စသည်တို့ ဖြစ်သည်။

၂။ အဝိဇ္ဇာမာနပညတ်ဆိုသည်မှာ- ထင်ရှားမရှိသောအနက်ကို ပေါ်ပြသည့် သဒ္ဒပညတ်ကို အဝိဇ္ဇာမာနပညတ်ဟုခေါ်သည်။

ပြယုဂ်မှာ- လူ- တိရစ္ဆာန်- အိမ်- ကျောင်း- သစ်ပင်- တောတောင်-ရေ-မြေ-နေ-လ-နက္ခတ်-တာရာ စသည်တို့ ဖြစ်သည်။

ဤသည်တို့ကား သဒ္ဒပညတ် ၂-မျိုးတို့ကို အကျဉ်းပေါ်ပြချက်ဖြစ်သည်။ အကျယ်ကို သင်္ဂြိုဟ်ဋီကာ ကျမ်းများမှာ ရှုပါ။

### သမ္မုတိသစ္စာ

သမ္မုတိသစ္စာဆိုသည်မှာ- ဆိုခဲ့သော ဝိဇ္ဇာမာန ပညတ်နှင့် အဝိဇ္ဇာမာနပညတ်တို့ကို ရှေးဗုဒ္ဓဘုရား အစဉ်အဆက်နှင့် ရှေးလူအများက ဤအရာဝတ္ထု အာရုံတို့ကို လူအများ ပိုင်းခြား၍ အပြား အား ဖြင့် သိစေခြင်းငှါ အမည် နာမ တင်၍ ပညတ်ဟောကြားခေါ်ဝေါ် ပြောဆိုခဲ့ကြသည်။ သို့ပညတ် ဟောကြား ခေါ်ဝေါ်ပြောဆိုသည့်အတိုင်း နောက်လူများက အစဉ်အဆက် မပျက် အမှန်အတိုင်း သမုတ်ခေါ်ဝေါ် ပြောဆိုသည်ကို သမ္မုတိသစ္စာဟု ခေါ်ပါသည်။

## သမ္မုတိသစ္စာ ခေါ် ပညတ်များ

အဘိဓမ္မာမည်သောအမှန်ရှိသည့် ပရမတ်သစ္စာများကို ဖော်ပြပြီး၍ ယခုအမှန်မရှိသော သမ္မုတိသစ္စာခေါ်ပညတ်တရားများကို ဖော်ပြပါမည်။

၁။ သမ္မုတိသစ္စာဆိုသည်မှာ လောက၌-

(က) ပုဂ္ဂိုလ် အမှန်ရှိ၏။

(ခ) သတ္တဝါ အမှန်ရှိ၏။

(ဂ) အတ္တ အမှန်ရှိ၏။

(ဃ) ဇီဝ အမှန်ရှိ၏ဟူ၍ဖြစ်သည်။

ဆိုခဲ့ပါ ပုဂ္ဂိုလ်, သတ္တဝါ, အတ္တ, ဇီဝတို့သည် သံသရာ အဆက်ဆက်တို့၌ ကုသိုလ်ကံ, အကုသိုလ်ကံတို့၏ ပစ်ချရာသို့ အစဉ်တစိုက်လိုက်၍ အစဉ်မပြတ်ကျင်လည်ပြောင်းရွှေ့ကြသည်ဟု အခိုင်အမြဲမှတ်ယူ စွဲလန်း ခေါ်ဝေါ် ပြောဆိုခြင်းသည် သမ္မုတိ သစ္စာသို့မဟုတ် ပညတ် မည်ပါသည်။

ထိုလေးမျိုး ရှိသည်ဆိုသော စကား၌-

(က) ပုဂ္ဂိုလ် အမှန်ရှိသော စကားကို လူအများ ပြောဆိုသုံးစွဲလေ့ရှိ၍သာ ဖော်ပြရပါသည်။ ယင်းစကားသည် သတ္တဝါအမှန်ရှိသည်ဆိုသောစကားနှင့် အတူတူ ဖြစ်သည်။ ထိုပုဂ္ဂိုလ်ဆိုသောစကားကို လူ၌အသုံးများ၍ သတ္တဝါဆိုသောစကားမှာ လူစသော အသိစိတ်ရှိသည့် သက်ရှိအားလုံး၌ အသုံးပြုပါသည်။

(ခ) သတ္တဝါ အမှန်ရှိသည်ဆိုရာ၌ လူ, နတ်, ကျွဲ, နွား,ခွေး, ကြက်, ငှက် စသော သတ္တဝါများအမှန်ရှိသည်။ ယောကျ်ား, မိန်းမ အမှန်ရှိသည်။ငါဟူ၍ငှင်း,သူတပါးဟူ၍ငှင်း အမှန်ရှိသည်။ ဦးခေါင်း, ခြေလက်, မျက်စိ,နား, နှာခေါင်း အင်္ဂါကြီးငယ်များ အမှန်ရှိသည်။ ဆံပင်, မွေးညှင်း, ခြေသည်း လက်သည်း, သွား, အရေ,အသား,အကြော,အရိုးဟူ၍အမှန်ရှိသည်ဟုထင်မှတ်စွဲလမ်း ခေါ်ဝေါ် ပြောဆိုခြင်း များသည် သတ္တဝါရှိသည်, ပုဂ္ဂိုလ်ရှိသည်ဟူသောစကား၌ ပါဝင်ကြသော သမ္မုတိသစ္စာစကားရပ်များပင်ဖြစ်သည်။

(ဂ) အတ္တ အမှန်ရှိသည်ဆိုရာ၌- အတ္တဆိုသည်မှာ သတ္တဝါတို့၏ သန္တာန်၌ အမာခံဖြစ်သော အနှစ်သာရ အမှန်ရှိသည်ဟု ထင်မှတ်စွဲလမ်းမှုကို အတ္တဟု ဆိုပါသည်။

ဥပမာ—မြေအိုးဟူသောစကား၌ မြေဆိုသည်မှာ အမှန်ရှိသော ပထဝီဓာတ်၏ အမည်ဖြစ်သည်။ အိုးဆိုသည်ကား အဝန်းအဝိုင်း စသော အိုးသဏ္ဌာန်ဟုဆိုအပ်သော သဏ္ဌာနပညတ်၏ အမည် ဖြစ်ပါသည်။

ဤနေရာ၌ ပညတ်ဟူသည် သဘောအားဖြင့် အမှန်ထင်ရှား ရှိရင်းမဟုတ်ပါ။ မြေဓာတ် အပေါင်းအစုကို အစွဲပြု၍ သတ္တဝါတို့၏စိတ်ထဲတွင် ဝန်းသည်, ဝိုင်းသည်ဟူ၍ ထင်ရသော အရိပ်ပမာ အခြင်းအရာမျှသာဖြစ်ပါသည်။ သို့သော် ပရမတ်နှင့် ပညတ်ကို ခွဲခြား၍ မသိသောသူများမှာ မြေဓာတ် အပေါင်းအစုသည်ပင်လျှင် အိုးဖြစ်သည်ဟူ၍ မြေနှင့် အိုးကို တစုတည်းပြု၍မှတ်ထင်ကြ၏။ ထိုသို့မှတ်ယူရာ၌ အမှန်ရှိသောမြေသည် အမှန်မရှိသော

အိုး၏ အတ္တာ ဖြစ်ရသည်။ မြေ မရှိက အိုး ဟူ၍ မရှိနိုင်ပါ၊ ထို့ကြောင့် မြေသည် အိုး၏ အမာခံအနှစ်သာရ အတ္တာမည်ပါသည်။

ထို့အတူ အမှန်ဖြစ်သော ခန္ဓာငါးပါးနှင့် အမှန်မဟုတ်သော ငါ-သူဘပါး-သတ္တဝါ ဟူသော သဏ္ဌာနပညတ်ကို တစုတည်းပြု၍ မှတ်ယူနေကြရာ၌လည်း ခန္ဓာငါးပါးသည် သတ္တဝါ စသည့် ပညတ်တရား၏ အမာခံအနှစ်သာရ အတ္တာဖြစ်ရသည်။ ခန္ဓာငါးပါး မရှိလျှင် ငါဟူ၍၎င်း သတ္တဝါ ဟူ၍ ၎င်းမရှိနိုင်ပေ။ ထို့ကြောင့် ခန္ဓာငါးပါးသည် ငါ စသော သတ္တဝါတို့၏ အနှစ်သာရ အတ္တာ မည်လေသည်။

ထို့အပြင် သမ္မုတိ သစ္စာနယ်၌ သဏ္ဌာန် အားဖြင့်လည်း (၄)မျိုး ရှိပါသေးသည်။ ယင်းမှာ—

(က) ပုံသဏ္ဌာန်သည် အမှန်ရှိသည်။
(ခ) သန္တတိသည် အမှန်ရှိသည်။
(ဂ) နိမိတ္တသည် အမှန်ရှိသည်။
(ဃ) အနုဗျဉ္ဇနသည်အမှန်ရှိသည်တို့ဖြစ်ပါသည်။

ထိုလေးပါးတွင်—

(က) သဏ္ဌာန် ဟူသည် ပရမာဏုမြူ သဏ္ဌာန် အဏုမြူ သဏ္ဌာန် တို့မှ စ၍ မဟာပထဝီမြေကြီး သဏ္ဌာန် မြင့်မိုရ်တောင် သဏ္ဌာန်၊ လူသဏ္ဌာန်၊ ဆင်သဏ္ဌာန်၊ ဖား၊ ကြွက် သဏ္ဌာန် တိုင်အောင် အဝန်းအဝိုင်း၊ အလုံး၊ အပြား၊ အကွေ့၊အကောက်၊ အရှည်၊အတိုစသော သဏ္ဌာန်ပညတ်ကို သဏ္ဌာန်ဟု ဆိုပါသည်။

(ခ) သန္တတိ ဆိုသည်မှာ- ကြာညောင်းသည့် အခိုက်ကို ဆိုသည်။ တစ်ခုတခုသော အရာဝတ္ထုသည် တစက္ကန့်, တမိနစ်, တနာရီ, တရက်, တလ, တနှစ် စသည်ဖြင့် လပေါင်း များစွာ နှစ်ပေါင်းများစွာ တည်နေသည်။ သတ္တဝါ တယောက်သည် အနမတဂ္ဂ သံသရာ၌ ဘဝပေါင်းများစွာ ကြာညောင်းအောင် ကျင်လည် နေရသည်ဟု ယူဆခြင်းသည် သန္တတိ မည်ပါသည်။

(ဂ) နိမိတ္တ ဆိုသည်ကား- သတ္တဝါ သဏ္ဌာန်၊ သစ်ပင် သဏ္ဌာန်၊ ဆင်သဏ္ဌာန်၊ မြင်းသဏ္ဌာန်၊ ဦးခေါင်းသဏ္ဌာန်၊ ခြေ လက်သဏ္ဌာန် စသော အရိပ်အရောင်သဏ္ဌာန်မျိုးကို ဆိုပါသည်။

ထိုသဏ္ဌာန်သည် ဘူတနိမိတ္တ အဘူတနိမိတ္တ ဟူ၍ နှစ်မျိုးရှိပါ သည်။ လှပ တင့်တယ်သည်ဟု မှတ်ယူကြသော သဏ္ဌာန်မျိုးသည် ဘူတနိမိတ်ပင်ဖြစ်၍ မလှမပမတင့်မတယ်ဟူ၍ မှတ်ယူအပ်သော သဏ္ဌာန်မျိုးကို အဘူတနိမိတ်ဟု ဆိုပါသည်။

(ဃ) အနုဗျဉ္ဇန ဆိုသည်မှာ အနေအထိုင်, အထအကြ, အသွားအလာ, အပြုအမူ, အပြောအဆို ဟန်အမူအရာမျိုးကို အနုဗျဉ္ဇနဟုဆိုပါသည်။ ထိုအနုဗျဉ္ဇနသည်လည်း သုဘ, အသုဘ ဟူ၍ နှစ်မျိုးရှိပါသည်။ သုဘအနုဗျဉ္ဇန ဆိုသည်မှာ- ကိုယ်အမူ အရာ နှုတ်အမူအရာတို့၏ ယဉ်ကျေးသိမ်မွေ့သော အမူအရာမျိုး ကို သုဘအနုဗျဉ္ဇနဟု ဆိုပါသည်။ အသုဘ အနုဗျဉ္ဇနဆိုသည် ကား- အသွားအလာ, အနေအထိုင်, အပြောအဆို ရိုင်းစိုင်းခြင်း မျိုးကို အသုဘအနုဗျဉ္ဇနမျိုးဟု ဆိုပါသည်။

ဆိုခဲ့ပါ ပုဂ္ဂိုလ် သတ္တဝါ အတ္တ ဇီဝ လေးမျိုးနှင့် သဏ္ဌာန် သန္တတိ နိမိတ္တ အနုဗျဉ္ဇန လေးမျိုးတို့သည် လူတို့ အညီအညွတ်

သမုတ်ခေါ်ဆိုခြင်းမျိုးဖြစ်သောကြောင့် သမ္မုတိသစ္စာ သို့မဟုတ် ပညတ်မည်ပါသည်။

နိဂုံးချုပ်အနေဖြင့် ဖော်ပြရလျှင် သမ္မုတိသစ္စာ ဆိုရာ၌-

(၁) သမ္မုတိဟူသည်ကား- သတ္တ ပုဂ္ဂလ အတ္တ ဇီဝ အစရှိသည်တို့သည် ပထဝီစသည့် ရုပ်ဓာတ် ဝိညာဏ စသော နာမ်ဓာတ်တို့ကဲ့သို့ သဘောအားဖြင့် အသီးအခြား ထင်ရှားရှိသောတရားတို့မဟုတ်ပါ။ အမှန်ထင်ရှားရှိသော ရုပ်ဓာတ် နာမ်ဓာတ် အစရှိသည်တို့ကိုစွဲမှီ၍ သတ္တဝါတို့၏စိတ်ထဲတွင် ထင်မြင်အပ်သော အထင်ခံ အခြင်းအရာမျှသာ ဖြစ်သည်။ ထိုအခြင်းအရာမျှကို ပင် ကောန်ရှိ, အမှန်ရှိဟု အခိုင်အမြဲ စွဲသမ်းကြကုန်ပြီးလျှင် အမည်နာမ အသီးသီးတင်၍ လောကီဘုံသား လူအများတို့ အစဉ်အဆက် ပညတ်ခေါ်ဝေါ်သမုတ်ကြသည်ကို သမ္မုတိဟုဆိုသည်။

(၂) သစ္စာဆိုသည်ကား- ထိုသို့ လောကီဘုံသားလူအများတို့ ညီညီညာညာ ခေါ်ဝေါ်ရိုး ရှိကြသည့်အတိုင်း ပုဂ္ဂိုလ်သတ္တဝါ အမှန်ရှိသည်။ အတ္တ ဇီဝ အမှန်ရှိသည်ဟူ၍ လူပုံအလယ်တွင် ပြောဆိုသော်လည်း တစုံတယောက်ကိုမျှ လှည့်စားခြင်းမဖြစ်၊ မုသာဝါဒ မဖြစ်သောကြောင့် လူအများ ခေါ်ဝေါ် ပြောဆိုသည့်အတိုင်း အမှန်ခေါ်ဝေါ်ပြောဆိုသည်ကို သစ္စာ ဟုဆိုသည်။

ဤသမ္မုတိသစ္စာသည် လူအများခေါ်ဝေါ်သမုတ် ပြောဆိုသည်ကို အမှန်အတိုင်းပြောဆို၍ မုသာဝါဒကို ပယ်နိုင်သည်မှန်သော်လည်း အမှန်မရှိသော ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ားမိန်းမ စသော ပညတ်တရားကို သဘောအားဖြင့် ကောန်ရှိသည်ဟု အခိုင်အမြဲ စွဲလမ်းနေသော (၁) အထင်အမှတ်မှားသည့် သညာဝိပလ္လာသ၊ (၂)အသိမှားသောစိတ္တဝိပလ္လာသ၊

( ၃ ) အမြင်မှားသော ဒိဋ္ဌိဝိပလ္လာသ တရားတို့ကို မပယ်မဖျောက်နိုင်သည်ကိုမူ သိရှိရန် လိုအပ်ပါသည်။

ဆိုခဲ့ပါ မှောက်မှားစေသော ဝိပလ္လာသ တရား သုံးပါးသည် အပါယ်လေးဘုံသို့ တိုက်ရိုက် မကျမရောက် နိုင်သော်လည်း သံသရာ ဝဋ်ဆင်းရဲ၌ ကျင်လည် နေကြရပေမည်။ ထိုသံသရာ နယ်အတွင်း၌ အပါယ်လေးဘုံ ရှိသည်ကိုကား မျက်ခြည်မပြတ် ရှုအပ်လှပါသည်။

ဤသည်တို့ကား အမှန်မရှိသော ပညတ်တရားတို့ကို အကျဉ်း ဖော်ပြချက်တည်း။

## နိဂုံး

**သတိ ။** ။ဇရာမရဏ- ဓမ္မအစဉ်၊
မရပ်မနား- သွားမြဲလမ်းပင်၊
သတ္တိတရား- ပွားများဆင်ခြင်၊
မကောင်းရေး- ဝေးဝေးရှောင်ပို့ပြင်။
ဒါသမယ- ကြုံရခေတ်တွင်၊
လိမ္မာရေးခြား- လူကောင်းသားသွင်၊
ဗမာ့ယဉ်ကျေး- မြင့်တွေးဆင်ခြင်၊
ဗမာ့နည်းများ- တောက်ဆားတီဆွင်၊
ဗမာ့ဟန်များ- ထင်ရှားပေါ်လွင်၊
အမှန်က- ဘဝမြင့်စေချင်။ ။

သခင်သိန်းမောင် (အဘ)

# အထွေထွေပိုင်း

(က)

# သူတို့အမြင်

## စိတ်နှင့်ရုပ်

လူ၏စိတ်ဟူသည် အဘယ်သဘောတရား အစစ်အမှန်ဖြစ်သည်။ စိတ်သည် အဘယ်သို့ဖြစ်ပေါ်သည်၊ သို့မဟုတ် စိတ်ဟူးဟူသည် အဘယ်သဘောမျိုးဖြစ်သည် စသည်ဖြင့် ထင်မြင်ချက်အမျိုးမျိုး ကွဲပြားလျက်ရှိနေပါသည်။ စိတ်သည် လူပုဂ္ဂိုလ်တို့၏ ထူးခြားသော အမှတ်လက္ခဏာသာ ဖြစ်သည်ဟု အချို့ပုဂ္ဂိုလ်တို့က ယူဆကြလေသည်။ အခြားပုဂ္ဂိုလ်တို့ကမူ လူသတ္တဝါတွင် တိရစ္ဆာန်သတ္တဝါအားလုံးမှာ ရှိရိုးရှိစဉ်အတိုင်း တော်ကော် ပိုမိုရှုပ်ထွေးများပြားသော သဘောတရားများကိုသာ တွေ့မြင်ကြလေသည်။ ဦးနှောက်သည်စိတ်၏တည်ရာပဓာနနေရာ ဖြစ်သည်ဟု အချို့က အခိုင်အမာ ယူဆကြလေသည်။ အခြားသူများက ဤကဲ့သို့ မယူဆကြချေ။ စံမှီ စွယ်စုံကျမ်းတခုတွင် ဦးနှောက်အကြောင်း အကျယ်တဝင့်ဖော်ပြ၍ အောက်ပါစကားဖြင့် နိဂုံးချုပ်ထားလေသည်။

"ဦးနှောက်အကြောင်းနှင့် ဦးနှောက်အလုပ်လုပ်ပုံအကြောင်းကို များစွာ သိရသော်လည်း ကျွန်ုပ်တို့စိတ်၏ သဘောတရား အမှန်နှင့် စိတ်၏ မူလသဘောဆိုင်ရာ မရှင်းလင်းသည့် ပြဿနာကြီးမှာ ရှေးကကဲ့သို့ပင် ရှိမြဲ ရှိနေပါသေးသည်။ အမှန်တကယ် ပြောနိုင်သမျှမှာ တွေးတောမှုကလေးများ ဖြစ်တိုင်း သို့မဟုတ် စိတ်လှုပ်ရှားတိုင်း မဲ့ပြာသော ဦးနှောက်အစိုင်အခဲ၏ ရုပ်ကလာပ်များတွင် လှုပ်ရှားမှုကလေးများ ဖြစ်ပေါ်လေ့ရှိသည်။ ထိုလှုပ်ရှားမှုများသည် ဓာတုဗေဒဆိုင်ရာ သဘောဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။

ထင်ရှားသော သိပ္ပံပညာရှင် တွေးခေါ်ပညာရှင် ဖြစ်သော J. B. S. HALDANE အဆို– "အကယ်၍သာ ကျွန်ုပ်၏ ယူဆချက်များသည် ကျွန်ုပ်၏ ဦးနှောက်ထဲ၌ ဖြစ်ပျက်နေသော ဓာတ်သဘာဝ အဆက်ဆက်၏ အကျိုးတရားများ ဖြစ်ခဲ့လျှင် ယင်းယူဆချက်များသည် ဓာတုဗေဒနိယာမများ၏ ဆုံးဖြတ်ချက်များသာဖြစ်ပေမည်။ ကျိုးကြောင်း ဆင်ခြင်တုံပညာ နိယာမများ၏ဆုံးဖြတ်ချက် မဖြစ်နိုင်ချေ။ ကျွန်ုပ်သည် စက္ကူအစစ်ပေါ်မှာ မင်အစစ်နှင့်ရေးနေသည်ဟု ကျွန်ုပ်အကယ်၍ ယုံကြည်ခဲ့လျှင် ယင်းယုံကြည်ချက် မှန်ကန်သည်ဟု ကျွန်ုပ်မှာ အာမခံချက်မရှိချေ။ ထိုယုံကြည်ချက်နှင့် ဆက်သွယ်သော ဓာတ်သဘော အဆက်ဆက်သည် ကျွန်ုပ်၏ ဦးနှောက် ဖြစ်နိုင်သမျှ အချိန်ကာလကို တိုးပွားစေ၍ အမြင်မှားမှု အမျိုးမျိုး တို့ကိုလည်း တိုးပွားစေလိမ့်မည်ဟူ၍သာ ကျွန်ုပ်ပြောနိုင်ပါသည်။ အကယ်၍ ခန္ဓာကိုယ်ဆိုင်ရာ ဓာတုဗေဒပါရဂူ ပညာရှင် တယောက်သည် ကျွန်ုပ်၏ အသွင်တူ ပုံတူဘခုကို ပြုလုပ်ခဲ့ပါလျှင် ရုပ်ကလာပ်

အတွက် ရုပ်ကလာပ်ဖြစ်၍ ယင်းရုပ်ပုံအတုမှာ ကျွန်ုပ်၏မှတ်ဉာဏ် မှတ်မိချက်အားလုံး ရှိကောင်းရှိပါလိမ့်မည်။ ဤကဲ့သို့ မှတ်မိစေကာမူ (ထိုရုပ်ပုံတုမှာ) အသိဉာဏ်မည်ကဲ့သို့ ဖြစ်နိုင်မည်ကို ကျွန်ုပ်မမြင်ပါ"။

စိတ်နှင့်ခန္ဓာကိုယ် ဆက်စပ်ပုံနှင့်စပ်၍ ယူဆပုံနည်းများမှာ– (၁) စိတ်နှင့်ရုပ် ခြားနားခြင်းမရှိ တသဘောတည်းသာ ဖြစ်သည်ဟူသော ယူဆနည်း၊ (၂) စိတ်တခြား၊ ရုပ်တခြားဟု ယူဆသောနည်းဟူ၍ ၂-မျိုးရှိလေသည်။ ထို ၂-မျိုးအနက် ပထမ ယူဆနည်းတွင် (က) စိတ်သည် ရုပ်နှင့်ဆိုင်သော လှုပ်ရှားမှုမျှသာ ဖြစ်သည်ဟူသော ယူဆနည်း ဖြစ်သည်။ ထိုနည်းကို Aristctle က စတင်ခဲ့၍ ယူဆရိုး အစဉ်အလာကို မလိုက်သော Hobb, Hegel နှင့် Behavionrist တို့က ထောက်ခံကြလေသည်။ (ခ) ခန္ဓာကိုယ်သည် စိတ်၏ အသွင်အပြင်မျှသာ ဖြစ်သည်ဟူသောယူဆနည်း၊ ထိုနည်းကို Berkeley Seibniz Sehopenaner နှင့် အချို့သော တွေးခေါ်ပညာရှင်များက ယူဆကြလေသည်။ (ဂ) Spenoza နှင့် နှစ်များ မကြာမီက ပေါ်ပေါက်ခဲ့သော ကြားနေ Monism ဝါဒ၏ ၂-ဖက်လွတ်ယူဆနည်း၊ ၎င်းနည်းအရ စိတ်နှင့် ကိုယ်တို့သည် စိတ်သဘော ကိုယ်သဘောကင်းသည့် တတိယ အမှန်တရားမှ ပေါ်ပေါက်လာသော သဘောတရားများ ဖြစ်သည်ဟု ယူဆလေသည်။

စိတ်တခြား ခန္ဓာကိုယ်တခြားဟု ယူဆသော ပဓာနနည်းများမှာ- (က) Desaartes, Locke James နှင့် အခြားသူများ ယူဆကြသော ကိုယ်ခန္ဓာနှင့်စိတ် အပြန်အလှန်ကျေးဇူး

ပြုသည်ဟု ၂-ဖက်ရ ယူဆနည်း၊ ဤယူဆနည်းကို Descartes (1596 - 1650) က စတင်ခဲ့လေသည်။ ဤယူဆနည်းအရ စိတ်နှင့် ခန္ဓာကိုယ်သည် အကြောင်း အကျိုး အားဖြင့် အပြန်အလှန် ကျေးဇူးပြုသည်ဟု ယူဆလေသည်။

(ခ) စိတ်နှင့်ရုပ်ပြိုင်တူဖြစ်သည်ဟု ယူဆနည်း၊ ဤနည်းအရ (၁) အလွန်ပြင်းထန်တိကျသော ဖြစ်ရပ်၌ သဘာဝအလျောက် ဖြစ်ပေါ်သော ရုပ်နှင့် စိတ်အညီအမျှ အညမည ဆက်စပ်မှုရှိလေသည်။ (၂) အသင့်အတင့် ဖြစ်ရပ်၌ကား စိတ်လှုပ်ရှားမှု ဖောက်ပြန်ခြင်းနှင့် အာရုံ ထိခိုက်ခြင်းတို့သည် သာမညလောက်သာ အညမည ဆက်သွယ်မှု ရှိသည်ဟု ယူဆလေသည်။

(ဂ) စိတ်သည် ရုပ်၏အခြံအရံမျှသာဖြစ်သည်ဟုယူဆနည်း၊ ဤနည်းကို Clifford, Huxley, Redaon စသည်တို့က စတင်ခဲ့ကြလေသည်။ ဤနည်းအရ အခြေခံဖြစ်သော အကြောနှင့် ဆိုင်ရာ လှုပ်ရှားမှုအဆက်ဆက်တွင် စိတ်သည် ရုပ်၏ အခြံအရံ သဘောမျှသာဖြစ်သည်ဟု ယူဆလေသည်။

## MATTER = ရုပ်

ရုပ်ဟူသည် အဘယ်နည်း၊ ရုပ်ကို ကျွန်ုပ်တို့ မြင်ဘူးကြပါရဲ့လား၊ မမြင်ဘူးကြပါ။ ကျွန်ုပ်တို့သည် အရောင်အဆင်းကိုသာ မြင်ကြပါသည်။ အရောင်အဆင်းသည် ရုပ်နှင့်အတူတူပင် ဖြစ်ပါသလား၊ မတူပါ။ ရုပ်ဟူသည် ဂုဏ်အင်္ဂါသဘောမျှသာ ဖြစ်ပါသည်။ ရုပ်သည် အဘယ်မှာ တည်ရှိပါသနည်း၊ သာမညအားဖြင့် လူမြင်ရသည့် အတိုင်းဆိုလျှင် ပန်းပွင့်၏ အရောင်အဆင်း

သည် ယင်းပန်းပွင့်မှာပင် တည်ရှိသည်ဟု ထင်မှတ်စရာ ရှိပေမည်။ သိပ္ပံပညာရှင်များကပြောကြသည်မှာ မြင်ရသော အရောင်အဆင်းသည် ဤကဲ့သို့ ပန်းပွင့်တွင် မတည်ရှိချေ။ အလင်းရောင်လှိုင်းအမျိုးမျိုးတို့သည် မျက်စိ အကြည်ဓာတ်နှင့် ထိတွေ့မိကြသောအခါ စက္ခုဝိညာဉ် အမြင်စိတ်သည် ဖြစ်ပေါ်လေ၏။ ထိုအခါ အနီ- အဝါ- အစိမ်း စသဖြင့် ကျွန်ုပ်တို့ ခေါ်ဝေါ်ပြောဆိုကြသောအရောင်များသည် ထိုရုပ်၏ မူလသဘောများ မဟုတ်ကြပါ၊ စင်စစ်အားဖြင့် ယင်းအရောင်တို့သည် ထိုရုပ်ထဲတွင် မပါဝင်ဘဲ ထိုရုပ်၏အပြင်ဘက်မှ ပြန်ဟပ်သော အရောင်များသာ ဖြစ်လေသည်။

ထို့ကြောင့် အရောင်အဆင်းသည် အာရုံနှင့် အာရမ္မဏိကဓာတ်တို့၏ ပေါင်းဆုံမှုကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားဖြစ်လေသည်။ ထို အရောင်အဆင်းသည် အပြင်ကမ္ဘာလောကမှလာသောအရာနှင့် အာရုံ သို့မဟုတ် စိတ်၏ဆိုင်ရာ လှုပ်ရှားမှုတို့ကြောင့် ဖြစ်ပေါ်သော အရာတို့၏ ပေါင်းဆုံရာမှ ဖြစ်ပေါ်လာသည့်အရာ ဖြစ်လေသည်။ ဤသို့အားဖြင့် အရောင်အဆင်းသည် ပန်းပွင့်တွင်မတည်ဘဲ စက္ခုပသာဒ- မျက်စိဆိုင်ရာ အကြောများနှင့် ဦးနှောက်အိမ်များကို အမှီသဟဲပြုကြောင်း ကျွန်ုပ်တို့နားလည်နိုင်ကြပေသည်။ သို့ဖြစ်၍ အရောင်အဆင်းသည် ရုပ်ခန္ဓာနှင့် မတူချေ။

ဆိုခဲ့ပြီးအရ နိဂုံးချုပ် သိရမည်မှာ ကျွန်ုပ်တို့၏ မြင်သိ၊ ကြားသိ စသည်ဖြင့် သိရသော ကမ္ဘာလောကသည် သမုတိသစ္စာမှ ဖြစ်လာသည့် စိတ်ကူးလောကသာ ဖြစ်သည်။ ဓာတ်သဘာဝအတိုင်း

ပြောင်းလဲနေသည့် ရုပ်ကမ္ဘာလောကသည် ကျွန်ုပ်တို့ မြင်ရ, ကြားရ, နံရ, အရသာခံရ, တွေ့ထိရခြင်းအားဖြင့် သိရသော ကမ္ဘာလောကနှင့် ဘာမျှဆက်စပ်မှု မရှိချေ။ ရုပ်သည် နေရာနှင့် အချိန်တွင် တည်ရှိ၍ အာရုံခံစားခြင်း အမျိုးမျိုးကို ဖြစ်စေတတ်သော အရာဖြစ်သော်လည်း ကျွန်ုပ်တို့သည် ယင်းရုပ်ကို မြင်လည်းမမြင်နိုင်၊ ထိလည်း မထိနိုင်ချေ။ ရုပ်ဟုအမည်ရသော သဘောတရားအစစ်ကို မည်သည့်အခါမျှ မတွေ့ထိနိုင်လေချေ။ ကျွန်ုပ်တို့သည် ကုလားထိုင်ကိုဖြစ်စေ, သစ်သားစကိုဖြစ်စေ, ရွှေကိုဖြစ်စေ တွေ့ထိနိုင်ကြမည် ဖြစ်သော်လည်း ရုပ်အစစ်ကိုကား မတွေ့ထိနိုင်ချေ။ ရွှေ သို့မဟုတ် ကျောက်ခဲသည် ရုပ်အစစ်မဟုတ်။ သို့ရာတွင် ထိုရွှေ သို့မဟုတ် ကျောက်ခဲသည် ရုပ်မှဖြစ်ပေါ်လာသော အရာဝတ္ထုဖြစ်သည်။ ရုပ်သည် သူ၏သဘာဝအလျောက် သစ်သား သို့မဟုတ် ကျောက်ခဲအသွင်ဖြင့် ပေါ်ပေါက်လျက် ရှိလေသည်။

ထို့ကြောင့် "MATTERS = ရုပ်" ဟူသော စကားသည် မည်သည့်အရာဝတ္ထုကိုမျှ သေချာသတ်မှတ်၍ ဆိုလိုသည် မဟုတ်ချေ။ မြင်ခြင်း, ကြားခြင်း စသည်ဖြင့် သိရသော အာရုံများကို ဖြစ်ပေါ်စေ၍ မြင်ခြင်း, ကြားခြင်းစသည်ဖြင့် မသိရသော အရာအတွက် ယင်း " Matter = ရုပ်" ဟူသောစကားလုံးကို အသုံးပြုလေသည်။ ဤတွင် Matter = ရုပ်ဟူသော စကား၏ အဓိပ္ပာယ်နှင့် ဆိုလိုရင်းအဓိပ္ပာယ် ပြီးဆုံးပါပြီ။ " Matter ဟူသော စကားကို တစုံတခုသော ရုပ်ဝတ္ထု သို့မဟုတ် အာရုံဝတ္ထု၏ ပင်မ, သို့မဟုတ် အခြေခံ၍ တည်ရှိ၍ မမြင် မသိနိုင်သည့် အရာဟူသော အဓိပ္ပာယ်သဘောနှင့် အသုံးပြုနိုင်ပါသည်။" ဥပမာ-

ကျွန်ုပ်တို့ ရိုးရိုးစကားပြောရာ၌ "What is the matter ? ဘာဖြစ်သလဲ" "It does not matter. ကိစ္စမရှိပါဘူး"၊ "Decaying matter ပျက်စီးနေသောအရာဝတ္ထု"။

သို့ရာတွင် သိပ္ပံပညာနှင့် ဒဿနိကပညာတွင် Matter - ရုပ် သည် ပဉ္စဝိညာဉ်ဖြင့် မသိနိုင်သောအရာ ဖြစ်သည်။ သို့ရာတွင် ပဉ္စဝိညာဉ်ဖြင့် သိနိုင်သောအရာအားလုံးတို့သည် ယင်း Matter ရုပ်မှ ဖြစ်ပေါ်လာကြလေသည်။ ယင်း Matter - ရုပ်သည် ပဉ္စဝိညာဉ်၏အသိကို ကျော်လွန်သော်လည်း လောကမှာရှိသော အရာဝတ္ထု အားလုံးတို့၏ အခြေခံ ပင်မကြီးဖြစ်လေသည်။ ရုပ် သည် အာကာသ သို့မဟုတ် အချိန်နှင့် မတူချေ။ သို့ရာတွင် ရုပ်သည် အာကာသကို ပြည့်စေ၍ အချိန်တွင် သူ့အလိုလို ပေါ် ပေါက်သဖြင့် ယင်းရုပ်ကို အကြောင်းအကျိုး အမျိုးအစား အားဖြင့် မကန့်သတ်နိုင်ချေ။ အခေါ်ယံတွင် ကမ္ဘာလောက ပုံဆောင်နေသော (အတွင်း)ရုပ်အကြောင်းကို ကျွန်ုပ်တို့ စဉ်း စားကြသောအခါ ထိုရုပ်သည် ကျယ်ဝန်းကြီးမား အံ့ဖွယ်ရာ ဘွယ်ရာကောင်း၍ အမြဲ ပြောင်းလဲနေသော အံ့ဩဘွယ်ရာ အင်အားသတ္တိများ ရှိသည်ဟု ကျွန်ုပ်တို့ အသင်ရှိကြပေသည်။

အဓိပ္ပာယ် ရှင်းလင်းချက် အမျိုးမျိုးတို့ကို လေ့လာပြီး သည့်နောက် ကျွန်ုပ်တို့ သိရှိရသည်မှာ Matter - ရုပ်ဟူသည် အပြင်လောကကို ဖြစ်ပေါ်စေတတ်သော သို့မဟုတ် ယင်း၏ ဖြစ်ပေါ်မှုများကို ပဉ္စဝိညာဉ်ဖြင့် မြင်တွေ့ရ- မနောဝိညာဉ်ဖြင့် သိရသော ကမ္ဘာလောက၏ အခြေခံသဘော ဖြစ်လေသည်။ ယင်းရုပ်သည် အစဉ်အမြဲ အာရုံသဘောဖြစ်၍ စိတ်သည် အစဉ်

အမြဲ အာရမ္မဏိကသဘောဖြစ်ပြီးလျှင် ရုပ်၏ဖြစ်ပေါ်မှုများကို အစဉ်အမြဲ မြင်တတ်, သိတတ်လေသည်။ အာရုံကို သိတတ်သူဟု ဆိုလိုသည်။ ဤနာမ်နှင့် ရုပ်တို့သည် အချင်းချင်း ဆက်စပ်တည် ရှိကြလေသည်။ သို့ဖြစ်၍ စိတ် အာရုံရှိကြောင်း ဝန်ခံပါလျက် စိတ်မရှိဟု ငြင်းပယ်သော ယူဆနည်းသည် တဖက်သတ်ဖြစ်၍ မခိုင် လုံချေ။ ဤသို့သော ယူဆနည်းသည် အကြောင်းအကျိုး မဆီ လျော်ချေ၊ အဘယ်ကြောင့်ဆိုသော် ယင်း ယူဆနည်းသည် အာရုံနှင့် အာရမ္မဏိက အရှုပ်အထွေးပေါ်တွင် မူတည်သော ကြောင့် ဖြစ်လေသည်။ ယင်း ယူဆနည်းအရ ရုပ်သည် (သာ၍ အတိအကျ ဆိုရလျှင် ရုပ်မှုဖြစ်ပေါ်လာသော အရာများသည်) ပဉ္စဝိညာဉ်ဖြင့် တွေ့မြင်ရသောအရာ သို့မဟုတ် ထိတွေ့ခံစားခြင်း၏ အကြောင်းဖြစ်သော အရာဟု ပထမ ယူဆလေသည်။ ထို့ နောက် တဖန် ရုပ်သည် စိတ်တက်ကြွခြင်းကို ခံစားတတ်သည့် သဘောကို ဖြစ်စေတတ်သည်ဟု အဆင့်ဆင့် အခိုင်အမာပြဆိုလေ သည်။ ယင်း ယူဆနည်းသည် ရှေ့နောက်ဆန့်ကျင်၍ အချင်းချင်း ညှိနှိုင်းမရချေ။

စိတ်သည် ကိုယ်နှင့်ဆိုင်သည့် လှုပ်ရှားမှုသာ ဖြစ်သည်ဟူ သော ယူဆနည်းသည် တဖက်သတ်ဖြစ်၍ မခိုင်လုံသကဲ့သို့၊ ထို့ အတူ ရုပ်သည် စိတ်နှင့်ဆိုင်သည့် အသွင်အပြင်မျှသာ ဖြစ်သည် ဟူသော ယူဆနည်းသည်လည်း တဖက်သတ်ဖြစ်၍ မခိုင်လုံချေ။ ယင်း ယူဆချက်သည် တနည်းအားဖြင့် ရုပ် သို့မဟုတ် အာရုံ၏ တည်ရှိခြင်းကို ငြင်းပယ်လေသည်။ သို့မဟုတ် ရုပ်နှင့်ဆိုင်ရာ အာရုံအားလုံးတို့ကို "စိတ်၏မျက်နှာဖုံးများ" ဟု ယူဆလေသည်၊ အစဉ်အမြဲ အာရမ္မဏိကဖြစ်သော စိတ်သည် မြင်တွေ့စရာ သိစရာ

အာရုံရှိနေသမျှ ကာလပတ်လုံး မြင်တွေ့သမား, အသိသမား အဖြစ်ဖြင့် တည်ရှိနိုင်လေသည်။ (ရုပ်နှင့်နာမ် ၂-ခုအနက်) တခု တည်ရှိကြောင်း ကျွန်ုပ်တို့ ခွင့်ပြုကြလျှင် အခြားတခု တည်ရှိကြောင်းကိုလည်း ခွင့်ပြုပြီး ဖြစ်လေသည်။

သို့ဖြစ်၍ "ရုပ်သည် နာမ်နှင့်ကင်း၍ မတည်နိုင်, မလှုပ်ရှားနိုင်၊ သို့မဟုတ် နာမ်သည် ရုပ်နှင့်ကင်း၍ မတည်နိုင်, မတက်ကြွနိုင်ဟု Goethe ပြောသောစကားမှာ မှန်ပေသည်။

"စိတ်သည် ခန္ဓာကိုယ်နှင့်ဆိုင်သော ဦးနှောက်၏ လှုပ်ရှားမှုမျှသာဖြစ်သည် မဖြစ်သည်ကို ကျွန်ုပ်တို့ရော လူအများပါ ယတိပြတ် တခါတည်း ဆုံးဖြတ်ကြရန် အချိန်တန်ပါပြီ။ အဘယ့်ကြောင့်ဆိုသော် ဟုတ်သည် မဟုတ်သည်ကို ရွေးချယ်ရန် လွတ်လပ်မှုမရှိက မှန်ကန်သော ကိုယ်ကျင့်တရား မရှိနိုင်၊ ဒီမိုကရေစီအစစ်လည်း မရှိနိုင်၊ လွတ်လပ်စွာ စုံစမ်းစရာ သိပ္ပံပညာ တစုံတရာမျှပင် ရှိနိုင်တော့မည်မဟုတ်သောကြောင့်တည်း။"

# အထွေထွေပိုင်း

# ( ခ )

# အနောက်တိုင်းမှ အမြင်ပေါက်သူနှင့် ဘဝပြဿနာ

## စိတ်တန်ခိုးများဖြစ်နိုင်ပုံ

လူနှင့် ဘာသာတရား။

"လူသား၏ ဘဝတလျှောက်တွင် ချမ်းသာနှင့် ဆင်းရဲသည် ဒွန်တွဲကာ လိုက်ပါလျက် ရှိ၏။ သို့ရာတွင် ယေဘုယျအားဖြင့်မူ ဆင်းရဲ၏လွှမ်းမိုး ဖိစီးမှုကသာ အဆပေါင်းများစွာ ပိုမိုလျက်ရှိ၏။ ထို့ကြောင့်ပင် ဗုဒ္ဓမြတ်စွာဘုရားသည် သတ္တဝါတို့၏ဘဝကို ဆင်းရဲတုံး အဖြစ်ဖြင့်သာ ရှုမြင်ခဲ့ဘန်တူ၏။"

လူသည် ဆင်းရဲနှင့် တွေ့ကြုံလာလျှင် ထိုဆင်းရဲမှ လွတ်မြောက်ရေးအတွက် ကိုယ်စွမ်း ရှိသရွေ့, ဉာဏ်စွမ်း ရှိသရွေ့ ကြိုးပမ်း

အားထုတ်၏။ ဤသည်မှာ ကမ္ဘာပေါ်တွင် လူဟူ၍စတင်ဖြစ်ပေါ်လာသည့် အချိန်မှစ၍ ယနေ့အထိ ပြောင်းလဲမှု မရှိခဲ့သော လူသား၏ သဘာဝဖြစ်၏။ သို့ရာတွင် လူသားသည် သူ၏ ကိုယ်စွမ်း ဉာဏ်စွမ်းဖြင့် ထိုသည့် ဆင်းရဲမှ မလွတ်မြောက်နိုင်သော အခါများကိုလည်း ကြိမ်ဖန်များစွာ ကြုံခဲ့ရ၏။ ထိုကဲ့သို့သော အခါမျိုးတွင် သူသည် သူထက် စွမ်းရည်သတ္တိသာလွန်သော တစုံတရာကို အားကိုးရာအဖြစ် ရှာဖွေ၏။ သူ၏ ခုခံတွန်းလှန်နိုင်သော စွမ်းအားကို အနိုင်ယူကာ ထိုသည့်ဆင်းရဲကို ဖန်တီးဖြစ်ပေါ်စေသော သဘာဝ အင်အားများကို ကြောက်ရွံ့သာ သဖြင့် ထိုသဘာဝ အင်အားများကို မျက်နှာလို အားရ ပူဇော်လိုသော ဆန္ဒများလည်း သူ့တွင်ကိန်းဝပ်လာ၏။

ဤသို့ဖြင့် လူသား၏ ဦးနှောက်ကြားတွင် နတ်အမျိုးမျိုးနှင့် တန်ခိုးရှင် အစားစားတို့သည် အသွင်အမျိုးမျိုးဖြင့် ခိုဝင် တွယ်ကပ် လာကြတော့၏။

တဖန် ထိုမှတဆင့်တက်ကာ အကောင်းနှင့် အဆိုးကို ခွဲခြမ်းစိတ်ဖြာလာ၏။ အမှန်နှင့်အမှားကို ဝေဖန်စိစစ်လာ၏။

တဖန် တဆင့်တက်ပြန်ကာ ဘဝ၏ အနှစ်၊ ဘဝ၏ အဓိပ္ပာယ်၊ ဘဝ၏ ရည်ရွယ်ချက်တို့ကို စမ်းစစ်လာပြန်၏။

ထိုသို့ ဘဝ၏ သဘောကို စောကြော ဆင်ခြင်ကြည့်ရင်းဖြင့်ပင် ဘဝဟူသည်မှာ နှစ်သက်သာယာဖွယ်ရာ ချမ်းသာသုခနည်းပါး၍ မနှစ်မြို့မခံသာဖွယ်ရာ ဆင်းရဲဒုက္ခတို့သာ များလျက် ရှိသည်ကို သိရှိလာတော့၏။ ထိုအခါ ထိုဘဝ ဆင်းရဲကို ပူဇော်ပေးသော လက်သည် အကြောင်းတရားကိုလည်းရှာ၏၊ ဘဝဆင်းရဲမှ လွတ်

ခြေကြောက်ရေး နည်းလမ်းကိုလည်းရှာ၏။ ဘ၀ဆင်းရဲမှ ကင်းဝေးရာ ထာဝရချမ်းသာကိုလည်း ရှာလေ၏၊

သို့ဖြင့် ကမ္ဘာပေါ်ရှိ အမျိုးမျိုးသော ဘာသာတရားကိုသည် ငါးငါးစင့်စင့် ပေါ်ပေါက်လာကြတော့၏၊ ထိုဘာသာတရားတို့ အမျိုးမျိုးအထွေထွေ ကွဲပြားသလောက် ယင်းတို့၏ ဟောပြောသင်ကြားချက်များမှာလည်း တခုနှင့်တခု မတူ ကွဲပြား ခြားနား လျက် ရှိကြ၏။

ဘာသာဝင် အသီးသီးတို့၏ ခံယူချက်များမှာ လူသား၏ မျက်မြင်နားကြား စသော သာမန် ပဉ္စာရုံစိတ်ဖြင့်[၁] လက်လှမ်း မှီနိုင်သိနိုင်သော အချက်များရှိသလို ထိုသာမန် ပဉ္စာရုံစိတ်ဖြင့် လက်လှမ်း မမှီနိုင်သော, မသိနိုင်သော အချက်များကလည်း တင်းကြမ်းပြည့် ရှိနေ၏။

လူ့အသိုက်အဝန်းအတွင်း၌ လိုက်နာဖွယ်ပြုကျင့်လုပ်ဆောင်ဖွယ်တို့နှင့် ပတ်သက်၍ ဘာသာတရားတို့၏ သွန်ကြားချက်များသည် သာမန် ပဉ္စာရုံစိတ်ဖြင့် သိနားလည်နိုင်သော အချက်များ လိုလိုချည်း ဖြစ်ကြ၏။ သို့ရာတွင် ဂျေဟိုဗသခင်, ထာဝရသခင်,

---

၁။ ပဉ္စာရုံစိတ်ဆိုသည်မှာ SENSE PERPECTION ကို ဆိုလိုပါသည်၊ အဆင်း, အသံ, အနံ့, အရသာအထိ အတွေ့ဟူသော အာရုံငါးပါးကို သိသောစိတ်နှင့် ထိုစိတ် အရင်းခံ၍ သိနားလည်သော စိတ်အားလုံးပင် ဖြစ်ပါ သည်။ မြင်ခြင်း, ကြားခြင်း, နံခြင်း, လျက်ခြင်း, ထိတွေ့ ခြင်းအားဖြင့် သိနားလည်တတ်သော စိတ်အားသုံးကို ခြုံ၍ ပဉ္စာရုံစိတ်ဟု သုံးစွဲခြင်း ဖြစ်ပါသည်။

ခိုဒါဇာရှင်နှင့် မဟာဗြဟ္မာ စသော တန်ခိုးရှင် များသည်၎င်း ဝိညာဏ်၊ အတ္တ၊ တမလွန်ဘဝ၊ ကံ စသော သဘောများသည်၎င်း နိဗ္ဗာန်၊ ကောင်းကင်ဘုံနှင့် ငရဲခန်းများသည်၎င်း မျက်မြင်၊ နားကြား၊ ပဉ္စာရုံ အသိစိတ်များဖြင့် လက်ဆုပ်လက်ကိုင် သိနိုင်ရန် မဖြစ်ကောင်းသော အရာများ ဖြစ်ကြ၏။ သို့တစေ ထိုထို ဘာသာဝင် အသီးသီးတို့သည် အဆိုပါ အရာများကို မိမိတို့ ဘာသာတရားက သင်ကြားထားသည့်အတိုင်း ယုံကြည်စိတ်ဖြင့် လက်ခံလာခဲ့ကြ၏။

## ဘာသာတရားနှင့်သိပ္ပံပညာ

လူသား၏ ကြောင်းကျိုး ဆင်ခြင်တုံ ပညာသည် အချိန်နှင့် အမျှ တိုးတက်လာခဲ့၏။ သိပ္ပံ ပညာသည်လည်း လူသား၏ ကြောင်းကျိုး ဆင်ခြင်ပညာကို အမှီလိုက်၍ တရှိန်ရှိန်တိုးတက် လာ၏။ သိပ္ပံပညာ တိုးတက်လာသည်နှင့်အမျှ လူသည်အရာရာ ကို သိပ္ပံပညာဖြင့် စံထိုးလာ၏။ တိုးတက်လာ၏။ ခေတ်ခွဲခန်း တွင် စမ်းသပ်လာ၏။ ထိုအခါ လူသည် သိပ္ပံပညာနည်းဖြင့် လက်တွေ့စမ်းသပ်၍ မရသောအရာများကို တကယ်ရှိအနေဖြင့် ယုံကြည်လက်ခံရန် နောက်တွန့်လာတော့၏။ သိပ္ပံနည်းဖြင့် စမ်း သပ်၍ မရသေးအရာများမှာလည်း သာမန်ပဉ္စာရုံဖြင့် စိတ်ဖြင့် နယ်နိမိတ်ပြင်ပမှ အရာများသာဖြစ်ရာ ယင်းတို့ကို ဆင်းရဲနှင့် အကြောက်တရားမှ ပုန်းခိုလိုသော စိတ်များက ဖန်တီးထုတ်လုပ် သော စိတ္တဇအရာများအဖြစ်သာ မြင်လာတော့၏။ စင်စစ်သိပ္ပံ နည်းဖြင့် စမ်းသပ်၍ရစကောင်းသော အရာများမှာလည်း မျက် မြင်နားကြား ပဉ္စာရုံစိတ်၏ နယ်နိမိတ်အတွင်းရှိ အရာများသာ

ဖြစ်ရာ လူ့စိတ်သည်လည်း မျက်မြင်နားကြား လက်ဆုပ်လက်ကိုင်ပြ၍ ရသော အရာများကိုသာ "တကယ်ရှိ" အနေဖြင့် ယုံကြည်လက်ခံလိုသော ဒိဋ္ဌမဟ္ဝါဒ သဘောဘက်သို့ ပို၍ယိုင်ညွတ်လာခဲ့၏။ ပညာရုံစိတ်ဖြင့် သိနိုင်စကောင်းသောအရာများကိုသာ ယုံကြည်လက်ခံရေးကို အလေးပေး လေ့လာ လာတော့၏။

ဘာသာတရားများက ကမ္ဘာမြေကြီးကို နေက လှည့်လည်နေသည်ဆိုသော အချက်ကို တိုက်ရိုက်ဖြစ်စေ, သွယ်ဝိုက်၍ဖြစ်စေ ဖော်ပြကြ၏။ ပတိုလမီ[1]ကလည်း နေ, လ, နက္ခတ်, တာရာများသည် ကမ္ဘာမြေကြီးကို လှည့်လည်နေကြသည်ဟု ကြေငြာခဲ့၏။ သို့သော် ကောပါးနိကတ်[2]တီထွင်အသုံးပြုခဲ့သောကြိယာတန်ဆာပလာများကမူ နေကိုကမ္ဘာကြီးကလှည့်နေသည်ဟု ပြခဲ့၏။ အရစ္စတိုတယ်[3]က အလေးချိန်မတူသော အရာဝတ္ထုနှစ်ခုကို အောက်သို့ ချလိုက်လျှင် ပို၍လေးသော အရာဝတ္ထုက မြေကြီးသို့ ရှေးဦးစွာ ကျလိမ့်မည် ဟု အဆိုပြုခဲ့၏။ ဤအဆိုကို ရေစ်ယာန် ဘာသာက ခြင်းချက်မဲ့ လက်ခံခဲ့၏။ သို့ရာတွင်

---

၁။ ပတိုလမီ PTOLEMY သည် အေဒီ ၁၅၀ တွင် ပေါ်ပေါက်ခဲ့သော နက္ခတ်ပညာရှင်ဖြစ်သည်။

၂။ ကောပါးနိကတ် COPERNICUS သည် အေဒီ ၁၅ ရာစုအကုန် ၁၆-ရာစုအစလောက်တွင် ပေါ်ပေါက်ခဲ့သော ပရပ်ရှားအမျိုးသား နက္ခတ်ပညာရှင်ဖြစ်သည်။

၃။ အရစ္စတိုတယ် ARISTOTLE သည် ဘီစီ ၅-ရာစုကုန်ခါနီးတွင် ပေါ်ပေါက်ခဲ့သော ဂရိတ် တွေးခေါ်ရေးပညာရှင် ဖြစ်သည်။

ဂယ်လီလီယိုက¹ မိဆာနမြောင်စင်ထိပ်ပေါ်မှနေ၍ အရာဝတ္ထုများကို လက်တွေ့ချကြည့်ခြင်းအားဖြင့် အရစ္စတိုဘယ်၏ အဆိုမှား ကြောင်း သက်သေပြခဲ့၏။ အလေးချိန်မတူသော်လည်း အရွယ် အစားတူသော အရာဝတ္ထုနှစ်ခုကို အောက်သို့ ချလိုက်လျှင် နှစ်ခုလုံး တပြိုင်နက်တည်း မြေသို့ကျရောက်ကြောင်းကို ဂယ်လီ လီယို ပြသနိုင်ခဲ့၏။ ဘာသာတရားများက ကမ္ဘာမြေကြီးသည် အပြားဖြစ်ကြောင်း သင်ကြားပေးခဲ့၏။ သို့သော် ကိုလံဘတ်² မာဂလင်း³ စသော ၁၅-ရာစုနှစ် နယ်သစ်ရှာဖွေစူးစမ်းသူများက အနောက်စူးစူးသို့ ချွန်း သင်္ဘောဖြင့် ရွက်လွှင့်သွားခြင်းဖြင့် အရှေ့သို့ ရောက်ကြောင်းကို လက်တွေ့ပြသကြကာ ကမ္ဘာ မြေကြီး လုံးကြောင်း သက်သေထူခဲ့ကြ၏။

အထက်၌ဖော်ပြခဲ့သော ဖြစ်ရပ်များမှာ ရာပေါင်းများစွာ သော လက်တွေ့စမ်းသပ်ခန်း တွေ့ရှိချက်များထဲမှ အနည်းငယ် မျှသာ ဖြစ်သည်။ ဤလက်တွေ့ စမ်းသပ် တွေ့ရှိချက်များကို ချက်ဝါးထင်ထင် သိမြင်ရသောအခါ လူသား၏စိတ်တွင် ရှေး အစဉ်အလာက အမှန်ဟု ယူဆခဲ့သော အချက်များ မှားနိုင် ကြောင်းကို တဖြည်းဖြည်း သိမြင်သဘောပေါက်လာလေသည်။ သို့ဖြင့် ခေတ်လူတို့၏ သန္တာန်တွင် သိပ္ပံပညာ စိတ်ဓာတ်များ

---

၁။ ဂယ်လီလီယို (GALILEO)သည် အေဒီ ၁၆-ရာစုတွင် ပေါ်ပေါက်ခဲ့သော အီတလီပြည်သား သင်္ချာဗေဒ ပညာရှင်ဖြစ်သည်။

၂။ COLUMBUS

၃။ MAGALLAN

ပေါက်ဖွားလာခဲ့၏။ ယင်းစိတ်ခေတ်များ ရင့်သန်လာသည်နှင့် အမျှ ဘာသာတရားများ၏ သင်ကြားချက်အချို့နှင့် ရှေးပညာရှင်တို့၏ အယူအဆအချို့ကို မယုံကြည်သော သဘောများလည်း အမြစ်တွယ်လာလေတော့သည်။

ဘာသာတရားက နတ်ရှိကြောင်း ညွှန်ပြ၏။ သို့သော်လည်း မည်သူမျှနတ်ကို တပ်တပ်အပ်အပ် မမြင်ဘူးကြချေ။ ဝိညာဏ်သို့မဟုတ် အတ္တဆိုသည့် အရာရှိကြောင်းကိုလည်း မည်သူမျှ စုံစမ်းစစ်ဆေး၍ မတွေ့ကြရပေ။ မသေသည့် သဘောကိုလည်း အသက်ပျောက်သွားသူ မည်သူ တဦးတယောက်ကမျှ ပြန်လာ၍ မပြောနိုင်ကြချေ။ ကောင်ကင်ဘုံနန်းဆိုသည်တို့ကိုလည်း နက္ခတ်ပညာရှင်တို့၏ အင်အားကောင်းလှသော နက္ခတ်ကြည့် မှန်ပြောင်းဝတွင် အစအနပင် မမြင်ရချေ။ ထာဝရ ဘုရားသခင်ဆိုသည်မှာလည်း သခင်ရှာလိုသော လူသား၏စိတ်မှ ပေါ်ထွက်လာသော အရာမျှသာဖြစ်၏။ စကြဝဠာ ကြီးသည် ကြီးမားသော စက်ယန္တရားကြီးမျှသာဖြစ်၍ လူသားမှာ ထိုစက်ယန္တရားအတွင်းမှ ပရမာဏုမြူများ၏ မတော်တဆ အစီအစဉ်တကျ ပေါင်းစပ်မိခြင်းနှင့် အဆင့်ဆင့် တိုးတက် ဖြစ်ပေါ်မှု နိယာမအရ ပေါ်ပေါက်လာသော စက်ယန္တရားငယ် တခုမျှသာတည်း ဒုက္ခဆိုသည်မှာ အသက်ရှင်နေနိုင်ရေးအတွက် လုပ်ရှားရုန်းကန်ရာတွင် လူသားတို့ မလွှဲမသွေ ရင်ဆိုင်ရမည့် အရာသာဖြစ်၏။ ထို့ထက်ပို၍ မည်သည့်အဓိပ္ပာယ်ကိုမျှ မဆောင်ပေ။ အခြေခံပင်မ ဓာတ်သဘာဝများ ကြွေမှ ပျက်စီးသွားခြင်း ကိုပင် "သေသည်"ဟု ခေါ်ရ၍ သေပြီးနောက်တွင် မည်သည့်အရာမျှ မကျန်ရစ်ခဲ့ချေ။ ဤသည်တို့ကား ဘာသာတရား၏ အချို့အချက်များ

ပေါ်တွင် သိပ္ပံခေတ် လူသား၏ တဖြည်းဖြည်း ပြောင်းလဲသာ သောအမြင်များအနက် အမြင့်မျှသာဖြစ်၏။

## ဆန့်ကြယ်သောစိတ်တန်ခိုး

သိပ္ပံပညာသည် မှန်ဘီလူး, မှန်ပြောင်း, ဓာတ်မှန်, ရေဒီယို ကြိယာစသည်တို့ဖြင့် ကျွန်ုပ်တို့၏ နား, မျက်စိတို့ကို အဆပေါင်း များစွာ တိုးချဲ့ပေးလိုက်၏။ သိပ္ပံနည်းကျ ကြောင်းကျိုးဆင် ခြင်တုံပညာ၊ သင်္ချာပညာနှင့် ရှာဖွေမှုတို့ကို စနစ်ကျအောင် ပြုပြင်ပေးလိုက်၏။ သို့ရာတွင် အခြေခံအားဖြင့်မူ သိပ္ပံပညာနှင့် ဆင်ခြင်တုံပညာတို့၏ သက်သေခံချက်များမှာ အာရုံသိစိတ်ငါး မျိုးတို့၏ သက်သေခံချက်များပင်ဖြစ်ပေသည်။ ထိုအာရုံသိစိတ် ငါးမျိုးဟူသော အခြေခံအုတ်မြစ် ပေါ်တွင် တနည်းဆိုသော် မျက်စိ, နား, နှာ, လျှာ, ကိုယ်ဟူသော အခြေခံ အုတ်မြစ်ပေါ် တွင် သိပ္ပံအဆောက်အဦတို့ ဆောက်လုပ်ကြရ၏။

လွန်ခဲ့သောနှစ်ပေါင်းများစွာတုန်းကမူ ကျွန်ုပ်တို့တီထွင်လိုက် သော သိပ္ပံကြိယာများသည်ပင် ကျွန်ုပ်တို့၏ ကမ္ဘာကြီးပေါ်တွင် အမှန်စင်စစ်ရှိနေသည့်အရာအားလုံးကို ကျွန်ုပ်တို့အား တွေ့မြင် သိရှိစေရန်မစွမ်းနိုင်ခဲ့သေးပေ။ ရေဒီယိုလှိုင်းများ, ရေဒီယို အက် တစ်ဓာတ်များနှင့် အဏုမြူစွမ်းအင်တို့ကို ရှာဖွေတွေ့ရှိသော ယနေ့ ခေတ်ကျမှပင် ကျွန်ုပ်တို့၏ပတ်ဝန်းကျင်၌ ကျွန်ုပ်တို့ မမြင်နိုင် သော လှိုင်းများ, စွမ်းအင်များရှိနေကြကြောင်းနှင့် အသေး တကာ့အသေးဆုံး ရုပ်မှုန်ကလေးများ၌ပင် ကျွန်ုပ်တို့ စိတ်ကူး၍ မရနိုင်လောက်အောင် ကြီးမားသည့် အင်အားများ ရှိနေကြ ကြောင်းကို သိရှိကြရပေသည်။

ကျွန်ုပ်တို့ နား-မျက်စိများ၏ ကြားနိုင်စွမ်းသတ္တိ, မြင်နိုင်စွမ်းသတ္တိကို သိပ္ပံကြိယာများက ထပ်မံတိုးချဲ့၍ အင်အားဖြည့်ပေးလိုက်သဖြင့် ကျွန်ုပ်တို့သည် သာမန်အားဖြင့် မကြားနိုင်, မမြင်နိုင်သောအရာများကို ကြားနိုင်မြင်နိုင်သည်ကိုထောက်လျှင် သိပ္ပံနည်းမှ တပါးသောနည်းလမ်း တစုံတရာဖြင့် ကျွန်ုပ်တို့၏ ကြားနိုင်မြင်နိုင်စွမ်းသတ္တိကို ထပ်မံအားဖြည့်ပေးလျှင်လည်း အလားတူပင် ကြားနိုင် မြင်နိုင်ကြလိမ့်မည်။ လူတယောက်တွင် မွေးကတည်းက ကျွန်ုပ်တို့ထက်ပိုမိုအင်အားကောင်းသော ကြားနိုင် မြင်နိုင်စွမ်းသော သတ္တိများ ပါလာခဲ့သည် ဆိုပါစို့၊ ထိုသူသည် ကျွန်ုပ်တို့ မကြားနိုင် မမြင်နိုင်သော အဝေးမှအဆင်းများကိုလည်း ရုပ်မြင်သံကြားစက်ကို ကြည့်နေသကဲ့သို့ မြင်နိုင်မည် မဟုတ်ပါလော။

နှစ်ဆယ်ရာစုနှစ် သိပ္ပံကြိယာများသည် ကျွန်ုပ်တို့ ပတ်လည်တွင် ယုံကြည်နိုင်စရာမရှိသော၊ မမြင်ရသော၊ သို့သော်လည်း ကြီးမားကျယ်ပြန့်လှသော အရာဝတ္ထုနှင့် စွမ်းအင် လောကကြီးတည်ရှိနေသည်ကို ထုတ်ဖော်ပြလိုက်ရာ အထက်တွင် ဖော်ပြခဲ့သည့်အချက်များ ဖြစ်နိုင်ဖွယ် ရှိကြောင်းကို ကျွန်ုပ်တို့ မစဉ်းစားပဲ နေ၍ မဖြစ်တော့ပေ။ လူ့သမိုင်းကို ပြန်၍ ကြည့်လျှင် အချို့သောအရာများကို ကြားနိုင် မြင်နိုင်စွမ်း ရှိသော ဆန်းကြယ်သည့် သဘာဝလွန် အာရုံ သိစိတ်များ၌ အမှန်တကယ်ရှိကြောင်းကို ကျွန်ုပ်တို့ တွေ့နိုင်ပေသည်။ ၁၈-ရာစုနှစ် သချာနှင့် သိပ္ပံပညာရှင် ဆွီဒင်းဘော့တွင်း၌ ထိုသဘာဝလွန် အာရုံ

၁။ SUPERNORMAL PEPRCETION.
၂။ SWEDENBORG.

သိစိတ်များရှိကြောင်းကို သူ၏အတ္ထုပ္ပတ္တိ ရေးသားသူများက ဖော်ပြခဲ့ကြ၏။ သူ၏ တဘာဝလွန် ပဋ္ဌာရုံစိတ်နှင့်ပတ်သက်သော ဖြစ်ရပ်တခုမှာမူ သဘာဝတ္ထပညာရှင်ကြီး အင်မဲန်ျူယယ်ကန့်[၁] အပါအဝင်ဖြစ်သောထင်ရှားသည့်ပုဂ္ဂိုလ်ကြီးများကပင် သက်သေခံကြသဖြင့် ကမ္ဘာကျော်ခဲ့အောင် ထင်ရှားခဲ့လေသည်။

တညနေခင်း ၆-နာရီအချိန်တွင် ဆွီဒင်းဘော့သည် ဆွီဒင်ပြည် ဂိုသင်းဘတ်မြို့တွင် သူ့မိတ်ဆွေများနှင့်အတူ ညစာစားနေ၏။ ထိုအခိုက် သူသည် ရုတ်တရက် စိတ်လှုပ်ရှားလာကာ စတော့ဟုမ်းမြို့တွင် ကြောက်စရာ ကောင်းသော မီးကြီးလောင်နေကြောင်း အထိတ်တလန့်ပြောလိုက်လေသည်။ စတော့ဟုမ်းမှာ ဆွီဒင်ဘော့၏ဇာတိမြို့ဖြစ်၍ ဂိုသင်းဘတ်စ်နှင့် မိုင်ပေါင်း၃၀၀ မျှ ဝေး၏။ ခဏကြာသော် မီးမှာ သူ့အိမ်နှင့် မလှမ်းမကမ်းရှိ အိမ်ကို လောင်နေပြီဖြစ်၍ သူ့အိမ်ကိုလည်း ကူးတော့မလိုလို ဖြစ်နေကြောင်း ပြောပြန်၏။ ၈-နာရီအချိန်တွင်မူ သူသည် သက်မကြီးချလိုက်ကာ သူ့အိမ်နှင့် နှစ်အိမ်ကျော်၌ အိမ်တအိမ်မှာပင် မီးငြိမ်းသွားပြီဖြစ်ကြောင်း အခိုင်အမာ ပြောပြလေသည်။ နောက်နှစ်ရက်ကြာသောအခါ ဆွီဒင်ဘော့၏စိတ်အာရုံတွင် မီးလောင်မှု ထင်မြင်လာသော ၆-နာရီ အချိန်မှာပင် မီးစတင် လောင်ကျွမ်းကြောင်းမှစ၍ ဆွီဒင်ဘော့ ပြောပြချက်အားလုံး မှန်ကန်နေသည်ကို အံ့ဩဖွယ်ရာ ကြားသိကြရလေသည်။

---

၁။ IMMANUAL KANT.

ဆွီဒင်ဘော့၏ အဖြစ်အပျက်သည် သမိုင်းနှင့် အတ္ထုပ္ပတ္တိများတွင် တွေ့ရသော အလားတူအဖြစ်အပျက်များ ရာပေါင်းများစွာအနက်မှ တခုမျှသာ ဖြစ်၏၊ မာတ်တွိန်း[၁]၊ အေဘရာဟင်လင်ကွန်း[၂]၊ စိန့်ဆယင်[၃] တို့သည်လည်း မိမိတို့စိတ်အာရုံတွင် ရုတ်တရက် ထင်ပေါ်လာသော အဝေးမှ အဖြစ်အပျက်များကို နေ့, ရက်, နာရီ, မိနစ်နှင့်တကွ တိတိကျကျ အသေးစိတ်ပြောပြနိုင်ကြ၏။ ဆွီဒင်ဘော့၏ သဘာဝလွန်မြင်နိုင် စွမ်းရည်မှာ နောက်ပိုင်းတွင် ပို၍ အားကောင်းလာကာ ကြာရှည်တည်တံ့သော စွမ်းရည်အဖြစ်သို့ ရောက်လာလေသည်။ အချို့အဖြစ်အပျက်များတွင် သူ၏ သဘာဝလွန် မြင်နိုင်စွမ်းရည်မှာ အကျဉ်းအကျပ် အခက်အခဲနှင့် တွေ့ကြုံမှသာ ပေါ်ပေါက်လာသည်ကို တွေ့ရ၏။

## ဓာတ်ခွဲစမ်းသပ်ခြင်း

ကျွန်ုပ်တို့ အနောက်တိုင်းသားများသည် ဤကဲ့သို့သောဖြစ်ရပ်ဆန်းများကို ကြားသိရသောအခါ သံသယစိတ်နှင့်စောင်း၍ကြည့်ရုံမျှသာ ကြည့်ခဲ့ကြ၏။ ဤ အဖြစ်ဆန်းများ မှန်ကန်ကြောင်း သက်သေအထောက်အထား မည်မျှပင် ခိုင်လုံနေသည်ဖြစ်စေ, မည်သည့်ဂုဏ်သရေရှိပညာရှင်ကြီးများက သက်သေခံနေ

---

၁။ MARK TWIN
၂။ ABRAHIM LINCON
၃။ SAINT-SAEN

ကြသည်ဖြစ်စေ, မည်သို့ပင် အထပ်တပ် အခါခါ ဖြစ်ပျက်နေသည်ဖြစ်စေ မျက်ခုံးပင့်၍ ပုခုံးတွန့်လိုက်ကာ "တိုက်ဆိုင်မှုပါ" "စိတ်ဝင်စားစရာကောင်းသားဘဲ" ဟူသော စကားများဖြင့်သာ ဂရုမစိုက်သလို အမှုတ်မထင် နေလိုက်ကြ၏။

သို့သော် ယင်း အဖြစ်အပျက် မှန်တို့ကို ပေါ့ပေါ့တန်တန် သဘောထား၍ မရသော အချိန်ကား ကျရောက် လာခဲ့ပြီ။ ရှင်းပြ၍ မရနိုင်သော အဖြစ်အပျက်များထဲမှ အဖိုးတန်တွေ့ရှိချက်များ ရနိုင်သည်ကို ယုံကြည်ကာ နား, မျက်စိတို့ကို အမြဲတစေဖွင့်ထားကြသော သုတေသီများနှင့် ဤခေတ် အခါတွင် မှုချလိုအပ်သည့် အရာများနှင့် သိပ္ပံနည်းကျ အယူအဆများ၏ အရေးပါပုံကို သိရှိထားကြသော အမြင်ကျယ်သူများအတွက်မှာ လူသား၏ မီးခဲပြာဖုံးဖြစ်နေသော ဆန်းကြယ်သည့် စွမ်းရည်နှင့် ပတ်သက်သော ဤအကြောင်း ရပ်များသည် စိတ်ဝင်စားစရာ ကောင်းသလောက် အဓိပ္ပာယ်လည်း ရှိလှ၏။

အချို့သော အမြော်အမြင်ကြီးသည့် သိပ္ပံပညာရှင်များသည် ပဉ္စာရုံစိတ်ဖြင့် လက်လှမ်းမမှီသော တနည်းဆိုသော် သူသား၏ သာမန်အာရုံသိစိတ်ဖြင့် မသိနိုင်သောအရာများကို စနစ်တကျ ဓာတ်ခွဲစမ်းသပ်သင့်သည်ဟု ယူဆကြကာ စမ်းသပ်မှု အချို့ကို ပြုလုပ်ခဲ့ကြ၏။ ဂျူတက္ကသိုလ်မှ သိပ္ပံပညာရှင် ဒေါက်တာချေ ဘီရိုင်း[၁] သည် သူ၏လုပ်ဖော်ကိုင်ဘက်များနှင့် အဘူ လူတို့၏

၁။ DR. J.B. RHINE OF DUKE UNIVERSITY.

တယ်လီပသီ[၁] နှင့် ဒိဗ္ဗစက္ခု[၂] စွမ်းရည်တို့ကို(ဝါ) စိတ်ချင်းဆက်သွယ် နားလည်မှုနှင့် သဘာဝလွန်မြင်နိုင်စွမ်း သတ္တိကို ၁၉၃၀-ခုနှစ်မှ စ၍ ကျယ်ပြန့်စွာ လေ့လာ လိုက်စားခဲ့၏။ ၎င်းသို့ လေ့လာရာတွင် သူသည် စေ့စေ့စပ်စပ်ကွပ်ကဲ၍ အထပ်ထပ် လက်တွေ့စမ်းသပ်မှုနှင့် တင်းကျပ်၍ တိကျသော သိပ္ပံနည်းစနစ်တို့ကို အသုံးပြုခဲ့လေသည်။ သို့နှင့် သူသည် လူများစွာတို့တွင် သာမန်အာရုံသိစိတ်ထက် ထက်မြက်သော တန်ခိုးများရှိကြကြောင်းကို ဓာတ်ခွဲစမ်းသပ်ခြင်းဖြင့် လက်တွေ့ ပြသနိုင်ခဲ့လေသည်။

ဒေါက်တာရိုင်း၏ စမ်းသပ်တွေ့ရှိချက်များကို သင်္ချာသဘောအရ အကဲဖြတ်ကြည့်သောအခါ အဆိုပါ တန်ခိုးသတ္တိများကို "မတော်တဆ တိုက်ဆိုင်မှုများ"ဟု ဆို၍ မဖြစ်တော့သည်ကို တွေ့ရှိလာရတော့၏[၃]။ ပြင်သစ်မှ ဝါကော်လီးယား[၄] ၊ ရုရှားမှ ကိုတစ်[၅] နှင့် ဂျာမနီမှ တစ်ရှနား[၆] စသော သိပ္ပံပညာရှင်များသည်လည်း အလားတူ ဓာတ်ခွဲစမ်းသပ်မှုများကို ပြုလုပ်ခဲ့ကြ၏။ ထိုသူတို့သည် အချင်းချင်း ဆက်သွယ်မှု လုံးဝမရှိပဲ စမ်းသပ်ခြင်း

---

၁။ TELEPHATY

၂။ CLAIRVOYANCE

၃။ ဒေါက်တာရိုင်း၏ စမ်းသပ်တွေ့ရှိချက်များကို အသေးစိတ်သိလိုမူ ၁၉၄၇-ခုနှစ်တွင် ထုတ်ဝေသော ဒေါက်တာရိုင်းရေးသည့် THE REACH OF THE MIND တွင် ဖတ်ရှုနိုင်ပါသည်။

၄။ WARCOLLIER ၅။ KOTIK

၆။ TICHNAR

ပြုလုပ် ခဲ့ကြလင့်ကစား သူတို့အသီးသီး ရရှိကြသော အဖြေ အားလုံးမှာ ရိုင်း၏အဖြေနှင့် တသပ်တည်းပင် ဖြစ်ကြ၏။

သို့နှင့် သိပ္ပံနည်းကျ သက်သေသာဓကများကို ပို၍ စမ်းသပ် တွေ့ရှိလာသည်နှင့်အမျှ တယ်လီပသီနှင့် သဘာဝလွန်မြင်နိုင်စွမ်း သတ္တိတို့အပေါ် အနောက်တိုင်းသားတို့ ထားရှိသော သံသယ များသည်လည်း တစတစ လွင့်ပါးပျောက်ကွယ် သွားကြကာ ထိုတန်ခိုးသတ္တိများ လူသားတွင် စင်စစ်ကေန် အမှန်ပင် ရှိသည် ဟု ယုံကြည်လက်ခံ လာကြတော့၏။

ဖော်ပြပါ အချက်များအရ သဘာဝယုတ္တိရှုထောင့်, သမိုင်း ရှုထောင့်, သိပ္ပံပညာရှုထောင့်တို့မှနေ၍ လေ့လာသုံးသပ်ကြည့် လျှင် လူသား၏ အကြားအမြင် စွမ်းရည်ကို ပို၍အားကောင်း လာအောင် တိုးချဲ့ပေးနိုင်ကြောင်းမှာ ယုံကြည်ဖွယ်ရာ အကြောင်း တန်နေပေသည်။ ယင်းသို့ တိုးချဲ့ပေးနိုင်သည်ဟု ယုံကြည်ခြင်း မှာ သဘာဝယုတ္တိအရ အကြောင်းအကျိုး ဆီလျော် နေပေ သည်။ သက်သေခံ အခိုင်အမာရှိသော ဖြစ်ရပ်ပေါင်း မြောက် မြားစွာတို့ တကယ် ဖြစ်ပျက်ခဲ့ကြသည်မှာ သမိုင်းအရ မှန်ကန် မှု ဖြစ်ပေသည်။ လူသား၌ ပကတိ ပဉ္စာရုံစိတ်များထက် တန်ခိုး ထက်သော အသိစိတ်များ ရှိသည်ဆိုသော အခြေခံသဘောကို ဓာတ်ခွဲစမ်းသပ်မှုက ထုတ်ဖော်ပေးလိုက်ခြင်းမှာ သိပ္ပံပညာအရ မှန်ကန်မှု ဖြစ်ပေသည်။

သို့ရာတွင် သဘာဝလွန် မြင်သိစိတ်ကို ဖြစ်နိုင်စရာ ရှိသော အခြေခံ အချက်တခုအနေဖြင့်သာ ဓာတ်ခွဲခန်းက အတည်ပြုပေး ခဲ့၏။ လက်တွေ့အသုံးချ၍ ရ,မရကိုမူ စမ်းသပ်မကြည့်ခဲ့သေးပေ။ အကယ်၍သော မျက်စိကိုဖြစ်စေ, နားကိုဖြစ်စေ မမှီမတွယ်ရပဲ

မြင်စိတ်ကြားစိတ် ဖြစ်နိုင်ပါမူ အကယ်၍သာ အခြားတနေရာရာတွင် ဖြစ်ပျက်နေသည်တို့ကို ရုပ်မြင်သံကြား ကြည့်ရသကဲ့သို့ မြင်နိုင် ကြားနိုင်ပါမူ လူသားသည် သူနှင့် သူနေထိုင်ရာ ကမ္ဘာကြီးအကြောင်းကို သိရှိရေးအတွက် အရေးပါလှသော ကြိယာအသစ်တခုကို ပိုင်ဆိုင်ခြင်းပင် ဖြစ်လိမ့်မည်။

လူသည် ရာစုနှစ်ပေါင်း မြောက်မြားစွာ ကျော်ဖြတ်လာခဲ့ရသဖြင့် ကြီးမားသော အောင်မြင်မှုကြီးများ ရရှိခဲ့၏။ သူ၏ခွန်အားနှင့် ကျွမ်းကျင်မှုတို့ကို အာကာသနှင့် ရုပ်ဝတ္ထုတို့ကို လူ့အလိုကျ ဖန်တီးချယ်လှယ်နိုင်သည့် စွမ်းရည်ကို သူ့အားပေးအပ်ခဲ့၏။ သို့တစေ သူ့တွင် ခွန်အားနှင့် အသစ်တီထွင် ဖန်တီးနိုင်စွမ်းမှုများ ရှိသော်လည်း သူ၏ လောကဓံကို ခံနိုင်သည့် စွမ်းရည်မှာမူ နုနယ်လျက်ပင် ရှိသေး၏။ သူ၏ ဗဟိဒ္ဓအောင်မြင်မှုများမှာ များပြားလှသော်လည်း သူ၏ အသိနုမှု အားအင်ချိနဲ့၍ တွေဝေလျက်ပင် ရှိသေး၏။ သူသည် ယဉ်ကျေးမှု၊ ပျိုးထောင်မှုနှင့် အနုပညာ အောင်မြင်မှုများကို ရရှိခဲ့သော်လည်း မွေးသည်မှ သေသည်အထိ သူ့နောက်သို့ တကောက်ကောက် လိုက်နေသော ဒုက္ခတရား၏ အဓိပ္ပာယ်နှင့် ပတ်သက်၍မူ သူ့မှာ ယောင်ဝါးဝါးမျှသာလျှင်ရှိသေး၏။

လူသည် မကြာလှသေးသောအချိန်ကစ၍ အဏုမြူ၏ အတွင်းသဘောကို ထိုးထွင်း သိမြင်လာနိုင်ခဲ့၏။ များမကြာမီပင် အသစ်တွေ့ရှိသော သဘာဝလွန် အသိစိတ်များ၊ သိစိတ်[၁] နှင့် မသိစိတ်[၂]

---

၁။ CONSCIOUS MIND
၂။ SUBCONSCIOUS MIND

တို့၏ ဆန်းပြားသော ဆက်သွယ်မှုများဖြင့် သူ၏ အဇ္ဈတ္တသန္တာန်ကို ထိုးထွင်း သိမြင်နိုင်မည့် အချိန်မှာ မဝေးတော့ပြီဟု ဆိုနိုင်တန်ရာပေသည်။ နောက်ဆုံးတွင် ရာစုနှစ်ပေါင်း များစွာ ကြာသောအခါ လူသည် သဘာဝ၏ အခြေခံ ပြဿနာကြီးများ အတွက် သိပ္ပံနည်းကျ၍ ကျေနပ်လောက်သော အဖြေများကို တွေ့ရှိကောင်း တွေ့ရှိနိုင်ပေလိမ့်မည်။

(ဘာသာပြန်။ ။ ဆရာတော် ဦးဧနကာဘိဝံသ၊ သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့။)

သခင်သိန်းမောင် (အဘ) ရေး

## "ဗုဒ္ဓအဘိဓမ္မာ-အခြေပြုပညာ"

သင်ရိုးမှတ်တမ်း-ကို

### သင့်အတွက် ဖတ်ပါ။

\+ အဖတ်လွယ်၍ တစိမ့်စိမ့် အသိကြွယ်ရမည်။

\+ ဗုဒ္ဓအဟောနှင့် သူတို့အပြော ခွဲခြားသိရမည်။

\+ စိတ်၏တည်ရာရုပ်သည် ပြဒါးတိုင်နှင့်တူပုံ ရုပ်ဖြစ်ပေါ်ပုံကို အစုံသိရမည်။

\+ စိတ်၏ အလုပ်လုပ်ပုံနှင့် ဆန်းကြယ်ပုံ စွမ်းရည်အဟုန်ကို စုံစုံသိရမည်။

\+ သင်၏ သံသရာခရီးအတွက် မိတ်ဖက်ကောင်းဖြစ်ရမည်။

---

## "လောကဝိဒူ"

အဖွင့်ကျမ်းကို ဆက်လက်မျှော်ပါ။